www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ရွှေမင်းသား၊ ရွှေမင်းသမီး

၄။ ခင်လေးမြင့်
လိုအပ်ချက်တွေ
အများကြီး ရှိပါသေးတယ်

အင်တာဗျူး

၃၈။ ဃင်းနိုင်ဦး
ယုံကြည်မှုတွေ
တစတစပေးတည်း
ပြန်ရနေတဲ့ နေမင်း

၅၈။ ဃင်းနိုင်ဦး
တည်းဖြတ် ဘဝကတည်းက
အကယ်ဒမီဆု လိုချင်ခဲ့တဲ့
ညွန့်မြန်မာညီညီအောင်

One Minute Interview

မန်းသူ ၁၂။
ကျော်ကျော်ဗိုလ်၊ လွှမ်းပိုင်
ရွှေထူး၊ အိုင်ရင်းဇင်မာမြင့်
Bobby Soxer

ဖူးငုံပွင့်သစ်

မန်းသူ ၃၀။
လျှောက်ချင်တဲ့လမ်းကို
အဆုံးထိလျှောက်မယ်

မန်းသူ ၃၄။
ဘမျိုးဘိုးတူ
အဖေ့ခြေရာနင်းချင်တဲ့
ငဲငယ်လေး

လူမှုဝန်းကျင်

၂၂။ ဃင်းနိုင်ဦး
နှစ်ရက် ပြသပေးခဲ့တဲ့
မြန်မာအမျိုးသမီးများနေ့
ဝတ်စားဆင်ယင်
ထုံးဖွဲ့မှုပြပွဲ

၅၀။ အောင်သန်းထွန်း
မြန်မာနိုင်ငံကိုယ်စားပြု
မယ်ကမ္ဘာရွေးပွဲသို့
ဝင်ပြိုင်မည့် အလှမယ်ရွေးပွဲ

ရွှေရုပ်ရှင်

၄၄။ ဃင်းနိုင်ဦး
မင်းလူရဲ့ဝတ္ထုတိုများကို
စုစည်းပြီးရိုက်တဲ့
ရယ်မောခြင်း Website

နိုင်ငံတကာစာမျက်နှာ

၆၄။ ရာပြည့်
ဟယ်ရီစတိုင်လ်စ်ရဲ့
ဒါရိုက်ရှင်းအသစ်

၁၂၆။ ဓာနည်ညီမိုး
ဒိုင်ယာနာ လုပ်ကြံခံရမှု
ပေါ်ပေါက်လာ

ရွှေနှလုံးသား

၈၈။ ရဲချွမ်းနေ
စွန့်လွှတ်သူ

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း

၇၄။ မေငြိမ်း
ဆွဲငင်သိမ်းရစ်ရင်းနှင့်ပင်

ရွှေဝတ္ထုရှည်စ/ဆုံး

၁၃၄။ ခင်မြဇင်
ရွှေစက်တော်သွား
တောလား သို့မဟုတ်
ကံကြမ္မာ၏စေရာလမ်း


၂၂၆။ နိုင်မြင့်
မွှေ့ခံဆိုက်စေ




www.burmeseclassic.com

ww.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ်၃၃၃၊ ဩဂုတ်၊ ၂၀၁၇
ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်








ရွှေဝတ္ထု

ခန့်ညီဓေ ၉၆။
ပန်းကြွေပေမဲ့
မနွမ်းစေချင်…

နန်းဧကရီရှင် ၁၀၂။
မျက်ရည်တွေနဲ့ ရယ်
ရှိုက်သံတွေနဲ့ ပြုံး

လှမြင့်အောင် ၁၀၈။
၊ပေါင်းကုဏ်၊
ရေမှာသေတဲ့လူ

ခန့်ကျော်ယင်လှိုင် ၁၁၄။
၊လှိုင်ကော်၊
ဘုံဆိုင်

ကိုကောင်းသော် ၁၂၀။
၊ကျောက်ဆည်၊
သူခိုး

နေ့၊ပင်လယ်ပြာ၊ ၁၅၄။
ခရမ်းချဉ်သီးများ

အယ်ကော် ၁၅၈။
အသွားတော့ မုဆိုး
အပြန်တော့ သားကောင်

ရေအေး ၁၆၄။
ကျွန်မ အဖေ့ကို
မချစ်ပါဘူး

ဒီအေအစ်၊မအူပင်၊ ၁၇၂။
...ပြာဝှက်ထားတဲ့ ပုစ္ဆာ

...ောင်သစ်ဦး၊မြစ်ခြေ၊ ၁၇၈။
ကံစီမံရာ

သတိုး ၁၈၆။
ဝက်ဒ္ဒနဒီ

ခံရတီ ၁၉၂။
ထမင်းချိုး ဟင်းချိုး

ရွှေအသစ်
၂၀၂။ ..........................
၂၀၈။ ..........................
၂၁၂။ ..........................
၂၁၆။ ..........................

ရသစာတမ်း
၁၄၈။ Pဆာမိ
အပန်းရယ်မပြေ
နွမ်းခွေရချေပေါ့

အက်ဆေးအကြောင်း
အက်ဆေး
၁၄၂။ မောင်ရင့်မာ
၊ကျောင်းကုန်း၊
လူတစ်ယောက်၏
ပြင္ဆာန်းပြီးသောဘဝ

ရွှေသုတ
၈၀။ မြင့်သန်း
သိမ္မလက်ပြောင်းလက်လွှဲ
လုပ်ခြင်းမှ အမှိုက်ပြဿနာ

၉၂။ မောင်သန်းဆွေ
၊ထားဝယ်၊
သီပေါမင်း၏
ဘိုးတော်တည်ခဲ့သော
ရန်ကုန်မြို့မှစေတီတော်

၁၉၈။ နော်၊ကျောက်ဖျုံ၊
အမြင်ဆန်းပေမဲ့
ရွှေနန်းတော့ မတင်လိုပါ


အယ်ဒီတာအဖွဲ့-
တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁
Email: nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -ဒေါ်ချိုချို(ခ)အေးအေးသိန်း(၀၉၇၇၀)၊
မျှော်တလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊
ရန်ကုန်မြို့။ ရွှေထုတ်ဝေသူ - ဒေါ်ချိုချို(ခ)အေးအေးသိန်း(၀၁၀၉၁)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး မျှော်တလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀ စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail : zabutalu@gmail.com Available at : Wun Zinn

www.burmeseclassic.com

www.burmeseclassic.com





# လိုအပ်ချက်တွေ အများကြီး ရှိပါသေးတယ်

ခင်လေးမြင့်
ဓာတ်ပုံ–ကိုလင်း(Studio-K)
Stylist - Yo Ko San
Outfits - Nichii
Location - Moe Lin Moe Choke

တစ်သားမွေး တစ်သွေးလှ ဆိုတဲ့အတိုင်း သားလေးမွေးပြီးတဲ့အချိန်မှာ အရင်ကထက်ပိုလှလာတဲ့ မယ်လိုဒီကို ဒီလ ရွှေအမြုတေမဂ္ဂဇင်းမျက်နှာဖုံးရိုက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နေပြည်တော်မှာ ဒါရိုက်တာ ထွန်းအောင်ဇော်နဲ့ ရိုက်ကူးတဲ့ **မာယာများတဲ့အချစ်** ဓာတ်ကားမှာ ရန့်အောင်၊ ဖိုးချစ်၊ မြတ်သူကျော်၊ ဖြိုးငွေစိုး၊ မေသန်းနု၊ နန်းခင်ဇေယျာ စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးခဲ့ပါတယ်။ ဒါရိုက်တာ ထွန်းအောင်ဇော်က ဆရာတစ် ယောက်ဖြစ်တဲ့အတွက် ဒီဓာတ်ကားမှာ ပါဝင်သရုပ် ဆောင်ရတာ ဖြစ်တယ်လို့ မယ်လိုဒီက ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**ဝိတ်ကျဖို့ အားကစားတွေ လုပ်နေတာ တွေ့နေရတယ်။ ကားရိုက်ဖို့အတွက် လုပ်ဖြစ်ခဲ့တာလား။**

အစိကတ ကားရိုက်ဖို့ အတွက်လည်းပါသလို အရမ်းဝ,လွန်းရင်လည်း နေလို့ မကောင်းဘူး။ ကလေးတစ်ယောက်မွေးပြီး ခန္ဓာကိုယ် အချိုးအစားပျက်သွားတယ်။ ဝဝကြီးနဲ့ နေတယ်။ စည်းမရှိကမ်းမရှိ စားချင်တိုင်းတွေ စား၊ ဆာဆာ၊ မဆာဆာ စားတယ်။ အဲဒါတွေက တကယ်တမ်းကျတော့ ကျန်းမာရေးအတွက်လည်း မကောင်းဘူး။ အထူးသဖြင့် အလှအပရေးရာအတွက်လည်း မကောင်းဘူး။ အဲဒါကို ထိန်းလိုက်တာပါ။

**ဦးထွန်းအောင်ဇော်ရဲ့ ဇာတ်ကားတွေမှာ သရုပ်ဆောင်တာတွေလည်း များတယ်နော်၊ မျိုးမျိုး(မယ်လိုဒီ)ရဲ့ ဆရာမို့လို့ သရုပ်ဆောင်ဖြစ်တာလား။**

အစိကကတော့ မျိုးကို ပြန်မရိုက်ဘူးလို့ အကုန်လုံးက ထင်နေကြတာ။ တကယ်တမ်းကျတော့ ကိုယ်ရိုက်ချင်တဲ့ပုံစံကိုလည်း ကိုယ့်ဆရာကလည်း ပိုသိတယ်။ ဒီဇာတ်ကားက လုပ်ကွက်လည်းရတယ်။ အဲဒီကားမှာက နန်းခင်ဇေယျာရဲ့အဒေါ်၊ အဒေါ်ဆိုပေမဲ့ အသက်ကြီးကြီးပုံစံမဟုတ်ဘူး။ မတိမ်းမယိမ်းပဲ လုပ်ရတာ။ အချစ်ဟာသဇာတ်ကား။ ပျော်ဖို့လည်း ကောင်းတယ်။

**နန်းခင်ဇေယျာရဲ့ အဒေါ်ပုံစံသရုပ်ဆောင်ရမယ်ဆိုတော့ မျိုးမျိုး စဉ်းစားသေးလား။**

တကယ်တမ်းကျတော့ ပထမပြောထားတဲ့ ဇာတ်လမ်းက အဲဒီလိုမျိုး မဟုတ်ဘူး။ ပြောင်းလဲသွားတာရှိတယ်။ ဒါပေမဲ့ ဇာတ်လမ်းဖတ်ရတာရော၊ မျိုးမျိုးနဲ့ ဆရာ့ကြားမှာ ငြင်းစရာမလိုဘူး။ သူက ကိုယ့်ကို အဖြည့်မထည့်ဘူးလေ။ ပြီးတော့ ဇာတ်အပေါ်မှာလည်း သစ္စာရှိတယ်။ ဇာတ်ဖတ်ပြီးတဲ့ အချိန်မှာ ဟိုအခန်းလျှော့ပေးပါ၊ ဒီအခန်းတိုးပေးဆိုပြီး ဘာမှမလိုဘူး။ သူ့ဟာသူ ကောင်းပြီးသားဆိုတော့ အားလုံးက သူ့ဟာနဲ့သူ ကောင်းတော့ ငြင်းစရာလည်းမရှိဘူး။ ကိုယ်ကလည်း ရိုက်ချင်နေတာ။ ဘယ်လောက်ပဲ ရိုက်ချင်ရိုက်ချင် မကောင်းဘူးဆိုရင်လည်း ရိုက်ဖြစ်မှာ မဟုတ်သလို ဆရာကလည်း ခေါ်မှာမဟုတ်ဘူးလေ။

**မျိုးမျိုးကို ဇာတ်ကားပြန်မရိုက်ဘူးလို့ ထင်နေကြတာက သားငယ်သေးလို့လား။ မျိုးမျိုး အဲဒီအပေါ်မှာ ဘာများပြောချင်လဲ။**

တကယ်တမ်းကျတော့ မျိုးမျိုး ပြန်ရိုက်မယ်လို့ပြောထားပေမဲ့ မီဒီယာတွေ တော်တော်များများမှာလည်း အင်တာဗျူးမလုပ်ဖြစ်တာလည်းပါတယ်။ ကိုယ့်မှာလည်း အရင်တုန်းက အကယ်ဒမီရခဲ့တာဟုတ်ပေမဲ့ အဲဒီကားမှာပဲ သရုပ်ဆောင်ကောင်းတာ။ ဆရာပြောသလို နှင့်ကို ကားတိုင်းမှာ သရုပ်ဆောင်ကောင်းလို့ အကယ်ဒမီပေးတာ မဟုတ်ဘူး။ ဒီကားကို ကြည့်တဲ့အချိန် ဒီကားမှာ သရုပ်ဆောင်ကောင်းလို့ ဒီကားနဲ့ အကယ်ဒမီရခဲ့တာတဲ့။

မျိုးကလည်း အနုပညာဝမ်းစာအရ ရှင်းရှင်းပြောရရင် အဲဒီလောက်တော်တဲ့အထဲမှာ မပါဘူး။ ကားတိုင်းကားတိုင်းမှာ ဟာခနဲ ဟင်ခနဲဖြစ်သွားအောင် သရုပ်ဆောင်နိုင်တဲ့အထဲမှာ မျိုးမျိုး မပါဘူး။ အဲဒီအခါကျတော့ ကိုယ်ပြန်ရိုက်မယ်ဆိုတဲ့အချိန်မှာ သိပ်ပြီးတော့ လှုပ်လှုပ်ခတ်ခတ် မရှိလောက်ဘူးလို့ ထင်တာပဲ။ တကယ်လို့ ကိုယ်ကသာ အနုပညာအရည်အသွေးပြည့်ဝနေတဲ့သူတစ်ယောက်၊ အရမ်းတော်တဲ့သူတစ်ယောက်ဆိုရင် ပြန်ရိုက်မယ်ဆိုတဲ့အချိန်မှာ အလုအယက်ရိုက်ကြမှာပဲလေ။ အခု ကိုယ့်ကို ရိုက်ခြင်း၊ မရိုက်ခြင်းက ကိုယ့်မှာ လိုအပ်ချက်ရှိလို့ ဒီလိုဖြစ်တယ်လို့ပဲ လက်ခံတယ်။

ဒါပေမဲ့ အားသာချက်တစ်ခုက အခုပြန်ရိုက်တဲ့အချိန်မှာ ငယ်ငယ်တုန်းကလို စိတ်တွေကယောက်ကယက် မဖြစ်တော့ဘူး။ သားနဲ့ပတ်သက်လို့ ရှိတာရှိပေမဲ့ သားကို အမေနဲ့အိမ်မှာ ထားခဲ့တယ်။ ကလေးထိန်းရှိတယ်။ တစ်ချိန်လုံး အိမ်ကိုပဲ ဖုန်းဆက်တာတို့၊ ဘာတို့ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com





သားကလည်း လိမ္မာတယ်။ စိတ်ချရတယ်ဆိုတော့ သွားရင် စိတ်ဖြောင့်ဖြောင့် သွားလိုက်တယ်။ ပြန်လာရင် ချော့လိုက်တယ်။ ကိုယ်နဲ့ပဲ အတူတူအိပ်တာဆိုတော့ စကားပြောတယ်၊ စာဖတ်ပြတယ်၊ ချော့လိုက်တယ်။ ဘာကွာသွားသလဲဆိုတော့ အရင်တုန်းက ရည်းစားထားတဲ့ အရွယ်ဆိုတော့ နည်းနည်းပိုလှုပ်လှုပ်ခတ်ခတ်ရှိသေးတယ်။ အခု မိခင်တစ်ယောက်ဖြစ်သွားတော့ သားအပေါ်ထားတဲ့ မေတ္တာကျတော့ ပိုလည်းတည်ငြိမ်တယ်။ အေးလည်းအေးချမ်းတယ်။ လှုပ်လှုပ်ခတ်ခတ် သိပ်မရှိဘူး။ အသက်အရွယ် ရလာတဲ့အခါမှာ တချို့အရာတွေက ကိုယ့်ကို စ,နေတာလား၊ တကယ်ပြောနေတာလားဆိုတာ ဝေဖန်ပိုင်းခြားသွားနိုင်ပြီ။ အရင်တုန်းက ကိုယ့်ကို စ,ရင် မကြိုက်ဘူး။ အခု လုပ်ရကိုင်ရတာ ပိုအဆင်ပြေတယ်။ ပိုတည်ငြိမ်လာတယ်။ အလုပ်ကို အာရုံပိုစိုက်နိုင်တာဆိုတော့ ပိုပျော်တယ်။

**သားသားကြောင့် မျိုးမျိုးရဲ့စိတ်တွေ ပိုပြီးပြောင်းလဲလာတာပေါ့။**

ဟုတ်တယ်၊ မိခင်ဖြစ်သွားရင် သားတစ်ယောက်အတွက် ပူတော့ပူပန်ရတယ်။ တည်ငြိမ်တယ်။ ဆုံးဖြတ်ချက်ကောင်းကောင်းချနိုင်တယ်။ သားကြောင့် အများကြီး ပြောင်းလဲသွားတယ်လို့ ပြောလို့ရတယ်။

**ကားရိုက်တဲ့အချိန်မှာ သားသားကို အမေနဲ့ ထားခဲ့ရတော့စိတ်ချနိုင်ပေမဲ့ ကလေးထိန်းနဲ့ဆိုရင်တော့ မျိုးမျိုးလုပ်ဖြစ်မယ် မထင်ဘူး။**

ဟုတ်တယ်၊ ကလေးထိန်းနဲ့ဆိုရင် မျိုးမျိုးလုပ်ဖြစ်မှာ မဟုတ်ဘူး။ အခုက ကိုယ်လုပ်ချင်တာလည်း ကြိုးစားပြီးလုပ်တယ်။ အမေတစ်ယောက်အနေနဲ့ သားအပေါ်မှာ မိခင်တစ်ယောက်ဝတ္တရားကျေဖို့လည်း လိုသေးတယ်။ ကိုယ်က သူ့ကို မွေးထားတာကိုး။ အဓိကက ကလေးထိန်းနဲ့ဆိုရင် အဆင်ပြေမှာမဟုတ်ဘူး။ ဘယ်လောက်ပဲ အနုပညာကိုလုပ်ချင်လုပ်ချင် ကလေးထိန်းနဲ့ပဲ ထားပြီးလုပ်မယ်ဆိုရင် အတ္တကြီးတဲ့သူဖြစ်သွားမှာပေါ့နော်။ အဲဒီလောက်အတ္တကြီးရင် အရင်ကတည်းက အိမ်ထောင်မပြု၊ ကလေးမမွေးဘဲနေရမှာ၊ ဒီအနုပညာကိုပဲ လုပ်ရမှာ။ အခုကတော့ မျှအောင်ကြိုးစားပြီး လုပ်နေတယ်။

**မျိုးမျိုးခုနပြောတဲ့ အထဲမှာ ကိုယ်က အနုပညာဝမ်းစာမပြည့်ဘူးဆိုပြီးပြောတယ်။ မျိုးမျိုးလည်း လုပ်နိုင်သလောက်လုပ်တာပဲ၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အဲဒီလိုပြောရတာလဲ။**

တကယ်တမ်းကျတော့ ကိုယ့်ကိုယ်ကို သူများထက် ကိုယ်အသိဆုံးပဲလေ။ နောက်တစ်ချက်က ပရိသတ်ကကြည့်လိုက်တာနဲ့ သိတယ်။ ပရိသတ်က မျိုးမျိုးကို ချစ်လို့ အားပေးကြတာ။ ကိုယ့်မှာ လိုအပ်ချက်တွေအများကြီး ရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘာကွာလဲဆို တော့ အရင်တုန်းက ရိုက်ရင် တစ်ခုခုကို လွန်ဆွဲနေရတယ်ဆိုတဲ့ ခံစားမှုမျိုး ခံစားရတယ်။ ရှက်သလိုတွေ၊ လုပ်ရမှာလား၊ မလုပ်ရဘူးလား။ ကားသွားရိုက်ရင်လည်း မြန်မြန်ပြီးချင်တာတို့ဘာတို့၊ အခုက အဲဒီလို မဟုတ်ဘူး။ ရိုက်ရတာကိုပျော်တယ်။ ပြီးရင် အိုက်တင်တစ်ခုကိုလုပ်မယ်ဆို ပြီးရင်ပြီးရော မဟုတ်ဘူး။ ဘယ်လိုလုပ်နိုင်သေးလဲ၊ ဘယ်လိုထပ်လုပ်ရင်ကောင်းမလဲ၊ ဒါရိုက်တာက ဘယ်လိုလိုချင်လဲ။ အဲဒီလိုမျိုး လုပ်ခဲ့တဲ့ ကားတစ်ကားရှိတယ်။ အကယ်ဒမီရခဲ့တဲ့ကား။ အခုလည်း အဲဒီလိုစိတ်မျိုးဖြစ်ပေါ်တယ်။ အဲဒါတွေ အများကြီးပြောင်းလဲမှုရှိသွားတယ်။ အရင်တုန်းကတော့ အာရုံကောင်းကောင်းမစူးစိုက်နိုင်ဘူး။ အခု ပိုပြီး အာရုံစူးစိုက်နိုင်တော့ မလွတ်တော့ဘူး။ ပိုလုပ်နိုင်တယ်။ အဲဒါတွေလည်း ကွာမယ်ထင်တယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကို အရင်တုန်းက ဘယ်လောက်လျှော့လဲဆိုတာ သိတာပေါ့။ ဒါပေမဲ့လည်း တရားသဘောနဲ့ပဲ တွက်ပါတယ်။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်၊ ကိုယ်လုပ်ပိုင်ခွင့်ရမယ်၊ ကိုယ့်မှာ အခွင့်အရေးရှိတယ်ဆို လုပ်ရမယ်။ မရှိခဲ့ဘူး၊ ဒါပြီးသွားပြီဆိုရင်တော့ မလုပ်ရဘူး။

ရလာတဲ့ဟာကိုပဲ အကောင်းဆုံးလုပ်တယ်။ သိပ်ပြီး ပူပူလောင်လောင်ကြီး မတွေးဘူး။ ဘာကွာလဲဆိုတော့ အလုပ်ရှိတာနဲ့ မရှိတာကွာတာပေါ့။ ကိုယ်က ဒီအလုပ်ကိုလုပ်လာတာဆိုတော့ အိပ်ရာနိုးရင် မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး၊ ဘုရားရှိခိုး၊ မနက်စာစားပြီးရင် ထွက်၊ ညမှ ပြန်လာဆိုတော့ အခုဆိုရင် ကလေးထိန်း၊ ကလေး ထမင်းကျွေး၊ ရေမိုးချိုးနဲ့ တစ်နေ့တစ်နေ့ ဒီ





www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ပဲ ဖြစ်နေရတယ်။ တစ်ခါတလေကျရင် ဒါက အလုပ်မဟုတ်ဘူးဆိုတာက Depression ရတယ်။ အကယ်တမ်းကတော့ မိဘ ဝတ္တရားလုပ်ရမှာပဲလေ။ နေ့တိုင်း ဒါလုပ်နေရတာက အလုပ်မဟုတ်ဘူးဆိုတာကြီး က ကိုယ့်ကိုယ်ကို တန်ဖိုးကျ သွားသလို၊ ယုတ်လျော့လာ သလို ခံစားရတယ်။ မိခင် တစ်ယောက်အနေနဲ့ ပြန်ကြည့် ရင် အရမ်းကောင်းပါတယ်။ သရုပ်ဆောင်တစ်ယောက်အနေ နဲ့ဆိုရင် မကောင်းဘူးဖြစ်နေ တယ်။

**အနုပညာနဲ့ ဆက်စပ်တဲ့ အလုပ်လုပ်မယ်ဆိုလည်း မျိုး မျိုး လုပ်လို့ရတာပဲနော်။**

အဲဒါလည်း လုပ်ဖို့ရှိ တယ်။ ထုတ်လုပ်ရေးပိုင်း လုပ်ဖို့ကလည်း ငွေကြေးအင် အားက အတိုင်းအတာတစ်ခု ထိတော့ရှိမယ်လေ။ မျိုးက ကိုယ်တိုင်ထုတ်လုပ်ရင် ကိုယ်တိုင်သရုပ်မဆောင်ချင် ဘူး။ အရိုးသားဆုံးပြောရရင် ရှက်လို့။ ဇာတ်လမ်းကောင်း ကောင်းလေးတွေရလာတော့ လည်း ဆရာကလည်း ကိုယ် တိုင်ရိုက်စေချင်တယ်။ မျက်နှာပြောင်ပြောင်နဲ့ပြောရရင် ကိုယ်တိုင်က,ချင်လို့ ဇာတ် ဆောင်တယ်လို့ပဲ ထွက်ရ မှာ။ ဘာလုပ်ရမှန်းမသိ။ စိတ်က အဲဒါတွေလည်း ဒွိဟ ဖြစ်နေတယ်။ လျာထားတာ တွေလည်းရှိတယ်။ တော် တော်လည်းကြာနေပြီ။ ချီတုံ ချတုံဖြစ်နေတယ်။ ကိုယ့်ဘာ သာလည်း လောဘကရှိ တယ်။ ပရိသတ်ကိုလည်း ပို ကောင်းတာပေးချင်တယ်။ ပိုက်ဆံရတဲ့ကားမျိုးလည်း ရိုက်ချင်တယ်။ အနုပညာ ရသပေးတာမျိုးကိုလည်း ရိုက်ချင်တယ်။ နှစ်ခုစလုံး ဖြစ်နိုင်မယ့်ဟာမျိုးကို ကြိုး စားပြီး စိစစ်နေတယ်။ လုပ် ဖြစ်မှာပါ။

**အနုပညာရှင်တစ်ယောက်ဖြစ်နေတော့ စိတ်က အနုပညာအဝန်းအဝိုင်းထဲကနေ ရုန်းထွက်လို့မရဘူးဖြစ်နေတာ နော်။**

ဟုတ်တယ်၊ ဒီလူကို မချစ်တော့ဘူးဆိုခါမှ သံယောဇဉ်တွယ်နေသလိုဖြစ် နေပြီ။ တော်ပါပြီ၊ မလုပ်ချင် တော့ပါဘူးဆိုပေမဲ့ တကယ် တမ်းကျတော့လည်း ဆက် နွယ်နေတာကို မလုပ်ဘဲ မနေ နိုင်ဘူး။

**သားသားက မေမေ့လို အနုပညာဝါသနာပါတယ်နော်၊ သူ့ပုံစံလေးကြည့်ရတာ။**

သူက ကိုယ့်ထက်သာ တယ်။ နေပြည်တော်မှာ ဇာတ်ကားရိုက်တော့ ဘုရား တွေဘာတွေသွားဖြစ်တယ်။ ဟိုမှာ ကားလည်းရှင်းတော့ တစ်နေ့ကို တစ်ခါတလေ နှစ်ဆူလောက်တောင် သွား ဖြစ်တယ်။ ညဘက် မိသားစု သွားတဲ့အခါ နယ်ကလူတွေ ဘုရားဖူးလာရင်း တွေ့တော့ ဓာတ်ပုံတွေရိုက်ကြတယ်။ အကုန်လုံးတန်းစီပြီးရိုက်တဲ့ အခါ သူက သူ့ဘာသာ ဘုရားရှိခိုးနေတာ။ လူအုပ် ကြီးတန်းစီပြီး ရိုက်တဲ့အချိန် မှာမှ သူက အလယ်ကဝင်ပြီး ခပ်တည်တည်ပဲဝင်ရိုက်တာ။ သူလည်းရိုက်မယ်ပေါ့။ အဲဒီ လိုလေးတွေရှိတယ်။ ဓာတ်ပုံ ရိုက်ရတာလည်း ဝါသနာပါ တယ်။ သူ့ကိုရိုက်နေမှန်း သိ ရင်လည်း မသိမသာအိုက် တင်လုပ်ပြတယ်။ မှန်ကြည့် တယ်။ မှန်ထဲမှာ မျက်နှာကို ပြုံးလိုက်၊ ရှုံ့လိုက်၊ မဲ့လိုက်နဲ့ အမျိုးမျိုးတွေလုပ်တာ။ မှန် ကိုင်တယ်၊ ခေါင်းဖြီးတယ်။ ဘာဖြစ်မှာလဲတော့ မသိဘူး။ ဘုရားစာလည်း အရမ်းရွတ် တယ်။ သူ့ကျောင်းစာတွေ လည်း ဖတ်တယ်။ ကျန်တဲ့ ကလေးတွေလို သိပ်ဆော့ တာမျိုး မရှိဘူး။ စာဖတ်တာ များတယ်။

**သားသားက အနုပညာကိုလည်း စိတ်ဝင်စားတယ်။ မျိုးမျိုးကလည်း အနုပညာ လုပ်ငန်းထူထောင်မယ်ဆို တော့ အခုအချိန်ကတည်းက သားသားအတွက် အစပျိုး မယ်ဆိုတဲ့စိတ်ကူးများ ရှိပြီး မလား။**

အစတော့ မပျိုးဘူး။ သူ့ကို လွတ်လွတ်လပ်လပ်ပဲ ရှင်သန်စေချင်တာ။ ကိုယ်က ဘောင်တွေ၊ စည်းတွေနဲ့ လုပ် လိုက်ရင် သူ့ရဲ့ ပင်ကိုအရည် အသွေးပျောက်သွားမှာ ကြောက်တယ်။ ဥပမာ မိဘ က ဆရာဝန်ဖြစ်စေချင်တာတို့၊ အင်ဂျင်နီယာဖြစ်စေချင်တာတို့၊ သရုပ်ဆောင်ဖြစ်စေချင်တာတို့ အဲဒီလိုင်းပေါ်ရောက်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်။ အမှန်အတိုင်း ပြောရရင် မျိုးမျိုးက သာသနာ့ဘောင်ထဲ အပြီးဝင်စေချင်တာ။ သူ့ရော၊ သူ့အဖေရော သာသနာ့ဘောင်ထဲဝင်၊ ကိုယ်လည်းဆွမ်းချက်၊ ကိုယ်လည်း လောဘ မရှိဘူး။

အခုဆိုရင် ပေါ်သမျှ လိုချင်၊ ပိုက်ဆံအိတ်လိုချင်၊ ဟိုဖိနပ်ကလေးလည်း လိုချင် မိန်းကလေးဆိုတော့။ ပြီးတော့ ကိုယ့်သားလေးဆိုလည်း အင်္ကျီဆိုလည်း သမားရိုးကျ ဆင်လို့ရပါတယ်။ ကလေးကဘာမှသိသေးတာ မဟုတ်ဘူး၊ Brand လေးမှ။ အဲဒီလို Brand လေးမှ ဝတ်ရတာ အသားလေးက အိတာတို့၊ Comfortable ဖြစ်တာတို့၊ မဟုတ်တာတွေလေ၊ တကယ်တမ်းကျတော့ စွပ်ကျယ်သားလေးဆိုလည်း ရတာပဲ။ ကိုယ့်ဟာကိုယ်ဖြစ်နေတာ။ လောဘတွေရှိနေတာပေါ့။ သာသနာ့ဘောင်ထဲမှာ ဆိုရင် သူတို့လည်း တရားအားထုတ်လို့ ရတယ်။ သူတို့အနားမှာရှိတဲ့ လူအကုန်လုံးကလည်း အေးချမ်းတယ်။ ကိုယ်လည်း ဆွမ်းစောစောထ,ချက်၊ ဆွမ်းကပ်၊ ဝေယျာဝစ္စလုပ်၊ ကျောင်းသန့်ရှင်းရေးလုပ်၊ အဲဒီလိုနေလို့ရတယ်ဆိုတော့ သိပ်ပြီး ကြီးကြီးမားမားလိုစရာအကြောင်းမရှိဘူး။

သို့ပေမဲ့လည်း ဒီထဲမှာပဲနေရမယ်ဆိုရင် သူဖြစ်ချင်တာပဲ မျိုးက လုပ်ပေးရမှာ။ သူ ကြီးလာလို့ သူ့အမေက ဒါကို ဆက်လုပ်နေလို့၊ သူက ပိုးပါတယ်ဆိုရင်တော့လည်း ရိုက်ချင်ရိုက်ပေးမယ်။ တခြားဟာ လုပ်ချင်ရင်လည်း လုပ်ပေးမယ်။ ကိုယ်ကစပြီး သားလေး ရိုက်ပါလားလို့တော့ ပြောမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မျိုးမျိုး ညီမတုန်းကလည်း အဲဒီလိုပဲ။ မျိုးမျိုးညီမလေးကို ငယ်ငယ်တုန်းက သရုပ်ဆောင် လုပ်စေချင်တယ်။ ဒါပေမဲ့ အမေက ပေးမလုပ်ဘူး။ ပင်ပန်းမှာစိုးတယ်။ ဒါပေမဲ့ ညီမက သူ့မိဘနဲ့သူ ဆိုတဲ့အခါကျတော့ ပြောပိုင်ခွင့် မရှိဘူး။ ငယ်ငယ်တုန်းကတော့ သူက ဝါသနာပါတယ်။ ကြီးလာတဲ့အခါကျတော့ ဝါသနာ မပါတော့ဘူး။ သူက ရိုက်လို့ကောင်းတဲ့ ရုပ်မျိုး။ အဲဒီလိုဆိုတော့ မျိုးက ရိုက်ချင်တာ။ ကိုယ့်ဘဝမှာ ကိုယ်ဖြစ်ချင်တာ ကိုယ့်ဘာသာ လုပ်တာ အကောင်းဆုံးပဲ။ သားကျတော့လည်း သူ ဖြစ်ချင်တာကိုပဲ ဦးစားပေးမယ်။ အမှားအမှန်တော့ ကိုယ်က ပြောရမှာပေါ့။

**ထုတ်လုပ်ရေးပိုင်းကိုရော ဘယ်လိုပုံစံမျိုးတွေနဲ့ အကောင်အထည် ဖော်တော့မှာလဲ။**

ဇာတ်လမ်းတွေ ဘာတွေက အဆင်သင့် ဖြစ်နေပြီ။ မျိုးမျိုးတို့ ရိုက်ဖို့ပဲ ကျန်တော့တာ။ အဲဒါကို ချိန်နေတာ အဘက်ဘက်ကနေ။ လုပ်ပြီ ဆိုရင်လည်း ဆက်တိုက်ပဲ လုပ်ချင်တာ။ ရပ်လိုက် နားလိုက် လုပ်ရမယ့်ဟာကို မကြိုက်တာ။ ဆက်တိုက်ဖြစ် သွားတော့မှပဲ စ, မယ်လို့ စဉ်းစားထားလို့။ ရိုက်ဖို့ကတော့ ထုံးစံအတိုင်း ဆရာ ဦးထွန်းအောင်ဇော်နဲ့ပဲ၊ ဒရာမာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တော်တော် ကောင်းတဲ့ ဇာတ် ပါပဲ။ အဲဒါကို ချိတုံချတုံတွေ ဖြစ်နေတာ။ တော်တော် ကောင်းလွန်းလို့။

**မျိုးမျိုးကိုယ်တိုင် သရုပ်ဆောင်မှာပေါ့။**

ကိုယ်ကိုယ်တိုင် က,ရ မှာ။ ပထမတော့ ရှက်လို့ လုပ်ပေမဲ့ နောက်ဆုံးတော့ ကိုယ်က,ချင်တော့ ဇာတ်ဆောင်တဲ့ဟာမျိုးဖြစ်နေတာ ပေါ့။ ပထမတော့ အဲဒီနေရာမှာ လျာထားတာ ရှိတယ်။ မျိုးမျိုးကလည်း ဆရာလျာထားတဲ့ သရုပ်ဆောင်ကို ထွက်တိလျာထားတာ။ မျိုးမျိုးက အခုကိုယ်တိုင်ပဲ ထုတ်ရမလား၊ သူငယ်ချင်းကို ရှယ်ယာခေါ်ရမလား မသိသေးဘူး။ ကျန်တာကတော့ လုပ်ချင်ရင်လုပ်လို့ရနေပြီ။

**ဘယ်သူ့ဇာတ်လမ်းကို ရိုက်မှာလဲ။**

ဆရာ ဦးထွန်းအောင် ဇော်ပြောပြတာကို နားထောင်ထားတာ။ တော်တော်ကြိုက်တယ်။ ရိုက်နေတဲ့ အထဲကနေ ကွဲထွက်တယ်။ မျိုးမျိုးရိုက်နေတဲ့အထဲကနေ ကွဲထွက်တာ။ မျိုးမျိုးက အချစ်ဟာသ ကို အုပ်စုလိုက်ဟာသတို့တွေ ရိုက်တာများတယ်။ ဒါပေမဲ့ မျိုးမျိုးဘဝမှာ လူတွေမှတ်မိတာဆိုလို့ရှိရင် ဒါရိုက်တာ ဦးညီညီထွန်းလွင်ရိုက်တဲ့ **အချစ် လား...လာထား** ဇာတ်ကားထဲမှာ ပန်ကာမ ဆိုတာကို မှတ်မိတယ်။ ဟာသကားမှာဆို အဲဒီကားက လူသိများခဲ့တယ်။ အကယ်ဒမီ ရတဲ့ကားလည်း လူသိများတယ်။ အကယ်ဒမီရတဲ့ ကားကတော့ ဂယက်ပေါင်း တစ်သိန်းနဲ့။ ဒါပေမဲ့ ကိုယ့်ဘဝမှာ မှတ်တိုင်ဖြစ်သွားတယ်။ နောက်ထပ်မတူတဲ့ဟာ တစ်မျိုးတော့ ရိုက်ချင်သေးတယ်။ တာဝန်လည်း ကြီးတယ်။ ကိုယ်ကိုယ်တိုင် ပရိုဂျူဆာ လုပ်တော့ အာရုံလည်းနောက်ရတယ်။ သရုပ်ဆောင်လည်း လုပ်ရမယ်၊ ဒါကိုလည်း ကိုင်တွယ်ရမယ်ဆိုတော့ အရင်ကတည်းက မျိုးမျိုးက အဲဒီလောက် မတော်ဘူးလေ။ ရှယ်ယာခေါ်ရမလား၊ ဘာလုပ်ရမလဲ ဇဝေဇဝါတွေ ဖြစ်နေတယ်။

ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးဓာတ်ပုံ မရိုက်ခင် မယ်လိုဒီနဲ့ ပြောဖြစ်ခဲ့တဲ့ စကားများ ဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးဖို့အတွက် နေရာ အသုံးပြုခွင့်ပေးတဲ့ ဖြိုးမောင် (Examplez)နဲ့ Moe Lin Moe Choke ဆိုင်ဝန်ထမ်းများ၊ မယ်လိုဒီကို အလှဆုံးဖြစ်အောင် Stylist လုပ်ပေးတဲ့ Yo Ko San, Outfits အတွက် Nichii, ဖိနပ်အတွက် Heat Wave, မိတ်ကပ်အတွက် Ci Ci (Htet-Pop Soul)တို့ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါတယ်။ ဓာတ်ပုံများကို စိတ်တိုင်းကျရိုက်ကူးပေးတဲ့ ကိုလင်း(Studio-k) ကိုလည်း ကျေးဇူးတင် သလို အစစအရာရာ အကောင်းဆုံးပြင်ဆင်ပေးတဲ့ မယ်လိုဒီကိုလည်း ကျေးဇူးတင်ကြောင်း ဆိုပါရစေ။

■ ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ
## One Minute Interview

"ဩဂုတ်လပိုင်းကို မြန်မြန်ရောက်ချင်ပြီ။ ချက်ချင်းရောက်ချင်နေပါပြီ" ဆိုသည့် ကျော်ကျော်ဗိုလ်ကို ဩဂုတ်လပိုင်းတွင် ရိုက်ကူးရန်စီစဉ်နေသည့် Rose Rider အကြောင်း မေးဖြစ်သည်။

ကျော်ကျော်ဗိုလ်က ထိုဇာတ်ကားအတွက် စိတ်ဝင်စားမှု မြင့်မားနေပြီး ပြင်ဆင်မှုများလည်း ပြုလုပ်နေပြီဖြစ်သည်။

**ကိုကြီးတို့ရိုက်ကူးတော့မယ့် Rose Rider ဇာတ်ကားအတွက် သရုပ်ဆောင်တွေ ရွေးချယ်ထားတယ်လို့ သိရပါတယ်။ သိချင်တာက အဲဒီလိုရွေးချယ်တဲ့နေရာမှာ ဘယ်လိုအချက်တွေနဲ့၊ ဘယ်လိုစံတွေနဲ့ သတ်မှတ်ရွေးချယ်တယ်ဆိုတာလေးပါ။**

အဓိက ဇာတ်နဲ့ လိုက်ဖက်ဖို့ပေါ့။ Rose Rider ထဲက ကိုကြီးတို့ ဖန်တီးထားတဲ့ ဇာတ်ဆောင်မလေးတစ်ယောက်ရဲ့ Character နဲ့လိုက်ဖက်မယ့် ပုံသဏ္ဌာန်ရှိတယ်။ အဲဒီအတိုင်းရွေးချယ်မှာပါ။

**ဘယ်နှယောက်ရွေးထားလဲ။ ဘယ်လိုလူတွေ၊ ဘယ်သူတွေပါမလဲ။**

တစ်ယောက်ပဲ ရွေးမှာပါ။ Rose Rider မှာ မင်းသမီးက တစ်ယောက်ပဲ ပါမှာပါ။ အခုတော့ မရွေးရသေးပါဘူး။ ဇူလိုင်လကုန်မှာ ရှိုးလင်းပွဲလုပ်မှာပါ။ အခုရွေးထားတဲ့ ၅ ယောက်ထဲက တစ်ယောက်ပဲရွေးမှာပါ။

**ဇာတ်လမ်းပုံစံက ဘယ်လိုအကြောင်းအရာပိုင်းကို ဦးစားပေးထားလဲ။**

ဇာတ်ကားရဲ့အကြောင်းအရာကတော့ ဆိုင်ကယ်စီးသော အနုပညာဟာသိမ်မွေ့တယ်။ ဆိုင်ကယ်ပေါ်တက် ခွလိုက်ရုံ၊ Light Jacke ဝတ်လိုက်ရုံနဲ့ လမ်းသရဲလို့ထင်နေတဲ့ အယူအဆကိုပြောင်းပစ်မယ်။ ဇာတ်လမ်းကိုက ဆိုင်ကယ်စီးနင်းတဲ့အပေါ် Base လုပ်လိုက်တဲ့အတွက်ကြောင့် ဆိုင်ကယ်က ဇာတ်ဝင်ခန်းကပါတာမဟုတ်ဘူး။ ဆိုင်ကယ်ကိုက အဓိကဇာတ်ဆောင်အနေနဲ့ပါနေတာ။ ဆိုင်ကယ်တွေကိုလည်းသေချာပြင်ဆင်တယ်။ ကိုယ်စီးဖို့အတွက်ရော အဖွဲ့စီးဖို့အတွက်ပါ ဆိုင်ကယ်တွေကို Customize ဖြစ်အောင် လုပ်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ကယ်ကို စက်ရုံကထုတ်တယ်ဆိုတာထက် ကိုယ်တိုင် ကိုယ့်ရဲ့အနုပညာကိုဖန်တီးထားတဲ့၊ Modify လုပ်ထားတယ်ဆိုတဲ့ Taste ရအောင်လို့ သေချာပြင်ဆင်နေပါတယ်။

**ကိုယ့်ရဲ့ အတွေ့အကြုံတွေအရ ပရိသတ်စိတ်ဝင်စားနိုင်၊ နှစ်သက်နိုင်မယ့် ပုံစံတွေကိုရော ကိုကြီး ခန့်မှန်းမိနိုင်ပြီလို့ရော ယူဆမိလားဟင်။**

အဓိကတော့ ကိုကြီးတို့က ပရိသတ်ကို အသစ်အဆန်းတစ်ခုလုပ်ပေးတာ။ ဒီတော့ ပရိသတ် စိတ်ဝင်စား၏၊ မစား၏ ဆိုတာက ကိုယ့်ရဲ့ စေတနာနဲ့ ကိုယ့်ရဲ့ ဖန်တီးမှု အနုပညာ အရည်အသွေးပေါ်မှာ အများကြီးမူတည်တယ်။ ကိုကြီးတို့ကတော့ Lead လုပ်ပြီးသွားမယ်။ ပရိသတ်အပေါ် စေတနာမှန်မယ်၊ ပရိသတ်ကိုပေးတဲ့ အရည်အသွေးက ရာနှုန်းပြည့်ဆိုရင်တော့ ဒါဟာ ဘာမှစိတ်ပူစရာမလိုပါဘူး။

**ဩဂုတ်လပိုင်း ရိုက်ကူးမှုအတွက် ပြင်ဆင်ထားပြီးပြီပေါ့။**

ပြင်ဆင်တာ အရမ်းအားရှိပါတယ်။ ဩဂုတ်လပိုင်းကို မြန်မြန်ရောက်ချင်နေပါပြီ။ အကုန်လုံးကျော်လိုက်ပြီး ရောက်ချင်နေပြီ။ ကိုကြီးတို့ သူငယ်ချင်းတွေအားလုံး စည်းလုံးညီညွတ်စွာနဲ့ သေချာလုပ်ထားကြတယ်။ အရမ်းပျော်ဖို့ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ်တွေနဲ့ စ,ခဲ့တဲ့ ဆိုင်ကယ်နဲ့ပတ်သက်တဲ့ ဇာတ်ကားတစ်ကားဖြစ်အောင်၊ ဒီမှာက ဆိုင်ကယ်နဲ့ပတ်သက်တဲ့ ဇာတ်ကားက မရှိသလောက် ရှားပါတယ်။ အခုစလုပ်လိုက်တော့ ပိုင်အိုးနီးယားဖြစ်တော့ ကိုယ်တွေက··။။ အခုလည်း Social Network မှာ အကုန်လုံး မင်းလည်းဆိုင်ကယ်၊ ငါလည်းဆိုင်ကယ် ဖြစ်လာကြပြီဆိုတော့ ပျော်ရပါတယ်။

**ဆိုင်ကယ်နဲ့ရိုက်မယ့် ဇာတ်ဝင်ခန်းတွေဆိုတော့ Location တွေက···။**

ရန်ကုန်ပါတယ်၊ နေပြည်တော်ပါတယ်၊ ပြင်ဦးလွင်ပါတယ်။ မိုးကုတ်-နောင်ချိုအထိ ပါတယ်။

**ဥရောပခရီးစဉ်ကရော ဘယ်နနိုင်ငံ ပါမလဲ။**

ဥရောပ အရှေ့ပိုင်းပေါ့။ ဂျာမနီ၊ ဘူဂေးရီးယား၊ ဆလိုဗေးရီးယား၊ ချက်၊ ပိုလန်၊ ဩစတြီးယားပေါ့။ ခရီးသွားရင်ပိုက်ဆံကုန်မှာ လူတိုင်းသိကြတယ်။ ဒါပေမဲ့ အဲ့ဒါလေးကိုလည်း Knowledge ပေးချင်တာပေါ့။ 5 Star Hotel မှာတည်းရင်တော့ 5 Star စာ ပိုက်ဆံကုန်တာပေါ့။ Hostel မှာတည်းရင်တော့ Hostel စာပဲ ကုန်ကျမှာပေါ့။ ကိုယ့်အတွေးပေါ် ကိုယ်မူတည်တာပေါ့။ အမှန်က ကုန်ကျစရိတ်နည်းနည်းနဲ့ သွားလို့ရတာတွေလည်း အများကြီးရှိပါတယ်။ အဲဒီ Knowledge လေးလည်း ပေးချင်တာပါ။

**အဓိက ဘယ်လိုနေရာတွေ ဖြစ်မလဲ။**

သူတို့နိုင်ငံက Tour Attraction ရှိတဲ့နေရာတွေဆိုတာ နိုင်ငံတိုင်းမှာ ရှိတယ်လေ။ အဲဒီလိုနေရာတွေကို ပရိသတ်စိတ်ဝင်စားအောင် ရိုက်ပြမှာပေါ့။

ကျော်ကျော်ဗိုလ်၏ ဥရောပသို့ခရီးသွား အစီအစဉ်ကို mntv မှ အပတ်စဉ် သောကြာနေ့ ည ၇:၁၅ နာရီတိုင်း ထုတ်လွှင့်ပြသမည်ဟု သိရသည်။ ■

**နှင်းသူ**

www.burmeseclassic.com

www.burmeseclassic.com



# ဖန်တီးမှုတွေ အစစ်ဖြစ်ရအောင် သီချင်းတွေ နားမထောင်တော့တဲ့ လွှမ်းပိုင်

မနိုးလှ

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိနစ်တာ

# One Minute Interview

လွှမ်းပိုင်က *ဂီတဗေဒ* ဆိုသည့် တစ်ကိုယ်တော် တေးစီးရီးကို ဖွန်လထဲ မှာပင် ပရိသတ်ထံ အရောက်ပို့နိုင်ခဲ့ပြီဖြစ်သည်။ လွှမ်းပိုင်၏ ထုံးစံအတိုင်း ပရိသတ်စိတ်ဝင်စားမှုကို အခွေမထွက်ခင်ကပင် ရရှိထားခဲ့ပြီး ပြည်ပမှ အဆိုတော် Joker နှင့် ဂယက်ကလည်း အင်တာနက်လူမှု ကွန်ရက်တွင် လွှမ်းပိုင်နှင့် ထိုသီချင်းကို လူသိ ပိုများသွားစေခဲ့သည်။ *ဂီတဗေဒ* နှင့်ပတ်သက်၍ အမှန်တကယ် ကြိုးစား ဖန်တီးခဲ့သူ လွှမ်းပိုင်နှင့် လက်ရှိခံစားမှုများကို တွေ့မေးမိရာတွင်…။

**ဒီတစ်ကိုယ်တော်ခွေက သီချင်းတွေလည်း အများကြီးထည့်ထားတယ်။ ၁၈ ပုဒ်တောင်နော်။ ပြီးတော့ အဆိုတော် Joker နဲ့ ရှင်းလင်း ရတာတွေလည်း ရှိတော့ ခြားလုပ်ခဲ့တဲ့ အခွေတွေ ထက် စိတ်ဖိစီးမှုပိုရတဲ့ အခွေလို့ ပြောရင်ရလား။**

စိတ်ဖိစီးမှုက များလား ဆိုတော့လေ အဲ့လိုကြီးလည်း မဟုတ်ဘူးဗျ။ ဒါပေမဲ့ နည်းနည်းတော့ အောက် ဖြစ်တယ်။ လဲဆိုတော့ ဒီလိုပေါ့ ဟိုလိုလို ဒီလိုလိုတွေ ဖြစ်ပြီး ရှင်းလင်းရ။ အကောင်းဘက်က တွေးရင် ကျွန်တော်နဲ့ Joker နဲ့ သိသွားတယ်။ ကျွန်တော် အဲဒါ အရမ်းဝမ်းသာတယ်။ ပြီးတော့ သူနဲ့ကျွန်တော်နဲ့ သီချင်းတစ်ပုဒ်လုပ်ဖို့ ပြောထားတာ ရှိတယ်။ Joker ဘက်က တော့ OK လို့တော့ ပြောထားတယ်။ Yes or No တော့ မသိရသေးဘူး။ တကယ်လို့ လုပ်ဖြစ်ရင်တော့ အရမ်းအရမ်းကို ကောင်းတဲ့ အခွင့်အရေးတစ်ခုပါပဲ။

**သူက လွှမ်းပိုင်ကို အကြောင်းပြန်တဲ့နေရာမှာ သူ့အင်ထရိုနဲ့ တူတာမတူတာက အကြောင်းမဟုတ်ဘူး၊ သူ့ကို Inspiration ရှိစေချင်တာ ဆိုတော့ သူတို့မှာလည်း အဲဒီလိုဂရုပြုစေချင်တဲ့ အတ္တလေးတွေ ရှိတာပဲနော်။**

ဒါကတော့နော် ဂီတသမားတိုင်းမှာ အဲလိုစိတ်ရှိပါတယ်။ သူဖန်တီးထားတဲ့ အရာတစ်ခုကို Credit ပေးပေါ့။ ဒီသဘောပဲပေါ့။ Inspiration ယူထားတယ် ဆိုလည်း ဒီသီချင်းကို Inspiration ယူထားပါတယ်ပေါ့၊ ဒီသဘောပါပဲ။ ဒါကတော့ လူတိုင်းမှာ ရှိပါတယ်။ ရှိသင့်တဲ့ အတ္တတစ်ခုပါပဲ။

**ဆိုကြပါစို့၊ အဲဒီသီချင်းကရော လွှမ်းပိုင်ရင်ကို တော်တော် ထိသွားခဲ့လို့လား။**

ထိသွားလားဆိုတော့ ဒီသီချင်းကို ကျွန်တော် ၈, နားထောင်တဲ့အချိန်မှာ လွန်ခဲ့တဲ့ ၄ နှစ်လောက်က လုပ်ထားတဲ့သီချင်း။ သူ့စတိုင်လ်က ဘယ်လိုပြောမလဲ ကျွန်တော် တွစ်တွေအများကြီးနားထောင်ဖူးတယ်။ ဒီလိုပုံစံမျိုးလုပ်တဲ့သူတွေလည်း အများကြီးရှိတယ်။ ဒါပေမဲ့ သူလုပ်တာကအရမ်းသပ်ရပ်တယ်။တော်တော် သဘောကျတယ်။ ပြီးတော့ သူ့MTV လေးက မိုက်တယ်။ Joker ၈ ကောင်လောက်ခွဲပြီးတော့ သူတို့ စကားတွေ ပြောနေကြတာ။ အဲဒီလိုမျိုး ငပေါ Joker တစ်ကောင်ပါတယ်။ ပြီးတော့ အတည် Joker တစ်ကောင်ပါတယ်ပေါ့။ သူ့သီချင်းနဲ့ သူ့ MTV လုပ်ထားတာလေးက အတော်မိုက်တယ်။ ကျွန်တော် အဲဒါလေးကို အရမ်းသဘောကျပြီး ဒီသီချင်းလေးက ကျွန်တော့်ရင်ထဲရောက်လာတယ်။ ဒါကြောင့် ဒီသီချင်းလေးကို အကိုးအကားယူပြီး လုပ်ဖြစ်တယ်။

**ဒီလိုမျိုးအနုပညာကိစ္စတစ်ခုတည်းမှ မဟုတ်ဘူးပေါ့နော်၊ တခြားအရာတွေမှာလည်း သူတစ်ပါးလွှမ်းမိုးမှုခံရရင် ရုန်းထွက်ဖို့ ခက်တယ်လေ။ အခုလွှမ်းပိုင်လည်း ဒီလိုလေးဖြစ်ဖူးလိုက်တာရှိတော့ လွှမ်းမိုးခံရခြင်းရဲ့ ကောင်းခြင်း၊ ဆိုးခြင်းအပေါ် အမြင်လေးရယ်၊ ပြီးတော့ ရုန်းထွက်နိုင်ဖို့ ဘယ်လိုကြိုးစားရလဲ။**

ဒီသီချင်းက လွန်ခဲ့တဲ့ ၄ နှစ်က လုပ်ထားတဲ့သီချင်း။ အဲ့အချိန်တုန်းက ကျွန်တော် သီချင်းတွေ လိုက်နားထောင်တယ်။ Inspiration တွေယူတယ်။ လွန်ခဲ့တဲ့ ၄ နှစ်က ကျွန်တော့် *ဂီတစာဆို* အခွေတောင် မထွက်သေးဘူး။ နောက် ဂီတစာဆို အခွေထွက်ပြီးတဲ့အချိန်မှာလည်း ဟိုကဒီက ပြောနေကြတာ ကော်ပီက ဘာဖြစ်တယ်၊ ညာဖြစ်တယ်ပေါ့နော်။ အဲဒီအသံတွေကြားတော့ ကျွန်တော် အရမ်းမုန်းလာတယ်။ ကိုယ့်ဖန်တီးမှုပဲဗျ၊ ဒါပေမဲ့ ကော်ပီလို့အပြောခံနေရတုန်းပဲ။ ဒါကြောင့် နောက်ပိုင်း ကျွန်တော်သီချင်းလုံးဝ နားမထောင်ဘူး။ *ဂီတစာဆို* ထွက်ပြီးကတည်းကနေ ခုချိန်ထိ ကြားထဲမှာ ဘယ်သူ့သီချင်းမှ နားမထောင်တော့ဘူး။ နောက်ပိုင်းသီချင်းတွေကို ကျွန်တော့်ဖန်တီးမှု အစစ်တွေဖြစ်အောင်လုပ်တယ်။ ဒီအခွေထဲမှာ ဒီသီချင်းတစ်ပုဒ်က လွန်ခဲ့တဲ့ ၄ နှစ်က လုပ်ထားလို့ အကိုးအကားတွေယူထားတာဆိုပေမဲ့ ကျန်တဲ့သီချင်းတော်တော်များများက ရင်ထဲက ဖန်တီးမှုအစစ်တွေကြီးပါပဲဆိုတာ ၁၀၀ ရာခိုင်နှုန်း အာမခံတယ်။

လွှမ်းပိုင် ပါဝင်သရုပ်ဆောင်ထားသည့် **ကြွေ** ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ဇူလိုင်လတွင် ရုံတင်တော့မည်ဖြစ်ပြီး၊ လွှမ်းပိုင် ပါဝင်သရုပ်ဆောင်ထားသည့်အပြင် ထုတ်ဝေသူအဖြစ် ရှယ်ယာပါထားသည့် **ကိုယ်စောင့်နတ်** ရုပ်ရှင်ကားကြီးကလည်း ရုံတင်ရန် အသင့်ဖြစ်နေပြီဟုသိရသည်။

■ မန်းသူ

www.burmeseclassic.com

www.burmeseclassic.com



# အသည်းကွဲခံစားမှုကိုကြိုက်တဲ့ ရွှေထူး အသည်းကွဲဖူးတယ်

မနိုးသူ

ယခုလတ်တလော အသည်းကွဲသီချင်းနှင့် ပရိသတ်အားပေးမှု ရရှိနေပြီး ပွဲတိုင်းမှာ Infinity သီချင်းကို ဆိုနေရသည့် ရွှေထူးက ခန္ဓာကိုယ်ပေါ်မှာ Infinity အတွက် အမှတ်တရ တက်တူးထိုးနှံထားသည်။ တက်တူးကိုချစ်ပြီး ကိုယ့်အောင်မြင်မှု အမှတ်တရအဖြစ် မှတ်တမ်းတင်သည့် အနုပညာရှင်များထဲတွင် ရွှေထူးလည်း အပါအဝင်။ ရွှေထူး၏ တက်တူးအနုပညာနှင့် ဂီတအနုပညာများ အကြောင်း တွေ့ဆုံမိသည့် ခဏတွင်…။

**ဂီတ အနုပညာတွေကို ဖန်တီးနေတဲ့ ရွှေထူးရင်ထဲက ခံစားမိတဲ့ တက်တူး အနုပညာက။**

တက်တူးဆိုတဲ့ အနုပညာက လွယ်တော့ မလွယ်ဘူး ပေါ့နော်။ ကျွန်တော်တို့ စာရွက်ဖြူပေါ်မှာ ဘလိုင်းကြီး ပုံဆွဲရင်တောင် မလွယ်တာ။ ကိုယ်ဆွဲသလောက် တွန့်နေတဲ့ အသားပေါ်မှာ ဆေးတွေနဲ့ လှပတဲ့ပုံတွေဆွဲရတာ တော်တော်ကို ခက်ခဲတဲ့ ပညာရပ်တစ်ရပ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း လေးလေးစားစား ရှိလို့၊ တန်ဖိုးထားလို့ တက်တူးကို ထိုးဖြစ်တယ်။ အသားနာပေမဲ့ ကိုယ့်ဘဝရဲ့ မေ့ဖျောက်လို့မရတဲ့ အမှတ်တရတွေကို ထိုးတယ်။ ဥပမာ-တက်တူးတစ်ခုကို အမှတ်တရအနေနဲ့ ထိုးပြီး သွားပြီဆိုရင် တစ်ချိန်မှာ အဲဒီတက်တူးကို ပြန်ဖျက်ဖို့ဆိုတာ ကျွန်တော် လုံးဝမတွေးဘူး။ ကျွန်တော်သေတဲ့အထိ ပါမယ်။ ကြိုက်ကြိုက် မကြိုက်ကြိုက် သဘောကျလို့ ထိုးထားတဲ့ အရာတစ်ခုမို့လို့။

www.burmeseclassic.com

www.burmeseclassic.com


ကျန်းမာ သန်စွမ်းသောနှလုံးဖြင့် အသက်ရှည်စွာနေနိုင်ရန်


NATROL®


# CoQ-10

သင့်နှလုံးကိုအကောင်းဆုံးကာကွယ်ထောက်ပံ့ပေးနိုင်ပါတယ်...

နှလုံးကြွက်သားများ၏လုပ်ဆောင်ချက်ကို တိုးတက်ကောင်းမွန်စေပါသည်...







ကျန်းမာသော သွေးလွှတ်ကြောများကို ဖြစ်စေပါသည်...

နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများကို

လျော့နည်းစေပါသည်...

MADE IN U.S.A




အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်၊

NATROL®
Quality Uncompromised

Myanmar Distributor :
Saung Thazin Trading Co.,Ltd.

Yangon: No 262/264, Pyay road,
Dagon Center 1, Room 704-B,
Sanchaung township, Yangon, Myanmar

Mandalay: No.263, D-3, 81 Street,
Between 23rd & 24 Street, Mandalay, Myanmar.
Tel:02 60177 HP:09 2057621, 09 5022631


www.burmeseclassic.com

www.burmeseclassic.com

တက်တူးက ထိုးနေတဲ့ ...မှာ နာကျင်မှုပဲရှိတယ်။ ...တဲ့အချိန် အဲဒီဖန်တီးမှုကို ...ကြည့်မိတော့…။

အင်း…အဲဒါတော့ ရှိ...ပေါ့နော်။ ထိုးတဲ့အချိန်မှာ ...ကက်ပြေးချင်စိတ်ပေါက် ...အောင်ကို နာကျင်တယ်။ ...ထိုးတာတောင် ကျွန်တော့် ...အသားက အရမ်းနာတတ် ...။ အသားနာရင် ကျွန် ...တော် မကြိုက်ဘူး။ ဒါပေမဲ့ ကျွန်တော် တက်တူးထိုးတဲ့ ...တွက် အသားနာခံတယ်။ ...ပြီးသွားရင် မလှုပ်နိုင် ...ကက်အောင် နာတယ်။ ...ကုန်သွားတဲ့အထိ ထိုးခံ ...တယ်။ ပြီးသွားပြီး အနာ ...ကက်သွားရင်တော့ အနာခံရ ...နပ်တယ်။ ဒါ့ကြောင့် ...တ်တူးထိုးမယ်ဆိုရင် ...ယ်ကောင်းတဲ့၊ တော်တဲ့ ...တွေ၊ တကယ့်ဆရာတွေနဲ့ပဲ ...ကြပါလို့ ကျွန်တော် ...နာနဲ့ အကြံပေးချင်ပါ ...ယ်။ တက်တူးဆိုတာ ...ရှာပါမယ့်အရာပါ။ ဖြစ် ...တ်ဆန်းလုပ်ရင် ကျန်း ...ရေးအတွက် ဆိုးကျိုးတွေပဲ ...နိုင်လို့ သေချာဆင်ခြင်ပြီး ...ကြပါလို့။

**ဒီလို နာကျင်ဖို့ ...ရာယ်လည်းများတဲ့ ...တ်တူးကို ဘာကြောင့်ချစ် ...တာလဲ။**

ကျွန်တော် မသိဘူးဗျ။ ... ကျွန်တော့်အသားကို ...ပေါက်နေတာကို သဘော ...တယ်။ ထိုးတဲ့ အချိန်၊ ...ချိန်မှာ ဆက်မထိုးချင် ...ဘူး။ ဒါပေမဲ့ ပြီးသွား ... နောက်တစ်ခု ထပ်ထိုး ...တယ်။ အခုနောက်

# ကြုံရာဆုံရာတစ်မိနစ်တာ

# One Minute Interview

ပိုင်းတော့ ဆင်ခြင်နေပါပြီ။ အခုထိုးလက်စ ကျောကုန်းက ပုံပြီးရင်တော့ ကျွန်တော် ခဏနားပါမယ်။ ပထမဆုံး ထိုးဖူးတာက ကျွန်တော့် ညာဘက်လက်ပေါ်က My life ရယ်၊ မိုက်ကရိုဖုန်း ပုံသေးသေးလေးရယ်ပေါ့။ ထိုးပြီးချိန်က အမေကတော့ လုံးဝ မကြိုက်ဘူး။ ကျွန်တော့်အမေမှ မဟုတ်ပါဘူး။ ဒါကို ဘယ်မိဘမှ မကြိုက်ကြပါဘူး။ အမေ့ကို ပြတော့ အမေက စကားမပြောဘူး။ နောက်တစ်ပုံ ထပ်ထိုးတယ်။ သူ မပြောသေးဘူး။ နောက်တစ်ခါက်ကျတော့ သား ကီးမို့ သောက်လေ၊ ဖျားမယ်ပေါ့။ အမေက လျှော့လာတယ်။ အဲဒီတုန်းက ကျွန်တော်က လည်း ဆိုးတာကိုး။ လွတ်လပ်ရေးက တိုက်ယူရတယ် ဆိုတဲ့လူမျိုး။ ဒါပေမဲ့ ကျွန်တော် ဒါ သူများပစ္စည်းခိုးတာ မဟုတ်ဘူး၊ မတရားလုပ်တာ မဟုတ်တဲ့အတွက် ဆက်လုပ်ဖြစ်တာပါ။

**အခုဆိုရင် အောင်မြင်မှုအမှတ်တရ၊ ချစ်သူအတွက် အမှတ်တရ၊ ဘဝအတွက် အမှတ်တရ တက်တူးတွေ ဘယ်နှခုလောက် ထိုးပြီးပြီလဲ။**

ချစ်သူအတွက်ကတော့ ဘယ်ဘက်လက် တစ်ချောင်းလုံးနီးပါးပါပဲဗျ။ ညာဘက်လက်မောင်းမှာတော့ ကျွန်တော့်ရဲ့မိသားစု၊ ကျွန်တော် တန်ဖိုးထားတဲ့လူ၊ ကျွန်တော့်ရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ ဒုတိယအမေဖြစ်တဲ့ အဒေါ်။ အဖေ၊ ညီမလေး၊ ညီလေးတို့ပေါ့။ စုစုပေါင်း ၁၅ ခုလောက်ပေါ့။

**တက်တူးအနုပညာပြီးတော့ ရွေထူး အနုပညာပေါ့။ အခုပေါက်နေတဲ့ Infinity လိုမျိုးသီချင်းတွေ ထပ်ခံစားမိနေလား။**

အဲဒီခံစားမှုမျိုး အခုထိ ခံစားမိနေပါတယ်။ ဆိုလိုတာက ကျွန်တော် မဟုတ်ပေမဲ့ ကျွန်တော်စီးမျောလို့ရတယ်။ ဥပမာ- ကိုဖြိုးပြည့်စုံရဲ့ *လရိပ်*တို့၊ *အချစ်ဦး* တို့။ ကျွန်တော်က ကိုဖြိုးပြည့်စုံကို ကြိုက်တယ်။ တေးရေး ဝေကြီးကို ကြိုက်တယ်။ *အသည်းကွဲစည့်သည်* ဆို ကျွန်တော် အရမ်းကြိုက်တယ်။ ကျွန်တော့်မှာ အဲဒီဖီးလ် မရှိဘူး။ ဒါပေမဲ့ အဲဒါကို နားထောင်ခံစားပြီး ငိုရင် ငိုတယ်၊ ဝမ်းနည်းချင် ဝမ်းနည်းတယ်။ ဒါက ဒီသီချင်းပေါ်မှာ ခံစားပြီး ဖြစ်တာ။ ကျွန်တော်က ခံစားလွယ်တယ်။ ဒါကြောင့် facebook မှာ တချို့တွေပြောတာတွေကို ကျွန်တော်ပြန်တုံ့ပြန်မိတယ်။ နောက်ပိုင်းတော့ မတုံ့ပြန်ဖြစ်တော့ပါဘူး။

**အခု ဘယ်လိုသီချင်းပုံစံတွေအတွက် ခံစားမိနေလဲ။**

Infinity ထက် အများကြီးမိုက်တဲ့ သီချင်းတွေ ထပ်ထွက်လာဖို့ ရှိပါတယ်။ Infinity က ဘာမှမဟုတ်သေးပါဘူး။

**အသည်းကွဲ သီချင်းတွေ မဟုတ်တော့ဘူးပေါ့။**

(ရယ်လျက်) အသည်းကွဲ သီချင်းတွေပါပဲ။ လုံးဝ-လုံးဝ ရှယ်ကွဲရမယ့် သီချင်းတွေပါလို့။

**အသည်းကွဲ သီချင်းတွေနဲ့ ပိုပြီးဇာတ်တည့်နေတာ ဘာကြောင့်ပါလိမ့်။ အသည်းရော ဘယ်နှခါကွဲဖူးလဲ။**


ကျွန်တော် အသည်းကွဲရတဲ့ဖီးလ်ကို ကြိုက်လို့ပါ။ (ရယ်လျက်) ကျွန်တော် အသည်းနှစ်ခါ ကွဲဖူးပါတယ်။

ရွေထူးက ဒုတိယတစ်ကိုယ်တော်ခွေကို နိုဝင်ဘာတွင် ထွက်နိုင်ရန် ကြိုးစားနေသည်ဟု သိရသည်။ "ကျွန်တော် အများကြီးပြင်ဆင်ထားပါတယ်။ ဒါပေမဲ့လည်း လူတစ်ယောက်ဟာ သူ့အရည်အချင်းနဲ့သူ၊ သူလုပ်နိုင်သလောက်တော့ သူလုပ်သွားမှာပဲလေ။ ဒီတော့ ကျွန်တော့် ဒုတိယခွေမှာ ကျွန်တော်လုပ်နိုင်သလောက်၊ အစွမ်းအစရှိသလောက်၊ ဉာဏ်မီသလောက်၊ ကျွန်တော့်ပရိသတ် အကြိုက်ဖြစ်သလောက်လုပ်သွားမယ်။ ဝေဖန်ဖို့က ပရိသတ်တာဝန်ပါ။ ပြောပါ၊ ဆိုပါ၊ ဝေဖန်ပါ။ ဝေဖန်ပေးသူတစ်ယောက်စီတိုင်းကို ကျေးဇူးတင်ပြီး လေးစားလျက်ပါ" ဟုလည်း ရွေထူးက ဆိုပါသည်။

■ နှင်းသူ

www.burmeseclassic.com

www.burmeseclassic.com




# ရွှေရောင်နေ့သစ်များနဲ့ ခရီးဆက်မယ့် အိုင်ရင်းဇင်မာမြင့်

**မနီးသူ**

အိုင်ရင်းဇင်မာမြင့်က အချစ်ရေးနှင့်ပတ်သက်၍ သတင်းကြီးနေသည့်အချိန်မှာပင် *ချစ်လို့* MTV ကို ဖြန့်သည်။ တစ်ခွေလုံးနီးပါး ကိုယ်တိုင် သရုပ်ဆောင်ထားသည့် အိုင်ရင်းနှင့် ပက်ပင်းဆုံမိရာတွင် ဂီတနှင့် ရှေ့ခရီးအကြောင်း သိချင်လာသည်။

"အနုပညာအကြောင်းတွေပဲ မေးချင်တော့တယ်။ ကျန်တာတွေက သတင်းတွေအများကြီး ပွဲ့နေပြီ" ဟုဆိုရာ "ဟုတ်တယ် အစ်မရယ်။ အိုင်ရင်းလည်း အဲဒီအကြောင်းတွေပဲဖြေချင်တယ်။ အချစ်ရေးက ဖြေရင်းနဲ့ ပိုင်ချင်လာပြီ" ဟုဆိုသည်။

အိုင်ရင်း၏ ရှေ့ခရီးက…။

အိုင်ရင်း အခုဆိုရင် ပြောင်းလဲလာတဲ့ ဂီတရေစီးကို မကြိုချင်လည်း ကြိုနေရပြီ။ သွားရင်းနဲ့ ပရိသတ်အကြိုက် လိုက်ရတာတွေလည်း ရှိခဲ့မယ်။ ကိုယ့်အကြိုက် လုပ်တာတွေလည်း ရှိခဲ့မယ်။ အခု အိုင်ရင်းကရော ဘယ်လိုပုံစံ ဖြစ်သွားပြီလဲ။

အိုင်ရင်းက ၅၀၊ ၅၀ ပဲရှင့်။ အဓိကတော့လေ ပရိသတ်လည်း ကြိုက်ရမယ်၊ ကိုယ်လည်းကြိုက်ရမယ်။ အဲဒါကို ပိုသဘောကျတယ်။ ကိုယ်တောင် မကြိုက်ရင် ပရိသတ်ကြိုက်ဖို့ ဆိုတာ မလွယ်ဘူး။ တစ်ခါတလေကျတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ

## One Minute Interview

ပရိသတ်ကြိုက်တာကို ကိုယ်ကြိုက်ချင်မှ ကြိုက်တာဆိုတော့ သူ့အကြိုက်ကိုယ့်အကြိုက်တွေ မျှထည့်ရလို့ စီးရီးတစ်ခုဟာ ၁၄ ပုဒ်၊ ၁၅ ပုဒ်တွေ ဖြစ်ကုန်တာလို့ အိုင်ရင်း ထင်တယ်ရှင့်။ မဟုတ်ရင်တော့ နှစ်ဖက်အကြိုက်ချင်း တူရင် တစ်ပုဒ်ပဲ ထွက်တော့မှာပေါ့နော်။ သီချင်းရွေးချယ်တဲ့ ပုံစံကျတော့လည်း အရင်ကနေ ခုထိ အဲဒီအတိုင်းပါပဲ။ အိုင်ရင်းက ငယ်ငယ်ကတည်းကိုက ...ကြီးသံ ပေါက်တယ်။ ကလေးတုန်းက အသံတစ်မျိုး၊ ကြီးလာမှတစ်မျိုး ပြောင်းတာမျိုးလည်း မဟုတ်ဘူး။ အော်ရီဂျင်နယ်ကကို ...အသံ။ အိုင်ရင်းအဖေက ...ဂစ်တတီးတာ အရမ်းပိုင်နိုင်တဲ့ ...ထဲမှာပါတဲ့သူဆိုတော့ အဖေက ပြောတယ်။ ...ါ့သမီးအသံကအရမ်း Sweet ဖြစ်တယ်တဲ့။ ငယ်ငယ်တည်းက အိုင်ရင်းက သတိထားမိနေတာ ...ါ့အသံလေးက မဆိုးပါဘူးပေါ့ - (...ယ်လျက်)။ အခုလည်း သိလာတာက အရင်တုန်းကလည်း ...ရင်း ဒီပုံစံမျိုးပဲကြိုက်တယ်၊ အခုလည်း ဒီဟာမျိုးပဲ ကြိုက်တယ်။ ဒါပေမဲ့ နောက်ထပ် အသစ်ရွေးလာရင်တော့ ဘယ်လိုပုံစံဖြစ်မလဲ မသိဘူးပေါ့နော်။ ခုထိတော့ သီချင်းရွေးချယ်မှု ပုံစံကလည်း ဟိုးအနုပညာလောကထဲ စ,ဝင်ကတည်းကပုံစံအတိုင်း ခုထိလည်း ဒီအတိုင်းပဲ ရွေးဖြစ်နေတယ်။

**လူငယ်ပရိသတ်တွေရဲ့ ဂီတအပေါ်ခံစားနိုင်စွမ်းကို ဘယ်လိုမြင်လဲ။ အိုင်ရင်းအပေါ် သူတို့သဘောထားကရော ဘယ်လိုရှိလဲ။**

သူတို့တွေက ကိုယ့်ကို အရမ်းဆိုနိုင်တဲ့စွမ်းအားကို အားပေးတယ်။ တစ်ခါတလေကျရင် သူတို့က အသံကတော့ ကမ္ဘာကျော်ပဲနော်တို့၊ ဘာတို့ပြောတာ။ အိုင်ရင်းက စကားပြောရင် အသံတိုးပြီး သီချင်းဆိုလိုက်ရင် အသံတအားကျယ်တယ်လေ။ သူတို့ ကိုယ့်အသံကို အရမ်းအားပေးတယ်။ ပြီးတော့ ကိုယ့်ကို ဒီထက်ပိုပြီး ခက်ခဲနက်နဲတဲ့ အရာတွေ လုပ်ပြပါလို့ ပြောကြတယ်။ အဲဒီအပေါ်မှာတော့ အိုင်ရင်း ဆက်ပြီး ကြိုးစားရဦးမှာပါရှင့်။

**ဒီလိုအရွယ်ရောက်တဲ့၊ အောင်မြင်တဲ့ မိန်းကလေးတိုင်း သာမန်ထက်ပိုတဲ့အရေးတွေ တွေ့ကြုံရမှာပဲလေ။ ဘာပဲပြောပြော အိုင်ရင်းလည်း တွေ့ခဲ့ပြီ၊ သီချင်းတာက ဒီလိုဖြစ်လာပြီဆိုရင် ခံစားနေတာထက် ဘယ်လိုရပ်တည်မှုပုံစံနဲ့ ရပ်တည်လဲ။**

အိုင်ရင်းက အဓိက ဆုတောင်းတယ်။ လူသိအောင် ဆုမတောင်းဘူး။ အိုင်ရင်းက ကိုယ့်စိတ်ထဲကနေလည်း ရှိနေတဲ့နေရာမှာရှိသလို ကိုယ်ခံစားလိုက်ရတဲ့အချိန်မှာ ဘယ်အကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုယ့်လူမှုရေး၊ အခွေကြန့်ကြာတာ၊ သီချင်း Title ထိုးတာ စသဖြင့်ပေါ့။ ဖြစ်လိုက်ချိန်မှာပဲဖြစ်ဖြစ်ချင်း ဆုတောင်းလိုက်တယ်။ တောင်းပြီးသွားတဲ့အချိန်မှာ အဲ့ဒါက အိုင်ရင်းအတွက် ပြီးသွားပြီ။ ပြီးသွားတာကြီးက ဘာမှ ပြန်လုပ်လို့လည်း မရတော့ဘူး။အဲဒါကြီးကို ထိုင်ငိုနေမယ့်အစားငါ နောက်ဒီလိုမဖြစ်အောင်ရင်ဆိုင်မယ်ပေါ့။ အဲဒီလိုပုံစံနဲ့သွားတာက အိုင်ရင်းအတွက် ခုလို ရယ်နေနိုင်တယ်ပေါ့။ (ရယ်လျက်)

**အနုပညာရှင်တစ်ယောက်ဟာ နှလုံးသားကိစ္စနဲ့ ကိုယ့်ဘ၀ ကြုံလာပြီဆိုရင် ဘယ်အရာကို ဦးစားပေးမလဲ။**

အဲဒါတော့ အိုင်ရင်း အသေချာမပြောနိုင်သေးဘူး။ နှလုံးသားချည်းပဲလည်း ရွေးလို့မရဘူး။ နှလုံးသားကိစ္စက ကိုယ့်ဘ၀တစ်ခုလုံးအတွက် အရေးပါတဲ့ကိစ္စ မဟုတ်သလို မိသားစုကလည်း ၈၀ ရာခိုင်နှုန်း အရေးပါတယ်။ ပရိသတ်ဆိုတာကလည်း ၁၀၀ မှာ ၈၀ အချိုးကျနေပြန်တယ်။ မိသားစုနဲ့ ပရိသတ်က ၈၀ စီ ရှိပြီး နှလုံးသားကိစ္စက ၂၀ ပေါ့။ ရွေးမယ်ဆိုရင်တော့ အိုင်ရင်းက မိသားစုနဲ့ပရိသတ်ကိုပဲ ရွေးရမှာပေါ့။ အဲဒါကိုမှ တစ်ခုပဲရွေးပါဆိုရင်တော့ အိုင်ရင်း ရူးသွားနိုင်ပါတယ်။

အိုင်ရင်းဇင်မာမြင့်က ရွှေပရိသတ်အတွက် ရွှေအမှတ်တရ စကားပြောရာတွင် "အိုင်ရင်းက အခုတကယ်ပြောရလို့ရှိရင် အိုင်ရင်းမိသားစုအား၊ ပရိသတ်တွေအားနဲ့ ရှေ့ဆက်သွားမှာဖြစ်တဲ့အတွက် အခွေတွေ အားပေးပါ။ ဟိုဟာ၊ ဒီဟာလုပ်ပါလို့ ပြောနေတာထက်စာရင် အိုင်ရင်းအခွေကို ဘယ်နေရာမှာပဲတွေ့တွေ့၊ ဘယ်လိုပဲနားထောင်ထောင်၊ ခိုးကူးပဲနားထောင်ထောင်၊ link ရလို့ပဲနားထောင်ထောင် အဓိက,က နားထောင်ပြီးတော့ အိုင်ရင်းကို ချစ်ပေးတယ်။ ကြိုးစားမှုကို အသိအမှတ်ပြုပေးတယ်။ အိုင်ရင်းကို အရင်ကထက်ပိုပြီး နွေးထွေးပေးရင် လုံလောက်ပါပြီ။ ရှေ့ဆက်ပြီးတော့ အိုင်ရင်းအတွက် စိတ်ညစ်စရာတွေ အကုန်ပြီးခဲ့ပြီဖြစ်တဲ့အတွက် အိုင်ရင်း စိတ်ညစ်ရင်လိုက်စိတ်ညစ်တဲ့ ပရိသတ်တွေအတွက်၊ မျက်ရည်ကျရင် လိုက်ကျတဲ့ပရိသတ်တွေအတွက် လာမယ့်နေ့ရက်တွေ အားလုံးဟာ ရွှေရောင်နေ့သစ်တွေဖြစ်တယ်လို့ ပြောချင်ပါတယ်" ဟုဆိုပါသည်။ ■

**...နီးသူ**

www.burmeseclassic.com

www.burmeseclassic.com



# ပြောင်းလဲမှုကို လက်ခံသူ ကိုယ်တိုင်လည်း ပြောင်းလဲမယ့်သူ

မနိုးသူ

Bobby Soxer (ထက်ထက်)က *21* တေးစီးရီး MTV ကို ပရိသတ်ထံ အမြန်ရောက်ရှိနိုင်ရန် စီစဉ်နေသည်။

"ထက် MTV ထွက်ရင်တော့ ပရိသတ်တွေ ပျော်မယ်လို့ ထင်ပါတယ်။ သမီးက ပျော်ဖို့ကောင်းအောင် ရိုက်ထားတာပေါ့နော်။ အင်တာတိန်းမန့်ဖြစ်တဲ့ အခွေဖြစ်အောင် ရိုက်ထားပါတယ်" ဟုလည်း ထက်ထက်က ဆိုသည်။

**ပရိသတ်ကိုပေးမယ့် MTV ကောင်းတစ်ခုမှာ အရေးကြီးဆုံးက ဘယ်လိုအချက်တွေ ထည့်ပေးတတ်လဲ။**

ထက်က ဘယ်အလုပ်ကိုပဲလုပ်လုပ်ပေါ့နော်၊ သီချင်းပဲရေးရေး၊ MTV ပဲရိုက်ရိုက် ပရိသတ်ကြိုက်ပါ့မလား၊ အောင်မြင်ပါ့မလား ဆိုတာမျိုးထက် သမီးဖီလင်ကိုသာ အရမ်းလုပ်တယ်။ ဥပမာ- သီချင်းတစ်ပုဒ် ရေးလိုက်တယ်ဆိုရင်၊ အဲဒီသီချင်းကို သမီး အရမ်းစိတ်တိုင်းကျတယ်ဆိုရင် သီချင်းရေးကတည်းက သမီး ပုံဖော်ဖို့ကို တွေးထားပြီးသား။အဓိက အနေနဲ့ MTV ဆိုတာကလည်း အရမ်းကြီးမားတဲ့ Teamwork အလုပ်တစ်ခုပဲလေ။ အားလုံး ပေါင်းစပ်ပြီးမှသာ ထွက်ပေါ်လာတဲ့အလုပ်တစ်ခု၊ အဲဒီ အပေါ်မှာ ပရိသတ်က ကြိုက် မကြိုက်ဆိုတာကို ဆုံးဖြတ်တာပေါ့။ အဓိက,ကတော့ ကိုယ်လုပ်တဲ့အနုပညာတစ်ခုကို ကိုယ်တိုင်က ၁၀၀ ရာခိုင်နှုန်း ကျေနပ်မှ ပရိသတ်က ကြိုက်မှာ။ ကိုယ် မကြိုက်တဲ့အရာတစ်ခုကို၊ ကိုယ်တိုင်က မကြိုက်တဲ့အရာတစ်ခုကို စိတ်ချ၊ ပရိသတ်လည်း မကြိုက်ဘူး။ Quality နဲ့ Quantity မှာ Quality ကိုသာ ဦးစားပေးပါတယ်ဆိုတဲ့ စကားမျိုးကိုလည်း မပြောချင်ဘူး။ ဘာပဲဖြစ်ဖြစ် ပရိသတ် အဆုံးအဖြတ်ကသာ အရေးကြီးပါတယ်။ ဘယ်ဟာမဆို ကိုယ့်စိတ်ထဲ ကိုယ့်ဉာဏ်မီသလောက်၊ ကိုယ်တတ်စွမ်းသလောက်၊ ကိုယ်လုပ်နိုင်သလောက် အကောင်းဆုံး လုပ်ပါတယ်။

**ထက်ထက်က ၁၆ နှစ် သမီးကတည်းက သီချင်းတွေနဲ့ အောင်မြင်ခဲ့တာ အခုဆိုရင် ၉ နှစ်ကျော်ပြီဆိုတော့ ဒီကာလအတွင်း**

www.burmeseclassic.com

www.burmeseclassic.com

ဘာတွေ ရရှိလိုက်ပြီလဲ။

ဒီ အနုပညာအလုပ် လုပ်တဲ့အချိန်မှာ သူများ ဆက်ပိုပြီး လူတွေနဲ့ ထက်က ဆက်ဆံရတယ်။ တချို့ ၁၆ နှစ်ကလေးတွေ ကျောင်းတက် ပြီး အေးဆေးနေနေရတဲ့အချိန် မှာ ထက်က အလုပ်လာအပ် တဲ့ သူတွေအများကြီးနဲ့၊ လူ ပေါင်းစုံနဲ့ တွေ့ရတဲ့အတွက် ဒီအလုပ်လုပ်တာဟာ လူတွေ နဲ့ ပေါင်းသင်းဆက်ဆံ တတ် လာတယ်။ ရင့်ကျက်လာ တယ်ပေါ့နော်။ အဲ့ဒီလို မြင်ပါ တယ်။

**တကယ့် ဆယ်ကျော် သက်အရွယ်မှာ အောင်မြင်မှု ရရှိခံစားခဲ့ရတဲ့အတွက် ကျော်ကြားတဲ့အချိန်မှာ အောင် မြင်တာနဲ့ယှဉ်ရင် အဲဒီအချိန် မှာ ကိုယ်တကယ်ရပ်တည်ခဲ့ တဲ့ဒီလင်က…။**

အဲဒါကလေ ဘယ်လို ပြောရမလဲ။ ပြောင်းလို့ပြောင်း သလောက် ပြောင်းလာတာပေါ့ ဥပမာ-သမီးဆိုရင် ချမ်းသာတဲ့မိသားစုက ပေါ်လာတာ မဟုတ်ဘူး။ အဲဒီတော့ ကိုယ့်ဟာကိုယ် ရှာနိုင်လာတယ်။ သုံး တယ်ပေါ့နော်။ ကိုယ့် ကို ယုံကြည်မှု ရှိလာ ပေါ့နော်။ စိတ်ပိုင်းဆိုင် အဲဒီလိုမျိုးတွေ ပြောင်း တယ်။ ပြီးတော့ ငယ် နဲ့ ပိုက်ဆံ အရမ်း တဲ့အတွက် သုံးတဲ့ ရမ်းပတာ ဖြစ်လာ အဲဒါမျိုးတွေတော့ရှိ ဒါပေမဲ့ အခုကက ဘပေါ့နော်။ မိဘက နိုးပေးတယ်။ကိုယ် ဆောင်ရတာပေါ့။

# ကြုံရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

**အဲဒီအတွက် တခြား Stress ဆိုတာမျိုးရော ရှိခဲ့ဖူး လား။**

သမီးမှာ အဲဒီလိုမျိုး တော့ မရှိဘူး၊ တကယ်ပေါ့ နော်။ အဲဒီလိုလုပ်ခဲ့တယ်၊ အောင်မြင်သွားတယ်။ အောင်မြင်သွားတဲ့အရသာက ပျော်ဖို့ကောင်းတယ်။ ကိုယ့်ကို လူတွေကချစ်တယ်။ ဘာမှ သွေးမတော်သားမစပ်သူတွေ ကလည်းချစ်တယ်။ ရည်း စားလည်းမဟုတ်ဘူး၊ အစ်ကို လည်း မဟုတ်ဘူး။ ဘာဆို ဘာမှမဆိုင်တဲ့သူတွေက ချစ် တာ။ အန်တီကြီးတွေက လည်း သူ့သမီးတွေ ချစ်လို့ဆို ပြီးချစ်တယ်။ အဲ့ဒီဖီလင်က အရမ်းပျော်ဖို့ကောင်းတယ်။ ဘာ Stress မှ မရှိခဲ့ဘူး။ ဒါ ပေမဲ့ တစ်ခုတော့ရှိခဲ့တယ်။ တစ်ခွေထွက်ပြီးသွားရင် နောက်တစ်ခွေမှာ ငါဘယ်လို ကောင်းအောင် လုပ်မလဲပေါ့ နော်။ အဲဒီစိတ်ဖိစီးမှုတော့ ရှိ ခဲ့တယ်။ ဒါကတော့ အလုပ် stress ပေါ့နော်။ ဒါက ဘာ၏ မှာလုပ်တဲ့သူဆိုလည်း ဘာ၏ အလုပ် Stress ရှိတယ်။ ပန်းချီ ဆရာဆိုလည်း ပန်းချီ Stress ရှိတယ်။ အဲဒီလိုမျိုးလောက် ပါပဲ။ အဲဒါကလည်း ထက် ထင်တာက ကိုယ့်ဝါသနာနဲ့ အသက်မွေးရတာကြောင့်လို့ ထင်တယ်။

**အဲဒီတုန်းက ထက် ထက်ကို အခု ထက်ထက်က ပြန်ခံစားကြည့်တော့…၊ တွေ့ရတဲ့ပြောင်းလဲမှုက…။**

မသိမသာလေးတော့ ပြောင်းသွားတာပေါ့နော်။ အရမ်းကြီးတော့မပြောင်းဘူး။ အရင်တုန်းကဆို အရမ်းမြူး တဲ့သီချင်းတွေ ငယ်ငယ်တုန်း က ရေးတတ်တယ်။ အခု အသက်နည်းနည်းကြီးလာ တော့ အပျော်သီချင်းတွေ ရေးရခက်လာတယ်။ အဲဒီလို မျိုးလေးတွေတော့ ရှိတယ်။ လုပ်ထားတဲ့ ပုံစံတွေလည်း များလာတော့လေ။ လုပ်ပြီး သားပုံစံတွေနဲ့လည်း မထပ် အောင် လုပ်ရတာမျိုးတွေ တော့ ရှိတယ်။

**အခုရော ဘယ်လိုပုံစံ မျိုး ကြိုက်နေလဲ။**

အခုကတော့ သီချင်း ရေးတဲ့ ဖရိန့်ကိုတော့ ပြောပြရ နည်းနည်းခက်တယ်။ သမီး ကြိုက်တဲ့ပုံစံကတော့ သမီးက သမီးကြိုက်တာ၊ သမီးဖီလင် လာတာပဲ လုပ်တဲ့အတွက် သမီးနောက်ထွက်တဲ့အခွေကို ကြည့်ရင် သိနိုင်ပါတယ်။ အခုကတော့ Hip Hop သီချင်းတွေကိုပဲ သမီးကြိုက် ပါတယ်။

**ပြောင်းလဲမှုတွေ လုပ်ရ တဲ့အထဲမှာ ထက်တို့ အခု ခေတ်က အလှအပနဲ့ပတ် သတ်ပြီးလည်း ခွဲစိတ်ပြောင်း လဲမှုတွေလုပ်ကြတယ်၊ ထက် အမြင်က…။**

သမီးအမြင်က အမေ၊ အဖေမွေးတဲ့အတိုင်းဆိုတာက အရေးမကြီးဘူး၊ လူဆိုတာက Personal ဆိုတာ လိုတယ်။ အနုပညာရှင်မှမဟုတ်ဘူးပေါ့ နော်။ ပိုချော ပိုလှသွားတာကို မကြိုက်တဲ့သူ ဘယ်သူမှမရှိ ဘူး။ အဓိက၊ ကလှဖို့ပဲ။ ရုပ် လှသွားရင် OK ဒါပဲ၊ ပြီးပြီ။

**သမီးခန္ဓာကိုယ်မှာရော မကြိုက်တာ၊ ပြင်ချင်တာ ရှိ လား။**

ကြီးကြီးမားမား မကြိုက်တာတော့ မရှိပါဘူး။ ပြင်လို့မရတဲ့ နှာခေါင်းပဲ။ ထက်ရဲ့နှာခေါင်းက အရမ်းကား တယ်။ ဆံပင်ကို ပိုနီတေး စည်းထားရင် ဂြိုဟ်သား လေးနဲ့ တူတယ်လို့ ကိုယ့် ကိုယ်ကို ထင်တယ်။ တစ်ခါ တလေကျတော့လည်း ဆံပင် လေး ချထားရင် ဆံပင်ကြား က နှာခေါင်းလေးက ထွက် လာတယ်။ မျောက်ကလေး ကျနေတာပဲ။ နောက်တစ်ခုက သွား။ သွားကတော့ ပြင်မှာ၊ ပြင်မှာ၊ တစ်ချိန်မဟုတ်တစ်ချိန် ပြင်ကိုပြင်မှာ။

ထက်ထက်က မကြာမီ က ထွက်ရှိထားသည့် လွမ်း ပိုင်၏ *ဂီတဗေဒ* တေးစီးရီးထဲ တွင်လည်း တစ်ပုဒ်ပါဝင်သီ ဆိုထားသည်။ "ဘယ်အချိန် မဆို ထက်ဘက်က ရပ်တည် ပေးတဲ့ ပရိသတ်တွေကြောင့် ထက် ငယ်ငယ်လေးကတည်း ကနေ ခုချိန်ထိ စင်ပေါ်မှာ သီချင်းဆိုနေနိုင်တဲ့အတွက် ပရိသတ်ကြီးကို ကျေးဇူးတင် ပါတယ်"ဟုလည်း ထက်ထက် က ရွှေအမြုတေပရိသတ်ကြီး ကို နှုတ်ဆက်ခဲ့ပါသည်။ ■

**မင်းသူ**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဇူလိုင်လ ၃ ရက်နေ့မှာ
ကျရောက်တဲ့
မြန်မာအမျိုးသမီးများနေ့ကို
ဂုဏ်ပြုတဲ့အနေနဲ့
အမျိုးသမီးရေးရာအဖွဲ့ချုပ်က
စီစဉ်တင်ဆက်တဲ့
**သမိုင်းအစဉ်အဆက်**
**ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်**
**ခေတ်အသွင်** လို့ အမည်ပေးထားတဲ့
ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကို
ဇွန်လ ၂၉ ရက်နဲ့
၃၀ ရက်များက
ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ
အမျိုးသားဇာတ်ရုံမှာ
တင်ဆက်ပေးခဲ့ပါတယ်။
ရုပ်ရှင်၊ သဘင်၊ ဂီတ၊ မော်ဒယ်လ်
စသဖြင့် အနုပညာရှင်များစွာ
ပါဝင်တင်ဆက်ပေးကြတဲ့အစီအစဉ်မှာ
ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို
ခေတ်အဆက်ဆက် ကဏ္ဍမျိုးစုံနဲ့
ပြသပေးခဲ့တာ ဖြစ်ပါတယ်။
ဒီအစီအစဉ်အတွက် တာဝန်ယူ
ဒီဇိုင်းဆင်ပေးတာကတော့ ဒီဇိုင်နာ
မမြတ်ဝါဆိုပဲ ဖြစ်ပါတယ်။
ခေတ်အဆက်ဆက်ကဏ္ဍမှာ
ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊
ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊
ရတနာပုံခေတ် စတဲ့ ခေတ်အဆက်ဆက်

# နှစ်ရက်ပြသပေးခဲ့တဲ့ မြန်မာအမျိုးသမီးများနေ့ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ

**လင်းနိုင်ဦး**



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားဆင်ယင်မှုများကို
အရင်ဆုံး ပြသပေးခဲ့ပြီး
ကိုလိုနီခေတ်ဝတ်စား
ဆင်ယင်မှုကို ပြသတဲ့
အစီအစဉ်မှာတော့
စစ်ကြိုခေတ်၊ စစ်ပြီးခေတ်
ဆိုပြီး နှစ်ပိုင်းခွဲကာ ပြသခဲ့တာ

ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ
အမြွတ်တာနိုး ဝတ်ဆင်
ချိတ်အဆင်ဆန်းများနဲ့ ဝတ်
ပြသတဲ့ အစီအစဉ်ကို
ပွဲလယ်တင့်တာ
ဂုဏ်
ချိတ်အဆင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ညည်ပေးပြီး ဒီဇိုင်နာ
တ်ပေါက်ပေါက်
ပ်ပေးထားတဲ့
များနဲ့ဝတ်စုံများကိုလည်း
းခဲ့ပါတယ်။ နောက်ထပ်
းခဲ့တဲ့ ဝတ်စုံများကတော့
ကြိုက်သွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

ရတနာအဆင် လို့
အမည်ပေးထားတဲ့
ဒီဇိုင်နာ မျိုးမင်းစိုးရဲ့
လက်ရာဝတ်စုံများပဲ
ဖြစ်ပါတယ်။ ဒီဇိုင်နာ
မျိုးမင်းစိုးက
တကယ့်ကို လှပတဲ့
ဝတ်စုံတွေကို
လင်းလက်တောက်ပတဲ့
ကျောက်ရောင်စုံတွေနဲ့
ဖြည့်စွက်အလှဆင်
ချုပ်လုပ်ပေးထားတဲ့
ဝတ်စုံများပဲ
ဖြစ်ပါတယ်။
ဒီဝတ်စုံများကလည်း
ခေတ်ကြိုက်သွင်ပြင်
ရတနာအဆင် လို့
နာမည်ပေးထားတဲ့
အတိုင်း
ဝတ်ဆင်သူများ
အတွက်
ပွဲလယ်
တင့်စေမယ့်
ဝတ်စုံများပဲ ဖြစ်ပါတယ်။
မြန်မာအမျိုးသမီးများနေ့
အထိမ်းအမှတ်အဖြစ်
အမျိုးသမီးရေးရာ
အဖွဲ့ချုပ်က
စီစဉ်တင်ဆက်မှုမှာ
ဒါရိုက်တာ
ဒေါ်မြတ်မြတ်ဦးက
စိတ်ကူးပုံဖော်ပြီး
ဒေါ်ခင်လှမြင့်
(စာရေးဆရာမ
ခင်မေခ)က ကူညီ
ပံ့ပိုးပေးထားခြင်းနဲ့
နောက်ထပ်
တင်ဆက်ပေးတဲ့
ဖျော်ဖြေရေး
အစီအစဉ်များကတော့
**ရုပ်ရှင်ဂီတနှစ်ဖက်လှ**
အစီအစဉ်မှာ
***အောင်မြင်ရုပ်ရှင်***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




***သီချင်းအသွင်*** နဲ့ ***သံစဉ်ထိုးဖောက်*** ***ရုပ်ရှင်ရောက်*** လို့ အမည်ပေးထားတဲ့ ရုပ်ရှင်သီချင်းများနဲ့ ဖျော်ဖြေပေးတဲ့ အစီအစဉ်များဖြစ်ပါတယ်။ ရုပ်ရှင်အနုပညာရှင်များ ပါဝင်တင်ဆက်တဲ့ **ယှဉ်ပြိုင်တေးစကား လေဒီစတား** တစ်ခန်းရုပ်ပြဇာတ် အစီအစဉ်လည်း ပါဝင်ပြီး နာမည်ကြီး အနုပညာရှင်များ ဖြစ်ကြတဲ့ ရဲအောင်၊ မင်းဦး၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ မေသန္တာဦး၊ ဝေဠုကျော်၊ သူထူးစံ၊ ကြက်ဖ၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ Kညီ၊ မေတ္တာမြင့်မြတ်ဟိန်း၊ အေးမြတ်သူ၊ မေကဗျာ၊ ပိုင်ဖြိုးသု၊ ယွန်းရွှေရည်၊ ဂျင်းနီ၊ နန်းမြတ်ဖြိုးသင်းနဲ့ နွေးနွေးချစ်ဖွယ်တို့က ဟာသများနဲ့ တင်ဆက် ပေးခဲ့ကြပါတယ်။ ■

**လင်းနိုင်ဦး**

www.burmeseclassic.com

www.burmeseclassic.com



# လျှောက်ချင်တဲ့လမ်းကို အဆုံးထိလျှောက်မယ်

မနိုးသူ


အနုပညာခရီးလမ်းကို
ရောက်ရှိလာသည့်
အချိန်တိုအတွင်း
လှုပ်ရှားမှုများကို
မြန်မြန်ဆန်ဆန်
လုပ်ဆောင်ဖြစ်သူ
အေးချမ်းမောင်က
မော်ဒယ်လ်အဖြစ်ရော၊
သရုပ်ဆောင်အဖြစ်ပါ
လုပ်ခွင့်ရနေသူ။
သက်တမ်းတစ်နှစ်
မပြည့်ခင်အတွင်း
ရှိုးလျှောက်၊ သီချင်းများ၊
ဇာတ်လမ်းများတွင်
ပါဝင်သရုပ်ဆောင်ခြင်းများ
လုပ်ခွင့်ရနေသူ။
ယခု သူက
ကိုရီးယားနိုင်ငံတွင်
Mr ပြိုင်ပွဲဝင်ရန်ရှိပြီး၊
ထိုခရီးစဉ်မှ အပြန်တွင်
မကြီးစန်းနှင့်ဇာတ်ကားတွ
ခေါင်းဆောင်မင်းသားအဖြ
စတင် ရိုက်ကူးတော့မည့်
အေးချမ်းမောင်ကို
သရုပ်ဆောင်
ဖူးငုံပွင့်သစ်အဖြစ်...။

**အေးချမ်းမောင်က
Mr ပြိုင်ပွဲတွေ
ဝင်ဖြစ်ရင်းက
ပိုးဝင်လာတာလား။
ဘယ်လိုအကြောင်း
တရားက အနုပညာပိုး
ဝင်စေခဲ့တာလဲ။**

ကျွန်တော်က
ငယ်ငယ်လေးကတည်းက
အနုပညာ ဝါသနာပါတာ
ဒါပေမဲ့ အခြေအနေ
မပေးခဲ့လို့ မလုပ်ခဲ့ရဘူး။
Mr ပြိုင်ပွဲဝင်တာတွေ
ဘာတွေက ဝါသနာမပါ
လုပ်ခဲ့တာ။ ကျွန်တော်
တကယ်လုပ်ချင်တာက
သရုပ်ဆောင်၊ သရုပ်ဆော


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတစ်ယောက် ဖြစ်ချင်တယ်။ ကျွန်တော့် ရည်ရွယ်ချက်က အဲဒါပဲ။

**ဒါဆို ကိုဂျွန့်ဆီမှာ မော်ဒယ်လ်သင်တန်း စ,တက်ဖြစ်တာကရော။ သရုပ်ဆောင်သင်တန်းရော တက်ဖြစ်ပြီလား။**

မြန်မာနိုင်ငံမှာက ဆရာဂျွန်ဆိုတာက အောင်မြင်ပြီးသားသူ။ ပြီးတော့ အခုလက်ရှိ အောင်မြင်ကျော်ကြားနေတဲ့ အနုပညာရှင်တွေက ဆရာ့တပည့်ကနေ မလွတ်ဘူးလေ။ ဆရာက ကိုယ့်ကိုလည်းလုပ်ပေးနိုင်မယ့်သူလို့ ယုံကြည်ပြီးတော့ ဆရာ့သင်တန်းကိုပဲ တက်ခဲ့တာပါ။

**မနှစ်က ဒီဇင်ဘာမှာမှ တက်ဖြစ်တာဆိုတော့ အခု အတွင်းမှာ ဆရာခိုင်းတာတွေ လုပ်ခဲ့ပြီးပြီလဲ။**

Show ပွဲတွေကတော့ လုပ်တဲ့ပွဲတိုင်းမှာ ပါ,ပါတယ်။ ပြီးတော့ ဆရာက ကျွန်တော့်ကို MTV တွေမှာ ဆောင်ဖို့ထည့်ပေးတယ်။ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲသောာနေ့ ဓာတ်ပုံမှာလည်း ကျွန်တော်ပါဝင် ဆောင်ထားပါတယ်။

**အခု ခေါင်းဆောင်အဖြစ် စ,ရိုက်မယ် သရုပ်ဆောင်ပိုင်းနဲ့ လို့ ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ။**

ဆရာ ဦးမျိုးမင်းမှာ တက်နေတာ ဇာတ်ကောင်အမျိုး သရုပ်ဆောင်နိုင်ဖို့ ပါတယ်ခင်ဗျ။

**အနုပညာလောကဆို တယ်၊ ကြမ်းတမ်းတယ်၊ အတိုက်အခိုက်များတယ်။ ဒီလောကကို ဝင်ဖို့ ဘယ်လိုစိတ်ဓာတ်နဲ့ စ,ခဲ့လဲ။**


ကျွန်တော့်မှာ အကျင့်တစ်ခုရှိတယ်။ လုပ်ပြီဆိုရင် အဆုံးထိလုပ်တတ်တဲ့ အကျင့်ရှိတယ်။ ကျွန်တော့်ရှေ့မှာ ဘာပဲ ကာထားကာထား၊ ဘာပဲဖြစ်နေဖြစ်နေ လျှောက်ချင်တဲ့လမ်းကို အဆုံးထိ လျှောက်မယ်။ မရောက်ရောက်အောင် လျှောက်မယ်ဆိုတဲ့စိတ်နဲ့ လုပ်တာပါ။

**အေးချမ်းမောင် က ဘယ်လိုအနုပညာရှင် ဖြစ်ချင်တာလဲ။**

ဖြစ်နိုင်ရင်တော့ ရုပ်ရှင်မင်းသားဖြစ်ချင်ပါတယ် ခင်ဗျ။ ဒါပေမဲ့ နေရာကောင်းတစ်ခုရဖို့ဆိုတာက ကိုယ့်ရဲ့ ကြိုးစားမှုပေါ်မှာလည်း မူတည်တယ်။ ကိုယ့်ဘက်က အများကြီးပြင်ဆင်ပြီးတော့ ပရိသတ်လက်ခံနိုင်လောက်တဲ့ သရုပ်ဆောင်ကောင်းဖြစ်မှသာ လိုချင်တဲ့ နေရာကို ရောက်ရှိမယ်လို့ ထင်ပါတယ်ခင်ဗျ။ တစ်ဆင့်ပြီးတစ်ဆင့်တော့ ကျွန်တော် ကြိုးစားသွားမှာပါ။

အေးချမ်းမောင က သရုပ်ဆောင်အတွက် အဆင်သင့်ဖြစ်အောင် ကြိုးစားနေပြီး ယခုနှစ်ကုန်ပိုင်းတွင် မကြီးစန်းနှင့် စတင်ရိုက်ကူးတော့မည်ဟုဆိုသည်။ 'ဒီနေရာမှာ သရုပ်ဆောင်ဖို့ကို ဆရာ ကိုဂျွန်တို့ မကြီးစန်းတို့ အကုန်တိုင်ပင်ပြီးမှ လုပ်တာဆိုတော့ ဆရာလုပ်ဆိုရင် ကျွန်တော် အကုန်လုပ်မှာပါ။ ဘယ်နေရာပဲဖြစ်ဖြစ် ကျွန်တော် မစဉ်းစားဘဲ လုပ်မှာပဲ။ ဒီလိုနေရာမှာ သရုပ်ဆောင်လို့ ကောလာဟလ ပြောကြလည်း ဂရုမစိုက်ဘူး။ ကျွန်တော်လုပ်ချင်တာကိုပဲ ဖြောင့်ဖြောင့်တန်းတန်းလုပ်သွားမယ်။ ဖြစ်ချင်တာကိုပဲ ဖြစ်အောင်လုပ်မယ်။ ခေါင်းထဲမှာ အဲဒါပဲ ရှိပါတယ်' ဟုလည်း အေးချမ်းမောင်ကဆိုခဲ့သည်။ ■

**မန်းသူ**



www.burmeseclassic.com



# ဘယ်မျိုးဘိုးတူ အမေ့ခြေရာနင်းချင်တဲ့ ငဲငယ်လေး

မနိုးသူ

သုံးနှစ်သမီး အရွယ်ကတည်းက စင်ပေါ်ရောက်ခဲ့သည့် ငဲငယ်လေး၊ ဖခင်ဖြစ်သူ နိုင်ငံကျော် ချစ်စမ်းမောင်ကို စံပြထားသူ ငဲငယ်လေး၊ အတီးတော်သည့် အဆိုတော်ဖြစ်ချင်သော ငဲငယ်လေးကို ယခုလ ရွှေဖူးငုံပွင့်သစ်ကဏ္ဍ အတွက် မေးဖြစ်ခဲ့သည်။ ငဲငယ်လေး သုံးနှစ်ခွဲအရွယ်က စောဘွဲ့မှူး အလွမ်းပြေပွဲတွင် *ချစ်ညှော်သည်* သီချင်း သီဆိုခဲ့ပြီး ပရိသတ်နှောက်ထပ် သိခဲ့သည့် သီချင်းတစ်ပုဒ်က *မေမေပုခက်လွှဲ* သီချင်းဖြစ်သည်။ ငဲငယ်လေးက မကြာခင်ကပင် *အိပ်မက်နဲ့စိတ်ဓာတ်* ဆိုသည့် တစ်ကိုယ်တော်တေးစီးရီး ထွက်ထားသူဖြစ်သည်။

‘အဲဒီအခွေအတွက် ငယ်လေးက လွန်ခဲ့တဲ့ ၁၂ နှစ်က၊ ၆ နှစ်သမီး လောက်ကတည်းက အခွေထုတ်ပေးဖို့ ပူဆာခဲ့တာပေါ့နော်။ အဲဒီကတည်းကလည်း တစ်စီးရီးစာသီချင်းတွေ စုပြီးသွားပြီ။ ဒါပေမဲ့ အဲဒီအရွယ်တုန်းက ကျောင်းစာတွေနဲ့ဆိုတော့ ငယ်လေး ခဏနားတယ်။ ဒီနှစ် ဇန်နဝါရီလပိုင်းကမှ ပြန်စ,ဖြစ်တယ်။ ငယ်လေးက IGCLE ဖြေပြီးသွားတော့ အခုတက္ကသိုလ်ရှာနေတဲ့ အချိန်မှာ သီချင်းခွေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွေရအောင် ထွက်မယ်ဆိုပြီးလုပ်ဖြစ်ခဲ့တာ။ တချို့ ကလေးဆန်သွားတဲ့သီချင်းတွေဖယ်၊ သီချင်းအသစ်တွေ ပြန်ထည့်တာပေါ့'ဟု ငယ်ငယ်လေးက ဆိုသည်။

ဒါဆို အဖေ့က ကူညီပံ့ပိုးမှုတွေ ဘယ်လိုပေးခဲ့လဲ။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ခဲ့ရတာတွေရောရှိလား။

အစိက,က အဖေနဲ့ အမေပေါ့နော်။ အဖေက အမေကနေမှ ငယ်လေးကို ဒါလုပ်၊ ဒါလုပ်ဆိုပြီး ပြောတာတွေ ရှိတယ်။ ဒါပေမဲ့ တချို့အလုပ်တွေ ဂီတအစည်းအရုံးသွားပြီး လက်မှတ်ထိုးတာတို့၊ ဒီဇိုင်းဆွဲတာတို့ကို ကိုယ်တိုင်လုပ်ရတော့ အရမ်းပင်ပန်းတယ်။ ငယ်လေး အပေးအယူမျှမှ ရခဲ့တဲ့ဟာလေးတွေပါ။

ငယ်လေးက အဖေက ဂီတသမားဆိုတော့ ငယ်ငယ်ကတည်းက ဒီဝန်းကျင်မှာ ကြီးပြင်းပြီး ဂီတနဲ့ထိတွေ့မှု ရှိခဲ့တယ်ဆိုပေမဲ့ ကိုယ်တိုင်တကယ်ကြီးလုပ်တဲ့အချိန်မှာ အခက်အခဲတွေက သာမန်လူတွေထက်ပိုလား။

ဟုတ်၊ ပိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငယ်လေးက ဒီဟာတွေနဲ့သာ ရင်းနှီးတာ ဒီဟာတွေ တစ်ခါမှ မလုပ်ဖူးဘူး။ အခွေထွက်ပြီး သူတွေနဲ့ အရမ်းရင်းနှီးတယ်၊ ဒါပေမဲ့ ကိုယ်တိုင်ထွက်ရမယ်ဆိုတော့ ငယ်လေးအတွက် အရမ်းစိမ်းတယ်ပေါ့နော်။ ပြီးတော့ ပါပါးတို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com

အခန်းပိုင်းထဲမှာ နေတယ်ဆို [illegible]ခဲ့ အချိန်မပေးနိုင်ဘူးလေ။ [illegible]တော့ ကိုယ့်ဟာကိုယ် လုပ် [illegible]တာဆိုတော့ အခက်အခဲက [illegible]တော့ ပိုမယ်ထင်တယ်။

**သင်ယူမှုနဲ့ ပတ်သက် [illegible]ရော အဖေဆီက ရသေး [illegible] အခြားသင်တန်းတွေ [illegible]ဖြစ်သေးလား။**

ပါပါးကတော့ ငယ်လေး [illegible] သင်ပေးခဲ့တာပေါ့နော်။ [illegible]ပေမဲ့ မအားတဲ့အတွက် ပါ [illegible]ရဲ့အရှမ်းခင်ရတဲ့ သူငယ် [illegible]ဆရာ ဖိုးငယ်က ငယ် [illegible]ကို သင်ပေးပါတယ်။

**ကိုယ်တိုင်ကရော ကြား [illegible]မှာ ဘယ်လိုလေ့လာ သင် [illegible]တွေလုပ်ခဲ့လဲ။ သင်ယူ [illegible]သိဘဲ ရခဲ့တဲ့သင်ယူမှု [illegible]။**

ငယ်လေးက YouTube [illegible]တယ်။ သီချင်းအသစ်တွေနားထောင်တယ်။နားထောင်တာမှာ Solo မပါဘူး။ solo တွေကို ကိုယ့်ဟာကိုယ် ဖန်တီးမိတယ်ပေါ့။ မသိဘဲ ကိုယ့်ဟာကိုယ် သင်ယူခဲ့တာတွေပေါ့။

**အခုငယ်လေး ဂီတလမ်းကို တကယ်လျှောက်မယ်လည်းဆိုရော အဖေက ဘယ်လို လမ်းညွှန်စကားတွေနဲ့ ဆုံးမခဲ့လဲ။**

အနုပညာသမားတစ်ယောက်ဖြစ်ပြီဆို အဓိကက ဆက်ဆံရေးပဲလေ။ ပါပါးကတော့ ငယ်လေးကို အမြဲတမ်း သွန်သင်ပေးပါတယ်။ ဘယ်သူတွေနဲ့ပဲတွေ့တွေ့ နှိမ့်ချပါ။ ကိုယ်က အသစ်တစ်ယောက်လည်းဖြစ်တယ်၊ ပြီးရင် မတင်ဇာမော်တို့၊ မဆုန်သင်းပါရ်တို့၊ အန်တီကော်နီတို့ကို အတုယူပါတဲ့။ အမြဲတမ်း ပြောပါတယ်။

**ချစ်စမ်းမောင်သမီး ဖြစ်နေတဲ့အတွက် ပိုခက်ခဲလား။ လွယ်ကူလား။**

ငယ်လေးထင်တယ်။ ပိုခက်ခဲတယ် အစ်မ။ လူအများကြီးက ငယ်လေးကို ငယ်သေးထင်တယ်၊ အဖေ့သမီးဆိုပြီး အများကြီး မျှော်လင့်မှာ။ ဒါကြောင့် သူတို့အားရကျေနပ်မှုရှိဖို့ ငယ်လေးကလည်း ကြိုးစားရတယ်။ အများကြီး မျှော်လင့်လို့ အများကြီး ကြိုးစားရတယ်။

**ငယ်လေးရဲ့စံပြက အဖေပဲလား။**

ဟုတ်။ ငယ်လေးရဲ့စံပြကတော့ ပါပါးပါပဲ။ ပါပါးရဲ့ နေထိုင်မှု ပုံစံတွေကအစ ငယ်လေးအရှမ်း ခွန်အားရစေတယ်။ သူနဲ့တူတူနေခြင်းအားဖြင့် ပါပါးရဲ့ အကျင့်စရိုက်အားလုံးကို ငယ်လေးသဘောကျတယ်။

ငဲငယ်လေးက ယခုထွက်ခဲ့သည့် အခွေတွင် ကလေးအရှမ်းဆန်သည့် သီချင်းတချို့ပါသွားကြောင်း၊ ပရိသတ်အားပေးသည့် သီချင်းများလည်းပါဝင်ကြောင်း၊ ယခုအခွေကို သင်ခန်းစာယူ၍ ပရိသတ်မျှော်လင့်ထားသည့် ပုံစံ နောက်တစ်ခွေ ထပ်လုပ်သွားမည်ဖြစ်ကြောင်း၊ တီးဆိုသမားကောင်းတစ်ယောက်ဖြစ်ချင်ကြောင်း၊ မြန်မာနိုင်ငံ၏ ဂုဏ်ကိုလည်း ဆောင်ချင်ကြောင်း၊ မိန်းကလေးအဆိုတော် ဂစ်တာတီးသမားဖြစ်ချင်ကြောင်း၊ ပြည်ပအထိ ရောက်ချင်ကြောင်းတို့ကိုလည်း ပြောပြခဲ့သည်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com


နေမင်းတစ်ယောက် အနုပညာလောကကို ရောက်ရှိလာခဲ့ပုံနဲ့ ရှေ့ဆက်လျှောက်လှမ်းမယ့် အနုပညာအစီအစဉ်များနဲ့ ပတ်သက်ပြီး ရွှေအမြုတေ ပရိသတ်အတွက် မေးကြည့်ဖြစ်ခဲ့ပါတယ်။

**နေမင်းက ဘယ်နှခုနှစ်မှာ ဘယ်ကားနဲ့ အနုပညာလောကကို ရောက်လာတာလဲ။**

၂၀၀၉ ခုနှစ်၊ မေလက အချစ်ဆုံးမို့ ဇာတ်ကားနဲ့ ဝင်ရောက်လာတာပါ။ ဒါရိုက်တာက ခင်မောင်ဦး-စိုးသိန်းထွဋ်ပါ။ ရွှေစင်ဦးအတွက် ကျွန်တော်၊ ပြေဇင်၊ စိုးပြည့်သဇင်နဲ့ ကိုရဲမွန်တို့ သရုပ်ဆောင်ပေးခဲ့တာပါ။ မောင်နှမသုံးယောက်ဇာတ်ပါ။ အဲဒီတုန်းက ဗီဒီယိုခေတ်ဆိုတော့ ဗီဒီယိုကားနဲ့ စဝင်လာတာပါ။ အဲဒီကနေ ရောက်လာပြီး အခုအချိန်ထိပေါ့။

**ရုပ်ရှင်ကားကြီးအနေနဲ့ ဘယ်ကားမှာ အရင်ဆုံး သရုပ်ဆောင်ခွင့်ရတာလဲ။**

ကျွန်တော့်ရဲ့ ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားကတော့ သွားလူဆိုး ဒါမျိုးတော့တတ်တယ် ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကိုရီးယားကနေ ပြန်လာပြီး မထင်မှတ်ဘဲ မင်းသားဖြစ်ခဲ့တာလား။ မင်းသားလုပ်ဖို့ ပြန်ခဲ့တာလား။**

မထင်မှတ်ဘဲ ဖြစ်သွားတာပါ။ မင်းသားလုပ်ဖို့လည်း ရည်ရွယ်ချက် မရှိပါဘူး။ ကိုရီးယားမှာပဲ အလုပ်လုပ်မယ်ဆိုပြီး ဘဝကို ရပ်တည်ခဲ့တာပါ။ အမေတို့ဆီ ခဏပြန်လာပြီး အမေတို့က ပြန်မလွှတ်တာရယ်၊ ဒီမှာလည်း အလုပ်နဲ့ပတ်သက်ပြီး သည့်ပတ်နေတာကြောင့် ဝင်ပြီးတော့ လုပ်ဖြစ်သွားတာပါ။

**နဝိုက မင်းသားလုပ်ဖို့ စိတ်ကူးမရှိခဲ့ဘူးလား။**

နဝိုကတည်းက လုပ်ချင်တာက စီးပွားရေးပါ။ ဒါကြောင့်လည်း စီးပွားရေးကိုပဲလုပ်ခဲ့ပြီး မထင်မှတ်ဘဲ မင်းသားဖြစ်ခဲ့တာပါ။

**နဝိုကတည်းက လုပ်ချင်စိတ် မပြင်းပြပေမဲ့ အခုအခါမှာတော့ အနုပညာမှာ ပျော်ဝင်နေပြီလား။ နောက်ဆုတ်ဖို့ရော စဉ်းစားသေးလား။**

နောက်ဆုတ်ဖို့ ကျွန်တော် စဉ်းစားပါသေးတယ်။ အခုတော့ ပျော်ဝင်သွားပြီလို့ ပြောလို့ရတာပေါ့။ ဒီအလုပ်ကို ဆက်လုပ်ဖြစ်နေသလို ဒီ့ပြင်အလုပ်တွေလည်း လုပ်ဖြစ်နေပါတယ်။ ဘကြီးရဲ့အလုပ်ပါ။ အခု ကချင်မှာ **တိမ်ပြာသောနေ့** သွားရိုက်



# ယုံကြည်မှုတွေ တစုတဝေးတည်း ပြန်ရနေတဲ့ နေမင်း

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ပြီးလို့ပြန်လာတဲ့အခါ ဘကြီးနဲ့အတူ ကိုရီးယားလိုက်သွားမယ်။ အနုပညာသမားတစ်ယောက်ရဲ့တာဝန်က တော်တော်ကြီးတယ်။

တကယ်တမ်း တန်ဖိုးထားမယ်ဆိုရင် တန်ဖိုးရှိတဲ့ လုပ်ငန်းတစ်ခုပါ။ တိုင်းပြည်အတွက်လည်း အကျိုးပြုနိုင်တယ်။ ကိုယ်တွေရဲ့ ကောင်းခြင်း၊ ဆိုးခြင်းပေါ်မှာ မူတည်ပြီးတော့ တိုင်းပြည်မှာရှိတဲ့ လူတွေအကုန်လုံးရဲ့ ပျော်ရွှင်ခြင်း၊ တက်ကြွခြင်း၊ ပြီးတော့ အနိမ့်အမြင့်တွေကိုပါ ဖန်တီးပေးနိုင်တယ်။ အဲဒီအပေါ်မှာ ကိုယ့်ရဲ့စိတ်စေတနာရော၊ တိုင်းပြည်ပေါ်မှာ ထားတဲ့ အမျိုးသားရေး စိတ်ရော ကောင်းမွန်ပြီဆိုရင် တကယ်ကို လုပ်သင့်တဲ့အလုပ်ပါ။

အောင်ဇမ္ဗူဆရာတော်ဘုရားကြီးကို လျှောက်ဖြစ်တယ်။ တပည့်တော် အနုပညာအလုပ်တွေ နားပြီးတော့ စီးပွားရေးပဲလုပ်တော့မယ်လို့ ပြောလိုက်တဲ့အချိန်မှာ ဆရာတော်က မဟုတ်ဘူး နေမင်းတဲ့။ မင်းလုပ်နေတဲ့အလုပ်က တိုင်းပြည်မှာရှိတဲ့ လူတွေအတွက် မေတ္တာကို ရှေ့ထားပြီးတော့ သူများကို ကောင်းစေချင်တဲ့စိတ်နဲ့ လုပ်ရင် ဘယ်လောက်ကုသိုလ်ရသလဲတဲ့။ ဘုန်းဘုန်းတို့တောင်မှ တရားတစ်ပွဲဟောရင် လူဘယ်လောက်လာမယ်ဆိုတာ မသေချာဘူးတဲ့။ မင်းတို့အလုပ်ကျတော့ တိုင်းပြည်မှာရှိတဲ့ လူတွေတော်တော်များများက အလိုလိုနေရင်း ကြည့်ရှု အားပေးနေကြတယ်။ အဲဒီတော့ သူတို့ကို စေတနာနဲ့ မေတ္တာထားပြီး တင်ဆက်ရင် ကုသိုလ်အရမ်းရတဲ့ အလုပ်ပါတဲ့။ ပြီးတော့ ဘာသာ၊ သာသနာအတွက်လည်းတို့ အားကိုးရတာပေါ့တဲ့။ အဲဒီနောက်ပိုင်းမှာ ကျွန်တော် အဲဒီစိတ်လေးထားပြီး လုပ်ဖြစ်ခဲ့တာပါပဲ။

**'အတ်ကြားမြက်ပေါက်' ပြီးသွားတဲ့အချိန်မှာ ဘာဖြစ်လို့ အနုပညာအလုပ် မလုပ်တော့ဘဲ ဒီပြင်အလုပ်လုပ်ဖို့ စဉ်းစားတာလဲ၊ စိတ်ပျက်စရာတွေ ကြုံခဲ့လို့လား။**

အတ်ကြားမြက်ပေါက်က ကားဆက်ပြီးတော့မှ၊ ရုံတင်ပြီးတော့မှသာ ပရိသတ်က ကြိုက်ကြတယ်ဆိုပြီး ဖြစ်သွားတာ။ ကားမဆက်ခင်အထိ ဒီဇာတ်ကားရဲ့ အဖြေကို ဘယ်သူမှ မသိကြဘူး။ မသိတဲ့အခါကျတော့ ကျွန်တော် လုပ်ချင်တာလုပ်တယ်၊ ပေါက်ကရတွေ လုပ်တယ်။ သာမန်ဇာတ်မဟုတ်တော့ သမ္မဇဉ်ကို မမြင်နိုင်ဘူး။ ပြီးတော့ ပစ်လိုက်တဲ့ လမ်းကြောင်းကလည်း လူကုန်ကူးမှုတို့ဘာတို့ဆိုတော့ မြန်မာ့ရုပ်ရှင်လောကမှာ မရိုက်ဖူးတဲ့ ပုံစံမျိုးဖြစ်နေတယ်။ စိမ်းနေတယ်ပေါ့။ အမျိုးသားရေးနဲ့ ပတ်သက်ပြီးတော့လည်း အများမသိထားတဲ့ လမ်းကြောင်းမျိုးဖြစ်နေတယ်။ လမ်းကြောင်းတွေ အကုန်လုံးက ဇာတ်သိမ်းမှာမှ သွားချိတ်တဲ့အခါကျတော့ အရုပ်နဲ့ မပြသေးခင် ဘယ်သူမှ မသိနိုင်ဘူး။ ရုံတင်လိုက်မှ ကားကြည့်ပြီးမှ သိသွားကြတာကိုး။


**နေမင်းက တစ်ခါတစ်ခါမှာ စာချက်နှာတွေထက်က ပျောက်သွားသလို၊ ပရိသတ်တွေနဲ့လည်း ဝေးသွားတတ်ပြီး အခုကျတော့လည်း အွန်လိုင်းပေါ်မှာ ဘာလို့ ဖလန်းဖလန်းဖြစ်နေတာလဲ။**

အခုကျတော့ ကျွန်တော် ဒီဂိမ်းမှာ ပြန်နိုင်သွားပြီလို့ ပြောလို့ရတာပေါ့။ ဘာဖြစ်လို့လဲဆိုရင် ယုံကြည်စိတ်ပေါ့။ ပတ်ဝန်းကျင်က စေ့ဆော်မှုရော၊ အကုန်လုံးက ကျွန်တော့်အပေါ်မှာ ယုံကြည်စိတ်ရှိလာတယ်။ နောက်တစ်ခုက ကျွန်တော်လည်း အနုပညာအလုပ်ကို သေသေချာချာ ပြန်လုပ်လာတယ်။ ကျွန်တော့်ကို ကူညီတဲ့သူတွေကလည်း အများကြီးဖြစ်လာတယ်။ ပရိသတ်တွေကရော အရင် လက်တွဲခဲ့တဲ့သူတွေကရော ပြန်ပြီးကူညီကြတော့ အရှိန်ရလာတယ်။ အဲဒါကြောင့် အခုဆိုရင် ဇာတ်ကားတွေ ဆက်တိုက်ပြန်ရိုက်လာရတယ်။

ကျွန်တော်က ငြိမ်ငြိမ် မနေတတ်တဲ့သူ ဖြစ်တော့ ကြားထဲမှာ ကားရိုက်မရှိတဲ့ အချိန် တစ်ခုခုကိုတော့ တည်ဆောက်ဖြစ်နေတာပါပဲ။ ဗီဒီယိုခေတ်ပျက်သွားတဲ့အခါကျတော့ ဖြန့်စရာနေရာမရှိ အခါမှာ မရိုက်ဖြစ်တော့ဘူး။

အခုတော့ ကျွန်တော့် မှာ ငွေကြေးအရရော၊ အောင်မြင်မှုရော၊ ကုမ္ပဏီတွေ ယုံကြည်မှု၊ ပရိသတ် ယုံကြည်မှုပါ တစုတစ တည်း ပြန်ရောက်ရှိလာ အချိန် ဖြစ်သွားလို့ပါ။

တကယ်လို့ရုပ်ရှင် ရင် ဒီအချိန် ဘာလုပ်ဖြစ်



www.burmeseclassic.com




မလဲ။

ရုပ်ရှင်မရှိရင်လည်း သတင်းဌာနတစ်ခုခုမှာ စီစဉ်သူ၊ ညွှန်ကြားသူ တစ်ခုခု အနေနဲ့ ရှိနေမှာပါ။ ကျွန်တော့်ရဲ့ခေါင်းထဲမှာ တွေးခေါ်မြော်မြင်မှုနဲ့ ဆင်ခြင်တုံတရားတွေ ရှိလာပြီ။ အားလုံးကို လက်ခံနိုင်တဲ့ အနေအထား ရှိလာတယ်။ ကျွန်တော် ထင်တာကတော့ လူတွေ ရှိနေသရွေ့ အနုပညာက ပျောက်ပျက်သွားမှာမှ မဟုတ်တာ။ တစ်ခုပဲ ရှိတာက စီးမျောတဲ့ ရေစီးကြောင်းပဲ ပြောင်းရင်ပြောင်းသွားနိုင်တာပေါ့။ ဒါကြောင့် ရေစီးကြောင်းတစ်ခုမဟုတ် တစ်ခုမှာ ရှိနေမှာပါ။ အဲဒီ ရေစီးကြောင်းတစ်ခုပေါ်မှာ ရတဲ့ ရာထူးတစ်ခုခုနဲ့ ရှိနေမှာပေါ့။

**နေမင်းက အသက် ၃၀ ကျော်ပြီလို့ သိရတယ်။ မင်းသားမဖြစ်ဘူး ဆိုရင် အိမ်ထောင်နဲ့ သားတွေသမီးတွေနဲ့ ဖြစ်နေမှာလား။**

ကျွန်တော် ကိုရီးယားမှာ လုပ်ခဲ့တဲ့အလုပ်ရဲ့ လည်ပတ်မှုက ဝင်ငွေ တော်တော်ကောင်းကောင်းနဲ့ လည်ပတ်မှုရရှိပြီးသားပါ။ ဒါကြောင့် အခုအချိန် တခြားစီးပွားရေးတွေနဲ့ အောင်မြင်ချမ်းသာနေပြီပေါ့။ မိန်းမကလည်း သေချာပေါက်ရနေလောက်ပြီပေါ့။ အိမ်ကလည်း ဘယ်ထားမလဲ၊ ပေးစားလောက်ပြီပေါ့။ အစ်ကိုပြောသလို သားတွေ သမီးတွေနဲ့ပေါ့။

**ကိုရီးယားမှာ ဘာအလုပ်လုပ်ခဲ့တာလဲ။ ဘာတွေ တည်ထောင်ခဲ့တာလဲ။**

ကိုရီးယားမှာတုန်းက ကျွန်တော် ငွေလွှဲလုပ်တယ်လေ။ တခြားအလုပ်တွေလည်းလုပ်တယ်လေ။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေကိုတောင် စ,လုပ်ဖို့ ကြိုးစားနေတဲ့အဆင့်မှာ အားလုံးကို ဖြုတ်ချခဲ့ပြီးတော့ ရုပ်ရှင်ဘက်ကူးလာတာပဲ။ ဘာဖြစ်လို့ ဖြုတ်ချရလဲဆိုတော့ စောစောကပြောသလို ပဲ ကျွန်တော့်ဆီမှာ ခွန်အားရှိနေလို့ပါ။ ဒါလုပ်ရင် ဖြစ်တယ်လို့ စိတ်ထဲမှာရှိနေတာကြောင့်ပါ။

**အခုဆိုရင် နေမင်းက ကိုယ်ရွေ့ဆက်သွားရမယ့် လမ်းကြောင်းကို မြင်နေပြီလား။**

မြင်နေပါပြီ။ မြင်နေတာထက်ကို ကိုယ့်လမ်းကိုယ် ရွေးခဲ့ပြီလို့ ပြောလို့ရတာပေါ့။ အရင်တုန်းက ကိုယ်ရွေးတဲ့ လမ်းက သူများရဲ့ပံ့ပိုးမှု၊ သူများရဲ့ စေ့ဆော်မှုအားနဲ့ ရပ်တည်ခဲ့ရတာပါ။ အခုကျတော့ ကိုယ်သွားမယ့်လမ်း၊ ကိုယ်လျှောက်မယ့်လမ်းကို ကိုယ့်ဘာသာကိုယ် ရွေးပြီးတော့ အားတစ်ခုနဲ့ တည်ဆောက်ခဲ့ပြီးပြီလေ။

**နေမင်းက သီချင်းလည်း ဝါသနာပါတယ်နော်။ ဇာတ်ဝင်တေးအပြင် ဒီဖြင့်တေးသီချင်းလုပ်ဖို့ အစီအစဉ် မရှိဘူးလား။**

ကျွန်တော်က အနုပညာ မှန်ရင် အကုန်ဝါသနာပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီနှစ်ထဲမှာဆိုရင် ကျွန်တော် ဖက်ရှင်ရှိုးလည်း လျှောက်တယ်။ သီချင်းလည်း ဆိုတယ်။ ဇာတ်လည်း က,တယ်။ ဇာတ်သဘင်ထဲမှာ သီချင်းလိုက်ဆိုတဲ့အပြင် မင်းသားလို က,တဲ့အထိပါတယ်။ ဒါကြောင့် သီချင်းတွေလည်း ထွက်လာဖို့ ရှိပါတယ်။ အများကြီးပဲ။ လက်ရှိ သူငယ်ချင်းတွေက စတူဒီယိုတွေ ရှိတယ်။Band လည်း ရှိတဲ့အခါ ကျတော့ ဖြစ်လာနိုင်စရာအများကြီးပေါ့။

**နေမင်းက ၃၀ ကျော်ပြီလို့ ပြောတော့ အိမ်ထောင် မပြုသေးပေမဲ့ အချစ်မရှိဘူးလို့ ပြောရင် ပရိသတ်တွေက ယုံမှာ မဟုတ်ဘူးနော်။**

အခု ကျွန်တော် ရသေ့ဝတ်နဲ့၊ ဆယ်ပါးသီလနဲ့ဆိုတော့ လိမ်လို့လည်း မရပါဘူး။ အခု ရသေ့မဝတ်ခင်လေးမှ အချစ်က လွတ်လွတ်ကင်းကင်း ဖြစ်သွားတာ။ ရသေ့မဝတ်ခင် လွန်ခဲ့တဲ့ ၅ ရက်လောက်အထိ ရှိနေသေးတယ်။ မညာတမ်း ပြောရရင် အဲဒီလိုပါ။ ပြန်တော့ ရှိလာနိုင်တယ်ပေါ့၊ မရှိရင်လည်း မရှိလောက်တော့ဘူးပေါ့။ စိတ်ကုန်ခြင်းများစွာနဲ့ ဖြစ်နေပြီလို့တော့ ပြောလို့ရတယ်။

**အချစ်ဆိုတာ နောက်ထပ်တစ်ဖန် အသစ်အသစ် မွေးဖွားတာပဲ မဟုတ်လား။**

ဟုတ်ပါတယ်။ နောက်ထပ် အသစ်မွေးဖွားတတ်ပေမဲ့ ကိုယ်မွေးဖွားလာတာ တခြားရဲ့ အချစ်ရုပ်ဝန်းတစ်ခု ပေါ်မှာပါ။ အဲဒါကိုဇာတ်ကားပေါ်မှာ အသုံးချမိလိုက်တဲ့ အချစ်တွေလည်း ရှိတယ်။ တစ်ခါတလေကျတော့ ကားရိုက်ရင်းနဲ့လည်း တကယ့်အချစ်လိုမျိုး ရုပ်တည်ခဲ့တာ တွေလည်း ရှိပါတယ်။ ဒါကြောင့် မတည်မြဲဘူး၊ မသေချာဘူးပေါ့။



www.burmeseclassic.com

ww.burmeseclassic.com



နေ့စဉ်နီးပါး ကားရိုက်
...ရတာဆိုတော့ တစ်ခါတစ်
... စိတ်မပါတာတို့၊ စိတ်ပျက်
...သွားတာတို့ ရှိခဲ့ဖူးလား။
...ခါတစ်ခါလုပ်ရင်းနဲ့ အရမ်း
...နပ်အားရသွားတာတွေ
...ခဲ့လား။

ရှိတာပေါ့။ အားရ
...နပ်တာတွေရော၊ စိတ်
...ကျတာတွေရော အစုံပါပဲ။
...နောက်ပိုင်းတော့ အားရ
...နပ်စရာတွေ နည်းနည်း
...လာတယ်။ အရင်တုန်းက
...တော့ လုံးဝမလုပ်ချင်တော့တဲ့
...လည်းဖြစ်ခဲ့တယ်။ အဲဒါ
...တော့ အရင်တုန်းက နား
...လည်ခဲ့တာရယ်၊ ပြီးတော့
...အတ္တကြီးမှုကြောင့်လည်း
...တယ်။ ကိုယ်ဖြစ်ချင်
... ကိုယ့်အတ္တနဲ့ ကျန်တဲ့လူ
...လုပ်နိုင်ခြင်း၊ မလုပ်နိုင်
... မလိုက်နိုင်ခြင်းတွေ
...ဖြစ်ခဲ့ဘူး။ ကိုယ့်ရဲ့
...ခံခဲ့တည်းနဲ့ပဲ ရပ်တည်
...ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့
...တော့ အဆင်မပြေ
...တွေလည်း အများကြီး
...တယ်။

အခုတော့ ကိုယ်လည်း
...လိုက်တယ်။ ပတ်ဝန်း
...လည်း ကိုယ်နဲ့ လိုက်
...ညီတွေဖြစ်လာတယ်။
...တုန်းကစိတ်က တချို့
...တွေမှာ အတ္တအရမ်းကြီး
... ကိုယ်ဖြစ်ချင်တဲ့ဆန္ဒ
...ပြင်းပြတဲ့ အတိုင်း
...တွေ၊ လိုက်လုပ်ခဲ့တာ
... အများကြီးပဲ။ အခုတော့
...ဆိုတဲ့ စိတ်တစ်ခုနဲ့
...နေရာမှာပဲ နေတတ်
...တယ်။ အဲဒီလိုမြင်တဲ့
...လည်း တခြား အမှန်၊
...တွေ ကင်းစင်ပြီးတော့

ရေစီးထဲမှာ အတူတူဖြစ်သွားတယ်။

ကျွန်တော်ကတော့ ကျွန်တော်သည် စမ်းချောင်းထဲမှာရှိတဲ့ အမှိုက်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒိုက်ဖတ်လည်း ဖြစ်ချင်ဖြစ်မယ်။ ရေဆိုးရေညစ်ကို ဖြစ်စေနိုင်တဲ့ ပိုးလောက်လမ်းလည်း ဖြစ်ချင်ဖြစ်မယ်။ အခုတော့ ဒီစမ်းချောင်းထဲမှာရှိတဲ့ ငါးတစ်ကောင်အဖြစ် ကျွန်တော် ဖြတ်သန်းနေတဲ့ဘဝ ရောက်သွားတယ်။ ရေဆိုးရေညစ်တွေကို ဖြစ်လာနိုင်မယ့် အမှိုက်တွေကိုစားပြီး သုံးဖြန်းပေးတဲ့သူ၊ ရေထဲမှာလည်း ကျင်လည်စွာ ကူးခပ်နိုင်တဲ့ ငါးဘဝနဲ့ပဲ ဘဝကို ဖြတ်သန်းဖို့ စဉ်းစားလိုက်တော့တယ်။

**ကိုယ်လုပ်ချင်တာ၊ ကိုယ်ဖြစ်ချင်တာများနေရင် ဒါရိုက်တာလုပ်ပါလား။**

ဒါရိုက်တာလုပ်ဖို့ ရှူးသွပ်တဲ့စိတ်ကို ခဏမေ့ထားလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ရပ်နေတဲ့ ခြေထောက်နှစ်ချောင်းက သရုပ်ဆောင်ဖြစ်တဲ့အတွက် သရုပ်ဆောင်မှာ ဖြစ်သင့်တဲ့၊ သရုပ်ဆောင်မှာ သိသင့်တဲ့ စိတ်အခြေအနေကို ၁၀၀ ရာခိုင်နှုန်းရအောင်ကြိုးစားနေတယ်။


**ဒါဆိုရင် အရင်တုန်းက ရာနှုန်းပြည့် မဖြစ်ခဲ့ဘူးဆိုတဲ့ သဘောလား။**

ရာနှုန်းပြည့် ဖြစ်တာလား၊ မဖြစ်တာလားကို မသုံးသပ်နိုင်ခဲ့တာလေ။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရင် ဒီလောကကတော့ ငါလုပ်နိုင်တာပေါ့ဆိုတဲ့ စိတ်နဲ့ မဆိုင်တဲ့ ဖီးလ်တွေမှာ သွားပြီး ကျယ်ပြန့်မိတယ်လေ။ ရေး၊ ဆို၊ တီး၊ ထုတ်လွှင့် အစအဆုံး ကိုယ်တစ်ယောက်တည်းလုပ်ခဲ့မိတဲ့ ကာလတွေလည်း ရှိခဲ့တာကိုး။ အဲဒီတော့ ဘယ်မှာသွားသိသာလဲဆိုရင် အိုက်တင်မှာသွားထိတယ်။ ရာနှုန်းပြည့် သရုပ်ဆောင်စိတ်မရှိတဲ့အခါကျတော့ သရုပ်ဆောင်တဲ့အခါမှာ ရာနှုန်းပြည့် မရှိနိုင်ဘူး။ ဥပမာ **ခုတ်ကြားမြက်ပေါက်** မှာ ကျွန်တော့်ကို ကောင်းတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ တချို့ဆင်း(န)တွေမှာ ကျွန်တော်သည် ကျွန်တော်မဟုတ်ဘဲနဲ့ တခြားစိတ်တွေ ပိနေတဲ့ လူအဖြစ် ပါနေတာတွေရှိတယ်။ **ပြည်ထောင်စုသစ္စာ** ကျတော့ ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်သည် လုံးဝ သရုပ်ဆောင်တစ်ယောက်အဖြစ် သီးသန့်နေတဲ့ကာလဖြစ်တဲ့အတွက် စိတ်က ဘယ်လောက်လုပ်နိုင်သည်ဖြစ်စေ မသိစိတ်က တကယ်သရုပ်ဆောင်ဖြစ်နေရမယ့်စိတ်ကို မဖျောက်ဖျက်နိုင်ဘူး။ အဲဒါမျိုးတွေရှိခဲ့ပါတယ်-လို့ ပြောကြားပေးခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**

www.burmeseclassic.com

www.burmeseclassic.com



# မင်းလူရဲ့ ဝတ္ထုတိုများကို စုစည်းပြီး ရိုက်တဲ့ ရယ်မောခြင်း Website

လင်းနိုင်ဦး

ဒါရိုက်တာ ကျော်ဇောလင်းက စာရေးဆရာ မင်းလူရဲ့ ဝတ္ထုတိုများကို စုစည်းပြီး သင်္ကေတရုပ်ရှင်ထုတ်လုပ်ရေး အတွက် **ရယ်မောခြင်း Website** လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပေးထားပါတယ်။ ဒီဇာတ်ကားမှာ ပြေတီဦး၊ ရဲအောင်၊ ကျော်ကျော်၊ အိချောပို၊ ယွန်းရွှေရည်၊ မိုးဒီ၊ ဟိန်းမင်း၊ ညောင် ညောင်၊ ငှက်ပျောကြော်၊ နန္ ကျော်စွာ၊ ပြည့်စုံဟိန်း ရဲလေးမ၊ ထက်ကိုလင်း လှလှမိုး၊ မတူး၊ မလုံးတင် အေးအေးခိုင်၊ ကစ်ကစ် အိတုံ၊ ဝေယံမောင်နဲ့ အ ပညာရှင်များစွာ ပါဝင်သရု ဆောင်ပေးထားကြပါတယ်

ဆရာမင်းလူရဲ့ လက်ရ ဝတ္ထုများမှာ ပါတတ်တဲ့ ကျော်ကွန့်နဲ့ လှထုံနေရာမှ ပြေတီဦးနဲ့ အိချောပိုတို့က သရုပ်ဆောင်ပေးထားပြ ရုပ်ကွက်ထဲက အဖြစ်အပျက် တွေကို ဝတ္ထုနဲ့ အနီးစပ်ဆုံ ဖြစ်အောင် သဘာဝကျကျ ဟာသနဲ့ ရိုက်ကူးပေးထာ တယ်လို့ သိရပါတယ်။

ဆရာမင်းလူရဲ့ ဝတ္ထု များထဲမှာ ပါတဲ့ လှထုံ နာမည်နဲ့လိုက်အောင် ထုံအ တဲ့ ကာရိုက်တာဖြစ်လို့ ကားထဲမှာလည်း ရုပ်ကွက် မှာ နှစ်လုံးထီ ခေတ် နေတဲ့ အချိန်မှာ လှထုံ နှစ်လုံးထီလည်း ထိုးလို တာပဲ။ ရုပ်ကွက်ထဲ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သိုက်တွေ၊ နတ်တွေနဲ့ပတ်သက်ပြီး ခေတ်စားလာလို့ တစ်ယောက်ယောက်က သိုက်ကနေ ဝင်စားတယ်ဆိုရင် လှထုံတစ်ယောက်လည်း သိုက်ကလာတယ်ဖြစ်သွားရော။ နောက်ဆုံးရပ်ကွက်လူကြီး ကိုထိန်တို့ဇနီးမောင်နှံ ကလေးရသွားပြီ ဆိုတော့ သူ့ထက်အသက်ကြီးတဲ့သူတွေတောင် ကလေးရတယ်ဆိုတဲ့အခါမှာ သူ မရသေးလို့ ယောကျ်ားဖြစ်သူ ကျော်ကွန့်ကို ကိုယ်

ဝန်ရဖို့အတွက် ပြဿနာရှာပြီး သူများဗိုက်ဆိုတဲ့အချိန်မှာ
လည်း ဗိုက်လိုက်တာပဲ။ လှထုံဖြစ်ချင်တဲ့အရာတိုင်းမှာ
ကွန့်က သူ့ဇနီး ဖြစ်နေလို့ အမြဲတမ်းပါနေရစမြဲ ဖြစ်ပါတ

ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ မောင်ဝ,ကျပြန်တော့
သူ ရွှေကြည်နဲ့ မင်္ဂလာဆောင်နိုင်ဖို့ စားဝတ်နေရေး တစ်
အလုပ်လုပ်ရင်း ပိုက်ဆံစုဖြစ်ပေမဲ့ မောင်ဝက စိတ်တိုတ

www.burmeseclassic.com

www.burmeseclassic.com





...သောက်ဖြစ်လို့ ပြဿနာဖြစ်လိုက်ရင် စုထားတဲ့ပိုက်ဆံ ...လျှော် လိုက်ရလို့ ပါပါသွားတယ်။ အဲဒီလိုနဲ့ ရွှေကြည်နဲ့ ...ဆပ်ဖို့ ဝေးနေရသူဖြစ်ပါတယ်။ နောက်ဆုံးမှာ ဆရာဝန် ...ခိုင်နဲ့ ရွှေကြည်ရဲ့အမေ ဒေါ်ပန်းသာနဲ့တိုင်ပင်ပြီး ...ည်ကို ဆရာဝန်နဲ့ပဲ ပေးစားတော့မယ်ဆိုပြီး လေသံ ပစ် ...တော့မှ မောင်ဝနဲ့ ရွှေကြည်တို့ ယူဖြစ်သွားကြတာပါ။

ဒါတွေကို ဒါရိုက်တာ ကျော်ဇောလင်းက ခေတ်နဲ့ လျော်ညီအောင် ရပ်ကွက် သဘာဝ ပုံစံမျိုးနဲ့ ရိုက်ကူးပေးထားတာ ဖြစ်ပါတယ်။

ပတေးအဖြစ် သရုပ်ဆောင်တဲ့ ငှက်ပျောကြော်ရဲ့ လက်ဖက်ရည်ဆိုင်မှာ ဇာတ်ဝင်ခန်းကလည်း ရယ်စရာကောင်းလှပါတယ်။ ကျော်ကွန့်တစ်ယောက် အလုပ်သွားခါနီး ပတေးရဲ့ ဆိုင်မှာ လက်ဖက်ရည်သောက်ဖို့ ဝင်လာတဲ့အချိန် ဆိုင်ထဲမှာ နှစ်လုံး၊ သုံးလုံးထိုးဖို့ ချိုင်းတွေကြည့်ပြီး အာရုံများနေကြတဲ့သူတွေကို အသံကျယ်ကျယ်နဲ့ ဘာလုပ်နေကြတာလဲလို့ မေးလိုက်တဲ့အချိန်မှာ အားလုံးက ကြည့်နေတဲ့ ချိုင်းတွေကို ခုံအောက် ထိုးတဲ့သူက ထိုး၊ ဝှက်တဲ့သူက ဝှက်နဲ့ လုပ်ပြီးမှ ကျော်ကွန့်မှန်းသိသွားတဲ့အခါ "ဟာ...ကျော်ကွန့်တစ်ယောက်ကလည်း လာနောက်နေပြန်ပြီ" လို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသူများကပြန်ပြောပြီး သူတို့အာရုံနဲ့သူတို့ ဆက်သွားနေကြပါတယ်။

ကျော်ကွန့်ကတော့ "ခင်ဗျားတို့ နှစ်လုံးထိုးတာ ပြဿနာမရှိဘူး၊ ကျုပ်မိန်းမ လှထုံကိုတော့ မမြှူဆွယ်ကြပါနဲ့" လှထုံ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကျုပ်ကိုပြသနာရှာလွန်းလို့ပါ။ ကျုပ်မှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့၊ နောက်ဆုံးဗျာ အိပ်တာတောင် အိပ်မက် မမက်လို့တဲ့။ အဲဒါတွေကြောင့် ကျွန်တော်ပြောတာပါ' လို့ ပြန်ပြောလိုက်ပါတယ်။

လက်ဖက်ရည်ဆိုင်ကို ရုပ်ကွက်လူကြီး ကိုရှိန်ရောက်လာတဲ့အချိန်မှာတော့ ကိုရှိန်က သူ့ရဲ့ရပ်ကွက်သားတွေ အမူအရာကို ကြည့်ပြီး 'ခင်ဗျားတို့ ဘာတွေလုပ်နေကြသလဲ ဆိုတာ ကျွန်တော်သိတယ်။ ရပ်ကွက်လူကြီး ကိုရှိန်တဲ့။ ပါးပါးလေး' လို့ ပြောပြီး ကျော်ကွန့်တို့ထိုင်နေတဲ့ စားပွဲဝိုင်းမှာ လက်ဖက်ရည်သောက်ဖို့ ဟန်ပြင်ပြီး ဆိုင်ပိုင်ရှင် ပတေးကို 'ဟေ့ ပတေး ငါ့ကို မီးတောက်တစ်ခွက် ပေးစမ်း' လို့ ယောင်ယောင်မှားမှား ပြောမိပြီးမှ ပြန်ပြင်ပြီး 'ကျဆိမ့်တစ်ခွက်ပေးပါ' လို့ မှာပြီးတဲ့အချိန်ခုံမှာ ထိုင်မယ်လုပ်တဲ့အခါ ဘေးကတစ်ယောက်က ထိုင်ခုံကိုယူပြီး ရပ်ကွက်လူကြီးအတွက် ဖုန်သုတ်ပေးလိုက်တာဖြစ်လို့ ရပ်ကွက်လူကြီး ကိုရှိန်တစ်ယောက် အလဲလဲအကွဲကွဲ ပြုတ်ကျတဲ့အခါ လက်ဖက်ဆိုင်မှာထိုင်နေတဲ့ အားလုံးကဝိုင်းပြီး ရယ်စရာဖြစ်ခဲ့ပါတယ်။

**ရယ်မောခြင်း Website** မှာ ကျော်ကွန့်အဖြစ် ပြေတီဦး၊ လှထုံအဖြစ် အိချောပို၊ မောင်ဝအဖြစ် ကျော်ကျော်၊ ရွှေကြည်အဖြစ် ယွန်းရွှေရည်၊ ဆရာဝန် တုတ်ခိုင်အဖြစ် ရဲအောင်၊ ဦးဖိုးပျော့အဖြစ် ဦးမိုးဒီ၊ ရပ်ကွက်လူကြီး ကိုရှိန်အဖြစ် ဟိန်းမင်း၊ ပတေးအဖြစ် ငှက်ပျောကြော်၊ ပဲပြုတ်သည် ဒေါ်ပိန် အဖြစ် မလုံးတင်၊ အပေါင်ခံတဲ့ ကိုကြီးငွေ အဖြစ် ညောင်ညောင်၊ သူ့ဇနီး မသီးအဖြစ် အေးအေးခိုင်၊ ရွှေကြည်ရဲ့မိခင် ဒေါ်ပန်းသာအဖြစ် လှလှမိုးတို့က သရုပ်ဆောင်ပေးထားကြပါတယ်။

■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံကိုယ်စားပြု မယ်ကမ္ဘာရွေးပွဲသို့ ယှဉ်ပြိုင်မည့် အလှမယ်ရွေးပွဲ

**အောင်သန်းထွန်း**

တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိသော Miss World သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရန်အတွက် မယ်ရွေးချယ်ပွဲကို ဇွန်လ ၁၁ ရက်နေ့က ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်သိဒ္ဓိလမ်းရှိ MRTV-4 ပိုင် MEP ခန်းမသစ်တွင် ကျင်းပခဲ့သည်။ ခန်းမမှာ မကြာသေးမီကမှ ဆောက်လုပ်ပြီးစီးခဲ့ပြီး ပထမဆုံးအကြိမ် ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ အခမ်းအနား အပြင်အဆင်များမှာ ခမ်းနားလှပြီး နိုင်ငံတကာအဆင့်မီသည်ဟုပင် ဆိုနိုင်ပါသည်။ ယခင်ကကျင်းပခဲ့သော မယ်ပြိုင်ပွဲများမှာ ခန္ဓာကိုယ်အချိုးအစား လှပမှုကိုသာ ဦးစားပေး ရွေးချယ်ခဲ့ကြသော်လည်း ယခုခေတ် မယ်ပြိုင်ပွဲများမှာ ခန္ဓာကိုယ်အချိုးအစား လှပမှုတစ်ခုတည်းကိုသာ ဦးစားပေး ရွေးချယ်ခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင်လိုသည့် အမျိုးသမီးငယ်များကို လျှောက်လွှာ တင်စေပြီး ဆန်ခါတင် ရွေးချယ်ကာ

www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းလေ့ ကျင့်မှုကို စခန်းသွင်း ပြုလုပ်စေသည်။ ယင်းသို့ စခန်းသွင်းထားစဉ် လူမှုဆက်ဆံရေး၊ ပရဟိတ လုပ်ဆောင်မှု အစရှိသည်တို့ကို စောင့်ကြည့် အမှတ်ပေးသူများက အစဉ် တစိုက် အမှတ်ပေးနေကြသည်။

ယခု ကျင်းပသည့် ပြိုင်ပွဲဝင် အလှမယ် ၂၀ တို့သည် စုပေါင်းလေ့ကျင့်မှုအပြင် ပြင်ပ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြရသည်။ သူဌေးကျွန်းမှ ဖိတ်ခေါ်ချက်အရ သွားရောက်ကြပြီး ဟိုတယ်၏ ရေကူးကန်တွင် အလှဓာတ်ပုံများလည်း ရိုက်ခွင့်ရခဲ့ကြသည်။

ပေါင်းသင်းဆက်ဆံရေး၊ ပရဟိတလုပ်ငန်း ဆောင်ရွက်မှု ဓာတ်ပုံအလှ အစရှိသည်တို့ကို အမှတ်ပေး ရွေးချယ်ခြင်းခံရပြီး နောက် အလှမယ် ၂၀ တို့ကို ပရိသတ် ရှေ့မှောက်တွင် အလှ ပြစေပြီး အကဲဖြတ်ဒိုင်များဖြင့် အမှတ်ပေး ရွေးချယ်စေခြင်း ဖြစ်သည်။

ဆန်ခါတင်ရွေးချယ်ထားသော အလှမယ် ၂၀ တို့ အနက် ခါးနံပါတ် ၁၉ မှာ ကျန်းမာရေးအခြေအနေအရ နုတ်ထွက်သွား ရသည်။ ကျန် ၁၉ ဦးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စုပေါင် ထားသော အလှမယ်များကို တာဝန်ယူလေ့ကျင့်ပေးသူမှာ



www.burmeseclassic.com

www.burmeseclassic.com



ကာပူနိုင်ငံမှ Mr. Brian ဖြစ်သည်။ Mr. Brian က ယခုပွဲမှာ ခြားပြိုင်ပွဲများနှင့်မတူ တင်ဆက်မှုပုံစံ ပြောင်းလဲထားသည် ဆိုသည်။

အမှန်တကယ်ပင် ပြောင်းလဲမှုကို တွေ့ရှိရပါသည်။ အမှတ် ဒိုင်များအဖြစ် ဓာတ်ပုံ မိုးမင်း၊ အလှမယ်ပေါင်းများစွာ ကျင့်မွေးထုတ်ပေးသူ တင်မိုးလွင်၊ အကယ်ဒမီ အိန္ဒြာ ဇင်၊ စာနယ်ဇင်းဆရာ ဦးဝင်းငြိမ်း၊ ဒီဇိုင်နာ မိုးကုတ် က်ပေါက်တို့ ဖြစ်ကြသည်။

စဖွင့်ဖွင့်ချင်း တွေ့ရသည်မှာ အလှမယ် ၁၉ ဦးတို့သည် ကျေးလက်သမီးပျိုများအဖြစ် ဝတ်စားဆင်ယင်ပြီး ရှင်လောင်း လှည့်ရာ၌ ပါဝင်ကပြကြခြင်းဖြစ်သည်။ ဒိုင်များပင်လျှင် ပြိုင်ပွဲ စ,နေ သည်ကို မသိရှိကြဘဲ ဖျော်ဖြေရေးအစီအစဉ်ဟု ထင်မှတ် ခဲ့ကြပြီး တစ်ဦးက ပြိုင်ပွဲစ,နေတာဟု ဆိုလိုက်မှပင် အမှတ် ပေးရန် သတိဝင်လာကြသည်။

Mr.Brian ပြောပြချက်အရ တင်ဆက်မှုပုံစံပြောင်းလဲထား သည်မှာ အမှန်ပင်ဖြစ်သည်။ သာမန်ပွဲများတွင် အားကစား ဝတ်စုံ၊ ညနေခင်းဝတ်စုံ အစရှိသဖြင့် ဝတ်စုံ ၃ မျိုးခန့်နှင့် ယှဉ်ပြိုင်လေ့ရှိပြီး ယခုပွဲတွင်မူ ဝတ်စုံ ၆ မျိုး ပြောင်းလဲကာ



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်သွားကြသည်။
ပထမတွေ့လိုက်ရသည်က
ရှင်လောင်းလှည့်ပွဲတွင်
ဝတ်ဆင်ထားသော
မြန်မာဝတ်စုံများ
ဖြစ်သည်။ ထို့နောက်
အားကစားဝတ်စုံ(ရေကူး
ဝတ်စုံ မဟုတ်ပါ)၊
ညနေခင်းဝတ်စုံ၊
ကော့တေးဝတ်စုံ
အစရှိသည်ဖြင့်
ဝတ်ဆင်ပြကြသည်။
နောက်ခံ ဆက်တင်
များမှာလည်း ထူးခြားပြီး
မျက်စိပသာဒရှိကြသည်။
မြန်မာဝတ်စုံများတွင်
ချိတ်ထဘီများ
ဆင်မြန်းကြသော်လည်း
ယင်းချိတ်ထဘီတို့မှာ
ပိုးဖြင့်ရက်လုပ်ထားသည့်
ထဘီများ မဟုတ်ဘဲ
မိုးကုတ်ပေါက်ပေါက်၏
လက်ရာ ပုံနှိပ်ထည်များ
ဖြစ်သည်။ ရေလျှော်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com







တန်ဖိုးအားဖြင့်လည်း နှစ်သောင်းဝန်းကျင် ခန့်သာရှိသည်ဟု သိရသည်။ ပိုးချိတ်များအလား ပွဲလယ်တင့်သည့် ထဘီများပင်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်အမျိုးသမီးများ အဝတ်အစား လဲလှယ်နေကြအချိန်တွင် ဖျော်ဖြေရေး အစီအစဉ်များကိုလည်း ရှုစားကြရပါသည်။ ဂရေဟာမ်နှင့် သမီး ပန်းရောင်ခြယ်တို့၏ ဖျော်ဖြေမှုက ပရိသတ်များအား အပန်းပြေစေသည်။ အမျိုးသမီးပရိသတ်များ အသည်းစွဲဖြစ်နေသည့် Project K အဖွဲ့၏ ဖျော်ဖြေရေးမှာလည်း ရင်သပ်ရှုမောဖြစ်ပါသည်။ Rap အကများဖြင့် ဖျော်ဖြေကြပြီး အစီအစဉ် ပြီးခါနီးတွင် မြန်မာသံစဉ်များဝင်လာပြီး အဖွဲ့ဝင်တစ်ဦးစီက မြန်မာအကများဖြင့် အဆုံးသတ်သွားရာ ပရိသတ်များ လက်ခုပ်သံ ညံခဲ့ကြပါသည်။ ရုပ်ချောချော အမျိုးသားကလေးများ ကျွမ်းကျင်ပိုင်နိုင်စွာကပြဖျော်ဖြေကြခြင်းဖြစ်၍ အမျိုးသမီးပရိသတ်အသည်းစွဲဖြစ်သည်မှာ မဆန်းလှပေ။

အမှတ်ပေးဒိုင်များ၏ အမှတ်များကို ပေါင်းကာ ဆန်ခါတင် ၁၀ ဦး ရွေးချယ်လိုက်ရာ ခါးနံပါတ် ၁၇ အိကျော့ခိုင်၊ ခါးနံပါတ် ၇ သိမ့်နန္ဒာအောင်၊ ခါးနံပါတ် ၁၂ မိယဉ်စနိုင်း၊ ခါးနံပါတ် ၈ ခိုင်မီမီဇော်လွင်၊ ခါးနံပါတ် ၁ သဲနန္ဒစု၊ ခါးနံပါတ် ၁၈ မေယုံကြည်၊ ခါးနံပါတ် ၃ နန်းအိန္ဒြေရှင်၊ ခါးနံပါတ် ၁၆ ခြူးစစ်ဟန်၊ ခါးနံပါတ် ၂၀ ဂျာဆိုင်းအင်၊ ခါးနံပါတ် ၁၁ အိနုဝေတို့ ဆန်ခါတင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com




လာကြသည်။ ဆက်လက် ယှဉ်ပြိုင်ပြီးနော
ဆန်ခါတင် ၅ဦး ရွေးချယ်ရာ ခါးနံပါ
၁၀၊ ခါးနံပါတ် ၁၇၊ ခါးနံပါတ်
ခါးနံပါတ် ၂၀၊ ခါးနံပါတ် ၁၂
ပေါ်ထွက်လာသည်။ ထိုနော
ဆန်ခါတင် ၅ ဦးတို့ ဆက်လ
ယှဉ်ပြိုင်ကြရာ နောက်ဆုံးအဆင့်
ရောက်ရှိလာပြီဖြစ်သ
နောက်ဆုံးအဆင့် မတိုင်မီ
အခြားဆုများ ချီးမြှင့်
ခါးနံပါတ် ၁၀
Miss Person
ခါးနံပါတ်
Miss He
ခါးနံပါတ် ၁
Miss Sa

www.burmeseclassic.com

www.burmeseclassic.com





ငြိပြီးနော
ခါးနံပါ
းနံပါတ်
တ် ၁၂
ထို့နော
ဆက်လ
ဆုံးအဆင့်
ပြီဖြစ်သ
မတိုင်မီ
း ချီးမြှ
ါတ် ၁၀
Person
ါတ် ၁၄
Miss He
ပါတ် ၁
Miss Sa

ပါတ် ၁၇က Best
ခါးနံပါတ် ၂၀ က
ပေးပို့သည့် မဲများနှင့်
Popular ဆုများ ရရှိခဲ့ပြီး
ရှိသူများက ချီးမြှင့်ခဲ့
သည်။

နောက်ဆုံးအဆင့်တွင်
ပါတ် ၁၀ က တတိယ
ပြီး ကျန် ၂ ယောက်
ခါးနံပါတ် ၁၇ က
ရှိသွားသည်။ ခါး
၂၀ က ဒုတိယ ဆွတ်
သည်။ ဆုများကို
ရှိသူများက ချီးမြှင့်
MRTV- 4 မှ MD

ဖြစ်သူ ဒေါ်ခင်ခင်လေးက ပထမဆုနှင့် ဒုတိယဆုတို့ကို ချီးမြှင့်ပေးသည်။ ပထမဆုမှာ ကျပ် သိန်းတစ်ရာနှင့် သရဖူဆုဖြစ်သည်။ ဒုတိယဆုမှာ ကျပ်သိန်းသုံးဆယ်နှင့် သရဖူ၊ တတိယဆုမှာ ကျပ်သိန်းနှစ်ဆယ်နှင့် သရဖူတို့ဖြစ်ကြသည်။ ရွေးချယ်ခံရသော အလှမယ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် မယ်ကမ္ဘာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်ပါသည်။ ■

**အောင်သန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# တည်းဖြတ်ဘဝကတည်းက အကယ်ဒမီဆု လိုချင်ခဲ့တဲ့ ညွန့်မြန်မာညီညီအောင်

**လင်းနိုင်ဦး**

၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်ပေးခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲမှာ **အုတ်ကြားမြက်ပေါက်** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံးဒါရိုက်တာဆု ဆွတ်ခူးခဲ့ပြီး ရုံတင်ပြသဆဲ **ကျွန်** ရုပ်ရှင်ဇာတ်ကားနဲ့ ဂယက်များစွာဖြစ်ပေါ်နေတဲ့ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်ရဲ့ အနုပညာဖြတ်သန်းမှုနဲ့ သူ့ရဲ့ ရှေ့ဆက်မယ့်အနုပညာခရီးလမ်းနဲ့ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ကိုညီညီအောင်ရဲ့အနုပညာသက်တမ်းက ဘယ်လောက်ရှိသွားပြီလဲ။ ရုပ်ရှင်လောကကို ဘယ်လိုဝင်ရောက်လာတာလဲ။**

ဘယ်လိုဝင်ရောက်လာလဲလို့ မေးရင် စက်အဖွဲ့နဲ့လို့ပြောရပါမယ်။ အရင်တုန်းက ဆရာ ဦးဘကြီး၊ ဆရာဦးသောင်းဝေတို့ စက်မှုအလှကင်မရာအဖွဲ့နဲ့ စခဲ့တာပါ။ ညွန့်မြန်မာခြံထဲမှာ အစုံရှိတာကိုး။ စက်မှုအလှထဲ ဝင်လုပ်ကြည့်တယ်။ အရင်တုန်းက ရုပ်ရှင်မီးလုံးကြီးတွေက တော်တော်ကြီးတယ်လေ။ ကျွန်တော်က ပိန်ပိန်သေးသေးလေးဆိုတော့ အဆင်မပြေဘူး။ အဲဒါနဲ့ကူးဆေးခန်းထဲရောက်သွားတယ်။ ကားကူး၊ ကားဆေးပေါ့။ အဲဒီမှာ ပညာပါတဲ့အလုပ်လို့ မထင်ပြန်တဲ့အတွက် ကားကူး၊ ကားဆေး အပေါ်ထပ်က တည်းဖြတ်ခန်းက ကျွန်တော့်ဆရာ ဦးတင်ဝင်းရဲ့ ပညာကို စိတ်ဝင်စားတာနဲ့ တည်းဖြတ်မှာ မြဲသွားတာပဲ။ ဒါနဲ့တည်းဖြတ်ပညာကို အနှစ် ၂၀ လောက် လုပ်ခဲ့တယ်။ ၁၉၉၆ မှာ ဒါရိုက်တာ စလုပ်ခဲ့တာပါ။

**တည်းဖြတ်ဘက်က လာတယ်ဆိုတော့ ကားရိုက်တဲ့နေရာမှာ ဘယ်လိုအားသာချက်တွေရှိလဲ။**

ကျွန်တော် တည်းဖြတ် အယ်ဒီတာဖြစ်ခဲ့လို့ ပြောတာမျိုး မဟုတ်ပါဘူး။ တည်းဖြတ်ပညာရဲ့ အခြေခံလောက်ကို မင်းသား၊ မင်းသမီးတွေလည်း သိထားလို့ရှိရင် သရုပ်ဆောင်တဲ့နေရာမှာ အထောက်အကူဖြစ်တယ်။ ကင်မရာမဲန်းတွေလည်း သိထားသင့်တယ်။ တည်းဖြတ်ပညာဆိုတာက အကုန်လုံး သိထားသင့်တဲ့အရာလို့ ကျွန်တော်ယူဆတယ်။

**ညီညီအောင်ရဲ့ရှေ့မှာ 'ညွန့်မြန်မာ'ကို ထည့်ရခြင်းအကြောင်း ပြောပြပေးပါလား။**

ကျွန်တော် ရုပ်ရှင်ပညာသင်ခဲ့တဲ့ ကုမ္ပဏီဖြစ်နေလို့ပါ။ ဒါကြောင့် လေးလေးစားစားနဲ့ ရှေ့မှာ ညွန့်မြန်မာကို ထည့်တာပါ။

**ပထမဦးဆုံး ဒါရိုက်တာလုပ်ဖြစ်တဲ့ ဇာတ်ကားအကြောင်း ပြောပြပါလား။**

ကျွန်တော် ပထမဦးဆုံးကားက စန်းဂိုက်က ထုတ်လုပ်တဲ့ ဗီဒီယိုဇာတ်ကားပါ။ ရန်အောင်၊ မျိုးသန္တာထွန်းတို့နဲ့ ရိုက်ခဲ့တာပါ။ အဲဒီကနေပြီးမှ ဧရာဝတီမြေပဲဆီက ကိုခင်စိုးတို့က ရုပ်ရှင်ရိုက်ချင်တယ်ဆိုတာနဲ့ ကျွန်တော့်ရဲ့ ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကား **တစ်သက်တာထာဝရ** ကို ရိုက်ဖြစ်ခဲ့တာပါ။

**ကံကောင်းလို့လား၊ ကြိုးစားအားထုတ်မှုကောင်းလို့လား။ 'တစ်သက်တာ ထာဝရ' တစ်ကားတည်းနဲ့ ပေါက်ခဲ့တယ်နော်။**

ဟုတ်ပါတယ်။ တစ်ကားတည်းနဲ့ ငွေရေးကြေးရေးအရရော၊ အနုပညာအရရော ပေါက်ခဲ့တာပါ။ အဲဒီကားမျိုး ကျွန်တော် အခု ပြန်ရပါပြီ။ **ကျွန်** ဆိုတဲ့ ကားပါ။ ငွေရေးကြေးရေးအရရော၊ အနုပညာအရရော အောင်မြင်ပြန်တယ်။ မနှစ်ကတော့ **အုတ်ကြားမြက်ပေါက်** က အောင်မြင်ခဲ့တယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**'အတ်ကြားမြက်ပေါက်'က ခန့်မှန်းရခက်တဲ့ ကားနော်။ အောင်မြင်မယ်လို့ မျှော်လင့်ထားပြီးသားလား။**

ဒီကားက အရမ်းအန္တရာယ်များတယ်။ ဒီကားမရိုက်ခင်လောက်မှာ ဘာဖြစ်နေသလဲဆိုတော့ ဟာသကားတွေက များနေတာလေ။ ထုတ်လုပ်သူက ရိုက်ချင်တယ်ဆိုတော့ ဘယ်လိုဇာတ်မျိုးရိုက်မှာလဲလို့ မေးကြည့်တဲ့အခါ ကျွန်တော်ရိုက်ချင်တာ ရိုက်ပါဆိုတာနဲ့ ဟာသကားတွေကြားထဲမှာ စွန့်စွန့်စားစားနဲ့ ရိုက်ခဲ့ရတာပါ။ ဆဲဗင်းဒေးကို ပြောပြတယ်။ ဒီသရုပ်ဆောင်တွေနဲ့ ရိုက်ချင်ပါတယ်။ **အတ်ကြားမြက်ပေါက်** ဆိုတဲ့ နာမည်လေးနဲ့ပေါ့။ ဆဲဗင်းဒေးကလည်း သူ့အဖေ မောင်ရွှေစွန်ရဲ့ဝတ္ထုလေးရှိတယ်ပေါ့။ အဲဒါကို အခြေခံပြီးတော့ ရိုက်ခဲ့တာပါ။ အန္တရာယ်များတယ်။ အချစ်ကားလည်း မဟုတ်ဘူး။ ဟာသနဲ့ ကျွန်တော် အောင်မြင်ခဲ့တာတွေလည်း ရှိပါတယ်။ **မော်ဒန်အချစ်များ၊ နတ်ဖြစ်ရတဲ့ဒုက္ခ** တို့ပေါ့။

**'နတ်ဖြစ်ရတဲ့ဒုက္ခ' ဆိုရင် အထူးပြုလုပ်ချက်တွေနဲ့ ဆန်းသစ်ထားတာ ဘာကြောင့်လဲ။**

ဒါကတော့ စွန့်စားလိုက်တာပါ။ အင်နီမေးရှင်းက ဒီလောက်ကျယ်ကျယ်ပြန့်ပြန့်မဖြစ်သေးဘူး။ ဖြစ်နိုင်သလောက်နဲ့ ကျွန်တော်လုပ်ကြည့်တယ်။ ဒါကို ပရိသတ်က ကြိုက်သွားတယ်။ အခု **ကိုကိုင်လက်မ** ဆိုတဲ့ ကားလည်းရိုက်ထားတယ်။ အင်နီမေးရှင်းနဲ့ ပတ်သက်တဲ့ကားပါ။ ဒါကတော့ ကလေးတွေအတွက်ပေါ့။ ဒီရုပ်ရှင်ကားကိုလည်း ပရိသတ်ကြိုက်မယ်လို့ ထင်ပါတယ်။

**ကျွန်တော့်အထင် ဆိုရင် အင်နီမေးရှင်းနဲ့ အထူးပြုလုပ်ချက်တွေက အများကြီး လိုအပ်လာပြီ မဟုတ်လား။**

ဟုတ်ပါတယ်။ တစ်ခုရှိတာက ပညာရှင်တွေကလည်း အချိန်ယူပြီး လုပ်ရမှာလေ။ ဒါကြောင့် အင်နီမေးရှင်းဆိုရင် နည်းနည်းကြောက်ကြတယ်။ ကျွန်တော်တို့ဆီမှာ ပညာရှင်တွေ ရှိပါတယ်။ ကြိုးလည်း ကြိုးစားကြတယ်။ ကျွန်တော်တို့ လိုချင်တာနဲ့ သူ့ဘက်က လိုချင်တာ ညှိပြီး ရိုက်ရတာပေါ့။ လနဲ့ချီ အချိန်ပေးရတဲ့အတွက် ထုတ်လုပ်သူတွေက မရိုက်ချင်တာလည်း ပါတယ်။

**'အတ်ကြားမြက်ပေါက်' လိုပဲ 'ကျွန်' ကလည်း ပရိသတ် ကြိုက်မယ်၊ မကြိုက်ဘူး မှန်းရခက်ခဲ့တယ် မဟုတ်လား။**

ဟုတ်ပါတယ်။ **ကျွန်ရဲ့** ဇာတ်သိမ်းဆိုလည်း ပရိသတ်ကြိုက်တဲ့ ဇာတ်သိမ်းမျိုး မဟုတ်ဘူး။ ကျွန်တော်တို့ဆီမှာက အပျော်နဲ့ ဇာတ်သိမ်းတာကိုပဲ ကြိုက်ကြ တယ်။ ဒါကြောင့် ထုတ်လုပ်သူကလည်း အပျော်နဲ့ပဲ သိမ်းပေးပါဆိုလို့ ရိုက်တော့ရိုက်ခဲ့ရသေးတယ်။ ဆင်ဆာတင်တဲ့အချိန်မှာ ဇာတ်သိမ်းနှစ်မျိုး တင်ထားတာ။ ရုံတင်ခါနီး... အပျော်နဲ့ သိမ်းထားတာ... ဖြုတ်လိုက်တာပါ။ တော်... တော်လေး ညှိနှိုင်းပြီးမှ ရ... တဲ့ ရလဒ်ပါ။

**ကိုညီညီအောင်က အ... ပညာလောကမှာ မအောင်မြ... ခဲ့ဘူးဆိုရင် အခုချိန်မှာ ဘာ... ဖြစ်နေနိုင်မလဲ။**

ဒီလောကမှာ မဟုတ်... ဘူးဆိုရင် ကျွန်တော် ပန်း... ဆွဲနေလောက်ပြီ။ ကျွန်တော်... ဆယ်တန်းအောင်ပြီးတဲ့အချိ... က ဒီလောကကို ရောက်... တာပါ။ တက္ကသိုလ်ဆ... တက်လို့ရပေမဲ့ အိမ်... မတတ်နိုင်တဲ့အတွက် ဗိုလ်... သင်တန်းဖြေဖို့ ၂ နှစ် မ... အတွက် ဗိုလ်သင်တန်းဝင်ဖြေ... တယ်။ အဲဒီမှာ ကျွန်တော... အကုန်အောင်ပေမဲ့ ဆေး... တဲ့အခါမှာကျတယ်။ ဘာ... လို့လဲဆိုတော့ ပေါင်မပြည့်... ပါ။ အဲဒီတုန်းက ၁၀၀ ဆို... ရပေမဲ့ မပြည့်ခဲ့ဘူး။ ဆေး... တာ ရေတပ်စစ်ဆေးရုံ... သွားစစ်ရတယ်။ ကျွန်တော်... ဦးလေးနဲ့ ပတ်သက်လို့ သွား... စစ်တယ်။ အဲဒီဆေးရုံ... တပ်မှူးက ပေါင်ချိန်တဲ့အ... မှာ ကျွန်တော့်ဦးလေးကို... တယ်။ ဗိုလ်ကြီးရာ... တူက တော်ရုံတန်ရုံလော...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ပြည့်ပေးလို့ ရတယ်၊ လုပ်ပေးလို့ရတယ်။ ပေါင်ဆိုတော့ ဘယ်လိုမှ လုပ်လို့မရဘူးတဲ့။ ကျွန်တော် မလျှော့ပါဘူး။ နောက် ဆက်ဖြေသေးတယ်။ နက်ပိုင်းမှာ ရေစိမ်ထားတဲ့ သားပဲခြမ်းကို စိမ်းရွှေရွှေ နဲ့ အာလူးတို့၊ ငှက်ပျော တို့ကိုပါ ပေါင်ချိန်ခါနီးဆို တာ။ ငှက်ပျောသီးဆိုရင် လုံး၊ ၈ လုံး ပေါင်ပြည့် အောင်ဆိုပြီးတော့ စားတာ ည်း ပေါင်က မပြည့်ဘူး။ တုန်းက ကင်မရာအဖွဲ့ထဲ တော် ရောက်နေပါပြီ။ သင်တန်းမရတော့ အထက် ရှေ့နေဖြေဖို့ လုပ်သေး ။ ဖြေခါနီးကျတော့မှ လစ်မှာနေတဲ့ ကျွန်တော့် ယ်ချင်းရဲ့အိမ် မီးလောင် တော့ အဲဒီစာအုပ်တွေ ပါသွားတယ်။ ဒါ ကြောင့် မဖြေဖြစ်လိုက်ဘူး။

**ရုပ်ရှင်လောကမှာ ကား ကြီး ရိုက်ခဲ့ပေမဲ့ ဒမီမရသေးတဲ့အတွက် ချက် ဖြစ်ခဲ့လား။**

အကယ်ဒမီက ပထမ ရိုက်ခဲ့တဲ့ ရုပ်ရှင်ကား ည်းက ပရိသတ်က ကြိုက်ခဲ့တယ်။ ဒမီရမယ်ဆိုပြီးတော့ တယ်။ အကယ်ဒမီ တစ်ပတ်လောက်မှာ က သူငယ်ချင်းတွေ သူတို့ကို တရုတ် လိုက်ကျွေးတယ်။ တို့စားနေရင်း ဘေး ကောင်မလေးတစ် အဲဒီကားအကြောင်း တယ်။ သူတို့က တာ အကယ်ဒမီ ရသွားတယ်ပဲ တွက်ထားကြ တာ။ ဒါရိုက်တာ ရတယ်၊ ဘယ်သူရတယ်ပေါ့။ ပရိ သတ်က အဲဒီကတည်းက ကျွန်တော့်ကို ပေးခဲ့ဖူးတယ် ပေါ့။

မရတာဘာကြောင့်လဲ ဆိုရင် အဲဒီအချိန်တုန်းက ပေါ်လစီက အချစ်ကားမပေး ဘူးဆိုပြီး ဖြစ်နေတယ်။ ကျွန်တော် တကယ်လိုချင်ခဲ့ တဲ့ အကယ်ဒမီက တည်း ဖြတ်အကယ်ဒမီပါ။ အရင် တုန်းက ကျွန်တော်ဆက်ခဲ့တဲ့ **ယန်းသီတဲ့ကြိုး** ဆိုရင်လည်း အကယ်ဒမီတွေ အများကြီးရ ကြတယ်။ ဆရာကြီး ဦးဝင်း ဖေတောင် အကယ်ဒမီဂုဏ်ပြု ပွဲမှာ နောက်သေးတယ်။ တစ် ယောက်တစ်ခွန်း စကားထ ပြောတော့ ကျွန်တော်က လည်း စိတ်မကောင်းပါဘူး ဆိုတဲ့အခါ ဦးဝင်းဖေက မောင်ရင် မရလို့လားတဲ့။ **ယန်း သီတဲ့ကြိုး** တင် မဟုတ်ပါ ဘူး။ ဒါရိုက်တာ ဦးခင်စိုး ရိုက်တဲ့ **အရှိုက်** ဆိုရင် ပရိ သတ်ကလည်း ကြိုက်တယ်။ အကယ်ဒမီတွေလည်းရတယ်။ ကိုစင်ရော်မောင်မောင် **ငြိုးမာန် ဖွဲ့ စိမ်းရက်လေသလား**၊ **တစ် ပြည်သူ မရွှေထားတို့**ဆိုရင် ပရိသတ် တကယ်ကြိုက်ခဲ့တဲ့ ကားပါ။ အဲဒီကတည်းက တည်းဖြတ် အကယ်ဒမီ လို ချင်ခဲ့တာပေါ့။ ဒါပေမဲ့ ဘာ ကြောင့် မပေးခဲ့သလဲဆိုရင် အကယ်ဒမီအဖွဲ့က တည်းဖြတ် ကို ဘယ်လိုပေတံနဲ့တိုင်းတာ ဆုံးဖြတ်ရမလဲဆိုတာ မသိ လို့မပေးခဲ့တာတဲ့။

ပေးလည်းပေးရော ရုပ် ရှင်လုပ်ငန်းကပဲ အရင်ယူ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒါကြောင့် တည်းဖြတ်လည်းမရခဲ့ဘူး။ ဒါရိုက်တာလုပ်တဲ့ အချိန်ကျတော့လည်း အချစ်ကား မပေးဘူး ဆိုပြန်တော့ ကျွန်တော်နဲ့ အပြိုင်ကားထဲက မိဘမေတ္တာဘွဲ့ကားကို ပေးလိုက်တယ်။ အဲဒီလိုနဲ့ ကျွန်တော် ဟာသ ရိုက်ပြန်တော့ ဟာသကား မပေးဘူးတဲ့။ နောက်ကျတော့ ဟာသကား ပေးပြန်ရော။ အဲဒီလိုတွေနဲ့ လွဲခဲ့တာပါ။

**အဲဒီတော့ စိတ်ထဲမှာ ဒီ့အတွက် အလုပ် လုပ်တဲ့အခါ စိတ်စနိုးစနောင့်ကြီး ဖြစ်မနေဘူးလား။**

အကယ်ဒမီဆိုတာ ကျွန်တော်တို့အိပ်မက်၊ ကျွန်တော်တို့ လိုချင်တဲ့ အရာပါ။ ကျွန်တော်တို့ ကြိုးစားထားတဲ့အရာပါ။ လိုချင်တယ်ဆိုတာက ကိုယ်မကြိုးစားထားဘဲနဲ့ လိုချင်တာ မဟုတ်ပါဘူး။ ကျွန်တော် ပြောဖူးသလိုပဲ။ အကယ်ဒမီရတဲ့ လူတစ်ယောက်သည် စင်ပေါ်တက်သွားတဲ့ အချိန်မှာ သူ့စိတ်ကိုက ငါ ဒီကားမှာ ရကို ရသင့်တယ်ဆိုတဲ့ ဂုဏ်သိက္ခာမျိုးနဲ့ ရင်ကော့ပြီးတက်သွားတာမျိုး ကျွန်တော်တို့ဘက်ကလည်း ဖြစ်စေချင်တယ်။ အရင်တုန်းက ဖြစ်ခဲ့ဖူးတယ်လေ။ ဟိုလူနဲ့ပတ်သက်လို့၊ ဒီလူနဲ့ ပတ်သက်လို့ဆိုပြီး အရင်အစိုးရခေတ်က ပေးခဲ့ဖူး တာတွေ ရှိတယ်။ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ အကယ်ဒမီဆို တာတစ်ယောက်ပဲ ရသင့် တယ်လေ။ ဒါပေမဲ့ ချန်ပီယံ နှစ်ယောက်ပေးခဲ့တာမျိုးတွေ လွဲခဲ့တယ်လေ။ မနှစ်ကအထိ

**နက္ခတ်မှားတဲ့ တိုက်ပွဲ** က ကားကောင်းပေမဲ့ ကျွန်တော် မရခဲ့ဘူး။ ဒီနှစ်လည်း မဲခွဲတဲ့ အချိန်က မရဖို့များတယ်လို့ ကြားရတယ်။ အဲဒီထဲက ဖြစ်သင့်ဖြစ်ထိုက်တာကို ဝ ပြီးဆုံးဖြတ်ပေးတဲ့ ပုဂ္ဂိုလ်တွေ ရှိခဲ့လို့သာ ဒီနှစ် ရခဲ့တာပါ

**ဒီဆုက အားတွေအများ ကြီး ဖြစ်ခဲ့တာလား။**

အားဖြစ်သွား တယ်။ နောက်တစ်ခု တာဝန်တွေပိုကြီးလာတယ် အရင်တုန်းကလည်း ဟာ ကားလည်း ရိုက်လိုက်တာ အခုရိုက်လိုက်တဲ့ကားတွေ သူ့ဟာသူ **အုတ်ကြားမြ ပေါက် လိုမျိုး၊ ကျွန် လို** တွေ ပရိသတ်က ကျွန်တေ ရိုက်တယ်လို့ သိထား အတွက် ဟာသကားရို လိုက်ရင် ကျွန်တော့်ကို ကျွန်တော် ပြန်လန့်နေတ ဒါပေမဲ့ ကျွန်တော့် စား နေရေးကြောင့် ရိုက်လိုက် တာပဲလေ။

**အခု 'ကျွန်' ကားဆို ငွေကြေးအရရော၊ အနုပ အရရော အောင်မြင်ေ မထင်မှတ်တဲ့ ဂယက် ဝင်လာတဲ့အခါ ဘယ် ခံစားရလဲ။**

စိတ်အနှောင့်အယ ဖြစ်ရတယ်။ ဒါက ပြ စဉ်လည်း မဟုတ်ဘူး။ ကြောင့်လည်း တစ်

www.burmeseclassic.com

www.burmeseclassic.com

ပြောဖူးတယ်။ အစဉ်အလာဖြစ်သွားနိုင်တယ်။ **အတ်ကြီးမြက်ပေါက်** ဆိုရင်လည်း ရုံမှာပြပြီးတော့ နှစ်ပတ်လောက်နေမှ သွားဖြတ်ပေးရသေးတယ်။ ကျွန်တော်က ကိုယ်မွေးတဲ့ သားသမီးကို ခြေလက်အင်္ဂါအစုံနဲ့ မြင်ချင်ပေမဲ့ လက်ကလေးတစ်ချောင်း ဖြတ်ပေးပါဆိုတော့ ကိုယ်အင်္ဂါချို့တဲ့သွားတယ်လို့ ကျွန်တော် ခံစားရတယ်။ ဖြတ်ပြီးတော့မှ ရုံမှာ သွားပြန်ကြည့်တဲ့အခါ စိတ်မကောင်းဘူး။ တိုင်းပြည်ကလည်း နုနုနဲ့ ထိလွယ်ရှလွယ်ဖြစ်နေတဲ့အချိန် ဖြစ်နေတယ်။ ဘာသာ...နဲ့ဆိုတော့ ကိုယ်ပဲ လျှော့...လိုက်ရတာပေါ့။

အခု **ကျွန်** ကျတော့ ...ခုမဆိုင်ဘူး။ အခု ဒေသ...တွေက သူတို့စိတ်ကို အနာ...လို့ တရားစွဲမယ်ဆိုပြီး ...ပြတာကို လက်ခံပါ...ယ်။ အိုကေ၊ သူတို့စိတ်နဲ့ သူတို့ကိုယ်ကိုး။ အခုတစ်ခါ ...နီတော့ ဌာနဆိုင်ရာတစ်...က တရားစွဲဖို့ ပြင်ဆင်နေ...ယ်တဲ့။ ဒါရိုက်တာကို စွဲရ...း၊ ထုတ်လုပ်သူကို စွဲရ...း၊ မင်းသားကို စွဲရ...ဆိုပြီးတော့ ဖြစ်နေတဲ့...ကျတော့ တိုင်းပြည်မှာ ...တ်အရေးကြီးတာတွေ ...ရာရှိသေးတယ်လေ။ ...တော်တို့တိုင်းပြည်အသစ် ...စ်နှစ်သားကျော်ကျော် ...သေးတယ်။ ကျွန်တော့် ...ကားနာမည်က တိုင်း...ကို ဘာထိခိုက်သွားလို့ ...သူတို့က နာမည်ပြောင်း ...ဘာကို ကျွန်တော်က ...ပြီးတော့ အဲဒီနာမည်အတိုင်း မပြလို့ တရားစွဲမယ်ဆိုတော့ ဘာကိုထိခိုက်သွားလို့လဲ။

အဲဒီတုန်းက ဂျာနယ်တွေက ကျွန်တော့်ကိုမေးလို့ ဘာအခက်အခဲရှိသလဲဆိုတော့ ရိုက်ရိုးရိုက်စဉ်ပါပဲ။ ဘာအခက်အခဲမှ မရှိဘူး။ ဒါပေမဲ့ နာမည်ပြောင်းခိုင်းတာတော့ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ဒီနာမည်မှ မပြောင်းရင် ရိုက်ခွင့်မပေးနိုင်ဘူးတဲ့။ ဒါကြောင့်လည်း အဖွဲ့လိုက်အဆင်ပြေအောင် ပြောင်းပေမဲ့ 'ကျွန်'ဆိုတာတော့ မပြောင်းဘူးဆိုပြီး အဲဒီကတည်းက တရားဝင်ပြောထားပြီးသားပဲ။ ကျွန်တော်တို့ကို ထိန်းချုပ်ပေးထားတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဒီနာမည်ကို ခွင့်ပြုပေးထားလို့ပါ။ နောက်ဝန်ကြီးဌာနတစ်ခုက နာမည်ပြောင်းပါလို့ပြောတာ သဘာဝမကျဘူးထင်လို့ပါ။ အရင်အစိုးရလက်ထက်က ဖြစ်ခဲ့တာ အခုလက်ထက်အထိ သယ်လာလို့ရသလား။

**ကိုညီညီအောင်က ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပေမဲ့ ပြဿနာတွေ မကြာမကြာ ဖြစ်ရတယ်နော်။ အစည်းအရုံးကလည်း ပိတ်ခဲ့သေးတယ် မဟုတ်လား။**

ပိတ်တာမှ နှစ်ခါတောင်ပါ။ ၂၀၀၀ ပြည့်နှစ်တုန်းက တစ်ခါပါ။ အဲဒီတုန်းက ကားတစ်ကားတည်တယ်။ ဇာတ်ဖရိန်က ရွှေမန်းတင်မောင်လို ဇာတ်ကရင်းသေပုံသေနည်းနဲ့ သူ့အနုပညာကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြချင်တဲ့ပုံစံမျိုးနဲ့ ရုပ်ရှင်ကားတစ်ကားတည်တယ်။ **မနက်ဖြန်လေးများ**ပါ။ ဟိုမှာ ဇာတ်က,ရင်းသေတယ်။ ရုပ်ရှင်မှာတော့ မင်းသားက သီချင်းဆိုရင်းနဲ့ အမျိုးသားဇာတ်ရုံမှာ သေသွားတဲ့ ဇာတ်သိမ်းနဲ့ ဇာတ်လမ်းတင်တာပါ။ ဇာတ်လမ်းစိစစ်ရေးက စင်ပေါ်မှာ မသေရဘူးတဲ့။ သေချင်ရင် ဆေးရုံခေါ်သွား၊ ဆေးရုံကျမှ သေပေးပါတဲ့။ ကျွန်တော်ကတော့ အသေမှာ လိုက်ကာကြီးပိတ်လိုက်တာ ပြချင်တာကိုး။ ဒါကြောင့် ကျွန်တော်ဖြစ်ချင်တဲ့အတိုင်း စင်ပေါ်မှာပဲသေတော့ ဆင်ဆာတင်တဲ့အခါ ဆင်ဆာအဖွဲ့ကို မထီမဲ့မြင်လုပ်တယ်ဆိုပြီး ၆ လ ပိတ်တယ်။ ဘယ်ကပိတ်တာလဲလို့ မေးတော့ဘယ်သူမှလည်း မပြောကြဘူး။ ဆယ်ရက်လောက်ကြာပြီးမှ ဆင်ဆာအဖွဲ့ကို မထီမဲ့မြင်လုပ်လို့ ပိတ်တာဆိုပြီး အစည်းအရုံးက စာထွက်လာတာပါ။ နောက်တစ်ခါကျတော့ ကျွန်တော်ပေါ့လိုက်လို့ဖြစ်သွားတာပါ။ ပထမတုန်းက ကိုသူရက ဒီဇာတ်ရှိတယ်၊ ရိုက်ပါဆိုလို့ ရိုက်တာ။ နောက်တစ်ခေါက်ပြန်ရိုက်တော့ ဖုန်းနံပါတ်ပြောင်းသွားတဲ့အတွက် ကိုသူရပဲ ငါပြောလိုက်မယ်ဆိုပြီး ပေါ့လိုက်တဲ့အတွက် ခံရတာပါ။ အဲဒီအချိန်မှာ ကုမ္ပဏီနဲ့ အစည်းအရုံးက ပြဿနာတက်နေတော့ တည်ကြက်ထားလိုက်တယ်။ ကျွန်တော်ကတော့ ယောက်ျားပီပီ ဝန်ခံပြီး ကျွန်တော်ပေါ့တာဆိုပြီးဖြစ်ခြင်းဖြစ် ကျွန်တော်ပဲ တာဝန်ယူမယ်၊ ကျွန်တော့်ကို အပြစ်ပေးပါဆိုပြီး ကျွန်တော်အပိတ်ခံခဲ့ရတာပါ-လို့ ပြောပြခဲ့ပါတယ်။ ■ **လင်းနိုင်ဦး**




www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဟယ်ရီစတိုင်းလ်စ်ရဲ့ ဒါရိုက်ရှင်းအသစ်

ရာပြည့်

(ယခင်လမှအဆက်…)

Styles က
စားသောက်ဆိုင်ရဲ့
ဘေးကပ်လျက်က
Country Store ဆိုင်ထဲ
လမ်းလျှောက်
ဝင်သွားတယ်။
ဒီဆိုင်ကို Styles က
တော်တော်
ရင်းနှီးပြီးသားပါ။
သူက စင်တွေ
လျှောက်ကြည့်ရင်း
ဗြိတိသျှအစားအစာ
တစ်မျိုးဖြစ်တဲ့
ဆန်ပူတင်းရမလားလို့
မေးတယ်။ ဆိုင်ပေါ်မှာ
ကြာနေပြီဖြစ်ပုံရတဲ့
တင်းဘူး တစ်ဘူးကို သူ
ရှာတွေ့သွားတယ်။ ပြီးတော့ သူက
Rowntrees Fruit Pastilles တစ်လိပ်၊



Lindor Swiss Chocolate တွေနဲ့
Branstar Pickles သနပ်တစ်ပုလင်း
ကိုပါ ကောက်ယူလိုက်တယ်။
'လော့အိန်ဂျလိစ်မှာ ဗြိတိသျှ
အစားအသောက်တွေ အကုန်ရတာ
နှစ်ဆိုင်ပဲရှိတယ်။ ဒီဒေသက
ကိုယ်စားချင်တာ ကိုယ်ယူလာရတဲ့
ပါတီပွဲမျိုးပဲ' လို့ သူက
ငွေရှင်းကောင်တာပေါ် ပစ္စည်းတွေ
တင်ရင်း ပြောပြပါတယ်။
ငွေကိုင်စာရေးက ပစ္စည်းတွေ
တန်ဖိုးတွက်နေရင်းက
'ခင်ဗျား Harry Styles
မဟုတ်လား' လို့ မေးလာတယ်။
'ဟုတ်တယ်လေ'
'ဆယ်လ်ဖီတစ်ပုံလောက်
တွဲရိုက်လို့ရမလား'
Styles က သဘောတူလိုက်ပြီး
ကောင်တာပေါ် ကိုယ်ကို
ကိုင်းပေးထားလိုက်တယ်။
ကင်မရာ 'ကလစ်' ခနဲ
အသံမြည်သွားတယ်။ ပြီးတော့မှ
Laurel Canyon ဘက်ကို
ပြန်ထွက်လာကြတယ်။
'ဟေး…'
စတိုးဆိုင်အပြင်ဘက် ခုံတန်း
တစ်ခုပေါ်မှာ ထိုင်နေတဲ့
လူတစ်ယောက် ယောက်က
လှမ်းအော်မေးလာတယ်။
'မင်း ဘယ်သူနဲ့တူတယ်
ဆိုတာ သိရဲ့လား'
Styles က စတိုးဆိုင်ဘက်
ပြန်လှည့်တယ်။ ထပ်ပြော
လာမလားလို့ မျှော်လင့်ထားတာပေါ့။
ဒါပေမဲ့ အထင်နဲ့ အမြင်လွဲပါတယ်။
'River Phoenix နဲ့တူတယ်' လို့
အဲဒီလူက ဆိုလာတယ်
(River Phoenix က အသက်
၂၃ နှစ်အရွယ်ရှိ ၁၉၉၃ ခုနှစ်ထဲမှာ
မူးယစ်ဆေးဝါး အလွန်အကျွံ
သုံးစွဲမှုကြောင့် ကွယ်လွန်ခဲ့ရတဲ့
အမေရိကန် အဆိုတော်
ရုပ်ရှင်မင်းသားတစ်ယောက်ပါ)။

www.burmeseclassic.com

www.burmeseclassic.com

'မင်း သူ့ကို ကြားဖူးရဲ့လား၊ သူသာ မသေသေးဘဲ ရှိမယ်ဆိုရင် မင်းကို ငါက River Phoenix လို့ ပြောမိမှာပဲ။ အရည်အချင်းရှိတဲ့လူတစ်ယောက်ပါ'

'ဟုတ်ပါတယ်။ သူက လူတော်တစ်ယောက်ပါ'။ မျိုးဆက်ကွာခြားမှုအရ Phoenix နဲ့ ဆန့်ကျင်ဘက်တွေ အများကြီးရှိနေတဲ့ Styles က လိုက်လျောညီထွေပဲ ပြန်ပြောလိုက်ပါတယ်။

ကားဆီကို Styles ပြန်လျှောက်မသွားခင် သူတို့နှစ်ယောက်ကြားမှာ ခဏငြိမ်ကျသွားခဲ့ရတယ်။ အင်္ဂလိပ်မုန့်တွေ အပြည့်ထည့်ထားတဲ့ အိတ်ကို Styles က စာရေးသူဆီ ကမ်းပေးလာတယ်။ 'ဒါက ခင်ဗျားအတွက်ပါ။ ကျွန်တော့်ရဲ့လူငယ်ဘဝပဲ'

Harry Edward Styles ကို အင်္ဂလန်နိုင်ငံ Worcestershire ဒေသမှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ မွေးနေ့ မွေးနံက အင်္ဂါနေ့ပါ။ အင်္ဂါနေ့ နေ့လယ်ပိုင်းမှာ မွေးခဲ့ပါတယ်။ သူကလေးဘဝမှာပဲ မိသားစုက အင်္ဂလန်မြောက်ပိုင်း Cheshire ဒေသကိုပြောင်းရွှေ့ခဲ့ကြတယ်။ သူ့အစ်မ Gemma က စာကြမ်းပိုးပေါ့။('အစ်မက ကျွန်တော့်ထက် အမြဲတမ်း ပိုတော်တာလေ။ ကျွန်တော်ကလည်း အဲဒါကို အမြဲပဲ မနာလိုခဲ့ရတာ')

ဖခင်ဖြစ်သူ Desmond က ဘဏ္ဍာရေး ဝန်ထမ်းတစ်ယောက်ပါ။ သူက Rolling Stones, Fleetwood Mac, Queen, Pink Floyd စတဲ့ အဆိုတော်တွေ၊ ဂီတအဖွဲ့တွေကို နှစ်သက်တဲ့ ပရိသတ်တစ်ယောက်ပါ။ သူငယ်ငယ် လမ်းလျှောက်စမ်းစအရွယ်မှာ Pink Floyd ရဲ့ *The Dark Side of the Moon* ကို ကြားနေခဲ့ရတာပေါ့။ 'ကျွန်တော်

သီချင်းကို နားလည်တတ်တာမဟုတ်
ဘူး'လို့ Styles က ပြောပြပါတယ်
ဒါပေမဲ့ အဲဒီသီချင်းက အရမ်းကောင်
တယ်ဆိုတာကိုပဲ မှတ်မိနေတာ။ ပြ
တော့ ကျွန်တော့်အမေကလည်း Shan
Twain, Savage Garden, Norah Jon
တို့ရဲ့ သီချင်းတွေ အမြဲနားထောင်တ
လေ။ ကျွန်တော့်ရဲ့ ကလေးဘဝ
တကယ်ကောင်းခဲ့တာကို ဝန်ခံရမှာပ

ဒါပေမဲ့ တကယ်တမ်းမှာ အားလုံ
ပြည့်စုံတဲ့ဘဝ မဟုတ်ခဲ့ပါဘူး။ Har
အသက် ခုနစ်နှစ်အရွယ်မှာ သူ့မိဘတွေ
က သူ့ကို ရှင်းပြလာတယ်။ Des လို့ခေ
တဲ့ သူ့အဖေက မိသားစုဆီကနေ ထွ
သွားရတော့မယ်ဆိုတာ ပြောပြခဲ့ကြတ
ပါ။ အဲဒီတုန်းကအကြောင်းကို အခု
ပြန်မေးလိုက်ရင်တောင်မှ သူက
တည့်တည့်ကို ငူငူကြီး ငေးကြည့်နေတ
ပါတယ်။ 'ကျွန်တော် မမှတ်မိတော
ဘူး'လို့ သူကဆိုတယ်။ 'ရိုးရိုးသားသ
ပြောတာပါ။ အဲဒီလောက် အသက်င
ငယ်လေးနဲ့ဆိုတော့ ခင်ဗျားဆိုရင်လည်
မေ့မှာပဲလေ။ အဲဒီတုန်းကအကြော
တွေကို ကျွန်တော် အတိအကျ မှတ်
တယ်လို့ မပြောနိုင်ပါဘူး။ ဒီကိစ္စ
အခုလေးတင်ဖြစ်ခဲ့တာမျိုးလို့ ကျွန်တေ
နားလည်လက်ခံလို့မရဘူး။ ဟုတ်
တယ်၊ ကျွန်တော်ပြောချင်တာက အဲ
အချိန်မှာ ကျွန်တော့်အသက် ခုနစ်နှ
သေးတယ်။ ဒါက အဲဒီတုန်းကဖြစ်
တာတွေထဲက တစ်ခုပဲ။ မိဘတွေရဲ့
ပေးမှုနဲ့ ချစ်ခင်မှုကိုခံစားရတဲ့စိတ်ကတေ
ဘယ်တုန်းကမှ ပြောင်းလဲမသွားပါဘူ

Styls ရဲ့ မျက်လုံးအိမ်မှာ မျက်ရ
တွေ စို့လာနေပေမဲ့ One Direct
နာမည်ကြီးခါစက အင်တာနက်ပေါ
ဝေဖန်ပုတ်ခတ်မှုတွေကို ရင်ဆိုင်ခဲ့ရ
လူငယ်လေးတစ်ယောက်နဲ့တော့ မတူ
ဘူး။ အဲဒီတုန်းက သူ့ရဲ့ တုံ့ပြန်ပုံတွေ
**A Year in the Making** အမည်ရ
တမ်းရုပ်ရှင်ဇာတ်ကားမှာ မြင်
ပါ။ ဒီညမှာတော့ Styles က အတိ
က အစွဲအလမ်းတွေအကြောင်း ပြန်



www.burmeseclassic.com

www.burmeseclassic.com




ဖြစ်ပါတယ်။ သူက ဖခင်ဖြစ်သူနဲ့ အခု ဆက်ထိ ရင်းနှီးတဲ့ဆက်ဆံရေး ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်မှာ Stylesရဲ့မိခင် နောက်အိမ်ထောင်ပြုတဲ့ အချိန်မှာတောင် သူ့ဖခင်က အရင်းနှီးဆုံး မိတ်ဆွေအဖြစ် ဝင်ရောက်ဆောင်ရွက်ပေးခဲ့ပါတယ်။ 'ကျွန်တော့်အသက် ဆယ်နှစ်အရွယ်က တည်းက ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အမေ ကို ကာကွယ်ပေးရမယ်လို့ စိတ်ထဲမှာ ခံစားနေခဲ့ရတာ။ ကျွန်တော့်အမေက အချမ်းကို စိတ်ဓာတ်ကြံ့ခိုင်တယ်။ အကြင်နာတတ်ဆုံး နှလုံးသားပိုင်ရှင် တစ်ဦးဖြစ်ပါတယ်။ (Cheshireမှာရှိတဲ့) အမေ့အိမ်ဟာ ကျွန်တော်အချိန်ဖြုန်းချင် တဲ့အခါတိုင်းသွားချင်ခဲ့တဲ့နေရာပါပဲ'

ဆယ်ကျော်သက်ဘဝ အစောပိုင်း အရွယ်တုန်းက Stylesဟာ ကျောင်းနေ ဖက် သူငယ်ချင်းတွေရဲ့ နာမည်ကျော် White Eskimo ဂီတအဖွဲ့နဲ့ လက်တွဲခဲ့ပါ တယ်။ 'ကျွန်တော်တို့ သီချင်းနှစ်ပုဒ် ရေးဖြစ်ခဲ့တယ်' လို့ သူက မှတ်မှတ်ရရ ပြန်ပြောပြတယ်။ သီချင်းတစ်ပုဒ်ရဲ့ နာမည်က *Gone in a Week* ဖြစ်ကြောင်း၊ ကျောင်းသစ်ကိုသွားတော့မယ့်အချိန်မှာ အတ်အစားတွေ၊ ဖိနပ်တွေ၊ အထုပ်အပိုး သယ်ဖို့မလိုကြောင်း၊ သူလိုတဲ့ အထုပ် ထဲက သူ့ချစ်သူမိန်းကလေးသာဖြစ် ကြောင်း ရေးဖွဲ့ထားပုံကို Styles က ရယ်မောမောနဲ့ ပြန်ပြောပြခဲ့ပါတယ်။

X Factor UK ရုပ်/သံအဆိုပြိုင်ပွဲ ဝင်ပြိုင်ဖို့ တိုက်တွန်းခဲ့သူက သူ့ရဲ့ အမေပါ။ ယောကျ်ားလေးတစ်ယောက် ချင်း အဆိုကဏ္ဍမှာ ဝင်ပြိုင်ဖို့ သူ့အမေက လျှောက်ပေးခဲ့တာဖြစ်ပါတယ်။ Styles က အဆိုတော်ကြီး Stevie Wonder ရဲ့ *Isn't She Lovely* အမည်ရသီချင်းကို သီဆို ပြိုင်ခဲ့တာပါ။ အကဲဖြတ်ဒိုင်အဖွဲ့ထဲ က Louis Walsh ဆိုသူရဲ့ ခွင့်မလွှတ်တတ် တဲ့ ငြင်းပယ်မှုဟာ အခုအခါမှာအတော်လေး ထင်ရှားကျော် ခဲ့ပါတယ်။ ပရိသတ် ရဲ့ အားကျုံးပါးလျှက်နဲ့ ပြိုင်ပွဲကနေ ထွက် ခဲ့ရတဲ့ လူငယ်လေး Harry ရဲ့ မီဒီယို ကို အခုနေပြန်ကြည့်မိရင် ပူလောင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်ထိပ်ဖူးတစ်ခုကို ကိုင်မိသလို နေမှာပါပဲ။ 'အဲဒီအခိုက်အတန့်လေးမှာ လေပွေ အမွှေခံလိုက်ရသလိုပါပဲ။ ဘာဖြစ်သွားတယ်ဆိုတာ မှန်မှန်ကန်ကန် မသိလိုက်နိုင်ဘူး။ ကိုယ်ကစင်ပေါ်မှာ ကလေးတစ်ယောက်ပဲလေ။ ဘယ်နေရာမှာ အားသာချက်ရှိတယ် ဆိုတာကို တောင် သိတာမှမဟုတ်တာ။ ကားထဲမှာ သီချင်းအော်ဆိုတာ ကောင်းတယ်လို့ အမေကပြောလို့သာ ဝင်ပြိုင်ရတာလေ။ ဒါပေမဲ့ အမေကတော့ အားပေးစကားပြောပါတယ်။ အဲဒီမှာ ဝင်ပြိုင်တုန်းက ဘာကိုမျှော်လင့်ရမယ်ဆိုတာတောင် မသိခဲ့ရိုး အမှန်ပါ' Styles က ပြိုင်ပွဲမှာ နောက်တစ်

ဆင့်တက်ခွင့်မရဘဲ နှုတ်ထွက်ခဲ့ရပေမဲ့ X Factor ဖန်တီးရှင် Simon Cowell က Styles မှာ ပရိသတ်ရှိတာကို သတိပြုမိခဲ့ပါတယ်။ သူက Styles နဲ့အတူ ပြိုင်ပွဲဝင်တွေထဲက သူ့လိုပဲ ရှုံးနိမ့်ထွက် ခွာလာကြရတဲ့ တခြားလေးယောက်နဲ့ ပေါင်းစည်းပေးလိုက်တယ်။ အရှုံးသမားတွေနဲ့ ဖွဲ့စည်းပေးလိုက်တဲ့ One Direction ဟာ အလုပ်ဖြစ်ခဲ့ပြီး အောင်မြင်သထက် အောင်မြင်လာတော့တာပါပဲ။

ငယ်ရွယ်တဲ့ ဂီတသမားတစ်ယောက်ဟာ ရှုပ်ထွေးလှတဲ့ဂီတလောကကြီးထဲမှာ အခုအချိန်အထိ အောင်အောင်မြင်မြင် ရပ်တည်နိုင်ခဲ့တာအံ့ဩစရာပါ။ လိင်အရှုပ်တော်ပုံ တိပ်ခွေဆိုတာလည်း ထွက်မလာသလို TMZ လို အနုပညာသည်တွေရဲ့ အတင်းအဖျင်းတွေဖော်ပြလေ့ရှိတဲ့ မဂ္ဂဇင်းတွေရဲ့သားကောင်ဘဝ လည်း မကျရောက်ခဲ့ဖူးပါဘူး။ ကလေးထိန်း အမျိုးသမီးက ငယ်ကျိုးငယ်နာတွေ ဇာတ်ကြောင်းလှန်ပြောထားတဲ့ စာအုပ်တွေလည်း ထွက်မလာခဲ့ဘူး။ လူတစ်ယောက်ကို အရှုပ်တော်ပုံတစ်ခုထဲ လွယ်လွယ်ကူကူ ဆွဲသွင်းသွားနိုင်တဲ့ ဒီလိုလောကကြီးမျိုးထဲမှာ Harry က ဘယ်လိုခွန်အားမျိုးနဲ့များ ဖြတ်သန်းရပ် တည်နိုင်ခဲ့တာပါလဲ။

'မိသားစုကောင်းလို့ပေါ့' လို့ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ Ben Wins က အဖြေပေးပါတယ်။ 'ဒါက သူ့အမေ Anne ဆီကလာတာပဲ။ သူက ဒီမော နှမနှစ်ယောက်ကို မယုံချင်စရာကော လောက်အောင် ကောင်းကောင်းကြီး ထောင်ပေးနိုင်ခဲ့တာ။ Harry က စိတ် လှုပ်ရှားစရာနဲ့ ငြီးငွေ့စရာဆိုရင် ငြီး စရာကောင်းတာကိုပဲ ရွေးမယ့်သူပါ

စာရေးသူတို့က ဟောလိဝုဒ်မှာ တဲ့ Television City ကို ရောက်နေ တာ။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ် Winston က The Late Late S with James Corden ဆိုတဲ့ ရုပ်သံ အစဉ်ထုတ်လုပ်သူ Emm ရုပ်/သံ ချွန်ဆုရတစ်ယောက် ဖြစ်ပါတယ်။

www.burmeseclassic.com

အလုပ်စားပွဲကနေ ထ,လာပြီး အနား
ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ရင်း သူ့ရဲ့
ငယ်ချင်းကောင်းတစ်ယောက်ဖြစ်တဲ့
lesနဲ့စကားလာပြောပါတယ်။ Styles
ထင်မှတ်မထားဘဲနဲ့ Winston ရဲ့
မ်မှာ ဧည့်သည်တစ်ယောက်အဖြစ်
ခဲ့ရဖူးပါတယ်။

One Direction အဖွဲ့ အောင်မြင်
အချိန်တွေမှာ နှစ်ယောက်သား
င်းနီးလာခဲ့ကြတာပါ။ X Factor အစီ
ဉ်မှာ One Direction ရဲ့ ပွဲဦးထွက်
င်ဆက်မှုတွေ စတင်ခဲ့တဲ့ အချိန်က
ည်းက ဆိုပါတော့။ အဲဒီတုန်းက
ရှင်ဒါရိုက်တာတစ်ယောက်ဖြစ်တဲ့
nston နဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်
mes Corden တို့က တွေ့ဆုံခွင့်တောင်း
ခဲ့ပြီး မကြာခင်မှာဘဲ One D အဖွဲ့က
ည် အရမ်းကြီးလာခဲ့ပါတယ်။
nston က Styles ရဲ့ ဆရာတစ်ပါးလို
ည်းဖြစ်လာပြီး သိပ်မကြာခင်မှာဘဲ
တို့နှစ်ဦးရဲ့ ရင်းနီးမှုကို စမ်းသပ်မယ့်
တစ်ခု ပေါ်လာခဲ့တယ်။ Styles က
ရှိခရီးလောက် အလှမ်းကွာဝေးတဲ့
လန်မြောက်ပိုင်း၊ Cheshire ကနေ
ရတာ သိပ်အဆင်မပြေတော့
းစုနေအိမ်ကနေ ပြောင်းရွှေ့လာ
တ်တယ်။ Hampstead Heath အရပ်
inston တို့ နေအိမ်နဲ့နီးတဲ့နေရာမှာ
ဘောကျတဲ့ အိမ်တစ်လုံးတွေ့တယ်။
သစ်က သီတင်းနှစ်ပတ်လောက်
အောင် ပြင်ရဆင်ရဦးမှာလေ။
က အိမ်ပြင်နေတုန်း Winston တို့
မှာ ခဏလောက်လာနေလို့ရမလား
ာတယ်။ Winston နဲ့ ဇနီးသည်
ith တို့ဆီမှာ ခွင့်ပန်ရတာပေါ့။
on ကပြောလာတယ်။ 'Meredith
သဘောတူပါတယ်။ ဒါပေမဲ့
င်းနှစ်ပတ်ပဲနော်'။

Styles က သူ့မွေ့ရာကို Winston
ကွပ်ပျစ်တစ်လုံးပေါ်ခင်းပြီး အိပ်
'သီတင်းနှစ်ပတ်ကြာပြီးတော့
သူက အိမ်မဝယ်ရသေးဘူး' လို့
on က ဆက်ပြောပြလာတယ်။

နောက်တော့ Styles က ထပ်ပြောလာပြန်တယ်။ 'စိတ်မရှိဘူးဆိုရင် ခရစ္စမတ်အထိ ဒီမှာနေလို့ရမလား'။ ဒီလိုနဲ့ ခရစ္စမတ်ပြီးသွားတော့လည်း နေမြဲပါပဲ။

ကမ္ဘာမြေပေါ်မှာ ပရိသတ်တွေ အတောင့်တဆုံး စူပါစတားတစ်ယောက်ဖြစ်တဲ့ Styles ဟာ ကွပ်ပျစ်လေးတစ်ခုမှာ မွေ့ရာငယ်လေးတစ်ချပ်ခင်းပြီး နောက်ထပ် လပေါင်းနှစ်ဆယ်လောက်ကြာတဲ့အထိ Winston အိမ်မှာ နေသွားခဲ့တယ်။ သူ့မှာ တခြားပါလာတာဆိုလို့ အကျႌစတစ်ဂစ်တာတစ်လက်ပဲ ရှိတယ်။ ဂစ်တာသံက Winston အိပ်ခန်းအထိ ပျံ့လွင့်လာတတ်ပါတယ်။ ပရိသတ်တွေက သူမနေတဲ့ အိမ်အလွတ်ကြီးမှာ စုဝေးရောက်ရှိနေချိန်မယ် သူကတော့ သူ့ထက် အသက် ၁၂ နှစ်လောက်ကြီးတဲ့ Winston တို့ စုံတွဲနဲ့ အတူနေနေခဲ့တာပါ။ Orthodox Jew တစ်ယောက်ပီသတဲ့ နေထိုင်မှုပုံစံအောက်မှာ နေထိုင်တာဟာ Styles အတွက် မိသားစုကောင်းတစ်ခုနဲ့အတူ နေခွင့်ရခဲ့တာပါပဲ။

'အဲဒီလပေါင်းနှစ်ဆယ်ဟာ X Factor ကနေထွက်လာခဲ့ရာကနေ ကမ္ဘာမှာ ရောင်းအားအကောင်းဆုံး အဆိုတော်ဖြစ်လာခဲ့တဲ့ကာလပါပဲ' လို့ Winston က ပြန်ပြောပြပါတယ်။ 'အဲဒီကာလတွေထဲမှာ သူဟာ ကျွန်တော်တို့နဲ့အတူ အဆောင်နေပုံစံမျိုးနဲ့ နေခဲ့တာပါ။ ဒါကို ဘယ်သူမှ မသိခဲ့ကြဘူး။ တကယ်ပြောတာပါ။ ကျွန်တော်တို့အပြင်ထွက်စားကြသောက်ကြတဲ့အခါမှာတောင် အိမ်နီးချင်းတွေက ချစ်စရာမိသားတစ်စုလို့ပဲမြင်ခဲ့ကြတာ။ သူက Harry Styles ဖြစ်တယ်ဆိုတာ ဘယ်သူကမှ အိပ်မက်တောင် မမက်ခဲ့ကြဘူး။ ဒါပေမဲ့ သူက ကျွန်တော်တို့အိမ်ကို သူ့ရဲ့အမြဲတမ်းနေအိမ်လိုပဲ နေသားကျခဲ့ပါတယ်။ သူရွှေ့သွားတော့ စိတ်ထဲတောင်မကောင်းဘူး'

Styles က Late Late Show ရုံးခန်းကိုလည်း အလည်အပတ် ရောက်လာတတ်ပါတယ်။ သူက ပုံမှန်လာရောက်လည်ပတ်တတ်သူဖြစ်ပြီး Winston နဲ့လည်း အတွဲညီလှတယ်။

'စနေနေ့ သွားမှာလား၊ ဟယ်ရီ'

'ဟုတ်တယ် ဝင်စတန်။ သူငယ်ချင်းတစ်ယောက်အတွက် မွေးနေ့လက်ဆောင်ပေးဖို့ ကန္တာရဆူးပင်တစ်ပင်လောက် ဝယ်မလို့'

'ကိုယ့်အဖေလည်း မင်းနဲ့ လေယာဉ်တစ်စင်းတည်းပဲ ဟယ်ရီ'

'ရှစ်နာရီငါးဆယ် လေယာဉ်လား၊



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်စရာပဲ'

Winston က Styles နဲ့ သူ့ကွပ်ပျစ်အကြောင်း အပါအဝင် ရယ်စရာမောစရာတွေ ဆက်ပြောပြပါတယ်။

'ကိုယ်နဲ့ Meri တို့က မင်းအိမ်ပြန်လာရင် ခေါ်လာမယ့် ကောင်မလေးတွေကို မြင်ဖူးချင်ကြတာ။ အဲဒီလို ခိုးကြည့်ရတာကို တို့တွေက သဘောကျတယ်လေ။ မျက်နှာပေါ်မှာ ညအိပ်ခရင်မ်တွေ ဟိုတစ်တို့၊ ဒီတစ်တို့ တို့ထားတဲ့ တို့နှစ်ယောက်သား တံခါးကို အသာဖွင့်ပြီး ထွက်ကြတယ်။ လှေကားအိမ်က ကိုယ်တို့တံခါးအပြင်မှာလေ။ အဲဒီကနေ ညဘက် Harry အိမ်ပြန်လာရင် တစ်ယောက်တည်းပြန်လာသလား၊ တခြားလူတွေပါလာသလား စောင့်ကြည့်ကြတယ်'

'ကျွန်တော်တစ်ယောက်တည်းပြန်လာတာပါ' Styles ကပြန်ပြောတယ်။ 'Meri ကို ကျွန်တော်ကြောက်တယ်လေ'။

'သူက အမြဲတမ်းတော့ တစ်ယောက်တည်း မဟုတ်ဘူး'။ Winston ကစကားကို ပြန်ဆက်လာတယ်။ 'ဒါပေမဲ့ သူနဲ့အတူပါလာတဲ့ နာမည်ကျော်ထိပ်သီးအနုပညာရှင်တွေ ကွပ်ပျစ်ပေါ်မှာ အိပ်တာကိုမြင်ရတာ စိတ်လှုပ်ရှားစရာပဲလေ။ ဒါမှမဟုတ်လည်း သူက ကိုယ်တွေနဲ့ အတူလာအိပ်တတ်တယ်။ အလုပ်ကိစ္စ ဘယ်တော့မှ ပြောမနေကြဘူး။ Rio de Janeiro မြို့မှာ ပရိသတ်ရှစ်သောင်းလောက်ကို သုံးည တိုင်တိုင်ဖျော်ဖြေခဲ့ရာကပြန်လာတာ မဟုတ်တဲ့အတိုင်းပဲ။

'ကမ်းခြေကိုသွားကြရအောင်' Styles က နှင်းတွေကျနေတဲ့ ပစိဖိတ်ကမ်းရိုးတန်းအဝေးပြေးလမ်းမပေါ် Range Rover ကားကို မောင်းတက်ရင်းပြောလာတယ်။ ပြီးခဲ့တဲ့ညက သူ့ရဲ့မွေးနေ့ပွဲညပါ။ တက်ကီလာတွေ လျှံကျခဲ့တဲ့ညပေါ့။ သူငယ်ချင်းတွေနဲ့ ကာရာအိုကေဆိုကြတဲ့အပြင် အဆိုတော် Adele ကလည်း မျှော်လင့်မထားဘဲ ပေါက်ချလာတယ်။ အခုဆို သူ့အသက်က ၂၃ နှစ်ဖြစ်ပြီလေ။ 'သိပ်ပြီး အရက်နာမကျတတ်တော့ဘူး' လို့ Styles က မှတ်ချက်ပေးပါတယ်။

Styles က ဆူရှီဆိုင်တစ်ဆိုင်မှာ ရပ်တယ်။ ရှုပ်ယှက်ခတ်နေတဲ့ စားသောက်ခန်းကို ဖြတ်ပြီး အထဲကိုဝင်သွားတယ်။ သူ့ကိုမြင်လိုက်တဲ့ လုပ်ငန်းရှင်တစ်ယောက်က မှတ်မိသွားပြီး 'ကျွန်တော့်ကလေးတွေက သူ့ကို သဘောကျကြတယ်' လို့ ပြောလာတယ်။ စာရေးသူက ကလေးမိဘတွေဆီကနေ အများဆုံးကြားရတဲ့စကားက ဘာဖြစ်မလဲ မေးတော့ 'မင်းရဲ့ ကတ်ထူးချပ်ပြား အရောင်မျက်နှာကို နေ့တိုင်းတွေ့နေရတာပဲလို့ ပြောကြတာ' လို့ ဖြေပါတယ်။ Styles က ရယ်နေတယ်။ 'သူတို့ကို ကျွန်တော်က တောင်းပန်စေချင်တယ် ထင်ပါရဲ့' လို့ ရယ်ကျဲကျဲနဲ့ ဆိုတယ်။

ဒီကနေ့ ပြောကြမယ့် အကြောင်းအရာက အချစ်ရေးအကြောင်းပေါ့။ သူက အချစ်ရေးမှာ အစိမ်းသက်သက်လို့ ပြောပေမဲ့ လက်တစ်ဆုပ်စာ အချစ်ရေးကိစ္စတွေက သူ့အပေါ် နက်နက်နဲနဲ သက်ရောက်မှုရှိခဲ့ပါတယ်။ ခံစားချက်တွေက သီချင်းသစ်တွေထဲမှာ ပေါ်လွင်လာခဲ့တယ်။ သူ့လက်ထဲမှာကိုင်ထားလေ့ရှိတဲ့ အနက်ရောင်မှတ်စုစာအုပ်လေးက အဲဒီလို စာသားတွေမှတ်ထားတဲ့ စာအုပ်ပဲ။

'ကျွန်တော့်ရဲ့ ပထမဆုံး ချစ်သူမိန်းကလေးက အဲဒီလို ရယ်စရာမျိုးတွေ ရှိတတ်ပါတယ်။ သူက နည်းနည်းထူးဆန်းတာလည်းရှိတယ်။ ဘာလို့လဲဆိုတော့ သူက ကျွန်တော်တို့ကျောင်းမှာ တက်တာ မဟုတ်ဘူးလေ။ ကျွန်တော်က သူနင်းလျှောက်သွားတဲ့ မြေပြင်ကို ဦးညွှတ်တယ်။ ဒါကို သူက သိတယ်။ မတော်တဆ သိသွားတာဖြစ်မှာပါ။ ဒါမျိုးက ခက်ခဲတဲ့အလုပ်ပါ။ အဲဒီတုန်းက ကျွန်တော့်အသက်က ၁၅ နှစ်။

'သူက ရထားပေါ်မှာ အချိန်တစ်နာရီခွဲလောက်ကြာအောင် စီးရတာ။ ကျွန်တော်က ကိတ်မုန့်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်တာ သုံးနှစ်လောက်ရှိမယ်။ စနေဆိုရင် အလုပ်က လေးနာရီခွဲမှာ ဆင်းတယ်။ ရထားက လေးနာ[ရီ] လေးဆယ့်နှစ်မိနစ်မှာ ထွက်တယ်။ ဒီရထားလွတ်သွားရင် နောက်ထ[ပ်] တစ်နာရီ၊ နှစ်နာရီလောက်ကြာ အော[င်] စောင့်ရမယ်လေ။ ဆိုတော့ အလုပ်ပြ[ီး] တာနဲ့ ဘူတာရုံကို ကျွန်တော် ပြေးတော့ တာပဲ။ ကျွန်တော်ရတဲ့ လခရဲ့ ခုန[စ်] ဆယ် ရာခိုင်နှုန်းလောက်က ရထား လက်မှတ်ဝယ်တာနဲ့ ကုန်တာပဲ။ နော[က်] ပိုင်းမှာ ကျွန်တော်က သူ့ရဲ့ ရေမွှေးနံ့[ကို] မှတ်မိလာတယ်။ အသေးအမွှားလေ[း] တွေပါ။ ကျွန်တော် အဲဒီရေမွှေးနံ့[ကို] တစ်ချိန်လုံးရနေတယ်။ ဓာတ်လှေကား ထဲမှာပဲဖြစ်ဖြစ်၊ ဒေ့ညိုကြိုကောင်တာမှာ ဖြစ်ဖြစ် တစ်ယောက်ယောက်ကိုတွေ့ရ[င်] ဂျိုပ်ဟ်သားလားလို့ မေးတတ်တယ် တချို့က ဒီလိုမေးတာ သဘောကျပေ[မဲ့] တချို့ကျတော့လည်း လန့်သွားတတ်[ကြ] တာလေ။ အနံ့တွေ မပေးပါနဲ့တော့လာ[း]

နိုင်ငံတကာ ဆိုရှယ်မီဒီယာတွေ[မှာ] ကျင့်သားမရသေးတဲ့ Styles ဟာ ၂၀[၁၂] ခုနှစ်ထဲမှာ စမ်းသပ်ခံခဲ့ရပါတယ်။ [ဆု] ပေးပွဲတစ်ခုမှာ အဆိုတော် Taylor S[wift] နဲ့ တွေ့ခဲ့တဲ့အချိန်ပေါ့။ သူတို့နှစ်ယော[က်] ဒုတိယအကြိမ်အဖြစ် Central Park [မှာ] ဆုံတွေ့ဖြစ်ကြတဲ့အခါမှာ သတင်းမှ[ီ] ပါပါရာဇီတွေ တွေ့သွားကြပြီး ချက်ချ[င်း] ပဲ နိုင်ငံတကာစာမျက်နှာတွေထက်[မှာ] ဟိုးလေးတကျော်ဖြစ်ခဲ့ရတယ်။ နော[က်] လမှာ သူတို့လမ်းခွဲကြတယ်။ ကယ်[ရစ်] ဘီယန်အပန်းဖြေခရီး ပြီးတဲ့နောက်[မှာ] ပေါ့။ သူတို့နှစ်ယောက်ရဲ့ဇာတ်လမ်း[ကို] အနည်းဆုံးတစ်ယောက်တော့ အသ[ည်း] ကွဲ ကျန်ရစ်တယ်လို့ ပြောကြတာပါ[ပဲ]

အချစ်ရေးကိစ္စအကြောင်းက [ဆွေ] နွေးဖို့ရာ သူ အမြဲငြင်းဆိုခဲ့တဲ့အကြော[င်း] အရာဆိုတာ လူတိုင်း သိကြပါတယ[်] 'ကျွန်တော် အပေါ့သွားလိုက်ဦးမယ်[။] ဇာတ်လမ်းကရှည်မှာ' လို့ သူက ဆိုတ[ယ်။] သူက အိမ်သာကိုထ,သွားပြီးမှ ထပ်[ပြီး] ပြောလာတယ်။ 'တကယ်တော့ [ကျွန်တော်] အပေါ့သွားဖို့ ထ,သွားပြီးပြန်ကိုမ[လာ] တော့ဘူးလို့ ရေးလိုက်လို့ရပါတယ်[။]'

www.burmeseclassic.com

www.burmeseclassic.com

နှစ်မိနှစ်လောက်နေတော့ သူပြန်ပါတယ်။ 'ကျွန်တော် ခင်ဗျားကို ပြန်အောင်လုပ်လိုက်မိပြီထင်တယ်' သူက ရယ်ရယ်မောမောပြောရင်းနဲ့ အစိမ်းရောင်ဖျော်ရည်တစ်ခွက် ကောက်လိုက်တယ်။ Central Park ထဲက သူတို့နှစ်ယောက် ဓာတ်ပုံတွေ၊ တစ်ရွာလုံးပျံ့နှံ့သွားတာက သူ့ကို အံ့အားသင့်သွားစေတယ်လို့ သူက ဆိုတယ်။ 'အဲဒီနေ့က ဓာတ်ပုံတွေမြင်လိုက်ရချိန်မှာ အချစ်ရေးဆိုတာ ဘယ်အသက်အရွယ်မှာပဲဖြစ်ဖြစ် ခက်ခဲတယ်လို့ ကျွန်တော် တွေးလိုက်မိတယ်။ ဒါတင်မကပါဘူး။ အသက် ၁၈ နှစ်လောက်အရွယ်မှာ။ အဲဒီကိစ္စက ဘယ်လောက်သွားမယ်ဆိုတာကို ခင်ဗျား သေသေချာချာ မသိနိုင်ဘူးလေ။ ဆိုလိုတာက နှစ်ဆိုတဲ့ အသက်အရွယ်ဟာ အချစ်အတွက် နည်းနည်းတော့ ကိုးရိုးရားနိုင်ဦးမယ်လို့ပါ။ ကိုယ်သဘောတဲ့သူတစ်ယောက်နဲ့ ချိန်းတွေ့တာပဲ။ လောက်လွယ်နိုင်ပါ့မလား။ ဒါက သင့်တာသက်သက်ပါပဲ။ ဒါပေမဲ့ သားထဲမှာတော့ သာမန်တွေ့ဆုံမှု လိုလားပါတယ်'

*Out of the Woods* နဲ့ *Style* ဆိုတဲ့ Taylor Swift ရဲ့ သီချင်းနှစ်ပုဒ်ဟာ သူနှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကြောင်း ရေးထားတာလို့ ဆိုကြတာပါတယ်။ (*Style* ဆိုတဲ့ သီချင်းထဲမှာ ရှည်နောက်ပြန်ဖြီးထားပြီး တီရှပ်ရောင်ဝတ်ထားသူဆိုပြီး သူ့ကို သွန်းရေးသားခဲ့ပါတယ်။) 'ကျွန် ပြောချင်တာက ဒီသီချင်းဟာ တော့်အကြောင်းရေးတာ ဟုတ်, တ် ကျွန်တော် မသိဘူးဆိုတာပါ။ မဲ့ ပြဿနာက သူက တကယ် တာ။ အဲဒီသီချင်းဟာ သွားလေရာ ကြားနေရတော့တာပဲ။ ကျွန်တော် င်းရေးရင်း ကိုယ့်ရဲ့ အတွေ့အကြုံ ရ ရေးတာဖြစ်ပါတယ်။ လူတိုင်း ကျွန်တော့်လို ရေးတာပါပဲ။ တော်တို့ဖြတ်သန်းခဲ့သမျှ) အဲဒီ အဖြစ်အပျက်တွေက သီချင်းတွေဖြစ်လာတယ်ဆိုရင် ကျွန်တော် ကံကောင်းတာပေါ့။ ဒါမျိုးက ရင်ထဲစွဲသွားစေတာမျိုးပါ။ ပြီးတော့ ဒီအကြောင်းက ကျွန်တော် အပြောအနည်းဆုံးလည်း ဖြစ်တယ်။ ဒါက လူနှစ်ယောက်အကြောင်းပါပဲ။ တခြား ဘယ်သူ့ကိုမှ အရာရာဖွင့်ပြောပြနေမှာ မဟုတ်ပါဘူး' (ပရိသတ်တွေက One Direction အဖွဲ့အတွက် Styles တွဲဖက်ရေးသားပေးတဲ့ *Perfect* အမည်ရ သီချင်းဟာ Taylor Swift အကြောင်းဖြစ်နိုင်တယ်လို့ သုံးသပ်ကြတာဖြစ်ပါတယ်။)

အဲဒီသီချင်းတွေကို သူသဘောကျတယ်လို့ Swift ကိုပြောခဲ့ဖူးသလား မေးတဲ့အခါမှာ Styles က 'ပြောလည်း ပြောဖူးတယ်။ ပြောလည်း မပြောဖူးဘူး' လို့ ဆိုပါတယ်။ ခဏကြာအောင် သူက စကားပြောရပ်ထားပြီးမှ ပြန်ဆက်လာတယ်။ 'အဲဒီသီချင်းတွေ ကောင်းတဲ့အကြောင်းပြောပြဖို့ရာ ကျွန်တော့်ကို သူက မလိုအပ်ပါဘူး။ သီချင်းတွေက သီချင်းကောင်းတွေပါ။ ဒီသီချင်းတွေဟာ ပါးစပ်နဲ့ပြောတာ မဟုတ်တဲ့ အကောင်းဆုံးစကားပြောတွေပါပဲ'

Swift နဲ့ပတ်သက်ပြီး ဒီကနေ့ ပြော



www.burmeseclassic.com

ww.burmeseclassic.com

ချင်တာ ဘာများရှိသေးလဲလို့မေးတဲ့အခါမှာ Styles က "ဒီနေရာမှာ ကျွန်တော်ထ,ထွက်သွားတာဖြစ်နိုင်တယ်နော်" လို့ ခပ်ပြုံးပြုံးပြောလာတယ်။ နောက်ဆုံးတော့ "ကျွန်တော် မသိဘူး" လို့ ဖြေလာတယ်။ "တချို့အရာတွေက အလုပ်မဖြစ်ပါဘူး။ မှန်လည်းမှန်တယ်၊ မှားလည်းမှားနေတုန်းပဲလို့ ဆိုတဲ့အရာတွေ အများကြီးရှိပါတယ်။ အဲဒီလို အကြောင်းအရာတွေကို သီချင်းရေးရတဲ့အခါမှာ ကျွန်တော်က *Time Together* ဆိုတဲ့ သီချင်းကို ဂါရဝပြုချင်ပါတယ်။ တကယ်အားကောင်းတဲ့ အချက်အလက်တစ်ခုကို အောင်ပွဲခံနေတာ၊ ပြီးတော့ "ဒါက အလုပ်ဖြစ်မှာ မဟုတ်ပါဘူး၊ အလကားပါ" ဆိုတာမျိုးထက် ပိုကောင်းတဲ့ စိတ်ခံစားမှုတစ်ရပ်ကို ရရှိစေတာပါ။ လူကိုယ်တိုင်တွေ့တဲ့ အခါကျရင်တော့ ကသောင်းကနင်းဖြစ်ရင်ဖြစ်မှာ။ အရက်မူးနေတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ ဒါပေမဲ့ တစ်စုံတစ်ခုကိုတော့ မျှဝေခံစားလိုက်တာပါပဲ။ အသစ်တစ်ယောက်နဲ့တွေ့ပြီး အဲဒီ အတွေ့အကြုံတွေပြောကြရတာဟာလည်း ပျော်စရာ အကောင်းဆုံးတစ်မျိုးပါပဲ"။

Styles က မကြာသေးခင်က အချစ်ရေးကိစ္စတွေအကြောင်းလည်း မှတ်ချက်ပေးပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်အနည်းငယ်က အကြောင်းတွေကသာ အထူးခြားဆုံးပါ။ (Styles ကိုမော်ဒယ်လ် Kendall Jenner နဲ့အတူ တွေ့ဖူးကြပေမဲ့ သူကတော့ ဘာမှအတည်ပြု ပြောကြားခဲ့တာ မရှိပါဘူး။) သူက ဒီအယ်လ်ဘမ်ထဲမှာ နေရာအတော်များများယူထားတာလို့ Styles က ဆိုပါတယ်။ "တစ်ခါတလေမှာ ဦးထုပ်မြှောက်ပြီး အလေးပြုတတ်သလို၊ တစ်ခါတလေမှာတော့ ဦးထုပ်တစ်လုံးလုံးပေးပစ်လိုက်တာမျိုးလည်း ရှိတတ်ပါတယ်။ ပြီးတော့ ဒါဟာ သူတို့အတွက် သက်သက်ပေးတာဆိုတာကိုလည်းသိလိမ့်မယ်လို့ မျှော်လင့်မိတယ်"။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနှောင်းပိုင်းမှာ Styles က ဒါရိုက်တာ Christopher Nolan ရိုက်ကူးပြီး မကြာခင် ရုံတင်ပြသတော့မယ့် ဒုတိယကမ္ဘာစစ် နောက်ခံဇာတ်ကား **Dunkirk** မှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တယ်။ Nolan ဆီမှာ သူပြောတဲ့ စိတ်ဝင်စားစရာ ထူးခြားဆန်းကြယ်မှုကို Styles က မြင်ထားတယ်။ "ဒီဇာတ်ကားက ရည်မှန်းချက် တော်တော်ကြီးပါတယ်။ တချို့ပြကွက်တွေဆိုရင် ရူးတောင်ရူးလောက်တယ်၊ သူတို့လုပ်ပြထားတာ။ ပင်ပန်းလည်း တော်တော်ပင်ပန်းပါတယ်။ တကယ့်ကို အပင်ပန်းခံရိုက်ထားတာတွေပါ။ ဒါပေမဲ့ သရုပ်ဆောင်အလုပ်ကို ကျွန်တော်မြတ်နိုးတယ်။ တခြားလူတစ်ယောက်အဖြစ် သရုပ်ဆောင်ရတာကို သဘောကျတယ်။ ညဘက်ဆို နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပြီး မနက် အိပ်ရာထ,တာနဲ့ ရေထဲ ဆင်းနေရတော့တာပဲ"။

လော့စ်အိန်ဂျလိစ်ကို ပြန်ရောက်တော့ Styles က စိတ်ကူးတစ်ခုရလာတယ်။ စိတ်ကူးကတော့ လက်ရှိနေရာကနေ ထွက်သွားဖို့ပါပဲ။ Styles က သူ့မန်နေဂျာ Jeffery Azoft ကို ခေါ်လိုက်တယ်။ ပြီးတော့ သူ့အယ်လ်ဘမ်လုပ်လက်စကို လန်ဒန်အပြင်ဘက် ဒါမှမဟုတ် လော့စ်အိန်ဂျလိစ်က သူ့တီးဝိုင်းအဖွဲ့သားတွေ တစ်စုတစ်စည်းတည်း အာရုံစူးစိုက်အလုပ်လုပ်လို့ကောင်းတဲ့ တစ်နေရာရာမှာ လက်စသတ်ချင်ကြောင်း ရှင်းပြလိုက်တယ်။ **Dunkirk** ရိုက်ကွင်းက ပြန်လာပြီး နောက်လေးရက်အကြာမှာ Styles တို့တွေဟာ ဂျမေကာနိုင်ငံ မြောက်ဘက် ကမ်းရိုးတန်းက ဝေးလံခေါင်လှတဲ့ Port Antonio မြို့ဆီသွားတဲ့လမ်းပေါ် ရောက်နေကြပြီ။ Geeja က စတူဒီယိုမှာ Styles နဲ့ သူ့အဖွဲ့သားတွေအားလုံး အတူနေလို့ရတယ်လေ။ စတူဒီယိုဝင်းတစ်ခုလုံးကို Big Pink လို့ ခေါ်တဲ့ မိုင်ယာမီကမ်းခြေ စားသောက်ဆိုင်ပုံစံ ဖန်တီးပစ်လိုက်တယ်။ တူရိယာပစ္စည်းတွေ အပြည့်ထည့်ထားတဲ့ နှစ်ထပ်အဆောက်အဦတစ်လုံးမှာ နေရာယူလိုက်ကြတယ်။ သစ်လုံးအိမ်ပုံစံဆောက်ထားတဲ့ Bush Bar စားသောက်ဆိုင်ကိုလည်း သွား

ကြတယ်။ မနက်ခင်း အတော်များများ
မှာ တောင်ကုန်းခြေရင်းက ပင်လယ်
အော်ငယ်တစ်ခုမှာ ရေကူးဖြစ်ကြတယ်

ဂျမေကာမှာ နေခဲ့တဲ့အချိန်ရဲ့ ၁၀
ရာခိုင်နှုန်းလောက်က ကမ်းခြေပါတီပွဲ
ကုန်ဆုံးခဲ့ပြီး ကျန်တဲ့ ၉၀ ရာခိုင်နှုန်း
လောက်မှာတော့ အချိန်ပြည့် တီးခတ်
သီဆိုနေခဲ့ကြရတာဖြစ်ပါတယ်။ ဒါဟာ
အတိတ်ကို ဖောက်ခွဲချန်ထားရစ်ပြီး
အနာဂတ်ကို ဖွင့်လှစ်မယ့် ဂီတသမား
တစ်ယောက်အတွက် ပြည့်စုံမှန်ကန်တဲ့
လမ်းကြောင်းပါပဲ။ နောက် ဘာဖြစ်မလဲ
လို့ တွေးပူတတ်တဲ့စိတ်တွေ အဝေးကို
လွင့်ထွက်သွားပြီ။ အရင်တုန်းက မဖြစ်
ပေါ်ခဲ့ဖူးတဲ့ ခံစားမှုမျိုးတွေရလာပြီ။ One
Direction အဖွဲ့က သီချင်းတွေကို အပ်
လိုက်ပူးပေါင်းရေးသားကြရာမှာ Styles
ရေးထားခဲ့တဲ့သီချင်းတွေကို ပေါ့ပ်ဂီတ
ကျွမ်းကျင်သူတွေကပြန်ပြီး အချော
သပ်ပေးကြတာပါ။ One Direction
သီချင်းရေးရတာ အဲဒီလိုစွက်ဖက်မှု
တွေရှိခဲ့ပေမဲ့ စိတ်ထဲမှာအနေရကျပ်တာ
မျိုး မခံစားခဲ့ရဖူးဘူးလို့ Styles က
ပြပါတယ်။ "ကျွန်တော်တို့က နယ်လှည့်
ပွဲတွေ တစ်ချိန်လုံးသွားနေကြတာလေ"
သူက ပြန်ပြောလာတယ်။ "နယ်လှည့်
တွေသွားလေ ကျွန်တော်က သီချင်း
ထပ်ရေးလေပါပဲ။ အထူးသဖြင့်က
နောက်ဆုံးအယ်လ်ဘမ်နှစ်ချပ်မှာ
အဲဒီတုန်းက ရေးခဲ့တဲ့သီချင်းတွေထဲ
*Olivia* နဲ့ *Stockholm Syndrome*
သီချင်းမျိုးတွေ သူနှစ်သက်ပြီး
ရေးခဲ့တာတွေထဲက *Happily*
သီချင်းကိုကြိုက်နှစ်သက်တယ်လို့
ဆိုပါတယ်။ "ကျွန်တော်ထင်တယ်
သီချင်းရေးဆရာတစ်ယောက်အ
မြေစမ်းခရမ်းပျိုးအဆင့် လော
ကိုယ့်ကိုယ်ကို ဘယ်လိုတေးရေး
လဲဆိုတာ သိဖို့ခက်ပါတယ်။ ခ
ဘာလုပ်ပေးနိုင်လဲဆိုတာကို
ကျွန်တော်တို့ အချိန်ခြောက်လ
မဟုတ်ပါဘူး။ သီချင်းတစ်ပုဒ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

င်သန်နေထိုင်ဖို့ အချိန်ရအောင်လို့ ကိုယ် တ်နိုးတဲ့ဂီတကို ပရိသတ်တစ်ယောက် မြင်တတ်ရမယ်။ ဒါကိုပဲ တစိုက် တ်မတ် စွဲစွဲမြဲမြဲ လုပ်ရမှာပါ။ ဒါဟာ ကောင်းကင်ဘုံပဲလေ။

သီချင်းကအားနည်းချက်လေးတွေ လေ သူကလေ့လာသင်ယူဖို့ ပိုကောင်း ပါပဲ။ 'သီချင်းရေးရာမှာရင်ကိုအထိ အကြောင်းအရာက အချစ်အကြောင်း အဲဒီအချစ်က ဖြူစင်သန့်ရှင်းတဲ့ ချစ်ပဲဖြစ်ဖြစ်၊ ကဗျာဆန်တာပဲဖြစ် မြတ်နိုးမှုပဲဖြစ်ဖြစ်၊ ရယူပိုင်ဆိုင်ခြင်း မှုမဟုတ် စွန့်လွှတ်အနစ်နာခံခြင်းပဲ ဖြစ် ရင်ကို အပြင်းဆုံးထိတာပါပဲ။ တွေက ကျွန်တော်ဘားဆိုင်သွားတဲ့ ကြောင်းပြောတာကြားချင်မှာ မဟုတ် င်တယ်လေ။ အရာရာက ခမ်းနား ကြယ်နေတဲ့အကြောင်း ပြောတာလည်း ထောင်ချင်ကြမှာ မဟုတ်ပါဘူး။ ရှမ် ဆောက်တဲ့ အကြောင်းရော ဘယ်သူ နားထောင်ချင်မှာလဲ။ ကျွန်တော် ကိုယ်ကြိုက်တဲ့ အဆိုတော်တွေက တို့လုပ်သမျှ ဘာမှမဟုတ်တဲ့ ကြောင်းတွေ သီချင်းလုပ်ဆိုတာ နား ထောင်ချင်ဘူး။ ကျွန်တော်ကြားချင် 'ဟိုတယ်အခန်းထဲမှာတစ်ယောက် အထီးကျန်နေရင် ဘယ်လိုခံစား ။ ဒါက ကိုယ်တိုင် ရွေးချယ်မှုဖြစ် သီချင်တာပါ' ဆိုတာမျိုးပါ။

ဗျမေကာကနေ ပြန်ကြရမယ်ဆို Stylesနဲ့သူ့ဂစ်တာသမား Rowland Netflix ကလာတဲ့ အချစ်ဟာသ ကားတွေ ကြည့်တာစွဲနေကြတယ်။ တွင်းအလုပ်သမားတွေက ညဘက် ကြပြီ၊ မနက်မှ ပြန်လာကြတာ။ လာတော့မှ Styles က ရုပ်ရှင် ရာကလူးလဲထ,လာတာ။ စာရေး Nicholas Sparks အကြောင်းဆို ကောင်းကောင်းသိတဲ့အကြောင်း လေ့ရှိတယ်။ Nicholas Sparks ကို Nicky Spee လို့ ခေါ်တယ်လေ။ နီးပါးလောက်ကြာပြီးတော့မှ ကျွန်းကနေ သူတို့အဖွဲ့ ပြန်ကြ တယ်။ သီချင်းတွေရော၊ ဇာတ်လမ်းတွေရော အများကြီးပါလာတာပေါ့။ Styles အရက်မူးပြီး လူတကာနဲ့ ခွက် လိုက်တိုက်၊ သူများရည်းစားနဲ့ လဲထားတဲ့ အဝတ်အစားတွေဝတ်နဲ့ နေခဲ့ကြတဲ့ အချိန်တွေ ကျန်ရစ်ပြီပေါ့။ 'အရက်ခွက် လိုက်တိုက်တာတော့ မမှတ်မိတော့ဘူး။ ဒါပေမဲ့ အဲဒီခံစားချက်ကိုတော့ သတိရ နေပါတယ်' လို့ Styles က ဆိုတယ်။

၂၀၁၆ ခုနှစ် ခရစ္စမတ်ပွဲတော်ရက်မှာ Styles က သူ ငယ်ငယ်တုန်းက နေခဲ့တဲ့ အိမ်ရဲ့အပြင်ဘက်မှာ ဖခင်ဖြစ်သူနဲ့ အတူထိုင်နေတယ်။ သူ့ရဲ့ အယ်လ်ဘမ်ကို နှစ်ယောက်သား နားထောင်နေကြတာ။ ဘီယာဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားပြီးကြတော့ မိသားစုနေအိမ်ဆီကို ကားပြန်မောင်းလာတယ်။ ဖခင်ဖြစ်သူရဲ့ *The Dark Side of the Moon* သီချင်းသံကို နားထောင်ရင်း ကြီးပြင်းလာခဲ့ရတဲ့ နေအိမ်လေးကို ငေးစိုက်ကြည့်နေတဲ့ Stylesအတွက် စဉ်းစားစရာတွေ အများကြီးရှိနေပါသေးတယ်။ *Isn't She Lovely* ဆိုတဲ့ သီချင်းလေးရေးဖြစ်ခဲ့ချိန်ကစလို့ မြန်မြန်ဆန်ဆန် ကုန်ဆုံးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ Styles ဟာ ခရီးတွေအများကြီး ပေါက်ခဲ့ပါတယ်။ အရင်တုန်းက Stylesဟာ ဧည့်ခန်းထဲက ခွေးခြေတစ်လုံးပေါ်မှာ အပေါစားအသံချဲ့စက်တွေနဲ့ သူ့အမေအတွက် သီချင်းဆိုပြခဲ့ရတာ။ *Sign of the Times* သီချင်းကို ကြားတော့ သူ့အမေ မျက်ရည်ကျခဲ့ရပါတယ်။ အခုတော့ *Carolina* သီချင်းကို အကြိုက်ဆုံးလို့ ဆိုတဲ့ ဖခင်ဖြစ်သူနဲ့အတူ ထိုင်နေရပါပြီ။

Styles က သူ့စိတ်ထဲ ခံစားရတာတွေပြောပြီး စိတ်လှုပ်ရှားနေပါတယ်။ စာရေးသူတို့က Corden ရဲ့ လူမရှိတဲ့ ရုံးခန်းထဲမှာ ထိုင်နေကြတာ။ အင်္ဂလန်ကို သူမပြန်ခင် နောက်ဆုံး ပြောစရာ ကျန်တာလေးတွေ ပြောနေကြတာပေါ့။ 'ကျွန်တော်ထင်ပါတယ်။ မိဘတစ်ယောက်အနေနဲ့ အထူးသဖြင့် ဂီတအဖွဲ့နဲ့ပတ်သက်တာမျိုးတွေမှာပေါ့။ ရှိလာကိုစတာ မိုးပျံရထားစီးရသလိုမျိုးပဲလို့။ မိဘတွေကတော့ 'ကောင်းပြီ၊ ဒီမိုးပျံရထားက တစ်ချိန်မှာ ရပ်သွားမှာပဲ၊ ရပ်သွားတော့မှ ငါတို့ လာခဲ့မယ်' ဆိုတာမျိုး အမြဲတွေးနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အယ်လ်ဘမ်ဖွင့်ပြပေးတာက အကြောင်းတစ်ခုရှိပါတယ်။ ကျွန်တော် ရသမျှဟာ ဂီတကို ဖန်တီးဖို့ပဲ။ ဒါဆို ကျွန်တော် ရောင့်ရဲနိုင်ပါတယ်။ အဲဒီ မိုးပျံရထားကို နောက်ထပ် မစီးရရင်လည်း ကျွန်တော်ကတော့ ပျော်နေမှာ၊ ဂုဏ်ယူနေမှာပါပဲ' လို့ မိဘတွေကို ကျွန်တော် ပြောပြနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိရပါတယ်။

'ကျွန်တော် အမြဲပြောခဲ့သလိုပါပဲ။ ဟိုးအရင် ဘဝအစမှာကတည်းက ကျွန်တော်ဖြစ်ချင်တာက ပြောစရာ ပုံပြင်ဇာတ်လမ်းတွေ အများကြီးရှိတဲ့ ဘိုးဘိုးကြီးတစ်ယောက်ဖြစ်ဖို့ပါပဲ။ ပြီးတော့ လက်မှုအနုပညာပစ္စည်းတွေ တင်ထားတဲ့စင်တွေ၊ လက်ဝတ်ရတနာတွေပဲပေါ့'

မနက်ဖြန်မှာ Styles အင်္ဂလန်ကို ပြန်မှာပါ။ ဇာတ်တိုက်လေ့ကျင့်စရာတွေ ရှိနေလို့လေ။ အယ်လ်ဘမ်မျက်နှာဖုံးအတွက် ရွေးချယ်စရာလည်းရှိသေးတယ်။ သူက အနက်ရောင် မှတ်စုစာအုပ်လေးကို ကောက်ကိုင်လိုက်ပြီး အခန်းကူးလမ်းကြားကနေ အနောဂတ်ထဲကို တိုးဝင်ပျောက်ကွယ်မသွားခင်မှာ စာရေးသူဘက်ကို လှည့်ပြောလာပါတယ်။

'ခင်ဗျားနဲ့ ဒီလောက် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပြောပြီးမှတော့…'။ သူက ရယ်ကျဲကျဲနဲ့ စကားဆက်တယ်။ 'ကျွန်တော်က ဘယ်လိုလုပ်ပြီး နားလည်ရခက်ခဲတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့လူ ဖြစ်လာတော့မှာလဲ'။

■

**ရာပြည့်**

***Reference: Harry Styles's New Direction by Cameron Crowe, Rolling Stone Magazine, May 4, 2017.***

***Photography by Theo Wenner.***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မေငြိမ်း


## ဆွဲငင်သိမ်းရစ်ရင်းနှင့်ပင်

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ မေငြိမ်း ရေးသားပြီး ၁၉၈၇ ခုနှစ်၊ အမှတ် (၇၂)၊ မေလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ဆွဲငင်သိမ်းရစ်ရင်းနှင့်ပင်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



၁။

ခေါင်းရင်းက ဖယောင်းတိုင်မီးလေး
ကုန်ဆုံးသွားရင် သူသွားတော့မှာတဲ့။
အဲဒီအချိန်တာလောက်သာ
ခံစားနေလို့ရမှာတဲ့လေ။
ဘုရားရှင်ရှေ့မှောက်မှာ သူနေရမယ့်
အချိန်တာဟာ
ဖယောင်းတိုင်တစ်တိုင်စာ။
ဘုရားရှင်ဆီမှာ သူနှစ်သက်တဲ့
စိန်ပန်းပြာတွေ၊ အမွှေးနံ့သာတွေ
လှူထားတာတောင် သူ မသိနိုင်တော့။
အရှင်ဘုရား…
ဘုရားတပည့်တော်မအား
အခွင့်အရေးလေးတစ်ခု
ပေးသနားတော်မူပါဘုရား။
တပည့်တော်မအား သူခွဲထွက်မသွားခင်
သူ့ရဲ့သတိတရား၊ အသက်ဝိညာဉ်ကို
တဒင်္ဂဖြစ်ဖြစ် လောကနှင့် ထိတွေ့ဆက်စပ်
ပေးတော်မူပါဘုရား။ စကားတစ်ခွန်းစာ၊
အသက်ရှူတဝစာမျှပါပဲဘုရား။

❑

၂။

'ယင်ကောင်' ဆိုတဲ့ သတ္တဝါကို
အစက ကျွန်မ သိပ် မမုန်းပါဘူး။
ခုတော့ မုန်းတယ်။ သိပ်မုန်းတယ်။
ဟုတ်တယ်။ သူ့နံဘေးနားမှာ
အသံကုန်ဖွင့်လို့
လှည့်ပတ်ပျံသန်းနေလိုက်တာ။
သွားကြစမ်းပါကွယ်၊
သူရှိနေပါသေးတယ်။ သူ…သူလေ
ဝေဒနာတွေခံစားနေရတယ်။ မေ့မြောခြင်း၊
မောဟိုက်ခြင်း ဒါမှမဟုတ်
သတိရှိနေခဲ့ရင်လည်း…။
နာကျင်ခြင်း၊ ပူလောင်ခြင်း၊
ပြီးတော့ ကိုက်ခဲခြင်းတွေပေါ့။
အခုတော့ ဘာမှမသိဘူးပေါ့နော် အချစ်ရယ်။
အသက်ရှူသံ တစ်၊ နှစ်၊ သုံး၊ လေး…။
အို… မဟုတ်သေးပါဘူးကွယ်။ ချစ်သူရဲ့
အသက်ရှူသံကို ရေတွက်လို့ရလောက်အောင်
နှေးနေတာ ကျွန်မ မကြိုက်ဘူး။
သွားတော့မှာလား ချစ်သူရယ်။ မသွားပါနဲ့ဦး။
ကျွန်မ မင်းရဲ့ သတိရချိန်လေးကို စောင့်နေတယ်။

❑

၃။

မျက်လုံးအစုံက လျှော့ရဲရဲလေးပိတ်လို့။
နဖူးစပ်မှ ချွေးလေးတွေ သီးနေကြတယ်။
ပူလောင်ခြင်းလား၊ မောဟိုက်

www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်းခြင်းလားကွယ်။ ချွေးတွေကို အဝတ်နဲ့သုတ်တဲ့အခါ ချစ်သူမှာ နာကျင်ခြင်းဝေဒနာ၊ လေးလံခြင်းဝေဒနာတွေ ဖြစ်လာလိမ့်ဦးမယ်။ ခြောက်သွေ့တုန်ယင်နေတဲ့ နှုတ်ခမ်းထူလေး။

ခုတော့… ဆေးနံ့များနဲ့သာ ထုံရစ်လို့။ ကျွန်မ ရနေကျ စူးရှပေါင်ပြင်းတဲ့ ရမ်အနံ့တွေ မရတော့။ ချစ်သူမှ ဟုတ်ရဲ့ လားလို့။ အခုအချိန်မှာတော့ မင်း ကျွန်မကို သတိမရဘူးပေါ့ နော်။ ပြီးတော့ မင်းရဲ့ ချစ်သူငယ်မနဲ့တကွ မင်း ဘာကိုမှ သတိမရနိုင်တော့ဘူးပေါ့။ ကောင်းတယ်။ အဲဒီအခြေအနေ လေး ကောင်းတယ်ကွယ်။ ဟုတ်တယ်၊ ကျွန်မကို သတိမရ ချင်နေ၊ မင်း ဘာကိုပဲ မေ့နေပါစေ၊ မင်း ချစ်သူငယ်မကိုပါ မေ့တယ်ဆို… အို ကျွန်မ သိပ်ကိုကျေနပ်တယ်။

'ဘုရားရှင်ရဲ့ ဒေသနာကို တောင့်တတယ်'တဲ့။ မင်း တမြန်နေ့က သတိတရနဲ့ ပြောခဲ့တာလေ။ ဟင်း… ဟင်း… ဟင်း ကြိုက်သွားပြီကွယ်။ ခုလိုဆို မင်း ဘုရားနဲ့၊ တရားနဲ့ ပြီးတော့ ကျွန်မရဲ့အနားမှာ ငြိမ်ငြိမ်သက်သက်ကလေး အမြဲတမ်းသာ ရောဂါဖြစ်နေစေချင်တော့တယ်။ မင်းဘေးမှာ ကျွန်မ တစ်ယောက်တည်း၊ တစ်ဦးတည်းမူပိုင်။ မင်းလို အပ်သမျှ ဖြည့်ဆည်းပြုစု၊ မင်းမျက်နှာကလေးကို ငေးလို့။ ကျွန်မ ဘဝလေး အေးအေးဆေးဆေး၊ ဟား… ဟား… ဟား…၊ ဘယ်လိုလဲကွ။ ကိုကို… ကိုကိုနဲ့ ပူလောင်လှတဲ့ သူငယ်မ။ ခုကျတော့ မင်း ဘယ်မှာလဲကွ။ ငါတစ်ယောက် တည်း ငါ ချစ်တဲ့ ယောကျ်ားဘေးမှာ၊ ကိုင်း… ဘယ့်နှယ် ရှိစ။

□

ကျွန်မ လက်ထပ်သူကိုသာ ချစ်ဖို့ တစ်သက်လုံး တည်ဆောက်ခဲ့တာပါ။ ကျွန်မဟာ ဣန္ဒြေ ကျွန်မ အရှက် ကျွန်မ၊ ပြီးတော့ ရိုးသားတဲ့ ကျွန်မ။ လူတိုင်းလိုလို အဲဒီလို ချီးကျူးခံရတဲ့ ကျွန်မပါ

၄။

သူ့အနားက မခွာသလောက် လှည့်ပတ်နေတဲ့ ယင်ကောင်တွေကို ခတ်ထုတ်လိုက်၊ ချွေးစို့နေတဲ့ နဖူးပြင်ကို လေမှုတ်လို့ ချွေးသိပ်စေလိုက်၊ မျက်နှာလေးကိုငေးကြည့်လိုက်၊ စကား ပြောလိုက်နဲ့ ရင်ထဲမှာလည်း မအားလိုက်တာ။

သမီးကတောင် မေးနေသလိုပဲ… 'ဖေဖေ ဘယ်သွားမှာ မို့လဲ'တဲ့။ ကျွန်မက ပြန်ပြောလိုက်တယ် ချစ်သူရဲ့။ 'ညည်း ဖေဖေ မေမေ့ရင်ထဲကို နက်နက်ရှိုင်းရှိုင်းဝင်မလို့ ခရီးထွက်ဖို့ စောင့်နေတာ'လို့ပေါ့။

ဆရာဝန်ကြီးတွေက 'မရတော့ဘူးလို့'ပြောတဲ့အခါ ဆို့နင့်လာတဲ့ နှလုံးသားဟာ ကျွန်မကို 'ငိုလိုက်၊ ငိုလိုက်လေ' တဲ့။ ဒါပေမဲ့ ကျွန်မ မငိုပါဘူးကွယ်။ စဉ်းစားကြည့်လေ မင်းကို ကျွန်မတစ်ယောက်တည်း ပြုစုလို့၊ မင်းထွက်ခွာသွား တဲ့အခါလည်း မင်းဝိညာဉ်ကို ရင်ထဲထည့်ပြီး ကျွန်မတစ်ဦး တည်းပိုင်အဖြစ် ချစ်ရမှာ။ အဲဒီအခါ မင်းကို စိတ်မချခြင်းတွေ က ဝေးစွာ၊ တစ်ယောက်တည်းပိုင်အဖြစ် ချစ်ရမှာ။ ဒီတော့ ကျွန်မ ဘယ်ငိုချင်ပါ့မလဲလေ၊ ဒါမှမဟုတ် မျက်ရည်ပဲကုန် သွားသလား။ ကျွန်မ မသိဘူး။ ဟုတ်မယ်၊ မင်္ဂလာဦးည… 'မင်းကို ငါမချစ်ဘူး'လို့ ချစ်သည်း ပြောခဲ့တဲ့စကား။ အဲဒီ စကားပြောစဉ်ကတည်းက ကျွန်မ အဆုံးစွန် ငိုခဲ့ရပြီပဲ။ အဲဒီက စ ဘဝတစ်လျှောက်လုံးမှာ ကျွန်မ မျက်ရည်တွေကျခဲ့ရတာ။ အဲဒီတော့ ကုန်သွားလောက်ပြီပေါ့။

□

နှစ်ယောက်ပေါင်းရတဲ့ ဘဝလေးကို ပိုင်ဆိုင်ရတော့မယ် ဆိုကတည်းက ခင်ပွန်းသည်အပေါ် ချစ်ဖို့၊ သစ္စာရှိဖို့၊ ပြုစုဖို့ လိုအပ်သမျှ ဖြည့်ဆည်းဖို့ ကျွန်မကိုယ်ကျွန်မ ပုံစံသွင်းလာခဲ့ တာ အပျော်တွေအများကြီးနဲ့ပေါ့။ ဘဝမှာ ချစ်သူနဲ့ လက်ထပ် သူဟာ တစ်ယောက်တည်းသာ ဖြစ်ရမယ်ဆိုတဲ့ အတွေးနဲ့ ကျွန်မလက်ထပ်သူကိုသာ ချစ်ဖို့ တစ်သက်လုံး တည်ဆောက် ခဲ့တာပါ။ ကျွန်မဟာ ဣန္ဒြေ ကျွန်မ၊ အရှက် ကျွန်မ၊ ပြီးတော့ ရိုးသားတဲ့ ကျွန်မ။ လူတိုင်းလိုလို အဲဒီလို ချီးကျူးခံရတဲ့ ကျွန်မပါ။ အဲဒီတော့ မင်းနဲ့ ကျွန်မ စေ့စပ်ပြီးကတည်းက မင်း ချစ်တာ၊ မချစ်တာထက် လိမ္မာတဲ့ အိမ်သူဝီသဖို့ အင်အား အပြည့်နဲ့ ကျွန်မကိုယ်ကျွန်မ ထုဆစ်ခဲ့ပါတယ်။ ကြာရင် တစ် ယောက်ကိုတစ်ယောက် ချစ် လာရမယ်။ ပြီးတော့ ကျွန်မ ရည်ရွယ်တဲ့ ဘဝလှလှ လေးတစ်ခုပေါ့။

ဒါပေမဲ့ကွယ် ချစ်သူ ကလေ ပစ်ခွာသွားတဲ့ ပထမ ချစ်ရသူ မိန်းကလေးကို စိတ် နာ၊ အရွဲ့တိုက်လို့ ကျွန်မနဲ့ စေ့စပ်ဖို့ လက်ခံခဲ့သတဲ့။ နောင်… အဲဒီမိန်းကလေးက တိုး လျှိုးလာ ပြန်တော့လည်း ကျွန်မကို စေ့စပ်ခြင်း ဖျက်သိမ်း ပေးပါတဲ့။ မင်းမိဘတွေ တင်ခဲ့သမျှကြွေးကို ကျွန်မခံပြီး ဆပ် ပါစေ၊ ကျွန်မကို မယူနိုင်ဘူးတဲ့။ အဝယ်မခံနိုင်ဘူးတဲ့ မင်းမှားနေတယ် အချစ်ရယ်။ မင်းကို ဝယ်ယူစရာ မလို ဘူးကွယ်။ ချို့တဲ့သလောက် ပညာတော်တဲ့ ကလေး ယောက်ကို ဆန္ဒဖြည့်ပေးတဲ့အနေနဲ့ ကျွန်မမိဘတွေက ကူ ခဲ့တာ သက်သက်ပါ။ မင်းမိဘတွေကသာ အရွယ်ရောက် ဖခင်ကွယ်ခဲ့ရတဲ့ အမေတစ်ခု၊ သမီးတစ်ခု မိသားစုကို ကျေး

www.burmeseclassic.com

ဆုပ်ချင်စောနဲ့၊ ပြီးတော့ သနားတဲ့စိတ်နဲ့ မင်းကို စီစဉ်ခဲ့တာပါ။ မတတ်နိုင်ပါဘူးရှင်။ ကျွန်မကစပြီး ဖျက်သိမ်းခြင်းဆိုရင် မင်းမိဘတွေက ခွင့်လွှတ်မယ်ဆိုရင်တောင်မှ ကျွန်မ··· ကျွန်မ··· ကျွန်မ ရှက်တယ်။ သိပ်ရှက်တယ်။ ပြီးတော့ ကျွန်မ ရှင့်အတွက် ရည်ရွယ်လို့ အချစ်များစွာ ပြုစုခဲ့ပြီးပါပြီ။ ကျွန်မလေ··· မင်းကို··· မင်းကို··· ချစ်နေမိပြီရှင့်။ ချစ်နေမိခဲ့ပြီပြီလေ။ အေးဆေးရိုးသားစွာ ဖြူဖြူစင်စင် ရှင်းရှင်းသန့်သန့်နဲ့ ထိန်းသိမ်းလာခဲ့တဲ့ ကျွန်မရဲ့အပျိုစင်ဘဝကို မင်းအတွက်ရယ်လို့ ဟင့်အင်း··· ဟင့်အင်း··· ကျွန်မ ရှက်တယ်။

❑

ဘယ်လောက်ပဲပြောပြော၊ မင်း ကျွန်မကို သိပ်မုန်းတယ်နော်။ မေမေ့ရဲ့ မျက်ရည်များစွာ၊ ကျွန်မရဲ့ အရှက်သိက္ခာများစွာ၊ မင်း မိဘတွေရဲ့ တောင်းပန်သံများစွာကို ရင်းလို့ပဲ ဦးကိုကိုနဲ့ ဒေါ်မေ ဘဝစ,ခဲ့ရတယ်။ ပင်ပန်းလိုက်တာ၊ မောလိုက်တာများကွယ်။ ဘာပဲဖြစ်ဖြစ် အဲဒီဘဝဟာ ကျွန်မဘဝ အေးပါပဲ။

❑

၅။

မင်းနဲ့ မင်းရဲ့သူငယ်မလေး သတင်းတွေဟာ ကျွန်မဘဝ အေးသေးလေးထဲမှာ ပလူပျံသလို။ ချို့တဲ့ရှာတဲ့ သူငယ်မလေးကလည်း ရုန်းမထွက်နိုင်ဘူးထင်ပါရဲ့ကွယ်။ ကျွန်မမှာတော့လေ···။

အရက်မူးပြီး ပြန်လာတဲ့ညတွေမှာ အသိမဲ့ခန္ဓာကိုယ်နဲ့ မူးတဲ့ ခင်ပွန်းသည်။ အရက်မမူးဘဲ ပြန်လာတဲ့ညတွေမှာ တော့ချင်းကပ်အိပ်စက်တဲ့ခင်ပွန်းသည်။ အရက်မူးလာတဲ့အခါ ပထမဆုံးချစ်သူဆိုတဲ့ မင်းရဲ့မိန်းကလေးနာမည်ကို ညည်းတွားရင်း မင်းခေါ်ရာ အပူချောက်ကမ်းပါးထဲ တက်လိုက်ဆင်းလိုက်နဲ့ မောဟိုက်ပင်ပန်းလိုက်ပါစေတဲ့ ခင်ပွန်းသည်။ တစ်ခါတစ်ခါ ညကို ဘယ်မှာကုန်ဆုံးပစ်မှန်းမသိ မေးလည်းမမေးရဲတဲ့ ခင်ပွန်းသည်။ တစ်ခါတစ်ခါ 'မင်းမျက်နှာကို ကြည့်ရတာ သိပ်ပူတာပဲ' လို့ အရက်နံ့ ပေကျံတဲ့ အသံနဲ့ အော်ဟစ်တတ်တဲ့ ခင်ပွန်းသည်။ ရတဲ့လခ အပြည့်အစုံ အအပ်ရုံနဲ့၊ ကျွန်မခင်ပွန်းသည်အဖြစ် အမည်ခံပေးရုံနဲ့ တာဝန်ကျေလောက်ပြီလို့ စွဲယူထားတဲ့ ဇနီးမုန်း ခင်ပွန်းသည်။

အဲဒီလို ခင်ပွန်းသည်ကို တိတ်ဆိတ်စွာ ပေါင်းသင်းနေခဲ့ပေမဲ့··· 'ငါ အလုပ်မရှုပ်ချင်ဘူး၊ နားငြီးမခံနိုင်ဘူး၊ ကလေးတွေကြောင့် စိတ်ဆင်းရဲမခံနိုင်ဘူး'။

ဟုတ်ကဲ့ပါရှင်၊ သမီး ဒါမှမဟုတ် သားကို ကျွန်မတို့ ဘဝလေးထဲကို ဝင်ခွင့်မရောက်စေနိုင်တဲ့ နည်းတွေနဲ့ တားဆီးခဲ့ကွယ်ခဲ့တယ်။

ကျွန်မဟာ နှစ်ရှည်အာမခံ စက်ရုပ်တစ်ရုပ်လို။

'ကွာရှင်းတယ်ဆိုရင် ငါ သိက္ခာကျတယ်။ သူလည်း အဆိုး ဖြစ်မယ်' တဲ့။ ဟုတ်တာပေါ့ရှင်၊ ရပါတယ်။ စေ့စပ်တာပျက်သွားဖူးတဲ့ မိန်းကလေးလို့ အပြောခံရမှာ စိုးရွံ့ခဲ့၊ ရှက်ခဲ့တဲ့ ကျွန်မ၊ ဒီလောက်တော့ ပေးဆပ်ရမှာပေါ့။ ယူပါကွယ်၊ ယူနိုင်သလောက် ပေးဆပ်ရမှာပေါ့။ မင်းလိုသလောက် ယူပေါ့။ ရော့···။ ကျွန်မ ပြောခဲ့သားပဲကွယ်။

'အလုပ်ကိစ္စတွေရှုပ်နေတဲ့အချိန်မှာ စိတ်ကို တတ်နိုင်သလောက် အနားပေးပါကွယ်။ ကျွန်မဆီမှာ မဟုတ်ပါဘူးနော်၊ ကိုကို စိတ်အေးချမ်းသာရှိမယ်ဆိုရင် တစ်နေရာရာမှာ နားလိုက်ပါ။ နဂိုက အသည်းရောင်ရောဂါရှိထားတော့ အရက်ကို လျှော့သောက်ပြီး အနားယူလိုက်စေချင်တယ်'

ကျွန်မ အဲဒီလိုပြောလေလေ မင်းက မုန်းမုန်းနဲ့ အရွဲ့တိုက်လို့ အရက်၊ ဆေးလိပ်များများသောက်၊ သူငယ်မလေးနဲ့အိပ်၊ ကျွန်မဆီ ကူးသန်း။ သဘောပါပဲ ချစ်သူရယ်။ ကျွန်မရင်ထဲမှာတော့လေ 'အချစ်ရယ် အရက်တွေ၊ စီးကရက်တွေ သိပ် မသောက်စေချင်ဘူးကွယ်။ ကျွန်မကို မုန်းတာလေးတစ်ခုတည်းနဲ့ ကိုကို တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ' လို့ ကြိမ်ဖန်များစွာ ရေရွတ်မိတာပေါ့။ မင်းကတော့ ပြောမနိုင်ဆိုမရ။ ကျန်းမာရေး နည်းနည်းယိုင်လာချိန်မှာ–

'အကုသိုလ်တော့ အဖော်တွေနဲ့လာပြီ' တဲ့။

မင်း မူးမူးနဲ့ ပြောခဲ့တာလေ။ နောက်မှ သိရတယ်။ မင်း ကောင်မလေးက လက်ထပ်တော့မလို့တဲ့။ အင်းပေါ့ကွယ်၊ သူ့ခမျာလည်း ဇာတ်မျောကြီးထဲ ဘယ်ကျင်လည်ချင်ပါတော့မလဲ။ သူ့အရွယ်နဲ့သူ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ တည်တည်ငြိမ်ငြိမ် နေချင်ရောပေါ့လို့ ပြောချင်ပေမဲ့ မင်း ဒါ့ထက် ပိုလို့မုန်းတီးသွားမှာ စိုးမိတယ်။ ဘာပြုလို့လဲ၊ သိလားကွယ်။ မင်းကို သိမ်းသွင်းဖို့၊ ပြီးတော့ ကျွန်မအတွက် အားဖြည့်ဖို့ ကျွန်မ စီမံကိန်းတစ်ခုကို တည်ဆောက်ယူထားရတာလေး ရှိနေလို့ပေါ့ကွယ်။ ချစ်သည်း နေကောင်းတဲ့အခါ ဒါမှမဟုတ် ကျွန်မနဲ့ ပတ်သက်လို့ စိတ်ကြည်လင်နေတဲ့အခါ ကျွန်မ ပြောပြချင်တယ်။ သွေးနဲ့ပတ်သက်လာရင်တော့ မင်း သိပ်တင်းမာမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တာကြောင့်ပေါ့ကွယ်။ ကျွန်မလေ ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေထဲကလို မင်းနားနားကပ်လို့ တိုးတိုးလေး ပြောချင်တယ်။ 'ကိုကိုရေ၊ ကျွန်မမှာ··· ကျွန်မမှာ··· သားသားလေးလား၊ မီးမီးလေးလား မသိဘူး ရှိနေပြီသိလား' ဆိုပြီး ရှက်တက်တက် မျက်နှာလေးနဲ့ ပြောမယ်နော်၊ ချစ်သူရယ်။ ပြောမယ်နော်···။

အဲဒီအခါ မင်းကလည်း အလိုက်သင့်ထ,ခုန်ပျော်မြူးမယ် မဟုတ်လား။ ဟိုတစ်လက မင်း အရက်မမူးတမူးမှာ ပြောခဲ့တာလေ။ 'သားသမီးရှိတော့ အဖော်ရတာပေါ့' တဲ့။ အဲဒီတုန်းကတည်းက ကျွန်မပြောချင်နေခဲ့တာ။ ဝမ်းသာနေခဲ့တာကွယ့်။ ဒါပေမဲ့ မင်းစိတ်ကို အစိုးမရလို့မို့ မပြောဖြစ်ခဲ့တာလေ။ အချစ်ရယ်··· မင်းနဲ့ ကျွန်မ ဖေဖေ၊ မေမေဘဝမှာ သားလား၊ သမီးလား မသိနိုင်သေးတဲ့ ချာတိတ်လေးနဲ့။ ကဲကွယ်··· ချစ်စရာကောင်းလိုက်မယ့်ဘဝလေး လှ

www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကွယ်။

❑

၆။

ချစ်သူရယ်··· မင်းရဲ့ သူငယ်မဆီမှာ မင်းရဲ့ညကို ကုန်ဆုံးတဲ့အခါ ကျွန်မတစ်ယောက်တည်း မေမေမမြင်အောင် စိတ်ဆင်းရဲနေရတဲ့အခါတွေမှာ တိုးတိုးဖော် သမီးလေး ဒါမှမဟုတ် အားကိုးစိတ်ဖြေစရာ သားကလေးကို တောင့်တမိလွန်းတယ်။ မိန်းမသားတစ်ယောက်အနေနဲ့လည်း လူသားတစ်ယောက်ကို ထုတ်လုပ်ပြီး ကြီးပြင်းစေချင်တယ်။ မင်းကိုချစ်ခဲ့ပြီး မင်းဆီက အချစ်ပြန်မရခဲ့ပေမဲ့ ကျွန်မ ယူလို့ရသရွေ့တော့ ယူပါရစေနော်။ သူကလေးဟာ ဦးကိုကို၊ ဒေါ်မေတို့ရဲ့ သား၊ ဒါမှမဟုတ် သမီးဆိုတာလောက်ပြောရရင်ပဲ ကျွန်မ ကျေနပ်လွန်းနေမှာပါ။ အဲသည်လိုသာဆို ဒါကလေးကိုတောင် မင်းက ကျွန်မအနေနဲ့ ပေးအပ်ခဲ့တာမဟုတ်ဘဲ ဆိုတဲ့ အတွေးပူပူမျိုး မတွေးဘဲ ကျွန်မ နေနိုင်မှာပါ။

❑

၇။

လက်ဆစ်ဆီက ညောင်းညာကိုက်ခဲလာတော့မှပဲ မင်းကို ယင်မနားရအောင်လို့ ယပ်ခတ်ပေးနေခဲ့တာကြာခဲ့ပြီလို့ ကျွန်မ သတိထားမိတော့တယ်။

ချစ်သူ သိပ်များအေးနေပြီလားကွယ်။ တော်ပါသေးရဲ့ကွယ် ချစ်သူကိုယ်ငွေ့လေး နွေးနေတုန်းမို့။ ကျွန်မ ဆုတောင်းနေမိတယ်။ ချစ်သူ ခဏလေးပဲဖြစ်ဖြစ် ပြန်သတိရလာပါစေလို့။ ဟုတ်တယ်ကွယ်။ ကျွန်မရင်ထဲမှာ ကိုကို့သန္ဓေသားလေး

ချစ်သူကလေ ပစ်ခွာသွားတဲ့
ပထမချစ်ရသူ မိန်းကလေးကို စိတ်နာ၊ အရွဲ့တိုက်လို့
ကျွန်မနဲ့ စေ့စပ်ဖို့ လက်ခံခဲ့သတဲ့
နောင်. . . အဲဒီမိန်းကလေးက တိုးလျှိုးလာပြန်တော့လည်း
ကျွန်မကို စေ့စပ်ခြင်း ဖျက်သိမ်းပေးပါတဲ့

လွယ်ထားရတာ ကိုကို့ကို မပြောရသေးဘူးလေ။

တော်ကြာ ကျွန်မရှေ့မှောက်က ထွက်သွားခဲ့ပြီးမှ ဆိုရင်··· နဂိုကမှ ကျွန်မကို မချစ်ခဲ့တဲ့ ကိုကိုဟာ ယုံချင်မှ ယုံမှာ။ ဒါ့ထက်ပိုဆိုးမှာက သားကို ဒါမှမဟုတ် သမီးကို မယုံကြည်မှာက ပိုဆိုးမယ်။ အဲဒီအခါ ကျွန်မ သေလုမြောပါး ခံစားရမှာ။ ဘာပဲဖြစ်ဖြစ် ကလေးလိုချင်စိတ်ပေါ်စပြုလာတဲ့ ကိုကိုဟာ ကျွန်မသန္ဓေသားလေးကို ချစ်မှာပါ။ ကိုကို့အကြိုက် ဆိုရင်တော့ သားလေးပေါ့နော်။ ထားပါတော့ကွယ်။ ကျွန်မ ရင်ထဲက သန္ဓေသားလေးဟာ

သားသားလေးလို့ပဲ ထားပါတော့။

သားလေးရေ··· သားလေးမှာ မျက်လုံးလေးတွေ ရောက်လာပြီလားဟင်။ ဒါမှမဟုတ် နားရွက်လေးတွေရေ ရပြီလား။ ငါးလကျော် သန္ဓေသားလေးမှာ ဘာတွေရှိနေနိုင်ပြ လဲလို့ မေမေ မဖတ်ခဲ့ဖူးဘူးကွယ်။ ဘာပဲဖြစ်ဖြစ် သားလေး ဟာ အသက်သွေးခဲလေးပါနော်။ သားလေးရဲ့ ဖေဖေ့ကို မေမေ့ ရင်ထဲကတစ်ဆင့် ဝ,အောင်ကြည့်ထားလိုက်တော့ကွယ်။ မမြင်နိုင်ဘူးဆိုရင်လည်း သားလေးမှာ မျက်လုံးလေးရောက် လာတဲ့အခါ မေမေ့ရဲ့ နှလုံးအိမ်ဆီ ဒါမှမဟုတ် မေမေ့ရဲ့ သွေးကြောတွေဆီ၊ ဒါမှမဟုတ်လည်း ရင်သွေးနို့အရပ်ဆီကို ကြည့်လိုက်ပါသားရယ်။ အဲဒီအခါ သားလေးရဲ့ ဖေဖေ့ကို တွေ့ရလိမ့်မယ်။ အဲဒါတောင်မှ သားလေးက ကြည့်လို့မရဘူး ဆိုရင်လည်း မေမေ့ဝမ်းထဲက ထွက်လာပြီးတဲ့အခါ 'ဖေဖေ ကော'လို့ မေးတတ်လာရင် သားခန္ဓာကိုယ် ငုံ့ကြည့်ပါ။ အဲဒါဟာ 'သား ဖေဖေ'ပါပဲ။ သားရဲ့ နှလုံးခုန်သံဟာလည်း သားဖေဖေပါပဲ ကွယ်။ အဲသလိုဆို သားလေး ကျေနပ်မယ် မဟုတ်လားကွယ်။

❑

ချစ်သူရဲ့ အသက်ရှူသံတွေ ပြင်းလာတယ်။ အသံ အကျယ်ကြီးပဲ။ ကျွန်မ လက်မောင်းပိန်ပိန်ကလေးကို ဖြူက ဆုပ်ကိုင်ထားတယ်။ ကျွန်မနှလုံးသားကို မြင်ခဲ့၊ သိခဲ့ကြရတဲ့ ငယ်သူငယ်ချင်းတွေထဲက တစ်ယောက်ပေါ့ အချစ်ရယ်။

'နောက်ဆုံးကြည့်ခြင်းမှာ ဝ,အောင်သာကြည့် မေ။ နင့် ကို မချစ်တဲ့၊ နင်က သိပ်ချစ်တဲ့ နင့်ရဲ့ကိုကို့ကိုလေ။ ပြန်မေ နိုင်တဲ့ မေတ္တာတွေနဲ့ရင်းလို့ နင် ပင်ပန်းတကြီး ဆက်စပ် ခဲ့တဲ့ နင့်ဘဝကလေးလေ တင်းမထားနဲ့မေ၊ တင်းမထား နဲ့။ ငိုချ လိုက်၊ ငိုချပစ်လိုက် စမ်းပါ'

ဖြူက အံကြိတ်လို့ ကျွန် ကို တတွတ်တွတ်နဲ့ ပြောနေ တယ်။ 'သွားစမ်းပါဖြူရယ် ငါ သူ့ဘေးမှာပဲ နေချင်တယ် နင်သွားပါတော့ဟယ်'။ အရင်ကလို 'မင်းသူငယ်ချင်းတွေ အိမ်လာကြ၊ ပြီးရင် မင်းကမျက်ရည်ကျနဲ့ မင်္ဂလာကို မရှိဘူး အဲဒါမျိုး ငါမကြိုက်ဘူး'လို့ ကိုကို အော်တတ်တာကို အခု ကျွန်မ မွတ်သိပ်နေမိတယ်။ ဒါပေမဲ့လည်း ကျွန်မ စိတ်ချ သာလိုက်တာ။ ကျွန်မအနားမှာ ကိုကို ပက်လက်ကလေး အရာရာကို မေ့လို့၊ ခရီးရှည်ကြီးတစ်ခုထွက်ဖို့ အချိန်စေ့ နေရတဲ့ ချစ်သူ။ သေငယ်ဇောနဲ့ မြောနေတယ် ဆိုတဲ့ ကျွန် ခင်ပွန်းသည်ဟာ ကျွန်မအနားမှာ ကျွန်မတစ်ဦးတည်း ပိုင် အဖြစ်နဲ့ ငြိမ်သက်အေးချမ်းစွာ။ ကိုကို နေပြန်ကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com

လို့ ကျွန်မ ဆုမတောင်းတော့ဘူး။ ဘာပြုလို့လဲဆိုတော့ ကိုကိုက နေပြန်ကောင်းရင် အရက်တွေသောက်၊ ဆေးလိပ်တွေသောက်နဲ့ မင်းနဲ့လည်း မပြေလည်တဲ့ သူငယ်မဆီ ကျွန်မကို အရွဲ့တိုက်ပြီး သွားနေဦးမှာ။ ကျွန်မအနားမှာ ရှိနေတဲ့အခါ ...ည်း အရက်နံ့ ထုံလွှမ်းနေတဲ့ နှုတ်ခမ်းပူတွေနဲ့ ဝတ္တရားကျေ ...တူယှဉ်အိပ်တာမျိုး။ ကျွန်မလို(ဇနီးသည်တစ်ယောက်အနေ ...)ရည်ရွယ်စွာ အိပ်ရာဝင်ရတာမျိုးကို ကျွန်မ ခံစားရဦးမှာ။ ...င့်အင်း... ဟင့်အင်း ကျွန်မ၊ ကျွန်မ ကြောက်တယ်။ ...ဒီလိုဘဝကိုလည်း မုန်းတယ်။ ချစ်သူ ပြန်နေမကောင်း ...စေနဲ့။ ထွက်မသွားတောင် ခုလို မေ့မြောနေတဲ့ဘဝနဲ့ပဲ ကျွန်မ ...နားမှာ နေ... နေ... နေပါစေ။

❑

၈။

'နေပါစေရှင်'

'မေ၊ ဟဲ့ သမီး၊ သမီးလေး သတိထားလေ။ သမီးလေး ...ဖြစ်လို့လဲ၊ ဟင်... သမီး ဘာဖြစ်လို့လဲ'

ဒါ မေမေ့အသံ။

အရွယ်ရောက်မှ ဖခင်နဲ့ ဝေးရတဲ့သမီးကို သူပါ လောက ...ကြီးထဲမှာ မရှိတော့ရင် တစ်ယောက်တည်း မျက်နှာငယ် ...ရစ်ခဲ့မှာကို သိပ်စိုးရိမ်ရှာလို့ လင်တစ်ယောက် ရှာပေးစား ...တဲ့မေမေ၊ ကျွန်မကို သိပ်ချစ်ရှာလွန်းတဲ့မေမေ။ လောဘ၊ ...ကတွေနဲ့ အသံမထွက်တဲ့ ပေါက်ကွဲမှုကြောင့် 'နေပါစေ ...' လို့ ကျုံးအော်လိုက်မိလို့ပါ။

'ရပါတယ်မေမေ၊ သမီး မောသွားလို့ပါ'

ကျွန်မကို ကြည့်နေတဲ့ မေမေလေ။ မျက်လုံးလေး အဝိုင်း ...နဲ့၊ သြော်... ဟုတ်တာပေါ့။ ယပ်ဖြည်းဖြည်းကလေး ...ရှိနဲ့ ကျွန်မ ဘာပြုလို့ အဲဒီလောက် မောဟိုက်သွားရတာ ... ဆိုတာကို မေမေ တွေးပူမိမှာပေါ့နော်။

'သမီးရယ် စိတ်ကိုလျှော့လိုက်ပါ၊ သူ... သူ ငြိမ်းငြိမ်း ...ချမ်းနဲ့ ဘဝကူးပါစေကွယ်' တဲ့။

'ဟုတ်ကဲ့ပါ မေမေ'

ချစ်သူ ညင်သာစွာ ထွက်ခွာသွားနိုင်ဖို့ ဆရာဝန်က ...ထားပါသတဲ့။ ကိုကို သွားတော့မယ်ဆိုရင် ကျွန်မကို ...နိုင်သလောက်တော့ အသိပေးပါလားနော်။ ကျွန်မ ကိုကို့ ...ပြောစရာလေးရှိနေလို့ပါကွယ်။

❑

၉။

ကြည့်နေရင်း... ကြည့်နေရင်း ချစ်သူမေးဖျားလေးတွေ ...ှုပ်လာတယ်။ ကျွန်မ လက်ဖဝါးလေးကို ဖြူက တင်း ...ှုပ်လာတယ်။ ဖြူလက်ဖဝါးက အေးစက်လို့နေတယ်။ ...လည်း ကျွန်မအနားကို တိုးကပ်လို့ လက်မောင်း ...လေးကို ဆုပ်လာတယ်။ ဘာပြုလို့လဲ၊ ဘာလဲဟင်။ ...က်လုံးလေးတွေ၊ ဖေဖေ ကျွန်မတို့သားအမိနှစ်ယောက်ကို ထားပစ်ခဲ့တုန်းက မေမေ့မျက်လုံးလေးတွေ။ ကျွန်မ မသိပါရစေနဲ့။ ကျွန်မ နားမလည်ပါရစေနဲ့။ မရပါလား။ ကျွန်မ သိနေတယ်။ ဖေဖေ သွားခါနီးတုန်းကလည်း ဟော... ချစ်သူ့ မျက်လုံးလေး ပွင့်လာပြီ။ (ကျိုးကြည့်၊ ကြောင်ကြည့်နဲ့)။ ကိုကိုရေ... ကျွန်မ ဒီမှာ တွေ့လား ကိုကို။ ကိုကို့ ဆံဖျားလေးတွေ လှုပ်သွားသလိုပဲ။ ကိုကို သတိရနေပြီပဲ။ ကိုကို့ကို ကျွန်မ စောင့်နေတာ၊ ပြောစရာရှိလို့ သိလား။

'မေမေ... ကျွန်မကို ချုပ်မထားပါနဲ့ လက်လွှတ်ပါ၊ အချိန်ကလေးရတုန်း ဖယ်ပါ ဖြူရယ်၊ ခဏကလေးပါဟယ်'

ကျွန်မအသံက ကြည်လင်ပြည့်ဝစွာ။ ကိုကိုတောင် နားအူသွားမှာ စိုးရတယ်။ မေ ကျေနပ်နေလို့ပါ ကိုကို။ ခေါင်းကိုငုံ့၊ ကိုကို့နားနားကို ကျွန်မ နှုတ်ခမ်းကလေးတွေကပ်။ ဒီလောက်ဆို ကိုကို ကြားနိုင်ပြီ။ ဖယ်ပါ မေမေရယ်၊ အဲဒီအချိန်ကလေးကို သမီး စောင့်မောနေခဲ့ရတာ။ သုံးရက်ရှိသွားပြီ မေမေရဲ့။ တော်ကြာ... ကိုကို ပြန်အိပ်သွားမှာ။ ဒါမှမဟုတ် ထွက်ခွာသွားတော့မှာစိုးလို့ပါ။

ရင်တွေခုန်လိုက်တာ။ ကိုကို့မျက်နှာလေး၊ ပြီးတော့ ပါးရိုးလေး၊ မျက်လုံးလေး၊ ဘေးမှာ ကိုကို့ရဲ့ အကြားအာရုံရှင် နားရွက်လေး။

ကိုကို... ကျွန်မအသံကိုကြားလားဟင်။ အဖြေပေးမယ့် မျက်လုံးလေးကို လှမ်းကြည့်လိုက်မိတယ်။

'အို... ဖေဖေ၊ ဘာပြုလို့ ကိုကို့မျက်လုံးတွေကို ပိတ်ဖို့ လုပ်ရတာလဲ။ ဖေဖေ့သားအရင်းကြီးပါ ဖေဖေရဲ့။ မေ့မှာ သားလေးရှိနေတာ မပြောရသေးလို့ အချိန်မီ ပြောလိုက်မလို့ပါ ဖေဖေရဲ့'

ကိုကို့ဖေဖေ ငိုင်သွားတယ်။ 'ကိုကိုရေ... ကျွန်မမှာလေ ကျွန်မမှာ ကိုကို့ရင်သွေး သားလေး ရှိနေပြီ သိလား'။ ကိုကို ခေါင်းလေးငိုက်ကျလာတယ်။ ကိုကို့နှုတ်ခမ်းအစုံက ကျွန်မ နားနားမှာ။ ကိုကို့နှုတ်ခမ်းအစုံက အသံသေးသေးလေး ထွက်ပေါ်လာတယ်။ ကျွန်မ ကြားလိုက်ရတာကတော့ 'သား... သား၊ မေ့ကိုချစ်တယ်။ သိပ်ချစ်တယ်၊ သားလေးကိုရော ချစ်....'

ကိုကို... ကိုကို... ကိုကို... ကိုကို... ကိုကို... ကိုကို... ကိုကို... ကိုကိုရေ...။

ခရီးရှည်ကြီးကို ထွက်သွားခဲ့ပြီပေါ့။ ပြီးတော့ ကျွန်မ ရင်ထဲကိုလည်း ထည့်သွင်းယူငင်နိုင်ပြီပေါ့။ သားလေးနဲ့ ပတ်သက်လို့လည်း ကိုကို ကျေနပ်သွားပြီပေါ့။ ကျွန်မ မငိုဘူး။ ကိုကို သိလား၊ ကျွန်မ မငိုဘူး။ ဒါ... ဒါ... ဒါပေမဲ့ မေ့ကို ချစ်တယ်... သိပ်ချစ်တယ်... ဆိုတဲ့ အတွက်ကိုတော့...။

■

မေငြိမ်း

*အမှတ် ၇၂၊ မေလ၊ ၁၉၈၇ ခုနှစ်၊ ပေဖူးလွှာမဂ္ဂဇင်း။*

www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်သော သူတို့၏လေသံမျိုး ကြားလာရသဖြင့်ဖြစ်သည် (ဆိုလိုသည်မှာ လုံးဝအဓိပ္ပာယ်မရှိလှသော '...အင်္ဂလိပ် ဘာသာမှသည် မြန်မာဘာသာဆီကို အင်မတန်ကျစ်နေအောင် အားထုတ်ဖန်တီးထားတာ' ကဲ့သို့သော အသုံးအနှုန်းမျိုး 'ကဗျာကို ဘာသာပြန်ရင် ကြွပ်ဆတ်နေရမယ်' ဟူသော အသုံး အနှုန်းမျိုးများမှာ ဘာသာစကားအရ ဖောင်းပွနေခြင်းမှလွဲ၍ အဓိပ္ပာယ်မရှိ။ ဖြီးပြရုံ သက်သက်ဖြစ်သော အသုံးအနှုန်းမျိုး သာဖြစ်သည်။ အကြောင်းမှာ '...အင်မတန် ကျစ်နေအောင် အားထုတ်တယ်' ဆိုသည်မှာ အဘယ်နည်းဟုမေးလျှင် အနက် ဖွင့်ပြစရာ အချက်အလက်မရှိ။ အနက်တူစာလုံးကို ဘာသာ



# သိမှုလက်ပြောင်းလက်လွဲလုပ်ခြင်းမှ တခိုက်ပြဿနာ

**မြိုင့်သန်း**

များမကြာခင်ကသော် ဘာသာပြန်ခြင်း သို့မဟုတ် ဘာသာစကားဖလှယ်ကာ ပြန်လည်ရေးသားခြင်းအကြောင်းကို ရေးသားလိုက်မိသည်။ ထိုရေးသားမှုမှာ တကယ်ပင် ဝမ်းမြောက်မိသဖြင့် ရေးသားလိုက်မိခြင်းဖြစ်ပါသည်။ ထိုအရေး အသားအထဲတွင် အရေးအသားနှစ်ခုကို ရည်ညွှန်းရေးသားခဲ့ရာ ထိုအထဲမှ တစ်ခုနှင့် ဆက်စပ်နေသော တုံ့ပြန်အရေးအသား တစ်ခုကို ဖတ်ရှုလာရပြန်သည်။ တုံ့ပြန်ရေးသားမှုမှာ တုံ့ပြန်သူ၏ အခွင့်အရေးတစ်ရပ်ဖြစ်ပြီး တုံ့ပြန်ရေးသားခွင့်ပေးသော ရွှေအမြုတေမဂ္ဂဇင်း၏ နားလည် ခွင့်ပြုမှုကိုလည်း ကျေးဇူးတင်ရပြန်သည်။ တုံ့ပြန်သော အရေးအသားမှာ မူရင်းရေးသားသူနှင့် ဘာသာပြန်သူကို ထောမနာပြုလိုကြောင်း အစပိုင်းမှာပင် ကျယ်ကျယ်လောင်လောင် ကြားလာမိသော်လည်း ကြိုးစားကာ ဖတ်ကြည့်မိသည်။ အပိုင်း ၄ ၏ အောက်မှ စာပိုဒ်အချို့ ရောက်သည်တွင် ကျွန်တော် ဆက်မဖတ်လိုတော့ပါ။ လမ်းကြုံလျှင် ဝင်ဆရာလုပ်လေ့

စကားကွဲတွင် ဖလှယ်ထားလိုက်ခြင်းမှာ ဘာသာပြန်ခြင်း မဟုတ်။ စကားလုံး အစားထိုးခြင်းသာဖြစ်သည်။ Translati သည် Transliteration မဟုတ်)။ ရှေ့သို့ မဆက်မီ ဝန်ခံထား လိုသော အကြောင်းတစ်ခု ရှိပါသည်။ ဤအရေးအသား၏ အဓိက ရေးသားလိုခြင်း အကြောင်းမှာ **ဝမ်တိန်အသွားလမ်း** အကြောင်း မဟုတ်။ မူရင်းကိုလည်းကောင်း၊ မြန်မာဘာသာ အားဖြင့် ပြန်လည် ရေးသားထားသည်ကိုလည်းကောင်း မဖတ်ဖူးပါ။ သို့ဖြစ်၍ မူရင်းနှင့် ပြန်လည် ရေးသားထားခြင်း တို့၏အကြားမှ ကွာဟမှုများကို များစွာ ဆွေးနွေးနိုင်မည် မဟုတ်။ ကျွန်တော် တင်ပြလိုသောအကြောင်းများနှင့် တို ဆိုင်နေသော အရေးအသားတစ်ခု နှစ်ခုကိုသာ ခရီးသွားဟန် သဘောဖြင့် တင်ပြဆွေးနွေးခြင်းဖြစ်သည်။

တုံ့ပြန်စာရေးသူ၏ အရေးအသားကို ပြန်လည် တင်ပြ ရစေ။

...မူရင်း: He is known as Prince of Yunnan 'ယူနန်မင်းသားလို့ နာမည်ကြီးတယ်' ဘာသာပြန်တာကို မှား **တယ်လို့တော့ ကျွန်တော်ဖြင့် တယ် မထင်။**

*ရွှေအမြုတေ၊ စာ၊ ၇*

*(စာလုံးအမည်းမှာ ကျွန်တော်၏ အထူးပြုချ*

ဤတွင် 'မှားတယ်လို့တော့ ကျွန်တော်ဖြင့် တယ်မထင် ဆိုသော ကောက်ချက်ချမှုကို စတင် စဉ်းစားရန်လိုအပ်နေ သည်။ '...တယ်၊ မထင်' ဟု ဆိုသဖြင့် နည်းနည်း ထင်သည့်သဘော သက်ရောက်နေပေသည်။ ထင်ပုံပေမည် များများထင်ရန် လိုနေသည်။ အကြောင်းမှာ Known သည်

www.burmeseclassic.com

ww.burmeseclassic.com

မြန်မာဘာသာစကားအားဖြင့်ဖြစ်စေ၊ အခြားဘာသာစကား တစ်ခုခုအားဖြင့်ဖြစ်စေ 'နာမည်ကြီးတယ်' Famous ဟူသော စကားလုံးဖြင့်(အထူးသဖြင့် ဤနေရာတွင်) အစားထိုးရန် မဖြစ်နိုင်။ ရံဖန်ရံခါ ထိုစကားလုံးနှစ်လုံးကို ဂုဏ်ရည်တူ တန်ဖိုးထားသော စာလုံးချင်း ဖလှယ်နိုင်သည်ဟု ထင်တတ်ကြသော်လည်း ဤနေရာတွင် နာမည်ကြီးခြင်းအကြောင်းကို တင်ပြချင်သည် မဟုတ်။ Known မှာ တစ်ဦးတစ်ယောက်၏ သိမှု အခြေခံတွင် တည်ကာ သိခြင်းဖြစ်ပြီး(Apprehended or Perceived by the mind or sense.) Famous မှာ တစ်ဦးတစ်ယောက်ကို ဂုဏ်ရည် တစ်ခုသဖွယ် တည်နေသော အနေအထား(Much talk about or Honoured for achievement.) ဖြစ်သည်။ ဥပမာ 'ဝင်းဦး ကို နှုတ်ခမ်းမွေး မင်းသားအဖြစ် သိကြသည်' နှင့် 'ဝင်းဦးမှာ ရုပ်ရှင်မင်းသားအဖြစ် နာမည်ကြီးတယ်' ဆိုသော အနက်များမှာ တူ။ အလားတူပင် 'သူ့ကို ယူနန်မင်းသားလို့ သိကြတယ်' ဟူသည်မှာ Commonly accepted အနေအထားကိုဆိုလိုခြင်း၊ Familiarity ကို ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် known နှင့် well-known တို့ မှာ တစ်သားတည်းကျသော အနက်ကို ဆောင်။ 'နာမည်ကြီးသည်' ဟု ယူရန်(နားလည်လက်ခံရန်) ဖြစ်နိုင်။ မဖြစ်နိုင်ရသည့် အခြားအချက်တစ်ခုမှာ မူရင်းရေး သားသူ၏ ရေးသားထားသော အင်္ဂလိပ်စာအရေးအသားတည် ဆောက်ပုံနှင့် ဘာသာစကား အသုံးအနှုန်း ရွေးချယ်ပုံများအရ အင်္ဂလိပ်စာ ကောင်းကောင်းကြီး ရေးတတ်သူဖြစ်နေသဖြင့်ဖြစ် ၏ နာမည်ကြီးတယ်/ကျော်ကြားတယ် Famous နှင့် ဂုဏ်ရည် ဖြစ်သည့် well-known ကို မသုံးဘဲ known as ဟု သုံးရ သည်မှာ ကန့်သတ်ပိုင်းခြားပြလို၍ ဖြစ်ပေသည်။ ကန့်သတ်မဲ့ အနေအထား၊ အားလုံးဟူသော သဘောမျိုး မရည်ရွယ်ထား ဖြစ်သည်။ ဘာသာစကား မကျွမ်းကျင်သဖြင့် ထင်ရာ ကောက်သုံးခြင်း မဟုတ်ပါ။ Known ကို 'နာမည်ကြီးတယ်' ဟု နားလည်ခြင်းမှာ လုံးဝ(လုံးလုံးကြီး) မှားနေ၊ အနက်ယူ သည်မှုမျှသာဖြစ်သည်။ သို့ရာတွင် တုံ့ပြန်သူကိုယ်တိုင်က ဘာသာစကား၏ အတိမ်အနက်ကို ထိုရွေ့ထိုမျှ မသိဘဲလျက် မိကြသဖြင့် ဆရာဝင်လုပ်ပြလိုက်လေရာ ထိုတုံ့ပြန်စာ အရေးအသားမှာ ဆက်၍ ဖတ်လောက်သည်အထိ အဆင့်ရှိ သည်ဟု မြင်ရန် အကြောင်းမရှိတော့ပေ။

ဘာသာစကားဖလှယ်ကာ သို့မဟုတ် အပြောင်းအလဲပြု ၍ ပြန်လည်ရေးသားခြင်းများတွင် သမားစဉ်ဆက် တန်းကာ ပြောလေ့ရှိကြသည်မှာ Understanding comes first ဟူ၍ဖြစ် သည်။ စင်စစ် ထိုသို့ သိမှတ်နားလည် ခံစားနိုင်ရန်မှာ (ရှေ့က အရေးအသားတွင် ထုတ်နုတ်ပြခဲ့သော ဉာဏ်သစ် တင်ပြခဲ့ သည်) 'မူရင်းဘာသာစကားကို နှံ့နှံ့စပ်စပ်သိရမယ်' ဟူသော အချက်တွင် များစွာ တည်နေပေသည်။ မြန်မာနိုင်ငံ၌သော် ဤသနာမှာ ရှေးက ဘာသာပြန်ဆရာကြီးများထက် ယနေ့ ကာလ၏ ဘာသာပြန်ဆရာများတွင် ပိုမိုတွေ့လာရပေသည်။

ဤနေရာတွင် နားလည်မလွဲကြစေလိုပါ။ ရှေးက မြန်မာစာဖြင့် ပြန်လည်ရေးသားသော(ဘာသာပြန်) ဆရာကြီးများတွင် နားလည်မှုလွဲခဲ့သည်များ မရှိဟု မဆိုလို။ ရှိခဲ့ပါသည်။ ရှေးက ဆရာကြီးများတွင် အများစုမှာ အခြားဘာသာစကား(ဤတွင် အင်္ဂလိပ်ဘာသာစကား)၏ အခြေခံကို များစွာ သိခဲ့ကြသူများ ဖြစ်သည်။ သူတို့၏ အမှားများမှာ(ကျွန်တော်သတိထားခဲ့ သရွေ့) အကြောင်းရပ် သို့မဟုတ် ဘာသာရပ်/ပညာရပ်တွင် ဖြစ်သည်။ ယနေ့ကာလတွင် တွေ့လာရသော အမှားများမှာ အကြောင်းရပ် သို့မဟုတ် ဘာသာရပ်/ပညာရပ်အထိ သွားစရာ မလို။ မူရင်းအရေးအသား၏ ဘာသာစကား(အရင်းခံ ဘာသာ စကား Source Language)တွင်ပင် နားမလည်သဖြင့် မှားနေ သော အမှားများဖြစ်လေသည်(ဖော်ပြခဲ့ပြီးဖြစ်သော အရေး အသားမှ ညွှန်းထားသော ဒေါက်တာ အောင်ကြီး၏ အရေး အသားတွင် ထောက်ပြသည့် Humour စာလုံးကို နားလည်လွဲ နေသော...၊ အခြားတစ်နည်း၊ နားမျှမလည်သော အမှားမျိုးဖြစ် သည်။)။ Literal Deciphering တွင် မှားခြင်းဖြစ်သည်။ ဤ တွင် ရှင်းလင်းအောင် နမူနာတစ်ခုပြလိုသည်(ထိုနမူနာမှာ ရှေး က ရေးခဲ့ဖူးသော အရေးအသားတစ်ခုတွင် ပြဆိုခဲ့ဖူးသည်)။ မြန်မာစာတတ်သော နိုင်ငံခြားသားတစ်ဦး၏ ဘာသာပြန်မှုဖြစ် သည်။ 'ကြက်ညီနောင် ရေဝယ်မျော' ဆိုသည်ကို 'Chicken brothers floating in the water' ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရေးသားခြင်းဖြစ်သည်။ 'ကြက်ညီနောင်' ကို Literal Decipher လုပ်ရာတွင် လုံးလုံးကြီးမှားသွားသော အမှားဖြစ် သည်။ ဤသည်ကို မှားသည်ဟုမဆိုလျှင်၊ မဆိုရဲကြလျှင် မည်သို့ဆိုရမည် မသိတော့။

ထို့ကြောင့် ဘာသာစကားတစ်ခုမှ အခြားတစ်ခုသို့ အရေး အသား တစ်စုံတစ်ရာကို လက်ပြောင်းလက်လွှဲလုပ်ရာတွင် 'သိမှု' ၏ အခန်းကဏ္ဍမှာ ကြီးမားလှသည်။ သဒ္ဒါတတ်ကျွမ်း ခြင်း၊ ဧည့်ကြိုများကဲ့သို့ အကြောင်းတစ်စုံတစ်ရာကို အလွတ် ကျက် နှုတ်တိုက်ပြောခြင်းတို့မှာ ဘာသာစကားတစ်ခုမှ တစ်ခု သို့ လွှဲပြောင်းရေးသားခြင်း၌ အရေးမကြီးလှ။ မြန်မာနိုင်ငံတွင် သော် အင်္ဂလိပ်စာ ရေးတတ်ဖတ်တတ်လျှင်၊ မြန်မာစာ ရေး တတ်ဖတ်တတ်လျှင် ဘာသာပြန်၍ဖြစ်သည်ဟု လက်ခံထား ကြသူမှာ အများကြီး။ သွားလေသူ ဘာသာပြန် ဆရာကြီးများ တွင်ပင် ထိုအမြင်ရှိသည်။ တက္ကသိုလ်ကျောင်းသားဘဝက ဆရာတစ်ဦးနှင့် ဆုံခဲ့ရဖူးသည်။ စကားအပြောကောင်း၊ စာ အရေးကောင်းဖြစ်သည်။ ဒဿနိကဗေဒဆိုင်ရာ စာများကို လည်း အဖတ်များသဖြင့် တက္ကသိုလ်က ရာထူးပေးကာ အလုပ်ခန့်ထားရသူ ဖြစ်သည်။ ကျွန်တော့်ဖခင်ကြီးကိုလည်း လေးစားသူဖြစ်သည်။ သူ၏ကျေးဇူးများ ကျွန်တော့်တွင် ရှိပါ သည်။ တစ်နေ့သော် သူ ဘာသာပြန်ထားသော စာအုပ်တစ် အုပ်ကို ကျွန်တော့်ကိုပေးသဖြင့် ဖတ်ကြည့်မိသည်။ ထိုစာအုပ် ၏ အင်္ဂလိပ်ဘာသာပြန်မှာ ကျွန်တော့်တွင်ရှိသည်။ မြန်မာ

www.burmeseclassic.com

ww.burmeseclassic.com

ဘာသာဖြင့် ပြန်လည်ရေးသားထားသည့်အထဲတွင် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသည့်အထဲမှ စာပိုဒ်အတော်များများ မပါ။ ထိုခေတ်အခါက စာပေစိစစ်ရေးကလည်း နှိပ်စက်တတ်သည်ဖြစ်ရာ သူ့ကို မေးကြည့်မိသည်။ 'မလိုတာတွေဖြုတ်ထားခဲ့သည်' ဟု သူက ဆိုသည်။ ဖြုတ်ထားခဲ့သော စာပိုဒ်များ မလိုအပ်သည်လည်း ရှိပါသည်။ အချို့မှာ မြန်မာစာဖတ်သူတို့သိရန် လိုအပ်နေသည်။ သိသော် ပို၍ အရသာရှိနိုင်သည်။ ဆိုလိုရင်းအနက် ပေါ်နိုင်သည်ဟု ဆိုရမည်။ သို့သော် သူက ဆိုသည်မှာ 'ငါ ဘာသာပြန်တာ ဖတ်တဲ့လူတွေဟာ မင်းလို မူရင်းနဲ့ ယှဉ်ဖတ်ကြမှာ မဟုတ်ဘူး၊ ပူမနေနဲ့' ဟူ၏။ ထိုအခါမှစ၍ မြန်မာဘာသာအားဖြင့် ပြန်လည်ရေးသားထားသော အရေးအသားများကို ဖတ်ရလေသော် မူရင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အရေးအသားဖြင့် ယှဉ်တွဲဖတ်ရှုသော အလေ့အကျင့် ရလာခဲ့တော့သည်။ ဆိုလိုသည်မှာ မူရင်းအရေးအသားက ပေးထားသော 'အသိ၊ အမြင်…တစ်စုံတစ်ရာ' ကို သိချင်မြင်ချင်သောကြောင့်ဖြစ်သည်။ ဘာသာစကား အလွှဲအပြောင်းပြုရာတွင် သိနားလည်မှုအပိုင်း မည်ရွေ့မည်မျှ ချွတ်ချော်သွားခဲ့ကြောင်းများ တွေ့လာရသည်။

မကြာမီက ဖတ်ရှုခဲ့ရသော အရေးအသားတစ်ခုကို နမူနာ ပေးလိုပြန်သေးသည်။ ၎င်းမှာ မီရှယ်ဖူးကိုး၏ **လိင်သဘာဝ သမိုင်း** အမည်ရှိစာအုပ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာပြန်အမည်မှာ **The History of Sexuality** ဖြစ်သည်။ ရှေ့သို့မဆက်မီ ဖူးကိုးနှင့် သူ့အရေးအသားအကြောင်း အကျဉ်းမျှ တင်ပြလိုသည်။Sexuality ဟူသော စကားလုံး/စာလုံးကြောင့် နားလည်

ဘာသာစကားတစ်ခုမှ အခြားတစ်ခုသို့ အရေးအသား တစ်စုံတစ်ရာကို လက်ပြောင်းလက်လွှဲလုပ်ရာတွင် 'သိမှု'၏ အခန်းကဏ္ဍမှာ ကြီးမားလှသည်။ သဒ္ဒါ တတ်ကျွမ်းခြင်း၊ ဒေသိုကြို့များကဲ့သို့ အကြောင်းတစ်စုံတစ်ရာကို အလွတ်ကျက် နှုတ်တိုက်ပြောခြင်းတို့မှာ ဘာသာစကားတစ်ခုမှ တစ်ခုသို့ လွှဲပြောင်းရေးသားခြင်း၌ အရေးမကြီးလှ။ မြန်မာနိုင်ငံတွင်သော် အင်္ဂလိပ်စာ ရေးတတ်ဖတ်တတ်လျှင်၊ မြန်မာစာ ရေးတတ်ဖတ်တတ်လျှင် ဘာသာပြန်၍ဖြစ်သည်ဟု လက်ခံထားကြသူမှာအများကြီး

မလွဲကြစေလို။ ကာမဂုဏ်ခံစားမှုတွင် အခြေခံထားသော လူ့အဖွဲ့အစည်းအတွင်းမှ ထိန်းချုပ်မှု၊ လွတ်လပ်မှု၊ ပြုမူလုပ်ကိုင်နိုင်မှုစွမ်းရည်…စသည်များအကြောင်းကို ခရစ်ယာန်ဘာသာအခြေခံ အနောက်တိုင်းလူ့အဖွဲ့အစည်းနှင့် ဆက်စပ်ကာ သုတေသနပြု လေ့လာတင်ပြထားခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် 'ပြ-ဆို-ညွှန်း' ထားသည်က တစ်ခု။ ဆိုလိုရင်းက အခြားတစ်ခုဖြစ်သည်။ ညွှန်းရာကိုထောက်၍ မညွှန်းရာကို ပေါက်စေ

သော ဗျာတိရေကာ၏ သဘောဖြစ်သည်။ သူကိုယ်တိုင်ပြော ကြားခဲ့သော နှုတ်ထွက်စကား ဝန်ခံချက်မှာ My aim is not to write the social history of a prohibition but the political history of the production of 'truth' ဟူ၍ဖြစ်သည်။ ထို အချက်ကို စိုးစဉ်းမျှမသိဘဲ(နားမလည်ဘဲ) ထိုအရေးအသား အကြောင်းကို ဘာသာစကားဖလှယ်ရန်မလွယ်၊ သိမှု လက် ပြောင်းလက်လွှဲလုပ်ရန်မလွယ်။ မလွယ်ဟု ဆိုရသည်မှာ 'မိမိ တွင် တာဝန်ရှိသည်' ဟူသော အချက်ကို ထည့်သွင်းမစဉ်းစား ဘဲ ထင်ရာ လုပ်ချလိုက်လို့ ဖြစ်တယ်ဟူသော အမြင်ဖြင့်သာ ပြုမူနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် မြန်မာဘာသာဖြင့် ပြန်လည်ရေးသားသူက ဂုဏ်ယူဝင့်ကြွားစွာဖြင့် အမှာစာတွင် ဆိုသည်မှာ…

*အခု ဘာသာပြန်ထားတဲ့ The History of Sexuality (volume-1)မှာတော့ လိင်ရမ္မက်ကို ဆေးပညာ၊ သိပ္ပံပညာ စီးပွားရေး၊ နိုင်ငံရေးနဲ့ အဆုံးစွန်ပြောရရင် အသက်ရှင်သန်မှု ဘဝအပေါ်ပါ စိုးမိုးခြယ်လှယ်ထားတဲ့ ပါဝါလမ်းကြောင်းကို ကျွန်မတို့ မြင်တွေ့ရပါလိမ့်မယ်။…*

ဟူ၏။ ကျွန်တော့်နားထဲတွင်မူ သွားလေသူ ဆရာ(ဦး) စိန်ခင်မောင်ရီ ပြောလေ့ရှိတတ်သော '*ကိုင်း…ခင်ဗျား၊ ဘာ ပြောချင်သေးသတုံး*' ဟူသော အသံကို ကျယ်ကျယ်လောင် လောင် ကြားလာမိသည်။ စင်စစ် ဖူးကိုး၏ ပညာရပ်ဆိုင်ရာ အရေးအသား(အလားတူ အခြားသော ပညာရပ်ဆိုင်ရာ အရေး အသား)များကို ပြီးကပစ်လုပ်ရန်မှာ မသင့်လှ။

ထိုမြန်မာပြန် စာအုပ်တစ်အုပ်လုံးမှာ အင်္ဂလိပ်ဘာသာ ပြန်၌ ဖော်ထုတ်တင်ပြထားခဲ့ သော အခြေခံလိုအပ်ချက် လုံးဝဥဿုံ မသိသည်သာမက ဖူးကိုး၏ ခေတ်အခါကာလ ပညာရေးစနစ်၊ နိုင်ငံရေးနှင့် လူမှုဆက်ဆံရေး ဘဝတို့အပြ အသိပညာအခြေခံ ကူးလူး ဆက်ဆံမှုများကိုလည်း လုံး မသိဘဲလျက် မြန်မာဘာသာ စာဖြင့် ပြန်လည်ရေးသားလိုက် ခြင်းသာ ဖြစ်သည်။ ပညာရေ အခြေခံနွမ်းပါးသဖြင့် မှားသော

အမှား အဆင့်အထိ မရောက်။ ဉာဏ်သစ် တင်ပြခဲ့သည့် 'မူရင်း ဘာသာစကားကို နှံ့နှံ့စပ်စပ်သိရမယ်' ဟူသော အဆင့်၌ သောင်တင်နေရင်း မှားနေသော အမှားမျိုးသာဖြစ်သည်။ ပညာရပ်အခြေခံ နွမ်းပါးမှုကြောင့် မှားလေသော်(ဖူးကိုး၏ အရေးအသား/အမြင် ဖြစ်သောကြောင့်) အတိုင်းအတာ အထိ ခွင့်လွှတ်သင့်ပါသည်။ အကြောင်းမှာ ဖူးကိုး၏ အသိ ပညာစနစ်မှာ နားလည်ရန် အလွန်ခက်ခဲပါသည်။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com

မှုရင်းအားလုံးလိုလိုမှာ ပြင်သစ်ဘာသာစကားဖြင့် ရေးသားထားခြင်းသာဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားခြင်းများမှာ ဘာသာပြန်များသာဖြစ်သည်။ ထိုဘာသာပြန်များကို ဘာသာပြန်သူများမှာ ဘာသာစကား ဖလှယ်ရာတွင်ဖြစ်စေ၊ အသိပညာကို ဘာသာစကားအခြေခံဖြင့် လက်ပြောင်းလက်လွှဲမှုပေးရာတွင်ဖြစ်စေ 'အလွန်တော်သော' ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဆိုကာမျှ မည်ကာမျှ ပုဂ္ဂိုလ်များမဟုတ်။ ထို့ပြင် သိမှုကို ဘာသာစကားအခြေခံဖြင့် ဖလှယ်ပေးရာတွင် လိုက်နာအပ်သော စည်းကမ်းကလနားနှင့် တာဝန်ရှိမှုကို သိသူများဖြစ်လေသည်။ ယခု မြန်မာဘာသာစကားအခြေခံဖြင့် ပြန်လည်ရေးသားထားသော စာအုပ်မှာမူ ပညာရပ်ဆိုင်ရာ သိရှိကျွမ်းကျင်မှုနှင့် ဘာသာစကား ဖလှယ်ရာတွင် လူမှုဆက်ဆံရေးဘဝအခြေခံ တာဝန်ယူမှုကိစ္စများကို ထည့်ဆွေးနွေးရန်အထိ လိုအပ်။ အဓိက ပြဿနာမှာ အင်္ဂလိပ်စာကို ဖြောင့်ဖြောင့်မျှဖတ်တတ်ခြင်းမျှသာဖြစ်သည်။ ဘာသာစကား အသုံးအနှုန်းများကို အဘိဓာန်လာ လုံးချင်းအနက်အရ ပြန်လည် စုစည်းသာ ကြိုးစားနားလည်ကြည့်ခြင်း'မျှသာ'ဖြစ်နေသည်။ မြင်သာအောင် ဆိုရလေသော် ဖူးကိုး တင်ပြလိုသည့် Sexuality ဆိုသည်မှာ လိင်ပညာ မဟုတ်ပါ။ Sex ကို လိင်ဟု ဆိုတတ်ကြသော်လည်း Sexual desire မှာ ကာမဆန္ဒဖြစ်သည်။ လိင်ဆန္ဒဟု မခေါ်ဆိုကြ။ ဖူးကိုးဆိုလိုသော Sexuality မှာ တပ်မက်မှု(ရာဂ)အခြေခံ အပြုအမူများ၊ ကာမဂုဏ် ခံစားခွင့်တည်သော ဆန္ဒနှင့် အပြုအမူများအကြောင်း အခြေခံ၍ တင်ပြခြင်းသာဖြစ်သည်။ ထို့ပြင် သတိထားမိရန် လိုအပ်သည်မှာ အနောက်တိုင်း ခရစ်ယာန်ဘာသာအခြေခံ လူ့ကျင့်အစည်းကို အရင်းတည် လေ့လာတင်ပြခြင်းဖြစ်သည့်အကြောင်း ကမ္ဘာလုံးဆိုင်ရာ အမှန်တရားအကြောင်း တင်ပြသည်မဟုတ်။ ထို့ကြောင့်ပင်လျှင် ပထမအပိုင်းတွင် The Repressive Hypothesis(တိမ်မြုပ် သဘောထား/အမြင်) အကြောင်းကို တင်ပြခဲ့ခြင်းဖြစ်သည်။

အထက်တွင် ဆိုခဲ့သော 'အင်္ဂလိပ်စာကို ဖြောင့်ဖြောင့်မျှဖတ်တတ်ခြင်း'ဆိုသော အချက်မှာ မျက်နှာလွှဲခဲပစ်ဆိုခြင်းမဟုတ်။ အသရေဖျက်နေသည်မဟုတ်။ မြန်မာဘာသာပြန်စာအုပ်လုံး၏ လွဲမှားနေပုံများမှာ မြင်မကောင်း။ ဖတ်ရန်ပင်ခက်လှ။ သို့ရာတွင် အချိန်ပေး၍ ရေးသားပြရန်ပင် မသင့်လျော်၍ စာပိုဒ်တစ်ခုမှ စာကြောင်းအချို့ နမူနာပေးကာ ရှင်းပြပါရစေ။ ရှေ့(ဇူလိုင်လ)တွင် ရေးသားခဲ့သော အရေးအသားတွင် တင်ပြခဲ့ပြီးဖြစ်သော '...control its free circulation in speech' ဟု ရေးသားထားသော စာကြောင်း၌ '...extinguish the words that rendered it too visibly present' ဟု ဆက်လက် ရေးသားထားသည်။ ဤသည်ကို မြန်မာဘာသာအားဖြင့် ပြန်လည်ရေးသားရာတွင် 'အဲဒီကိစ္စကို လောလောလတ်လတ် မျက်စိထဲ စွဲစွဲထင်ထင်မြင်စေတဲ့ အရာတွေကို ဖျက်သိမ်းပစ်မယ်' ဟု ရေးသားထားသည်ကို တွေ့ရပြန်သည်။ '...လောလောလတ်လတ် မျက်စိထဲ စွဲစွဲထင်ထင် မြင်စေတဲ့အရာတွေ' ဟူသော အချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်းတွင် ကျွန်တော် မတွေ့မိပါ(အင်္ဂလိပ်စာ/စကားသည် ကျွန်တော်၏ မွေးဖွားရင်း ဘာသာစကားမဟုတ်သဖြင့် ညံ့သည်ဟု မြင်လိုသော် မြင်ကြပါ။ ဖူးကိုး၏ အရေးအသားများမှာ ကျောင်းသားဘဝက သင်ရိုးအညွှန်းကြောင့် လေ့လာခဲ့ရသည့် ရင်းနှီးမှုအခြေခံအရ သတိထားမိခြင်းသာဖြစ်သည်)။ အကြိမ်ကြိမ် ဖတ်ရှုကြည့်ပြီးမှ အဖြေတွေ့ရပါတော့သည်။ 'မျက်စိထဲ စွဲစွဲထင်ထင် မြင်စေတဲ့...' ဆိုသည်မှာ Too Visibly ကို မြန်မာဘာသာစကားအရ ပြန်လည် ဖော်ထုတ်ထားခြင်းဖြစ်ပြီး 'လောလောလတ်လတ်...' မှာ Present ကို ဆိုလိုခြင်းဖြစ်လေသည်။ ထိုစာလုံးနှစ်လုံးကို ပေါင်းစည်းပြီး အင်္ဂလိပ်စာဖြင့် ရေးသားထားသော Too Visibly Present ကို မြန်မာဘာသာဖြင့် ပြန်လည်ရေးသားတွင် '...လောလောလတ်လတ် မျက်စိထဲ စွဲစွဲထင်ထင် မြင်စေတဲ့'အရာ'' ဟူ၍ ဖြစ်သွားတော့သည်။ အဘယ်ကြောင့် ထိုသို့ နားလည်အနက်ယူသည်ဆိုသည်ကိုမူ စဉ်းစားကြည့်၍မရ။ ထို့ပြင် Too visibly present ဟု အင်္ဂလိပ်လို ရေးသားထားသည်မှာ အရာ(တစ်စုံတစ်ရာ၊ အရာဝတ္ထုတစ်ခု)မဟုတ်။ မည်သည်ကို ဆိုလိုကြောင်း ထိုစာလုံးများ၏ ရှေ့တွင်ကပ်လျက်ပါသည်။ The words that rendered it too visibly present တွင် The words ဟုပါသည်။ စားပွဲ၊ ကုလားထိုင်၊ ကြက်သွန်ဥ... စသည်များအကြောင်း ရေးသားနေသည်မဟုတ်။ The words that rendered ဆိုသည်ကို မြင်ကြစေချင်သည်။ စာလုံး/စကားလုံး များအကြောင်း ရေးသားထားခြင်းဖြစ်သည်။ စာလုံး/စကားလုံးနှင့် အရာဝတ္ထုတို့၏အကြားမှ အရေးပါသော ကွာခြားမှုတစ်ခုမှာတည်ငြိမ်မှု၊ ခိုင်ခံ့မှုဟုခေါ်သော Stability ရှိခြင်း၊ မရှိခြင်းဖြစ်သည်(သီးခြားပြဿနာတစ်ခုဖြစ်၍ ဤအကြောင်းကို အကျယ်မရှင်းတော့ပါ)။ Too visibly present မှာ စင်စစ် ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ဖော်ထုတ်တင်ပြပြောဆို (ရေးသား)သော စာလုံး/စကားလုံး(အသုံးအနှုန်းများ) Words ကို ရည်ညွှန်းထားခြင်း'သာ'ဖြစ်သည်။ စာကြောင်းတစ်ခုလုံး၏ ဆိုလိုရင်းကို အရပ်စကားဖြင့် ဆိုရလေသော် 'ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ရေးသားပြောဆိုနေတာတွေကို ထိန်းသိမ်းရမယ်။ အရှိန်လျှော့လာအောင် လုပ်ရမယ်' ဆိုသော သဘောသာဖြစ်သည်။

အင်္ဂလိပ်စာဖြင့် ရေးသားထားသော အခြားစာတစ်ကြောင်းကို နမူနာအဖြစ် ကြည့်ကြစေချင်သေးသည်။

*Without question, new rules of propriety screened out some words: there was a policing of statements.*

ကို မြန်မာဘာသာစာဖြင့် ပြန်လည်ရေးသားရာတွင်...

*ရည်မွန်မှုရှိတဲ့ ကျင့်ဝတ်စည်းကမ်းဆိုတာတွေက တချို့စကားလုံးတွေကို မျက်နှာပြင်အထက် တင်လိုက်တယ်။ ဖော်ပြ*

www.burmeseclassic.com

www.burmeseclassic.com

*ရေးသားချက်တွေအပေါ်မှာ စောင့်ကြည့်ကြပ်မတ်တဲ့'ရဲ'ဆိုတာ ရှိနေပြီ။*

*(ဖူးကိုး၏ လိင်သဘာဝသမိုင်း၊ စာ၊ ၅၁။)*

ဤတွင် အင်္ဂလိပ်ဘာသာ အရေးအသားအပေါ် နားမလည်ပုံကို ရှင်းပြလိုသည်။ Rules of propriety ဆိုသော စာလုံးကိုကြည့်ပါ။ ၄င်းမှာ လူ့အဖွဲ့အစည်းက သင့်တင့်လျောက်ပတ်သည်ဟု သဘောထားကာ လက်ခံထားသော အစဉ်အလာ၊ အပြုအမူ၊ အမြင်...စသည်များသာဖြစ်ပါသည်။ ၄င်းကို 'ရည်မွန်မှုရှိတဲ့ ကျင့်ဝတ်စည်းကမ်း'ဟု ဆိုရန် မဖြစ်နိုင်။ ဖြစ်နိုင်သည်ဟုဆိုသော် 'ဘာလဲ...'ဟု မေးရပေတော့မည်။ အကြောင်းမှာ အနက်ရင်းပီပြင်မှုမရှိဘဲ စာလုံး/စကားလုံးအားဖြင့် ဖောင်းပွနေခြင်းသာ ဖြစ်နေသောကြောင့်ဖြစ်၏ (အစိုးရက တန်ဖိုးမရှိဟု ကြေညာလိုက်သော ငွေစက္ကူများကဲ့သို့ စက္ကူပေါ်တွင် ပုံနှိပ်ထားခြင်းများ ရှိနေသည်ကို မြင်ရသော်လည်း ထိုပုံနှိပ်စာလုံးများသည် ဆိုလိုရင်းအနက်(တန်ဖိုး)ကို မဆောင်နိုင်ကြ)။ မြန်မာဘာသာ အရေးအသားဖြင့် ရေးထားသည့်အပိုင်းမှာလည်း ဘူးလုံးနားမထွင်း။ အခြား စာလုံးကို ကြည့်စေချင်သေးသည်။ ၄င်းမှာ Screened Out ဖြစ်သည်။ ဤတွင် Screen ကို စာလုံးတစ်လုံး၊ Out ကို နောက်ထပ်တစ်လုံးအဖြစ်ယူကာ စာလုံးနှစ်လုံးပေါင်းပြီး 'မျက်နှာပြင်အထက် တင်လိုက်တယ်'ဟူ၍ ရေးသားထားသည်။ Screen ကို ရုပ်ရှင်၊ ရုပ်မြင်သံကြား စသည်တို့၏ မျက်နှာပြင် Surface သဘော နားလည်လက်ခံထားလိုက်သည်။ စင်စစ် ဤတွင် White or silver surface in front of projector ကို ဆိုလိုသည် မဟုတ်ပါ။ Out ဆိုသည်မှာမူ အပြင်ဘက်ဟု လွယ်လွယ် လက်ခံကြသည်(ဤနားလည်ပုံမျိုးမှာ ဒေါက်တာ အောင်ကြီး ထောက်ပြခဲ့သော Humour ကို နားလည်ပုံနှင့် အလွန် နီးစပ်သည်။ ယခု အနေအထားမှာမူ ပို၍ဆိုးသော အနေအထားတွင် ဖြစ်၏။ ဆိုးရသည်မှာ ပညာရပ်ဆိုင်ရာ အရေးအသားဖြစ်နေ၍ ဖြစ်၏။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်ဆရာမတစ်ဦးက Train of thought ကို အတွေးအခေါ်ရထားတွဲကြီးဟု ဘာသာပြန်သည်ကဲ့သို့ဟူ၍ပင် ပြောရပေတော့မည်။)။ စင်စစ် Screen out ကို Screen out...ဟု နားလည်ရန်မဖြစ်နိုင်။ ဤနေရာတွင် Screen မှာ Screenings ကို ဆိုလိုခြင်းဖြစ်သောကြောင့် စစ်ဆေးခြင်း၊ စိစစ်၍ လက်ခံခြင်း၊ ငြင်းဆိုခြင်းပြုသည့် သဘောသာ ဖြစ်၏(အထူးသဖြင့် လက်မခံရန်၊ ငြင်းဆိုရန် ရည်ရွယ်၍ ပြုသည့် အပြုအမူဖြစ်သည်။)။ ဆန်ခါတင်စိစစ်သည့်သဘောဟု အစဉ်အလာ မြန်မာဘာသာစကား အသုံးအနှုန်းဖြင့် မြင်လိုသော် မြင်ပါ။ ထို့ပြင် အင်္ဂလိပ်စာအရ ရေးသားရာတွင် ထည့်ထားသော Semi-colon ကိုလည်း သတိပြုစေချင်သည်။ အဖျင်းပြေထည့်ထားသည် မဟုတ်။ ပို၍ ပို၍ ဆိုးရွားလာသည်မှာ Policing ကို Police နှင့် တစ်သဘောတည်း လက်ခံရှုမြင်ကာ လွဲမှားသော အသိတစ်ခုကို မြန်မာဘာသာ စကားဘောင်အတွင်းသို့ ('ရဲ ဆိုတာ ရှိနေပြီ'ဟု) ထိုးထည့်လိုက်ခြင်း ဖြစ်သည်။ Policing မှာ to Police သဘောကို ဆိုလိုခြင်းသာ ဖြစ်သည်။ ရဲသားဖြစ်သော Policeman/ Policewoman ကို ဆိုလိုသည်မဟုတ်ပါ။ တစ်စုံတစ်ရာ ကျူးလွန်မှုမရှိ(စောင့်စည်းအပ်သည်တို့ကို ချိုးဖောက်ခြင်းမရှိ)အောင် စောင့်ရှောက်ထိန်းကျောင်းသည့်သဘော၊ ကြပ်မတ်ကွပ်ကဲသည့်သဘော ဖြစ်သည်။ ထိုစာကြောင်းကို အရပ်စကားဖြင့် လွယ်လွယ်ပြောသော်'(ဟိုတုန်းက)ပြောတာဆိုတာတွေ လွန်လွန်ကျူးကျူးမဖြစ်အောင် (ခွင့်မပြုနိုင်တာတွေ မဖြစ်အောင်)သတိထား စောင့်ကြည့်နေကြတာတွေ ရှိခဲ့တယ်'ဟု လူသူလေးပါး နားလည်အောင် ပြော၍၊ ရေး၍ ရပါသည်။ ဖြစ်ကတတ်ဆန်း တောရမ်းပယ်ဖွဲ့ မသင့်မလျော်များ လျှောက်ရေးနေစရာ မလို။

ထိုစာပိုဒ်မှ နိဂုံးစာကြောင်းမှာ ဤသို့ဖြစ်သည်။

*This almost certainly constituted a whole restrictive economy, one that was incorporated into that politics of language and speech-spontaneous on the one hand, concerted on the other-which accompanied the social redistributions of the classical period.*

၄င်းကို မြန်မာဘာသာဖြင့် ပြန်လည်ရေးသားထားသည်မှာ-

*ဒီကိစ္စဟာ ကျဉ်းကျပ်ခက်ခဲတဲ့ စီးပွားရေးတစ်ရပ်ကို ဖွဲ့စည်းပြဋ္ဌာန်းလိုက်သလိုပဲ။ အဲဒီ စီးပွားရေးဆိုတာ နိုင်ငံရေး ဘာသာစကား၊ မိန့်ခွန်းတွေနဲ့ ပေါင်းစည်းပတ်သက်နေတယ် တစ်ဖက်မှာ သူ့အလိုလို ဆက်စပ်နေပြီး တစ်ဖက်မှာ ရှေးပ[...] သဏ္ဌာန်ကာလက ပြန်လည်ပြောင်းလဲဖြန့်ဝေတဲ့ လူမှုရေးရာ[...]ပါ တစ်ပါတည်း ကပ်လိုက်လာတာမျိုးပဲ။(ယင်း။)*

ဟူ၏။ ဘာသာစကားအရ ပြန်လည်တည်ဆောက်[...]ခြင်းကို ထည့်သွင်းမဆွေးနွေးတော့ပါ။ ဖတ်ရှုသူများအနေဖြင့် လွယ်လင့်တကူမြင်သာပါသည်။ စာလုံးအချို့ကို နားလည်ထားပုံကိုသာ ပြပါရစေ။ a whole restrictive economy ကို 'ကျဉ်းကျပ်ခက်ခဲတဲ့ စီးပွားရေးတစ်ရပ်'ဟု နားလည်ထား[...]မှာ ပြည်ဆရာကြီး ဦးဘေစာအုပ်ဖြင့် အင်္ဂလိပ်စာတတ်[...]သူများ၊ ယူစီးနီးယားစာအုပ်ဖြင့် အင်္ဂလိပ်စာတတ်သူများ[...] လျှင် ထိုသို့နားလည်သဘောပေါက် အနက်ယူမည် မထင်[...] ဒေါက်တာ အောင်ကြီး ရေးခဲ့သော Humour နေရာတွင်[...] Economy ကိုထည့်ကာ Economy ဆိုတိုင်း စီးပွားရေးမဟုတ်[...] ဟု ပြောရရုံသာ ရှိပေတော့မည်။ အခြားတစ်ခုမှာ poli[...] of language and speech ဖြစ်သည်။ language and spe[...] မှာ တစ်ကွဲတစ်ပြားစီ မဟုတ်ပါ။ မဟုတ်ရုံတင်မက poli[...] of language မှာ Language of Politics မဟုတ်ပြန်ချေ(မြန်[...] ပြန်တွင် 'နိုင်ငံရေးဘာသာစကား'ဟု ရေးသားထားသည်[...] သတိပြုပါ။)။ အလားတူပင် Politics မှာ politic မဟုတ်[...] ဤတွင် သုံးနှုန်းထားသော Politics ၏ သဘောမှာ အင်[...] ဘာသာစကားတွင် ပြောဆိုလေ့ရှိသော office politics

www.burmeseclassic.com

ww.burmeseclassic.com

politics in army စသည့် အသုံးအနှုန်းကဲ့သို့ ဖြစ်သည်။ The politics of particular group or organization သာဖြစ်ပေသည်။ မြန်မာဘာသာဖြင့် ပြန်လည်ရေးသားထားသည်ကဲ့သို့ 'နိုင်ငံရေးဘာသာစကား' ဆိုသည်မှာ မဟုတ်သည်သာမက 'လုံး၀' မှားနေသည်။ politics of language and speech ကို အရပ်စကားဖြင့် လွယ်လွယ်ပြောသော် '(ဘာသာစကား) အရေးနှင့်အပြော နှစ်ခုစလုံးကို အကျိုးရှိအောင် အသုံးချလိုက်ခြင်း' သဘောသာ ဖြစ်သည်။ အခြားသောအချက်တစ်ခုမှာ သင်္ကေတများသုံးနှုန်းခြင်းကို လုံး၀ဥသုံနားမလည်ဘဲလျက် စာလုံးများကိုရောထွေးနားလည်လိုက်ခြင်းဖြစ်သည်။ အင်္ဂလိပ်စာအရေးအသားတွင် ကော်မာ…ကော်မာ( , ..,)၊ ဒက်(ရှ) --ဒက်(ရှ)(- ---)ဟူ၍ သုံးနှုန်းရေးသားခြင်းများရှိသည်။ ထိုကော်မာ… ကော်မာ( ,…,)၊ ဒက်(ရှ)…ဒက်(ရှ)(-…) အကြားမှ စာလုံးများသည် စာတစ်ကြောင်းလုံး၏ မည်သည့်အစိတ်အပိုင်းကို ဦးတည်ရည်ညွှန်းခြင်း၊ ရှင်းပြဖွင့်ဆိုခြင်းဖြစ်သည်ကို သိရန်လိုသည်။ ဝါကျတွင် အနက်တိုးစေခြင်းမရှိဘဲ ပုဒ်ပြည့်ရုံဖြည့်သော ပဒပူရဏမျိုးမဟုတ်။ (အရှည်အကျယ်ဖြစ်သဖြင့် ဤတွင် မရှင်းတော့ပါ။)။ သို့ရာတွင် ထိုအခြေခံအချက်များကိုမျှ မသိဘဲလျက် အဘယ်ကြောင့် ဖူးကိုး၏ အရေးအသားကို ဘာသာပြန်သည်မှာ နားမလည်နိုင်။ ပိုက်ဆံရှိသဖြင့်၊ ကျော်ကြားချင်သဖြင့်၊ အာဏာရှိသဖြင့် ထုတ်ကြခြင်းများမှာ ဒီမိုကရေစီနိုင်ငံတော်ကြီးအတွင်းမှ 'ငါထုတ်ပြမယ်' ဟူသော အထင်ရှိသူတိုင်း၏ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ဖြစ်ပါသည်။ မတားမြစ်နိုင်။ သို့ရာတွင် အသိပညာတစ်စုံတစ်ရာကိုလိုလားပြီး မြန်မာဘာသာအရေးအသား အခြေခံခြင်း သိလို၊ မြင်လိုသူများ၏ အကျိုးစီးပွားကိုလည်း ထည့်စဉ်းစားကြရန် သင့်သေးသည်ဟု ထင်သည်။ နောက်ဆုံးတစ်ချက်မှာ the classical period ဆိုသည်မှာ အနောက်တိုင်းစာပေအတွေးအခေါ်ကို အခြေခံမျှ သိသူတိုင်း 'ဂန္ထ၀င်ခေတ်ကာလ' ဟု သိကြသည်။ မြန်မာဘာသာစကားဘောင်အတွင်း၌လည်း ခေါက်ရိုးကျိုးနေခဲ့ပြီဖြစ်သော အသုံးအနှုန်းဖြစ်သည်။ သို့ရာတွင် အဘယ်ကြောင့် 'ရှေးပဝေသဏီ' ဟု နားလည် အနက်ယူသည်ကို နားမလည်နိုင်။ ပဝေသဏီမှာ အလွန်ဝေးလှမ်းခဲ့ပြီဖြစ်သော ရှေးအခါကာလဖြစ်သည်။ Classical period မှာ ရာစု အလယ်ပိုင်းကို ဆိုလိုသည်။ ဖူးကိုးညွှန်းသည်မှာ အခါကာလဖြစ်သည်။ ကမ္ဘာတည်စ ကမ္ဘာဦးသူတို့အချင်းချင်း တပ်မက်မှုဖြစ်ရာမှ ကာယသံသဂ္ဂကဖြစ်ကြကုန်သော ပဝေသဏီက မဟုတ်။

ဤတွင်သော် **မြန်မာ့ရေးရာ** ပါ ဒေါက်တာအောင်ကြီး၏ အရေးအသားမှ အချက်အချို့ကို ဆွေးနွေးလိုသည်။ မှားခြင်း၊ ခြင်းများမှာ အတိုင်းအတာတစ်ခုအထိ လက်ခံရပါမည်။ ဘာသာပြန်ခြင်းတွင် ပြီးပြည့်စုံသောဘာသာပြန်မှုမရှိ' ဟူ၍ ပညာရှင်တို့က ဆိုခဲ့ကြသည်။ သို့ရာတွင် 'အတိုင်းအတာတစ်ခု' ထက် ပို၍မှားကြရန်ကား မသင့်။ ရှေ့တွင် ပြဆိုခဲ့သော ဥပမာများမှာ အတိုင်းအတာတစ်ခုထက် ခရီးတစ်သောင်းမကလွန်နေသောမှားယွင်းမှု(အနက်လွဲနားလည်မှု)များ ဖြစ်နေကြပေသည်။ ဒေါက်တာအောင်ကြီးက '…ဘာသာပြန်ချိန် လုံလုံလောက်လောက် မယူခဲ့တာပဲဖြစ်မည်။' ဟု ဆိုသည်။ ဤအချက်မှာ ကျွန်တော့်အမြင်အရဆိုသော်(ကျွန်တော့်အမြင်သာဖြစ်ပါသည်။ လက်ခံကြရန်ဟု မဆိုပါ။) သိ၊ နားလည်မှုကို ဘာသာစကားအခြေခံကာ ဖလှယ်ရန်အတွက် လိုအပ်မှုများအနက် 'တစ်ခုသာ' ဖြစ်သည်။ အချိန်သည် လိုအပ်မှုတစ်ခုဖြစ်သည်ကားမှန်၏။ 'ဘာသာစကားအခြေခံကျွမ်းကျင်နှံ့စပ်မှု' ၏ ရှေ့မှ 'အချိန်' က နေရာယူနိုင်မည် မထင်။ ဤတွင် 'ဘာသာစကားအခြေခံကျွမ်းကျင်နှံ့စပ်မှု' မှာ အရင်းခံဘာသာစကား Source Language နှင့် ဦးတည် ပြန်ဆိုသောဘာသာစကား Target Language တို့ နှစ်ခုစလုံးကို ဆိုလိုပါသည်။ (ဉာဏ်သစ်တင်ပြခဲ့သော ပထမအချက်နှင့်ဒုတိယအချက်တို့ကို ဆိုလိုသည်။ တတိယအချက်ကို ချန်လှပ်ထားခဲ့ပါမည်။)။ ဘာသာစကားတိုင်းသည် အတည်ပြုလက်ခံထားသော စည်းကမ်းကလနားများအားဖြင့် တည်ဆောက်ထားသည်ကဲ့သို့ အတည်ပြု လက်ခံထားခြင်းမရှိသော်လည်း အသုံးပြုရာတွင် အသုံးတည့်ရန်(အရပ်စကား။ အလုပ်ဖြစ်ရန်…)အတွက် တည်ဆောက်ထားသော အနေအထားများအရလည်း တည်ဆောက်ထားသည်များ ရှိ၏။ သို့အတွက် အရေးအသား တွင်း၌ ပါဝင်နေသော ကောန်တင့် Content နှင့် ကော်န်တက်(စ) Context များကို သိရန်လည်း လိုပေမည်။ ထိုအချက်ကို ဒေါက်တာ အောင်ကြီးက သဒ္ဒါလင်္ကာရ၊ အတ္တာလင်္ကာရဟု ဆိုလိုပုံရသည်။ 'စိမ်ပြေနပြေဖတ်မှ သဒ္ဒါပရိယာယ်ကို မြင်လာတာ ရှိသည်။' ဟု ဆိုသည်။ ထိုဆင်ခြေကို ကျွန်တော် လက်ခံပါသည်။ ယုံလည်းယုံကြည်ပါသည်။ သို့သော်…

screened out = မျက်နှာပြင်အထက်တင်လိုက်တယ်

politics of language = နိုင်ငံရေးဘာသာစကား

…စသည်ဖြင့် သိမှုဖလှယ်ကာ အနက်ရယူနားလည်ထားသော သူ(တို့)၏ ဇယော်ဇယ သိမှုအနေအထားကလေးတွင် 'စိမ်ပြေနပြေဖတ်မှ သဒ္ဒါပရိယာယ်ကို မြင်လာတာရှိသည်။' ဟူသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာနိုင်ပါမည်လော ဆိုသည်မှာ အလွန်သံသယရှိစရာ ဖြစ်နေသည်။ ဖြစ်တန်ရာ အခြေပင် မရှိဟု မြင်မိသည်။ ဤ-စာလုံး/စကားလုံး/အသုံးအနှုန်းများသည် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ မဟုတ်ပါ။ မည်သည့်ပရိယာယ်မျှ မပါပါ။ ထို့ပြင်တစ်ဝ ကျွန်တော် ဆိုလိုသည်မှာ ဘာသာစကားတွင် အရေးပါသော သင်္ကေတအခြေခံလုပ်ဆောင်မှု/သင်္ကေတအားဖြင့် ပြုမှုနေခြင်း (Symbolic function ကို ဆိုလိုသည်။)နှင့် နှစ်ဦးနှစ်ဖက် (အပြန်အလှန်) သိမှုဖလှယ်သောလုပ်ဆောင်မှု သို့မဟုတ် ပြုမှုနေခြင်း (Interactive Function ကို ဆိုလိုသည်။)များအထိ သွားရန်

www.burmeseclassic.com

ww.burmeseclassic.com

မဟုတ်သေးပါ(Function ကို ရှေးကသော် မြန်မာစာဌာနက
'တာဝန်'ဟု သုံးစွဲကြောင်း ဆရာမကြီး ဒေါ်ခင်ဆက်ရည်
ပြောပြခဲ့ဖူးသည်။ သူကိုယ်တိုင်လည်း ဘဝင်ကျပုံမပေါ်။
ကျွန်တော် ဉာဏ်မီသရွေ့ဆိုရသော် ဘာသာစကားဘောင်
အတွင်းမှ Function သည်'တာဝန်တစ်ရပ်အနေဖြင့်'ရှိနေ
ခြင်းမဟုတ်။ ဘာသာစကား၏ သဘောသဘာဝအရ ရှိနေ
သော Natural action တစ်ခု။ Operating in natural way
တစ်ခုဟု မြင်ပါသည်။ နားလည်ပုံ မှားသော် ပြင်ပေးကြ
ပါ။)။ အဘိဓာန်လာ အနက်ကို ဘာသာစကားနှစ်ခုအကြားတွင်
နေရာဖလှယ်သော အပြုအမူကိုမျှသာ ဆိုလိုပါသည်။ ထိုအဘိ
ဓာန်လာ အနက်ကို သိနားလည်သည့် အနေအထား၌ပင် အနု
ညာတ နှမ်းပါးသော သိမှုအခြေခံမျှဖြင့်သာ သိနားလည်နိုင်
သေးသည်ဆိုသော်'အချိန်'က မည်သို့လက်တွဲခေါ်နိုင်ပါမည်
နည်း။ 'အချိန်'မှာ မဒီကိုင် ငိုင်ဖို့သက်သက်သာ ဖြစ်လာပေ
တော့မည်။ အကြောင်းတစ်ချက်မှာ ဘာသာစကားတစ်ခုမှ
အခြားတစ်ခုသို့ အသိပညာ တစ်စုံတစ်ရာ နေရာအပြောင်း
အလဲပြုပေးခြင်းမှာ Dialogical engagement တစ်ခုဖြစ်နေ
သောကြောင့်လည်း ဖြစ်၏။ အပြုအမူတစ်ခုဖြစ်သည်။ ထို
အပြုအမူကို ပြုရန်သိမှု/ သိနားလည်မှုမှာ အခရာဖြစ်သည်။
အတန်းပညာ၊ ကျောင်းသင်စာများထက် ဘာသာစကား(များ)
အပေါ်တွင် ကျွမ်းကျင်မှုမှာ အဓိကဖြစ်လေသည်။ သို့ဖြစ်လေ
ရာ ဆိုခဲ့ပြီးသော အမှားအယွင်းများမှာ ဘာသာစကားကျွမ်း
ကျင်မှုတွင် 'လိုအပ်သည့် အတိုင်းအတာအထိ'ကျွမ်းကျင်မှုမရှိ
ဘဲလျက် ဘာသာစကားတစ်ခုမှ အခြားတစ်ခုဆီသို့ သိမှု/
အသိပညာကို လက်ပြောင်းလက်လွှဲ လုပ်လိုက်သောအခါတွင်
ပေါ်ပေါက်လာသော အမှားများသာ ဖြစ်နေသည်။ အဆိုးရွား
ဆုံးမှာ ပညာရပ်ဆိုင်ရာ အရေးအသားများတွင် 'မှားယွင်းနေ
ခြင်းများ'ဖြစ်သည်။ ဖန်တီးစာ အရေးအသားတွင် နားလည်မှု
လွဲသည်ဆိုလေသော် မထောင်းမတာဟုဆိုရ ကောင်းသေးသည်။

ဤသို့သော အနေအထားမျိုးကို အနောက်နိုင်ငံ စာပေ
ထုတ်လုပ်မှု ပရိဝုဏ်အတွင်း၌လည်း ကြုံခဲ့ကြရသည်။ သို့ရာ
တွင် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည်ကဲ့သို့ မထိန်းနိုင် မသိမ်း
နိုင်သဘောမျိုး ဖြစ်မသွားခဲ့။ ပညာရှင်အချို့တို့က မြင်သည်
မှာ အနောက်တိုင်း၏ အရင်းရှင်ဒီမိုကရေစီစနစ်ကို အလွဲသုံး
စားပြုမှုတစ်ရပ် ဖြစ်သည်။ ဆိုလိုသည်မှာ ဒီမိုကရေစီ၏
လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ စီးပွားရေးပြိုင်ဆိုင်မှုနှစ်ခုတို့
ကို စာပေပုံနှိပ်ထုတ်ဝေသူများက သူတို့၏ အကျိုးစီးပွား
အတွက် ကိုယ်ကျိုးရှိစွာ အသုံးချလိုက်ခြင်းဖြစ်သည်။ ဘာသာ
ပြန်အရေးအသားများတွင် ပြန်ချင်သလို ဘာသာပြန်ပြီး တည်း
ဖြတ်စည်းကြပ်သူများမရှိဘဲလျက် ကိုယ့်ဘာသာ ပုံနှိပ်ရောင်း
ချလာခြင်းဖြစ်သည်။ အချို့သော ပုံနှိပ်လုပ်ငန်းအငယ်စားများ
တွင် 'ဘာသာပြန်သည်'ဟု ဆိုသော အရေးအသားများကို
တည်းဖြတ်စည်းကြပ်ခြင်းမရှိဘဲ ပုံနှိပ်ထုတ်ဝေလာရာမှ
ဘာသာစကားအခြေခံအသိပညာ ဖလှယ်မှု၏အနေအထားမှာ
မမျှော်လင့်ဘဲ ကျဆင်းခဲ့ရသည်။ သို့ရာတွင် အစဉ်အလာရှိခဲ့
သော ပုံနှိပ်တိုက်ကြီးများကမူ ပြန်ချင်သလိုပြန်ထားသော
ဘာသာပြန်များကို ထုတ်ဝေခဲလှသည်။ ထိုအနေအထားနှင့်
ယှဉ်၍ကြည့်လေသော် ယနေ့ကာလ မြန်မာနိုင်ငံတွင် ပေါ်
ပေါက်လာသော(နှင့်၊ နေသော)ဘာသာပြန်ချင်သလိုပြန်ကာ
(ပိုက်ဆံရှိသဖြင့် သို့မဟုတ် ပိုက်ဆံရှိသူကထုတ်ဝေပေးချင်
သဖြင့်) ကိုယ့်ဘာသာကိုယ် ပုံနှိပ်ထုတ်ဝေလာကြခြင်းမှာ
တစ်ပုံစံတည်းဟု ဆိုရမည်။ စာပေစိစစ်ရေးဌာန မရှိတော့
ခြင်း၏ နောက်ဆက်တွဲ ပေါ်ပေါက်လာသော ဆိုးကျိုးတစ်ရပ်
ဟု ပြောလိုသော် ပြောနိုင်သည်။ သို့ရာတွင် စာပေစိစစ်ရေး
ဌာနမှာ ပြည်ထဲရေးဌာန အမှုထမ်းအချို့တို့အတွက် လစာမှအ
ဝင်ငွေအပိုရအောင် ဖန်တီးပေးထားသောဌာနတစ်ခုထက် မပို
ခဲ့။ ကြက်ပေါင်စေးပေတံဖြင့် တိုင်းကာ လိုလျှင်လိုသလိုလုပ်
နိုင်သော ဌာနတစ်ခုသာဖြစ်ခဲ့သည်။ စာပေစိစစ်ရေးဌာနရှိ
စဉ်ကပင် ခွင့်မပြုသင့်သော အရေးအသားအများစုကို ထုတ်ဝေ
ခွင့်ပြုခဲ့လေရာ ယနေ့ ဘာသာပြန်ချင်သလိုပြန်၊ ရေးချင်သလို
ရေးနေကြခြင်းမှာ စာပေစိစစ်ရေး ရှိခြင်း၊ မရှိခြင်းနှင့်ပင်
မဆိုင်သကဲ့သို့ ဖြစ်နေလေသည်။ သို့သော်လည်း အရင်းရှင်
ဒီမိုကရေစီ(စီးပွားရေး)စနစ်၏ ဆိုးကျိုးများအနက်မှ တစ်ခု
ဆိုသည်မှာမူ မငြင်းနိုင်။ ထိုမျှသာမဟုတ်။ အများပြည်သူတို့
ဖတ်ရှုလေ့လာရန်အလို့ငှာ ပုံနှိပ်ထုတ်ဝေခြင်းမရှိ(သေး)သော်
လည်း ပညာရပ်ဆိုင်ရာ အဆောက်အဦအချို့အတွင်းမှ ကျမ်း
အချို့တို့တွင်လည်း ဘာသာစကားအရာတွင် နှမ်းပါးခဲ့
အခြေခံဖြင့် လွဲမှားကာ တိမ်းစောင်းနေခဲ့သည့် အမှားများကို
ပြန်လည်တည့်မတ်ပေးခြင်း၊ အမှားကို ပြုပြင်ပေးခြင်းများ
မရှိဘဲ ဆက်လက်လက်ခံသုံးစွဲနေကြသည်များကိုလည်း တွေ့
နေရပြန်သေးသည်။ မကိုးထိုက်သည်များကို ကိုးကားထား
သည်များမှာ အများအပြား။ ဤသည်မှာ အရင်းရှင်ဒီမိုကရေ
(စီးပွားရေး)စနစ် ဦးထောင်လာခြင်းနှင့် တိုက်ရိုက်ကြ
သက်ဆိုင်ပုံမရ။ စစ်အာဏာရှင်တို့ လက်ထက်တွင် ပီအိပ်(ခ
ဒီများကို စက်ရုံမှ ထုတ်ကုန်တစ်ရပ်ကဲ့သို့ ထုတ်လုပ်ပေးရင်း
ပညာရေးအဆင့်အတန်းများကို စနစ်တကျလျှော့ပါးပင်
ကြသည့် ဦးတော်ချ-ဖောင်းတော်ညိတ် ပညာရှင်ကြီးများ
မျက်နှာလွှဲခဲ့ပစ် အပြုအမူများနှင့် ဆိုင်ပေမည်။ အဆိုးရွားဆုံး
ပြဿနာတစ်ရပ်မှာ အမှားကိုပြင်ရန် အားထုတ်ရမည့်လ
ကြောင်းတွင် အတိတ်ကို အပြစ်မဆိုစတမ်းမူဖြင့် လက်ဝါးချ
ရိုက်ကာ လက်ခံထားသည့် 'အသက်ရှည်ရှည် ခင်ခင်မင်မင်
နိုင်ငံရေးမူဝါဒက ကန့်လန့်ခံနေခြင်းဖြစ်သည်(ဤသည်
နိုင်ငံရေးနှင့် ဆိုင်နေသဖြင့် အန္တရာယ်မကင်းလှသောကြော
အရှည်အကျယ် မရေးရဲပါ။ ဝေဖန်ရေးနှင့် အသရေဖျက်
ကို ဖအေတူမအေကွဲ အမြွှာပူးဟု ရှုမြင်လက်ခံထားသော ခေ
ကာလကြီး ဖြစ်နေပါသည်။)။ ယနေ့ကာလ မြန်မာနိုင်ငံတွ

www.burmeseclassic.com

www.burmeseclassic.com

တွေ့လာရသော(နှင့်၊ နေသော) "ဘာသာပြန်ဟုဆိုသည့် အရေးအသား"အများစု၏ ပြဿနာမှာ မူရင်းရေးသားထားသော ဘာသာစကားအပေါ်တွင် မကျေညက်မှုမှာ အကြီးမားဆုံး ပြဿနာဖြစ်သည်။ အခြားသော ဘာသာပြန်ခြင်းဆိုင်ရာ သီအိုရီများနှင့် ချိန်ထိုးအကဲဖြတ်ရန်အထိ မလိုအပ်သေးပါ။

ပညာရှင်ဘူဘာ (Martin Buber)က လူ၏အနေအထားနှင့် ပတ်သက်သော တင်ပြချက်တစ်ခုတွင်-

Die Welt ist dem Menschen zwiefältig nach seiner zwiefältigen Haltung

ဟု ဆိုခဲ့သည်။ အကြမ်းဖျင်းဆိုရသော် လူတွင်တည်သော (ရှိသော)အနေအထားနှစ်မျိုးအရ ကမ္ဘာကြီးကို နှစ်မျိုး မြင်နိုင်သော ဟူ၏။ သို့ရာတွင် ငါ နားလည်ချင်သလို နားလည်နိုင်သဖြင့် အခြားသူများကိုလည်း ငါ နားလည်သလို နားလည်ရသည်ဟု ဆိုလိုသည်မဟုတ်။ ငါ နားလည်ချင်သလို နားလည်အားခြင်းများမှာ ငါ သေသောအခါ ငါနှင့်အတူ မြှုပ်နှံပစ်ရသည်များသာ ဖြစ်ပေသည်။ ရှေးဦးပိုင်းတွင် ပြဆိုခဲ့သော Known နှင့် Famous ကို တစ်မျိုးတည်းဟု နားလည်လက်ခံပုံမျိုးမှာ မိမိသိသော၊ နားလည်သောအပိုင်းတစ်ခုတည်း သက်သက်မှ ဝေဝါးကာ မှားယွင်းနားလည်မှုသာ ဖြစ်လေသည်။ မိမိက မှန်သည်ထင်ထားသော အမှားတစ်ခုသာဖြစ်လေသည်။ အခြားသူတို့နှင့် ဆက်စပ်သော သိမှုမှရလာသော သိမှုမဟုတ်။ အကြောင်းမှာ လူသည် အခြားသူတို့နှင့် ထိတွေ့ဆက်ဆံရာတွင် သိရှိလာရသော၊ လက်ခံလာရသော သိမှုများ ရှိလေသည်။ မိမိ၏ ဉာဏ်တစ်ထွာတစ်မိုက်တည်းဖြင့် လူ့အဖွဲ့အစည်းတွင်နေ၍ မဖြစ်နိုင်။ မိမိသိသည်ဟုထင်သော အထင်တစ်ခုတည်းဖြင့် မရပ်တည်နိုင်။ ထို့ကြောင့်ပင် ဘာသာစကားအခြေခံသိမှုအပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်သိရန်၊ မြင်ရန်မှာ လိုအပ်မှုတစ်ခုဖြစ်လာသည်။ ယနေ့ကာလ၏ မြန်မာ နိုင်ငံတွင် ဖြစ်ပေါ်နေသော သိမှုပုံစံမှာ "ငါ"သိသည်၊ လုပ်နိုင်သည်၊ လုပ်ပြမည်ဟူသော တင်ကူးမှတ်ထင်ယုံကြည်ထားသော အသိများတွင် အခြေခံထားရင်း ခေါင်းမော့ရင်ကော့ကာ ချောင်းရိုးမိုင်းနေကြသော မန်ဒါလီများ၏ မာနမျိုးသာဖြစ်သည်။ ထို့ကြောင့်ပင် ဘာသာခြားစာ/စကားကို ဆိုကာမျှမည်ကာမျှ တတ်သိရုံဖြင့် ပညာရပ်ဆိုင်ရာ စာပေများကို ဘာသာပြန်"ပြ" နေကြခြင်းဖြစ်တော့သည်။ ပညာရပ်အခြေခံများကို ကျွမ်းကျင်နှံ့စပ်မှုမရှိ၍ မှားသည်ကတစ်ပိုင်း၊ အင်္ဂလိပ်စာကိုပင် ဖြောင့်ဖြောင့်မဖတ်တတ်၍ မှားသည်က အခြားတစ်ပိုင်းဖြစ်သည်။ Politics of Language ကို "နိုင်ငံရေးဘာသာစကား" ဟုနားလည်လက်ခံကာ ဖော်ပြပုံမျိုးမှာ ဆွမ်းဆန်ထဲမှ ကြွက်ချေးကလေးတစ်ခုမဟုတ်။ ကြွက်ချေး အပုံကြီးထဲမှ ကြွက်ချေးကလေးတစ်ခုသာ ဖြစ်ပေတော့သည်။ မူရင်းအရေးအသားထဲမှ ဖော်ထုတ်တင်ပြလိုသော အသိ/အသိပညာတစ်စုံတစ်ရာကို အခြားဘာသာစကားတစ်ခုဆီသို့ လက်ပြောင်းလက်လွှဲပြုပေးရာတွင် လွှင့်ပစ်လိုက်စရာမျှသာ ဖြစ်သွားသော အမှိုက်သရိုက်တစ်ခုအဖြစ် ပြောင်းလဲသွားခြင်းတစ်ရပ်သာ ဖြစ်တော့သည်။■

မြင့်သန်း




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဘြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၀၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com


www.burmeseclassic.com

၁။

တိမ်ပြာတဲ့ နေ့တစ်နေ့မှာ
မင်းနဲ့ကိုယ် စတွေ့ခဲ့တယ်။
မိုးကောင်းကင်က အပြာ၊
ရေပြင်က အပြာ၊
မင်းဝတ်ထားတဲ့ ဂါဝန်လေးက အပြာ၊
ကိုယ့်ရဲ့ စွန်လေးက အပြာ၊
စိန်ပန်းတွေက အပြာ၊
လေနဲ့အတူ ယိမ်းနွဲ့က,ခုန်နေတဲ့
လှိုင်းလေးတွေက အပြာ၊
အို…အားလုံးဟာ အပြာရောင်ပါပဲ။
အပြာရောင်လွှမ်းတဲ့ အပြာရောင်နေ့လေးမှာ
အစိမ်းရောင် မြက်ခင်းပြင်ပေါ်
အဖြူရောင် ခွေးလေးကို ကြိုးနဲ့ဆွဲလို့
မင်း ပြေးတဲ့အခါ ကိုယ်ဟာ
အပြာရောင်ထဲ ကြားဖြတ်ဝင်လာတဲ့
အဖြူရောင်နဲ့ အစိမ်းရောင်ကို မုန်းတီးလိုစိတ်
တစ်စွန်းတစ်စမှ မဖြစ်ပေါ်ခဲ့ပါဘူး။
အပြာရောင်လွင်ပြင်ကျယ်ထဲ
မျောပါနေတဲ့ အရောင်နှစ်ရောင်။

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဖြူရောင်နဲ့ အစိမ်းရောင်။ ကိုယ်ကတော့ အပြာရောင် မိုးကောင်းကင်ဆီ အပြာရောင် စွန်လေးကို လွှတ်ဖို့ကြိုးစားရင်း၊ မင်းရဲ့ ရယ်သံလွင်လွင်လေးကို နားစွင့်ရင်းနဲ့ တိမ်ပြာတဲ့နေ့ရဲ့ နွေးထွေးလွတ်လပ်မှုကို အထူးကျေးဇူးတင်လို့။ မင်းရဲ့ခြေသလုံးသားဝင်းဝင်းလေးကို အမှတ်မထင်ကြည့်မိသွားတဲ့အခါ ကိုယ့်အကြည့်တွေရိုင်းသွားသလား ဆင်ခြင်သုံးသပ်ရင်း မျက်နှာလွှဲဖို့ ကြိုးစားရပြန်တယ်။ မျက်နှာမလွှဲရသေးတဲ့ တစ်ခဏတာမှာ ကိုယ်မြင်လိုက်ရတာက မင်းရဲ့ညာခြေထောက်မှာ ဝတ်ထားတဲ့ Foot Chain လေးနဲ့ နွေးထွေးတဲ့ နေရောင်ခြည် ဆုံစည်းခိုက်မှာ ထွက်ပေါ်လာတဲ့ အလင်းစူးလက်တောက်ပမှု တစ်ခုပါ။

ကိုယ့်ရဲ့စွန်လေး တဖြည်းဖြည်းနဲ့ အမြင့်စ, တက်ချိန်၊ မင်း ကိုယ်နဲ့ မလှမ်းမကမ်းရောက်ချိန်မှာ အမည်မဖော်ပြတတ်တဲ့ တုန်ယင်မောပန်းမှုတစ်ခု စတင် မွေးဖွားလာတယ်။ အကြောင်းရင်းတစ်စုံတစ်ရာ မရှာလိုတဲ့ ကိုယ်ဟာ မင်းဆီ ဝဲလွင့်သွားတဲ့ အကြည့်တွေကို စွန်လေးဆီ ပို့လွှတ်ဖို့ကြိုးစားရင်း စိတ်တွေ ထွေလာတယ်။ စွန်နဲ့ ရစ်ဘီးကို ဆက်သွယ်ပေးတဲ့ ကြိုးကို လျှော့ချလိုက်၊ ပြန်တင်းလိုက်နဲ့ စွန်လေး လေထဲမှာ အရှိန်ရစေအောင် ပြုလုပ်နေရင်းကပဲ အဖြူရောင်ကြိုးဟာ မင်းရဲ့ ဆံနွယ်ပေါင်းများစွာဆက်ထားတဲ့ အနက်ရောင် ဆံနွယ်ကြိုးတစ်ချောင်းအဖြစ် ပြောင်းလဲသွားလေရဲ့။

မင်းရဲ့
လက်ဖျားလေးတွေ
အေးစက်နေပါ့လား
မင်းလက်ဖျားလေး
တွေရဲ့
အေးစက်မှုက
ကိုယ့်ကျောပြင်မှ
တစ်ဆင့် ကိုယ့်ခန္ဓာ
ကိုယ်ထဲကို
စီးဝင်
ပျံ့နှံ့သွားချိန်မှာ
အမည်မသိ
ရေခဲမြစ်တစ်စင်းရဲ့
ရေလှုပ်ခတ်သံ
သဲ့သဲ့ကို
ကြားလိုက်ရတယ်

ကြိုးမတင်းပါနဲ့။

တင်းလွန်းရင် ပြတ်တောက်သွားနိုင်တယ်။ သက်မဲ့ကြိုးတစ်ချောင်း မဟုတ်တဲ့ သက်ရှိကြိုးတစ်ချောင်းကို မတင်းချင်သလို စွန်လေး အရှိန်လျှော့ပြီး မြေပြင်ပေါ် ထိုးစိုက်ပျက်စီးမယ့်အဖြစ်ကို ကိုယ် မမြင်လို။ ကိုယ်တိုင်ရင်မကွဲချင်လို့ ကြိုးတင်းခြင်းဖြင့် မင်းကို နာကျင်စေခဲ့ရင် အဲဒီနာကျင်မှုက ကိုယ့်ကို ပိုနာကျင်စေလိမ့်မယ်။

ပြေးရင်း လဲမလိုဖြစ်သွားတဲ့ ဟန်ချက်ကို ပြန်ထိန်းပြီး ကိုယ်နဲ့ဝေးသွားတဲ့ မင်းရဲ့ မြင်လွှာထဲမှာ ကိုယ်ရှိနေခဲ့လားဆိုတာကို ကိုယ့်ဆီတစ်ချက်ဝဲလွင့်လာတဲ့ မျက်ဝန်းလေးက ဖြေမသွားခဲ့။ စွန်နောက်ကို အပြေးလိုက်နေတဲ့ ကြိုးလေးကတော့ အဖြူရောင်။ အနက်ရောင်မှ အဖြူရောင်ကို ပြန်ပြောင်းသွားခြင်းလား၊ ဒါမှမဟုတ် မပြောင်းလဲဘဲရှိနေတဲ့ အဖြူရောင်လား။ ကြိုးတစ်ချောင်းဟာ အရောင်အမျိုးမျိုး ပြောင်းလဲနိုင်တယ်ဆိုရင် လူတစ်ဦးတစ်ယောက်ကို မနာကျင်စေမယ့်အရောင်သာ ဖြစ်သင့်တယ် မဟုတ်လား။

❑

၂။

နေရောင်ခြည်ရဲ့ အပူဓာတ်လွန်ကဲစွာ များပြားလာချိန်မှာ လေထုရဲ့ စိုထိုင်းမှု လွင့်ပျောက်ပြီး အပူငွေ့များ လွှမ်းခြုံလာတော့ 'ပူလိုက်တာ' လို့ ကိုယ်ရေရွတ်မိတယ်။ အစိမ်းရောင်မြက်ခင်းများပင် ခြောက်သွေ့သွားတော့မလိုဖြစ်လာဆဲ သစ်ပင်မှ ကြွေကျလာတဲ့ သစ်ရွက်ခြောက်များက ပူနွေးတဲ့လေစီးကြောင်းများထဲ ကစဥ့်ကလျား မျောပါလာကြတာ မြက်ခင်းပြင်နဲ့ ကပ်လျက်ရှိနေတဲ့ ရေကန်ကတော့ သေးကျုံ့သွားတဲ့ ရေထုထည်ကို မထူးဆန်းသလို ငေးကြည့်နေခဲ့တယ်။

'မိုးရွာတော့မယ်နော်'

မင်းရဲ့ တိုးဖွညင်သာတဲ့ စကားသံက အပူလှိုင်းများကြောင့် အိပ်ချင်မူးရီဖြစ်နေတဲ့ ကိုယ့်ကို ဗြုန်းခနဲ ပုတ်နှိုးရင်း မင်းကို မအံ့သြစေဘဲ ကိုယ့်ရဲ့ အမြင်အာရုံနဲ့ ပတ်ဝန်းကျင်အပေါ် ခံစားသိရှိမှုတွေကို လျှပ်ပြက်လိုက်သလို မတိုင်းတာနိုင်တဲ့ တစ်ခဏတာအတွင်း ပြောင်းလဲစေခဲ့တာ ဘာကြောင့်လဲ။

တရိပ်ရိပ် မြင့်တက်လာတဲ့ အမည်းရောင် တိမ်လိပ်များ၊ မိုးလွှတ်ရာနေရာတ[...] ခုဆီ ကစဥ့်ကလျား ပျံသန်း[...] လာကြတဲ့ ငှက်များရဲ့ စူးရှတဲ့ အော်သံများ၊ အေးစက်စက် မိုးသက်လေရနံ့၊ မကြာခင် ထိတွေ့ခွင့်ရတော့မယ့် မိုးရေ[...] စက်များကို စောင့်မျှော်နေတဲ့ စိမ်းဖျော့ရောင် သစ်ရွက်များ[...] ပြီးတော့ ခဲသားရောင် အုံ့ပုပ္[...] ပတ်ဝန်းကျင်။ မြင်လွှာထဲမှာ ရှိနေတဲ့ အရာအားလုံးဟာ မိုးရာသီရဲ့ ပုံရိပ်များပါပဲ။

ကိုယ့်ရင်ခွင်ထဲမှာ နွေး[...] စက်ရင်း မျက်နှာမော့လှန်ကာ[...] ကိုယ့်ကို ပြန်ငေးကြည့်နေတဲ့ မင်းမျက်ဝန်းထဲမှာ တစ်[...] တစ်ရာကို မျှော်လင့်စောင့်စား[...] နေတဲ့ အရိပ်အယောင်အချို့[...] ရိပ်ခနဲ တွေ့လိုက်ရဆဲ မိုးမျှော်[...] နေတဲ့ စိမ်းဖျော့ရောင်သစ်ရွက်[...] များကို ဗြုန်းခနဲ မြင်ယောင်[...] မိသွားတယ်။ ကိုယ့်ကျောပြ[...] နဲ့ထိတွေ့နေတဲ့ မင်းလက်ဖျား[...] က ပိုပြီး တင်းကျပ်လာတော့ ကိုယ့်ခန္ဓာကိုယ် အနည်[...] ငယ်ကိုင်းသွားကာ ကိုယ့်ထွ[...] သက်လေက မင်းနဖူးကို [...] တွေ့ကျီစယ်သွားသလို မ[...] ဝင်သက်လေက ကိုယ့်ခန္ဓာ[...] ကိုယ်တစ်ခုလုံးကို မင်းခန္ဓာ[...] ကိုယ်နဲ့ တစ်သားတည်း ဖြ[...] အောင်ညှို့ယူနေပြန်တယ်။

မင်းရဲ့လက်ဖျားလေးတွေ[...] အေးစက်နေပါ့လား။

မင်းလက်ဖျားလေးတွေ[...] ရဲ့အေးစက်မှုက ကိုယ့်ကျော[...] ပြင်မှတစ်ဆင့် ကိုယ့်ခန္ဓာ[...] ကိုယ်ထဲကို စီးဝင်ပျံ့နှံ့သွား[...] ချိန်မှာ အမည်မသိ ရေခဲမြစ်[...] တစ်စင်းရဲ့ ရေလှုပ်ခတ်[...] သဲ့သဲ့ကို ကြားလိုက်ရ[...] မင်းက ရေခဲမြစ်ဆို[...] က ရေခဲမြစ်[...]မျောပါ[...]

www.burmeseclassic.com

သစ်ရွက်တစ်ရွက်ပါ။ ဦးတည်ရာမရှိ၊ ပန်းတိုင်မရှိတဲ့ ကိုယ်ဟာ မင်းစီးဆင်းနေတဲ့ ရေစီးကြောင်းအတိုင်း မင်းပေးစွမ်းတဲ့ အေးခဲထုံကျဉ်မှုတွေကို အသံတိတ် ကြည်ဖြူစွာလက်ခံရင်း မင်းသွားလေရာ လိုက်ပါမယ့် သစ်ရွက်တစ်ရွက်ပါ။

မင်းစကားကြောင့် မိုးရာသီရဲ့ ပုံရိပ်ယောင်များရိပ်ခနဲ လွင့်ပျောက်ကာ နွေရာသီရဲ့ ကတိပုံရိပ်များ နေသားတကျပြန်လည်ရောက်ရှိလာတော့ ကိုယ်ဟာ မင်းရဲ့စေညွှန်ရာအတိုင်း မတိမ်းမပါး လိုက်ပါဖို့ အသင့်ဖြစ်နေပါပြီ။ တိမ်ကိုမမြင်၊ မိုးကိုမမြင်၊ နေကိုမမြင်၊ လ,ကိုမမြင်။ မင်းစေညွှန်တဲ့ အရာအားလုံးကိုတော့ မြင်နိုင်စွမ်း ရှိနေပြန်တယ်။

❑

မင်းကရေခဲမြစ်ဆိုရင်
ကိုယ်ကရေခဲမြစ်ထဲ
မျောပါနေတဲ့
သစ်ရွက်တစ်ရွက်ပါ
ဦးတည်ရာမရှိ
ပန်းတိုင်မရှိတဲ့
ကိုယ်ဟာ
မင်းစီးဆင်းနေတဲ့
ရေစီးကြောင်းအတိုင်း
မင်းပေးစွမ်းတဲ့
အေးခဲထုံကျဉ်မှု
တွေကို အသံတိတ်
ကြည်ဖြူစွာ
လက်ခံရင်း
မင်းသွားလေရာ
လိုက်ပါမယ့်
သစ်ရွက်တစ်ရွက်ပါ

၃။

ကိုယ့် ကြိုးစားမှုကြောင့် ကောင်းကင်ပြာဆီ ဆန်းကြယ်စွာ လွင့်ဝဲပျံသန်းနေတဲ့ စွန်လေးတစ်ခုကို ကြည့်ရတာ သိပ်လှတဲ့ ကဗျာတစ်ပုဒ်လို့ ကိုယ်ပြောရင် မင်းယုံစေချင်တယ်။ စွန်လေးတစ်ဆင့်ချင်း လေထုကို ထိုးခွဲမြင့်တက်သွားတာကိုကြည့်ရတာ ကိုယ်ရေးတဲ့ ကဗျာတစ်ပုဒ်ရဲ့ စာတစ်ကြောင်းချင်းကို တစိမ့်စိမ့် အရသာခံဖတ်ရသလို ပီတိဖြစ်ရတယ်လို့ ကိုယ်ပြောရင် မင်း ယုံစေချင်တယ်။ အမြင့်ရောက်နိုင်တဲ့ အကွာအဝေးတစ်ခုလို့ ယူဆရတဲ့ တိမ်လွှာတန်းများဆီ စွန်လေး ရောက်တော့မယ်လို့ ထင်ရချိန်မှာ ကြည်နူးနှစ်သက်ရတယ်လို့ ကိုယ်ပြောရင် မင်းယုံစေချင်တယ်။

တကယ်တော့ ကိုယ်ဟာ စွန်လေးကို ချည်နှောင်မယ့် ကြိုးကိုတောင် မှန်စာတိုက်ထားတဲ့ကြိုး အသုံးမပြုခဲ့တဲ့ အကြောင်း မင်းသိအောင် ပြောပြချင်တယ်။ ကိုယ့်ရဲ့ကြိုးက အခြားစွန်များရဲ့ ကြိုးကို ပြတ်တောက်စေမယ့် ကြိုးတစ်ချောင်းဖြစ်ရခြင်းမှာ ကိုယ်မပျော်ရွှင်၊ အခြားစွန်လေးတွေလည်း ကိုယ့်စွန်လေးလိုပဲ အပြာရောင်ကောင်းကင်မှာ လွတ်လပ်စွာပျံသန်းနေခြင်းမှာ ကိုယ်ပျော်ရွှင်ကြောင်း မင်းသိစေချင်ပါရဲ့။

စွန်လွှတ်သူတိုင်း ကိုယ့်စွန်လေး ရစ်ဘီးကြိုးမှ ပြတ်တောက်ကာ လေနှင်ရာ လွင့်ပါသွားမယ့်အဖြစ်ကို မလိုလားကြပေမဲ့ ကောင်းကင်ပေါ် စွန်လေးကို လွှတ်တင်ဖို့ ရဲရင့်တဲ့ နှလုံးသား ကိုယ်စီ ပိုင်ဆိုင်ကြပါတယ်။ တစ်ချိန်ချိန်မှာ မှန်စာတိုက်ထားတဲ့ ကြိုးများရဲ့ ဖြတ်တောက်ခံရမှုကြောင့်ဖြစ်ဖြစ်၊ ကြိုးပြတ်မှုကြောင့် ဖြစ်ဖြစ် စွန်လေး အဝေးကို လွင့်ပါနိုင်ကြောင်း သိကြပေမဲ့ စွန်လေးလေထဲမှာ လွတ်လပ်စွာ ပျံသန်းနေတာကို မြင်ရရင်ပဲ စိုးရိမ်ကြောင့်ကြမှုအားလုံးကို ချေဖျက်ပစ်လိုက်ဖို့ ဝန်မလေးကြသူများပါ။

ကိုယ်နဲ့ စွန်လေးကြားမှာ ဆက်သွယ်ထားတာ ကြိုးတစ်ချောင်းဆိုပေမဲ့ ကြိုးက ရှည်လျားသလို မှန်စာတိုက်မထားပေမဲ့ ခိုင်မြဲတယ်လို့ ကိုယ်ယုံကြည်ခဲ့တယ်။ စွန်လေး လေထဲမှာ ဘယ်လောက်ပဲ လွတ်လွတ်လပ်လပ် ပျံသန်းခဲ့ပေမဲ့လည်း အိမ်ပြန်ချိန်ရောက်ရင် ကိုယ့်ရဲ့ ရစ်ဘီးဆီ ပြန်လည်ခိုဝင်လာမြဲ။ ရစ်ဘီးဆီ ပြန်လာဖို့ ကတိကဝတ်မပြုခဲ့ပေမဲ့ စွန်လေးက ရစ်ဘီးကို သူ့အိမ်လို သဘောထားခဲ့တယ်။

စွန်လေး လေထဲမှာ လွတ်လပ်စွာ ပျံသန်းခွင့်ကို တန်ဖိုးထားတဲ့ ကိုယ်ဟာ အကြိမ်များစွာ ရစ်ဘီးကြိုးကို လျှော့ချပေးခဲ့ပေမဲ့ တစ်ခါတစ်ရံ မလွဲသာဘဲ ရစ်ဘီးကြိုးကို ပြန်တင်းခဲ့ဖူးပါတယ်။ အဲဒီအခါမျိုးမှာ ကိုယ်မျက်ရည်ရစ်ဝဲရင်းကပဲ စွန်လေးကို တောင်းပန်စကား အထပ်ထပ်ဆိုရင်း ကြိုးပြန်လျှော့ဖို့ လေကြောင်း အခြေအနေကို လေ့လာရပါတယ်။

မျှော်လင့်မထားတဲ့ နေ့တစ်နေ့မှာ မထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုလို စွန်လေး ကိုယ်နဲ့ အဝေးဆုံး၊ ကောင်းကင်ရဲ့ အမြင့်ဆုံး တစ်နေရာဆီ လွင့်ပါသွားတော့ ရစ်ဘီးက ငြိမ့်ခနဲ ဖြစ်သွားကာ ကိုယ်လည်း ဟန်ချက်ပျက်သွားခဲ့ရတယ်။ မှန်စာတိုက်ကြိုးများရဲ့ အန္တရာယ်ကို အမြဲ အရှောင်ကောင်းခဲ့တဲ့ ကိုယ်ဟာ လက်ရှိအခြေအနေကို ဆင်ခြင်သုံးသပ်နေဆဲ ကိုယ့်ရှေ့မှာ ရိပ်ခနဲ မျောလွင့်သွားတဲ့ ကြိုးတစ်စကို မြင်လိုက်ရတယ်။ ကိုယ် သွေးရူးသွေးတန်း အပြေးလိုက်ခဲ့ပေမဲ့ မြန်ဆန်တဲ့ လေတိုက်နှုန်းက ကြိုးစလေးကို ကိုယ်နဲ့ အဝေးဆုံးတစ်နေရာဆီ ခေါ်ဆောင်သွားခဲ့ပြီ။

ရစ်ဘီးမှာ ကျန်ရစ်နေခဲ့တဲ့ ကြိုးစလေးက ကိုယ့်ကို ကရုဏာသက်သလို စိုက်ကြည့်နေတော့ လက်ဝဲဘက်ရင်အုံအတွင်းမှာ စစ်ခနဲ ဖြစ်သွားတယ်။ စွန်လေးရဲ့ လွတ်လပ်ခွင့်ကို တန်ဖိုးထားလွန်းတဲ့ ကိုယ်ဟာ ရစ်ဘီးကြိုးကို အမြဲလျှော့ပေးရင်း စွန်လေးနဲ့ ရစ်ဘီးကို ဆက်သွယ်ထားတဲ့ ကြိုးရဲ့ ပါးလျလာမှုကို မမြင်အပ်တဲ့ အနာတစ်ခုလို နာကျင်မှုကိုသာ ကြိတ်မှိတ်ခံစားရင်း လျစ်လျူရှုခဲ့ခြင်းအတွက် နောင်တမရခဲ့ပါ။ တစ်ခုပဲ ဝမ်းနည်းမိတယ်။

အဲဒီစွန်လေးဟာ…

မင်း…။

မင်းဟာ… စွန်လေး ဖြစ်နေလို့ပါပဲ…။

ကိုယ့်ဆီ ဘယ်တော့မှ ပြန်မလာတော့မယ့် စွန်လေးဟာ မင်းဖြစ်နေလို့ပါပဲ။ ■

ရဲလွင်းနေ

www.burmeseclassic.com





# သီပေါမင်း၏ ဘိုးတော်တည်ခဲ့သော ရန်ကုန်မြို့မှ စေတီတော်

**မောင်သန်းဆွေ၊ ထားဝယ်၊**

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလ
စစ်သမိုင်းပြတိုက်(ရှေးအခါက ဂျူ
ဟောလ်နေရာ) ရှေ့၌တည်ရှိသေ
စိန်ရောင်ခြည် စေတီတော်သ
ကုန်းဘောင်ဆက် နောက်ဆုံး
ဖြစ်သော သီပေါမင်းတရား၏ဘိုးတေ
တည်ခဲ့သောစေတီဟူ၍ အမျ
မသိကြပါ။ ဗဒုံမင်း(ဘိုးတော်ဘု
သားတော်ကြီး အိမ်ရှေ့မင်း၏မြေ
မင်းတုန်းမင်းတရားသည် သီပေါမင်း

www.burmeseclassic.com



...ည်းတော်ဖြစ်၍ သီပေါမင်း၏ ဘိုး ...တော်ဆိုလျှင် ထိုအိမ်ရှေ့မင်း(ဘိုးတော် ...ဘုရား၏ သားတော်ကြီး) ဦးပေါ်ဟုသာ ...ကြပေသည်။ ယခု စာရေးသူဆိုလို ...သည့် သီပေါမင်း၏ ဘိုးတော်ဆိုသူမှာ ...ခင်တော် လောင်းရှည်မိဖုရားဘက်မှ ...ဆက်စပ်သောဘိုးတော် စကြာဝန်ကြီး ...၏) ညောင်ရမ်းဝန်ကြီးကို ဆိုလိုပါ ...သည်။ ထို့ကြောင့် သီပေါမင်း၏ ...ခင်တော် လောင်းရှည်မိဖုရားဘက်မှ မျိုးရိုးကို ရှင်းအံ့။

သီပေါစော်ဘွား စဝ်မြတ်ဆနွေ သည် ဗဒုံမင်းလက်ထက်တွင် သမီး တော်အငယ် နန်းမွေခန့်ကို ဗဒုံမင်း၏ သားတော် အိမ်ရှေ့ဥပရာဇာထံ ဆက် သခဲ့ရာ ပထမ ဝဏ္ဏကလျာဏီ၊ နောက် သီရိသုဓာဘွဲ့များ ရရှိခဲ့သည်။ အိမ်ရှေ့ ဥပရာဇာနှင့် သီရိသုဓာတို့မှ-

၁။ သားတော် မောင်ရွှေပြည့်၊

၂။ သမီးတော် မင်းစိန်ပွင့်၊

၃။ သားတော် မောင်မှေးတို့ကို ဖွားမြင်ခဲ့သည်။

မောင်မှေးသည် လောင်းရှည် မိဖုရား၏ ခမည်းတော်ဖြစ်သည်။ မောင်မှေးကို ကောဇာသက္ကရာဇ် ၁၁၅၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ အသက် ၁၅ နှစ်အရွယ် ကောဇာသက္က ရာဇ် ၁၁၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့တွင် ဗဒုံမင်း၏ သားတော်၊ မြေး တော်များနှင့်အတူ နားထွင်း၊ သျှောင် ထုံး၊ တဘက်ဆင်တော်မူရသည်။ ဗဒုံ မင်းလက်ထက် သက္ကရာဇ် ၁၁၇၈ တွင် အသက် ၂၀ အရွယ်၌ မင်းရဲသီရိကျော် ဘွဲ့ရသည်။ ရတနာပူရ စတုတ္ထမြို့တည် စစ်ကိုင်းမင်းတရားကြီး(ဘကြီးတော်) လက်ထက် သက္ကရာဇ် ၁၁၈၁၊ အသက် ၂၃ နှစ်အရွယ်တွင် သတိုးမင်းရဲကျော် စွာဘွဲ့နှင့် ရမ္မာဝတီမြို့ကို အသုံးကံကျေး ခံရသဖြင့် ရမ္မာဝတီမင်းသားဟု တွင် သည်။ အစ်မတော် မင်းစိန်ပွင့်၏ မြောက်သားတော်မှာ ဒွါရာဝတီမင်းသား မင်းမြဘူးဖြစ်သည်။ မင်းမြဘူးမှာ အိမ် ရှေ့ ဥပရာဇာနှင့် မိုင်းညောင်စားသမီး သီရိရုဇာတို့၏ သားတော်ဖြစ်သည်။ စစ်ကိုင်းမင်းသည် ရမ္မာဝတီမင်းသားနှင့် ဒွါရာဝတီမင်းသားတို့ကို စစ်ချီစစ်တက် ပညာ ပြည့်စုံ၍ ရဲစွမ်းသတ္တိ၊ တိုက်ရည် ခိုက်ရည်ရှိသဖြင့် အထူး ချစ်ခင်နှစ်သက် သည်။ ထို့ကြောင့် ညီတော်နှစ်ပါးကို စစ်ပွဲချီရာများတွင် တာဝန်ပေးတော်မူ သည်။ မဏိပူရသို့ စစ်ချီရာတွင် စစ်သူ ကြီး မဟာဗန္ဓုလနှင့်အတူ ညီတော် ဒွါရာဝတီမင်းသား၊ ရမ္မာဝတီမင်းသား တို့ ဦးဆောင်၍ ချီတက်စေသည်။


အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအရ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်တို့အား ပေးလိုက်ရသည်ဖြစ်ရာ ရမ္မာဝတီမြို့နှင့် ဒွါရာဝတီမြို့တို့သည် ရခိုင်ပြည်နယ်တွင် ပါဝင်သွားသဖြင့် ရမ္မာဝတီမြို့နှင့်လဲ၍ သီပေါမြို့ကို လွှဲ ပြောင်း အသုံးကံကျေးပေးသည်။ ဒွါရာ ဝတီမင်းသားကိုလည်း ဒွါရာဝတီမြို့နှင့်

www.burmeseclassic.com

www.burmeseclassic.com







လဲပြီး ပင်းတလဲမြို့ကို အသုံးကံကျေးပေးသည်။ ထို့ကြောင့် ရမ္မာဝတီမြို့စားမင်းသားသည် သီပေါမြို့စားမင်းသားဖြစ်လာပြီး ဒွါရာဝတီမင်းသားသည်လည်း ပင်းတလဲမြို့စား မင်းသား ဖြစ်လာကြသည်။

မင်းတုန်းမင်းတရားလက်ထက်တွင် ဦးရီးတော် သီပေါမြို့စားမင်းသားကို သီရိသုမဟာဓမ္မရာဇာဘွဲ့ပြန်၍ ပေးသနားကာ မိုးနဲဗိုလ်မှူးခန့်သည်(ထိုခေတ်က မိုးနဲဗိုလ်မှူးဆိုသည်မှာ ရှမ်းပြည်နယ်တစ်လွှားကို တာဝန်ယူရသော ရှမ်းပြည်နယ်ဘုရင်ခံပင်ဖြစ်၏)။ ချွန်းတောင်မြို့ကိုလည်း မြို့စားပေးသည်။ သူ၏ သမီးတော်ကို သီရိမဟာ မင်္ဂလာဒေဝီဘွဲ့နှင့် လောင်းရှည်မြို့ကို အသုံးကံကျေးပေး၍ မိဖုရားမြှောက်သဖြင့် လောင်းရှည်မိဖုရားဟု ဖြစ်လာသည်။ မင်းတုန်းမင်းတရားကြီးနှင့် လောင်းရှည်မိဖုရားတို့မှ သီပေါမင်းဖြစ်လာမည့် သီပေါမင်းသားကို ဖွားတော်မူခြင်းဖြစ်သည်။ (ဤကား သီပေါမင်းမယ်တော်၏ ခမည်းတော်ဘက်မှ မျိုးရိုးဖြစ်ပါသည်။)

သီပေါမင်းမယ်တော် လောင်းရှည်မိဖုရား၏ မယ်တော်ဘက်မှ မျိုးရိုးကို ဆက်လက် ဖော်ပြပါမည်။ ဟံသာဝတီကို အုပ်ချုပ်စိုးစံခဲ့သော ဆင်ကြားရှင်မင်းသည် ညောင်ရမ်းဆက်ဖြစ်သည်။ ငယ်ရွယ်စဉ်က ၄င်း၏ခမည်းတော် အထွတ်အမြတ်မရောက်မီ ပုန်းအောင်းနေထိုင်ရာ တောရွာဒေသများတွင်သာ အနေအထိုင်များသဖြင့် တောလိုက်ဝါသနာပါသည်။ ဟံသာဝတီကို စိုးစံရသောအခါ မကြာခဏ တောလိုက်ထွက်သည်။ တစ်ခါသော် အချိန်ကြာမြင့်စွာ တောလိုက်ကစားနေ၍ မှူးကြီးမတ်ကြီးများက နိုင်ငံကိုပစ်၍ အချိန်ကြာမြင့်စွာ တော

လိုက် မကစားသင့်ကြောင်း၊ လိုက်[…]
ခေါ်မှ သင့်တော်မည်ထင်ကြောင်း စ[…]
ဝေးတိုင်ပင်ကြကာ တောထဲရှိ ဘုရင့်[…]
လိုက်ကြသည်။ ဆင်ကြားရှင်မင်းသ[…]
သူ တောလိုက်ကစားနေသည်ကို မ[…]
နပ်၍ နေပြည်တော်မှ လာတိုက်သည်[…]
ထင်မှတ်ကာ ဇင်းမယ်သို့ ထွက်[…]
သွားသည်။ ဇင်းမယ်တွင် စော်ဘွား[…]
လုပ်၍ အုပ်ချုပ်နေသည်။ ဆင်ဖြူ[…]
မင်း လက်ထက် ယိုးဒယားသို့ စစ်[…]
ဇင်းမယ်ကိုတိုက်ရာ ဆင်ကြားရှင်[…]
ပြန်လည်ခေါ်ဆောင်လာစေသည်။ ဆ[…]
ကြားရှင်တွင် ရှင်အောင်ပံဟုခေါ်သေ[…]
သမီးတော်တစ်ပါးရှိသည်။ ရှင်အောင်[…]
သည် ဟံသာဝတီတွင် ပထမ ပုတ္တ[…]
ဆိုသူနှင့် လက်ဆက်သည်(ပုတ္တ[…]
သည် တလပန်း၏ညီ ဖြစ်သည်)။ ပု[…]
ကျော်နှင့် ရှင်အောင်ပံတို့က ရှင်ပု[…]
သော သမီးတော်တစ်ပါး ထွန်းကာ[…]

www.burmeseclassic.com

www.burmeseclassic.com

သည်။ သမီးတော် ထွန်းကားပြီးသည့်နောက် ပုတ္တကျော် ကံကုန်သည်။

ဆင်ကြားရှင် အင်းဝသို့ ရောက်သောအခါ သမီး မုဆိုးမ ရှင်အောင်ပံသည် ပြည်မြို့ဝန် မင်းရဲမင်းလှကျော်စွာ (မောင်ပသီကလေး)နှင့် ဒုတိယအကြိမ် လက်ဆက်သည်။ ၄င်းတို့နှစ်ဦးတွင် သားသမီး မထွန်းကားပါ။ မောင်ပသီကလေးသည် ဗဒုံမင်း(ဘိုးတော်ဘုရား)၏ မိဖုရားခေါင်ကြီး သီရိပဝရမဟာဓိန္နာ မင်္ဂလာရတနာဒေဝီဘွဲ့ခံ ခင်လွန်းမယ်၏ အစ်ကိုရင်းလည်း ဖြစ်သည်။ မောင်ပသီကလေးနှင့် ခင်လွန်းမယ်တို့သည် အင်းဝ ဗိုလ်မှူးမင်းလှကျော်သူ (မောင်ညွန့်)နှင့် မဟာအတုလဒေဝီဘွဲ့ခံ အိမ်ဖြူရှင် ဒလမြို့စား(ခင်မယ်အိ)တို့၏ သား၊ သမီး ဖြစ်သည်။ မောင်ညွန့်သည် ညောင်သာမင်းကြီး မင်းလှစည်သူ၏ ညီအရင်းဖြစ်သည်။ ခင်မယ်အိမှာ စည်ပုတ္တရာ ရွှေကာတစ်ထောင်မှူး မင်းသီရိဂန္ဓဇနှင့် မယ်ဘက်တို့၏ သမီးဖြစ်၍ အလောင်းမင်းတရား မိဖုရားခေါင်ကြီး မယ်ယွန်းစံနှင့် အဖေတူ မအေကွဲဖြစ်သည်။ ရှင်ပုစွန် အရွယ်ရောက်သောအခါ ဘကြီးတော်ဘုရားလက်ထက် ညောင်ရမ်းဝန်ကြီး(ခေါ်) စကြာဝန်ကြီး ဦးမြတ်ရာနှင့် လက်ဆက်သည်။ ဦးမြတ်ရာဆိုသူမှာ ချောင်းဦးဆယ်ရွာမှ မြင်းစာရေးအမှုထမ်း ဇနီးမောင်နံ့၏ သားမျှသာဖြစ်သည်။ ဗဒုံမင်းလက်ထက် အိမ်ရှေ့မင်းသားထံတွင် အမှုထမ်းသည်။ နောက်ပိုင်း စစ်ကိုင်းမင်းသားကို အိမ်ရှေ့ဥပရာဇာ ခန့်လိုက်ရာ ဦးမြတ်ရာလည်း စစ်ကိုင်းမင်းသား၏ အမှုထမ်းဖြစ်လာပါသည်။

ဦးမြတ်ရာနှင့် ရှင်ပုစွန်တို့မှ သမီး 'မိမိနှောက်' ကို ဖွားမြင်သည်။ စစ်ကိုင်းမင်း နန်းတက်သောအခါ ဦးမြတ်ရာကို မဟာသေနာပတိဘွဲ့နှင့် ဝန်ကြီးခန့်သည်။ ထို့နောက် မဟာသေနာပတိဘွဲ့တွင် သတိုး တပ်၍ သတိုးမဟာသေနာပတိဘွဲ့ချည်သည်။ စကြာမင်းသားခေါ် ညောင်ရမ်းမင်းသား၏ ဝန်ဖြစ်၍ စကြာဝန်ကြီး၊ ညောင်ရမ်းဝန်ကြီးဟု တွင်သည်။


ဟံသာဝတီ ရန်ကုန်မြို့တွင် ယခင်က ဘိုးတော်ဘုရား လက်ထက်မှစ၍ ဦးကျော်ရွှေကို ရန်ကုန်မြို့ဝန်ခန့်၍ နေစေခဲ့ရာ သက္ကရာဇ် ၁၁၈၄ ဦးကျော်ရွှေ ကွယ်လွန်အနိစ္စ ရောက်သည့်နောက် ထိုနေရာတွင် မြို့ဝန် အစားထိုးခန့်အပ်ရန် လိုနေပေသည်။ သက္ကရာဇ် ၁၁၈၆ တွင် ဦးမြတ်ရာကို အစားထိုး၍ ခန့်အပ်သဖြင့် ၄င်းနှစ် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်သို့ စုန်ရသည်။ (အင်္ဂလိပ်တို့နှင့် မြန်မာတို့၏ ရန်ကုန်အရေးတွင် ဦးမြတ်ရာ ပါဝင်ပုံ ရှည်မည်စိုး၍ မရေးတော့ပါ) စကြာဝန်ကြီး ဦးမြတ်ရာ ရန်ကုန်မြို့ဝန်ဘဝနှင့် နေရစဉ်က အထက်ဖော်ပြပါ စိန်ရောင်ခြည်ဘုရားကို တည်ခဲ့ခြင်းဖြစ်သည် ဆိုပါသည်။

၁၈၇၈ ခုနှစ်ဝန်းကျင်က သန်လျင်ကျောက်တိုင်ပြင်တိုက် သူဌေးကြီး ဦးကြာညွန့်ဆိုသူက နှစ်စဉ်လာရောက်၍ ထုံးသင်္ကန်းကပ်လှူလေ့ရှိသည်ဆိုပါသည်။ ဦးကြာညွန့်သည် စကြာဝန်ကြီးမြေးတော်စပ်သူတစ်ဦးဟု ဆိုသည်။

စိန်ရောင်ခြည်ဘုရားကို စာရေးသူသွားရောက် ဖူးမြော်ပါသည်။ ယခုအခါ ဘုရားပရဝဏ်သည် ပတ်ပတ်လည်၌ အစိုးရရုံး အဆောက်အဦများ ရှိလာသဖြင့် များစွာ မကျယ်ဝန်းတော့ပါ။ စေတီတော်အောက်ခြေသည် ကမ္ဘာအေးစေတီကဲ့သို့ လိုဏ်ပြုလုပ်ပြီး ဘုရားရုပ်ပွားတော်များ ပူဇော်ထားသည်။ လိုဏ်ထဲတွင် ပတ်ပတ်လည်သွား၍ ရုပ်ပွားတော်များကို ကြည်ညိုနိုင်ပါသည်။

ဘုရားဒါယကာ စကြာဝန်ကြီး(ခေါ်)ညောင်ရမ်းဝန်ကြီးနှင့် ဝန်ကတော်ရှင် ပုစွန်တို့မှ သမီး မိမိနှောက်ကို မွေး၍ မိမိနှောက်နှင့် ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးတို့မှ လောင်းရှည်မိဖုရားကို မွေးသည်။ မင်းတုန်းမင်းနှင့် လောင်းရှည်မိဖုရားတို့မှ သီပေါမင်းကို မွေးသဖြင့် သီပေါမင်းသည် စကြာဝန်ကြီး(ခေါ်) ညောင်ရမ်းဝန်ကြီး ဦးမြတ်ရာ၏ မြစ်တော်စပ်သည်။ ထို့ကြောင့် စိန်ရောင်ခြည် စေတီတော်သည် ကုန်းဘောင်ဆက် နောက်ဆုံးမင်းဖြစ်သော သီပေါမင်းတရား၏ ဘိုးတော် တည်ခဲ့သော စေတီဟု ပြောခြင်းဖြစ်ပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကံဇာတ်ဆရာ၏
စေ့ညွှန်းရာ ပါဝင်က,ပြနေကြရရင်း ကြိုတင်မမြင်နိုင်သော ကံကြမ္မာကို တွေးဆနေကြရသည်ကိုက လူသားဘဝ အရသာပေလား မသိပါ။ ရံခါ ကြမ်းတမ်းသော ဇာတ်ညွှန်း၊ တစ်ခါတလေလည်း သိင်္ဂါရ ထုံမွမ်းသည့် ဇာတ်ကွက်၊ တစ်ရံတစ်ခါတော့လည်း မထင်မှတ်သည့် အလှည့်အပြောင်းစသည့် အကြောင်းအရာများနှင့် ဘဝဇာတ်လမ်းကြီးကို မရိုးတမ်း၊ မမောနိုင်က,ပြနေကြရရင်း လူ့ဘဝပုံရိပ်သွင်များမှာ မှတ်တမ်းများအဖြစ် ထင်ရှားကျန်နေရစ်ခဲ့ကြပါသည်။ လက်တွေ့ အပြင်မှ အဖြစ်အပျက်များက ကျွမ်းကျင်လိမ္မာသည့် ဇာတ်ညွှန်းရေးဆရာ၏ ဇာတ်လမ်းကောင်းတစ်ပုဒ်နှယ် နှလုံးသား၌ စွဲထင်ကျန်နေတတ်သေးသည်။ လူသားတို့၏ ဘဝများကို လေ့လာကြည့်လေလေ စိတ်ဝင်စားစရာများ အပြည့်ဖြင့် ကြည့်ရှုမဝနိုင်သည့် ပြဇာတ်တစ်ပုဒ်လိုလို၊ ဇာတ်အိမ်ခိုင်မာသည့် ဝတ္ထုကောင်းတစ်ပုဒ်လိုလို၊ သရုပ်ဆောင်ကောင်းများစွာ ပါဝင်သည့် ဂန္ထဝင်ရုပ်ရှင်ကားတစ်ကားလိုလို စိတ်အာရုံ၌ ထင်မှတ်နေခဲ့ရပါတော့၏။

ကြုံတွေ့ခဲ့ရဖူးသည့် အဖြစ်များစွာထဲမှ သတိတရ မှတ်မိနေသေးသည့် ဇာတ်လမ်းတစ်ပုဒ်ပါလေ…။

မန္တလေးတက္ကသိုလ်
တက်စဉ်အချိန်များက
ကျော်ကြီးဆိုသည့်
ကျော်ဝင်းမောင်က
ကျွန်တော်နှင့်
အရင်းနှီးဆုံး
သူငယ်ချင်း
အခေါင်
တစ်ခန်းတည်း
အတူနေ
သို့ပေသည့်
အကျင့်ချင်းက
ကျွန်တော်နှင့်
လုံးဝမတူ

❑

သန့်ရှင်းတောက်ပြောင်နေသော အထူးကုဆေးခန်းကြီးသို့အဝင် အတွင်းမှ အအေးဓာတ်ကြောင့် လူမှာ လန်းဆန်းသွားရပါသည်။ ဇနီးသည်၏ လက်မောင်းကို ခပ်ဖွဖွတွဲ၍ အဝင်ကောင်တာ၌ အမည်စာရင်းသွင်းအပြီး ဝန်ထမ်းကလေးမကလေး နောက် လိုက်လာခဲ့ရသည်။ သားဖွားမီးယပ် အထူးကု ဆရာဝန်မကြီးအမည် ချိတ်ဆွဲထားသော အခန်းရှေ့ စောင့်

www.burmeseclassic.com

နေသူ လူနာများက တစ်ပုံတစ်ပင်။ နေရာလွတ်တစ်ခုတွင် ဝင်ထိုင်အပြီး သက်ပြင်းဟင်းခနဲချလိုက်သော ဇနီးသည်ကို ပြုံး၍ အားပေးလိုက်ရသည်။ ကိုယ်ဝန်လနုနု ဇနီးသည်မှာ ကိုယ်ဝန်ဆောင်သည်ပုံစံ အပီအပြင် မပေါက်သေးသော်လည်း ကျွန်တော်၏စိတ်ထဲတွင်မူ သူ့ဝမ်းကြာတိုက်အတွင်းမှ သားလား၊ သမီးလား မသိရသေးသော ရင်သွေးငယ်ကိုပင် ထိုးဖောက်မြင်နေရသလိုလိုပါ။ ဘာရယ်မဟုတ် နှစ်ယောက် မျက်လုံးချင်းဆုံခိုက် ပြိုင်တူ ပြုံးလိုက်မိကြပြန်သည်။ ဇနီးသည်၏လက်ကို တင်းတင်းဆုပ်ထားပြီး ရှေ့လူနာအထွက်ကို စောင့်နေလိုက်၏။ သန့်ရှင်းသော အထူးကုဆေးခန်းကြီး၏ ပြောင်လက်နေသော ကြမ်းပြင်ပေါ်မှ မြင်တွေ့နေရသော ဇနီးသည်၏ အရိပ်ကို ငေးနေရသည်မှာ အထူးပြုလုပ်ထားသော ဓာတ်ပုံတစ်ပုံကို ကြည့်နေရသလိုလို။ ဆရာဝန်မကြီးက အသေအချာ စစ်ဆေးပေးသည်။ ထို့နောက် လိုအပ်သည်များကို စစ်ရန် စာရွက်တစ်ရွက်တွင် ရေးပေးလိုက်ပြီး ဓာတ်ခွဲခန်းသို့ သွားခိုင်းလိုက်သည်။

သူနာပြုဆရာမလေး ညွှန်ပြသည့် သွေးစစ်ရန်အခန်းသို့အရောက် စာရွက်ကို စားပွဲပေါ်ချပေးလိုက်ပြီး ဇနီးသည်က ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ သွေးစစ်ပေးမည့် အမျိုးသမီးက စာရွက်ကို ဖတ်ရင်း သွေးပုလင်းခွံ၌ လူနာအမည်ကုတ်နံပါတ်ကို ရေးသွင်းနေသည်။ ဇနီးသည်

> ကျွန်တော်နှင့်
> ကျော်ကြီး
> လက်ဖက်ရည်ဆိုင်
> ထိုင်လည်း
> ခင်မေက
> ကန့်လန့် ကန့်လန့်
> ကြာတော့
> ကျော်ကြီးနှင့်လည်း
> ရင်းနှီးလာသည်
> ကိုယ့်
> သူငယ်ချင်းအတော
> ကိုယ်သိသော်လည်း
> ခင်မေ့လို
> ပုံတုံးတုံး
> ရိုးရိုးအအ
> တောသူကိုဖြင့်
> ကျော်ကြီး
> စိတ်
> မဝင်စားလောက်
> ဟုသာ
> လျှော့တွက်
> ထားခဲ့မိသည်

၏ လက်ကို သွေးဖောက်ရန် ပြင်ဆင်နေချိန်မှာ သူ့မျက်နှာကို မြင်လိုက်မိပြီး တအံ့တသြ နှုတ်ဆက်လိုက်မိ၏။

'ဟော့…ညည်း ခင်မေ မဟုတ်လား၊ ဘယ်တုန်းက ဒီရောက်နေတာလဲ၊ တို့နဲ့ကို အဆက်အသွယ်တွေပြတ်လို့… ကြည့်စမ်း'

သူက ခေါင်းမော့ကြည့်ပြီး ဝမ်းသာအားရ ပြန်နှုတ်ဆက်သည်။

'ဟယ်…ကိုခန့်၊ ကြည့်ဦး ကြည့်ဦး သူက ဦးအောင်အပြစ်တင်နေတယ်။ သူကဖြင့် မင်္ဂလာဆောင်တာတောင် မဖိတ်ဘဲနဲ့။ ဒီအစ်မက ကိုခန့်အမျိုးသမီးပေါ့။ ပိုင်တယ်ကွာ၊ အစ်မက ချောလိုက်တာ။ ကိုခန့်ကို ဘာများ မျက်စိလည်ပြီး ကြိုက်မိလဲမသိဘူး'

ကျွန်တော့်ဇနီးသည်၏လက်ကို တရင်းတနှီးဆုပ်ကိုင်ရင်း နှုတ်ဆက်နေသူက ခင်မေ။ ပြောရလျှင် သူက ကျွန်တော့်ထက် အနည်းငယ်ငယ်သည်။ ကျွန်တော်တို့ဇာတိမြို့လေးတွင် ကျွန်တော်တို့နှင့် တစ်ရပ်ကွက်တည်းနေခဲ့ကြဖူး၏။ ကျွန်တော်တက္ကသိုလ်တက်နေစဉ် နှစ်နှစ်ခန့်ခြား၍ မန္တလေးတက္ကသိုလ်သို့ ရောက်လာခဲ့သည်။ အစစ အရာရာ ညီမတစ်ယောက်သဖွယ် စောင့်ရှောက်ခဲ့ရသူ။ ကျောင်းပြီးကတည်းက အဆက်အသွယ်ပြတ်သွားပြီး ခုမှ ပြန်တွေ့ရသည်။ ဇနီးသည်ကတော့ သူ့ကို မမြင်ဖူးပေ။ သို့ပေသည့် တစ်ခါတစ်ရံ ပြောပြဖူးသဖြင့် အမည်ကိုတော့ ရင်းနှီးနေပုံရသည်။ ကျွန်တော်လည်း အတွေးကိုဖြတ်၍ သူ့ကို ဇနီးသည်နှင့် မိတ်ဆက်ပေးလိုက်ရသည်။ သူကလည်း စကားတပြောပြောနှင့် လုပ်စရာရှိသည်များကို သွက်သွက်လက်လက် လုပ်ပေးနေ၏။ သူ့ကိုကြည့်နေရင်း ဖျတ်ခနဲ သတိရသွားသူက ကျွန်တော့်သူငယ်ချင်း ကျော်ကြီး။ တစ်မြို့တစ်ရွာစီ ရောက်နေရသဖြင့် အဆက်အသွယ်များက ပြတ်ချင်တိုင်း ပြတ်နေသည်။ သို့နှင့် ခင်မေကို စကားစ,မေးဖြစ်သည်။

'ဒါနဲ့ ခင်မေရေ၊ ညည်းက အခု နယ်ကို မပြန်ဖြစ်ဘူးလား။ ဟိုမှာ ဦးလေးကရော တစ်ယောက်တည်းပေါ့၊ နေထိုင် ကောင်းရဲ့လားဟယ်။ ငါလည်း နယ်မပြန်ဖြစ်တော့တာ အတော်ကြာသွားပြီလေ။ အဲဒီမှာ ဘယ်သူမှလည်း မရှိတော့ မရောက်ဖြစ်တော့ဘူး။ သီးသန့်အလည်သွားချင်သွားပါမှပဲ။ အခုရော ညည်းက ဘာတွေ လုပ်နေပြီတုံးဟ'

ကျွန်တော့် စကားအဆုံး ခင်မေက ပြုံးရင်း ပြန်ဖြေသည်။

'ကိုခန့်ရေ အခု ဒီမှာ အလုပ်ဝင်နေတာကို နှစ်နှစ်လောက်ရှိပြီ။ အဖေ့လည်း နယ်မှာ မထားချင်တော့ ဒီကို ခေါ်ထားပြီး သားအဖနှစ်ယောက် အတူနေကြတယ်လေ အဖေက ကျန်းမာရေးကောင်း တယ်။ လာလည်လှည့်ဦး လိပ်စာပေးမယ်။ အဖေက ကိုခန့်မြင်ရင် ဝမ်းသာမှာ'

ကျွန်တော်ကလည်း သူ့စကား အသွားအလာကြည့်ပြီး ခန့်မှန်းမိသည်။ အတွေးထဲတွင်မတော့ ကျော်ကြီး မျက်နှာသာ မြင်နေပြန်၏ မမေးသင့်ဟု ယူဆသဖြင့် ဆက်မပေးမိတော့။ သို့သော်လည်း မသိမသာတော့ မေး ဖြစ်လိုက်သေးသည်။

'အေးဟာ၊ ငါလည်း ကျောင်းပြီးပြီးချင်း အလုပ်ဝ လိုက်သေးတယ်။ အိမ်ထော ကျတာတော့ တစ်နှစ် လောက်ပဲ ရှိသေးတာ။ နေ တာဝန်ကျတုန်း စွံလာတာ တော့ မင်္ဂလာဆောင်လည်း အကြီးအကျယ် မလုပ်ဖြစ် ဘူးဟာ။ သူငယ်ချင်းတွေ ကလည်း ကျောင်းပြီးကတည်း က အဆက်အသွယ်မရှိ ဘူး။ အခုတော့ ခန့်ထ ထွက်လိုက်ပြီ။ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သွားလုပ်ဖို့ စီစဉ်နေတယ်။ သူဖွားပြီးချိန်လောက်ဆို ထွက်ဖြစ်မယ်နဲ့တူပါတယ်ဟာ။ ဒီလိုပါပဲ ကြံဖန်လုပ်နေရတာ။ ဒါနဲ့ ကျော်ကြီးတစ်ယောက်ရော အဆက်အသွယ်ရှိသေးလား"

ကျွန်တော့်စကားအဆုံး သိမသာ ကွက်ခနဲပျက်သွားသော သူ့မျက်နှာကြည့်ရင်း စကားမှားသွားပြီမှန်း ရိပ်မိလိုက်သည်။ ခင်မေက မျက်နှာကို ပြန်ပြင်လိုက်ပြီး…

"အင်း…ကိုခန့်တို့တောင် မတွေ့တာ ခင်မေက ဘယ်ဆိုးတော့မှာပေါ့။ ဘယ်သူနဲ့မှ မတွေ့ဖြစ်ပါဘူး။ ကိုယ့်အားဝတ်နေရေး လုံးပန်းနေရတာနဲ့ အချိန်ပိုကို မရှိဘူး။ ကျောင်းပြီးတော့ သင်တန်းတက်တာနဲ့၊ နယ်ပြန်တာနဲ့ အချိန်ကို လုနေရတာ ကိုခန့်ရဲ့။ အစ်မ အားမငယ်နဲ့နော်၊ အပ်တာ ခင်မေ ကူညီမယ်။ အစ်မအပ်ထားတဲ့ အိုဂျီ အရာဝန်မကြီးကလည်း ခင်မေနဲ့ ရင်းပါတယ်။ နောက်တစ်ခေါက် လိုက်ပြောပေးမယ်နော်။ ကဲ ကိုခန့်ရေ အိမ်လာလည်လှည့်ဦး။ အမေက ကိုခန့်တွေ့ရင် ပျော်နေမှာ။ နောက်မှ အေးဆေးစကားပြောရအောင်နော်၊ ခင်မေ အလုပ်ဆက်လုပ်လိုက်ဦးမယ်"

ခင်မေ ပေးလိုက်သော သူတို့အိမ်လိပ်စာယူပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ လမ်းတွင် အိမ်သူက ကျွန်တော့်ကို အပြစ်တင်နေသေး။ ဩော်…သူလည်း ကျွန်တော်ပြောပြထား၍ ကျော်ကြီးနှင့် ခင်မေအကြောင်း အကြမ်းဖျင်း သိထားသည်ပဲလေ။ အိမ်အပြန်လမ်းတွင်တော့ သူတို့အကြောင်းက ရစ်ဝဲလိုက်ပါလာခဲ့၏။

❑

မန္တလေးတက္ကသိုလ်တက်စဉ်အချိန်များက ကျော်ကြီးဆိုသည့် ကျော်ဝင်းမောင်က ကျွန်တော်နှင့် အရင်းနှီးဆုံးသူငယ်ချင်း။ အဆောင်တစ်ခန်းတည်း အတူနေ။ သို့ပေသည့် အကျင့်ချင်းက ကျွန်တော်နှင့် လုံးဝမတူ။ ကျွန်တော်က ရံဖန်ရံခါ လူစုံလျှင် ဘီယာ၊ အရက်သောက်တတ်သော်လည်း ကျော်ကြီးက အနံ့ပင်မခံနိုင်။ သူ့အကျင့်က မိန်းကလေးများနှင့် အီစီကလီ တရှန်းရှန်းနေတတ်သူ။ ရည်းစားမကျ၊ သူငယ်ချင်းမက ကောင်မလေးများက အများသား။ လူကလည်း နယ်စပ်မြို့မှလာသူမို့ ရှပ်ချင်ချင်၊ ခပ်ပွေပွေ။ ကျွန်တော်ကတော့ မိန်းကလေးသူငယ်ချင်းပင် မထား။ သူတို့နှင့် စကားကိုပင် ကောင်းကောင်းမပြောတတ်။ ကျွန်တော်တို့ တတိယနှစ်အရောက် တစ်မြို့တည်း အတူနေ ခင်မေက ပထမနှစ် ကျောင်းသူအဖြစ် ရောက်လာသည်။ ခင်မေ့အမေကိုယ်တိုင် သူ့သမီး စောင့်ရှောက်ဖို့ အပ်ထားလိုက်သဖြင့် ကျွန်တော့်မှာ တာဝန်တစ်ခု ပိုရသည်။ ခင်မေ့ ပုံစံကလည်းကြည့်၊ မယ်သီလခဏတိုင်းဝတ်သဖြင့် ဆံပင်က ရှည်သည်ဟုပင် မရှိ။ အခု ကျောင်းစတက်တော့လည်း သီလရှင် လူထွက်ပြီး ခါစ ခေါင်းတုံးကေနှင့် လူကယောင်နန။

ခင်မေမှာ အပေါင်းအသင်းကလည်း မရှိသေးသဖြင့် အတန်းအားတိုင်း ကျွန်တော့်ဆီသာ အမြဲရောက်ရောက်နေတတ်သည်။ ကျွန်တော်နှင့်ကျော်ကြီး လက်ဖက်ရည်ဆိုင်ထိုင်လည်း ခင်မေက ကန့်လန့် ကန့်လန့်။ ကြာတော့ ကျော်ကြီးနှင့်လည်း ရင်းနှီးလာသည်။ ကိုယ့်သူငယ်ချင်း အထာ ကိုယ်သိသော်လည်း ခင်မေ့လို ပုံတုံးတုံး၊ ရိုးရိုးအအ တောသူကိုဖြင့် ကျော်ကြီး စိတ်မဝင်စားလောက်ဟုသာ လျှော့တွက်ထားခဲ့မိသည်။ သုံးယောက်သား လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း အခြားသူငယ်ချင်းများက အဖော်ကောင်းသဖြင့် ဘီယာသောက်သွားဖို့ခေါ်လျှင် ကျွန်တော်က သူတို့နှစ်ယောက်ကို လက်ဖက်ရည်ဆိုင်ထားခဲ့ပြီး ကောက်ခနဲ လိုက်သွားတတ်သည်က မကြာခဏ။ စတုတ္ထနှစ် အရောက်တွင်တော့ ကျော်ကြီးနှင့် ခင်မေက တတွဲတွဲဖြစ်နေကြပြီ။ နှစ်ယောက်စလုံးကို သတိပေးမိသော်လည်း ရိုးရိုးသားသားပါဆိုသော အဖြေကြောင့် ဘာမျှပြောခွင့်မသာ။ ခင်မေ့ ပုံစံကလည်း မြို့သားကျလာပြီး အတန်ကြည့်ကောင်းလာသလိုလို။

ကျွန်တော်နောက်ဆုံးနှစ် ကျောင်းပြီး ရိုးရိုးသိပ္ပံဘွဲ့ဖြင့် ကျောင်းကထွက်လာတော့ ကျော်ကြီးက ကျူဝမ်းဆက်တက်ရင်း ကျောင်းမှာ ကျန်နေရစ်ခဲ့သည်။ ခင်မေကလည်း ကျောင်းပြီးအောင်ဆက်တက်ရင်း သူတို့နှစ်ယောက် တတွဲတွဲ သတင်းကတော့ အစပိုင်း ကြားဖြစ်သေး၏။ နောက်ပိုင်း အလုပ်ဝင်နယ်ရောက်၊ အိမ်ထောင်ကျနှင့် အဆက်ပြတ်ချင်တိုင်း ပြတ်နေသည်မှာ ယခု ခင်မေနှင့် ပြန်တွေ့သည်က ပထမဆုံးအကြိမ်ပင်။

❑

ဇနီးသည် ကလေးမဖွားသေးခင် ဆေးခန်းပြစဉ်တိုင်း ခင်မေနှင့် မကြာခဏတွေ့ဖြစ်သေးသည်။ ခင်မေတို့အိမ်လည်း တစ်ခေါက်လောက်သာ ရောက်ဖြစ်ရင်း သူ့အမေနှင့် ခဏတစ်ဖြုတ်စကားစမြည် ပြောဖြစ်၏။

ကလေးဖွားပြီး သိပ်မကြာ ကျွန်တော်လည်း အလုပ်လုပ်ရန် စင်ကာပူသို့ထွက်လာခဲ့သဖြင့် အားလုံးနှင့်အဆက်အသွယ်က ပြတ်ကုန်တော့သည်။ ရောက်ခါစ အသားကျအောင်ကြိုးစား၊ ငွေကိုလည်း စုရသေးသည်မို့ သား နှစ်,နှစ်သားမှ မြန်မာနိုင်ငံ တစ်ခေါက်သာ ပြန်လာနိုင်တော့၏။

သိတတ်ခါစ သားနှင့် အချိန်ပေးရင်း ခွင့်ရက်များကို မိသားစုအတွက် အပြည့်အဝ ကုန်လွန်စေခဲ့ရသည်။ တစ်ရက်တွင် ဇနီးသည်အတွက် ရှော့ပင်းထွက်ပြီးအပြန် အချိန်ကလည်းရသေးသဖြင့် ခင်မေတို့အိမ်ဘက် အလည်ဝင်ခဲ့ကြ၏။

ကျွန်တော်တို့ ဆိုင်ကယ် ခင်မေတို့အိမ်ဝင်းအတွင်းထိ မောင်းဝင်လိုက်သည်။ တစ်ခေါက် ရောက်ဖူးသဖြင့် နေရာမှားစရာအကြောင်းမရှိ။ သို့ပေသည့် အိမ်အတွင်း၌ တိတ်ဆိတ်၍ လူရိပ်လူယောင် မမြင်။ ဇနီးသည်ကိုခေါ်ရင်း

www.burmeseclassic.com

ww.burmeseclassic.com

အိမ်အတွင်းသို့ ဆတတ ဝင်လာခဲ့သည်။ ဆက်တီစားပွဲခုံတွင် တစ်ယောက်တည်း တိတ်တဆိတ် ထိုင်နေသူက ခင်မေ့ ဖခင်။ ကျွန်တော်တို့ကို မြင်မှ အံ့အားတသင့် နှုတ်ဆက်ပြီး ဘေးအခန်းတစ်ခုအတွင်းသို့ ခေါ်သွားသည်။ အခန်းတွင်း ခုတင်တစ်လုံးပေါ်၌ အိပ်မောကျနေသူက ခင်မေ။ ကျွန်တော် နောက်ဆုံးတွေ့ခဲ့ရသည်နှင့် ဆန့်ကျင်ဘက် ခင်မေ။ ချောင်ကျနေသည့် မျက်နှာမှာ ခေါင်းတုံးဆံပင်ပေါက်ကြောင့် ပို၍ အိုစာနေသလိုလို။ သည်အထဲ နှာခေါင်းတွင် အောက်ဆီဂျင်ပိုက် ဆက်ထားသည့်အတွက် မျက်နှာကို ထင်ထင်ရှားရှား မမြင်နိုင်။ ပါးလျနေသည့် ခန္ဓာကိုယ်က စောင်ပါးပါးအောက်တွင် ငြိမ်သက်လျက်။ အံ့သြမှင်တက်စွာ ရပ်ကြည့်နေမိသည့် ကျွန်တော့်ကို ဇနီးသည်က လက်လာတို့မှ ယောင်နနဖြင့် အခန်းအပြင်ဘက် ပြန်ထွက်လာခဲ့မိတော့သည်။

ခင်မေ့အဖေ ပြောစကားအရ သူ့သမီးရောဂါအခြေအနေနှင့် ပတ်သက်ပြီး ရေရေရာရာမသိသည့် ရှေးတောအဘိုးအိုတစ်ယောက်ပါလေ။ ခင်မေ့အဖေနှင့် ကျွန်တော့်ဇနီးသည် စကားပြောနေခိုက် စားပွဲပေါ်၌တွေ့သော ခင်မေ့ရောဂါ ဆေးစစ်ချက်များကို စိတ်ဝင်တစား နားလည်သမျှ လိုက်ဖတ်ကြည့်နေမိသည်။ သွေးစစ်ချက် အဖြေတစ်ခုထဲမှ ပေါ့စ်တစ်ဗ်ဆိုသည့် အဖြေတစ်ခုကြောင့် ကျွန်တော့်မှာ မျက်လုံးပြူးသွားသည်။

သေချာအောင် နောက်ထပ် အခေါက်ခေါက် ဖတ်နေရင်း အဖြေထွက်သွားသည့် ပုစ္ဆာတစ်ခုပမာ အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်း သိသွားရပြီ။

'တောက်'ခနဲ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိ၏။ ကျွန်တော့် တောက်ခေါက်သံကို နားမလည်စွာ ငေးကြည့်နေသော ခင်မေ့အဖေနှင့် ကျွန်တော့်ဇနီးသည်ကို အထွေအထူး ရှင်းပြမနေတော့ပါ။ အရေးအကြောင်း ဆက်သွယ်ရန် ဖုန်းနံပါတ်ကိုသာ ခင်မေ့အဖေထံ ပေးထားခဲ့ပြီး တိတ်တဆိတ် ပြန်လာခဲ့တော့သည်။

အိမ်ပြန်လမ်းတစ်လျှောက် ကျော်ကြီး၏ စပ်ဖြဲဖြဲ မျက်နှာကြီးကိုသာ အာရုံနောက်စွာ သတိတရ မြင်နေခဲ့မိတော့သည်။ ကျော်ကြီးရာ…ဟု မချိတင်ဘဲ ရေရွတ်မိ တော့ နားမလည်သည့် ဇနီးသည်က ကျွန်တော့်မျက်နှာကို ဇဝေဇဝါ ငေးကြည့်နေသည်။

❑

ဘဝရှန်းကန်လှုပ်ရှားရင်း သူတစ်ပါးတို့၏ ဌာနေတွင် နှစ်များစွာ စတေးပစ်ခဲ့ရပြန်သည်။ တစ်နှစ်တာ စုဆောင်းလာခဲ့ရသည့် ခွင့်ရက်တို့မှာ စုချိန်ကြာသလောက် ကုန်ချိန်မှာ မြန်လွန်းလှသဖြင့် ကိစ္စအထွေအထူးမရှိဘဲ မြန်မာနိုင်ငံသို့ အပြန်ကျဲသည်။ မိသားစုနှင့် ဖုန်းပြောချိန်တွင်လည်း ခွဲခွာနေရသည့် ကိုယ့်အရေး ဦးစားပေးပြောနေရသဖြင့် တစ်ပါးသူများအကြောင်း စကားမစပ်မိပြန်ပေ။

ယခုတစ်ခေါက်က မြန်မာနိုင်ငံသို့ မဖြစ်မနေ ပြန်ရမည့်အခေါက်။ ဇနီးသည်က သူ့ရပ်ဇာတိသို့ အလည်ပြန်ရင်း သားကို ရှင်ပြုအလှူပေးချင်နေသည်။ ကျွန်တော်ကလည်း စာနာလိုက်လျော ရင်း ခွင့်ရက်ရှည်ယူပြီး စိတ်အေးလက်အေး ပြန်လာခဲ့ပြီ။ မြန်မာနိုင်ငံပြန်ရောက်ပြီး အလှူအတွက် စီစဉ်စရာများကို တက်သုတ်ရိုက်စီစဉ်ပြီး ဇနီးသည်၏ ဇာတိမြို့ကလေးဆီသို့ မိသားစု ချီတက်ခဲ့ကြတော့သည်။

ဇနီးသည်၏ တောမက၊ မြို့မကျ မြို့ငယ်လေး၌ ဆွေမျိုးသားချင်းများ ဝိုင်းဝန်းကူညီမှုဖြင့် သားငယ်အတွက် ရှင်ပြုအလှူကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေနပ်ပီတိဖြစ်ခဲ့ရသည်က တစ်ခဏတာပင်။ ကိုရင်ဝတ်ပြီး နှစ်ရက်မြောက်နေ့မှစ၍ ဖျားသော သားငယ်မှာ အဖျားကကျမလာ။ ဖြစ်ခါစက အခိုးပွင့်ဆေးလေး၊ ပါရာစီတမော့အရည်လေးများဖြင့် တိုက်ကြည့်ပေးသော်လည်း နှစ်ရက်ကျော်သည်အထိ ကျမလာသော အဖျားရောဂါကို စိတ်ပူကြရပြီ။

ကလေးကို လူထွက်စေပြီး သူတို့မြို့ငယ်လေးမှ ဆရာဝန်ဆေးခန်းပြကြည့်တော့ ဆရာဝန်က အနီးဆုံး ခရိုင်မြို့ရှိ ဆေးရုံသို့သွားရန်သာ အကြံပေးသည်။ ရှစ်မိုင်ခန့်ဝေးသော ခရိုင်ဆေးရုံသို့ ကားတစ်စီးငှားပြီး အမြန်ဆုံးသာ ထွက်လာခဲ့တော့၏။ ထွေးပွေ့ထားသော သားငယ်၏ကိုယ်အပူရှိန်က တငွေ့ငွေ့၊ သူ့အမေဖြစ်သူကလည်း မျက်ရည်လေး တစမ်းစမ်းဖြင့် ဆေးရုံသို့ ရောက်လာခဲ့တော့သည်။

ခရိုင်ဆေးရုံမှ ဆရာဝန်
များကလည်း ဂရုတစိုက်ရှိလှ
ပါသည်။ သွေးဖောက်စစ်
လိုအပ်သည်များကို ဆေးထိုး
ဆေးပုလင်းချိတ်ပေးပြီး
ကလေးကို သွေးလွန်တုပ်
ကွေးသံသယရှိကြောင်း ပြော
လာတော့ လူမှာ ခေါင်းနား
ပန်း ကြီးသွား၏။ ကလေးကို
သည်လိုပုံစံနှင့် မန္တလေး
လည်း ပြန်ခေါ်မဖြစ်နိုင်။
လမ်းခရီးအနေအထားကလည်း
အကောင်းကြီး မဟုတ်သဖြင့်
လက်ရှိ ဆေးရုံမှာသာ လိုအပ်
သည်များ စီစဉ်ရုံသာရှိတော့
သည်။

ဆွေမျိုးများကလည်း
ဝိုင်းဝန်းကူညီကြရင်း လို
သေးမရှိ ပြင်ဆင်ထားပေး
သဖြင့် စိတ်အမော သက်သာ
ရသေး၏။ သွေးအဖြေစော
ရင်း လိုအပ်ပါက အရန်သ
ဖြစ်ရန် သူတို့မြို့မှ သွေး
ရှင်အဖွဲ့နှင့်လည်း ဆက်သွ
အကူအညီတောင်းနေသံကြ
သည်။ ဆရာဝန်၊ ဆရာ
လေးများကလည်း ညည့်သ
လူနာဖြစ်ပြန်၊ ကလေးလူ
လည်းဖြစ်သဖြင့် အားရ
နပ်စရာကောင်းလောက်အော
ဂရုစိုက်ပေးကြသဖြင့် သ
ပြင်းချရင်း ကျေးဇူးတင်မိရ

နေ့ခင်းပိုင်းတွင်
ကလေးက အဖျား အ
ငယ် ကျစပြုပြီ။ အရည်
များလည်း တိုက်၍ရသ
ဝမ်းသာရသည်။ ဆေး
သားသားခုတင်ဘေးမှာ
ဆွေမျိုးညည့်သည်များက
ဝိုင်းလည်နေသဖြင့်
တောင်းပန် ချော့
နေရသည်။ ညည့်သည်

www.burmeseclassic.com

www.burmeseclassic.com

ရှင်းသွား၍ အေးအေးလူလူ နေမည်ကြံကာရှိသေး ဇနီး သည်၏ ဦးလေးနှင့်အတူ လူနှစ်ယောက် ဝင်လာပြန် သဖြင့် ထိုင်စရာစီစဉ်ပေး ခိုက်...

'ဟာ...ဟော့ကောင်၊ မင်း ခန့်ကြီးမဟုတ်လားကွ၊ မင်း ပုံမပြောင်းဘဲကိုး။ ငါ လည်း နာမည်ပြောပြတော့ ခင်းများ ဖြစ်နေမလားလို့ တစ်ချက် တွေးလိုက်မိသေး တယ်။ အခု ဦးသန်းက လိုက်ခဲ့ပါဦး၊ သူတို့ဆီလာတဲ့ ဧည့်သည်တူမရဲ့ ကလေး လေး ဆေးရုံတင်ထားရတာ၊ သွေးလွန် တုပ်ကွေးများဖြစ် ခဲ့ရင် သွေးလိုအပ်တာ ကူညီဖို့ ငါတို့အသင်းမှာ အကူအညီ တောင်းလို့ ငါကိုယ်တိုင် လိုက်ခဲ့တာကွ။ ကလေး ခို့ ဘာမှမပူနဲ့။ လိုအပ်တဲ့ အကူအညီ ငါတို့ပေးမှာပါ။ သူများ သူစိမ်းတွေတောင် သွေးလိုလို၊ ငွေလိုလို ငါတို့ အသင်းက ကူညီပေးနေကျ၊ ငါ့သူငယ်ချင်းဆိုတော့ ပိုတောင် ကူညီဦးမယ်ကွာ'

ဇနီးသည်၏ဦးလေး ဦးသန့်နှင့် အတူပါလာသော အသားဖြူဖြူ ခပ်ဝဝ၊ လူ ရည်သန့်သန့် လူတစ်ဦးက ခရီးရောက်မဆိုက် ဆီးကြို ပြောစကားကြောင့် ကျွန်တော် ရော ဇနီးသည်ပါ အံ့အားသင့် ပြီး ငေးကြောင်ကြည့်နေမိ သည်။ ထိုလူကို ကြည့်ရင်း ကြည့်ရင်းနှင့် သူ့မျက်နှာကို မှတ်မိသွားတော့ လူမှာ အံ့ဩ ဝမ်းသာပြီး ကပျာကယာ လက်ထ,ဆွဲမိတော့၏။

'ဟာ... သူငယ်ချင်း ကျော်ကြီး၊ မင်း မင်း ကျော်ကြီး ဟုတ်ပါတယ် နော်။ မမျှော်လင့်ဘဲ တွေ့ရ တာ ဝမ်းသာလိုက်တာကွာ၊ အဆက်အသွယ်တွေကပြတ် လို့ မင်း လူ့ပြည်မှာတောင် မရှိလောက်တော့ဘူး တွေးနေ တာကွ။ ဒါ ငါ့ အမျိုးသမီး၊ ဒီကလေးက ငါ့သားလေကွာ။ သွေးအဖြေတော့ စစ်ထား တုန်း သူငယ်ချင်း။ လိုအပ် တာ ကူညီဦးကွ'

ဝမ်းမြောက်ဝမ်းသာ ဖက်ထားကြသော ကျွန်တော် တို့ နှစ်ယောက်ကို ကြည့်ရင်း ဦးသန်းက သဘောကျစွာ တဟားဟားရယ်နေသည်။ ပြီးနောက်...

'ငါ့တူက မောင်ကျော် ဝင်းမောင်နဲ့ သူငယ်ချင်းတွေ ကိုး၊ ဟန်ကျတာပေါ့။ မောင် မင်း သူငယ်ချင်း ကျော်ဝင်း မောင်က ဒီမြို့ရဲ့ မျက်နှာဖုံးပဲ။ ဘယ်နေရာမဆို သူပါမှပြီး တာ။ သာရေးနာရေး၊ ရပ်ရေး ရွာရေး သူပဲ အားကိုးနေရတာ လေ။ သွေးလှူရှင်အဖွဲ့လည်း လူငယ်တွေကို ဦးဆောင်ပြီး သူကိုယ်တိုင်လည်းလှူ၊ သူ့ အဖွဲ့သားတွေကလည်းလှူနေ ကြတာ ကြာပေါ့။ အခုလည်း ဧည့်သည်ကလေးဆိုတော့ သူကိုယ်တိုင် ထ,လိုက်လာ တာ။ ဒီရောက်တော့ ငယ် သူငယ်ချင်းတွေ ဖြစ်နေကြ တာကိုး၊ ဝမ်းသာစရာပါကွာ'

ကျွန်တော်လည်း သူငယ်ချင်းဖြစ်သူ ကျော်ကြီး လက်ကို ဆွဲကိုင်ထားရင်း ဝမ်းသာဂုဏ်ယူစွာဖြင့် သူ့ မျက်နှာအား တစိမ့်စိမ့် ပြုံး ကြည့်နေရင်း အတွေးနယ်ချဲ့ နေမိတော့သည်။ နောက်မှ ခင်မေ့အကြောင်းပြောပြရင်း သူ့အပေါ် ကျွန်တော် အထင် မြင်လွဲမိသည့်အကြောင်းကို တောင်းပန်ဝန်ခံလျှင် သူငယ် ချင်းကျော်ကြီး စိတ်မဆိုးနိုင် လောက်ပါလေ...။ ■

**ခန့်ညီမေ**


aperture

Advertising photo studio / Digital photo lab & framing

◈ စီးပွားရေးကြော်ငြာဓါတ်ပုံများ ◈ ကျောက်မျက်ရတနာများ ◈ လူသုံးကုန်ပစ္စည်းများ ◈ အဆောက်အဦးများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ပြင်ဆင်မှု ဓါတ်ပုံများ ◈ မော်ဒယ်ဓါတ်ပုံများ ◈ ဖက်ရှင်အလှဓါတ်ပုံများ ◈ မင်္ဂလာဆောင်နှင့်ညှိကြိုဓါတ်ပုံနှင့်မင်္ဂလာညဲ့ခံပွဲဓါတ်ပုံများ ◈ အခြားသောအမှတ်တရဓါတ်ပုံများ ◈ ဓါတ်ပုံ *Album* ပြုလုပ်ပေးခြင်း ◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးပေးခြင်း ◈ ***Hand Phone & Tablets*** အမျိုးမျိုးမှ ဓါတ်ပုံထုတ်ပေးခြင်းနှင့်တော်ဇီခွက်ပေါ်တွင် အမှတ်တရပုံများရိုက်နှိပ်ပေးခြင်း ◈ ခေတ်မီလှပသေသပ်သော ဂျိုခံဓါတ်ပုံဘောင်အမျိုးမျိုးကိုလူကြိုက်မင်းတို့စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

**မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊**

**သက်ကြီးရွယ်အိုဘိုးဘွားဓါတ်ပုံများကို**

**အိမ်တိုင်ရာရောက် ရိုက်ကူးပေးပါသည်။**

No.169 (C.1), 36th Street (Middle), Kyauktada Tsp, Yangon.
09-73024327, 09-73024328, 09-73041734, 09-73041735. Ext:112,126


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားကြီးကုန်း
အဝေးပြေးဂိတ်သို့
ကားထိုးအဆိုက်
မေကောင်း အတွေးစတို့
ပြတ်တောက်သွားရသည်။
'ဒါအဝေးပြေးဂိတ်နော်။
ဒီကနေပြီး ရှစ်မိုင်၊
လှည်းတန်း၊
မြေနီကုန်းနဲ့မြို့ထဲ
လေးနေရာပဲ
ရပ်မယ်'စသဖြင့်
အော်ဟစ် ပြောဆိုနေသည့်
စပယ်ယာ၏
အသံကျယ်လောင်စွာ
ကြားနေရပါသော်လည်း
ထိုင်ရာက မထမိသေး။
ပြတင်းတံခါးက
မြင်နေရသည့် ရှုခင်းတို့ကို
ငေးမောကြည့်နေမိဆဲ။
ပြီး…အတွေးတို့လည်း
ပြန့်ကျဲနေဆဲ။ ကဲ…
တခြားသွားမယ့်သူတွေ
ဒီမှာပဲဆင်းမယ်နော်ဟု
စပယ်ယာ့အသံ
နောက်တစ်ဖန်ထွက်လာမှ
လှုပ်လှုပ်ရှားရှား
ဖြစ်သွားရသည်။
ဒီကားနှင့်
ဆက်လိုက်သွားပြီး
လှည်းတန်း
ဆင်းရကောင်းမလား၊
ဒါမှမဟုတ်
ခြောက်မိုင်ခွဲက
သူငယ်ချင်းအဆောင်ပဲ
တန်းပြီးသွားရမလား၊
ဘယ်သွားသွား ဒီအချိန်
အတန်းတက်နေမှာတော့
ရှစ်ဆယ်ရာခိုင်နှုန်း
သေချာလှသည်။
ဘယ်သူမှ
မရှိတာချင်းအတူတူ
သူငယ်ချင်းအဆောင်
သွားတာပဲကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

မေကောင်း ရန်ကုန်လာတိုင်း အဲဒီအဆောင်မှာတည်းနေကျမို့ အဆောင်ပိုင်ရှင်ရော၊ ကျောင်းသူတွေနှင့်ပါ ရင်းနှီးနေပြီ။ ဟုတ်တယ်၊ ခြောက်မိုင်ခွဲသွားတာပဲကောင်းမယ်။

ခုမှ အတွေးပေါက်သွားသူလို ထွက်ရန်တာစူနေသော ကားပေါ်က ဝုန်းဝုန်းဒိုင်းဒိုင်း ဆင်းတော့ စပယ်ယာက အံ့ဩသလို ကြည့်သည်။ မေကောင်းကတော့ ဘာမှမဖြစ်သလို ကျောပိုးအိတ်ကို ပခုံးထက်လွယ်၍ နေရောင်အောက်သို့ တိုးဝင်လိုက်သည်။ တစ်ဖက်ပလက်ဖောင်းဆီ လှမ်းအကြည့် နေ့လယ်ခင်းပေမဲ့ ဘတ်စ်ကားမှတ်တိုင်မှာ လူတို့ အုံခဲနေသည်။ ကားလမ်းမကို ဖြတ်ကူးလိုက်ရင်း သူ့ကိုမြင်လျှင် အထွန်းတော့ အံ့ဩသွားမှာပဲဟု တွေးမိလိုက်သည်။ ပြီး ချက်ချင်းဆိုသလို စိတ်ရှုပ်ထွေးနောက်ကျိသွားမည့် ပုံစံကိုလည်း မြင်ယောင်လိုက်မိပါသည်။ သူဆိုသည့် ခင်မေကောင်းကရော နှုတ်ခမ်းကိုတွန့်၍ ပြုံးမိလိုက်သည်။ မေကောင်းအတွက်ကတော့ အထွန်းကိုမြင်သည့်အထိ မဆိုထားဘိ၊ အထွန်းဆိုသည့် အမည်နာမကို တွေးမိကာနှင့်ပင် ကိုယ့်ဘဝကိုယ် စိတ်ပျက်လှပြီ။

ဆုံစည်းခြင်းဟူသည် မင်္ဂလာရှိစွာ ပေါင်းစည်းခြင်းဟု မမှတ်ယူမိဘဲ ဘဝ၏ အဆုံးသတ်ဟု လက်ခံယုံကြည်လာမိချိန် မမြင်ရသော ကြိုးတစ်ချောင်းက မေကောင်းကို ရစ်ပတ်ထားလေပြီ။

မျက်လုံးထဲ ရန်ကုန်-ပြည် လမ်းမကြီးသည် ပိုလို့ နက်မှောင်ရှည်လျားသွားသယောင်။

> ဖခင်
> တစ်ယောက်၏
> မာနနှင့် ထိခိုက်
> ကြေကွဲမှုတွေ
> ကတော့
> ဘယ်သမီး
> တစ်ယောက်၏
> ရင်ကို
> ပျော်ရွှင်စေမှာတဲ့လဲ
> အရှုံး
> ပေးလိုက်ရသည့်
> ဖခင်
> တစ်ယောက်၏
> မာနကို
> အသိတရား
> ကင်းမဲ့စွာ
> ရိုက်ချိုး
> ဖျက်ဆီး
> ပစ်လိုက်မိသည့်
> သမီးလည်း
> နောင်တဆိုတာ
> သေတစ်ပန်
> သက်ဆုံး
> မွေးမြူ
> သွားရတော့မှာပါ

❑

ဖေဖေ့မျက်နှာကို မထိမဲ့မြင် ပေစောင်းစောင်းကြည့်မိခိုက် ဖေဖေ့ဒေါသကို ပိုဆွလိုက်သလို ရှိသည်။ ထိုအကြည့်တို့ထဲ အာခံခြင်းဆိုသည့်အရိပ်ကိုလည်း တွေ့လိုက်မှာပါ။ တကယ်တော့လည်း ကိုယ်ကြည့်မိလိုက်သော အကြည့်ကိုပင် ဖခင်တစ်ယောက် မည်မျှခံစားရပြီး မာနတရားကို ကွဲစေကြောင်း မသိတတ်သေးသော အရွယ်လည်း ဖြစ်ပါသည်။

လူမှန်းသိစ အရွယ်ကတည်းက သံမဏိကြိုးထက် ပြင်းသော ဖေဖေ့စည်းကမ်းဘောင်ထဲ မွန်းကျပ်ကျဉ်းမြောင်းလှပြီ။ ဆယ်ကျော်သက် အရွယ်တွင်တော့ ဖေဖေ့မူဝါဒဘောင်တို့ကို စိတ်ကူးထဲက တန်ပြန်ပြောဆိုတတ်နေပြီ။ အကြည့်တို့ဖြင့်လည်း အာခံစပြုပြီ။ တင်းကျပ်သော သံမဏိစည်းကမ်း ဘာနှင့်ချိုးလျှင် ကျိုးမည်လဲ တွေးနေပြီ။ လူကြီးမိဘတို့ကို ပခုံးချင်းယှဉ်သောစိတ် ဝင်ကတည်းက ကိုယ့်ဘဝတွင် ဆိုးဝါးသော နိဒါန်းစ,ပြီဟုသူ နားမလည်မိသေး။

ယောကျ်ား၊ မိန်းမ နှစ်မျိုးနေသော ကျောင်းတွင် သူ့ကိုထားပါလျက် ယောကျ်ားလေး သူငယ်ချင်း လုံးဝမထားရ၊ စကားမပြောရဆိုသည့် ဖေဖေ၏ တင်းကျပ်သော စည်းကမ်းသည် တစ်ဖက်စောင်းနင်း ဖြစ်တာတော့ သေချာသည်။ ဒါပေမဲ့ ဘာ့ကြောင့်များ မိုက်ရူးရဲထောက်ပြပြောဆို အရွဲ့တိုက်သောစိတ် သူ့မှာပါခဲ့ရပါလိမ့်၊ ယခုလည်း ဖေဖေ့မျက်ဝန်းတို့ နီရဲလျက် ဒေါသဖြစ်စပြုပြီ။ ဖေဖေဒေါသဖြစ်လျှင် လက်ပါတတ်တာလည်း မေကောင်းသိပါသည်။ ဒါပေမဲ့ မေကောင်းစိတ်ထဲ ကြောက်ရွံ့ခြင်းတို့ ပျောက်ဆုံးနေသည်။ အို… ဖေဖေရိုက်လို့ သေသွားလျှင်တောင် ကောင်းမယ်ဟု စဉ်းစားမိသည်။ ပြန့်ကျဲကာ အပိုင်းပိုင်းပြတ်နေသည့် အထွန်း၏ သချ်ာ
စာအုပ်ကိုလည်း မကောက်မိ
ယောကျ်ားလေးသူငယ်ချင်း
တစ်ယောက်ထံက လေ့ကျင့်
ခန်းစာအုပ်လေး ငှားမိရုံ၊ အဲ
သူငယ်ချင်းကောင်လေးက
အိမ်လာ သူ့စာအုပ်တောင်း
နှင့် အမြင်ကျဉ်းသော ဖေ
ကို ပြန်ပြောတိုက်ခိုက်ရ
စကားတို့သာ ရှာဖွေနေ
သည်။ 'သမီး သူငယ်ချင်
ပါ၊ ဖေဖေမကြိုက်ရင် မငှ
တော့ပါဘူး'ဟု ပြောလိုက်
မှုနှင့် ပြဿနာအားလုံး
လည်ကာ သူကောကိုယ်ကော
အကျိုးရှိသွားမည်အဖြစ်
မေကောင်း မစဉ်းစားမိခဲ့

တစ်ခါတစ်ခါတော့
လည်း မေကောင်း တောင့်
မိပါသည်။ သူငယ်ချင်း
အမေမီတို့အိမ်ကို အလည်သွ
စဉ်က ဖြစ်ပါသည်။ ခေတ်
ပွင့်လင်းပြီး သမီး၏ သူင
ချင်းမှန်သမျှကို ယောကျ်
လေး၊ မိန်းကလေးမရွေး
ဖော်ရွေရွေ ဆက်ဆံတတ်သ
အမေမီ့မိဘများကိုကြည့်
မေကောင်း ဝမ်းနည်းသ
ရှိသည်။ သူလည်း မိဘ
ပါးရှေ့ အတန်းဖော် သူ
ချင်းများကို ပွင့်လင်းဖြူစင်
ဆက်ဆံလိုလှသည်။

တကယ်တော့ လ
မေကောင်းသည် အဖေ
အမေတွင် အဖေ့ကို ပိုချ
ဖြစ်သည်။ ဖေဖေ့ဘက်
လည်း တစ်ဦးတည်းေ
သမီးဖြစ်သည့် မေကောင်
လွန်ကဲစွာချစ်မည်ဖြစ်ကြေ
ယုံကြည်ပါသည်။ ဒါ
လွှဲမှားသောမာန ဘာ့
များ သူ့မှာ ပါခဲ့ရ
ကွယ်။ ဒါလည်း ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com

တာပဲပေါ့ဟု ရင်နာနာနှင့် တွေးမိရသည်။

အမှန်တော့ မေကောင်းနှင့် အထွန်းသည် သူငယ်ချင်း အစစ်အမှန်သာ ဖြစ်ပါသည်။ ရုံဖန်ရံခါ သူငယ်ချင်းတွေက လူငယ်သဘာဝ ယှဉ်တွဲစတတ်သည်ကလွဲလို့ ယောကျ်ားလေး တစ်ယောက်အပေါ် ထူးဆန်းသည့် စိတ်ခံစားမှု မဖြစ်ပေါ်သေးပါ။ ဒါပေမဲ့ သူငယ်ချင်းခင်မင်မှုကို မယုံသင်္ကာ စွပ်စွဲလာခြင်းကိုတော့ ဖေဖေ့သမီးပီသစွာဖြင့် ခေါင်းမာမာနှင့် သည်းမခံနိုင်ခဲ့ပါ။

အဲဒါကိုက မေကောင်း မှားခဲ့တာပါပဲ။ ဘဝ၏ အဓိကနှင့် သာမညကို မခွဲခြားတတ်ဘဲ ကိုယ့်ဘဝ၏ အဓိကသည်ဘာလဲ၊ စဉ်းစားကာ အဖြေရှာ၍ ကျန်တာကို အရှုံးပေးတန်ပေးရမည်၊ လျှော့တန်လျှော့ရမည်။ ခုတော့ ကိုယ်နှင့်လည်း ဘာမှမဖြစ်သည့် ယောကျ်ားတစ်ယောက်အတွက် (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) မိဘကို ဆောက်ပြ ပြောဆိုချင်စိတ်သာ လွှမ်းမိုးနေသည်။

အို… တကယ်တော့ ည်း တစ်ဆယ့်ခြောက်နှစ် ဆယ်တန်းကျောင်းသူအရွယ် ဆိုတာ မိဘ၏ သားသမီးအပေါ် လုပ်ဆောင်ချက်တို့ ယွင်းသွားသည်ဆိုလျှင်ပင် ကျက်သဘောထားကြီး စေတနာအများဟု မခံယူတတ်သေးသော အရွယ်ပင် ဖြစ်ပါသည်။

❑

ဆယ်တန်းဖြေပြီး ကြိန်အတွင်းက အဖြစ်အပျက်ကိုတော့ မေကောင်း တစ်သက် ဘယ်တော့မှ ပြန်မတွေးချင်လောက်အောင် အရုပ်ဆိုးလှသည်။ မခံချင်စိတ် မာန၊ အစွန်းရောက်တလွဲအမှားတို့ကြောင့် တစ်သက်တွင် တစ်ခါသာရနိုင်ခဲ့သည်အရာတစ်ခုကို သုံးရက်နှင့် ဆုံးဖြတ်စွန့်လွှတ်ခဲ့သည်။ ဒီအတွက် နောင်တရ,ရကောင်းမှန်းလည်းမသိခဲ့သလို ကိုယ့်ဘဝကိုယ် နှမြောရမှန်းလည်း မသိခဲ့ပါ။ ကိုယ့်ဘဝကို လောင်းကြေးထပ် အဆုံးရှုံးခံခဲ့ပြီး ဒါမှ ဖေဖေ နောင်တရမှာဟု ကြောက်စရာကောင်းမည့် အတွေးကို တွေးလိုက်မိသေးသည်။ ဒါပေမဲ့ အစပိုင်းမတော့ မေကောင်းမှာ ဆင်ခြင်နိုင်သည့် အသိရှိသေးသည်။ ထို့ကြောင့်လည်း သင်္ကြန်တွင်းစလည်ဖို့ သူငယ်ချင်းတွေခေါ်စဉ် ခါးခါးသီးသီး ငြင်းဆန်မိသည်။ ဘယ်လိုမှ ဖေဖေနှင့် ညှိနှိုင်းလို့မရသည့် ကိစ္စဟုလည်း သိခဲ့ပါသည်။ ဒါပေမဲ့ သူငယ်ချင်းတွေ တစုတဝေး၊ တပျော်တပါးဖြင့် အိမ်တွင်းပုန်းလုပ်နေသော မေကောင်းထံ အတင်းအကျပ် ရေလာလောင်းတာမျိုးကျမေကောင်း ဘယ်လိုများ တားဆီးရပါ့မလဲ။ ဖြစ်ချင်တော့ ထိုနေ့က ဖေဖေနှင့် မေမေလည်းမရှိ။ အိမ်နားက ဘုန်းကြီးကျောင်းကို သီလယူသွားနေသည်။ မေမေ့တူမ ဝမ်းကွဲ မမပြုံးနှင့် မေကောင်းသာရှိသည်။ ဆူညံအော်ဟစ်ပြီး တဝုန်းဝုန်းဖြင့် တစ်ယောက်ကိုတစ်ယောက် လောင်းနေကြစဉ် ဖေဖေနှင့်မေမေ ပြန်ရောက်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အထွန်းက မေကောင်းကို ရေဖလားလေးဖြင့် ဖြည်းညင်းစွာလောင်းနေချိန် သူငယ်ချင်းတွေက ဘာရယ်မဟုတ် လက်ခုပ်တီးကာ ဩဘာပေးကြသည်။မေကောင်းအနေဖြင့် မရိုးသားသော ရုက်ရွဲ့မှုတစ်စုံတစ်ရာ မဖြစ်မိဘဲ အထွန်းကို ရေဖလားဖြင့် စ,နောက်ပြီးရွယ်လိုက်စဉ် ဒေါသတကြီး ဖေဖေ မျက်နှာက ခြံဝမှာပေါ်လာသည်။

ဒေါသနှင့် ဆောင့်ဆွဲခေါ်ယူခြင်း ခံလိုက်ရစဉ် ခြံထဲကဝိုင်းလည်း တိတ်ခနဲဖြစ်သွားသည်။ အားလုံးက အဖြစ်အပျက်ကို မယုံကြည်နိုင်သလို ကြောင်တွေတွေ ကြည့်နေကြသည်။ ပြီးမှ ကားပေါ်တက် မောင်းပြေးကြတော့သည်။ ထိုနေ့က မေကောင်းကို မေမေအနာခံပြီး ဝင်မဆွဲခဲ့လျှင် နေရာတွင် အသက်ထွက်နိုင်သည်။ ကြောက်လန့်စိတ်တို့ ပျောက်ဆုံးပြီး မျက်ရည်လုံးဝမကျသည့် မေကောင်းပုံစံက ဖေဖေ့လက်က ကြိမ်လုံးကို အောက်သို့ပြုတ်ကျသွားစေခဲ့သည်။ ဒါပေမဲ့ မေကောင်းစိတ်အနာက လွန်သွားခဲ့ပြီ။ မေမေကတော့ အနာတွေကို ဆေးထည့်ပေးရင်း ဖေဖေ့ကို မမုန်းဖို့ တဖွဖွပြောနေခဲ့သည်။

ထိုနေ့ကစ၍ ဖေဖေက မေကောင်းကို မျက်လုံးချင်းအဆုံပင် မခံတော့ပေ။ မေမေကတော့ မေကောင်းကို ယုံကြည်ပုံရသည်။ ဒါပေမဲ့ ကျားနာတစ်ကောင်လို မျက်ရှမှုက ပျောက်ပျက်မသွားနိုင်ပြီ။ တစ်ပတ်အကြာတွင်တော့ သူငယ်ချင်းတစ်ယောက်ကတစ်ဆင့် အထွန်းဆီက စာလေးတစ်စောင် ရောက်လာခဲ့သည်။

*'မေကောင်း*

*ငါ့ကြောင့် နင်အရိုက်ခံရတာ စိတ်မကောင်းဘူး။ နင့်အိမ်က အဲလောက်ချုပ်ချယ်မှန်း ငါ တကယ်မသိခဲ့ဘူး။ အခုရော နင် နေကောင်းရဲ့လား။ ငါ နင်နဲ့ စကားပြောချင်တယ်။ နင်လာလို့ရရင် လမ်းထိပ်က အအေးဆိုင်ကို ညနေ ထွက်ခဲ့ပါ့လား။*

*နင့်သူငယ်ချင်းအထွန်း'*

မေကောင်း နာနာကြည်းကြည်း ပြုံးမိသည်။ ပြီးတော့ အထွန်းနှင့်လည်း စကားပြောချင်သလိုရှိသည်။ ထို့ကြောင့် မေမေ့ကို လမ်းထိပ်ကိုခဏဟုဆိုကာ ထွက်လာခဲ့သည်။ အထွန်းက ညှိုးရီသော မျက်ဝန်းလေးတွေဖြင့် ငေးကြည့်နေခဲ့သည်။ မေကောင်းရင်ထဲ သနားသွားရသည်။ ဒါသည် အထွန်းနှင့် ပတ်သက်၍ ပထမဦးဆုံး ခံစားချက်ဖြစ်ပါသည်။ အထွန်းမျက်ဝန်းထဲ စိန်းစူးစူးစိုက်ကြည့်လို့ နင့်ကြောင့် ငါ အရိုက်ခံရတာဟု ငိုသံပါကြီးဖြင့် ပြောမိသည်။ အထွန်းက မေကောင်း လက်ဖဝါးလေးကို ဖျတ်ခနဲလှမ်းဆုပ်၍ နင် မငိုပါနဲ့ဟာဟု ဆိုလေသည်။ အထွန်း၏ နူးညံ့သော စကားသံကြားရမှ ဝမ်းနည်းလာကာ ရှိုက်ကြီးတငင် ငိုချမိသည်။ နောက်မှ သတိရသလို ဘေးဘီကိုကြည့်လျက် မျက်ရည်တို့ သုတ်လိုက်မိသည်။ 'ငါ့ကြောင့် နင်အရိုက်ခံရတာ အဲဒီအတွက် ငါ့မှာတာဝန်ရှိတယ်' ဟူသော အထွန်းစကားကိုတော့ မေကောင်းနားလည်

www.burmeseclassic.com

ww.burmeseclassic.com

ပါ။ ဘာတာဝန်ပါလိမ့်ဟု ကြောင်တွေတွေ တွေးနေဆဲ 'ငါ့ကြောင့် နင့်မှာသိက္ခာကျသွားပြီလေ။ ခုဆို နင်နဲ့ငါ ကြိုက်နေလို့ နင့်ကိုရိုက်တယ်လို့ မြို့မှာ သတင်းထွက်နေပြီ'ဟု ပြောတော့ ရှက်ရွံ့စိတ်ဖြင့် မေကောင်း မျက်လုံးဝိုင်းသွားရသည်။ ဒါဆိုဟု အထိတ်တလန့်အပြော 'ငါ့နောက်လိုက်ခဲ့တော့'ဟု အထွန်းက ခပ်တိုးတိုးဆိုသည်။ အထွန်းကို မေကောင်း အံ့သြတကြီးကြည့်မိသည်။ ပြီး တစ်စုံတစ်ခုကို သတိရသွားလျက် ပြုံးလိုက်မိသည်။ 'အေး ခဏနေဦး၊ နင့် နောက်လိုက်ဖို့ မလိုက်ဖို့ သုံးရက်စဉ်းစားလိုက်ဦးမယ်'ဟူသော မေကောင်းစကားကို ဒီတစ်ခါ အံ့သြသွားရသူက အထွန်းဖြစ်ပါသည်။ မေကောင်း ခါးခါးသီးသီး ငြင်းဆန်လိမ့်မည်ဟု အထွန်း မျှော်လင့်ထားပုံရပါသည်။ မေကောင်းကတော့ အမှန်တကယ် အထိတ်တလန့် ဖြစ်သွားရတာလည်းပါသလို၊ အထွန်း၏ ငါ့မှာတာဝန်ရှိတယ်ဆိုသောစကားကို လတ်တလော အားကိုးတကြီးဖြစ်သွားတာလည်း ပါ,ပါသည်။ အို… ကြည့်ပါဦး၊ တစ်ဆယ့်ခုနစ်နှစ်အရွယ် မိဘအုပ်ထိန်းခြင်းတောင် မလွတ်သေးသည့် ယောကျ်ားလေးတစ်ယောက်ကို ဘယ်လိုစိတ်ကူးနှင့်များ အားကိုးလိုက်ပါလိမ့်။

မေကောင်း စဉ်းစားမယ်ဟု ပြောခဲ့သည့် သုံးရက်လုံး အိမ်မှာ ဖေဖေက မျက်လုံးချင်း အဆုံမခံသလို မေမေကလည်း မိန်းကလေးဆိုတာ အစချီ ဩဝါဒတွေပေး၊ နားတွေပူ၊ ရင်တွေပူဖြင့် ဘာမှမဖြစ်ပါဘဲလျက် အားလုံးသည် မေကောင်းဘက်မှာမရှိတော့သလို ခံစားခဲ့ရသည်။

နောင်တဖြင့် ရောပွမ်းနေမည့် ဖေဖေ့မျက်နှာကို မေကောင်းဘဝအဆုံးခံပြီး လဲလှယ်ယူရမလား၊ မေကောင်း လဲလှယ်ရဲသည်။ ဖေဖေ လုပ်ရပ်များကြောင်း ဝန်ခံလျှင်ပြီးကော။

အချစ်ကြောင့်လည်း မဟုတ်၊ ဦးနှောက်ကြောင့်လည်းမဟုတ်၊ ယောကျ်ားတစ်ယောက်ကို သုံးရက်အတွင်းယူမည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှန်သည်ဟု(အဲဒီအချိန်က) ယူဆမိခဲ့ပါသည်။

❑

'ဖေဖေ'

မေကောင်း တုန်လှုပ်မှုဖြင့် ခပ်တိုးတိုးရေရွတ်မိသည်။

လူတစ်ယောက်၏ ရုပ်သွင်သည် တစ်လ၊ နှစ်လအတွင်း ဒီလောက်ထိကျဆင်းသွားရသတဲ့လား။ အဲဒီလောက် ကျဆင်းယိုယွင်းသွားရအောင် ဘယ်အရာကများ ပြုစားလိုက်ပါလိမ့်။ မေကောင်း မျှော်လင့်ထားတာက ဖေဖေ့၏ ဒေါသတကြီးတုံ့ပြန်မှုနောက် တမြည့်မြည့်ခံစားရမည့် နောင်တ တရား။ ဒါပေမဲ့ ခုလိုမျိုး ဖခင်တစ်ယောက်၏ မာနနှင့် ထိခိုက်ကြေကွဲမှုတွေကတော့ ဘယ်သမီးတစ်ယောက်၏ရင်ကို ပျော်ရွှင်စေမှာတဲ့လဲ။ အရှုံးပေးလိုက်ရသည့် ဖခင်တစ်ယောက်၏မာနကို အသိတရားကင်းမဲ့စွာ ရိုက်ချိုးဖျက်ဆီးပစ်လိုက်မိသည့် သမီးလည်း နောင်တဆိုတာ သေတစ်ပန်သက်ဆုံး မွေးမြူသွားရတော့မှာပါ။ 'အောင်စာရင်းတွေ ထွက်နေပြီ သမီး၊ နှစ်ယောက်စလုံး ပြန်လိုက်ခဲ့တော့'ဆိုသည့် ဖေဖေ့စကားကြားတော့ မေကောင်း ခေါင်းထောင်လာရသည်။ အထွန်းက ဂုဏ်ထူးငါးခု၊ သမီးက ဂုဏ်ထူးနှစ်ခုဆိုတော့ အို…ငါအရမ်းတက်ချင်တဲ့ တက္ကသိုလ်တက်ရတော့မယ်ဟု သတိလက်လွတ် တွေးမိလိုက်ပြီးမှ ကိုယ့်အတွေးကိုယ် ရှက်ရွံ့သွားရသည်။ လက်ရှိအခြေအနေကို သတိရလျက် ဦးဆုံးနောင်တဆိုတာ နင့်နင့်သီးသီး ပိုက်မိရသည်။

မေကောင်းသည် ဒီအဖေအမေ၏ တစ်ဦးတည်းသော ရင်သွေးဆိုသော်ငြား ကိုယ့်ဘက်က တောင်းဆိုပိုင်ခွင့်ဆိုတာကို ကိုယ်ကိုယ်တိုင် ရိုက်ချိုးပစ်ခဲ့ပြီပဲ။ အချစ်ကြောင့်လည်းမဟုတ်၊ ဦးနှောက်ဖြင့်လည်းမဟုတ်၊ ဘယ်အတွက်ရယ်ကြောင့်များ ဟင်းရွက်ကန်စွန်းလို ပြုမူလိုက်မိပါလိမ့်။ မေကောင်း မျက်ဝန်းက မျက်ရည်တို့ တလိမ့်လိမ့်ကျလာစဉ် ဖေဖေက ခေါင်းကိုအုပ်မိုးကိုင်လျက် 'သမီးတို့နှစ်ယောက်လုံးကို ဖေဖေ တက္ကသိုလ်ပို့မှာပါ'ဟု ဆိုသည်။ အထွန်းဘက်က ချို့တဲ့သော အခြေအနေကို ထည့်တွက်ပြီးရုံမက၊ သမက်ဘဝမြင့်ပါမှ ကိုယ့်ရင်သွေးသမီးဘဝ မြင့်မည်ဆိုသည်ကို သမီးရှင်ပီသစွာ ဖေဖေသည် သဘောပေါက်ခဲ့ပုံရသည်။ မေကောင်း ဖေဖေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လို့ ငိုချလိုက်မိသည်။

မိဘအိမ်သို့ ခေါင်းငုံ့လျ[illegible] ပြန်လည် ဝင်ရောက်လာခဲ့[illegible] မေကောင်းအသက် ဆယ့်ခုန[illegible] နှစ်ပြည့်ပြီးစ ရှိသေးသည်[illegible] ဒါပေမဲ့ မိန်းမကြီးတစ်ယော[illegible] လို ရင့်ကျက်ခဲ့လေပြီ။ ထို[illegible] အတွက် ပေးလိုက်ရသော[illegible] အရင်းအနှီးကို မေကောင်း[illegible] တစ်သက် ဘယ်တော့မှမမေ့[illegible] ဖေဖေ၏ထိန်းချုပ်မှုကို မွန်း[illegible] ကျပ် ကျဉ်းမြောင်းလှပြီဟု ထင်[illegible] ခဲ့သော မေကောင်း ယခုလွတ်[illegible] လပ်မှုအပြည့်ရှိနေပြီ ဖစ်သည်[illegible] သူ့ဘဝသည် ဘယ်လို ကျ[illegible] တည်းခြင်းနှင့်မျှ မတူသော[illegible] မွန်းကျပ်မှုဖြင့် မလှည့်သာ[illegible] မလှူးသာ အမည်တပ်လို့မ[illegible] မမြင်ရသည့်ကြိုးတစ်ချောင်း[illegible] ၏ နောက်ဆံတင်းရှုပ်ထွေး[illegible] က မေကောင်း ဘဝကိုတ[illegible] မြည့်နှိပ်စက်စ ပြုပြီ။

သူငယ်ချင်းတွေအိမ်[illegible] အလည်သွားစဉ် သူတို့တစ်[illegible] ၏ ဖြူဖွေးသန့်စင်လှသည်[illegible] တစ်ယောက်အိပ်ခုတင်ထက်[illegible] အိပ်ရာလေးတွေကိုအမြင် [illegible] တစ်ချိန်တစ်ခါက မေမေ ပြ[illegible] ဆင်ပေးခဲ့သည့် မေကော[illegible] ၏ သန့်ရှင်းဖြူစင်သော[illegible] အိပ်ရာလေးကိုမြင်ယော[illegible] တတ်လာသည်။ ကိုယ့်ကို[illegible] ကို ယူကျုံးမရ စိတ်ပျက်အ[illegible] ငယ်မှုက မေကောင်းဘဝ[illegible] အစဉ်အမြဲ ခြောက်လှန့်[illegible] တတ်သည်။ သူတို့တစ်[illegible] ရယ်မောပျော်ရွှင်စွာဖြင့် အ[illegible] ကို ရည်မှန်းချက်ကြီးကြ[illegible] ထား လုပ်ဆောင် ပျော်ရွှင်[illegible] ကြချိန် မေကောင်းလည်းအ[illegible] ကို တစ်က ပြန်စလိုစိတ်[illegible] အထွန်းဆို တာ[illegible] မေကောင်းအသိမ် ပျော[illegible]

www.burmeseclassic.com

ww.burmeseclassic.com

နေတတ်သည်။ တကယ် ...တော့ ခင်မေကောင်းဆိုတာ ...ည်း ဟိုတစ်ချိန်တုန်းက ...တော့ ရည်ရွယ်ချက်ကြီးကြီး ...ားခဲ့သည့် မိန်းကလေး ...တစ်ယောက်ပေပဲ။ ဒါပေမဲ့ ...ဖြစ်လို့များ တလွဲဆံပင် ...ကောင်း မာနနှင့် ပျော့ညံ့သော ...ကလေးတို့၏ အပြုအမူ ... ပြုကျင့်ခဲ့မိပါလိမ့်။

ဩော်...ဒီအချိန်ကျ ...တော့လည်း သမီးတစ်ယောက် ... သူစိမ်းယောကျ်ားလေး ...တစ်ယောက်နှင့် နီးနီးကပ်ကပ် ...တတရက် မြင်လိုက်ရစဉ် ...တ်ခနဲ ရှန်းကန်ထလာသည့် ...ခင်တစ်ယောက်၏ ရှက် ...ါသကို မေကောင်း နားလည် ...တ်ခဲ့ပြီ။ အို...မေကောင်း ...ကို ဒီလိုဖြစ်ပြီးမှ ဒီလို ...ည်သဘောပေါက်စေလို့ ...ယ်မေကောင်းဆိုးဝါးကများ ...စတိုက်ခဲ့ပါလိမ့်ကွယ်။ ❑

'ခြောက်မိုင်ခွဲပါရင် တိုး ...ယ်'ဟူသော စပယ်ယာ ...တိုးတိုးကြောင့် မျက်ဝန်း ...မှိတ်ထားသော မေကောင်း ...နဲ့တကြားဖြစ်သွားသည်၊ ...ဆက်ကအိတ်ကို နေသား ...ကျ ပြင်လွယ်လိုက်ရင်း ...ကောင်း နေရာကထသည်။

မှတ်တိုင်ဘေးက လမ်း ...ဲ ကွေ့ဝင်လိုက်စဉ်မှာပဲ ...ယ် ဆယ့်နှစ်နာရီထိုးပြီ။ ...ဆောင်မှာ သီသီနွယ်တော့ ...န်ကောင်းပါရဲ့ဟု တွေး ... ပြောမည့်စကားလုံးတို့ ... စီနေမိသည်။ အံ့ဩသွား ...တော့ အသေအချာပင်။ ...ပြင်းချလျက် ခြံဝန်း ...ကိုတွန်းဖွင့်လိုက်သည်။ ...မေကောင်းဟု အံ့ဩ တကြီး ကြိုဆိုသံကိုကြား တော့ ပြုံးမိရသည်။ကျောင်း သွားခါနီးဆိုတာ သိသာစွာ တောက်ပလှပနေသည့် သီသီ နွယ်က မေကောင်းကို ဖက် တွယ်ရင်း 'အထွန်းကြီးကို အောက်မေ့လို့လား'ဟု ဆို သည်။ မေကောင်း ကြောင် တွေတွေဖြင့် 'ရန်ကုန်ပြောင်း ဖို့ကိစ္စအတွက် လာတာ' ဟု ဆိုတော့ အံ့ဩသွားပြန်သည်။ ဒုတိယနှစ်အထိ နယ်တက္က သိုလ်မှာ မပြောင်းမရွှေ့နေခဲ့ ပြီး ရန်ကုန်ပြောင်းဖို့ စိတ် မဝင်စားကြောင်း သိထားခဲ့ သည်ပဲ။ 'အထွန်းတောင် မသိဘူး။ ခုမှချက်ချင်း ပြောင်းချင်လာတာနဲ့ ထ,ထွက် လာတာ။ ညနေကျ အထွန်း အဆောင်သွားရအောင်'ဟု တရစပ်ပြောမိသည်။ သီသီ နွယ်က 'ကောင်းတယ် မေ ကောင်း၊ အထွန်းကိုလည်း သိပ်လွတ်မထားနဲ့ဦး'။

ကျောင်းမှာ ဝိုင်းဝိုင်းလည်နေ တယ်ကြားတယ်'ဟု ဆို သည်။ ဒီတော့မှ တတိယနှစ် နှင့် နောက်ဆုံးနှစ်ကို အတင်း ရန်ကုန်ပြောင်းတက်ခိုင်းခဲ့ သည့် ဖေဖေ့သဘောကို ရိပ်မိ လာသလို ရှိသည်။ မေ ကောင်းမျက်နှာ ပူနွေးသွားရ သည်။ အို... မေကောင်း သည် ဖေဖေ့မာနကို မကျိုး မချင်း ရိုက်ချိုးနေသော သမီး တစ်ယောက်ပေပဲ။

'မေကောင်း နင် ခဏ နားပြီး ရေချိုးလိုက်လေ။ ပြီး ငါတို့နဲ့ မိန်းထဲလိုက်ခဲ့ပါလား။ ဒီနေ့ ရန်ကုန်တက္ကသိုလ်ထဲ သွားကဲမလို့ သူငယ်ချင်းတွေ စုချိန်းထားတယ်'ဟူသော သူငယ်ချင်းစကားကြောင့် တစ်ယောက်တည်းနေရတာ ထက် သူတို့နဲ့လိုက်သွားရင် ကောင်းမယ်ဟု တွေးမိသည်။ မေကောင်း သူငယ်ချင်းထဲက တစ်ယောက်က စီးပွားရေး တက္ကသိုလ် စီအိုအီးတက်နေ သည်။ ထို့ကြောင့် ရေမိုးချိုး၊ အဝတ်အစားလဲ၊ ကော်ဖီတစ် ခွက်သောက်ပြီး သီသီနွယ်တို့ နှင့် လိုက်လာခဲ့သည်။ မာလာ ဂိတ်ဆင်းတယ် ဆို လျှင်ပဲ သီသီနွယ်က 'သူငယ်ချင်း တွေနဲ့ အီကိုကင်တင်း(န်)မှာ ချိန်းထားတာ'ဟု ဆိုသည်။

လမ်းဖြတ်ကူးကာ နောက်ဘက်ပြန်လျှောက်ပြီး တစ်ယောက်စာ တံခါးပေါက် က ငုံ့ဝင်လိုက်သည်။ ရှေ့မှာ မြင်နေရသည့် အဆောက်အဦ ကို လက်ညှိုးညွှန်၍ အဲဒါ စီးပွားရေးတက္ကသိုလ်ဟု ပြ သည်။ လှမ်းကြည့်လိုက်မိ သော မျက်ဝန်းတို့ အီကိုရှေ့ ကအုတ်ခုံဆီ ရောက်သွားသည်။ ခြေလေးချိတ်ပြီး ထိုင်နေ သည့် ကောင်မလေးတစ် ယောက်ကို ခပ်စောင်းစောင်း အနေအထား ရပ်နေသည့် အမျိုးသားလေး တစ်ယောက် က ပန်းစည်းလေးတစ်ခု ပေး နေသည်။ သေချာကြည့်လိုက် တော့ သုံးပွင့်တစ်စည်းစည်း ထားသည့် ကုံကော်ပန်းလေး တွေဖြစ်သည်။ ကြည်နူးဖွယ် ရာ မြင်ကွင်းတစ်ခုကို မှတ် မှတ်ထင်ထင် ရှုးစိုက်ငေး မောမိဆဲ တစ်စောင်းလှည့်နေ သော အမျိုးသားလေးက ဖျတ်ခနဲ မျက်နှာမော့လိုက် သည်။ ရှန်းလှဲလှဲ အကြည့် လေးတွေနှင့် ကောင်မလေး ကို ရှုးစိုက်ကြည့်နေသည့် အမျိုးသား၏ မျက်ဝန်းအစုံကို ထင်ထင်ရှားရှား မေကောင်း အမြင် ခြေလှမ်းတို့ ဆတ်ခနဲ ရပ်လိုက်မိသည်။

အို...အထွန်း- အထွန်း ပဲ။

'ဟယ်...အထွန်းပါ လား'

သီသီနွယ့်နှုတ်က အံ့ဩ တကြီး ရေရွတ်သံအကြား မေကောင်း နောက်ကြောင်း ပြန်လှည့်လိုက်သည်။ မေ ကောင်း လက်မောင်းကို ဆုပ် ကိုင်ကာ အပြေးအလွှားပါ လာသည့် သီသီနွယ်က ပျက် ယွင်းသော မျက်နှာဖြင့် 'နင့် ကို ပြောမလို့ပဲ မေကောင်း။ အထွန်း အီကိုက ကောင်မ လေးတစ်ယောက်နဲ့ တွဲနေ တယ်'ဟု ခပ်တိုးတိုးဆိုလေ သည်။ ပြီး... 'နင်လည်း မိန်းမချောမိန်းမလှ တစ် ယောက်ပဲ၊ ကိုယ့်ဘက်ပါ အောင် ဆွဲဆောင်လို့ရနိုင် တာပဲ'ဟု ဆက်ပြောသည်။

မေကောင်း ပြုံးလိုက်မိ သည်။

နောက်...အထွန်း၏ ရှန်းလှဲသော အကြည့်တို့ကို လည်း မြင်ယောင်လိုက်မိသည်။ အထွန်းသည် မေကောင်းကို ဒီလိုမျက်ဝန်းမျိုးနှင့် တစ်ခါမှ မကြည့်ခဲ့ဖူးပါ။

'အထွန်းရေ...ဘဝရဲ့ အလှဲအချော်တွေကို ပြောင်စင် အောင်ဖျက်နိုင်တဲ့ ခဲဖျက်ရှိရင် ကောင်းမှာပဲလို့ နင်တွေးနေမိ တဲ့အချိန် ငါလည်း ကိုယ့်ဘဝ ကိုယ် နှမြောစွာနဲ့ နောင်တရ နေပြီလေ'

မေကောင်း မျက်ရည် တွေနှင့် နာနာကျင်ကျင် ရယ် မောလိုက်မိပါသည်။ ■

**နှင်းကရီရှင်**

www.burmeseclassic.com

www.burmeseclassic.com

'တကယ်ဆိုရင်×××
အချစ်ပဲလိုတယ်×××ဘာ
ကြောင့်သတ္တိမရှိလဲကွယ်×××
ဖြတ်သန်းမဖြစ်တဲ့ ဘဝ
ဟောင်းများထဲမှာ×××
မောင်××× ဘာတွေကို
လုပ်ဦးမလဲ×××
အချစ်ပဲလိုတယ်×××'
'ဝေါင်း...ဝေါင်း...'
'ဟဲ့ သောက်ခွေးရဲ့၊
အလန့်ထည်ကော်၊
အချစ်ပဲလိုတယ်'
ဘယ်လောက်
ကပေါက်တိ ကပေါက်ချာ
အသံတွေလဲဆိုတာ။
နေ့ခင်းကြောင်တောင်ကြီးမှာ
သီချင်းဆိုတဲ့ သူကဆို၊
နောက်ကဟာမိုနီ
လိုက်တဲ့ခွေးကလိုက်နဲ့လေ။
သေးသေးတင်တစ်ယောက်
ဒီလမ်းထဲကိုဝင်လာပြီဆိုတာ
ကြားတဲ့လူတိုင်းက သိပြီ။
သိတယ်ဆိုပေမဲ့
ဘယ်သူကမှ အရေးတယူ
လှည့်ကြည့်ဖော်
ရကြတာတော့ မဟုတ်ဘူး။
ကိုယ့်အလုပ်ကိုယ်လုပ်မြဲ၊
ပြောစရာရှိတာ
ဆက်ပြောမြဲနဲ့
ပုံမှန်အတိုင်း။
သေးသေးတင်ကို
အဖက်လုပ်ပြီး
စပ်စုတာကတော့
ဦးသိန်းညွန့်အိမ်က
ဂျက်ကီတစ်ကောင်ပဲ
ရှိတယ်။ တွေ့တယ်
မဟုတ်လား။
သေးသေးတင်က
ချမ်းချမ်းရဲ့
အချစ်ပဲလိုတယ်
သီချင်းကို
ပေါက်တတ်ကရသံစဉ်နဲ့
အော်ဆိုပြီး လျှောက်အလာ၊

'ဟော့
ကလေးတွေ
ငါးကို အင်္ဂလိပ်နဲ့
ဘယ်လို ခေါ်လဲ'
'ဖိရှ်'
'နိုး နိုး နိုး
မှားတယ်၊ ဖိုက်
ဖိုက်'
သေးသေးတင်က
လက်ငါးချောင်း
ထောင်ပြပြီး
အနိုင်နဲ့ပိုင်းတော့
ကလေးတွေမှာ
အောင့်သက်သက်နဲ့
ရယ်ရမောရ

# ရေမှာ သေတဲ့လူ

**လှမြင့်အောင်၊ တောင်ကုတ်၊**



www.burmeseclassic.com

ww.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဂျက်ကီက အသံကြားတာနဲ့ ရောက်ရာအရပ်က ပြေးလာပြီး တစွတ်စွတ်ပေါင်ရော။ ဒါကိုပဲ သေးသေးတင်က ကြောက်အားလန့်အားပုံစံနဲ့ ခြေကားရား လက်ကားရား လုပ်လိုက်သေး။ ဒါမျိုးဆို ဂျက်ကီက ပိုလို့အကြိုက်တွေ့တော့ ပေါင်ပြီးရင်းပေါင်။ လူအရွှးနဲ့ ခွေးအရွှးဆိုသလို ဝိုင်းကြီးပတ်ပတ်ဒူဝေဝေဖြစ်ပြီး ဆူညံပွက်လောရိုက်ကုန်တာပေါ့။ ဒါက ဒီနေရာမှာ ခေါက်ရိုးကျိုးနေတဲ့မြင်ကွင်းရယ်။ ဒီနားကလူတွေကတော့ ခွေးပေါင်တိုင်း ထ, မကြည့်ဘူးဆိုတာမျိုးဖြစ်ကုန်ပြီ။ 'ကောင်မလေး၊ ရော့' မချောမေက သူ့အိမ်ဆိုင်ကလေးရှေ့ သေးသေးတင်ရောက်လာတိုင်း အဲဒီလိုပဲ ငါးမုန့်ကြော်ကလေး၊ မုန့်ထုပ်ကလေး၊ ထန်းလျက်ခဲလေး စသဖြင့် တစ်ခုခုပေးနေကျ။ သေးသေးတင်ကလည်း အရှုးပါးကိုး။ ဒီနေရာရောက်ရင် ခြေလှမ်းကို အနှေးပြကွက်နဲ့ လျှောက်လို့။ မချောမေ ဈေးရောင်းနေလို့ မအားသေးရင် အားတဲ့အထိ အချိန်ဖြုန်းတာလေ။ မချောမေ ပေးတာကို လက်အုပ်ကလေးချီယူပြီး ပြုံးပြုံးကလေးနဲ့ ဆက်လျှောက်သွား။

*'မုန့်ကလေးလည်းချို တယ်×××မောင်စားဦး မလား××× တကယ်ဆိုရင် ထမင်းကလေးလိုတယ်'*

'ဝေါင်း...ဝေါင်း...'

'ဟဲ့ သောက်ခွေး၊ ရော့ နင်တစ်ဝက်။ တောင်းတာများ ဟောက်လားဟိန်းလား နဲ့'

ဆိတ်ငြိမ်နေတဲ့
ကာလမို့
စကားလုံးတွေက
ရှင်းလင်းလွန်းလို့
ကြားရ ကြားရ
နားဝမှာ
မသက်သာ
ဒီနားက
လူတွေကို
ရှိတယ်လို့တောင်
မမှတ်ဘူးထင်ရဲ့
အဲဒီအသံ
မိန်းမအသံ
ဒါဆို
သေးသေးတင်
များလား

ဂျက်ကီက အရှုးမနောက်ကို တောက်လျှောက်လိုက်ပေါင်ရင်း တဖြည်းဖြည်း ဝေးသွားတဲ့အခါ သီချင်းသံလည်းတိတ်၊ ခွေးပေါင်သံလည်းပျောက်ကရော။ *ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ်...* လို့တောင် သီချင်းညည်းလို့ ရပါပေါ့လား။

ပြောရရင် သေးသေးတင်ကို တစ်မြို့လုံးက သိပြီးသား။ မြို့အဝင် အံတော်တံတားထိပ်နား ပြိုကျနေတဲ့ ကင်းရုံပေါင်းမှာနေတာ။ ဈေးအချိန်ဆိုရင် ဈေးနားရစ်သီရစ်သီနဲ့ ဝေ့လည်ကြောင်ပတ် ပြောဆိုသွားလာနေတာကြောင့် လူသိများတာပေါ့။ ဈေးပါးတဲ့ အခုလို နေ့လယ်ပိုင်းမှာတော့ ရပ်ကွက်တကာ လှည့်တတ်တယ်။ အရင်က ဒီရပ်ကွက်ကို ရက်ခြားဆိုသလို ရောက်လာတတ်တဲ့ သေးသေးတင်ဟာ သိပ်မကြာခင်မှာ ခဏခဏ ဖြတ်လျှောက်အခန်းကဏ္ဍလောက်နဲ့တင်မပြီးမှန်း သိသာလာတယ်။ သူ့အသံတွေကို ဒီနားတစ်ဝိုက် ခပ်စိပ်စိပ်ကြားလာတာကိုး။ မချောမေရဲ့ ဈေးဆိုင်နားမှာ ခါတိုင်းထက် စားချိန်နားချိန် ပိုလုပ်လာတယ်။ တစ်ခါတလေများ ဆိုင်ရှေ့ပလက်ဖောင်းမှာ အကြာကြီး ထိုင်တယ်။ ဂျက်ကီလည်း သူ့အတွက် အချိန်ပိုဆင်းရတယ်။ နောက်မှသိရတာ ဒီလမ်းထိပ် အဝိုင်းကြီးနားက ကုက္ကိုပင်ကြီးခြေရင်းဆီ အထုပ်အထည်တွေနဲ့ အပြီးအပိုင် ပြောင်းလာခဲ့တာပါတဲ့။

တကယ်ပဲ ဒီနေရာက သေးသေးတင်အတွက် ဘူမိနက်သန်ကျတယ်ထင်ရဲ့။ ဒီနားလမ်းဘေးဝဲယာမှာက ဆိုင်ခန်းတွေချည်းပဲလေ။ အထူးသဖြင့် ထမင်းဟင်းနဲ့ စားသောက်ကုန်တွေအများဆုံးရောင်းချတဲ့ဆိုင်တွေ။ ပြီးတော့ ကုက္ကိုပင်ကြီးရှိတဲ့မြေကွက်နဲ့ ဓားလွယ်ခုတ်မှာ မြို့ရဲ့ အထင်ကရဆေးရုံကြီး။ ဒါကြောင့် ဒီနားမှာ ကုန်စုံဆိုင်လေးတွေ၊ မုန့်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လမ်းဘေးကွမ်းယာဆိုင်၊ အကြော်ဆိုင် စတဲ့ ပွဲကျဆိုင်မျိုးစုံ ခင်းကျင်းထားကြတာ။ ဆေးရုံတက် လူနာတွေသုံးတဲ့ ဆေးဝါး ဆေးပစ္စည်းနဲ့ အသုံးအဆောင် တိုလီမုတ်စဆိုင်မျိုးဆိုရင် ညလုံးပေါက် ဖွင့်ကြတော့ စည်စည်ကားကား ရှိတယ်။ ဒါကြောင့် သေးသေးတင်လို အရပ် တကာစုံအောင် ကျက်စားဖူးသူအဖို့ တစ်ရွာ မပြောင်း သူကောင်းမဖြစ်ထုံး နှလုံးမူလို့ ဒီနေရာကို ရွေး ချယ်တာ နေမှာ။

တစ်ခါတလေ ဆေးရုံ လူနာတွေဆီက အကြောင်း ကြောင်းနဲ့ စီးမျောလာတဲ့ အစားအသောက်တွေသာမက အဝတ်အထည်မျိုးစုံလည်း ရောက်လာတတ်တော့ နွေး မိုးမိုး၊ ဆောင်းဆောင်း သေး သေးတင်မှာ ပြည့်စုံရုံတင် မက ပိုလျှံနေသေး။ ဒါကြောင့် လည်း ရောက်လာစက လာတဲ့ မြွေရေခွံအိတ်တစ်လုံး နဲ့ မလောက်တော့ဘူး ကြွပ်ကြွပ်အိတ်ဖောင်းဖောင်း ကြီးတွေပါ တစ်နေ့တခြား တိုးပွားလို့။ ဒါဆိုရင် သေး သေးတင်မှာ ဘာလိုသေးလဲ

ဘာလိုသေးလဲလို့ မေး ချင်စရာကလည်းကောင်းလွန်း လို့။ တစ်ခါကဆိုရင် ဆေးရုံ ပေါ်မှာ ဆုံးသွားတဲ့ ကလေး တစ်ယောက်ရဲ့ မိသားစုက လာပေးသွားတာတဲ့။ စင်ကာ ပူမိတ် ဆလင်းဘက် အသေး စက်စက်ကြီးထဲမှာ ကော့ မက်တစ်ကာလာစုံတွေအပြည့် ဆိုပဲ။ လှကောင်း အပျို့ ကတောင် အားကျလို့ နော ပြောင်းရင်းနဲ့ သေးသေးတင် ဆီ ဝယ်ကြတော့ သေးသေး တင်က အလကားလိုက် တာကြောင့် မနည်းငြင်း

www.burmeseclassic.com

ရယ်ပွဲဖွဲ့ကြပါသတဲ့။

အမယ် သေးသေးတင်ကိုလည်း လွတ်အထင်သေးလို့ မရဘူးရယ်။ အသက်သုံးဆယ်အရွယ်ပဲရှိပြီး ကိုယ်လုံးကိုယ်ပေါက် ဖြောင့်တောင့်တောင့်။ အရင်က ယောက်ျားလည်း ရဖူးတယ်လို့ သိရတယ်။ သူက ဒီမြို့ထဲက ဟုတ်ပေမဲ့ ဧည့်သည်တော့ ဟုတ်ပြန်ဘူး။ မြို့ရဲ့ အရှေ့ဘက် ဟိုးခပ်ဝေးဝေးမှာမြင်နေရတဲ့ ရိုးမတောင်ကြီးခြေရင်းနားဆီက ရွာတစ်ရွာကပါတဲ့။ ဒါကြောင့် သူ့အကြောင်း ဇာစ်မြစ်စုံအောင်မသိပေမဲ့ နားသိုးနားသန့် ကြားရတာလေ။ အတန်းပညာအားဖြင့် ဆယ်တန်း တက်ခဲ့ဖူးတယ်ဆိုရဲ့။ ဒါကြောင့်ပေါ့၊ ဒီနားတစ်ဝိုက်က ကျောင်းသားကလေးတွေ စားတဲ့နေရာနား သွားသွားပြီး ပညာစမ်းတာ။

'ဟောင်း အာရ် ယူ၊ အာရ် ယူ အေ စကူးဘွိုင်လ်'

'ကြက်ဥတစ်လုံးပြုတ်ရင် ဆယ်မိနစ်ကြာတယ်၊ ဆယ်လုံးပြုတ်ရင် ဘယ်လောက် ကြာလဲ သိကြလား၊ ဆယ်မိနစ်ပဲပေါ့။ မှတ်ထားကြနော်။ နောက်တစ်ခါတွေ့ရင် မေးဦးမယ်။ မှန်ခဲ့ရင် လူညာချန်ရွေးမှာ။ ယူ အောလ် အာရ် ဘဲရီး ဂျီးနီးယပ်စ်၊ *လူညာချန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်xxxဒန်ဒန်ဒန်*'

ကလေးတွေက သေးသေးတင်ကို ရူးတယ်လို့ မထင်တော့တာ။ ကြာတော့ သူကရယ်လိုက်၊ ကလေးတွေက ရယ်လိုက်နဲ့ ပျော်ကျလို့။

'ဟေ့ ကလေးတွေ၊ ငါးကို အင်္ဂလိပ်နဲ့ ဘယ်လိုခေါ်လဲ'

'ဖိရှ်'

'နိုး နိုး နိုး မှားတယ်၊ ဖိုက် ဖိုက်'

သေးသေးတင်က လက်ငါးချောင်းထောင်ပြပြီး အနိုင်နဲ့ပိုင်းတော့ ကလေးတွေမှာ အောင့်သက်သက်နဲ့ ရယ်ရမောရ။

သေးသေးတင်က ကျောင်းနေခဲ့ဖူးတဲ့အကြောင်း ခံကြောင့် တစ်နေ့တော့ သူ့ဆီ ဖုသသရထားဆိုက်လာတယ်။ ရန်ကုန်ကို ဆယ်တီးကားမောင်းနေတဲ့ မောင်တင်နဲ့ ကျောင်းနေဖက်ဆိုရဲ့။ မောင်တင်က သူငယ်ချင်းကို ဆေးကုပေးဖို့ ရန်ကုန်ကို ပို့ချင်တာဆိုတော့ ကြားရသူအပေါင်းက ဝမ်းမြောက်ဝမ်းသာ ရှိကြတာပေါ့။ ကုသမှုကောင်းရင် သူက ပြန်ကောင်းမယ့်ပုံပါ။ လုံးဝသုံးစားလို့မရအောင် ဖိတ်ဖိတ်ရူးမဟုတ်တာ သေချာတယ်။ ကြပ်မတ်ကုသပေးလိုက်လို့ ကောင်းလာရင် မိန်းကလေးတစ်ယောက်ရဲ့ ဘဝဖွံ့ဖြိုး ရှင်သန်လာမယ့်ကိစ္စ။ တကယ့် မင်္ဂလာပဲ မဟုတ်လား။ ရပ်ကွက်ထဲက ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး သက်ဆိုင်ရာတွေကိုလည်း အကြောင်းကြားထားပြီ။ မောင်တင်က သူ့မိန်းမ ကျောင်းဆရာမ အဖော်လိုက်နိုင်အောင် နွေရာသီ ကျောင်းပိတ်ရက်ကိုစောင့်နေတုန်း။

❑

'ခွေးမသားတွေ၊ မအေပေးတွေ၊ သေနာကောင်တွေ သွား ငါ့ဆီမလာကြနဲ့။ နင်တို့နဲ့ကင်းအောင်လို့ ငါ ဒီကိုပြောင်းလာတာဟဲ့၊ နင်တို့ အမေဆီသွားကြ၊ မအေ…'

မှောင်မှောင်ပိန်းပိန်း သန်းခေါင်သန်းလွဲအချိန်ကြီးမှာ အသံပြကြီးက လူတွေကို လှုပ်နှိုးလိုက်သလိုပဲ။ အသံက တစ်ခွန်းတည်းနဲ့တင် ရပ်သွားတာလည်းမဟုတ်။ လမ်းကို လျှောက်ပြီး မကြားဝံ့မနာသာ စကားလုံးတွေနဲ့ ဆဲဆိုနေလိုက်တာ။ ဆိတ်ငြိမ်နေတဲ့ ကာလမို့ စကားလုံးတွေက ရှင်းလင်းလွန်းလို့ ကြားရကြားရနားဝမှာ မသက်သာ။ ဒီနားကလူတွေကို ရှိတယ်လို့တောင် မမှတ်ဘူးထင်ရဲ့။ အဲဒီအသံ၊ မိန်းမအသံ။

ဒါဆို သေးသေးတင်များလား။ သေးသေးတင် ဒီလို ဆိုးဆိုးဝါးဝါးဆဲသံကို တစ်ခါမှ မကြားဖူးကြတာလေ။

'ဝေါင်း-ဝေါင်း'

ဟော ဒီလောက်ဆူညံနေမှတော့ ဂျက်ကီတို့ ပွဲတိုးပြီပေါ့။ ပြောသာပြောရတယ်၊ မိုးလင်းခါနီးထိ ဆဲဆိုအော်ဟစ်နေတာတောင် ဂျက်ကီကလွဲရင် လူရယ်လို့ တစ်ကောင်တစ်မြီးမှ သွားကြည့်ဖော်ရပုံမပေါ်ဘူး။ မနက်စောစော ဝေလီဝေလင်းရောက်တော့မှ ဆိုင်ထ,ဖွင့်တဲ့လူ တစ်ယောက်တလေ သွားကြည့်ပုံရတယ်။ သူတို့တွေ့ပုံအရ သေးသေးတင်မှ သေးသေးတင် အစစ်ပေါ့။ အခုတော့ သေးသေးတင်က သူမဟုတ်သလိုမျိုးနဲ့ သူ့ရဲ့ ကုက္ကိုရိပ်မြိုင်မှာ တခေါ်ခေါ်နဲ့ စက်တော်ခေါ်နေတယ်ဆိုရဲ့။

ဈေးဆိုင်တန်း လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကြည်ရှင်ပြောတာကလည်း တစ်မျိုးပါလား။ မနေ့ညက ဆိုင်ပိတ်ပြီးလို့ ခေါင်းချမယ်ကြံတုန်း ကုက္ကိုပင်ဘက်က ရှတ်ရှတ်သဲသဲအသံကြားတော့ သရဲခြောက်တယ်ထင်ပြီး ကြောက်လို့ ကုပ်နေခဲ့တာတဲ့။ နောက်တော့ လူသံပီပီသသ ကြားရလို့ ဘာဖြစ်တာလဲ မသိဘူးဆိုပြီး သမီးကိုပါနှိုး၊ ဓာတ်မီးတဝင်းဝင်းထိုးကြည့်။ အဲဒီအခါ လူတစ်စု ဖရိုဖရဲ ထွက်ပြေးတယ်ဆိုပဲ။ အဲဒီမှာ သေးသေးတင်က အသံပြကြီးနဲ့ ထ,အော်တော့တာပဲ။ ပထမတော့ သေးသေးတင် အော်လို့မရဘဲ တအူးအူးနဲ့ ဗလုံးဗထွေးဖြစ်နေပုံရတယ်လို့ ဆိုတယ်။ မသမာသူ လူတစ်စုလို့ ခန့်မှန်းသိရတဲ့အခါ ကြားရသူတွေမှာ ရင်ဆို့တော့တာလေ။ အရပ်ရပ် အပြည်ပြည် ကြားလို့မှမတော်။ သေးသေးတင်အမှုက ရွာကိုပါ ပတ်မယ့်ဟာမျိုး။

ဒီလိုပါပဲ။ ပြီးတော့လည်း ပြီးတာပဲလေ။ ကိုယ့်အလုပ်နဲ့ကိုယ် သေးသေးတင်ကို မေ့မေ့ပျောက်ပျောက်ထားလိုက်ကြပြန်ပြီ။

ဒါပေမဲ့ သိပ်မကြာပါဘူး။ သေးသေးတင်အကြောင်းပဲ ပြောစရာဖြစ်လာပြန်ပါရောလား။ ကုက္ကိုပင်ကြီးခြေရင်းမှာ သေးသေးတင်ကို မတွေ့တာ နှစ်ရက်သုံးရက်ရှိပြီဆိုပဲ။ အထုပ်အထည်တွေကတော့ သူ့နေရာနဲ့သူ ဒီအတိုင်းရှိနေတယ်လို့

www.burmeseclassic.com

ww.burmeseclassic.com

ဆိုတယ်။ ဒါကလည်း ဘာထူးခြားလို့လဲ။ အရှူးပါဆိုမှ တွေ့ကရာ လျှောက်သွားနေမှာပဲ မဟုတ်လား။ အရင်ကလည်း အခြားတစ်နေရာကနေ ဒီကို ရွှေ့လာတာပဲလေ။ ဒီရပ်ကွက်ထဲက လူတွေကိုကခက်ပါတယ်။ အလုပ်မရှိ အလုပ်ရှာ အရှူးမကို စိတ်ဝင်စားနေကြတာများ ပြောပါတယ်။

❑

ဒေါက်တာ လင်းထက်ဟာ တံခါးဝနားရောက်တော့ သက်ပြင်းတစ်ချက်ရှိုက်လိုက်တယ်။ အခန်းထဲ ခြေစုံပစ်မဝင်ခင် အသက်ကိုဝ,အောင်ရှူရမယ်ဆိုတာ လုပ်ငန်းအတွေ့အကြုံအရ သိထားပြီးသားလေ။ မက်စ်ကိုစွပ်လိုက်တယ်ဆိုရင်ပဲ အခန်းထဲ ကြိုရောက်နေတဲ့ ဆေးရုံအလုပ်သမား အိုက်မောင်က သူ့ကိုချောင်းကြည့်လာတာ တွေ့လို့ အခန်းရဲ့ သမံတလင်းကြမ်းခင်းဆီ ခြေလှမ်းလိုက်တယ်။

ရင်ခွဲရုံ ကြမ်းခင်းအလယ်က ကျောက်ခုတင်ပေါ်မှာ ငြိမ်သက်လဲလျောင်းနေတဲ့ ရုပ်အလောင်းတစ်ခု။ အလောင်းကောင်က အေးစက်တောင့်တင်းနေရုံမကသေးဘဲ ပုံပျက်ပန်းပျက်နဲ့ ကိုးရိုးကားရားဖြစ်နေတာရယ်။ ဖျာကြမ်းတစ်ထည်နဲ့ ဖြစ်သလို လိပ်ပတ်ထားတာရယ်ကြည့်ပြီး ဥပဇ္ဈေဒကကံရဲ့ အရိပ်အယောင်ဆိုတာသိသာတယ်။ သေဆုံးချိန်က နှစ်ဆယ့်လေးနာရီကျော်ခဲ့ရုံမကဘဲ ပင်လယ်ရေပြင်ထဲက ဆယ်ယူလာတာကြောင့် ညှီစို့စို့ ပွစိစိနဲ့ရယ်။ အလောင်းကို စစ်ဆေးဖို့ ဇူးစိုက်ကြည့်လိုက်တယ်။

ပိုင်ရှင်မဲ့ရုပ်အလောင်းတို့ရဲ့ထုံးစံ ငိုသူမရှိ၊ စောင့်သူမရှိနဲ့ ခြောက်ကပ်ကပ်။ သူ ဒီနေရာကို မဝင်လာမီကတည်းက အလောင်းကောင်ရဲ့ အကြောင်းအရာကို နားဝမှာ မကြားချင်မှအဆုံးလေ။ တစ်မြို့လုံး အုန်းအုန်းထပြောနေကြဆဲ။ သူ့ရဲ့ ဆရာဝန်လုပ်သက် ဆယ်နှစ်လောက်အတွင်း ဆေးရုံမှာ သေကောင်ပေါင်းလဲ လူနာတွေ အများကြီးကို ကုသကယ်တင်ခဲ့ဖူးသလို လက်လွှတ်ဆုံးရှုံးခံလိုက်ရတဲ့ အသက်ပေါင်းလည်း နည်းမှမနည်းတာ။ ဆရာဝန်ဖြစ်မှတော့ လူသေတယ်ဆိုတာ မဆန်းပါဘူး။ ဒါပေမဲ့ လူတွေကို အသက်ကယ်ဖို့ပဲ အာရုံထားတဲ့သူမို့ သေခြင်းဆိုတာကို အဝေးဆုံးမှာ ရှိစေချင်တယ်။ အထူးသဖြင့် ဒီလို သေနည်းမျိုးတွေကို သူ မတွေ့ချင်ဆုံးပဲ။

ပြီးတော့ ဆေးရုံဝန်ထမ်းအိမ်ရာက သူ့အခန်းရှေ့ မြေကွက်မှာ ဒီအမျိုးသမီး တစ်ချိန်လုံးနေခဲ့တာ။ သူလည်း ဟိုကဒီကရတဲ့ စားစရာ လက်ဆောင်လေးတွေကို တပည့်ကတစ်ဆင့် မကြာခဏ ပေးကမ်းနေကျ။

ကုန်ကုန်ပြောရင် ဟိုတစ်ခါ ရတ်ရတ်သဲသဲဖြစ်တဲ့ ညက ဆိုင်တန်းမီးရောင်နောက်ခံနဲ့ သူအထင်းသားမြင်နေခဲ့ရတာ။ အမျိုးသမီးတစ်ယောက်ကို လူတစ်စုက လုံးလားထွေးလားလုပ်နေတာမြင်တော့ သူ အံ့ကြိတ်နေခဲ့ရတယ်။ အမှောင်ထု အကာအကွယ်နဲ့ မိုက်ရိုင်းနေကြတာကို သူကိုယ်တိုင်ပဲ အမှောင်ထု အကာအကွယ်ယူပြီး အေးစက်စက်နေခဲ့မိတယ်။ ယောကျ်ားသားတွေ ဝိုင်းအနိုင်ကျင့်လို့ နာကြည်းခံစားနေရတဲ့ အမျိုးသမီးအပေါ် ယောကျ်ားရင့်မာကြီးက ဝင်ရောက်စွက်ဖက်ဖို့ ပျက်ကွက်ခဲ့တာဟာ အမြိန့်သားထိုင်ကြည့်နေတာနဲ့တူနေခဲ့ပြီလား။ ပြီးတော့ လူနာတစ်ယောက်လို့ မြင်ခဲ့ရမှာ။ ဆရာဝန်တစ်ယောက်ရဲ့ မသိကျိုးကျွန်ပြုမှုကြောင့် လူနာတစ်ယောက် အသက်ဆုံးရှုံးခဲ့ရတာမျိုးကို သူ့အသိုင်းအဝိုင်းက ကျေနပ်နိုင်စရာမရှိသလို ကိုယ့်ကိုယ်ကိုပင် ခွင့်လွှတ်နိုင်ခြေမရှိ။ အစားတစ်လုတ်ချပေးရုံနဲ့ တစ်ဖက်သားရဲ့ လုံခြုံမှု ရ၊ မရ မတွေးဘဲ ငါကွလို့ ကြွေးကြော်နေခဲ့တာ တကယ်ဆို ရှက်စရာကောင်းနေတာပါလား။ ဘာကြောင့်မှန်းမသိ။ သူ့ခါးမှာ ထိုးထားလေ့ရှိတဲ့ လက်ကိုင်ပဝါလေးကို ဆတ်ခနဲဆွဲထုတ်၊ အခေါက်ကလေးလုပ်ပြီးတော့ အလောင်းရဲ့ မျက်လုံးပေါ်မှာ ဖုံးထားလိုက်တယ်။ အိုက်မောင်က တအံ့တဩနဲ့ သူ့ကို မျက်လုံးပြူးကြည့်နေရဲ့။ အိုက်မောင် ဘာမှ ပြန်မပြောနိုင်ခင် အလောင်းစစ်ဆေးမှု (PM) လုပ်ဖို့ မေးဆတ်ပြလိုက်တယ်။

'. . . ပညာတစ်ပိုင်းတစ်စမှာ စားနေကျ ကြောင်ပါးရဲ့ ကားတင်ခိုးပြေးတာခံခဲ့ရဖူးတယ်တဲ့ ဆရာရေ၊ နောက်တော့ သားမှတ်မှတ် မယားမှတ်မှတ် မပေါင်းဘဲ နှိပ်စက်ခံရရာက စိတ်ဖောက်သွားတာဆိုပဲ . . .'

လူသားအချင်းချင်း[...] ကျူးလွန်တဲ့ အဓမ္မမှုတစ်ခုကို[...] ဆေးစစ်ချက်နဲ့ သမိုင်းတင်[...] တော့မှာပါလား။ အုပ်စုဖွဲ့[...] ထင်တိုင်းကြဲပြီးမှ ပင်လယ်[...] ရေပြင်ထဲ အရှင်လတ်လတ်[...] ပစ်ချမှု။ လူမဆန်လိုက်တာ[...]

လုပ်စရာတွေပြီးစီးလို့[...] အခန်းပြင် ပြန်ထွက်လာတော့[...] မှ အသက်ရှူချောင်သွားသလို[...] လို။

'ကျွန်တော်တို့ရွာမှာ[...] ရင် အပင်ပေါ်ကကျသေတဲ့[...] လူကို သေတာတောင် တစ်[...] လုံး ဝိုင်းဆဲကြတာဆရာ[...] ဒီလောက်လက်ကိုင်စရာ၊ [...] နင်းစရာရှိလျက်နဲ့ ပြုတ်ကျ[...] တယ်ဆိုပြီးတော့လေ။ [...] အမျိုးသမီးလို ရေမှာသေ[...] လူအတွက်ကျတော့ တစ်[...] လုံးဝိုင်းပြီး ဝမ်းနည်းလို့မဆုံး[...] ဘူး။ လက်ကိုင်စရာမရှိ၊ [...] နင်းစရာမရှိနဲ့ သူ့ခမျာ ယ[...] ကန် ယက်ကန် အားကိုးစ[...] မဲ့ အဖြစ်ဆိုးလိုက်တာဆို[...] တော့ပေါ့'

အိုက်မောင်ပြောတဲ့[...] မှ မျက်နှာမှာ ချွေးစေးပြန်[...] လို့ ချွေးသုတ်ပဝါလိုက်[...] တော့ သတိရသွားတယ်[...] အလောင်းဆီ သမင်လည်[...] ကြည့်မိသွားတဲ့အခါ လ[...] ကိုင် ပဝါက မျက်လုံးတွေ[...] ကနေ ကွာကျလို့ပါလား[...] သေးသေးတင်ရယ်၊ အသ[...] ရှင်ရတဲ့ ဘဝတိုတိုမှာ မင်း[...] ငါတို့ရဲ့ ပတ်ဝန်းကျင်[...] ခုလုံး ရေပြင်ကျယ်ကြီးဖြစ်[...] တာကိုများ ပြန်ကြည့်[...] သေးတာလားကွယ်။

**လှမြင့်အောင်(တောင်[...]**

www.burmeseclassic.com


www.burmeseclassic.com




တန်ဖိုး - ၁၂၀၀၀ ကျပ်




တန်ဖိုး - ၃၅၀၀ ကျပ်




တန်ဖိုး - ၆၀၀၀ ကျပ်




တန်ဖိုး - ၂၀၀၀ ကျပ်




တန်ဖိုး - ၁၅၀၀ ကျပ်



တန်ဖိုး - ၂၀၀၀ ကျပ်

လင်းလွန်းခင်စာပေမှ တစ်ပြည်လုံး ဖြန့်ချိသည်။
လိပ်စာ - တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဘုံဆိုင်ဆိုလျှင် အရက်ဆိုင်လောက်သာ သိထားခဲ့သော ကျွန်တော့်အတွက် အခု ဇနီးသည်ကပြောမှ ဘုံဆိုင်တွင် တခြားအနက်အဓိပ္ပာယ် ရှိသေးကြောင်း သိရတော့၏။ ကျွန်တော် အံ့သြစွာဖြင့်

# ဘုံဆိုင်




စကားလမ်းကြုံတိုင်း ပြောမိတတ်သော စကား တစ်ခွန်း ရှိသည်။ "လောကမှာ ယောကျ်ားနဲ့ မိန်းမ နှစ်မျိုးပဲ ရှိလို့သာ တော်တော့တယ်။ သုံးမျိုးဆို မလွယ် ဘူး။ အခုနှစ်မျိုးထဲကို ပွေလီမ်ရှုပ်နေတာများ ရှင်းမရ နိုင်အောင်ပဲဗျာ" ဟု။ တကယ်ပါ။ တချို့ လူတွေ၏ အသက်မွေးဝမ်းကျောင်းမှု၊ နေမှု၊ ထိုင်မှုတို့က အတော် ကို ဆန်းကြယ်လွန်းလှ၏။ အခု ဘုံဆိုင်ကိစ္စဖြစ်ပေါ် သည့် မမိကောင်းတို့ မိသားစုကိုပဲကြည့်လေ။ မထူး

www.burmeseclassic.com

www.burmeseclassic.com



မုခိုးဖိုနှင့် မုခိုးမတို့
စက္ခုရှုပေန
သံဝါသာဖြစ်သည့်
အရေးမှာ
ဖြောင့်ဖြူးခြင်း
မရှိလှပါ
အချစ်စစ်
အချစ်မှန်
ဆိုသည်မှာ
ဖြောင့်ဖြူးရိုး
မရှိဆိုသကိုး

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဆန်းသည့်ကိစ္စ တစ်ခုပင်တည်း။

❑

ကျွန်တော် သည်ရပ်ကွက်ကိုပြောင်းလာကတည်းက ဒေါ်မိကောင်းကို သိခဲ့ခြင်းဟု ဆိုရပေမည်။ အသက် လေးဆယ်လောက်ရှိပြီး ပေးလားဟားလားနေတတ်သည့် သူက အဝတ်လျှော်သည်။ ကျောင်းနံဘေးမှာ မုန့်ရောင်းသည်။ ညပိုင်းကျ အလုပ်ပင်ပန်းတာ အကြောင်းပြပြီး တစ်ခွက်၊ တစ်ဖလားလည်း နှိပ်တတ်သည်ဟု ဆို၏။ ခင်ပွန်းဆုံးတာတော့ ကြာပြီဟု သိရ၏။ သားသုံးယောက်နှင့် သမီးတစ်ယောက် ရှိသည်။ အားလုံး သောက်ဖျင်းတွေချည်းပါပဲ။ အလုပ်ကို ဟုတ်တိပတ်တိလုပ်တာ သိပ်မရှိ။ ကျောင်းနေတော့လည်း အမြင့်ဆုံး လေးတန်းမျှဖြင့်သာ လမ်းဆုံးကုန်ကြသူတွေ။ ဒေါ်မိကောင်းကလည်း သိပ်ပြီး အပြောအဆိုမရှိ။ အပြောလည်း မတတ်။ သူစိတ်တိုင်းမကျ လျှင်တော့ ဖအေ၊ နှမ ကိုင်တုတ်တတ်၏။ စရိုက်က ခပ်ကြမ်းကြမ်း။

သူ့ယောကျ်ားရှိစဉ်က ရှာပေးခဲ့၍ တဲသာသာ အိမ်တစ်လုံးတော့ရှိ၏။ အင်ဖက်ပေါက်ပြ၊ ဝါးလုံးကျဲနှင့် တဲသာသာ သည်အိမ်မှာ မိသားစု ဘယ်လိုနေကြသည် မသိ။ သားတွေက ကားနောက်လိုက်သလိုလို၊ မအေကို ကူသလိုလို၊ လက်ဖက်ရည်ဆိုင်စားပွဲထိုးလုပ်သလိုလိုနှင့် ပေါ်လာလိုက်၊ ပျောက်သွား

ကျွန်တော်တို့က
အိုကြီးအိုမနှင့်
ဒုက္ခ
ရောက်နေသည်ကို
ကြည့်ပြီး
သနားနေပေမဲ့
ဘာကြီးမှုကတော့
အေးဆေးပင်
ညည်းညူသံတစ်ချက်
မထွက်
မိန်းမရပြီးမှ
လူက
ပိုတောင်
နုလာသလိုလို

လိုက် အလုပ်မမြဲကြ။ အချိန်တန် မအေအိမ်မှာ ပြန်လာကပ်နေကြ၏။ လူတွေကတော့ လေးလုံးခြောက်ဖက်ကြီးတွေ။

'သူတို့ ဘယ်လိုစားနေကြလဲဟာ'

သည်ခေတ် လူစုံအလုပ်လုပ်တာတောင် ဝမ်းဝ,ဖို့ခဲယဉ်းနေချိန်မှာ မမိကောင်း လုပ်စာတစ်ခုတည်း မှီခိုနေသည့် သူတို့မိသားစု ရပ်တည်မှုကို အံ့သြ၍ ကျွန်တော်က ဇနီးသည်ကို မေးမိ၏။ သူက ရပ်ကွက်ထဲမှ ကျောင်းဆရာမမို့ ဒေါ်မိကောင်းနှင့် ရင်းနှီးသည်။ သူ့သားအငယ်ဆုံးကောင် ငကင်းဆို ဇနီးသည် လက်ထွက်ပင်။ လေးတန်းကျ။ ကျမှာပေါ့၊ စာမှ သင်လို့မရတာ။ လူက ပေါကြောင်ကြောင်။

'ရှိတော့လည်းစား၊ မရှိတော့လည်း ရေသောက်နေရှိမှာပေါ့။ ရှင်ပူစရာမလိုပါဘူး။ ဒေါ်မိကောင်း ကြည့်ပါလား၊ ပျော်ပျော်ပဲ'

ဒါတော့ အမှန်ပင်။ မမိကောင်း စိတ်ညစ်တာ တစ်ခါမှ မတွေ့ဖူးပါ။ လက်ခုပ်တီးပေးမည့်သူရှိလျှင် လမ်းလယ်ကောင်မှာလည်း ထက,ဖို့ဝန်မလေးသူ။ စကားပြောလည်း ကျယ်ကျယ်လောင်လောင်။

ဖြစ်ရာဘဝမှာ ပျော်ပျော်နေတတ်တာကိုတော့ ကျွန်တော် ချီးကျူးမိတာ အမှန်ပါ။ ကိုယ်ကမှ ရှေ့ရေး၊ နောက်ရေးတွေးပြီး စိတ်ညစ်တာ၊ စိတ်မအေးတာတွေ ရှိနေ၏။ ဒေါ်မိကောင်းကတော့ ပျော်ပျော်ပင်။ တစ်ခါတလေကျ သူ့ကိုကြည့်ပြီး စိတ်ကောပြည့်ရဲ့လားဟုပင် တွေးမိ၏။ သူတင်မဟုတ်။ သူ့သားသမီးတွေကလည်း သူ့နည်းနှင်နှင်ပင်။ ပတ်ဝန်းကျင်ကလည်း သူတို့မိသားစုကို ရယ်စရာပေါ်တောတော မိသားစုအဖြစ်သာ လက်ခံထားကြ၏။

အကြီးကောင်က ဖားဆောင်းဘက်မှာ အလုပ်သွားလုပ်ရာက အိမ်ထောင်ကျပြီး ပြန်မလာ။ သမီးကလည်း စစ်သားလူထွက်တစ်ယောက်နှင့် အိမ်ထောင်ကျပြီး အဝေးရောက်သွား၏။ အဆက်အသွယ်လည်းမရှိ။ ဇနီးသည်က မေးတော့ ဒေါ်မိကောင်း ဖြေလိုက်ပုံက 'သိဘူး ဆရာ ရေ၊ သေပြီလား၊ လူကုန်ကူး ခံရသလား မပြောတတ်ဘူး။ အဆက်အသွယ်လည်း မလု ကြဘူး' တဲ့။ 'သွားတာလည် ကောင်းပါတယ်၊ ဆန်ကုန် သက်သာတာပေါ့' ဟုလည် ထပ်ဆင့်လိုက်သေး၏။

'အို... မမိကောင်းက လည်း အဲလိုမပြောကောင် ဘူးလေ' ဟု ဇနီးသည်က ဟန့်တော့ တဟားဟားရယ် သည်။ ကျန်သည့် ညီအစ်ကို နှစ်ယောက်အနက် အကြီး ကောင်က ကျောင်းနောက် ဘက်က ကျော်ကြီးအိမ်မှ မနက်စောဆို သွားပြီး ကူညီ လုပ်ကိုင်ပေးပြီး စားသောက် နေ၏။ ညနေမှ ပြန်လာ သည်။ ဆွေမျိုးနီးစပ်လည်း မတော်ဘဲ ဘာကြောင့် သွား လုပ်ပေးနေသနည်း။ ဦးကျော် ကြီးမြေး ခပ်ဆော့ဆော့ ကောင်မလေးတစ်ယောက် သွားပိုးရင်း ထမင်းစား ကျွန်ခံလုပ်နေတာတဲ့။ ကော မလေးကဖြင့် ဟိုလူနှင့် ဒီလူနှင့်တွဲ။ ဒါကို သိလ နှင့် လှည်းကျိုးထမ်းဖို့ ဆော နေတာလားမသိ။ မအေ လည်း ဘာမှမပြော၊ မတား 'ထမင်းတစ်နပ် သက်သာ နည်းလား' တဲ့။ ကိုင်း သည်လောက်ဆို သူတို့လူ မှုစရိုက်ကို အကဲခတ်မိလော ပေသည်။

ဒေါ်မိကောင်းအိမ် ကျွန်တော့်အိမ်၏ ဘယ်ဘ နှစ်အိမ်ကျော်မှာ ရှိသ အိမ်၏ ညာဘက် ကျော် ကျောင်းနံဘေးမှာ

www.burmeseclassic.com

ဆိုသော အဘိုးကြီးတစ်ယောက် ရှိ၏။ မုဆိုးဖို ထိုအဘိုးကြီးကို သူ့သမီးတွေက ကျွေးထား၏။ အဘိုးကြီးက အလုပ်ကြမ်းမှန်သမျှ အကုန်လုပ်ခဲ့သူမို့ သူက အသက်ခုနစ်ဆယ်ကျော် ရှိသော်လည်း အတော်ကျန်းမာသေး၏။ အရပ်ကပုပုနှင့် ထိုအဘိုးကြီးသည် စကားတော့ ပီ။ ပြောလျှင် နှာသံပါလေးနှင့်။ စကားလည်း နည်း၏။ သည်လိုစကားနည်းသော အဘိုးကြီးခမျာ စကားသွက်သော ဒေါ်မိကောင်းနှင့် တွေ့ချိန်မှာ ဈာန်လျှောတော့၏။ မမိကောင်းက သူ့အိမ်ရှေ့မှာ မုန့်သွားရောင်းနေတော့ နေ့စဉ်တွေ့မြင်နေရရာ (သူကလည်း မုန့်လေးပဲလေး ဝယ်စားတတ်တော့) ကြိုးချင်းသား၊ ကြိုးချင်းငြိပြီး နွားချင်း ထ,ဖော့တွေ ဖြစ်ကုန်တော့၏။

မုဆိုးဖိုနှင့် မုဆိုးမတို့ ကျွမ်းရှုပေန သံဝါသဖြစ်သည့်အရေးမှာ ဖြောင့်ဖြူးခြင်း ရှိလှပါ။ အချစ်စစ်၊ အချစ်မှန်ဆိုသည်မှာ ဖြောင့်ဖြူးရိုး ရှိ ဆိုသကိုးဗျ။ မမိကောင်း ဘက်က သားတွေက သူတို့ အမေ လင်ယူမည့်အရေးကို ဘာမှ အရေးတယူ ကန့်ကွက်မှု ရှိသော်လည်း(အာရုံရှိပုံ သည်းမရ။) အများအခေါ် ဘကြီးမှူဘက်က သမီးတွေ က ခါးခါးသီးသီးကန့်ကွက် ကြ၏။ ဟုတ်တယ်လေ။ ...ရားနှင့်၊ တရားနှင့် နေရ မည့်အချိန်၊ သမီးတွေက တစ် ...စီ မငြိုမငြင် ကျွေးမွေး ...ချိန်မှာ မဟုတ်သည့် ...ကြာထသန်သည့် ဖအေ ကို ဘယ်သားသမီးက ကြည်ဖြူပါမည်နည်း။ သို့သော် ညောင်ညည့်ညည့် ဘကြီးမှူက နောက်မဆုတ်။ 'ငါကတော့ မိကောင်းကို ဖြစ်အောင်ယူမှာပဲ' ဟု နှာသံပါလေးနှင့် စစ်ကြေညာကာ အိမ်ပေါ်မှ ဆင်းလာပြီး မမိကောင်း အိမ်ပေါ် သွားတက်နေလိုက်၏။ ပြီးပြီ။ သူတို့မင်္ဂလာဆောင်က ဒါပဲ။ ပုဆိုးတန်းတင် အကြင်လင်မယားဆိုသည့် စကားနှင့် အညီ ပါလာသည့် ပုဆိုးလေးတန်းပေါ်တင်လိုက်တာနှင့် အကြင်လင်မယား ဖြစ်သွားကြလေသတည်း။

ဒါက မြန်မြန်ဇာတ်သိမ်းလိုက်ခြင်းပါ။ မမိကောင်းအိမ်ကို ဘကြီးမှူတက်ရသည်က အမှန်တော့ ပြောသလောက်မလွယ်လှပါ။ မဖြောင့်ဖြူးသော အချစ်စစ်ခရီးမို့ ထင်ရဲ့။ သူတို့နှစ်ဦး ယူတော့မည်ဟု သတင်းဖြစ်နေချိန်မှာ ဘကြီးမှူ၏ သမီးတွေက အကြီးအကျယ်ကန့်ကွက်နေ၍ ပတ်ဝန်းကျင်က အထူးပြု အာရုံစိုက်ခံနေရသဖြင့် ဘကြီးမှူခမျာ လွယ်လွယ်နှင့် အိမ်ပေါ်မတက်ရဲပါ။ ထို့ကြောင့် 'ဘယ်နေ့တက်မည်' ဟု ပတ်ဝန်းကျင်က ကြားအောင် အရင်ဆုံး အသံပေးလိုက်၏။ တကယ်ကျမလာ။

ဇနီးသည်က မမိကောင်းကိုတွေ့တော့ 'ဘယ့်နှယ် မမိကောင်း၊ မင်္ဂလာဦးအတွေ့အကြုံလေး ဝေမျှပါဦး' ဟု နောက်၏။ သည်တော့ မမိကောင်းက ဘာပြောတယ်ထင်သနည်း။

'အံမယ်လေး၊ ညက မလာပါဘူးတော်၊ သေနာကြီး ဘယ်သွားသေနေတယ် မသိဘူး။ ကျွန်မလည်း စိတ်ပေါက်ပေါက်နဲ့ သူ့အတွက်ချန်ထားတဲ့ အရက်တစ်ပိုင်းကို အကုန်မော့ပစ်လိုက်တယ်။ မှတ်ကရော' တဲ့။ ရှက်ရမည့်ကိစ္စမှန်းမသိ၊ ဘာမသိနှင့် မမိကောင်းက အဲလို။ မမိကောင်းစရိုက်ကို မကြိုက်၍လည်း ဘကြီးမှူ သမီးတွေက သဘောမတူတာတစ်ကြောင်းပါသည်။ မမိကောင်းကလည်း သိ၏။ ထို့ကြောင့် 'အဲဒီအဘိုးကြီးကို ရအောင်ယူပြမယ်' ဟု ခုနစ်သံချီ ဟစ်ကြွေးထား၏။ သည်လိုနှင့် ဘကြီးမှူက သုံးညလောက်အသံဟစ်ပြီး လူတွေ မယုံကြည်တော့တဲ့အချိန် ကျမှ တိတ်တဆိတ်လေး အိမ်ပေါ်တက်နေလိုက်သည်။ သူ့အိမ်ပေါ်တက်ပြီး ပုဆိုးတန်းတင်လိုက်တာကို ဘယ်သူမှ မသိကြ။ ပိုင်လိုက်ပုံများ။ အဘိုးကြီးက ပရိယာယ်တော့ကြွယ်လှ၏။

မမိကောင်းအတွက် ဘကြီးမှူကိုရတာ အတော်တန်ပါသည်။ ဘကြီးမှူက အလုပ်မှန်သမျှ သိမ်းကျုံးလုပ်သကိုး။ မနက်စော မမိကောင်း ကျောင်းဈေးမှာ မုန့်ရောင်းဖို့ ပြင်ဆင်ပေးသည်။ ဈေးထဲမှာ နဂိုအလုပ်ဖြစ်သည့် လှည်းတွန်းတာ ပြန်လုပ်သည်။ ဂျင်းဘောင်းဘီဝတ်၊ အနားပြန့် ဦးထုပ်ကြီးဆောင်းပြီး စက်ဘီးတစ်စီးနှင့် ကျွန်တော့်အိမ်ရှေ့မှ ခေါက်တုံ့လူးလာသွားလာနေသည်ကို မြင်ရ၏။ ကျွန်တော်တို့က အိုကြီးအိုမနှင့် ဒုက္ခရောက်နေသည်ကို ကြည့်ပြီး သနားနေပေမဲ့ ဘကြီးမှူကတော့ အေးဆေးပင်။ ညည်းညူသံတစ်ချက်မထွက်။ မိန်းမရပြီးမှ လူက ပိုတောင်နုလာသလိုလို။ သမီးတွေကတော့ အဖေကို အမွေပြတ် ကြေညာထားဟန် တူ၏။ ရပြီးချိန်မှစ၍ ဘာမှပြောသံမကြားတော့ပေ။ အမှန်တော့ ဘကြီးမှူနှင့် မမိကောင်းတို့ မညား,ညားအောင် ခြောက်ထုတ်လိုက်တာလည်း ဖြစ်နိုင်၏။

'လောကခံ ကိုမှူတို့ကတော့ ပွဲကြမ်းသဟေ့'

အရွယ်နှင့် မလိုက်အောင် လှုပ်ရှားသွားလာနေသည့် ဘကြီးမှူကို ကြည့်ပြီး ကျွန်တော်က ဩဘာပေးမိ၏။ ဇနီးကတော့ မမိကောင်းကို 'မမိကောင်းရယ်၊ ဘကြီးမှူကို အဲလောက်မခိုင်းပါနဲ့၊ သနားပါတယ်' ဟု တားသေးသည် ဆို၏။ မမိကောင်းက 'ခိုင်းရမယ် ဆရာမရေ၊ သူ့သမီးတွေရှေ့မှာ ကော့နေအောင် ခိုင်းပြမယ်' ဆိုသဖြင့် ဇနီးသည် ဆက်မပြောနိုင်တော့။

အဲ··· ရပ်ကွက်ထဲ အလှူ ပွဲလမ်းရှိပြီဆိုလျှင်တော့ လင်စုံမယားဖက် ချီတက်လေ့ရှိ၏။ ထုံးစံအတိုင်း မမိကောင်းက ရှေ့မှ ထောင်ထောင်ထောင်၊ ဘကြီးမှူက ကုပ်ကုပ်ကုပ်ကုပ်၊ အစပိုင်း ပတ်ဝန်းကျင်က သူတို့လင်မယားဖြစ်တာကို ရယ်ကြမောကြ၊ ထူးဆန်းကြသေးပေမဲ့ နောက်တော့လည်း ရိုးသွားလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်မိကောင်းသား အငယ်ကောင် ငကောင်း မိန်းမခိုးလာလို့တဲ့'

တစ်ခုသော ဆောင်းတစ်မနက်ခင်း အိမ်ရှေ့မှာ နေပူဆာလှုံနေတုန်း ဇနီးသည်က သတင်းပေးလာသည်။

'သူလိုကောင်ကို ယူမယ့်သူက ရှိသေးလားဟ'

ကျွန်တော်က မှတ်ချက်ပြုမိ၏။ ထူးဆန်းသည့်သတင်းဟုတော့ မထင်ပါ။ သည်ခေတ်က မြေစာပင်ပုခက်လွှဲသည့်ခေတ် မဟုတ်လား။

'ဖေ့စ်ဘွတ်ခ်မှာ တွေ့တာတဲ့တော်'

'ကောင်းကွာ၊ အပြင်မှာ တွေ့တာနဲ့ ယူတာပဲလား'

ကျွန်တော့် အမေးကို ဇနီးသည်က ခေါင်းညိတ်ပြီး 'ဒီခေတ်မိန်းကလေး၊ ယောကျ်ားလေးတွေ အနေအထား ရှင်သိသားနဲ့။ အခု ကယားဒေးပွဲမှာ ချိန်းတွေ့ပြီး ခိုးလာတာတဲ့'ဟု ဆို၏။

'သြော်... လောကကြီး ဘာဖြစ်ကုန်ပါလိမ့်။ အေးလေ၊ ကျပ်မပြည့်တဲ့ကောင်ကို ကြိုက်တာ ကျပ်မပြည့်သူပဲ ဖြစ်မှာပေါ့'

'အို ရှင်ကလည်း သူများ သားသမီးကို'

ကျွန်တော့် စကားကြောင့် ဇနီးသည်က ဟန့်သည်။

'မှန်တာပြောတာပဲလေ'

တကယ်ပါ၊ မမိကောင်း ရှူးတူးပေါ်တောနေတတ်တာ၊ သူ့သားတွေ အပျင်းကြီးပြီး စိတ်မပြည့်တာ တစ်ရပ်ကွက်လုံး သိကြ၏။ ဒါကြောင့် သူတို့နှင့် ဆေးဖော်ကြောဖက်လုပ်သူက အတော်ရှားသည်။ မှန်တမ်းသာ ဆက်ဆံသူတွေ များကြ၏။

ကောင်မလေးကို မမြင်ဖူးပေမဲ့ စိတ်ထဲက သနားသလိုဖြစ်မိတာတော့ အမှန်။ ကောင်လေးက ကျပ်သိပ်မပြည့်ပါဘူးဆို လူကလည်း ယောင်တောင်တောင်လေ။ မိန်းမတစ်ယောက် အားကိုးစရာ လုံးဝမရှိ။ တကယ်တမ်း ကောင်မလေးကိုမြင်လိုက်ရချိန်မှာ ကျွန်တော် အတော့်ကို အံ့သြသွားမိ၏။

**မနက်စောစုံတွဲ လမ်းအတူတွဲလျှောက်လာတာကို ကောင်လေးက ရိုးရိုးမလျှောက် ကောင်မလေးပါးကို တို့လိုက် ဆိတ်လိုက် ခါးကိုတို့လိုက်နှင့် လမ်းလယ်ကောင်မှာ မိုးမမြင် လေမမြင် ဖြစ်နေကြ၏**

ကောင်မလေးက အသားဖြူဖြူ၊ ခန္ဓာကိုယ်ဖွံ့ဖွံ့နှင့် တကယ့် လုံးကြီးပေါက်လှဗျ။ ပညာအရည်အချင်းကလည်း ဆယ်တန်းတဲ့။ ကိုင်းဗျာ၊ သေရော။ ဟိုကောင်က လေးတန်းပဲ ရှိ၏။ မနက်စောစုံတွဲ လမ်းအတူတွဲလျှောက်လာတာကို ကောင်လေးက ရိုးရိုးမလျှောက်။ ကောင်မလေးပါးကို တို့လိုက်၊ ဆိတ်လိုက်၊ ခါးကို တို့လိုက်နှင့် လမ်းလယ်ကောင်မှာ မိုးမမြင်၊ လေမမြင် ဖြစ်နေကြ၏။ အမြင်မတော်အောင်ဖြစ်နေသည်။ အရုပ်တစ်ရုပ်ကောက်ရသည့်ကလေးလို ပြုမူနေ၏။

'ရှင်က အရင်ရက်တွေက မမြင်လို့ပါ။ အဲဒီအတိုင်းပဲ။ လမ်းပေါ်မှာ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို လိုက်တမ်း၊ ပြေးတမ်းတောင် ကစားနေသေး'

ဇနီးသည်က ပြောတော့ ကျွန်တော့်မှာ အံ့သြမှု အထွတ်အထိပ်သို့ ရောက်သွားရ၏။

'ဟောဗျာ၊ ကောင်မလေးကလည်း အဲလိုလုပ်တာပဲလား၊ အေးပေါ့လေ။ အသွင်တူလို့ ကြင်သူဖြစ်တာနေမှာပေါ့'

ကျွန်တော် သည်မျှသာ မှတ်ချက်ပေးနိုင်၏။ သူ့ထိုက်နှင့်သူ့ကံပဲပေါ့။

ကောင်မလေးက ရွာသူဖြစ်၏။ လှိုင်ကော်နှင့် သိပ်မဝေးသည့် ရွာတစ်ရွာကပါ။ သူ့အိမ်ကလည်း ဘာသဘောလဲတော့ မပြောတတ်ပါ။ ကောင်မလေးကို လာတွေ့တာဘာညာမရှိ တဲ့။ ကြည့်ရတာ ကောင်မလေးကို ပေယျာလကန်ထားပုံပေါ်ပေသည်။

ကောင်မလေးက တောသူပီပီ အချက်အပြုတ်လေးတော့ အားကိုးရဟန်တူသည်။ လုပ်ပေးသည်ဆိုလား။

'မမိကောင်းတို့ ချွေးမကောင်းရပြီး စိမ်ကျနေတာပေါ့လေ'

တစ်ရက် အိမ်ရှေ့မှ ဖြတ်သွားသော မမိကောင်းကို ဇနီးသည်က မေးသည်။

'အောင်မယ်လေး မိမကျပါဘူး ဆရာမရယ်။ အခု မင်္ဂလာဆောင်ပေးရမယ်တဲ့။ ဘယ်က ငွေချေးရမှန်း မသိလို့ ခက်နေတာ'

ဒါက အဖြစ်သဘော ပြောသွားတာပါ။ တကယ် မင်္ဂလာဆောင်တော့မည် သည့်အခါ သူတို့အိမ် ဆယ်သိန်းနှင့် အပေါင်ထား သတဲ့။ သူတို့ကြည့်ရတာ မှ ရှည်ရှည်ဝေးဝေး မစဉ်း ဘဲ နောင်ခါလာနောင်ခါ သဘောမျိုးပင်။ သည် ဘယ်အချိန် ပြန်ရွေးနိုင် မသိ။

❑

ကောင်မလေး အိမ် ပစ္စည်းတွေ တစ်ပွေ့တစ် နှင့် ဖြတ်သွားသည်ကို ကြ ပြီး မဆီမဆိုင် ကျွန်တော့် မောင်မြင့်၏ မယားငယ် ကို ပြေးမြင်မိ၏။ မောင် ဆိုတာ ကျွန်တော်တို့ နံဘေးမှ ဦးထွန်း၊ မစ် တို့၏ သားဖြစ်သည်။ အ ဆုံးပေမဲ့ ဘာမှအားကိုး သူ့အဖေ သေပြီးကတည်း အိမ်မကပ်၊ ဟေးလား လားလုပ် သွားလာနေ အောင်လံဘက်က မိန်း ယောက်နှင့် အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်းမကို အမေ့ဆီ လာထားပြီး သူက ဆိုင်းတစ်ဖွဲ့မှာ ဆိုင်းလိုက်တီးသည်။ မိန်းမရလို့ အလုပ်လုပ်သည့်သဘော။ ကလေးတစ်ယောက်ရပြီးချိန်မှာ အနောက်စောင်းက မိန်းကလေးတစ်ယောက် ထပ်ခိုးလာ၏။ မယားကြီးက နှုတ်ကြမ်းလျှာကြမ်းမို့ လင်မယားရန်ဖြစ်လိုက်ကြတာ ဝက်ဝက်ကွဲ။ မောင်မြင့်က ရအောင်ချော့ပြီး မယားနှစ်ယောက်ကို တစ်အိမ်တည်းမှာ ပေါင်းသည်။ မယားကြီးကသာ ဆူလိုက်၊ ဆန့်လိုက်လုပ်နေ၏။ မယားငယ်က တစ်ခွန်းမျှပြန်မပြော။ ခေါင်းသာငုံ့နေ၏။ နောက်တော့ မောင်မြင့်ကလည်း ဆိုင်းတီးရာမှ ပြန်မလာ၊ မယားကြီးကလည်း အောင် [illegible] ပြန်မည်ဆိုကာ ထွက်သွားကြ၏။ သူတို့လင်မယား အချိတ်အဆက်လုပ်သွားကြလားတော့မသိ။ မယားငယ် ခမျာ ရွာတွင် သနားစရာ ကျန်နေခဲ့တော့၏။

ကျန်နေပေမဲ့ ကောင်မလေးက အငြိမ်မနေပါ။ [illegible]င်းခွေ၊ ရေခပ်သာမက [illegible]သီအလိုက် တောလုပ်[illegible]ကိုင်မှန်သမျှ အကုန်[illegible]ပေးသည်။ စကားလည်း [illegible] ထမင်းစားခေါ်မှ လာ[illegible]သည်။ အလုပ်ကို မနား[illegible]ရှာသည်။ သူ့မိဘ [illegible] [illegible]ကာ မှတ်ချက်ပြုဖူး

၏။ ထိုကောင်မလေးသည် ယောက္ခမအိမ်မှာ တစ်နှစ်ခန့် ထမင်းစား၊ ကျွန်ခံလုပ်ရင်း သူ့ယောက်ျား ပြန်အလာကို စောင့်ရှာ၏။ မလာသည့်အဆုံးမှ သူ့ရွာ သူပြန်သွားရှာလေသည်။ ဘာပြဿနာမှလည်း မလုပ်ပေ။ ပြန်လည်း မလာတော့ပေ။

ယခု ငကင်း ကောင်မလေးလည်း မောင်မြင့်မယားငယ်လိုဖြစ်မည် ထင်သည်။ ပြန်စရာအိမ်မရှိလို့ဘဲလားတော့ မပြောတတ်။ သည်ခွေးတိုးဝက်ဝင်အိမ်လေးမှာ ဖြစ်သလိုနေပြီး မမိကောင်းအလုပ်တွေမှာ ကူညီလုပ်ကိုင်ပေးနေ၏။ မမိကောင်း စွာသလောက် ကောင်မလေးက အေးလှ၏။ ငကင်းကတော့ သိတဲ့အတိုင်း စ, ညားခါစက ကားနောက်လိုက်သလိုလို အလုပ်လုပ်ပြသေးသော်လည်း လူပျင်းလုံ့လ တစ်ခဏပင်။ နောက်တော့ သူ့အစ်ကိုရှိရာ ဖားဆောင်းနှင့် အသွားအပြန်လုပ်နေတော့၏။ ဘာလုပ်သည်တော့ မပြောတတ်။

သည်လိုနှင့် မမိကောင်းတို့ မိသားစုကိစ္စကို ကျွန်တော် မေ့မေ့လျော့လျော့ဖြစ်သွားခဲ့၏။ သူတို့တွေ အိမ်ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်နေမှုများကိုပင် သိပ်သတိမထားမိတော့။ ကိုယ့်[illegible]လည်း ကိုယ့်အပူနှင့်ကိုယ် [illegible]နေသကိုး။

တစ်ရက် မနက်ခင်း နံနက်စာစားနေတုန်း မမိကောင်းအိမ်မှ ဆူသံ၊ ဆဲသံများကြားရ၏။ အသံက မမိကောင်းအသံ။

'လူက သချိုင်းကုန်းခြေတစ်ဖက်လှမ်းနေပြီ၊ အကြောကထ,တုန်း၊ သောက်ကောင်မကလည်း ဘယ်လူလာလာ ဆိုတဲ့ အစားထဲကပဲ'

မမိကောင်း ဘယ်သူနှင့် ရန်ဖြစ်သည်မသိ။ တစ်ဖက်အသံကတော့ တိတ်နေ၏။

'ဘာဖြစ်ကုန်တုံးဟ၊ မမိကောင်းအသံပဲ'

ကျွန်တော်က ရေနွေးကြမ်းခွက် မော့သောက်ရင်းမှ ပြောမိ၏။

'ဟုတ်ပါ့ မမိကောင်းတော့ ပွဲကြမ်းနေပြီ။ နေဦး၊ ကျွန်မ စနည်းသွားနာလိုက်ဦးမယ်'

ဇနီးသည်က ပြောပြီး ထ,သွား၏။ ခဏကြာတော့ သတင်းရောက်လာသည်။

'ဇာတ်လမ်းကတော့ မသန်းပဲ တော်ရေ့'

သတင်းယူလာသည့် ဇနီးက ဆိုသည်။

'ပြောပါဦး၊ အခြေအနေလေး'

'အံ့ သြစရာနော်၊ ကောင်မလေးက ဘယ်လိုစိတ်ဓာတ်လဲ မသိဘူး'

ဇနီးသည်က ကိုယ့်ဘာသာ ညည်းသလိုနှင့် ကိုရီးယားဇာတ်လမ်းတွဲ လုပ်နေပြန်သည်။

'ပြောစမ်းပါကွာ၊ အခန်းဆက် လုပ်မနေစမ်းပါနဲ့'

*ကျွန်တော် ခပ်ဆတ်ဆတ်မေးမိသည်။*

'ဒီလိုတော်ရေ့၊ အခုရန်ဖြစ်တာက မမိကောင်းနဲ့ ဘကြီးမူ။ ဘာကြောင့်လဲဆိုတော့ သူ့ချွေးမကြောင့်တဲ့။ အခု ကောင်မလေးက မမိကောင်းတို့အိမ်မှာ ဘုံဆိုင်ဖြစ်နေတာဆိုပဲ'

ကျွန်တော် မျက်ခုံးပင့်သွားမိ၏။

'ဘာလဲဟ ဘုံဆိုင်၊ ငါသိတာ ဘုံဆိုင်ဆိုတာ အရက်ဆိုင်ပဲ။ ကောင်မလေးက ဘယ့်နှယ် အရက်ဆိုင်ဖြစ်ရတာတုံး'

ကျွန်တော့်စကားကြောင့် ဇနီးသည်က မျက်စောင်းထိုးသည်။

'ရှင်ကလည်း ဒုံးဝေးလိုက်တာ။ အဲဒီအရက်ဆိုင်ကိုပြောတာ မဟုတ်ဘူးရှင့်။ အခုဟာက အားလုံးပေါင်းပြီး ဆိုင်တာကို ပြောတာရှင်ရေ့။ ကောင်မလေးယောက်ျားက ငကင်းတစ်ယောက်တည်း မဟုတ်ဘူး။ သူ့အစ်ကိုလည်း ပါတယ်၊ အဲ... ဘကြီးမူလည်း ဝင်အားပေးနေလို့ အခု မမိကောင်းက ပတ်ကြမ်းတိုက်နေတာတော်ရေ့၊ နားလည်ပြီလား... ကဲ'

မယုံနိုင်စရာ။ ဘုံဆိုင်မဟာဇာတ်လမ်းလေးပါလားဗျာ။ ဘုံဆိုင်ဆိုတာ အရက်ဆိုင်ကို ရှေးတုန်းက ခေါ်တဲ့အမည်လို့သာ သိထားသော ကျွန်တော့်မှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရပါသည်။ ကျွန်တော် ပြောခဲ့ပါပကော။ တချို့လူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှု၊ နေမှု၊ ထိုင်မှုတို့က အတော်ကို *ဆန်းကြယ်လွန်းလှပါတယ်လို့။* အခု မမိကောင်းတို့ မိသားစုကိုပဲ ကြည့်လေ။ မထူးပေမဲ့ မဆန်းဘူးလားဗျာ။ ■

**ခန့်ကျော်ထင်လှိုင်**

၊လှိုင်ကော်၊

www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်းမကို အမေ့ဆီ လာထားပြီး သူက ဆိုင်းတစ် ဖွဲ့မှာ ဆိုင်းလိုက်တီးသည်။ မိန်းမရလို့ အလုပ်လုပ်သည့် သဘော။ ကလေးတစ် ယောက်ရပြီးချိန်မှာ အနောက် ဆောင်းက မိန်းကလေးတစ် ယောက် ထပ်ခိုးလာ၏။ မယားကြီးက နှုတ်ကြမ်းလျှာ ကြမ်းမို့ လင်မယားရန်ဖြစ် လိုက်ကြတာ ဝက်ဝက်ကွဲ။ မောင်မြင့်က ရအောင်ချော့ပြီး မယားနှစ်ယောက်ကို တစ် အိမ်တည်းမှာ ပေါင်းသည်။ မယားကြီးကသာ ဆူလိုက်၊ ဓာန်လိုက်လုပ်နေ၏။ မယား ငယ်က တစ်ခွန်းမျှပြန်မပြော။ ခေါင်းသာငုံ့နေ၏။ နောက် တော့ မောင်မြင့်ကလည်း ဆိုင်းတီးရာမှ ပြန်မလာ၊ မယားကြီးကလည်း အောင် သံ ပြန်မည်ဆိုကာ ထွက်သွား ကြ၏။ သူတို့လင်မယား အချိတ်အဆက်လုပ်သွား သလားတော့မသိ။ မယား ငယ် ခမျာ ရွာတွင် သနား ဖွယ် ကျန်နေခဲ့တော့၏။

ကျန်နေပေမဲ့ ကောင် လေးက အငြိမ်မနေပါ။ ဆင်းခွေ၊ ရေခပ်သာမက ရာသီအလိုက် တောလုပ် တာကိုင်မှန်သမျှ အကုန် လုပ်ပေးသည်။ စကားလည်း ပြော၊ ထမင်းစားခေါ်မှ လာ းသည်။ အလုပ်ကို မနား မ်းလုပ်ရှာသည်။ သူ့မိဘ ဆွေဆီကလည်း ဘာအဆက် အသွယ်မှမလုပ်။ ကျွန်တော် ့ အိမ်နီးချင်းများကပင် သူ့ သနားနေကြ၏။

'ကောင်မလေးက ဝဋ် ကြွေး တော်တော်ကြီးတာပဲ'

အဖေက မှတ်ချက်ပြုဖူး ၏။ ထိုကောင်မလေးသည် ယောက္ခမအိမ်မှာ တစ်နှစ်ခန့် ထမင်းစား၊ ကျွန်ခံလုပ်ရင်း သူ့ယောကျ်ား ပြန်အလာကို စောင့်ရှာ၏။ မလာသည့် အဆုံးမှ သူ့ရွာ သူပြန်သွား ရှာလေသည်။ ဘာပြဿနာမှ လည်း မလုပ်ပေ။ ပြန်လည်း မလာတော့ပေ။

ယခု ငကင်း ကောင် မလေးလည်း မောင်မြင့် မယားငယ်လိုဖြစ်မည် ထင် သည်။ ပြန်စရာအိမ်မရှိလို့ဘဲ လားတော့ မပြောတတ်။ သည်ခွေးတိုးဝက်ဝင်အိမ် လေးမှာ ဖြစ်သလိုနေပြီး မမိ ကောင်းအလုပ်တွေမှာ ကူညီ လုပ်ကိုင်ပေးနေ၏။ မမိ ကောင်း စွာသလောက် ကောင် မလေးက အေးလှ၏။ ငကင်း ကတော့ သိတဲ့အတိုင်း စ, ညားခါစက ကားနောက် လိုက်သလိုလို အလုပ်လုပ်ပြ သေးသော်လည်း လူပျင်း လုံ့လ တစ်ခဏပင်။ နောက် တော့ သူ့အစ်ကိုရှိရာ ဖား ဆောင်းနှင့် အသွားအပြန်လုပ် နေတော့၏။ ဘာလုပ်သည် တော့ မပြောတတ်။

သည်လိုနှင့် မမိ ကောင်းတို့ မိသားစုကိစ္စကို ကျွန်တော် မေ့မေ့လျော့လျော့ ဖြစ်သွားခဲ့၏။ သူတို့တွေ အိမ်ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်နေမှုများကိုပင် သိပ် သတိမထားမိတော့။ ကိုယ့် မှာလည်း ကိုယ့်အပူနှင့်ကိုယ် ရှိနေသကိုး။

တစ်ရက် မနက်ခင်း နံနက်စာစားနေတုန်း မမိ ကောင်းအိမ်မှ ဆူသံ၊ ဆဲသံ များကြားရ၏။ အသံက မမိ ကောင်းအသံ။

'လူက သချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေပြီ၊ အကြောကထ, တုန်း၊ သောက်ကောင်မကလည်း ဘယ်လူလာလာ ဆိုတဲ့ အစား ထဲကပဲ'

မမိကောင်း ဘယ်သူနှင့် ရန်ဖြစ်သည်မသိ။ တစ်ဖက် အသံကတော့ တိတ်နေ၏။

'ဘာဖြစ်ကုန်တုံးဟ၊ မမိကောင်းအသံပဲ'

ကျွန်တော်က ရေနွေး ကြမ်းခွက် မော့သောက်ရင်းမှ ပြောမိ၏။

'ဟုတ်ပ၊ မမိကောင်း တော့ ပွဲကြမ်းနေပြီ။ နေဦး၊ ကျွန်မ စနည်းသွားနာလိုက် ဦးမယ်'

ဇနီးသည်က ပြောပြီး ထ,သွား၏။ ခဏကြာတော့ သတင်းရောက်လာသည်။

'ဇာတ်လမ်းကတော့ မသန်းပဲ တော်ရေ့'

သတင်းယူလာသည့် ဇနီးက ဆိုသည်။

'ပြောပါဦး၊ အခြေအနေ လေး'

'အံ့ သြစရာနော်၊ ကောင်မလေးက ဘယ်လို စိတ်ဓာတ်လဲ မသိဘူး'

ဇနီးသည်က ကိုယ့်ဘာ သာ ညည်းသလိုနှင့် ကိုရီး ယားဇာတ်လမ်းတွဲ လုပ်နေ ပြန်သည်။

'ပြောစမ်းပါကွာ၊ အခန်းဆက် လုပ်မနေစမ်း ပါနဲ့'

ကျွန်တော် ခပ်ဆတ် ဆတ်မေးမိသည်။

'ဒီလိုတော်ရေ့၊ အခု ရန်ဖြစ်တာက မမိကောင်းနဲ့ ဘကြီးမူ။ ဘာကြောင့်လဲဆို တော့ သူ့ချွေးမကြောင့်တဲ့။ အခု ကောင်မလေးက မမိ ကောင်းတို့အိမ်မှာ ဘုံဆိုင်ဖြစ် နေတာဆိုပဲ'

ကျွန်တော် မျက်ခုံးပင့် သွားမိ၏။

'ဘာလဲဟ ဘုံဆိုင်၊ ငါ သိတာ ဘုံဆိုင်ဆိုတာ အရက် ဆိုင်ပဲ။ ကောင်မလေးက ဘယ့်နှယ် အရက်ဆိုင်ဖြစ်ရ တာတုံး'

ကျွန်တော့်စကား ကြောင့် ဇနီးသည်က မျက် စောင်းထိုးသည်။

'ရှင်ကလည်း ဒုံးဝေး လိုက်တာ။ အဲဒီအရက်ဆိုင်ကို ပြောတာ မဟုတ်ဘူးရှင့်။ အခုဟာက အားလုံးပေါင်းပြီး ဆိုင်တာကို ပြောတာရှင်ရေ့။ ကောင်မလေးယောကျ်ားက ငကင်းတစ်ယောက်တည်း မဟုတ်ဘူး။ သူ့အစ်ကိုလည်း ပါတယ်၊ အဲ··· ဘကြီးမူ လည်း ဝင်အားပေးနေလို့ အခု မမိကောင်းက ပတ် ကြမ်းတိုက်နေတာတော်ရေ့၊ နားလည်ပြီလား··· ကဲ'


မယုံနိုင်စရာ။ ဘုံဆိုင် မဟာဇာတ်လမ်းလေးပါလား ဗျာ။ ဘုံဆိုင်ဆိုတာ အရက် ဆိုင်ကို ရှေးတုန်းက ခေါ်တဲ့ အမည်လို့သာ သိထားသော ကျွန်တော့်မှာ ဘာပြန်ပြောရ မှန်းမသိအောင် ဖြစ်သွားရပါ သည်။ ကျွန်တော် ပြောခဲ့ပါ ပကော။ တချို့လူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှု၊ နေမှု၊ ထိုင်မှုတို့က အတော်ကို ဆန်းကြယ်လွန်းလှပါတယ်လို့။ အခု မမိကောင်းတို့ မိသားစု ကိုပဲ ကြည့်လေ။ မထူးပေမဲ့ မဆန်းဘူးလားဗျာ။ ■

**ခန့်ကျော်ထင်လှိုင်**

။လှိုင်ဘော်။

www.burmeseclassic.com


www.burmeseclassic.com



ရွှေပေါ်မြတင်တို့၊ ရွှေလင်ပန်းနဲ့ အချင်းဆေးတို့၊ ရွှေထီးဆောင်းတာတို့ လျှာအရသာခံပြီး အမြှုပ်ထွက်အော
ပြောကြတဲ့လူတွေကို တွေ့ဖူးပါရဲ့။ ကိုယ်လည်း မြင်ရတာမဟုတ်၊ အပိုအလုပ်တွေပါဗျာ။ ကျုပ်ဘဝက
ရှင်းရှင်းလေး။ ဘယ်လိုမွေးဖွား ဘယ်လိုကြီးပြင်းခဲ့တာတော့ မသိဘူး။ မြို့စွန် ဆင်ခြေဖုံး ဆင်း
ရပ်ကွက်မှာ လူလာဖြစ်ခဲ့ရတာ။ ကျုပ်သိတတ်စ အရွယ်မှာပဲ ဘဝကို ပြန်ကြည့်မိတော့ ကျုပ် သူခိုး၊
ဘဝကို ရောက်နေပြီလေ။ ဒါကြောင့် စောစောက ပြောခဲ့တဲ့ ရွှေနဲ့မွှမ်းတဲ့ လူတွေရဲ့ဘဝနဲ့ ကျုပ်နဲ့က ဘယ်
မအပ်စပ်တော့ အဲလို ရွှေတွေနဲ့ပတ်သက်ပြီး ကြားရမှာ၊ ပြောရမှာ ကျုပ်
မုန်းတီးခဲ့တာ။ ကျုပ်က ကျောင်းကို ကောင်းကောင်းမနေခဲ့ရတော့
တတ်ဘူးဗျ။ ကျုပ်အောက် ပုစုခရု ညီတွေ၊ ညီမတွေလည်း အဖေ
ကျုပ်ခြေရာ နင်းကြမယ့်ကောင်တွေဆိုတော့ ကျုပ်တို့ ဘဝတ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပညာရေး ဆိုတာတွေက မရှိ
လည်းဖြစ်နေတဲ့ ကိစ္စတွေပါ
ဗျာ။ စာမတတ်လည်း ခိုးစား
လို့ရတယ်ဆိုတဲ့အသိ ကျုပ်
ငယ်ငယ် အဖေ့ခိုးရာနောက်
တကောက်ကောက်လိုက်ရင်း
က သိခဲ့ရတာ။

ကျုပ် ငယ်ငယ်ရွယ်ရွယ်
နဲ့ ဘာလို့ ကျောင်းခန်းအပြင်
ရောက်ခဲ့ရသလဲဆိုရင် သိ
တတ်စပြုနေတဲ့အချိန်၊ တစ်
ရက် ကျုပ်တို့ရပ်ကွက်မှာ
စုပေါင်းရှင်ပြုပွဲလုပ်ကြတော့
ကျုပ်နဲ့ ကျုပ်လို ဘဝတူ
ကလေးတွေ အားလုံး ရှင်ပြု
နားသခွင့်နဲ့ကြုံခဲ့ကြရတယ်။
ဖြစ်ချင်တော့ ကနေ့ ရှင်
လောင်းဝတ်ပြီး၊ မနက်ဖြန်
ဆို သင်္ကန်းဆီးရတော့မှာ
ဆိုတော့ အဖေ ပြောပါတယ်၊
ညနေပိုင်း အိမ်ကနေ ပျောက်
သွားတယ်ဗျ။ ကျုပ်က ရှင်
လောင်းဆိုတော့ အလှူမဏ္ဍပ်
မှာ ရွယ်တူ ရှင်လောင်းလေး
တွေနဲ့ဆော့ပြီး အပျော်ကြီး
ပျော်နေချိန်ပေါ့။ အဲ…နေဝင်
ရီးရီလည်း ရောက်ရော ရွာထဲ
ကလူတွေ အုတ်အုတ်ကျက်
ကျက် လူစုလူဝေး ဖြစ်နေ
တာ တွေ့ရတယ်။ ပြောတာ
တော့ လူတစ်ယောက် ပိုးထိ
လို့ တောထဲက ထမ်းထုတ်
နေကြတာတဲ့။ ကျုပ် အိမ်
ရောက်မှ သိရတာက ပိုးထိ
တဲ့လူဟာ အဖေ ကိုယ်တိုင်
ဖြစ်နေပါရော။ အမေဆိုတာ
အဖေ့ရုပ်ကြွင်းကိုကြည့်
ရင်ဘတ်ထုထုပြီး ငိုရှာတယ်။

'အမယ်လေး ကျုပ်
ယောက်ျားက သူတော်ကောင်း
လူလိမ္မာကြီးပါတော့။ ဘယ်
သောအခါမှ သူတစ်ပါးကို
မလိမ်မညာခဲ့ပါဘူးတော့။

အမယ်လေး
ကျုပ်
ယောက်ျားက
သူတော်ကောင်း
လူလိမ္မာကြီးပါတော့
ဘယ်သောအခါမှ
သူတစ်ပါးကို
မလိမ်မညာ
ခဲ့ပါဘူးတော့
အမယ်လေး
သူ့ရဲ့ကောင်းကြီးက
ကျုပ်တို့ကို
ရိုးရိုးသားသား
ခိုးကျွေး
ခဲ့တာတော့

အမယ်လေး သူ့ရဲ့ကောင်းကြီး
က ကျုပ်တို့ကို ရိုးရိုးသား
သား ခိုးကျွေးခဲ့တာတော့'

အမေ့စကားကြီးက
မျက်နှာပူစရာဖြစ်ပေမဲ့ ဟုတ်
နေတော့ ကြားတဲ့လူတိုင်းက
ပြုံးစိစိနဲ့ပေါ့။ အဖေ ပြောပါ
တယ်၊ ကျုပ် ရှင်ပြုချိန်ဆို
တော့ အဝေးက ရောက်လာ
ကြမယ့် ဧည့်သည်တွေ ဧည့်ခံ
ချင်တာနဲ့ ငွေစလေးရလိုရငြား
ဆိုပြီး မှောင်ရီပျိုးစအချိန်
ရပ်ကွက်စွန်က လယ်တွေထဲ
အသီးအနှံလေးတွေကို ဘဝတူ
ကိုထွန်းရှိန်နဲ့ နှစ်ယောက်ဝင်ခိုး
နေကြရင်း လယ်ကန်သင်း
အစပ် ခြေအချမှာ ပိုးကောင်
နဲ့ ထိမိသွားတော့တာတဲ့။ ခါ
တိုင်းလည်း ဒီလိုအချိန်တွေ
ခိုးနေကျ။ ဘာမှ မဖြစ်ခဲ့ပေမဲ့
ခုတော့ အဖေတစ်ယောက်
လုံးကို ပစ်လိုက်ရတာတော့
ကျုပ်အတွက် ကြေကွဲဝမ်း
နည်းစရာကြီး ပေါ့ဗျာ။

အဲဒီအချိန်ကစပြီး ကြမ်း
ရှလွန်းတဲ့ ဘဝလမ်းကြောင်း
ပေါ် စပြီး ခြေချခဲ့ရတာပေါ့။
ကျုပ်တို့ အသက်မွေးဝမ်း
ကျောင်းအလုပ်အကိုင်က
မျိုးရိုးနဲ့ဆိုင်တယ်ပဲ ပြောရ
မလားပဲ။ ကျုပ်တို့ ဘိုးဘွား
တွေလည်း သိုးသိုးသန့်သန့်
ခိုးကောင်း ခိုးဖူးကြမှာပဲ။
သူတို့က ပေါက်ဖွားလာတဲ့
အဖေ၊ အဲဒီကမှ ကျုပ်ပေါ့။
လူကြီးတွေကိုယ်တိုင်က
ခိုးပြနေကြတော့ အတုမြင်
အတတ် သင်ဆိုသလိုပဲ
သူခိုးကြီးပြီးတော့ သူခိုးလေး
ပေါ့ဗျာ။ အဲ ကျုပ်က ပေါက်
ဖွားလာမယ့် မျိုးဆက်သစ်
တွေကိုတော့ ကျုပ်တို့အမွေ
ဆက်ခံခွင့်ပေးခဲ့ရမှာတော့
ကျုပ် စိတ်လေးမိတာ အမှန်
ပါ။ လက်ဆင့်ကမ်းပေးခဲ့
ရမယ့် အမွေဆိုးကြီးကို ဖြတ်
တောက်ဖြစ်အောင်တော့
ကျုပ် ကြိုးစားကြည့်မှာပါ။
လမ်းပြကြယ်ဖြစ်တဲ့ ကျုပ်
ကိုယ်တိုင်က မှေးမှိန်အား
ဖျော့လွန်းတော့ သူတို့လေး
တွေရဲ့အနာဂတ်အတွက်
ဘယ်လိုထွန်းလင်း တောက်ပ
ပေးရမလဲ၊ ဘယ်လို လမ်းပြ
ပေးနိုင်မလဲဆိုတာတော့
နေ့စဉ်နဲ့အမျှ ကျုပ်စိတ်ထဲ
ရှိတာ အမှန်ပါ။

နေ့ခင်းဘက်ကျတော့
ကျုပ်တို့ရပ်ကွက်က လူတွေ
က နီးစပ်ရာ အလုပ်တွေ
ကျပန်းလုပ်တဲ့လူတွေလည်း
ရှိတာပေါ့။ ကိုယ်ကာယ
အားကိုးနဲ့ပါဗျာ။ ဘယ်…
ပညာနဲ့ အသက်မွေးဖို့ဆိုတာ
မဖြစ်နိုင်ဘူးလေဗျာ။ ကျုပ်
တို့ သူခိုးရပ်ကွက်တစ်ခုလုံး
ပေါင်းမှ ဆယ့်နှစ်တန်း
တောင် ပြည့်ချင်တာဟုတ်
ဘူးဗျ။ လူကြီးတွေကိုယ်
က ပညာရေးမှာ စိတ်ဝင်စား
ကြတော့ ကျုပ်တို့တစ်တွေ
စာမတတ်၊ အသိကန်းကြတာ
မဆန်းပါဘူးဗျာ။

❑

တစ်နေ့ ကျုပ်တို့ရပ်
ကွက်နဲ့ ကပ်လျက် လူကုံ
ရပ်ကွက်မှာ ကားကြီး၊ ကား
ငယ်နဲ့ စီတန်းဝင်လာတဲ့
တစ်စုကို အားလုံးက
မြင်နေရတယ်ဗျ။ ကား
အတန်ကြာ 'ရောင်းရန်' ဆို
ဆိုင်းဘုတ်ကြီးချိတ်ဆွဲထား
တဲ့ ခြံဝင်းကျယ်ကြီးနဲ့ အိမ်
ကြီးကြီးဆီကို အဲဒီကား
တန်းဝင်လာပြီး ပစ္စည်းပစ္စ
တွေ ချနေကြတယ်။ ဒီခြံ
ဈေးတည့်သွားတာနေမှာ
ကျုပ်တို့ တစ်ရပ်ကွက်လုံး
ဝယ်ယူနေထိုင်မယ့် လူ
တွေကို စိတ်ဝင်စားနေ
တာ။ လင်မယားစုံတွဲ နှင့်
တစ်တွဲမှာ ယောက်ျား
ယောက်က အသက်ကြီး
အသားဖြူဖြူ အရပ်
ကိုင်းနဲ့။ ဟိုဟိုဒီဒီ
ညွှန်ခိုင်းနေတာ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကတော့ လူတွေထက် ဒီအိမ်ကြီးကို တစ်နေ့ ဘယ်လို ဝင်ခိုးရမလဲ ဆိုတာပဲ ခေါင်းထဲမှာ ရှိနေတာဗျ။

ဖြစ်ချင်တော့ တစ်နေ့ ကျုပ်တို့ရပ်ကွက်ထဲက ရှစ်စပ်က ဂျင်ခြေလည်တဲ့ ကြည်ညွန့် ဆက်သွယ်ပေးမှုကြောင့် ကျုပ် အဲဒီအိမ်ဝန်းကြီးထဲမှာ ချုံနွယ်ပိတ်ပေါင်းတွေ ရှင်းလင်းဖို့ အလုပ်ရခဲ့တယ်။ ကျုပ်ဖြင့် အနီးကပ် လေ့လာခွင့်ရတော့မှာ ဆိုပြီး ကြိတ်ဝမ်းသာနေတာ။ ဘယ်သူသိခဲ့ပါ့မလဲ။

'ဟဲ့ ရွှေရ၊ နင်လုပ်မှာ ပွတ်ပြတ်လား၊ နေ့စားလား'

'အာ- မကြည်ညွန့်ကလည်း ပုတ်ပြတ်နဲ့ လုပ်ရင် အမြန်နဲ့ပြီးသွားမှာပေါ့၊ နေ့စား လုပ်မယ်ဗျာ။ ကျုပ် အဝင် အထွက်လည်း ကြာကြာ ကြည့်လို့ရအောင်လို့ပါ'

'နင့် အတွက်တော့ ...။ ဟိုလင်မယားတစ်တွဲ ... ပိုင်ရှင်အဘိုးကြီးတို့လည်း ... ပိုင်းအတွင်းလောက်မှာ ... ထွက်ကြမှာတဲ့။ အိမ်မှာ ... ခင်းချက် အိမ်ကူ မိန်းမ ... ကျွားက ကားမောင်းပို့ ... ဆိုတော့ မိန်းမသား ... ပဲ ကျန်ခဲ့ကြမှာတဲ့၊ ... ဟင်း'

မကြည်ညွန့်က ပြောပြီး ...။ ဘာဖြစ်ရမလဲဗျာ၊ ... ဒီအိမ်ကြီးမှာ ဝင်ခိုးမှာ ... ကြိုသိနေလို့ပေါ့။

'ပွတာပေါ့ဗျာ'

'ငါ့လည်း ခွဲတမ်းပေး ... ရွှေရ'

'ပေးပါ့မယ်ဗျာ၊ စိတ်ချ ...'

'ဒါဆို မနက်ဖြန်

အပေါ်ထပ် ဧည့်ခန်းထဲမှာ ခိုးရသမျှ ပစ္စည်းတွေကို အိတ်ထဲ ထည့်နေတုန်း ဧည့်ခန်းနဲ့ ကပ်လျက် အခန်းထဲက စကား တီးတိုးသံတွေ ကြားလိုက်ရတော့ ကျုပ် ရုတ်တရက် ကြောင်သွားတယ် ရော်... အချိန်မတော်ကြီး အိမ်ရှင် အဘိုးကြီးများ ပြန်ရောက် နေရော့သလား

အလုပ်စ,လိုက်တော့။ ငါ ဒီကအပြန် ဝင်ပြောလိုက်တော့မယ်'

'ဟုတ်ပါ- ဟုတ်ပါ'

❑

ကျုပ် ခြံထဲရောက်တော့ သန့်ရှင်းရေးလုပ်ဖို့ ပါလာတဲ့ ဝန်စည်စလွယ်တွေကို နေရာချပြီး အလုပ်စ,လိုက်တယ်။ အိမ်ကြီးကိုလည်း တစေ့တစောင်းကြည့်ရင်း လူတွေကိုလည်း အကဲခတ်ရင်းပေါ့။ ဆင်ဝင်ပါပြီး နှစ်ထပ်တိုက်ကြီးက လူတွေ မရောက်ခင်က ကြိုတင်ပြင်ဆင် ခြယ်သထားပုံရတယ်ဗျ၊ တောက်ပသစ်လွင်နေတယ်။ လျှပ်စစ်မီးတွေလည်း တပ်ဆင်ထားတာ မြိုင်ဆိုင်လို့။ လူတွေကို အနီးကပ် လေ့လာကြည့်မိတော့ အိမ်ရှင်အဘိုးကြီး ဖြူဖြူပိန်ပိန်က တည်ငြိမ်ရင့်ကျက်တဲ့ပုံရပေမဲ့ သူ့မိန်းမ ဖြစ်ပုံရတဲ့ လုံးကြီးပေါက်လှ မမကတော့ အဘိုးကြီးနားမှာ 'ကယုကယင်'နဲ့ အမြဲတွေ့နေရတယ်။ ကျန်စုံတွဲထဲက ယောကျ်ားဖြစ်သူက ကိုယ်ကာယ၊ ကြံ့ခိုင်သန်စွမ်းပြီး ရှင်ချိုတဲ့အမူအရာကို အမြဲပြသနေသယောင် ရှိနေတယ်။ အိမ်အကူမိန်းမကြီးနဲ့ ယောကျ်ားဖြစ်သူ ကားဆရာကတော့ အိမ်ကြီးရဲ့အနောက်က သီးသန့်အိမ်လေးမှာနေကြတာ တွေ့ရတယ်။ ကျုပ်ကတော့ အိမ်ကြီးရဲ့ လူဝင်လူထွက်၊ ကျုပ်ခိုးမယ့်နေ့ အဝင်အထွက်တွေကိုပဲ အမှားအယွင်းမရှိအောင် သေသေချာချာ လေ့လာပြီးနေပါပြီ။

ဖြစ်ချင်တော့ အိမ်ရှင် အဘိုးကြီးနဲ့ ဟိုစုံတွဲတစ်တွဲက ကျုပ်သန့်ရှင်းရေး ဝင်နေတဲ့ ၃ ရက်မြောက်နေ့မှာပဲ ကားဖြူလေးပေါ် ဝန်စည်စလွယ်တွေတင်ပြီး ခြံကြီးထဲက ထွက်သွားတာတွေ့လိုက်ရတယ်။ ရက်သတ္တပတ် ခရီးလို့လည်း အိမ်အကူမိန်းမကြီးဆီက သိုးသိုးသန့်သန့် စကားကို ကြားလိုက်ရတယ်။ ဒါဆို ဒီအိမ်ကြီးတစ်ခုလုံး မိန်းမသားချည်း နှစ်ယောက်ပဲ ကျန်ရစ်တော့မှာလို့ မကြည်ညွန့်ပြောတာကို သွားသတိရလိုက်တယ်။ ဒါဆို ကျုပ် မနက်ဖြန် ညဝင်ခိုးမှဖြစ်တော့မှာဆိုတော့ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေကိုလည်း ကျုပ်ကြိုပြီး စုဆောင်းထားရတော့မှာလေ။

❑

ဖြစ်ချင်တော့ ဒီညက သုံးရက်လကွေးကွေးရဲ့ အလင်းရောင်က မှုန်ပျပျ။ လူခြေတိတ်ချိန်၊ ကျုပ် လုပ်ငန်းအတွက်သုံးမယ့် ပစ္စည်းထည့်ပြီး အိမ်ကထွက်ခဲ့တယ်။ ဒီလိုအချိန် အိမ်ကြိုအိမ်ကြားမှာ တိတ်ဆိတ်စွာနဲ့ ခြေချင်းလိမ်နေကြတဲ့လူတွေဆိုတာ ဟိုနားကထွက်လာလိုက်၊ ဒီနားကပေါ်လာလိုက်နဲ့။ ဘာဖြစ်ရမလဲဗျာ၊ ခိုးဝှက်ကြဖို့ အလုပ်ထွက်ကြတာပေါ့။ ဒါကိုပဲ ရွတ်တီးရွတ်နောက်ပြောတတ်တဲ့ကျုပ်နဲ့ ခိုးဖက် ကျောက်ညိုက ပြောတာ ရှိသေးတယ်။ 'ငါတို့က ညဆိုင်းဆင်းတာ'တဲ့။ ပြောရရင် အားလုံး ညမင်းသားတွေပေါ့။ ခြံနားရောက်တော့ ကျုပ် မနက်က လုပ်ထားတဲ့ အတိုင်း တံခါးကန့်လန့်ကို အလွယ်တကူဖွင့်ပြီး ဝင်ခဲ့တယ်။ အပေါ်ထပ် လှမ်းကြည့်တော့ မှိန်ပျပျ မီးရောင်လေးက လင်းနေတာ တွေ့ရတယ်။ အိမ်ကြီးရှင်မမ နေမှာပေါ့။

ကျုပ် အောက်ထပ်မှာ အမှောင်ကို အကွယ်ပြုပြီး ချဉ်းကပ်လိုက်တယ်။ သီးသန့် အိမ်လေးထဲမှာတော့ အိမ်ကူမိန်းမကြီး အိပ်ပျော်ကျ

www.burmeseclassic.com

နေလောက်ရောပေါ့။ ကျုပ်ပြတင်းပေါက်မှန်တံခါးနား ရောက်တော့ အောက်ဆုံးက မှန်ချပ်တစ်ခုပေါ် အသင့်ပါလာတဲ့ ပလတ်စတာနဲ့ အပြားလိုက် ကပ်လိုက်တယ်။ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ကပ်ထားတဲ့ ပလတ်စတာပေါ် လက်သီးနဲ့ ဆပြီး ထိုးခွဲလိုက်တယ်။ ကျုပ်လက်ဆ ကျုပ်သိနေတော့ ဒုတ်ခနဲ ခပ်အုပ်အုပ် အသံ ထွက်ရုံလေးပါ။ မှန်က ပလတ်စတာကို ဖြည်းဖြည်းချင်း ခွာလိုက်တော့ လက်သီးချက်ကြောင့် ကြေမွသွားတဲ့ ဖန်စတွေက အောက်ကိုကျမသွားဘဲ ပလတ်စတာမှာ ကပ်ပါလာတယ်။ အပေါက်ဖြစ်သွားတဲ့ မှန်ကွဲပေါက်ကနေ လက်လျှိုပြီး အတွင်းက ကန့်လန့်ကိုဆွဲဖွင့်ပြီး ကျုပ်အခန်းထဲကျော် ဝင်လိုက်တယ်။

အခန်းထဲရောက်တော့ သူခိုးဓာတ်မီးလေးနဲ့ သူခိုးဈေးကွက်ဝင် ပစ္စည်းတွေကို သဲ့ခိုးနေလိုက်တယ်။ အောက်ထပ်မှာ စိတ်ကြိုက်ခိုးထားတာ ပီနန်အိတ်တစ်ဝက်လောက် ရနေပြီ။ ပတ်ဝန်းကျင် တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေတယ်။ အပေါ်ထပ်မှာ ရသလောက်တက်ခိုးဖို့ ဆုံးဖြတ်ပြီး လှေကားကနေ တဖြည်းဖြည်းချင်း အပေါ်တက်ခဲ့တယ်။ အပေါ်ထပ်ဧည့်ခန်းထဲမှာ ခိုးရသမျှ ပစ္စည်းတွေကို အိတ်ထဲထည့်နေတုန်း ဧည့်ခန်းနဲ့ကပ်လျက် အခန်းထဲက စကားတီးတိုးသံတွေ ကြားလိုက်ရတော့ ကျုပ် ရုတ်တရက် ကြောင်သွားတယ်။

ဂျော်၊ အချိန်မတော်ကြီး အိမ်ရှင်အဘိုးကြီးများ ပြန်ရောက်နေရှာသလား။ ကြားရသလောက်တော့ တစ်ပတ်ကြာမှာလို့ သိထားတဲ့ကျုပ် ဇဝေဇဝါဖြစ်သွားတယ်။ ဒါနဲ့ တီးတိုးစကားသံကို သဲသဲကွဲကွဲ သိချင်တာနဲ့ ဧည့်ခန်းနဲ့ ကပ်လျက် အခန်းနံရံကို ကပ်ဖို့အရွေ့ "ဒုန်းကလုံးတုံးတုံး" ဆိုတဲ့ သံဘူးခွံတစ်ခုကို ခြေထောက်နဲ့ တိုက်ခတ်မိလျက် ဖြစ်သွားပြီး တီးတိုးသံတွေ ရုတ်တရက် တိတ်သွားသလို ကျုပ်လည်း ထိတ်သွားတယ်။

မကြာလိုက်ဘူး၊ ကျုပ်ကပ်နေတဲ့ နံရံအထက်က မီးပွင့်ကြီးက ရုတ်တရက် ထိန်ခနဲ ပွင့်လာသလို နံဘေးက မီးတွေလည်း တဖျောက်ဖျောက်အသံနဲ့အတူ ပွင့်လာတယ်။ တစ်ခန်းလုံး အလင်းရောင်တွေ လင်းထိန်သွားတယ်။ ကျုပ် ပုန်းခိုဖို့နေရာရှာတယ်။ ဘယ်နေရာမှ မရှိတော့ဘူး။ မီးရောင်တွေ... အားလုံးအောက်မှာ ကျု... ကိုယ်ထီးတည်းကြီးက ထင်... ရှားပေါ်လွင်နေတယ်။ ဒီ... အချိန်မှာပဲ ရုတ်တရက်ပေါ်... လာတဲ့ အသံကြီးက ဟိန်း... ထွက်လာတယ်။

"ဟေ့သူခိုး မပြေးနဲ့"... တဲ့။

အသံလာရာကို ကျု... ကြည့်လိုက်တော့ အပေါ်ပိုင်း... အင်္ကျီဗလာနဲ့ တောင့်တင်း... ကိုယ်ကာယမှာ ချွေးသံ တ... ရွှဲနဲ့လူ။ သူ့နောက်မှာတော့... ကပိုကရိုနဲ့ လုံးကြီးပေါက်... မမ။

အဲ ကျုပ်ကို သူခိုး... ပြောတဲ့လူက ဒီအိမ်ကြီးရှ... အဘိုးကြီး မဟုတ်တာတော့... သေချာတယ်ဗျ။ ဒါဆို...

■


**ကိုကောင်းသော...**

၊ကျောက်ဆည်...

Dictionary for All
သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်
THALUN
Bookstore
Yangon
သာလွန်စာအုပ်တိုက်
၃၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၁၈၊
အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၂၄၀၁၅၃၊
၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၉၉

www.burmeseclassic.com

www.burmeseclassic.com





တန်ဖိုး–၃၀၀၀ကျပ်




တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၄၀၀၀ကျပ်




တန်ဖိုး–၂၅၀၀ကျပ်

ထုတ်လုပ်ဖြန့်ချိရေး

**အလင်းသစ်စာပေတိုက်**

၁၇/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ပုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာနာ လုပ်ကြံခံရမှု ပေါ်ပေါက်လာ

ဇာနည်ညီမိမ်း

ဗြိတိန်နိုင်ငံရဲ့ အိမ်ရှေ့မိဖုရားဟောင်းဖြစ်တဲ့ ဒိုင်ယာနာမင်းသမီး ပြင်သစ်နိုင်ငံမှာ ကွယ်လွန်ခဲ့ခြင်းနဲ့ပတ်သက်ပြီး ကောလာဟလမျိုးစုံ ပေါ်ထွက်ခဲ့ဖူးရာက အခု ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ နှစ်ပေါင်း ၂၀ ပြည့်တော့မယ့်အချိန်မှ ဒိုင်ယာနာဟာ ကားတိုက်မှုကြောင့် ကွယ်လွန်ခဲ့ရခြင်း မဟုတ်ဘဲ ဗြိတိသျှတို့ရဲ့ တော်ဝင်မိသားစုများနဲ့ ထောက်လှမ်းရေးတို့ ပူးပေါင်းကြံစည်မှုကြောင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်တယ်လို့ Globe မဂ္ဂဇင်းက ၂၀၁၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ထုတ်က စတင်ကာ အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြခဲ့ပါတယ်။

Globe အဆိုအရ သူတို့တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးတဲ့ CIA ရဲ့ လျှို့ဝှက်အထောက်အထားများ ပေါက်ကြားလာခဲ့ရာက အဖြစ်မှန်ပေါ်ထွက်လာခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ 'အဖြစ်မှန်ကို နှစ်ပေါင်းများစွာ ဖုံးကွယ်ထားခဲ့တဲ့အပြင် ဘာကြောင့်လုပ်ကြံခဲ့တယ် ဆိုတာကိုလည်း သိခွင့်ရခဲ့ပါပြီ' လို့ အမေရိကန်ထောက်လှမ်းရေးဟောင်း တစ်ဦးက သူ့လုံခြုံရေးအတွက် အမည်ဖော်ပြခြင်း မပြုဘဲ Globe သို့ ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ထုတ်ဝေနေတဲ့ စာနယ်ဇင်းများအနက် သူတစ်ခုတည်းသာ ဖော်ပြခွင့်ရခဲ့တယ်လို့ Globe က ဆိုပါတယ်။ အမေရိကန်ထောက်လှမ်းရေးများရဲ့ အဆိုအရ ဒိုင်ယာနာရဲ့ ခင်ပွန်းဟောင်း ချားလ်စ်မင်းသားက ဒီလုပ်ကြံမှုကို အမိန့်ပေးခဲ့တာဖြစ်ပြီး ဗြိတိသျှထောက်လှမ်းရေးတပ်ဖွဲ့များဖြစ်တဲ့ MI 6 နဲ့ SAS တပ်ဖွဲ့တို့က ဒိုင်ယာနာမင်းသမီးနဲ့ သူမရဲ့ချစ်သူ ဒိုဒီဖာရက်တို့ကို လုပ်ကြံခဲ့ခြင်းဖြစ်တယ်လို့ CIA က ဆိုပါတယ်။

'ချားလ်စ်က သူ့ တိတ်တိတ်ပုန်းဇနီးသည် ကယ်မီလာကို လက်ထပ်ယူချင်တယ်။ ဒါပေမဲ့ ဒိုင်ယာနာက သက်ရှိထင်ရှား ရှိနေတဲ့အတွက် ရှင်းခဲ့ခြင်းဖြစ်တယ်' လို့လည်း CIA ဆိုပါတယ်။

'ချားလ်စ်အနေနဲ့က ဒိုင်ယာနာဟာ လေထဲမှာ လွင့်မျောနေတဲ့ ကျည်ဆန်တစ်တောင့်လိုဖြစ်နေပြီး ဗြိတိန်နိုင်ငံရဲ့ ထီးမွေ နန်းလျာကို ဆက်ခံမယ့် သူ့အတွက် အချိန်မရွေး ဒုက္ခပေးနိုင်တဲ့ အခြေအနေရှိတာကြောင့် ရှင်းလင်းလိုက်ဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါတယ်။

'အဲဒါအပြင် ဒိုင်ယာနာမှာ သူ့



ဒိုဒီဖာရက်ပိုင် ဟိုတယ်မှ မထွက်ခွာမီ မိနစ်ပိုင်းအလို



ပျော်ခဲ့ကြတဲ့



ဒိုင်ယာနာရဲ့သားအိမ်ကို ရိုက်ကူးထားတဲ့ အာလ်ထရာဆောင်း



လိုဏ်ခေါင်းအတွင်းမှာ မော်တော်ယာဉ်




မယ်တော်ဘုရင်မကြီး



ခင်ပွန်းဟောင်း ချားလ်စ်နဲ့ လက်ရှိဇနီးသည် ကယ်မီလာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ချားလ်စ်ရဲ့ တရားမဝင်မယားဖြစ်ခဲ့တဲ့ ကမ်မီလာ

ချစ်သူ မွတ်စလင်ဘာသာဝင်တစ်ဦးဖြစ်တဲ့ ဒိုဒီနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီး သူတို့နှစ်ဦး တရားဝင်လက်ထပ်ကြဖို့လည်း အစီအစဉ်ရှိနေကြောင်း ချားလ်စ် သိရှိထားရတဲ့အတွက် အမြန်ဆုံး ရှင်းလိုက်ဖို့ စီစဉ်ခြင်းဖြစ်တယ်။' လို့လည်း ဆိုပါတယ်။

CIA ရဲ့ တွေ့ရှိချက်အရ ချားလ်စ်မင်းသားက MI 6 လို့ခေါ်တဲ့ ဗြိတိသျှအထူးတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့က လိုဏ်ခေါင်းတစ်ခုထဲကို ကားဖြတ်မောင်းစဉ် မတော်တဆ ဖြစ်မှုလို ဖြစ်အောင် စီစဉ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

'သူတို့က ဒိုင်ယာနာနဲ့ ဒိုဒီတို့ရဲ့ လှုပ်ရှားမှုမှန်သမျှကို သိရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်ရဲ့ အိမ်များနဲ့ ဟိုတယ်အခန်းများမှာ ရုပ်မြင်သံကြား တွေ့မြင်နိုင်အောင် စက်ကိရိယာ တပ်ဆင်ထားလို့ဖြစ်ပါတယ်။ သူတို့ လှုပ်ရှားသမျှကို အမေရိကန် NSA ထောက်လှမ်းရေး ဂြိုဟ်တုများက တစ်ဆင့် မြင်တွေ့နိုင်အောင် ဖန်တီးထားပါတယ်။ သူတို့ ဖုန်းဆက်တာ မှန်သမျှကိုလည်း သူတို့ပြောတာရော၊ တစ်ဖက်က ပြောတာကိုပါ အသံကြားရအောင် လုပ်ဆောင်ထားပါတယ်။ ဒိုဒီရဲ့ ရွက်လှေဖြစ်တဲ့ ဂျိုနီကာလ်ပေါ်ကနေ ပြောသမျှကိုတောင် 'ဖမ်းယူနားဆင်နိုင်တယ်' လို့ ဆိုပါတယ်။

အမေရိကန်သမ္မတအိမ်တော်နဲ့ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် နေထိုင်တဲ့ နေရာကလည်း ဒိုင်ယာနာ ဘာလုပ်နေလဲဆိုတာ သိမြင်နိုင်ပါတယ်။ ဗြိတိန်နိုင်ငံ ဘုရင်မကြီးရဲ့ ဘာကင်ဟမ် နန်းတော် ကလည်း အလားတူ သိရှိနိုင်ပါသတဲ့

ပေါက်ထွက်လာတဲ့ စာရွက်စာ တမ်းများအဆိုအရ လိုဏ်ခေါင်းထဲမှာ ကားတိုက်ဖြစ်ဖို့ကို MI 6 က စီစဉ်ခဲ့တာ ပဲလို့ ဆိုပါတယ်။ ပထမတုန်းက ဒီအစီ အစဉ်ကို ဘော့စနီးယားနိုင်ငံမှ စစ် အကျဉ်းသား စလိုဘိုဒန် မီလိုစီဗစ်နဲ့ ဆောင်ရွက်ခိုင်းဖို့ အစီအစဉ်ရှိပေမဲ့ ဒီအစီအစဉ်ကို ဖျက်သိမ်းခဲ့တယ်လို့ ဆိုပါတယ်။ စာရွက်စာတမ်းများအဆို အရ ဩဂုတ်လ ၃၁ ရက်နေ့က MI 6 ရဲ့ ထိပ်တန်းအရာရှိနှစ်ဦးဟာ ပဲရစ်မြို့ ကို ရောက်ရှိနေခဲ့ပြီး သူတို့ အစစ်ခံချက် အရ ဒိုင်ယာနာရဲ့ ယာဉ်မောင်းသူ ဟင် နရီပေါလ်ဟာ MI 6 က ထည့်ထားတဲ့ သတင်းပေးတစ်ယောက်ဖြစ်တယ်လို့ ဆိုပါတယ်။

ဒိုင်ယာနာတို့စီးမယ့် မာစီဒီး S2 ကို ဘရိတ်ဖျက်ထားမှန်း ယာဉ်မောင်း ကိုယ်တိုင်သိပြီးဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် ဟင်နရီက သူ ကိုယ်သူ အသက်စွန့်သွားတာဖြစ်တယ် လို့ ဆိုရပါမယ်။ ဖြစ်ပျက်သမျှအားလုံး ကို သူ့အပေါ်ပုံချလိုက်ပြီး သူ အရက် အလွန်အကျွံ သောက်ထားတယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။ သေ လူက စကားမှ ပြန်မပြောနိုင်တော့ဘဲ ကိုး။

အံ့ဩစရာကောင်းတာက ဒိုင်ယာ နာဟာ ကားတိုက်ရာမှာ ပွဲချင်းပြီး မသေခဲ့ပါဘူး။ ဆေးဘက်ဆိုင်ရာ အ အညီများ ရောက်လာတဲ့အချိန်အထိ အသက်ရှင်နေပါသေးတယ်။ ဒါ အဲဒီလူနာတင်ကားက ဆေးရုံကိုရော အောင် မောင်းနှင်ရာမှာ တစ်နာရီ လေးဆယ့်ခြောက်မိနစ် ကြာခဲ့ပါသ လျှို့ဝှက် အစီရင်ခံစာများအရ ကား မှာ ဒိုင်ယာနာကို ပြင်သစ် သမားတော် အယောင်ဆောင် ထားတဲ့ ဗြိ ထောက်လှမ်းရေးသမားက ခြေ ရာ မကျန်နိုင်တဲ့ အဆိပ်တစ်မျိုးကို

www.burmeseclassic.com

www.burmeseclassic.com

သွင်းခဲ့ပါတယ်။ ဒီအဆိပ်က MI6 ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ သုံးလေ့ရှိတဲ့ အဆိပ်တစ်မျိုးဖြစ်ပြီး ဆေးစစ်တဲ့နေရာမှာ ဘယ်လိုမှ ရှာဖွေမတွေ့နိုင်တဲ့ အဆိပ်လို့လည်း ဆိုပါတယ်။

ပေါက်ထွက်လာတဲ့ ဖိုင်တွဲမှာ ဒိုင်ယာနာရဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းကို ခွဲစိတ်ရှာဖွေပြီးမှ အင်္ဂလန်နိုင်ငံသို့ ပို့ဆောင်ရမယ်လို့လည်းအမိန့်ပါ,ပါတယ်။ ဒိုင်ယာနာမှာ ကိုယ်ဝန်ရှိနေခဲ့ရင် တစ်ခါတည်း ဖျောက်ဖျက်ပစ်ဖို့လည်းအမိန့်မှာ တစ်ပါတည်း ပေးပြီးဖြစ်ပါသတဲ့။

ဒိုင်ယာနာရဲ့အလောင်းကို ခွဲစိတ်ကြည့်သူများက ရက်သတ္တပတ် ခြောက်ပတ်မှ ဆယ်ပတ်အတွင်းရှိမယ့် သန္ဓေသားလောင်းကို ဓာတ်မှန်ရိုက်ကြည့်ရုံနဲ့ ထင်ထင်ရှားရှား တွေ့ခဲ့တယ်လို့ ဆိုပါတယ်။

ဓာတ်မှန်ပညာရှင်တစ်ဦးဖြစ်တဲ့ ဒေါက်တာ အဲလစ်ဇဘက်ဒီယွန်ကို ဒိုင်ယာနာ ကွယ်လွန်ခြင်း အကြောင်းရင်း သက်သေခံဖို့အတွက် ခေါ်ယူခြင်း မရှိခဲ့ပါဘူး။ အဲဒါအပြင် ခွဲစိတ်စစ်ဆေးအဖွဲ့က ပါဝင်ခဲ့တဲ့ သူနာပြုဆရာမ ဂျိုဇလင်းမက်ဂီလန်ကလည်း ထူးဆန်းစွာပျောက်ကွယ်သွားခဲ့ပါတယ်။ ချားလ်စ်ရဲ့ လက်ထဲမှာတော့ ခွဲစိတ်စစ်ဆေးတဲ့ အစီရင်ခံစာ အစစ်မှန် ရှိပါတယ်။

Globe စာစောင်ရဲ့ ဖော်ပြချက်အရ ချားလ်စ်ကို စုံစမ်းစစ်ဆေးနေပြီလို့ ဖော်ပြပြီး ချားလ်စ်က သူ့မှာ အပြစ်မရှိဘူးလို့ ထွက်ဆိုနေတယ်လို့ ဆိုပါတယ်။ ❑

၂။


Globe မဂ္ဂဇင်းရဲ့ ဒုတိယပိုင်းမှာ ဖော်ပြထားတာကတော့ ချားလ်စ်ရဲ့ ကြင်ရာတော်ဖြစ်တဲ့ ကယ်မီလာက ပေါ်ပေါက်လာတဲ့ ဓာတ်ပုံများကြောင့် ကြောက်ရွံ့တုန်လှုပ်နေပြီး ချားလ်စ်က ကယ်မီလာကို ပါးစပ်ပိတ်နေဖို့ အမိန့်ပေးထားပါတယ်။ ကယ်မီလာက ချားလ်စ်အနေနဲ့ ဒိုင်ယာနာမင်းသမီးလို သူ့ကို မလုပ်ကြံဘူးလို့ အတိအကျ မပြောနိုင်တာကြောင့် ကြောက်ရွံ့တုန်လှုပ်နေတယ်လို့ ဆိုပါတယ်။

ကယ်မီလာက အသက် ၆၉ နှစ်ရှိပြီး သူ့အသက်ဘေးအန္တရာယ်ကို စိုးရိမ်နေရတာကြောင့် သူ့ရှေ့နေကတစ်ဆင့် အသက်အာမခံထားနိုင်ဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ရက်စက်လှတဲ့ တော်ဝင်မိသားစုများက သူ့ကိုလည်း ဒိုင်ယာနာလို နှုတ်ပိတ်လိုက်မှာစိုးလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# WHERE THEY GOT HITCHED

**Princess Diana and Dodi Fayed were married on his yacht in Portofino, Italy, just six days before their senseless deaths**



ဒိုင်ယာနာရဲ့ ဘဏ္ဍာစိုး ပေါလ်ဘာရယ်လ်

နန်းတွင်းမှ သတင်းရင်းမြစ်တစ်ဦးကတော့ 'ကယ်မီလာလုပ်တာ နောက်တောင်ကျနေပြီ'လို့ ထင်ပါတယ်။ ဒိုင်ယာနာတုန်းက သူ့ရှေ့နေနဲ့ မိတ်ဆွေများထံကို ချားလ်စ်က သူ့ကိုလုပ်ကြံဖို့အတွက် သူစီးတဲ့ကားကို တစ်စုံတစ်ခု လုပ်လိုက်မယ်လို့ စာတွေ ရေးခဲ့ဖူးပါတယ်။ သူရေးခဲ့တဲ့အတိုင်းပဲ ချားလ်စ်က အောင်မြင်စွာ လုပ်ကြံသွားခဲ့ပါတယ်။ ဒါကြောင့် ကယ်မီလာက ကြောက်ရွံ့တုန်လှုပ်နေခြင်းပါ။ ကယ်မီလာက ချားလ်စ်နဲ့ ပေါင်းသင်းခဲ့တာ နှစ်ပေါင်း ၅၀ လောက် ရှိခဲ့ပါပြီ။ အခုမှသာ တရားဝင် ကြင်ရာတော်အဖြစ် လူသိရှင်ကြား နေခွင့်ရခဲ့ခြင်းပါ။ နှစ်ပေါင်း ၅၀ အတွေ့အကြုံအရ ချားလ်စ်ဟာ ဘယ်လောက် ရက်စက်တယ်ဆိုတာ သူ သိပါတယ်။

ကယ်မီလာက ချားလ်စ်နဲ့ ပေါင်းသင်းနေတယ်ဆိုပေမဲ့ သူပိုင် Ray Hill House အိမ်မှာ နေတာများတယ်လို့ ဆိုပါတယ်။ ချားလ်စ်နဲ့သူက မကြာခဏ စကားများတတ်ကြလို့ပါပဲ။ ကယ်မီလာက အရက်ကြိုက်သူဖြစ်ပြီး မူးလာရင်လည်း အင်မတန် စွာတတ်ပါသတဲ့။ ဒါကို ချားလ်စ်က မကြိုက်တဲ့အတွက် တားမြစ်တာကြောင့် ခပ်ခွာခွာနေကြခြင်းပါ။

နန်းတော်အတွင်းမှ သတင်းရင်းမြစ်တစ်ဦး အဆိုအရ ကယ်မီလာဟာ ဂျင်နဲ့ အားဆေး ရောထားတာတွေ၊ ဘီယာနဲ့ဝိုင်တို့ကို အမြဲမပြတ် သောက်နေတာကြောင့် မေလအတွင်းကလည်း အကြီးအကျယ် စကားများခဲ့ကြတယ်လို့ ဆိုပါတယ်။ ချားလ်စ် သုတ်သင်မှာကို ကြောက်တာကြောင့် ကယ်မီလာက ဒေါ်လာ သန်းလေးရာ လျော်ကြေးယူပြီး ကွာရှင်းပြတ်စဲဖို့လည်း ကြိုးစားနေပါတယ်။ ဗြိတိန်နိုင်ငံရဲ့ မိဖုရားရာထူး ရရေးကို အင်မတန် တပ်မက်တဲ့ ကယ်မီလာ အဲဒီတပ်မက်မှုကို စွန့်လွှတ်ပြီး ကွာရှင်းပြတ်စဲဖို့ ကြိုးစားနေတာ ထောက်ရင် သူ ဘယ်လောက်ကြောက်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။

ကယ်မီလာရဲ့ ကြိုးပမ်းနေမှု... ဗြိတိန်နိုင်ငံမှ MI 6 သိသလို အမေရိ... ပြည်ထောင်စုမှ CIA ကလည်း သိ... တယ်။

တကယ်လို့ ဒိုင်ယာနာ ကွယ်... ရခြင်းမှာ ချားလ်စ်ရဲ့ လက်ချက်ကြော... ဆိုတာ ပေါ်လွင်ထင်ရှားသွားရင် ... ဘက်ကိုပါ အမှုပတ်လာမှာ ကယ်မီ... က စိုးရိမ်လာပါတယ်။ သူအစိုးရိမ်... ကတော့ ဒိုင်ယာနာလို နှုတ်ပိတ်ခံ... ဖြစ်ပါတယ်။ ဒါကြောင့် အပြင်ကို ထွ... ခဲတယ်လို့ ဆိုကြပါတယ်။ ဒါကြော... ကွာရှင်းခွင့်ရမယ်ဆိုရင် ငွေထုပ်ထုပ်... ပိုက် ယူပြီး ထွက်သွားဖို့ ကြိုးစား... ခြင်းပါပဲ။

❑

၃။

ဒိုင်ယာနာမင်းသမီးနဲ့ သူ့... ဒိုဒီဖာရက်တို့ဟာ မကွယ်လွန်မီ ... ပိုင်းအလိုက အီတလီပိုတ် အခမ်းအ... တရားဝင် လက်ထပ်ခဲ့ကြတယ်လို့ ... ပါတယ်။ သူတို့နှစ်ယောက် ကွယ်... ခြင်း နှစ် ၂၀ ပြည့်ခါနီးအချိန်မှာ ... စာစောင်က CIA ဖိုင်တချို့ကို ... ပြီး အသေးစိတ် ရေးသားဖော်... ဖြစ်ပါတယ်။

ဒိုင်ယာနာနဲ့ ဒိုဒီတို့ဟာ ...

www.burmeseclassic.com

www.burmeseclassic.com




EXPLOSIVE PROOF!

MUNICIPIO DI PORTOFINO

CERTIFICATO DI MATRIMONIO

L'UFFICIALE DELLO STATO CIVILE

CERTIFICA

che dal registro degli atti di Matrimonio dell'anno 1997 Vol. 1
Parte II Serie A N. 91 risulta che nel giorno venticinque
del mese di Agosto dell'anno mille novecento novantasette (1997)
hanno contratto matrimonio in Portofino
CONIUGI Emad El-Din Mohamed Abdel Muna'im Al-Fayed
nato a Alexandria, Egypt il 15 Aprile 1955

E

ROTUNDO Diana Spencer Windsor
nata a Norfolk, England, UK il 1 Luglio 1961

Rilascia il presente a richiesta di parte interessata ed in carta libera
per uso Esente da imposta

Portofino, il 25 Agos. 1997

L'Impiegato Responsabile

L'Ufficiale dello Stato civile

လက်ထပ်စာချုပ်နဲ့ မင်္ဂလာလက်စွပ်





ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က အီတလီနိုင်ငံ ပေါ်တိုဖီနို ဆိုတဲ့မြို့မှာ ရင်းနှီးတဲ့သူများနဲ့ ဒိုဒီပိုင် ကျိုနီကာလ် ရွက်လှေပေါ်မှာ ဧည့်ခံပွဲကျင်းပခဲ့တယ်လို့ ဆိုပါတယ်။ ဒိုင်ယာနာကိုယ်တိုင် သူယုံကြည်စိတ်ချတဲ့ မိတ်ဆွေကို လက်ထပ်ဖို့ အရွက်စာတမ်းများဆောင်ရွက်ခိုင်းခဲ့တယ်လို့မှတ်တမ်းများအရ သိရပါတယ်။

ဒိုင်ယာနာက ဒိုဒီနဲ့မတွေ့ခင် ခွဲစိတ်ဆရာဝန် ဟာစနတ်ခန်နဲ့ နှစ်နှစ်ကြာ ချစ်ကျွမ်းဝင်ခဲ့ပါသေးတယ်။ အဲဒီကာလတုန်းက ဒိုင်ယာနာက ခန်နဲ့ လက်ထပ်ဖို့ ဘုန်းတော်ကြီးတစ်ပါးထံ ချဉ်းကပ်ဖို့ သူ့ရဲ့ ဘဏ္ဍာစိုးဖြစ်တဲ့ ပေါလ်ဘာရယ်လ်ကို စီစဉ်ခိုင်းခဲ့ပါသေးတယ်။ အကြောင်းကို သူချစ်သူ ခန် မသိစေ စီစဉ်ခဲ့တာလို့ ဆိုပါတယ်။ ဒါပေမဲ့ လူမသိ သူမသိ တိတ်တခိုးနေရတဲ့ဘဝကို မလိုလားတာကြောင့် လက်ထပ်ဖို့ ကိစ္စကို ငြင်းဆိုခဲ့ပါတယ်။ ခန်နဲ့ ခွဲခွာပြီးတဲ့နောက် ဒိုဒီနဲ့ ချစ်ကျွမ်းဝင်ခြင်းပါ။

ဒိုဒီနဲ့ ကိုယ်ဝန်ရှိလာချိန်မှာ လက်မထပ်လို့ မဖြစ်တော့တဲ့အတွက် လက်ထပ်ခြင်း ဖြစ်ပါတယ်။ သူ့အနေနဲ့ လက်မထပ်ဘဲ ကလေးတစ်ယောက်ကို မွေးချင်စိတ် မရှိသလို ကိုယ်ဝန်ဖျက်ချဖို့ကိုလည်း မလိုလားခဲ့ပါဘူး။ နောက်တစ်ချက်က မိခင်ဖြစ်သူကို လက်စားချေချင်တဲ့စိတ်လည်း ပါဝင်ပါလိမ့်မယ်။ မိခင်က မွတ်စလင်တစ်ဦးနဲ့ ပေါင်းသင်းနေခြင်းကို မကြိုက်တဲ့အတွက် ဒိုင်ယာနာကို ဆဲရေးခဲ့ပါတယ်။

ဒါပေမဲ့ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒိုင်ယာနာက သူ့ကိစ္စမှန်သမျှကို လုံခြုံလျှို့ဝှက်စွာ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ သူမအတွက် ဓာတ်ပုံများ ရိုက်ပေးနေကျဖြစ်တဲ့ ဓာတ်ပုံဆရာများကို 'ရှင်တို့အတွက် အင်မတန် အံ့ဩစရာကောင်းတဲ့ကိစ္စတစ်ခု ပေါ်လာလိမ့်မယ်'လို့ ဆိုခဲ့သလို သူ့ဘဏ္ဍာစိုး ပေါလ်ဘာရယ်လ်ကိုလည်း 'လာမယ့် ရက်သတ္တပတ်ကုန်ဆုံးချိန်မှာ အင်မတန်အရေးကြီးတဲ့ကိစ္စရှိတယ်။ အခု မပြောချင်သေးဘူး'လို့ စာရေးသား ခဲ့ပါတယ်။

လက်ထပ်ပြီးချိန်မှာ ဒိုင်ယာနာက ဒိုဒီကို ဒီသတင်း ဘယ်သူ့ကိုမှ မပြောဖို့ ကတိ တောင်းခဲ့ပါသေးတယ်။ အဆုံးအစွန် ပြောရရင် ဒိုဒီရဲ့ ဖခင်ဖြစ်သူကိုတောင် မပြောပါနဲ့လို့ နှုတ်ပိတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒိုင်ယာနာက သူ့သားတော် နှစ်ပါးဖြစ်တဲ့ ဝီလျံနဲ့ ဟယ်ရီတို့ကိုတော့ သူတို့ လန်ဒန်ပြန်ရောက်တဲ့အချိန်မှာ ဖွင့်ပြောမယ်လို့ စီစဉ်ထားခဲ့ပါတယ်။

လက်ထပ်တဲ့ အထိမ်းအမှတ်အဖြစ် ဒိုဒီ (အသက် ၄၂ နှစ်)က ပေးမယ့် လက်စွပ်ကိုတောင် သီးခြား ဒီဇိုင်းထုတ်စေပြီး ပဲရစ်မှာ အပ်နှံခဲ့ပါတယ်။ ဒိုင်ယာနာက အပြန်အလှန် လက်ဆောင်အနေနဲ့ အင်္ကျီလက်ကြယ်သီးတစ်စုံ ပေးဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီလက်ကြယ်သီးက ဒိုင်ယာနာ့ဖခင် ဝတ်ခဲ့တဲ့ လက်ကြယ်သီးပါ။

ဒိုင်ယာနာက ဒိုဒီကို တရားဝင်လက်ထပ်ယူချင်ပေမဲ့ သူ့သားတော်နှစ်ပါးအတွက် အကာအကွယ်များကိုလည်း လုပ်ဆောင်ထားပါသေးတယ်။ လက်မထပ်ခင် ကြိုတင်လက်မှတ်ထိုးရမယ့် နှစ်ဖက်သဘောတူစာချုပ်ကို လန်ဒန်မှာရှိတဲ့ ဥပဒေရေးရာ ကျွမ်းကျင်သူထံ အပ်နှံထားခဲ့ပါတယ်။ စာချုပ်ကို

www.burmeseclassic.com

www.burmeseclassic.com




ကယ်မီလာနဲ့ ချားလ်စ်တို့
မင်္ဂလာပွဲ ဆင်နွှဲစဉ်(ပုံကြီး)
ယမကာခွက်မပြတ်နေတဲ့ ကယ်မီလာ

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာချစ်ခဲ့ဖူးတဲ့
ပါကစ္စတန်နိုင်ငံသား
နှလုံးခွဲစိတ်ဆရာဝန် ဟာ့စနတ်ခန်



ဒိုဒီနဲ့ ဒိုင်ယာနာ


ရေးသူက အင်္ဂလန်နိုင်ငံရဲ့ နန်းစွန့်ဘုရင်တစ်ပါးဖြစ်တဲ့ အဋ္ဌမမြောက် အက်ဒွပ်ဘုရင်နဲ့ မုဆိုးမလေးတို့ရဲ့ မင်္ဂလာပွဲအတွက် စီစဉ်ခဲ့သူဖြစ်ပါတယ်။ ဒိုင်ယာနာတို့နှစ်ယောက် တရားဝင် လက်မှတ်ရေးထိုးတဲ့ စာချုပ်ကို လျှို့ဝှက်ထားခဲ့ပေမဲ့ စုံစမ်းထောက်လှမ်းရေးက နာရီပိုင်းအတွင်း မိတ္တူရရှိသွားခဲ့ပါတယ်။ ဒီစာချုပ်ကို Globe က ရှာဖွေတဲ့အခါမှာတော့ သက်ဆိုင်ရာ တာဝန်ရှိသူများက ပျောက်သွားသလိုလို၊ ဒီစာချုပ် မရှိခဲ့တာလိုလို ဖြေကြားခဲ့ပါတယ်။ စာချုပ်ပျောက်ဆုံးသွားတာဟာလည်း ရိုးရိုးသားသား ပျောက်ဆုံးခြင်းမဟုတ်ဘဲ ချားလ်စ်ရဲ့ လက်ချက်နဲ့ပဲ ပျောက်ဆုံးသွားတာဖြစ်တယ်လို့ ယူဆကြပါတယ်။ ချားလ်စ် အစီအစဉ်နဲ့ ဗြိတိသျှထောက်လှမ်းရေးများက ဒိုင်ယာနာနဲ့ ဒိုဒီတို့ သွားလေရာနောက်ကို တကောက်ကောက်လိုက်ပြီး ထောက်လှမ်းခဲ့ကြပါတယ်။ ဒါကြောင့် ဘယ်နေရာပဲရောက်ရောက် သူတို့လှုပ်ရှားမှုများကို ချားလ်စ်က သိနေခဲ့တာပါ။ ဗြိတိန်နိုင်ငံရဲ့ နိုင်ငံတော် လုံခြုံရေး အေဂျင်စီကလည်း သူတို့နှစ်ယောက် ပြောသမျှ စကားများကို ကြားနိုင်အောင် ဖန်တီးထားခဲ့ပါတယ်။ ဒါကြောင့် ချားလ်စ်အနေနဲ့ ဒိုင်ယာနာ ကိုယ်ဝန်ရှိနေပြီဆိုတာကိုလည်း သိခွင့်ရခဲ့ပြီး နောင်တစ်ချိန်မှာ ဗြိတိန်နိုင်ငံရဲ့ဘုရင်ဖြစ်လာမယ့် ဒီလျှံရဲ့မယ်တော်က မွတ်စလင်တစ်ယောက်နဲ့ရတဲ့ကလေးတစ်ယောက် ရှိတယ်ဆိုတာ သမိုင်းမှာ အမည်းစက်ထင်မှာစိုးလို့ ချောက်ဖျက်လိုက်ခြင်းပါ။

*(ဆက်လက်ဖော်ပြပါမည်)*

■ **စာနည်းညီမ်း**

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်၈/ဆုံး

www.burmeseclassic.com

www.burmeseclassic.com

# ရွှေစက်တော်သွားတော့လား ဒို့မဟုတ် ကံကြမ္မာဓါးစေရာလမ်း

ခင်မြဇင်




www.burmeseclassic.com

www.burmeseclassic.com

တပေါင်းလပြည့်ည၏ လပြည့်ဝန်းကြီးကား ရှန်းရှန်းမြမြ သာလေပြီ။ တပေါင်းလသည် ပြည်ကိုယ်တော်အတွက် ရင်ခုန်လှုပ်ရှားရမည့်လတစ်လပင်။ ဖောင်တော်စွန်းမှာထိုင်ကာ စောင်းကြိုးကိုထိစမ်းစဉ် ဧရာဝတီမြစ်ရေက ငွေရောင် တလက်လက်။ ရေစီးသံက ညင်ညင်သာသာ ကြားရသည်။

လွန်ခဲ့သော ၅ လက အောက်ပြည်ဒဂုန်သို့ စုန်ခဲ့ကြသော ဖောင်တော်လှေတော်တို့သည် ယခုတော့ အညာပြန် ရေဆန်လမ်းကို အားသွန်၍ နှင်လာခဲ့ကြချေပြီ။ လသာညမို့ ငါးတွေ မြူးသည်ထင့်၊ ဖလမ်းခနဲ ရေသံနှင့်အတူ ဧရာမငါးကြီးတစ်ကောင် ဖောင်စွန်းအနီး ရေပြင်မှ ဘွားခနဲခုန်ကာ ရေပြင်ကျယ်ထဲ ပြန်၍ ပျောက်ကွယ်သွားသည်။ ရေစက်များက ပြည်မင်းသားကိုယ်ပေါ်စဉ်သွားသည်။ စောင်းကြိုးများကို စမ်းသော်လည်း မည်သည့်သီချင်းကို



တီးရမည်မသိသေး။ မြစ်မင်းဧရာကား ကျယ်ပြောပေစွ။ ပြာသော ရေပြင်ကျယ် ဟိုအဝေးဆီ တောင်စောင်း တောင်ထွတ်တို့ကား တောမီးရောင်ဖြင့် လင်းလင်းလက်လက် မီးပူဇော်ထားသည့် တန်ဆောင်းများနှယ်။ ပြာသောညကား လွမ်းမောဖွယ်ရာ။

အစောင့်ရဲမက်များ၊ တပ်တော်သားများ၊ လှေများ ဖောင်များ မြစ်လုံးပြည့်မျှရှိသော ည၏ အမျိုးအမည်မသိ အသံဗလံတချို့၊ တော်တော်လှမ်းလှမ်းဆီက စုလစ်မွမ်းချွန်တို့မှ ရွှေရောင်လက်နေသော မင်းစီး မိဖုရားစီး ဖောင်တော်များ။

သည်ညတွင် ရေကင်း ကြည်းကင်းများကို စစ်ဆေး၊ နောက်ကျန်တပ်များမှ စာလွှာများကိုဖတ်ရှုပြီး တပ်တော်တစ်ခုလုံး အုပ်စည်းမပျက် တစ်ပေါင်းတည်းလိုက်ပါဖို့ရာ စီစဉ်ပြီးချိန်တွင် လင်းအရုဏ်သို့ ချဉ်းလုခဲ့ပြီ။

ကောင်းကင်တွင် ကြယ်တို့သည် တဖျပ်ဖျပ် လက်လျက်။ ခုနစ်စင်ကြယ် မောင်ရင်ဆိုင်းထမ်း စသဖြင့် ကြယ်များကိုငေးရင်း လေညင်းထဲမှာ သင်္ခနဲပါလာသော ပန်းရနံ့ကို ရလိုက်သည်။

အင်းကြင်းပန်းရနံ့။

ဖောင်တစ်စီးစီး လှေတစ်စီးစီးပေါ်ကလေလား၊ မြစ်ကမ်းတောအုပ်ဆီကပဲလား တွေးမိသွားသည်။ တစ်ချက် တစ်ချက်သင်္ခနဲမွှေးတိုင်း ကြက်သီးဖြန်းခနဲ ထ,သွားမိသည်။

ထိုခဏငယ်များတွင် မီးရောင်တလင်းလင်း လင်းလက်နေသော တောင်စောင်းများ၊ တောအုပ်များဆီသို့ မြင်းကို

အပြင်းနှင်ကာ သွားလိုစိတ်ကို
ခံစားရသည်။

အထီးကျန်ဖြစ်မှုသည်
ရင်ကို ဟာင်းလင်းပွင့်မတတ်

ပြာမှိုင်းသော ကောင်း
ကင်ဝယ် တိမ်ဖြူမျှင်စတို့
သည် လပြည့်ည၏ လဝန်း
ကြီးကို ဇာပဝါပါးပါးဖြင့်
ထွေးပွေ့ထားသည့်နှယ်။

လေက ရုတ်တရက်
ပြင်းထန်လာပြီး မြစ်ထဲတွင်
လှိုင်းများထ,သွားသည်
ဖောင်တော်တို့၏ တံခွန်အလံ
များ လေကြောင့် လဲပြိုသံ
အမိုးတို့ ရုတ်တရက်လွင့်သံ
လူတို့အော်မြည်သံများ ကြား
လိုက်ရသည်။

လေကြောင့် ဖောင်တော်
ယိမ်း၍ လှုပ်ရှားနေသည်။

ပြည်မင်းသားသည်
စောင်းတော်ကို ပိုက်ရင်း
ဖောင်စွန်းမှာထိုင်ရာက
ထဲသို့ ပြုတ်ကျမသွားအောင်
ကာကွယ်ထားသော ဝါးတန်း
များကို ကိုင်နေရသည်။

လှေဖောင်များ ယိမ်း
သလို ယိမ်းထိုးသွားပြီးမှ
၍ တည်ငြိမ်သွားသည်
ပြည်မင်းသားသည် စော
တော်ကို သူ၏ ကိုယ်ရံတော်
သားကိုပေးကာ ကမ်းတွ
ဆိုက်ကပ်ထားသော ဖော
တို့ ဖောင်တော်တွေ ဘာ
သလဲသိအောင် သွားကြ
လိုက်ဦးမည်ဟု မြင်းပြင်
လိုက်သည်။

❑

၂။

တောတို့သည်
မှောင်နေသည်။ တပေါင်း
ပြည့်ကျော် ၃ ရက်လ
လရောင်သည် တော
ပင်တို့ကို ထိုးမဖောက်

www.burmeseclassic.com

www.burmeseclassic.com

နှင်းစက်တဖြောက်ဖြောက်ကျနေသည်။ စိမ့်၍ အေးကာ မြင်းနှင့်တိုင်း လေက အတိုင်းအဆမရှိ တိုးသည်။

သစ်ရွက်ကြွေများကြားတွင် ကုန်းကမူတစ်ခုကို ဦးတည်လျက် ခြေသွားလမ်းရေးရေး မြင်ရသည်။ မီးရှူးမီးတုတ်ကိုင် ရဲမက်တို့ကြောင့် တော၏ အမှောင်ထုသည် တဒင်္ဂမျှ လင်းကျင်းသွားသော်လည်း မီးတိုင်များမှ မီးခိုးငွေ့တလူလူ ညှော်နံ့စူးစူးကိုရသည်။ လမ်းကိုမြင်ရန် မီးတုတ်ကို ဝှေ့ဝဲပြစဉ် သစ်ကိုင်းများနှင့်ထိကာ ညှက်တို့ လန့်ဖျပ်၍ ထ,ပျံကြသည်။

မီးရောင်မှာ လှုပ်ခါနေသည်။

မီးရောင်သည် ပင်တော၏ အမှောင်ထုကို မထိုးဖောက်နိုင်။

မင်းဘူးမရောက်မီ ရွာသာရွာတွင် တပ်ချနားနေခိုက် ဝေးလှသော ရွှေစက်တော်ဘုရားဆီသို့ ပြည်မင်းသားမြင်းဖြင့် နှင်လာခဲ့ခြင်းပင်။ အရည်းတော်အား မပန်ကြားဘဲ ထွက်လာခဲ့မိ၍ အတန်ငယ် စိုးနှောင့်မိသော်လည်း ညတွင်းချင်း ပြန်ရောက်မည်ဆည်းဖြစ်၊ မနက် အသင့်အပ်တော်ထွက်ရန် စီစဉ်ပြီးသားမို့ ပူပန်ခြင်းတော့မဖြစ် မီးတုတ်ကိုင် ရဲမက်တို့က အလင်းရောင်ပေးသည့်တိုင် ညည်းသောတော၏ နှင်းထုထဲတွင် လူသွားလမ်းရေးရေးသည် မကြာခဏ ပျောက်၍သွားတတ်သည်။

အင်ကြင်းပန်းရနံ့များ သင်းခနဲ ရပြန်သည်။

မြင့်မားမည်းမှောင်သော သစ်ပင်ကြီးတို့သည် အင်ကြင်းပင်များတော့ ဟုတ်ဟန်မတူ။ သို့တိုင် လေထဲတွင် အင်ကြင်းပန်းရနံ့သည် သန့်ခနဲ သန့်ခနဲ မွှေးပျံ့လျက်။

ပြည်မင်းသားသည် မြင်းကိုအသော့နှင်ရာက ရပ်ကာ ဧရာမသစ်ပင်ကြီးများကို စူးစမ်းမိသည်။

ကညင်ပင်တို့ စုဝေးပေါက်ရောက်နေသည့် တောကြီးပင်။ ကညင်သီးများသည် အတောင်ပံလို သီးညှာပေါ်က အရွက်ပါးပါးတို့ဖြင့် စကြာကလေးများပမာ လေထဲ ဝဲ၍ဝဲ၍ ကြွေလာကြသည်။ တစ်စုံတစ်ယောက်က အပင်ပေါ်မှ လှုပ်၍လှုပ်၍ ချနေသည့်နှယ် တဖွဲဖွဲကြွေလာကြသည်။ မီးတိုင် အလင်းထဲတွင် လက်ခနဲဖြစ်လိုက် မှောင်မိုက်ထဲတွင် အနက်ရောင်ရဟတ်ကလေးများပမာ ဝဲကာကျလာကြသည်။

ကလေးဘဝတုန်းက ညီတော်နှင့်အတူ ဆရာတော့်ကျောင်းမှာ စာသင်ကြစဉ် ကညင်ပင်အိုကြီးမှ အသီးများ ကြွေကျတိုင်း မြေမကျမီ လုကာဖမ်းကြသည်ကို သတိရသည်။ မြင်းက ခွာရှပ်ကာ နှာမှုတ်နေသည်။ သည်တောသည်နေရာကို ကြိုက်ပုံမရ။

အင်ကြင်းပန်းနံ့ သင်းလာပြန်သည်။

အင်ကြင်းပင် မတွေ့ရ။ သင်းရနံ့က ဘယ်ကရသနည်း။

ထိုနေရာမှ လွန်ခဲ့လျှင် ရင်ခတ်ပင်ကြီးတစ်ပင် မီးတုတ်အရောင်ထဲတွင် ရွှေရောင် အပွင့်များဝေလျက်၊ မြေပေါ်မှာလည်း ကြွေလျက်။

နှင်းဖြင့် သိပ်သည်းသော မြေပြင်ကား မြင်းခွာသံထက် သစ်ရွက်ကြွေတို့ ထူထပ်သဖြင့် ရွက်ခြောက်ရွက်ကြွေတို့အသံသာ တဂျွမ်းဂျွမ်း မြည်နေသည်။ မြွေတွန်သံ စူးစူးရှည်ရှည်တစ်ချက်ကြားရသည်။

ခဏကြာလျှင် ဝါးတစ်ပြန်လောက်ရှည်သော ဧရာမမြွေနက်ကြီးတစ်ကောင် သစ်ရွက်ခြောက်တို့ပေါ် တရှဲရှဲ မြည်သံနှင့်အတူ ဖြတ်သန်းသွားသဖြင့် မြင်းက ရုတ်တရက်လန့်ပြီး ပတတ်ရပ်လိုက်သည်။

'ရော် ဘယ့်နှယ် တိမ်ပျံ၊ မြွေကိုပင် လန့်နေပြန်တယ်'

ပြည်မင်းသားက ပြောရင်း စိတ်ထဲမှာ ထိတ်ခနဲဖြစ်ကာ ခရီးရှည်မှာလားတွေးနေသည်။

ပြည်ကိုယ်တော်တွေးရင်း နောက်ကလိုက်ပါသည့် မြင်းနှင့် ရဲမက်များကို စောင့်သည်။ သစ်ခက်သစ်နွယ်များက လမ်းကို ပိတ်ဆီးနေပြန်သည်။ ရှေ့က ရဲမက်တို့ ဓားဖြင့်ရှင်းရင်း တဖြည်းဖြည်းချင်း သွားရပြန်သည်။

သွားနေကျလမ်းမဟုတ်။ ရွှေစက်တော်ဘုရားဆီသို့ အမြန်ဆုံးရောက်မည့် အတိုဆုံးလမ်းဆိုသော်လည်း တောကိုထွင်နေရသဖြင့် ခရီးမတွင်။ တောကြက်တစ်ကောင် သံရှည်ဆွဲ၍ တွန်လိုက်သည်။

သက်ကြီးခေါင်းချကြက်ပေပဲ။

တောကြက်များ ဆက်၍ဆက်၍ တွန်သည်။ အသံက စူးစူး။

တောင်ကုန်းတစ်ခုကို ကျော်လျှင် ချောင်းရေတသွင်သွင်ကို လရောင်မှာ မြင်ရသည်။

'မန်းချောင်းပါဘုရား'

နောက်ပါ လူတစ်ယောက်က ပြောသည်။ ကိုင်းတောကို ဖြတ်ကာ ချောင်းစပ်မှာ ခဏနားသည်။ ကျောက်စရစ်တွေပေါ် ဖြတ်စီးနေသော ရေစီးသံကြားရသည်။

မြင်းများပေါ်က ခေတ္တဆင်းကြသည်။ ကွင်းပြင်တွင် နှင်းထုဖြင့် ပြာပြာမှိုင်းလျက်။

ရေထဲတွင် လရောင်တလက်လက်။

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားကို သတိရသည်။

ချောင်းကိုဖြတ်လာသော လေက အေးစိမ့်လှသည်။ ထိုအခိုက် မြင်းများလန့်၍ ခုန်ကြပြန်သည်။

'ကျား ဟေ့၊ ကျားကျား'

ရဲမက်တစ်ယောက်၏ အော်သံ ကြားလိုက်ရသည်။

'ဘဇာဖြစ်သလဲ'

နောက်ဆုံးမှ ခပ်နှေးနှေး နှင်လာသော မြင်းနှင့် ရဲမက်ကို ကိုင်းတောထဲမှ ကျားက ခုန်၍ဆွဲလိုက်ခြင်းပင်။ လူရောမြင်းပါ လဲပြိုကျသွားပြီး ကျားကလူကို ဆွဲဖို့ ကြိုးစားစဉ် မြားတစ်စင်းက ကျား၏ လက်ပြင်ကို ထိုးဖောက်သွားသဖြင့် လူကို ဆက်မမဲတော့ဘဲ ကျားထွက်ပြေးသွားခဲ့သည်။

ကညင်ဆီမီးတိုင် အလင်းရောင်အောက်တွင် ကျားဆွဲခံရသည့် ရဲမက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းနှင့် ကျောပြင်တစ်ခုလုံး သွေးစက်စက်ကျလျက်။

ရဲမက်မှာ သတ္တိကောင်းသူဖြစ်၍ သတိတော့လစ်မသွား။ လမ်းပြ ချင်းရဲမက်၏ အဖော်သာ ဒူးလေးဖြင့် မပစ်နိုင်လျှင် ရဲမက်တစ်ယောက် ကျားစာဖြစ်မှာဧကန်။ ပြည်မင်းသားသည် ရဲမက်ကို ပွေ့ထူ၍ ပြုစုနေကြသော ရဲမက်များကို သူ့မြင်းကုန်းနှီးတွင် အမြဲချည်ထားတတ်သော သွေးတိတ်ဆေးတစ်ထုပ်ကို လှမ်းပေးသည်။

'ဒီဆေးက နန်းသုံးဆေးတော်ပဲ'

ဒဏ်ရာက မများသော်လည်း သွေးက တစိမ့်စိမ့်ထွက်နေခဲ့သည်။ ပါလာသော ဆေးများဖြင့် သိပ်၍ ဒဏ်ရာကို စည်းနှောင်ပေးကြသည်။ ဒဏ်ရာရ ရဲမက်၏ မြင်းမှာလည်း ခြေနာသွားသည်။

အနီးအနား ရွာဆက်ဝေးသဖြင့် ဘုရားရောက်မှသာ ပွဲတော်ရက်ဖြစ်သဖြင့် သက်ဆိုင်ရာကို ပြောပြဆေးကု ခိုင်းမည်ဟုဆိုကာ တခြား ရဲမက်၏ မြင်းပေါ် ပွေ့တင် ကြသည်။

ကျားသည် ထွက်ပြေးသွားပြီလား၊ ကိုင်းတောထဲက ထပ်၍ ချောင်းလေမလား စိုးရိမ်နေကြသည်။

'ဆိပ်လှူးမြားက လက်ပြင်ကို ထိသွားမင့်ဟာ လိုက်ဝံ့လောက်ပါဘူး'

ပြည်မင်းသား၏ ကိုယ်ရံတော် ရဲမက်မှူးက ပြောလိုက်သည်။

'အရှင်တို့ သွားနှင့်ပါ၊

ငါရှိ့
တပ်တော်ကို
ဒီထက်ပိုပြီး
သေနတ်
လက်နက်တွေ
တပ်ဆင်ပေးရမယ်
ခု
အခြေအနေနဲ့တော့
တကယ်လို့များ
ကုလားဖြူလူတွေ
တက်လာခဲ့ရင်
စေ့စေ့ညက်ညက်
ကြေသွားကြမှာပဲ
တို့ကျွမ်းတာက
ဓားရေးလှံရေး
အိမ်း
ခက်တော့
ခက်ပါသေးရဲ့

အကျွန်တို့ လူနာနဲ့ ဖြည်းဖြည်းလိုက်ပါ့မယ်'

'အိမ်း သို့သော်လည်း နောက်ထပ်ကျားရှိရှိရင် အဲလေ၊ တောကောင် ရှိ မရှိ မသိနိုင်တော့ အတူသွားကြသာပ'

ပြည်မင်းသားက လူနာလိုက်ပါလာသော မြင်းကို စောင့်ရင်းပြောလိုက်သည်။ မြင်းပေါ်မှ လူနာကို ရဲမက်တစ်ယောက်က ထိန်းရင်း ဖြည်းဖြည်းနှင်လာသည်။ ညည်းသံသဲ့သဲ့ကြောင့် သတိမလစ်ကြောင်း သိရသည်။

ရွှေစက်တော်ဘုရားသို့ ဖူးမြော်ဖို့လာစဉ် ဖဘုရားကို ခွင့်မပန်ခဲ့မိ။ နံနက် တပ်တော် ဖောင်တော်လှေတော်များ အချိန်မီထွက်နိုင်လျှင် ဖဘုရား မသိလောက်ပါဘူးတွေးနေမိသည်။

သည်လို ကျား နှင့် ရင်ဆိုင်တွေ့ရမည် ထင်မထားခဲ့။

ညငှက်တစ်ကောင်၏ ခပ်စူးစူးမြည်သံကို ကြားရသည်။ ညည်းသံသည် တစ်စတစ်စ ပို၍ ပို၍ ကျယ်လောင်လာသယောင်။ သွေးညှီနံ့က လေထဲမှာ ဝေ့လာသည်။ တစ်ခဏနှင့် ပျောက်သွားပြီး ကိုင်းတောများကို လေဝှေ့ယမ်းတိုက်သံ တရှဲရှဲ ကြားရသည်။ မြင်းများက မန်းချောင်း၏ သဲသောင်စပ်မှာ ခွာရှုပ်လျက်။

မြင်းများသည် ရေစပ်သို့ ရုတ်တရက် မဆင်းဘဲ ရပ်နေကြသည်။ ရုတ်တရက် ပြည်မင်းသား၏ မြင်း တိမ်ပုံက ဟီလိုက်သည်။ မြင်းက ရေထဲသို့ ဆင်းချင်ပုံမပေါ်။ လမ်းပြရဲမက်က...

'ဒီချောင်းက ရေမများပါဘုရား၊ ချောင်းအတိုင်း လိုက်သွားရင်လည်း နီးပါသယ် ဘုရာ့'

ချောင်းတစ်ဖက်ကမ်းတွင် တောခွေးများ၏ အူသံကြားရသည်။ မြင်းများ၏ အနံ့ကိုရသဖြင့် အသံစူးစူးဖြင့် ထိုးဟောင်ကြသည်။

မီးတုတ်အလင်းရောင်များကြောင့် အနီးသို့ မချဉ်းကပ်ဝံ့။ မြင်းများကို ကြိမ်တို့၍ ချောင်းထဲသို့ တဖြည်းဖြည်း ဆင်းလာကြသည်။ ရေမှာ မနည်းလှ။ မြင်းတို့၏ ပေါင်လယ်လောက်ထိရှိရာ အမြီးခါလိုက်တိုင်း ရေစက်များကြောင့် ရွှဲစိုသွားကြသည်။ ညလေအေးကလည်း တသွင်သွင်တိုက်နေရာ ရေရော လေကိုပါ ဆန်ရသကဲ့သို့ ရှိရာက တစ်ဖန် ပြန်၍ တိမ်သွားကာ မြင်းများ သက်သောင့်သက်သာ နှင်လာကြသည်။ ချောင်းကွေ့တွင် သဲသောင်ပေါ်သို့ တစ်ဖန် ရောက်ကြပြန်သည်။ ချောင်းစပ်တွင် လရောင်ဖြင့် မြင်ရသော လမ်းရေးရေးကို တွေ့သည်။ မကြာမီပင် ကင်းစခန်းတစ်ခုမှ ရဲမက်တို့ အော်ဟစ်မေးသံ ကြားရသည်။

'ရပ်'

'အသူတွေလဲ ရပ်လိုက်'

ပြည်မင်းသား၏ ရဲမက်မှူးက ရှေ့သို့ တိုးသွားပြီး—

'သားတော်ကြီး ပြည်မင်းသားနဲ့ နောက်ပါရဲမက်တွေပါ ရှောင်းရင်းတို့'

ပြည်မင်းသား၏ ရဲမက်မှူးက ဆက်၍-

'ကျုပ်တို့ ရွှေစက်တော်လာဖူးကြသာပါ၊ သားတော်ကြီး ပြည်မင်းသားနဲ့ ရဲမက်တော်တွေပါ။ တောကောင်ကိုက်ခံရသဲ့ လူနာပါလာ... ကူကြပါဦး'

အစောင့် ရဲမက်များက-

'အချိန်မတော် ကြ... ပြည်ကိုယ်တော်လှလို့ ... ရပါစေ'

ပြည်ကိုယ်တော်က ... သို့ နှင်လာပြီး သူတို့ ... သလိုကြည့်နေသော ... ကိုင် ရဲမက်ရှေ့ရပ်...

'ဒီမှာ မင်းပေး...

www.burmeseclassic.com

www.burmeseclassic.com

မြင်းပေါ်မှ လှမ်းကမ်း၍ မင်းပေးတံဆိပ်တော်ကို ပြသည်။ တံဆိပ်ကိုတစ်လှည့် မြင်းပေါ်ကမဆင်းသော ပြည်မင်းသားကိုတစ်လှည့်ကြည့်ပြီး တွေနေသည်။ အတန်ကြာ တွေပြီးမှ လက်အုပ်ချီကာ...

'သြော် ကိုယ်တော်ကြီးမင့်ကို၊ ဆိတ်စာ စိတ်မရှိပါနှင့်။ သလောက်ညကြီးမင်းကြီး တောထဲတောင်ထဲ'

ပြောပြောဆိုဆို ပင်သူတို့ တဲသို့ ဖိတ်ခေါ်၍ မ်းသာအားရပင် တင်းဝါးျားနှင့် ရေနွေးကြမ်းဆက်သကြသည်။ မြင်းများကို ခဏားစေပြီး မီးလှုံကြသည်။

'ဒီက ဝေးသေးသလား'

'မဝေးတော့ပါ ဘုရား၊ မ်းပြရဲမက် ထည့်လိုက်ပါ့ယ်'

တင်းဝါး(ကောက်ွင်းကျည်တောက်) အနံ့က ွေးနေသည်။ ရေနွေးပူပူသော် လက်ဖက်ခြောက် ပုတ်၊ ပေါက်ပွင့်ခြောက်ကို တ်ထားသည်။ လူနာကို ားတိုက်ပြီး တဲထဲမှာထား စီစဉ်သည်။

ကင်းတဲ၏ ဘေးတွင် ာက်စရစ်များကို ပုံထား ဝါးစည်းရိုးလေးခတ် သည်။ အစောင့်ရဲမက်မှာ ကိုကိုင်လျက် မီးဖိုလေး မှာ ရပ်နေသည်။ လေ က သူ့ခြုံစောင်ကို တဖျတ် တိုးနေသည်။ မီးဖိုက ျားမီးပေါက်သံ တဖြောင်း င်း မြည်နေသည်။

'အင်း သင်းရို့ တာဝန် ကြရှာသား'

ပြည်မင်းသားတွေးနေသည်။ သို့တိုင် ကင်းသားရဲမက်တို့မှာ မီးကျိုးမောင်းပျက် သေနတ် လက်နက်ပင်ရှိပုံမပေါ်။ ကုလားဖြူတို့က ရခိုင်ကို သိမ်းခဲ့ပြီ။ တနင်္သာရီလည်း သူ့လက်အောက်ရောက်ခဲ့ပြီ။ ဖဘုရားက ရန္တပိုစာချုပ်(ရန္တပိုရွာအနီးချုပ်ဆိုသည့် ဗြိတိသျှနှင့် ပထမစစ်ပွဲ ရပ်စဲရေးစာချုပ်)ကို အသိအမှတ်မပြုခဲ့။

ကျည်တစ်တောင့်ချင်းထွက်မည့် သေနတ်လက်နက်ပင် မတွေ့ရသော ကင်းစခန်းကလေး။ ပြည်ကိုယ်တော်ရင်မောသွားရသည်။ နယ်စပ်ကင်းစခန်းတွေကို ဦးစားပေးရလို့ထင်ရဲ့ စဉ်းစားနေသည်။ သူ့နောက်ပါလူများပင် သေနတ် လက်နက်ကိုင်ထားပါလျက် တောကောင်ကိုလေးနှင့် မြားသာသုံးပြီး ပစ်လိုက်သည့် အဖြစ်။

'ငါရို့ တပ်တော်ကို ဒီ့ထက်ပိုပြီး သေနတ် လက်နက်တွေ တပ်ဆင်ပေးရမယ်။ ခုအခြေအနေနဲ့တော့ တကယ်လို့များ ကုလားဖြူလူတွေ တက်လာခဲ့ရင် စေ့စေ့ညက်ညက် ကြေသွားကြမှာပဲ။ တို့ကျွမ်းတာက ဓားရေးလှံရေး။ အိမ်း ခက်တော့ခက်ပါသေးရဲ့။ နန်းတော်ထဲမှာနေ အမြောက်မြတပ္ပူတွေ ဝန်းရံနေတော့ ဒါတွေ မသိနိုင်ခဲ့ဘူး။ ဒဂုန်ကို ချီတော်မူလာတော့လည်း အထပ်ထပ် ဝန်းရံထားသဲ့တပ်တွေနဲ့ လုံခြုံနေသယောင်ရှိပေမဲ့ ကင်းစခန်းတွေကို မေ့လို့မဖြစ်ဘူး'

ဟုတွေးနေသည်။ ထိုအခိုက် ခြံစည်းရိုးဝါးတန်းပေါ်တက်ကာ ကြက်ဖကြီးတစ်ကောင်က တောင်ပံတဖျပ်ဖျပ်ခပ်ပြီး အားရပါးရတွန်လိုက်သည်။ သူ့တွန်သံနှင့် မရှေးမနှောင်းပင် တောကြက်တွန်သံများ ကြားရသည်။

ပြည်မင်းသားက-

'သန်းခေါင်ကြက်ပင်တွန်ချေပြီ သွားကြစို့ရဲ့'

လရောင်ရေးရေး လမ်းအတိုင်း မြင်းများ ခပ်သွက်သွက် နှင်လာသည်။ နှင်းငွေ့တွေ ဝေနေသည်။ အင်ကြင်းပန်းရနံ့တွေက ပို၍ ပို၍ ထုံသင်းလာခဲ့သည်။

❑

၃။

ပွဲတော်ရက်မို့ လှည်းဝိုင်းများကို တွေ့ရသည်။

လှည်းဝိုင်းများဘေးတွင် စောင်ကြီးတွေခြုံပြီး မီးလှုံသူ လှုံနေကြသည်။ မြင်းများကို ဝါးကပ်များခင်းထားသော ဝါးတံတားအတိုင်း ခပ်ဖြည်းဖြည်း စီးလာခဲ့ကြသည်။ လရောင်တွင် မှိုင်းသောတောင်ထိပ်ပေါ်မှ မီးရောင်ပျပျ။

ချောင်းရေက ညင်သာစွာ စီးဆင်းနေသည်။

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားကို ကြားယောင်လာသည်။ ပြည်ကိုယ်တော်နှင့် ပခန်းမင်းသားတို့ ညီနောင်နှစ်ပါး ငယ်စဉ်ကပင် သူတို့၏ အကြီးတော်က ရွှေစက်တော်သွားတောလားနှင့် အခြားရတု လင်္ကာများကို ရွတ်ဆိုပြလေ့ရှိခဲ့သည်။ ဆရာတော်က ဆပ်ပြာစမ်းက ချိုးငှက်မဖိုကိုပင်မချန် ဖွဲ့နိုင်လွန်းလှသည်။

ရေစီးသံနှင့် ဆောင်း၏ နှင်းမှုန်ဝိုးတဝါးကြား မမြင်တစ်ဝက် မြင်တစ်ဝက်ဖြင့်ပင် တောင်စွယ်တောင်ထွတ်များ။

အင်ကြင်းတောအုပ်ဆီမှ ရိုးတံနီနီ ပန်းအင်ကြင်းတို့၏ မွှေးထုံသင်းပျံ့ရနံ့ရှူးရှူး။

တစ်စုံ တစ်ခု သောဘဝ၊ တစ်စုံတစ်ခုသောကမ္ဘာက ရောက်ခဲ့နေခဲ့ဖူးရာ နေရာဟောင်းတစ်ခုအလား ခံစားနေရသည်။ သို့သော်လည်း နှင်းထဲမြူထဲက ဝေ့လွင့်ပျံ့လာသော ချောင်း၏ ရေခိုးရေငွေ့လား၊ မီးဖိုတို့ဆီမှ မီးခိုးမျှင်တစ်စလေလား သူ့မြင်းရှေ့မှ ခပ်ဖြူဖြူ ခပ်ပါးပါး အငွေ့အမျှင်တန်းတစ်ခုကို မြင်မိသလိုလို။ ရဲမက်တော်တို့၏ ကညင်ဆီမီးတိုင်မှ မီးခိုးငွေ့ပေပဲလား ဝေခွဲမရ။

ချောင်းတစ်ဖက်တွင် ခုံညား ဝ,ဖြိုးသော မင်းစိုးရာဇာတစ်ဦးက အဖော်အပေါင်းများ၊ ရဲမက်များနှင့် အတူစောင့်ကြိုနေခဲ့သည်။

'ပွဲတော်ကို အုပ်ချုပ်သဲ့ ပန်းဖယ်ရွာစားပါဘုရား။

'ကင်းစခန်းက အကြောင်းကြားလို့ ကြိုရပါသယ်ဘုရား'

ရှိခိုးဦးတင်လျက် လိုက်လဲ့စွာ ကြိုဆိုနေကြသည်။ လက်တွေထဲတွင်လည်း အင်ကြင်းပန်းခိုင်တွေ၊ တောပန်းတောင်ပန်း သစ်ခွ၊ ဂမုန်းခိုင်တွေနှင့်။

'အရှင်တို့ ဘုရား ပူဇော်ဖို့ပါ၊ အောက်စက်တော် အရှင်ဖူးပါဘုရား။ ိုယ်

www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းနှင့် ကျောပြင်တစ်ခုလုံး သွေးစက်စက်ကျလျက်။

ရဲမက်မှာ သတ္တိကောင်းသူဖြစ်၍ သတိတော့လစ်မသွား။ လမ်းပြ ချင်းရဲမက်၏ အဖော်သာ ဒူးလေးဖြင့် မပစ်နိုင်လျှင် ရဲမက်တစ်ယောက် ကျားစာဖြစ်မှာ ဇကန်။ ပြည်မင်းသားသည် ရဲမက်ကို ပွေ့ထူ၍ ပြုစုနေကြသော ရဲမက်များကို သူ့မြင်းကုန်းနှီးတွင် အမြဲချည်ထားတတ်သော သွေးတိတ်ဆေးတစ်ထုပ်ကို လှမ်းပေးသည်။

"ဒီဆေးက နန်းသုံးဆေးတော်ပဲ"

ဒဏ်ရာက မများသော်လည်း သွေးက တစိမ့်စိမ့် ထွက်နေခဲ့သည်။ ပါလာသော ဆေးများဖြင့် သိပ်၍ ဒဏ်ရာကို စည်းနှောင်ပေးကြသည်။ ဒဏ်ရာရ ရဲမက်၏ မြင်းမှာလည်း ခြေနာသွားသည်။

အနီးအနား ရွာဆက်ဝေးသဖြင့် ဘုရားရောက်မှသာ ပွဲတော်ရက်ဖြစ်သဖြင့် သက်ဆိုင်ရာကို ပြောပြဆေးကု ခိုင်းမည်ဟုဆိုကာ တခြား ရဲမက်၏ မြင်းပေါ် ပွေ့တင် ကြသည်။

ကျားသည် ထွက်ပြေးသွားပြီလား၊ ကိုင်းတောထဲက ထပ်၍ ချောင်းလေမလား စိုးရိမ်နေကြသည်။

"ဆိပ်လူးမြားက လက်ပြင်ကို ထိသွားမင့်ဟာ လိုက်ဝံ့လောက်ပါဘူး"

ပြည်မင်းသား၏ ကိုယ်ရံတော် ရဲမက်မှူးက ပြောလိုက်သည်။

"အရှင်တို့ သွားနှင့်ပါ၊

ငါရို့
တပ်တော်ကို
ဒီ့ထက်ပိုပြီး
သေနတ်
လက်နက်တွေ
တပ်ဆင်ပေးရမယ်
ခု
အခြေအနေနဲ့တော့
တကယ်လို့များ
ကုလားဖြူရူတွေ
တက်လာခဲ့ရင်
စေ့စေ့ညက်ညက်
ကြေသွားကြမှာပဲ
တို့ကျွမ်းတာက
ဓားရေးလှံရေး
အိမ်း
ခက်တော့
ခက်ပါသေးရဲ့

အကျွန်တို့ လူနာနဲ့ ဖြည်းဖြည်း လိုက်ပါ့မယ်"

"အိမ်း သို့သော်လည်း နောက်ထပ်ကျားရဲရှိရင် အဲလေ၊ တောကောင် ရှိ မရှိ မသိနိုင်တော့ အတူသွားကြသာပ"

ပြည်မင်းသားက လူနာလိုက်ပါလာသော မြင်းကို စောင့်ရင်းပြောလိုက်သည်။ မြင်းပေါ်မှ လူနာကို ရဲမက်တစ်ယောက်က ထိန်းရင်း ဖြည်းဖြည်းနှင်လာသည်။ ညည်းသံသဲ့သဲ့ကြောင့် သတိမလစ်ကြောင်း သိရသည်။

ရွှေစက်တော်ဘုရားသို့ ဖူးမြော်ဖို့လာစဉ် ဖဘုရားကို ခွင့်မပန်ခဲ့မိ။ နံနက် တပ်တော် ဖောင်တော်လှေတော်များ အချိန်မီထွက်နိုင်လျှင် ဖဘုရား မသိလောက်ပါဘူးတွေးနေမိသည်။

သည်လို ကျားနှင့် ရင်ဆိုင်တွေ့ရမည် ထင်မထားခဲ့။

ညဥ့်ငှက်တစ်ကောင်၏ ခပ်စူးစူးမြည်သံကို ကြားရသည်။ ညည်းသံသည် တစ်စတစ်စ ပို၍ ပို၍ ကျယ်လောင်လာသယောင်။ သွေးညှီနံ့က လေထဲမှာ ဝေ့လာသည်။ တစ်ခဏနှင့် ပျောက်သွားပြီး ကိုင်းတောများကို လေဝှေ့ယမ်းတိုက်သံ တရှဲရှဲ ကြားရသည်။ မြင်းများက မန်းချောင်း၏ သဲသောင်စပ်မှာ ခွာရှပ်လျက်။

မြင်းများသည် ရေစပ်သို့ ရုတ်တရက် မဆင်းဘဲ ရပ်နေကြသည်။ ရုတ်တရက် ပြည်မင်းသား၏ မြင်း တိမ်ပျံ့က ဟီလိုက်သည်။ မြင်းက ရေထဲသို့ ဆင်းချင်ပုံမပေါ်။ လမ်းပြရဲမက်က...

"ဒီချောင်းက ရေမများပါဘူးရား၊ ချောင်းအတိုင်း လိုက်သွားရင်လည်း နီးပါသယ် ဘုရာ့"

ချောင်းတစ်ဖက်ကမ်းတွင် တောခွေးများ၏ အူသံကြားရသည်။ မြင်းများ၏ အနံ့ကိုရသဖြင့် အသံစူးစူးဖြင့် ထိုးဟောင်ကြသည်။

မီးတုတ်အလင်းရောင်များကြောင့် အနီးသို့ မချဉ်းကပ်ဝံ့။ မြင်းများကို ကြိမ်တို့၍ ချောင်းထဲသို့ တဖြည်းဖြည်း ဆင်းလာကြသည်။ ရေမှာ မနည်းလှ။ မြင်းတို့၏ ပေါင်လယ်လောက်ထိရှိရာ အမြီးခါလိုက်တိုင်း ရေစက်များကြောင့် ရွှဲစိုသွားကြရသည်။ ညလေအေးကလည်း တသွင်သွင်တိုက်နေရာ ရေကိုရော လေကိုပါ ဆန်ရသကဲ့သို့ ရှိရာက တစ်ဖန် ပြန်၍ တိမ်သွားကာ မြင်းများ သက်သောင့်သက်သာ နှင်လာကြသည်။ ချောင်းကွေ့တွင် သဲသောင်ပေါ်သို့ တစ်ဖန် ရောက်ကြပြန်သည်။ ချောင်းစပ်တွင် လရောင်ဖြင့် မြင်ရသော လမ်းရေးရေးကို တွေ့သည်။ မကြာမီပင် ကင်းစခန်းတစ်ခုမှ ရဲမက်တို့ အော်ဟစ်မေးသံ ကြားရသည်။

"ရပ်"

"အသူတွေလဲ ရပ်လိုက်"

ပြည်မင်းသား၏ ရဲမက်မှူးက ရှေ့သို့ တိုးသွားပြီး...

"သားတော်ကြီး ပြည်မင်းသားနဲ့ နောက်ပါရဲမက်တွေပါ ရောင်းရင်းတို့"

ပြည်မင်းသား၏ ရဲမက်မှူးက ဆက်၍-

"ကျုပ်တို့ ရွှေစက်တော်လာဖူးကြသာပါ၊ သားတော်ကြီး ပြည်မင်းသားနဲ့ ရဲမက်တော်တွေပါ။ တောကောင်ကိုက်ခံရသဲ့ လူနာပါလာ ကူကြပါဦး"

အစောင့် ရဲမက်မှူးက-

"အချိန်မတော် ကြ... ပြည်ကိုယ်တော်လူလို့ ... ရပါစ့်"

ပြည်ကိုယ်တော်က... သို့ နှင်လာပြီး သူတို့ကို... သလိုကြည့်နေသော မီး... ကိုင် ရဲမက်ရှေ့ ရပ်...

"ဒီမှာ မင်းပေး...

www.burmeseclassic.com

www.burmeseclassic.com

မြင်းပေါ်မှ လှမ်းကမ်း၍ မင်းပေးတံဆိပ်တော်ကို ပြသည်။ တံဆိပ်ကိုတစ်လှည့် မြင်းပေါ်ကမဆင်းသော ပြည်မင်းသားကိုတစ်လှည့်ကြည့်ပြီး တွေနေသည်။ အတန်ကြာ တွေပြီးမှ လက်အုပ်ချီကာ…

'သြော် ကိုယ်တော်ကြီးမင့်ကို၊ ဆိတ်စာ စိတ်မရှိပါနှင့်။ သလောက်ညကြီးမင်းကြီး တောထဲတောင်ထဲ'

ပြောပြောဆိုဆို ပင်သူတို့ တဲသို့ ဖိတ်ခေါ်၍ ဝမ်းသာအားရပင် တင်းဝါးများနှင့် ရေနွေးကြမ်းဆက်သကြသည်။ မြင်းများကို ခဏနားစေပြီး မီးလှုံကြသည်။

'ဒီက ဝေးသေးသလား'

'မဝေးတော့ပါ ဘုရား၊ လမ်းပြရဲမက် ထည့်လိုက်ပါ့မယ်'

တင်းဝါး(ကောက်ညှင်းကျည်တောက်) အနံ့က မွှးနေသည်။ ရေနွေးပူပူ ...ို့သော် လက်ဖက်ခြောက် ...ဟုတ်၊ ပေါက်ပွင့်ခြောက်ကို ...တ်ထားသည်။ လူနာကို ...အားတိုက်ပြီး တဲထဲမှာထား...ို့ စီစဉ်သည်။

... ကင်းတဲ၏ ဘေးတွင် ...ချာက်စရစ်များကို ပုံထား... ဝါးစည်းရိုးလေးခတ်...းသည်။ အစောင့်ရဲမက်မှာ ...ကိုကိုင်လျက် မီးဖိုလေး...ီးမှာ ရပ်နေသည်။ လေ...ိုက သူ့ခြံစောင်ကို တဖျတ်... တိုးနေသည်။ မီးဖိုက ...ားမီးပေါက်သံ တဖြောင်း...င်း မြည်နေသည်။

...'အင်း သင်းရို့ တာဝန် ...ကြီးရှာသား'

...ပြည်မင်းသားတွေးနေသည်။ သို့တိုင် ကင်းသားရဲမက်တို့မှာ မီးကျိုးမောင်းပျက် သေနတ် လက်နက်ပင် ရှိပုံမပေါ်။ ကုလားဖြူတို့က ရခိုင်ကို သိမ်းခဲ့ပြီ။ တနင်္သာရီလည်း သူ့လက်အောက်ရောက်ခဲ့ပြီ။ ဖဘုရားက ရန္တပိုစာချုပ်(ရန္တပိုရွာအနီးချုပ်ဆိုသည့် ဗြိတိသျှနှင့် ပထမစစ်ပွဲ ရပ်စဲရေးစာချုပ်)ကို အသိအမှတ်မပြုခဲ့။

ကျည်တစ်တောင့်ချင်းထွက်မည့် သေနတ်လက်နက်ပင် မတွေ့ရသော ကင်းစခန်းကလေး။ ပြည်ကိုယ်တော်ရင်မောသွားရသည်။ နယ်စပ်ကင်းစခန်းတွေကို ဦးစားပေးရလို့ထင်ရဲ့ စဉ်းစားနေသည်။ သူ့နောက်ပါလူများပင် သေနတ် လက်နက်ကိုင်ထားပါလျက် တောကောင်ကိုလေးနှင့်မြားသာသုံးပြီး ပစ်လိုက်သည့် အဖြစ်။

'ငါရို့ တပ်တော်ကို ဒီ့ထက်ပိုပြီး သေနတ် လက်နက်တွေ တပ်ဆင်ပေးရမယ်။ ခုအခြေအနေနဲ့တော့ တကယ်လို့များ ကုလားဖြူလူတွေ တက်လာခဲ့ရင် စေ့စေ့ညက်ညက် ကြေသွားကြမှာပဲ။ တို့ကျွမ်းတာက ဓားရေးလှံရေး။ အိမ်း ခက်တော့ခက်ပါသေးရဲ့။ နန်းတော်ထဲမှာနေ အမြောက်မြတပူတွေ ဝန်းရံနေတော့ ဒါတွေ မသိနိုင်ခဲ့ဘူး။ ဒဂုန်ကို ချီတော်မူလာတော့လည်း အထပ်ထပ်ဝန်းရံထားသဲ့တပ်တွေနဲ့ လုံခြုံနေသယောင်ရှိပေမဲ့ ကင်းစခန်းတွေကို မေ့လို့မဖြစ်ဘူး'

ဟုတွေးနေသည်။ ထိုအခိုက် ခြံစည်းရိုးဝါးတန်းပေါ်တက်ကာ ကြက်ဖကြီးတစ်ကောင်က တောင်ပံတဖျပ်ဖျပ်ခပ်ပြီး အားရပါးရတွန်လိုက်သည်။ သူ့တွန်သံနှင့် မရှေးမနှောင်းပင် တောကြက်တွန်သံများ ကြားရသည်။

ပြည်မင်းသားက-

'သန်းခေါင်ကြက်ပင်တွန်ချေပြီ သွားကြစို့ရဲ့'

လရောင်ရေးရေး လမ်းအတိုင်း မြင်းများ ခပ်သွက်သွက် နှင်လာသည်။ နှင်းငွေ့တွေ ဝေနေသည်။ အင်ကြင်းပန်းရနံ့တွေက ပို၍ ပို၍ ထုံသင်းလာခဲ့သည်။

❑

၃။

ပွဲတော်ရက်မို့ လှည်းဝိုင်းများကို တွေ့ရသည်။

လှည်းဝိုင်းများဘေးတွင် စောင်ကြီးတွေခြုံပြီး မီးလှုံသူ လှုံနေကြသည်။ မြင်းများကို ဝါးကပ်များခင်းထားသော ဝါးတံတားအတိုင်း ခပ်ဖြည်းဖြည်း စီးလာခဲ့ကြသည်။ လရောင်တွင် မှိုင်းသော တောင်ထိပ်ပေါ်မှ မီးရောင်ပျပျ။

ချောင်းရေက ညင်သာစွာ စီးဆင်းနေသည်။

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလား ကို ကြားယောင်လာသည်။ ပြည်ကိုယ်တော်နှင့် ပခန်းမင်းသားတို့ ညီနောင်နှစ်ပါး ငယ်စဉ်ကပင် သူတို့၏ အကြီးတော်က ရွှေစက်တော်သွားတောလားနှင့် အခြားရတု လင်္ကာများကို ရွတ်ဆိုပြလေ့ရှိခဲ့သည်။ ဆရာတော်က ဆပ်ပြာစမ်းက ချိုးငှက်မဖိုကို ပင်မချန် ဖွဲ့နိုင်လွန်းလှသည်။

ရေစီးသံနှင့် ဆောင်း၏ နှင်းမှုန်ဝိုးတဝါးကြား မမြင်တစ်ဝက် မြင်တစ်ဝက်ဖြင့်ပင် တောင်စွယ်တောင်ထွတ်များ။

အင်ကြင်းတောအုပ်ဆီမှ ရိုးတံနီနီ ပန်းအင်ကြင်းတို့၏ မွှေးထုံသင်းပျံ့ရနံ့ရှူးရှူး။

တစ်စုံတစ်ခုသောဘဝ၊ တစ်စုံတစ်ခုသောကမ္ဘာက ရောက်ခဲ့နေခဲ့ဖူးရာ နေရာဟောင်းတစ်ခုအလား ခံစားနေရသည်။ သို့သော်လည်း နှင်းထဲမြူထဲက ဝေ့လွင့်ပျံ့လာသော ချောင်း၏ ရေခိုးရေငွေ့လား၊ မီးဖိုတို့ဆီမှ မီးခိုးမှျင်တစ်စလေလား သူ့မြင်းရှေ့မှ ခပ်ဖြူဖြူ ခပ်ပါးပါး အငွေ့အမျှင်တန်းတစ်ခုကို မြင်မိသလိုလို။ ရဲမက်တော်တို့၏ ကညင်ဆီမီးတိုင်မှ မီးခိုးငွေ့ပေပဲလား ဝေခွဲမရ။

ချောင်းတစ်ဖက်တွင် ခံ့ညား ဝ,ဖြိုးသော မင်းစိုးရာဇာတစ်ဦးက အဖော်အပေါင်းများ၊ ရဲမက်များနှင့် အတူ စောင့်ကြိုနေခဲ့သည်။

'ပွဲတော်ကို အုပ်ချုပ်သဲ့ ပန်းဖယ်ရွာစားပါဘုရား။

'ကင်းစခန်းက အကြောင်းကြားလို့ ကြိုရပါသယ်ဘုရာ့'

ရှိခိုးဦးတင်လျက် လှိုက်လှဲစွာ ကြိုဆိုနေကြသည်။ လက်တွေထဲတွင်လည်း အင်ကြင်းပန်းခိုင်တွေ၊ တောပန်းတောင်ပန်း သစ်ခွ၊ ဂမုန်းခိုင်တွေနှင့်။

'အရှင်တို့ ဘုရား ပူဇော်ဖို့ပါ၊ အောက်စက်တော်ရာ အရှင်ဖူးပါဘုရား။ ကိုယ်

www.burmeseclassic.com

တော်တို့ ယခုလို ကြွချီတော်မူလာသာ အင်မတန် ဝမ်းမြောက်မိပါ ဘုရား’

‘မိုးမသောက်ခင် အမြန်ပြန်ရမှာမို့ ဘဇာမျှ ဧည့်ဝတ်မပြုစေချင်ဘူး’

‘မှန်ပါ၊ ဘုရား ပူဇော်ဖို့ ပန်းဆီမီးရေချမ်း အရန်သင့်ပါ ဘုရား’

‘ကျေးဇူးတင်သယ် ရှာစားမင်း။ သာနှင့် သင်တို့ဆီမှာ ကျားရဲလှပါကလား’

‘မှန်ပါ၊ တမြန်နေ့ကပဲ ပွဲတော်လာ လှည်းတစ်စီးက လှည်းသမားတစ်ယောက်ကို ချီသွားသေးတယ်၊ လိုက်ကြပေမဲ့ ရှာမရတော့ပါဘုရား’

‘ထိုဟင်းမျိုး ဖြစ်လေမလား၊ ကျွန်ုပ်တို့လူကိုဆွဲသာ’

ကိုယ်ရံတော်က ဝင်၍ ပြောလိုက်သည်။

‘မှန်ပါ၊ ဟုတ်မယ်ထင်ပါ့ ဗိုလ်မင်း’

ပြည်မင်းသားက-

‘ကျားရဲရင် ပွဲတော်မစည်ဘဲနေမှာပ။ ကျားဖြစ်ဖြစ် ဟင်းမျိုးပဲဆိုဆို ထိုသတ္တဝါကို နှိမ်ပါဦး။

‘ဆိပ်လူးမြွားဒဏ်မိသွားတော့ ရှင်ချင်မှလည်းရှင်မယ်။ တခြား တောကောင်တွေက လူတွေအန္တရာယ်မပြုအောင် စောင့်ရှောက်ပေါ့၊ တောကလည်း အထူသား’

ထို့နောက်-

‘နံနက်ကျရင် ထိုသတ္တဝါ မြားစာမိထားသဲ့ အကောင်ကို ရှာပါဦး’

‘မှန်ပါ၊ ကျားဆိုတိုင်းလည်း သည်အရပ်ဆီမှာ မသတ်မညှစ်ရဲကြပါဘုရား’

‘ဘဇာကြောင့်လဲ’

သံသယတစ်စ
ရင်ထဲ
ဝင်လာပြန်သည်
နေပါဦး
သည်မင်းသားက
ဘယ်ခဆီ
ခြေတော်ဦး
လှည့်နေသလဲ
ထန်းတောထဲသွား
သေရည်မူးနေသယ်
ပြောရအောင်လည်း
သေသောက်ကြူးသူ
မဟုတ်
ခက်နေကပြီ

‘နတ်ကျားဖြစ်ရင် ခက်မယ်ဘုရာ့’

‘သာတွေက အစွဲအလမ်းထင်ပ၊ တော သာလောက်ထူသာ ကျားရှိသာ မဆန်းပါဘူးလေ’

လေညင်းတစ်ချက် သွေးလိုက်သည်။ အအေးဓာတ်က ခိုက်ခိုက်တုန်စေသည်။

‘အိမ်း သို့ပေမဲ့ ပွဲတော်လာတွေကို စောင့်ရှောက်ရမယ့်ဝတ္တရားကိုတော့ မပေါ့လေနဲ့’

အောက်စက်တော်ရာ တန်ဆောင်းထဲသို့ ဝင်ကာ ဝတ်ပြုကြသည်။

ပန်းများကို ပန်းအိုးများထဲသို့ ထိုးကပ်လှူကာ သံသရာဝဋ်ဆင်းရဲမှ လွတ်ရစေကြောင်း ဆုတောင်းမိသည်။

ပျားဖယောင်းများ အလင်းရောင်ထဲတွင် မြတ်စွာဘုရား၏ ခြေတော်ရာမှ စက်လက္ခဏာတော်များကို ထပ်မံကန်တော့သည်။ ကုသိုလ်အဖို့ ဘာဂကို ကျေးဇူးရှင်ဖဘုရား၊ ကြင်ဖက်တော်ပြည်ထိပ်တင်နှင့် သားတော်များ၊ ပြီးတော့ ရင်ထဲမှာ ဖျတ်ခနဲ လှုပ်ရှားသွားပြီးမှ ဖဘုရား၏ ကြင်ဖက်တော် မိထွေးတော် အနောက်နန်းမိဖုရားကိုပါ အမျှပေးဝေဖြစ်သည်။

လရောင်ကဖျော့၍ လာချေပြီ။ ညဉ့်၏ အမှောင်ထုထဲတွင် အထက်စက်တော်ရာဆီမှ မီးရောင်တချို့က လက်ယပ် ခေါ်နေသယောင်။ အချိန်မနှောင်းခင်ပြန်မှုဆိုသော စိတ်ကို အထက်စက်တော်ရာကိုပါ ရောက်တုန်းဖူးချင်စိတ်က လွန်ဆွဲနေခဲ့သည်။ ပန်းဖယ်ရှာစားကလည်း-

‘အရှင့်သား၊ တောင်ပေါ်က အထက်စက်တော်ရာ ဖူးသွားပါဦးဘုရာ့၊ ရောက်ခဲလှဘိခြင်း’

တောင်ပေါ်သို့ တက်လျှင် လင်းအရုဏ်သို့ ချဉ်းလေတော့မလား။ နံနက်ဖဘုရား မျက်နှာသစ်တော်ရေသုံးပြီးလျှင် စောစီးစွာထွက်ခွာမည်ဟု မိန့်ထားခဲ့သည်။ စိတ်က တွန့်ဆုတ်နေမိသည်။ အတန် ကြာတွေပြီးမှ ‘ဟယ် ကုသိုလ်ရေးပဲ၊ စဉ်းငယ်နောက်ကျရုံနဲ့တော့ အပြစ်မဖြစ်တန်ပါဘူး’

နောက်ဆုံးတော့ အရုဏ်ကြက်တွန်သံနှင့် မရှေးမနှောင်းပင် တောင်ပေါ်သို့ ရောက်ကာ အထက်စက်တော်ရာ ဖူးကြသည်။

တောင်ပေါ်မှ ကြည့်လျှင် ကြယ်များသည် ဖိတ်ဖိတ်လက်လျက်။

သောကြာကြယ်ကြီးကို အနောက်ဘက် ကောင်းကင်တွင် ထင်ရှားစွာမြင်ရသည်။ လသည် အနောက်ဘက်ကောင်းကင်တွင် ကြည်လင်စွာသာနေခဲ့သည်။ အောက်ခြေတွင် တဲကျောင်းတချို့နှင့် လှည်းဝိုင်းမည်းမည်းများ၏ မီးဖိုများဆီမှ မီးရောင်တရဲရဲ။

ဘေးပတ်ဝန်းကျင် တောင်ကုန်းများမှာ ထူထပ်သော တောတို့ဖြင့် မှောင်နေသည်။ ဆောင်းနှင်းလေညင်းက တသုန်သုန်တိုက်ခတ်လျက်၊ ပန်းရနံ့များက တသင်းသင်း၊ ပျားဖယောင်းနံ့များက ချိုအီအီ။ ပျားဖယောင်းတိုင်တို့မှ မီးတောက်များက ငြိမ်းလုငြိမ်းလုနှင့် လေဖေ့တိုင်း မှောင်လိုက်လင်းလိုက်။

မြတ်စွာဘုရား၏ ခြေတော်ရာကို ဖူးစဉ် ရင်ထဲမှာ ကြည်နူးဆွတ်ပျံ့စွာ ခံစားရသည်။ သို့တိုင် ဘာရယ်မသိသော စိုးရွံ့စိတ်က အင်ကြင်းပန်းရနံ့တို့ သင်းပျံ့လာတိုင်း ခံစားမိပြန်သည်။

ပန်းရေချမ်းကပ်လှူစဉ် ဒဂုန်သို့ စုန်မလာကြမီ နေပြည်တော်မှာ အိမ်ရှေ့အိမ်တော် ဆောက်နေကြပြီဖို့ သတိရသည်။ ညီတော်ပခန်းမင်းက ‘သည်အိမ်တော်ဟာ လွတ်လက်မင်းသားကြီး

www.burmeseclassic.com

တစ်ပါးလည်းဖြစ်၊ ဖဘုရား လက်ရုံးသားတော်ကြီးလည်း ဖြစ်သဲ့ နောင်တော်အတွက်ပါ' ဆိုသောအသံကို ကြားယောင်သည်။ အကယ်၍ အိမ်ရှေ့စံသာဖြစ်ခဲ့လျှင် သည်အထက် စက်တော်ရာကို ယခုလို ဝါးကပ်မိုး၊ ဝါးကပ်ကာနှင့် မြေသားကို ထွင်းထားသည့် လှေကားနှင့် စောင်းတန်းမျိုး မဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ စောင်းတန်းကြီး တစ်ခု လှူလိုပါဘိ။ မိထွေးတော် အနောက်နန်းမိဖုရား ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ စောင်းတန်းတစ်ခု လှူခဲ့သလိုပဟု တွေးမိသည်။

ပန်းအိုးထဲ ကပဲလား၊ တောအုပ်မှောင်မှောင်တွေဆီကပဲလား အင်ကြင်းပန်းရနံ့က မူးတူးမင်တင် ဖြစ်ချင်စဖွယ်။ ခေါ်သံတစ်ခုခု ကြားလိုက်သလို ခံစားလိုက်ရပြီး မိုက်ခနဲဖြစ်သွားသည်။ ကိုယ်ရံတော်က သူ့ကို ညင်သာစွာတွဲလိုက်သည်။

'ကိုယ်တော်ဘုရား နောက်ကျပါတော့မယ်ဘုရား'

ကင်းစခန်းတွင် ထားခဲ့သော ဒဏ်ရာရ ရဲမက်ကို ...နီးဖယ်ရွာစားက ဆက်လက်ပြုစုပေးဖို့ အပ်နှံကာ သက်သာလျှင်သက်သာချင်း ပြည်ကိုယ်တော်တို့ လှေတပ်ချီရာ ဆိပ်ကမ်းစုံစမ်းပြီး လိုက်ပို့ရန် ...ခဲ့သည်။

'မသက်သာသေးရင်တော့ နေပြည်တော်ရောက်မှ ...ပေတော့'

ဆေးကုရန် အသပြာနှင့် ...ခအတွက် မြကျောက် ...လက်စွပ်ကို ချွတ်၍ ပေးသည်။ ထို့နောက်တော့ မြင်းများကို အပြင်းနှင်ကာ ပြန်လာခဲ့ကြသည်။

❑

## ၄။

မင်းတရားကြီး မျက်နှာသစ်တော်ရေ သုံးဆောင်ပြီးချိန်ထိ တပ်တော်ကြီးမှာ မရွေ့သေးပေ။ တပ်ထွက်စည်သံ၊ မောင်းသံလည်း မကြားရ။ နံနက်ခင်း၏ နေရောင်ခြည်နုနုက ဧရာဝတီမြစ်၏ သဲသောင်ခုံများနှင့် ကမ်းစပ်သစ်ပင်များပေါ်သို့ ကျရောက်ခဲ့လေပြီ။ တပ်တော်တို့၏ တံခွန်အလံများကား မနက်ခင်း လေနုလေအေးကြောင့် တဖျပ်ဖျပ်လှုပ်လျက်။ နေရောင်တွင် မင်းမှူးမတ်စီးဖောင်တော်တို့၏ ရွှေရောင်ငွေရောင်တလက်လက်။ လှေတော်ဖောင်တော်များ၏ အရိပ်က ကြည်လင်သော ရေထဲတွင် ထင်ဟပ်လျက်။ ပြာလဲ့လဲ့ ကောင်းကင်တွင် တိမ်ငါးကြင်းကွက်များထ,နေသည်။ ဟသ်ာတစ်အုပ် ပျံသွားကြသည်။

'နံနက်ပွဲတော်စာပါဘုရား'

ပုဂံမင်းသား၏ မိခင်ခေါင်ဘုရားဧကရီက ကောင်းနိုးရာရာပွဲတော်စာများကို ရှေ့တော်သို့ ယူလာစေခဲ့သည်။

'အိမ်း ထားလိုက်'

'ငထင်··· ငထင်၊ အစ်ကိုကြီး ဘယ်မလဲ၊ ကိုယ်တော်တို့ ဘဇာကြောင့် မထွက်သေးသလဲ'

ဘုရင်မင်းမြတ် စိတ်တော်မကြည်တော့။ သူ့ကိုယ်ရံတော် မင်းထင်လကျ်ာ၏ ငယ်မည်ကို ခေါ်၍ မေးသည်။ အစ်ကိုကြီးဆိုသည် သားတော်အကြီးဆုံးလည်းဖြစ် တပ်တော်တို့ကို အုပ်ချုပ်သော ဗိုလ်ချုပ်လည်းဖြစ်သော ပြည်မင်းသားကို မေးလိုက်ခြင်းဖြစ်သည်။

မနက်စောစောပင် ဆန်တက်ကြဖို့ မိန့်ကြားထားပါလျက် ဘဇာကြောင့် နှောင့်နှေးနေရသနည်း။ ငထင်ခေါ် မင်းထင်လကျ်ာက လက်အုပ်ချီပြီး ရှေ့တော်မှ ထွက်ခွာသွားခဲ့သည်။ မိဖုရားကြီးမှာ အရိပ်အခြည်ကို အကဲခတ်နေခဲ့သည်။ မိဖုရားကြီး၏ ရုပ်လက္ခဏာမှာ လှပသည်ဟု မဆိုနိုင်၊ တည်ကြည်ခံ့ညားမှုက ပိုကဲနေခဲ့သည်။

နေပြည်တော်တွင် သားတော်ကြီးအတွက် ရည်စူးကာ အိမ်ရှေ့အိမ်တော် ဆောက်လုပ်နေသဖြင့် စိတ်ထဲမှာ မနှစ်မြို့နိုင်ခဲ့။ သားတော်ကြီးမှာ အလယ်နန်းမိဖုရားက မွေးသူဖြစ်ရာ သူ၏ ရင်သွေး မဟုတ်ပါ။ သူ၏ ရင်သွေးသားတော် ပုဂံမြို့စား မင်းသားက ကြက်တိုက်၊ ငှက်တိုက် လူချင်းတိုက်ပွဲတွေ၊ ချိုးငှက်ထောင်၊ ခါထောင် အကောင်ဖမ်းအလုပ်တွေက လွဲ၍ တိုင်းရေးပြည်ရေး စိတ်မဝင်စားခဲ့။

တစ်ပင်တိုင်မြနန်းနှင့် ထားသော သမီးတော်ကသာ ဖဘုရား၏ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်သေးသည်။ ဗေဒင်ယတြာ အခါတော်ပေးခြင်းများ စီစဉ်ပေးတတ်သည်။ ယခုလည်း အခါတော်အရ ထွက်ခွာရမည့် မင်္ဂလာအချိန်ကို ကျော်ခဲ့ပြီ။ မင်္ဂလာရှိသောအချိန်ဟု သတ်မှတ်ထားသော မိုးသောက်ရောင်နီ ထွန်းခါစအချိန်။ နေလုံးနှင့်အတူ နေမင်း၏ ရောင်ခြည်သည် မြစ်ကမ်းအရှေ့ဘက်တောအုပ်၏ အစွန်းမှ တစ်စတစ်စ မြင့်တက်လာခဲ့ပြီ။ နေရောင်သည် ရေလှိုင်းများပေါ်တွင် ဆော့ကစားနေချေပြီ။

အတန်ကြာလျှင် မင်းထင်လကျ်ာ ပြန် ရောက်လာပြီး 'သားတော် ပြည်သခင်ဘုရား မရောက်လာသေးလို့ပါ ဘုရား'

ဘုရင်မင်းမြတ် အံ့ဩသွားရသည်။

'ဘဇာ အစ်ကိုကြီးက'

တပ်တော်တစ်ခုလုံး နေပြည်တော်သို့ ပြန်လည်ဆန်တက်လာခဲ့စဉ် သည်ဆိပ်ကမ်းအရောက်မှာမှ အစ်ကိုကြီး ဘဇာတွေဖျာများလို့ နေသနည်း။ ရှေ့ခရီးအခြေအနေကြောင့်လား။ ရှေ့ခရီးတွင် ဆင်ဖြူကျွန်းဆိပ်ကမ်းမှာ စစ်သူကြီး မဟာဗန္ဓုလ ပန်းဝါမှ အပြန် ရခိုင်ရိုးမကို ဖြတ်ကာ တပ်စွဲခဲ့သည့် နေရာပေပဲ။ ခုလည်း တပ်အလုံးအရင်းတို့ ကြိုတင်ချထားစေပါလျက် ကုလားဖြူ၏ လူတို့ ရောက်နှင့်နေလေသလား မင်းတရားတွေးသည်။

'ဘဇာ သည် မင်းသားက ဘဇာဖြစ်ရှိ···'

စိုးရိမ်စိတ်လည်းဖြစ်ရသကဲ့သို့ ဒေါသလည်း ဖြစ်ရသည်။ 'ကုလားဖြူရဲ့ လက်နက်နဲ့ဆိုရင် လှေတော် ဖောင်

စာမျက်နှာ([illegible])သို့···

www.burmeseclassic.com

www.burmeseclassic.com

ဘဝဆိုတာ ပြဋ္ဌာန်းပြီးသားလား။ ဒါဆိုရင် လူက သူ့ဘဝကို ပိုကောင်းအောင်လုပ်ဖို့ မလိုဘူးလား။

'ဘဝဆိုတာ အသင့်ရေးပြီးသား စာအုပ်တစ်အုပ်လိုပါပဲ။ စာမျက်နှာတော့ ကျော်ဖတ်လို့ မရဘူး'

လူသိများသည့်စကား ဖြစ်ပါသည်။ သည်စကားက မိမိမအောင်မြင်သည့်အခါရောင့်ရဲမှုကို ပေးကောင်းပေးနိုင်ပါလိမ့်မည်။ မတော်တရော်လုပ်သူ၊ တူတူတန်တန် အရည်အချင်းမရှိဘဲ ကံကြမ္မာက အခွင့်ပေး၍ မြင့်မားနေသူတို့အပေါ် နာကျင်ခံပြင်းမိသည့်အခါ၊ သို့မဟုတ် မနာလိုစိတ်ပေါ်မိသည့်အခါ၊ ဖြေသိမ့်မှု တစ်စုံတစ်ရာကို ပေးကောင်းပေးနိုင်ပါလိမ့်မည်။

သို့သော် လူတစ်ဦးတစ်ယောက်၏ ရုန်းကန်မှု၊ ရွေးချယ်မှု၊ ဆုံးဖြတ်မှု၊ ကြိုးပမ်းအားထုတ်မှုကို ငြင်းပယ်ရာရောက်သည့်အတွက် ကျွန်တော်မကြိုက်ပါ။သဘောမကျပါ။ အထူးသဖြင့် ငယ်တုန်းအခါက ပို၍ မကြိုက်နိုင်ခဲ့ပါ။

ကျွန်တော့်တွင် ဒေါ်အေးအေးလှိုင် ဆိုသည့် နှမငယ်တစ်ယောက်ရှိသည်။ သူက ဂျပန်မှ မဟာဥပဒေဘွဲ့ရသည်။ ဖောက်ထွက်တွေးတာ၊ ဖြန့်ထွက်တွေးတာတို့ လုပ်တတ်သည်။ ကိုးသိုးကတ်သတ် ငြင်းတတ်သည်။ ရန်ကုန်မှာရှိတုန်းက ကျွန်တော့်ရုံးသို့ ရောက်ရောက်လာပြီး စကားစမြည်ပြောတတ်သည်။ တစ်နေ့တော့ သူ့ရှေ့မှာ ညည်းမိသည်။

'တစ်နေ့ခင်းလုံး ဘာအလုပ်မှမပြီးသေးဘူးဗျာ၊ ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် လာပြီး စကားပြောနေကြလို့'

'အလုပ်ရှိရင် သူတို့ကို စကားမပြောနဲ့ပေါ့ဆရာရဲ့'

'ဩော်-ကောင်းမလား ဗျာ။ သူတို့က စကားပြောချင်တဲ့ အငြိမ်းစားဆရာတွေ။ ကျွန်တော့်ကိုတစ်မျိုးမြင်သွားမှာပေါ့'

'ဒါဆိုရင် ဆရာက ကိုယ့်ဘဝကို သူများတကာရဲ့ ထင်မြင်ချက်တွေနဲ့ တည်ဆောက်နေတာလား'

ကျွန်တော် တွန့်ခနဲဖြစ်သွား သည်။ ရုတ်တရက် တိုတိုတုတ်တုတ်ဖြေဖို့ စကားရှာမရသလို ဖြစ်နေသည်။

'အင်း၊ ဘယ်လိုပြောရမလဲ။ ကိုယ့်ဘဝကို ကိုယ်တည်ဆောက်ချင်သလို တည်ဆောက်လို့ရမယ်လို့ ထင်ဖူးတယ်။ ဒါပေမဲ့ အဲဒါ အခုတော့မဟုတ်ဘူး၊ ငယ်ငယ်တုန်းကပေါ့'

'အခုကောဆရာ'ဟုဆက်မေးနေသဖြင့် အလျင်အမြန်စကားဖြတ်ရသည်။ ဆယ်နှစ်ကျော်ခန့်က ဖြစ်ပါသည်။

❑

မင်နီလီတေးကို မကြာမကြာ တွေးမိပါသည်။ သူက ကျော်ကြားသည့် စပိန်နွားရိုင်းသတ်သမားတစ်ဦးဖြစ်သည်။ နွားရိုင်းသတ်ကစားနည်းကို အကြီးအကျယ် ဝါသနာပါသည့် စပိန်နိုင်ငံ၊ ကော်ဒိုဗာပြည်နယ်၌ ၁၉၁၇တွင် သူ့ကိုမွေးခဲ့သည်။ သူ ငါးနှစ်သားကပင် နွားရိုင်းသတ်သမားဖခင် ကွယ်လွန်ခဲ့ရာ ဆင်းဆင်းရဲရဲ တေ်ငတ်မွတ်မွတ်နှင့် ကြီးပြင်း



# မောင်ရင့်မာ | [illegible]

# လူတစ်ယောက်၏ပြဋ္ဌာန်းပြီးသောဘဝ

လာရသည်။ သူ ၁၂နှစ်အရွယ်က 'ဆိုတိုမေရာ' နွားမွေးခြံမှာ ပန်းရန်သွားလုပ်ရင်း နွားရိုင်းပေါက်လေးတွေကို အင်္ကျီချွတ်ဝှေ့ယမ်း၍ ရန်စခဲ့၊ လေ့ကျင့်ကစားခဲ့သည်။ ခြံတစ်ဝိုက်ရှိ ဝါသနာအိုးတွေက သူ့ကိုအားပေးကြ၊ ကွင်းအပြင်က သင်ပြကြသည်။

သိပ်မကြာမီ ကော်ဒိုဗာမြို့ ကစားပွဲတွင် နွားရိုင်းသေးသေးလေးနှင့် ကစားခွင့်ရသည်။ လူကပိန်ပြီး မျက်နှာက ညှိုးလျှနေသဖြင့် နွားရိုင်းသတ်သမား၏ ကြွားဝင့်သည့်ဝတ်စုံသည် သူနှင့်မလိုက်ဖက်လှ။ ကိုယ်နေဟန် မသပ်မရပ်နှင့် ရယ်ချင်စရာ ဖြစ်နေတ သော်လည်း နွားကို အသေထိုးသတ်သည့်အချိန်တွင်တော့ ကြောက်စရာကောင်းသည့် သူ၏ သတ်ပုံသတ်နည်းကြောင့် စော ရယ်မောနေသူများပင် အသက်ရှူမှားသွားတတ်သည်။

*'ဦးခေါင်းအောက်စိုက်ကာ တစ်ဟုန်ထိုး ဝှေ့ရန်ပြေးလာသည့် နွားရိုင်း၏ ချိုဖျားပေါ်က လွှားခနဲ ခုန်ပျံကျော်လျက်*

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

# အက်ဆေးအကြောင်းအက်ဆေး



www.burmeseclassic.com

www.burmeseclassic.com

*နှစ်ဖက်ကြားသို့ ဓားသွားကို တအားစိုက်ထည့်တတ်သည့် သူ့သတ်ကွက်ကိုကြည့်ကာ ဒီကောင်လေးတစ်နေ့ကျရင် ဒီသတ်ကွက်နဲ့ သေမှာပဲဟု ကျွမ်းကျင်သူများက မှတ်ချက်ချလေ့ရှိခဲ့ကြသည်။'*

အနိမ့်တန်း နွားရိုင်းသတ်သမားဘဝမှ ထိပ်တန်းအဆင့်ရောက်အောင် သူ့ကို ဆွဲတင်ပေးခဲ့သူမှာ ကျော်ကြားသည့် နွားရိုင်းသတ်သမားဟောင်းကြီး 'ဟိုဆေးကာမာရာ' ဖြစ်သည်။ မင်နိုလီတေးကို အလားအလာရှိသူဟုမြင်သဖြင့် သူက ရွေးချယ်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ သင်ကြားပေးခဲ့သည်။ ပွဲကြီးများ သွင်းပေးခဲ့သည်။ သတ်ပွဲတိုင်းကို လိုက်ပါ ကြီးကြပ်ပေးသည်။ မင်နိုလီတေးမှာ တဖြည်းဖြည်း ပညာရည်ပြည့်လာသည်။ ပရိသတ်ကလည်း လေးစားလာသည်။

*'နွားရိုင်းကို အပေါ်ရုံအင်္ကျီဖြင့် ဇွေယမ်းများခေါ်ပြီး တစ်ဟုန်ထိုး ဇွေတိုက်သည့်အချိန် လူက ခြေလှမ်းလုံးဝမရွှေ့ဘဲ နွားကိုသာ ဘေးဘက်သို့ဇွေသွားအောင် အင်္ကျီဖြင့်လမ်းလွှဲ ကစားပြသည့် အခါမျိုးတွင် သူ့လက်ထဲရှိ အင်္ကျီက နွားရိုင်းသာမက ပွဲကြည့်သူတွေပင် ယောင်မှားပြီး ဇွေ့ချင်စရာကောင်းလောက်အောင် မျက်စိနောက်စရာ သတ္တဝါတစ်ဦးအသွင်အသက်ဝင်လှုပ်ရှားနေတတ်သည်။ အသာအယာ လွင့်မျောသွားသည့် အင်္ကျီစနောက်တွင် ကပ်ပါလာသည့် နွားဦးချိုဖျားက သူ့ပေါင်၊ သူ့ဝမ်းဗိုက်တို့နှင့် သီသီလေးကပ်၍ကပ်၍ လွဲသွားပုံမှာ ကြည့်ရသူများအတွက် သည်းထိတ်ရင်ဖိုစရာ ကောင်းလှသည်။'*

*'ပရိသတ်ကို ဖမ်းစားသည့် နောက်အချက်တစ်ခုက အေးစက်သောသူ့မျက်နှာပေးဖြစ်သည်။ လေးနက်တည်ငြိမ်သော သူ့အသွင်အပြင်က နွားရိုင်းသတ်ပွဲဟူသည် ပျော်စရာပါးစရာမဟုတ်။ ကြေကွဲစရာဖြစ်သည်ဟု ညွှန်းဆိုနေသယောင်ပင်။'*

နွားရိုင်းသတ်ပွဲကို ဖော်ပြသည့် သရုပ်ဖော်အဖွဲ့အနွဲ့မှာ ပီပြင်လှသဖြင့်

မင်နိုလီတေးကို
ရေးဖို့
အကြိမ်ကြိမ်
စဉ်းစားခဲ့ရသည်မှာ
ဝတ္ထုတစ်ပုဒ်နှင့်
တော်တော်
တူနေသောကြောင့်
ဖြစ်ပါသည်
သို့သော် ဆိုခဲ့ပါပြီ
ဝတ္ထုမဟုတ်ပါ
တကယ့်ဖြစ်ရပ်ကို
အရသာရှိအောင်
ရေးထားသည့်
ရသစာတစ်ပုဒ်
ဖြစ်ပါသည်

စာဖတ်သူက ဝတ္ထုဟုထင်မှာစိုးမိပါသည်။ ဝတ္ထုမဟုတ်ပါ။ Death of Minolete ကိုရေးသည့်မူလစာရေးဆရာမှာ Barnaby Conrad ဖြစ်ပြီး '**မင်နိုလီတေး၏ပြဋ္ဌာန်းပြီးသောဘဝ**' ဟု ဆရာဖေမြင့် ပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ရသစာတမ်းသဖွယ် ရေးထားသည့် တကယ့်ဇာတ်လမ်း၊ တကယ့်မှတ်တမ်း ဖြစ်ပါသည်။

ကာမာရာနှင့်တွေ့ဆုံပြီး နှစ်နှစ်အတွင်း မင်နိုလီတေးသည် နာမည်ကျော် နွားရိုင်းသတ်သမားတစ်ဦး ဖြစ်လာလေသည်။ အသက် ၂၂ နှစ်တွင် အကြီးစား နွားရိုင်းတွေနှင့်သတ်ကာ အောင်မြင်ကျော်ကြားမှုတွေ အတောမသတ်ရလာခဲ့သည်။ အသက်-၂၉ နှစ်တွင် သူသည် စပိန်အနှယ်ဝင်များ မကြုံစဖူး အမြင့်ဆုံးချီးပေး၍ခေါ်ရသော 'နွားရိုင်းသတ်ပွဲလောက၏ဘုရင်ဧကရာဇ်' ဖြစ်နေပါပြီ။

ပွဲစဉ်တွေဆက်တိုက်ဖြစ်ပြီး ပင်ပန်းလာသော်လည်း ပရိသတ်က အုတ်အုတ်ကျက်ကျက်ဖြစ်နေဆဲ။ သူကလည်း ပရိသတ် အားရကျေနပ်အောင် ပွဲစဉ်တိုင်းကို အစွမ်းကုန်အားထုတ်ပြီး ကစားပြရဆဲ။ သို့သော် ခန္ဓာကိုယ်က မလိုက်နိုင်တော့။ ၂၉ နှစ် ဆိုသော်လည်း ၄၀ အရွယ်ကဲ့သို့ အိုစာလာသည်။ ပင်ပန်းလွန်းတော့ အရက်တွေဖိသောက်သည်။ အရက်နှင့် ပင်ပန်းမှု ပေါင်းလိုက်သောအခါ အချိန်အဆတွေ လွဲလာသည်။ တိမ်းစောင်းချွတ်ချော်လာသည်။ ပီရူးမှာ ကစားသည့်ပွဲတစ်ပွဲ၌ နွားရိုင်းကို ဓားနှင့် ကိုးချက်တိတိထိုးမှ နွားရိုင်းက လဲကျသွားသည်။ ကွင်းထဲက ထွက်လာတော့ သူ့ပါးပြင်မှာ မျက်ရည်တွေစီးကျနေသည်။

မင်နိုလီတေးကို မူရင်းစာရေးဆရာကိုယ်တိုင် ပီရူးရှိအခန်းမှာ တွေ့ခဲ့ပါသည်။ အလွန်လည်း ထင်ရှားကျော်ကြားနေပါပြီ။

*'တော်ပြီဗျာ၊ ကျွန်တော်နားတော့မယ်။ ကျွန်တော့်မှာ ငွေကြေးလည်း ဘိုးစဉ်ဘောင်ဆက် ရှာခဲ့တာထက်မက စုမိနေပြီ။ ဒါတွေကိုသုံးစွဲဖို့ အချိန်တောင် မပေးနိုင်ဘူး။ ၂၉ နှစ်ဆိုတာ ကြီးတော့ မကြီးသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် အရိုးတခြား၊ အသားတခြား ဖြစ်မသွားခင် ဒီကထွက်မှဖြစ်မယ်'*

*သည်စကား သူပြောသည့်အချိန်က အနီးမှာ သူ့ဇနီးလောင်း အန်တိုနီယာလည်း ရှိနေသည်။*

*'ဘယ်လိုလဲ၊ သူ တကယ် ထွက်မယ်ထင်သလား'*

*အန်တိုနီယာကို မေးတော့ အမျိုးသမီးက ခေါင်းခါသည်။*

၁၉၄၇ ခုနှစ် နွေဦးရာသီက ပီရူးမှ စပိန်သို့ သူပြန်သွားသည်။ ပရိသတ်က အုတ်အုတ်ကျက်ကျက် ကြိုသည်။ စာနယ်ဇင်းများက ၁၆ ရာစု နယ်သစ်ရှာသူ သူရဲကောင်းများနောက် အကြီးကျယ်ဆုံး စပိန်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဟု အမွမ်းတင်ကြသည်။ ထိုပုဂ္ဂိုလ်က အနားယူတော့မည်ဟု ကြေညာလိုက်သည့်အခါ အကြီးအကျယ် မကျေမနပ်ဖြစ်ကြသည်။ ဖြစ်တင်ရှုတ်ချကြသည်။

www.burmeseclassic.com

ww.burmeseclassic.com

မင်နိုလီတေးသည် သာမန် နွားရိုင်းသတ်သမားမဟုတ်။ စပိန်တွေ ဂုဏ်ယူနေရသည့် ရှားရှားပါးပါးသူရဲကောင်းကြီး။ သူသည် ကျော်ကြားသည့် နွားရိုင်းသတ်သမားအဖြစ် ဒေါ်လာသန်းချီ၍ ရခဲ့ပြီးဖြစ်သည်။ ငွေအတွက်တော့ဖြင့် သူ့အသက်ကို အရင်းအနှီးပြုစရာအကြောင်းမရှိ။ နွားဦးချိုဖျားတွင် အသက်ဆံဖျား ကစားရသည့်ဘဝမှ ထွက်မရအောင် သူ့ကိုချည်နှောင်ထားသည့် အရာက ကြီးကျယ်ကျော်ကြားမှုဖြစ်သည်။ 'မင်နိုလီတေး၊ မင်နိုလီတေး' ဆိုသည့် ကြွေးကြော်ချီးမြှောက်မှု ဖြစ်သည်။ သည်အသံများ၏ စွန့်ပစ်ခြင်းခံရမှာကို သူက စိုးရိမ်ပူပန်သည်။

ဆုံးဖြတ်ချက် ပြင်လိုက်သည်။ နောက်ဆုံးတစ်ရာသီ ကစားပြပြီးမှ ဂုဏ်သိက္ခာရှိစွာ အနားယူတော့မည်။

နှုတ်ဆက်ပွဲစဉ်များအဖြစ် စပိန်နိုင်ငံမှာ အကြီးဆုံး၊ အထွားဆုံး နွားရိုင်းကြီးများကို ရွေးချယ်ကစားသည်။ ဘာစီလိုနာပွဲမှာ သူ့တစ်သက်တာ အကောင်းဆုံးပွဲအဖြစ် ဝေဖန်သူတို့က မှတ်ချက်ချရသည်။ ပမ်ပလိုနာပွဲက ပိုကောင်းနေပြန်သည်။ မက်ဒရစ်ပွဲမှာ သူ ဒဏ်ရာရသည်။ ဒဏ်ရာရှင်းရှင်းမပျောက်သေးမီ ပွဲတွေကို သူ ပြန်လက်ခံသည်။ နွားရိုင်းသတ်ပွဲသမိုင်းမှာ သူ အတော်ဆုံး၊ အကောင်းဆုံးဆိုတာ ပြသွားချင်သည်။ ဩဂုတ်လ ၂၇ရက်နေ့ ကစားသည့် ...နာရိစ်ပွဲမှာ အထူးအရေးကြီးသည့်ပွဲဖြစ်သည်။ ထိုနေ့ပွဲတွင် ယခုနှစ်မှနာမည်ထွက်လာသည့် လူငယ်လူသစ်ဒိုမင်ဂွင်... ကစားမည်။ ဒိုမင်ဂွင်က သူ... နွားရိုင်းသတ်ပွဲ၏ ရှင်ဘုရင်...ဖြစ်ကြောင်း ပြချင်နေသည်။ မင်နိုလီတေးက နှစ်ပေါင်းများစွာ ပိုင်...သော သရဖူကို သိမ်းပိုက်ထားချင်...သည်။ မစွန့်ချင်သေး။

မင်နိုလီတေး ပထမအလှည့်တွင် ...ချိုဖျားနှင့် အလွန်အမင်း နီးကပ်စွာ ...ကြိမ် ရှောင်တိမ်း ကစားပြရာ ...တ်က အကြီးအကျယ်သဘောကျ

> သူ မည်သူ ဆိုသည်ကို
> ကျွန်တော်
> ပြောပြဖို့မလိုဟု
> ထင်ပါသည်
> စာပေ
> အနုပညာကိစ္စများကို
> သူ့အဘာယ်မျှ
> တန်ဖိုးထားကြောင်း
> လေးနက်ကြောင်း
> ထိုနေ့က
> သူတော်တော်
> ပြောပါသည်
> သို့သော် သူ့မှာ
> ရွေးချယ်နိုင်စွမ်း ရှိ မရှိ
> ဘဝက သူ့ကို ရွေးချယ်ဖို့
> အခွင့်အရေး ပေးမပေး
> ဆိုသည်မှာ
> စောင့်ကြည့်ရမည့်ကိစ္စ
> ဖြစ်ပါသည်

ကာ ထိုင်ခုံမှထ၍ ဟာစ်အော်အားပေးကြသည်။ နွားကို ဓားဖြင့်ထိုးစိုက်သောအခါ ပထမအချက်မှာမအောင်မြင်၊ ဒုတိယအချက်ကျမှ နွားရိုင်းလဲကျသွားသည်။ သို့သော် ခါတိုင်း သူရနေကျဆုဖြစ်သည့် 'နားရွက်ကို မရလိုက်။

'နားရွက်'က အကောင်းဆုံး တိုက်ခိုက်ကစားပြနိုင်သည့် နွားရိုင်းသတ်သမားကို ချီးမြှင့်လေ့ရှိသည့် ဆုလာဘ်ဖြစ်သည်။

နောက်ပွဲခရာမှုတ်တော့ ကွင်းထဲသို့ ဖျတ်လွင်ယ်သောဒိုမင်ဂွင် ဝင်လာသည်။ ပွဲစ၍ ဝတ်ရုံဖားဖားကြီးနှင့် ကစားပြသည်နှင့် ပရိသတ်က သောသောညံအောင် အားပေးသည်။ သူက ပရိသတ်ခိုက်မည့် အကွက်တွေကို စုံအောင်လုပ်ပြခဲ့သည်။ ကစားကွက်တစ်ခုတွင် ဒူးထောက်ပြလိုက်သေးသည်။ နွားရိုင်း၏ နဖူးကို နမ်းပြလိုက်သေးသည်။ ဒိုမင်ဂွင် နားရွက်တစ်ခု ချီးမြှင့်ခံရသည်။

မင်နိုလီတေး၏ ဒုတိယအလှည့်။ ဦးချိုကားကားကြီးနှင့် အနက်ရောင် ဧရာမနွားရိုင်းကြီး ကဆုန်စိုင်းဝင်လာကတည်းက သူ့ဆရာကာမာရာက ခပ်ခွာခွာကစားဖို့၊ သတိထားဖို့လှမ်း၍သတိပေးသည်။ သို့သော် သူသတိမထားနိုင်ပါ။ သူ့တစ်သက် အကောင်းဆုံးပွဲအဖြစ် ကစားပြသွားရန် သူက ဆုံးဖြတ်ပြီးနေပြီ။

ဒေါမာန်ပွားနေသည့် နွားရိုင်းကြီးက အမြီးကို ဆတ်ခနဲထောင်၍ တရကြမ်း ပြေးချလာသည်။ ကြက်သွေးရောင် အပေါ်ရုံဖြင့် သူက ဦးချိုဖျားမှာ သိုးကာသီကာ ကျွမ်းကျင်လှပစွာကစားပြသည်။ ပညာစွမ်းပိုပြနိုင်လေ့ရှိသည့် အင်္ကျီစအသေးနှင့် ကစားသည့်အကွက်များက ရင်ဖိုစရာကောင်းသည်။ နွားနှင့်လူ လုံးလားထွေးလား ဆိုရအောင်လုပ်ပြတော့ 'မလုပ်နဲ့၊ မလုပ်နဲ့' ဟုပင် ပရိသတ်က တားယူရသည်။ ချိုဖျားမှာ အသက်ပါသွားတော့မည်လားဟု အနီးကပ် ရှောင်တိမ်းပြခဲ့သည်က ၁၅ ကြိမ်ဖြစ်သတဲ့။ မူရင်းကောင်းသည်လား၊ ဘာသာပြန်ကပဲကောင်းသည်လား။ မပြောတတ်တော့ပါ။ မဖြတ်တောက်ရက်သဖြင့် သူ့အရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

*'ပွဲသိမ်းချိန်ရောက်လာပြီ။ ဒေါသထွက်လှပြီဖြစ်သည့် နွားရိုင်းကြီးက သူ့ကိုအသေမှုန်းရန် ခွာသံဖြောင်းဖြောင်းနှင့် ကဆုန်စိုင်းပြေးချလာသည်။ သူက ထီမထင်သည့်အမူအရာနှင့် ပရိသတ်ရှိရာ စင်မြင့်များဆီသို့ လှည့်၍ကြည့်နေသည်။ ဒါက သူ့အမှတ် သင်္ကေတ။ ပွဲသိမ်းခါနီးအချိန် အမြဲလုပ်လေ့ရှိသည့် သူ့သရုပ်ဆောင်ချက်။ ပရိသတ်က ဟာစ်အော်အားပေးရလွန်းသဖြင့် အသံတွေ ကွဲအက်ကုန်ပြီ'*

*'နွားရိုင်းကို သူသတ်ရတော့မည်။ ဓားကို အသင့်ချိန်ရွယ်သည်။ ခြေဖျားတစ်ဖက်မှာ အားပြုရပ်သည်။ ခုန်လွှားရန်အသင့်။ နွားရိုင်းကြီးက သူ့ကို ထိုးအငေ့မှာ ညာချိုဖျားပေါ် လွှားခနဲ ...ကျော်သည်။ နွားပခုံးသားထဲ ...သွား*

www.burmeseclassic.com

*အဝင်၊ ဦးချိုများက သူ့ပေါင်ကြားမှ အဖြတ်၊ နွားက ဆတ်ခနဲ ညာဘက်ပင့် ဝိုက်၍ မွေ့လိုက်သည့် ချွန်မြနေသော ဦးချိုက ပေါင်ခြံထဲ ထိုးစိုက်ဝင်သွားသည်။ သူ လေထဲမြောက်သွားသည်။ နွားချိုမှလွတ်အောင် ရုန်းကန်သည်။ ထို့နောက် သဲပြင်ပေါ်ပစ်ကျသည်။ နွားရိုင်းက မြေပေါ်ကျနေသော သူ့ကို မှိန်းခွ ချိုနှင့် နှစ်ကြိမ်ဆက်ထိုးသည်။ ထို့နောက်တွင်မှ ဒယီးဒယိုင်ဖြစ်လာပြီး လဲကျသေဆုံးသွားလေသည်။'*

ရုပ်ရှင်ပြကွက်ထဲမှာ အလွန်တုန်လှုပ်ဖို့လိုက်ဖွယ်ကောင်းသည့် နွားရိုင်းသတ်ပွဲကိုကြည့်လိုက်ရသလိုပဲ ဖြစ်ပါသည်။

ခွဲစိတ်စားပွဲပေါ်မှာ 'ကောင်ကြီးသေသွားလား' လေသံသဲ့သဲ့နှင့် သူမေးသည်။ သေပါတယ်ကွ၊ သေပါတယ်ဟု သူ့ဆရာ ကာမာရာက မျက်ရည်တွေစီးကျနေရင်း ပြောသည်။ 'သေတာတောင် ကျွန်တော့်ကို ဘာမှမပေးကြဘူးလား' ဟုမေးတော့ ပေးပါတယ်၊ အားလုံးပေးပါတယ်၊ နားရွက်နှစ်ဖက်လုံးရော အမြီးပါပေးပါတယ် ပြောရသည်။ နောက်တစ်နေ့မှာ သူကွယ်လွန်သည်။

*'သူတို့က တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး တောင်းဆိုကြတာကိုး။ သည့်ထက် တောင်းဆိုလာတဲ့အခါ သူပေးစရာဆိုလို့ အသက်ပဲ ရှိတော့တာပေါ့။ အဲဒါက သူနောက်ဆုံးပေးသွားခဲ့တာပဲ'*

သူတစ်ပါးက တောင်းဆိုတာလား၊ သူက ရွေးချယ်တာလား။ 'မင်နိုလီတေး၏ ပြဋ္ဌာန်းပြီးသော ဘဝ'တဲ့။

❑

မင်နိုလီတေးကို ရေးဖို့အကြိမ်ကြိမ်စဉ်းစားခဲ့ရသည်မှာ ဝတ္ထုတစ်ပုဒ်နှင့် တော်တော်တူနေသောကြောင့် ဖြစ်ပါသည်။ သို့သော် ဆိုခဲ့ပါပြီ။ ဝတ္ထုမဟုတ်ပါ။ တကယ့်ဖြစ်ရပ်ကို အရသာရှိအောင် ရေးထားသည့် ရသစာတစ်ပုဒ် ဖြစ်ပါသည်။

ခုရက်ထဲ မင်နိုလီတေးကို ပြန်ဖတ်မိသည့်အခါ သတိရရနေမိတာလေး တစ်ခု ရှိပါသည်။

ကျွန်တော်သည် လွန်ခဲ့သော ဆယ်စုသုံးစုအတွင်း အစိုးရအမှုထမ်းအဖြစ် ကျင်လည်အသက်မွေးခဲ့သည်ဖြစ်ရာ နိုင်ငံရေးသမား အတော်များများနှင့် အကျွမ်းတဝင်မရှိခဲ့ဟု ဆိုရပါမည်။ သို့သော် ဝါသနာဘာဂီအလျောက် စာပေ၌လည်း မွေ့ပျော်သည်ဖြစ်ရာ မိမိပေါင်းသည့်စာရေးဆရာ ငါးယောက်ဖြစ်ပါက လေးယောက်မှာ နိုင်ငံရေးနှင့် ထွေးရောယှက်တင်(အချို့မှာ ဝင်လိုက်ထွက်လိုက်) နေသူများဖြစ်သည့်အတွက် ထိုသူများနှင့် တသီးတခြား၊ စိမ်းစိမ်းကားကားကြီးဟုလည်း မဆိုနိုင်ပြန်ပါ။

၂၀၁၃-ခုနှစ်ခန့်က နိုင်ငံရေးအရ ပြစ်မှုဖြင့် ထောင်ဒဏ်ကျခံသူများ လွတ်ငြိမ်းခွင့်ရပြီးပြန်လာကြတော့ နေပြည်တော်မှာ ကျွန်တော်ရှိနေသည်။ တစ်နေ့မှာ ညီမင်းညိုက ဖုန်းဆက်သည်။

'ကျွန်တော်တို့ ကလေးကို ဟောပြောပွဲသွားမှာပါ။ လေဆိပ်မှာ ခဏနားတုန်း ဆရာ့ကို သတိရတာနဲ့'

'ဘယ်သူနဲ့ သွားမှာလဲ' မေးမိသည်။ အရေးအခင်းကာလအတွင်း ကျော်စောထင်ရှားလာခဲ့သည့် ကျောင်းသားခေါင်းဆောင်တစ်ဦးလည်း သူနှင့်အတူ ဟောမည်ဟုသိရသည်။ 'အခု အနားမှာရှိတယ်၊ ဆရာ ပြောဦးမလား' ဟု သူက ဖုန်းပေးလိုက်သည်။

'မင်္ဂလာပါဗျ၊ ဆရာ့စာတွေ ကျွန်တော်ဖတ်ဖူးပါတယ်' ယဉ်ကျေးပျူငှာစွာ သူကဆိုသည်။ သရက်က ပြန်ထွက်လာတာ တွေ့ရတော့ဝမ်းသာသဗျ- စသည်ဖြင့် ပဋိသန္ဓာရ စကားဆိုရင်း 'စာပေကိစ္စလုပ်တာလည်း ကောင်းပါတယ်။ ဒါပေမဲ့ နိုင်ငံရေးကပရဟိတဗျ။ ကျွန်တော်တို့က ခင်ဗျားကို နိုင်ငံရေးမှာပဲ ရှိနေစေချင်တာ' ဆိုတော့ သူ့ဘက်က ခဏတိတ်သွားသည်။ ပြီးတော့မှ 'စာပေအနုပညာကို ကျွန်တော် တကယ်ဝါသနာပါတာပါ။ စာတွေအများကြီး ကျွန်တော်ရေးချင်တယ်။ အနုပညာ ဖန်တီးချင်တယ်' ဟု ထက်ထက်သန်သန်ကြီးကိုပဲ သူက ပြောနေသည်။

သူ မည်သူဆိုသည်ကို ကျွန်တော် ပြောပြဖို့မလိုဟု ထင်ပါသည်။ စာပေအနုပညာကိစ္စများကို သူအဘယ်မျှ တန်ဖိုးထားကြောင်း၊ လေးနက်ကြောင်း ထိုနေ့က သူတော်တော် ပြောပါသည်။ သို့သော် သူ့မှာ ရွေးချယ်နိုင်ခွင့် ရှိ မရှိ ဘဝက သူ့ကို ရွေးချယ်ဖို့ အခွင့်အရေး ပေးမပေး-ဆိုသည်မှာ စောင့်ကြည့်ရမည့်ကိစ္စ ဖြစ်ပါသည်။

နိုင်ငံ့အရေးကိစ္စများကို လုပ်ကိုင်ရင်း ဘဝတစ်ခုလုံး ရင်းကြရသူတွေရှိခဲ့သည်မှာ မျက်ဝါးထင်ထင်ပဲဖြစ်ပါသည်။ အချို့မှာ မိသားစုအသိုက်အမြုံတစ်ခုလုံး၊ အချို့မှာ အသက်၊ စသည် စသည် ရင်းခဲ့ကြရပါသည်။ ဆုံးရှုံးရ၊ အနစ်နာခံရ စွန့်လွှတ်ခဲ့ကြရသည်မှာ သမိုင်းနှင့်အမျှ ပဲ ဖြစ်ပါသည်။ လူတိုင်းလူတိုင်း နိုင်ငံ့ အရေးအရာကိစ္စများကို လုပ်နိုင်ပါသည်။ သို့သော် လူတိုင်းလုပ်၍ ရနိုင်သည်တော့ ဖြင့် မဟုတ်ပါ။ လူတိုင်းလူတိုင်း လုပ်၍ ဖြစ်ထွန်းအောင်မြင်နိုင်သည်တော့ဖြင့် မဟုတ်ပါ။

လူတိုင်း မင်နိုလီတေး မဖြစ်နိုင် သကဲ့သို့ပဲ ဖြစ်ပါသည်။

သို့သော် မင်နိုလီတေးသည် အများကောင်းကျိုးအလို့ငှာ လုပ်ခဲ့သည် ဟူ၍တော့ မဆိုနိုင်ပါ။ အများကောင်း ကျိုးအလို့ငှာ အသက်ပေးခဲ့ရသည်တော့ ဖြင့်မဟုတ်ပါ။ အများတကာ၏ ချီး ကျူးဂုဏ်ပြုမှု၊ ကျော်စောထင်ရှားမှု အတွက် မင်နိုလီတေးသည် မင်နိုလီ တေး ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

နိုင်ငံရေးဆိုသည်မှာ နွားရိုင်း၏ နားရွက်တစ်ဖက်ကိုရအောင် ကြိုးပမ်း ရခြင်းနှင့်မတူဟု ထင်ပါသည်။ နွားရိုင်း သတ်ပွဲများနှင့်လည်း အခါခပ်သိမ်းမတူ ညီနိုင်ဟု ထင်ပါသည်။

ယခု ကျွန်တော် စဉ်းစားပါသည်။ လူတစ်ယောက်မှာ ပြဋ္ဌာန်းပြီးသော ဘဝ-ဟူ၍လည်း ရှိတတ်ပါသည်။ ■

**မောင်ရင့်မာ၊ ကျောင်းကု**

*ရည်ညွှန်း။ ။ မင်နိုလီတေး၏ ပြဋ္ဌာန်း ပြီးသောဘဝ၊ ဖေမြင့် (ဘ သနရေး စာများ)*

www.burmeseclassic.com

www.burmeseclassic.com

# ကားဝါသရုပ်ဆောင်သင်တန်းရဲ့ ဆက်သစ်လေး 'ရွှေမှုန်ရတီ'

**8 Days Interview မှ**



**ရွှေမှုန်ရဲ့ အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။**

အနုပညာပျိုးခင်းက ဖြိုင်ရတာ မဟုတ်ပါဘူး။ ဆရာချုပ်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိုးလျှောက်တာလည်း ရှိသေးတယ်။

**ဇာတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ တွက်တာပဲပေါ့ဟုတ်လား။**

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။

ဦးအထူးပညာဒါန
ဆောင်(အခြေခံ)
သင်တန်းသို့
ရောက်လိုသူများ
ယ်တက်ရောက်

ရွှေပုပ္ပါးဦးအုံးနိုင်(တာဝန်ခံ)
စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း
အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း - ၅၄၃၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လှဲသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)

www.burmeseclassic.com

www.burmeseclassic.com

# P.ဆာမိ


## အပန်းရယ်မပြေ နွမ်းခွေရချေပေါ့

ခေါင်းစဉ်ကတော့
အပန်းဖြေခရီးဟုသာ
သမားရိုးကျပေးခဲ့ရပေမဲ့
ကျွန်တော့် စိတ်ပိုင်းဆိုင်ရာ၊
ရုပ်ပိုင်းဆိုင်ရာများ
မည်မျှ အနားရခဲ့မှု ရှိ၊ မရှိ
မသေချာလှပေ။
လက်တွေ့အခြေအနေ
အရမှာတော့
ခေါက်ဆွဲခြောက်ထုပ်ထဲသို့
ငါးခြောက်ထည့်ပြုတ်စားရပြီး
ကော်ဖီမစ်ထုပ်ကို
ဘောပင်ဖြင့် မွှေသောက်
နေရသောဘဝ ဖြစ်နေချေသည်။
မြို့ပြမှာတော့ ထိုအရာများကို
စားသောက်ကုန်ပစ္စည်းဟု
ကျွန်တော် မှတ်ယူမထားခဲ့။
တောငယ် မခေါင်တခေါင်မှာက
ထိုအရာများပဲ
လွယ်လင့်တကူရရှိပါသည်။
အဝေးပြေးကား တစ်စီးကို
ဂိတ်ဆုံးခါနီးအထိ စီးနင်းခဲ့ပြီး
ဆင်းရမည့် ဇရပ်မှာဆင်း၊
ဆိုင်ကယ်ခရီး နာရီဝက်မျှ
စီးရသည်။ ထိုမှတစ်ဆင့်
ပေ ၃၀၀ ခန့် အကျယ်ရှိမည်ဟု
ထင်ရသော သောင်ပြင်
ထီးထီးကြီးကို
ဖြတ်လျှောက်ရသည်။
မြစ်ရေစပ်ရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကူးတို့ လှေကို အော်ခေါ်ပြီး တစ်ဖက်ကမ်းသို့ကူး။ တစ်ဖက်ကမ်းရှိပေ ၅၀ ခန့်မြင့်သော ကမ်းပါးချောက်ကို ကုတ်ကတ်တက်ပြီးနောက် မိနစ် ၂၀ ခန့် ဖုန်ထူထူလမ်းကို လျှောက်ပြီးလျှင် ကျွန်တော့် အပန်းဖြေစခန်း လယ်တောစံအိမ်တော်သို့ ရောက်ပါတော့သည်။

လေကာ၊ နေကာ စိုက်ပျိုးထားသော ငှက်ပျောတောများ မရှိတော့။ ကုက္ကိုပင်ကြီး သုံးပင်နှင့် လက်ပံပင်ကြီး တစ်ပင် ထင်းဖြစ်သွားရှာပြီ။ တောငယ်မခေါင်တခေါင်မှာ ကွင်းထီးတည်းထဲရှိ ကျွန်တော့် လယ်တောစံအိမ်ကြီးမှာ ဖုန်တသောသော နေအပူပူတို့ဖြင့် တင့်တယ်ချင်တိုင်း တင့်တယ်နေပေတော့သည်။ လူထုဗဟိုပြု စီမံကိန်းဟူသော ခေါင်းစဉ်အောက်မှာ၊ လမ်းချဲ့ရန်၊ မီးသွယ်ရန်ဆိုသော အခန်းကဏ္ဍများ အောက်မှာ သစ်ပင်ကြီးများ ထင်းဖြစ်ရရှာသော်လည်း ခြံဝင်းအတွင်းဘက်နားရှိ ခရေပင်ငယ်လေး နှစ်ပင်မှာ ကျန်နေရှာသည်။ ကျွန်တော့်စိတ်ကူးက ခရေပင်စည် ပတ်လည်ဝိုင်း၍ ကွပ်ပျစ်လေး ရိုက်မည်ဟု စိတ်ကူးရှိခဲ့သော်လည်း အရိပ်ပေးမည့် အပင်ကြီးများ မရှိတော့ခြင်းကြောင့် ကျွန်တော့်စီမံကိန်းကို တူမကိုင်၊ လွှမကိုင်ခင်မှာဘဲ ဖျက်သိမ်းလိုက်ရတော့သည်။

အဝေးပြေးကားပေါ်ကတည်းက ပါရှိလာသော ရေသန့်ဘူးကို သောက်ပြီး အဝတ်လဲကာ စံအိမ်တော် သန့်ရှင်းရေး စ,လုပ်ရသည်။ တောက်တဲ့ အသေနှစ်ကောင်ကို ဖယ်ရှားပြီး ရေစက်ကို ဆီဖြည့် မောင်းတင်ထားလိုက်သည်။ အလိုလေး၊ ဘုရားရေ ဟုတ,ရလောက်အောင် ရေများက အရင်နှစ်များကထက် ပိုလို့ဝါ၊ ပိုလို့ညစ်ထေးနေပါပြီကော။ ပါလာသော လက်ကျန် ရေသန့်ဘူးကို မျက်စောင်းထိုးကြည့်မိတော့ ဘူးခွံမှာ လေနှင်ရာနောက် တလိမ့်လိမ့်ဖြစ်နေပြီ။ ကျောက်စည်ပိုင်းတစ်ခုကို သန့်ရှင်းရေးလုပ်ပြီးသဲ၊ စက်ဖွဲပြာ၊ အုတ်ခဲကျိုးတို့ကို အသုံး

အပူဒဏ်ကို
ကျွန်တော်
ခံနိုင်ရည်
မရှိတော့
ဝေ့ဝဲလွင့်ပျံနေကြသော
ဖုန်မှုန့်များကြောင့်
အသက်ရှုရတာပင်
မဝတော့
မနက်ခင်း
နေနုနုမှာပင်
ပူလွန်းမက
ပူလွန်းလှသောကြောင့်
လူက
အရိုင်းစိတ်များ
ဝင်နေသည်
ဘယ်သူတွေကို
ဘာတွေကို
အပြစ်တင်ရမှန်း
မသိတော့။

ပြုလျက် ရေစစ်ကန် ပြုလုပ်ရသည်။ သောက်ရေတစ်အိုးစာရအောင် တစ်စက်ချင်း ခံယူစုဆောင်းရပေဦးတော့မည်။ သောက်ရေသုံးရေ စီမံပြီးတော့ တစ်ခြံလုံးရှိ ပလတ်စတစ်အမှိုက်များကို သံစူးချွန်တစ်ချောင်းဖြင့် လိုက်ကောက်ရသည်။ သစ်ရွက်၊ သစ်ကိုင်းအမှိုက်များကတော့ ဒီအတိုင်း ထားလိုက်သည်။ ဆွေးမြည့်၍ မြေဩဇာဖြစ်မည်။ အမှိုက်ကောက်ပြီးတော့ ခရီးပန်းခြင်း၊ စံအိမ်နှင့်ခြံဝင်း ရှင်းလင်းခြင်းများကြောင့် လူလည်း အတော်နွမ်းနယ်နေပြီး အမောပြေ သောက်ရန်ရေမရှိသေး။ မီးဖိုချောင်ထဲ ပြေးဝင်ကာ ထင်းစကြီးကြီးများသုံးလျက် မီးမွေးထားလိုက်သည်။ တစ်လက်စတည်း

ပလတ်စတစ်အမှိုက်များ မီးပုံရှို့လိုက်သည်။ စစ်ထားလျက်နှင့်ပင် ဝါမြဲဝါနေသေးသော ရေနည်းနည်းယူ၍ ကျိုထားလိုက်သည်။ ဓာတ်ဘူးတစ်လုံးစာမျှဦးစွာပထမရလျှင် တော်သေးပြီ။ စံအိမ်တော်မှာ ရေမီးအစုံရပြီဖြစ်သောအခါ ရေဝါဝါများကိုပင် အေးစိမ့်အောင်ချိုးအပြီး အဝတ်နွမ်းလေးတစ်ထည်ဝတ်ကာ ရေနွေးဓာတ်ဘူးလေး ကိုင်လျက် ဝရန်တာကို ထွက်ခဲ့တော့ကောင်းကင် မည်းမည်းမှောင်မှာ လကလေး ရေးရေးမျှင်မျှင် မြင်နေရပါပြီ။ တစ်စက္ကန့်တိုင်း တစ်မိနစ်တိုင်းမှာပင် ပိုပို၍ တိတ်ဆိတ်ညင်သာစွာ မည်းမှောင်လာခဲ့တော့သည်။ လူသံ၊ ကားသံ၊ လော်စပီကာသံ၊ ဘာသံမှမရှိ။ ကြက်သံ၊ ဝက်သံ တို့ကိုသာ ရံခါကြားရသည်။ မေ့သလောက် ရှိမှ တရုတ်ဆိုင်ကယ်လေးတစ်စီး ဖြတ်သွားသံကြားရသည်။ မီးရောင်ကလေးများကိုယ့်ထံ ကွေ့ဝင်လာလေမလား၊ စကားပြောဖော်လေးများ ရမလား မျှော်မိသေးပေမဲ့ မည်သူမျှ မလာရောက်ကြပါလေ။ လိုရမည်ရဟုဆိုကာ ယူလာခဲ့သော ဖုန်းတွေ၊ တက်ဘလက်တွေကွန်ပျူတာတွေ အကုန် ပါဝါပိတ်ကာအနားပေးထားခဲ့သည်။ ဒီနေရာမှာအင်တာနက်မပြောနှင့် ဖုန်းလိုင်းပင်မမိသည့်နေရာက များပါသည်။ ထိုအကြောင်းတို့ကြောင့်ပင် ကျွန်တော်သည် ဒီအရပ်ကို ရွေးထားခဲ့ခြင်းပင်မဟုတ်ပါလေ။ ပါလာသည့် ငါးခြောက်ကလေးမြှုလိုက်၊ ရေဝါဝါတွေကို ကျိုထားသည့် ရေနွေးမည်းမည်းတွေကို သောက်လိုက်ဖြင့် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်လာတော့ ကျွန်တော် အထီးကျန်လာသည်။ တစ်ခုခုတောင့်တလာသည်။ ထို့ကြောင့် ဆက်၍ မရသော်လည်း ဓာတ်ပုံရိုက်ရသော၊ သီချင်းနားထောင်၍ရသော ဖုန်းကို သတိရလာသဖြင့် ဖွင့်ပြီး ကလိကြည့်သေးသည်။ သရီးဂျီဆိုတာမပြောနှင့် ဖုန်းအ

www.burmeseclassic.com

www.burmeseclassic.com

**အခါတစ်ပါးမှာ ထူပိန်းရိုးအ လှသော ပါးစပ်တစ်ခုလုံး သွားချေးများ ပြည့်နှက်နေသော သားကို အမေဖြစ်သူက မုန့်ဖိုးငွေပေးကာ ကြံဝယ်စားခိုင်းသည် မိခင်၏ ရည်ရွယ်ချက်ကတော့ သူ့သားဖြစ်သူ၏ သွားချေးများ ပြောင်စင်သွားစေရန် ဖြစ်သည် သားဖြစ်သူက မုန့်ဖိုးငွေကိုကိုင်၍ အိမ်မှထိုင်ကာ မုန့်သည်ကိုစောင့်နေပါ၏။ တိုက်တိုက်ဆိုင်ဆိုင် မည်သည့်ဈေးသည်နှင့်မျှ မဆုံခဲ့**

အသွယ်ရှိ မရှိ ပြသောနေရာမှာပင် ကြက်ခြေခတ် ပြနေသည်။ အို··· ဘာဖြစ်သေးလဲ တွဲတေးသိန်းတန် သီချင်းလေးဖွင့်ပြီး ငါးရံ့ခြောက်လေး မြို့၊ ရေနွေးမည်းမည်းကိုသောက် မှောင် သထက် မှောင်လာသော ညထဲမှာ၊ ချို့တဲ့စွာ တိုက်ခတ်လာသော နွေလေ ညင်းကလေးများ ကြားမှာ ကျွန်တော့် လယ်တောစံအိမ်တော်ကြီးသည် ဗီဘီ ကန်းထရီးစတိုင် ဖြစ်ခဲ့ရနေပါတော့ သည်။

ဝရန်တာကြမ်းပြင်မှာပင် တစ်ည လုံး အိပ်ပျော်သွားခဲ့သော ကျွန်တော် သည် မနက်အစောကြီး နိုးနေတော့ သည်။ ကိုယ်လက်သုတ်သင်ပြီး ကော်ဖီတစ်ခွက်နှင့် ဘီစကစ်အနည်း ငယ် စားလိုက်သောအခါ အားတွေအင် တွေ ပြည့်ဖြိုးနေသလိုရှိသောကြောင့် ဆိန်တစ်လက် ယူဆောင်ကာ စုပုံထား သည့် သစ်ပင်သစ်ကိုင်းများကို ထင်း အဖြစ် အသွင်ပြောင်းလို့နေလိုက်သည်။ ခြံထောင့်စပ် ချုံများမှာ လှေဦးတုံးကို သွမ်းမြင်လိုက်ရသည်။ သည်အရပ်မှာ ဘ မိုးတွင်းအခါ ရေမြုပ်တတ်သည်။ ဘာကျိုးလျှင် အိမ်နိမ့်လေးများ စုံးစုံး မြုပ်နေတော့သည်။ လယ်တွေ၊ ကိုင်း တွေ အားလုံးပင် ပင်လယ်ပြင်ကြီးလို ဖြစ်နေတတ်သည်။ ထို့ကြောင့် လိုရမည် အဖြစ် တစ်ယောက်စီး လှေကလေး တစ်စင်းကို အိမ်အောက်မှာ မှောက်လျက် ထားမိသည်။ ကျွန်တော် မရောက် ခင် တစ်မိုးမှာ ရေမြုပ်ခဲ့ပြန်သောကြောင့် သူမဲ့လှေ၊ ချည်နှောင်မထားမိသော လှေကလေး မျောချင်တိုင်း မျောနေခဲ့ ဟန်တူသည်။ ချုံများနှင့် ငြိတွယ်နေမှု ကြောင့် ယခုလို ကျွန်တော် ပြန်တွေ့ ခြင်းဖြစ်သည်။ ချုံများကို ဖယ်ရှင်း လိုက်ပြီးသော်လည်း လှေကလေးကို ကျွန်တော် မရွှေ့နိုင်၊ မထမ်းနိုင်ခဲ့ပါ။ ခင်ဦးတလေ အကူအညီခေါ်မှရမည်။ ရွှေ့ထားရန် နေရာကိုသာ နည်းနည်း ရှင်းမြင့်ပြီး ပြင်ဆင်ထားလိုက်သည်။ ချည် သော့ခတ်ဖို့တော့ ကျွန်တော် မစဉ်းစားခဲ့ပါ။ ရေမြုပ်လို့မျောလည်း မျောပါစေ၊ ရေမြုပ်နေသည့်အချိန် တစ်စုံ တစ်ယောက် တွေ့ရှိပြီး အလွယ်တကူ အသုံးပြုနိုင်စေရန် ရည်ရွယ်ပါသည်။

ထင်းကိစ္စ၊ လှေကိစ္စတွေ စီမံပြီး တော့ မနက်ကိုးနာရီခန့်သာ ရှိသေး သည်။ မြို့ပြမှာဆိုလျှင် ခုမှ ကျွန်တော် အိပ်ရာမှထ,ချိန်ဖြစ်သည်။ ခုတော့ အလုပ်တော်တော်များများ ပြီးသွားသည်။ မနက်ကိုးနာရီသာရှိသေးသည် နေက ကျောက်ခွဲမတတ် ပူနေပြီ။ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေပြီ။ မျက်လုံးထဲ စီးဝင် လာသည့် ချွေးများကို သုတ်သင်ရင်း မျက်နှာတစ်ခုလုံးလည်း ပေပွနေပြီ။ နေ အပူရှိန်က အတော်ကို ပြင်းထန်လှ သည်။ မီးဖုတ်ထားသည့် ရဲရဲနီနေသော သံပြားကြီးတစ်ချပ် ကျောမှာလာကပ် ထားသလို ခံစားနေရသည်။ မတိုက်ချင် မလှုပ်ချင်ဘဲ တိုက်ခတ်လှုပ်ရှားလာသော လေပွေလေးတစ်ချက်တလေကလည်း ဖုန်များကိုသာ တလွင့်လွင့်ဖြစ်စေပြီး အေးမြမှုကိုတော့ မပေးခဲ့။ နေကာ လေကာထားသည့် ကျွန်တော့် သစ်ပင် များကို ခုတ်သွားခဲ့သော တောင်တောင် ဤဤ စီမံကိန်းများကို မေတ္တာပို့မိပြန် သည်။ တစ်နှစ်ထက်တစ်နှစ် ဘာ ကြောင့် အပူရှိန်တွေ မြင့်မြင့်လာရပါ သနည်း။ သစ်ပင်ခုတ်သူများကို နေမွန်း တည့်ချိန်လောက်မှာ သဲသောင်ပြင်ပေါ် ၌ ပက်လက်အနေအထားဖြင့် တစ်နာရီ ခန့်၊ မှောက်လျက်အနေအထားဖြင့် တစ်နာရီခန့် ထားရှိပြီး ခံစားကြည့်စေ ချင်လှသည်။ ကျွန်တော့်မှာ ခိုစရာ သစ်ရိပ်မရှိ၊ အိမ်ပေါ်လည်း မတက် နိုင်သောကြောင့် အိမ်အောက် အေးမည် ထင်ရသော နေရာမှာ အသာလေး ငြိမ် ထိုင်နေရသည်။ အပူဒဏ်ကို ကျွန်တော် ခံနိုင်ရည်မရှိတော့။ ဝေ့ဝဲလွင့်ပျံနေ ကြသော ဖုန်မှုန့်များကြောင့် အသက် ရှူရတာပင် မဝတော့။ မနက်ခင်းနေ နုနု မှာပင် ပူလွန်းမက ပူလွန်းလှသော ကြောင့် လူက အရိုင်းစိတ်များ ဝင်နေ သည်။ ဘယ်သူတွေကို ဘာတွေကို အပြစ်တင်ရမှန်း မသိတော့။ ခြံရှေ့မှ ဖြတ်သွားသူတစ်ယောက်ထံမှ လယ် ကွက်ကြီးများကို ဝယ်ယူလိုက်ကာ ကျကျနန အရေခွံဆုတ်နေမိသည်။ ဆားနနွင်းနယ်ပြီး နေလှန်းထားသည်။ အမြင့်မှာ လှန်းလို့မရ၊ ကျီးတို့ ထိုးသုတ် မှာ ကြောက်ရသည်။ မြေမှာ ချလှန်း လို့ မရ၊ ခွေးတို့ လာဝါးသွားမည်။ အစားလေးတစ်လုတ်အတွက် ကျီးလန့်၊ ခွေး လန့် ရှောင်နေရသည်မှာ မြို့ပြမှာ စီးပွားရှာနေရတာကို သတိရနေစေပြန် သည်။

ကျွန်တော်က လယ်ကြွက်ကင် လေး စားချင်ပေမဲ့ အညှီနံ့ကျ မခံနိုင် ပြန်။ ရေဝါဝါ နောက်နောက်တွေကိုပင် ဆပ်ပြာနှစ်ထပ်တိုက် ချိုးပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထမင်းကိုလည်း အဆင်သင့် စားနိုင်သောဘူးများ၊ အထုပ်များနှင့်ပင် ပြီးစလွယ် စားလိုက်သည်။ ကိုယ်လက်လှုပ်ရှား ပင်ပန်းမှုကြောင့် အားပါးတရ စားနိုင်မည် မျှော်လင့်ထားသော်လည်း တဖြည်းဖြည်း ရင့်သန်လာသော အပူရှိန်ကြောင့် မစားနိုင်တော့ပြန်။ တော်သလိုသာ စားသောက်ပြီး ခဏတစ်ဖြုတ် နားနေရန် နေရာလိုက်ရှာရသည်။ တစ်ခြံလုံးနှင့် တစ်အိမ်လုံး အေးမြမှု နည်းနည်းရှိမည့် နေရာက တစ်နေရာမျှ မတွေ့။ ရေချိုးခန်း ရေကန်ဘေးမှာတော့ အနက်ရောင်ခွေးတစ်ကောင် ဝပ်စင်းမှေးမှိတ်နေသည်။ အပူကြိုက်သော ခွေးတွေ၊ ကြောင်တွေပင် လျှာတန်းလန်း ထွက်ကုန်ပြီ၊ ပိုးလိုး ပက်လက် ဖြစ်ကုန်ပြီ။ အပူဒဏ်ခံနေရသူချင်းအတူတူ ခွေးကို မောင်းမထုတ်တော့။ တခြားတစ်နေရာ ကျွန်တော် ထပ်ရှာပြန်သည်။ လေဝင်လေထွက် ရှိနိုင်မည်ထင်ရသော နေရောင်ကို မမြင်ရသည့် အိမ်အောက် မြေကြီးပက်ကြားအက် တစ်နေရာမှာပင် ဖျာတစ်ချပ်ခင်းကာ ငြိမ်ငြိမ်လေး လှဲနေရသည်။ ပတ်ဝန်းကျင်မှာ လေတို့ ရှိပါသေး၏ဟု ထင်ရလောက်အောင် မလှုပ်မယှက် နေနိုင်ကြသည်။ သစ်ရွက်သေးသေးလေးပင် မလှုပ်ခတ်တော့ပြီ။ လှမ်းမြင်နေရသော နေရောင်ကို ကြည့်ပြီး နေသည် တစ်စင်းတည်းမဟုတ်ဘဲ နေဆယ်စင်းများ အိမ်ခေါင်မိုးပေါ် ပြုတ်ကျနေသလား ထင်ရအောင် ပူလွန်းလှသည်။

မနက်စောစောထ လှုပ်ရှားထားမှု၊ အပူဒဏ်ကြောင့် နွမ်းနယ်နေမှုတို့ကြောင့် ခဏတစ်ဖြုတ် မှေးအိပ်ချင်လှသော်လည်း နေဆယ်စင်းနှင့် အကင်ခံထားရသလို ဖြစ်နေသောကြောင့် အိပ်မရနိုင်။ ရေနွေးမည်းတို့တွေထဲ ဆားခတ်သောက်ပြီး ပူသမျှဒဏ်ကို အလျှားထိုးစင်းခံနေရတော့သည်။ မဆီမဆိုင်ပင် ကျွန်တော် အရေးဆုတ် နေလှန်းထားသော လယ်ကွက်ကြီးများကို ကိုယ်ချင်းစာနေမိပြန်သည်။

တစ်နေကုန် အရိုးများ အရည်ပျော်မတတ် ခံစားနေရပြီ။ ညနေအတော်စောင်းမှ အိမ်အောက်မှထွက်ပြီး ခြံထဲမှာ ကျောအပြောင်သားဖြင့် လှည့်ပတ်ကြည့်နေမိပြန်သည်။ သုံးမရသော်လည်း ရေအနည်းငယ် ရှိရတတ်သည့် ရေတွင်းပျက်ကို ငုံ့ကြည့်မိတော့ သုံးမရသည့်ရေတို့ပင် ခန်းခြောက်နေပြီး ရေတွင်းမပြောနှင့်၊ အနောက်ဘက်ခြမ်းရှိ မြစ်သည်ပင် သဲသောင်ပြင်တို့ဖြင့် ထိစပ်ပြီး လမ်းလျှောက်ကူးလို့ ရနေပေပြီ။ မြစ်ကမ်းပါး နှစ်ဖက်စလုံးမှာလည်း ပြိုကျမှုများကြောင့် ကမ်းပါးအမြင့်ကြီးများ ဖြစ်နေပြီ။ ဟိုတစ်ဖက်ကမ်းနှင့် ဒီတစ်ဖက်ကမ်းမှာလည်း အလယ်တည့်တည့်တွင် မြစ်ဟု လက်ညှိုးထိုးပြစရာ ရေစီးကြောင်းသေးသေးလေးတစ်ခုသာ ရှိတော့သည်။ တစ်မျှော်တစ်ခေါ် သောင်ပြင်သဲပူများဖြင့်ပြည့်၍ ထိစပ်လျက်ရှိနေပေပြီ။

နေလုံးနေရောင် ပျောက်တော့မှ ရေမိုးချိုးပြီး လယ်တော စံအိမ်တော်ပေါ်သို့ တက်လှမ်းနိုင်ခဲ့တော့သည်။ သွပ်မိုးနိမ့်သည့်နေရာများက ပူလို့ကောင်းဆဲ၊ အခင်းပျဉ်သစ်သားတို့သည် ရွှရွှပူနေဆဲ။ ရေစင်အောင်သုတ်ရင်း ခန္ဓာကိုယ်ကို မှန်ထဲကြည့်မိတော့ နည်းနည်းဖြူသွားခဲ့ရသည်။ တံဆိပ်မျိုးစုံမှ ထုတ်လုပ်သော အအေးငွေ့တို့ကို နှစ်ရှည်လများ ခံယူထားသည့် ကျွန်တော့် အသားအရေ ဖြူဖျော့ဖျော့တို့မှာ နီသလိုလို၊ ညိုသလိုလို အရောင်သို့ ကူးပြောင်းနေခဲ့ပြီ။ တစ်နေ့တလေ ထိရုံ၊ ခံစားရုံဖြင့် ကျွန်တော်သည် ဥရောပသားတို့ အကြိုက် ကြေးနီရောင် အသားအရေကို ရရှိပိုင်ဆိုင်ပြီဟု ကြံဖန်ဖြေသိမ့်ရပါသည်။

တစ်နေလှန်းရုံဖြင့် ခြောက်သယောင်း တွန့်လိမ်သွားသော လယ်ကွက်ကင်လေးနှင့် တွဲဖက်ရန် ဘီယာဘူးကို လှမ်းကိုင်လိုက်တော့ ဘီယာဘူးတို့သည် ကိုင်ရမှာပင် ပူလောလော အထိအတွေ့ကို ခံစားရစေသောကြောင့် စိတ်လျှော့ကာ ရေနွေးဓာတ်ဘူးလေး ပြောင်းကိုင်ပြီး လေကလေး ငွေ့ငွေ့ သုတ်ဖြူးလာပြီဖြစ်သော ညဦးဝရန်တာလေးသို့ ထွက်လာခဲ့ရတော့သည်။ စိတ်အစဉ်တို့သည်လည်း အပူဒဏ်ကြောင့် အတွေးများ ပြန့်ကျဲ ဖရိုဖရဲနေတော့သည်။

အခါတစ်ပါးမှာ ထူပိန်း ရှိုးအ,လှသော၊ ပါးစပ်တစ်ခုလုံး သွားချေးများ ပြည့်နှက်နေသော သားကို အမေဖြစ်သူက မုန့်ဖိုးငွေပေးကာ ကြံဝယ်စားခိုင်းသည်။ မိခင်၏ ရည်ရွယ်ချက်ကတော့ သူ့သားဖြစ်သူ၏ သွားချေးများ ပြောင်စင်သွားစေရန်ဖြစ်သည်။ သားဖြစ်သူက မုန့်ဖိုးငွေကိုကိုင်၍ အိမ်မှ ထိုင်ကာ မုန့်သည်ကို စောင့်နေပါ၏။ တိုက်တိုက်ဆိုင်ဆိုင် မည်သည့်ဈေးသည်နှင့်မျှ မဆုံခဲ့။ တစ်နေကုန်ခါနီးမှ ကန်စွန်းဥပြုတ်သည် တစ်သည် ရောက်လာသည်။ သားဖြစ်သူလည်း မုန့်သည်တွေ့ပြီဆိုကာ ဝမ်းသာအားရဖြင့် ကန်စွန်းဥပြုတ်များ ဝယ်စားလိုက်တော့သည်။ သွားချေးပြောင်စင်ဖို့ နေနေသာသာ ကန်စွန်းဥ အစွမ်းကြောင့် ပိုလို့တိုးနေသော သွားချေးများကိုကြည့်ရင်း မိခင်မှာလည်း ရင်ထုမနာ ဖြစ်ရတော့သည်။

ကျွန်တော့်အဖြစ်မှာလည်း သွားချေးထူသော သားတစ်ယောက်လို ဘ မျိုးဖြစ်နေပြီလား မသိတော့ပေ။ မြို ၏ လူမှုဘဝ သောကအပူဒဏ်များ ငြီးငွေ့စွာ၊ ကြောက်လန့်စွာ ဆည့်ပ လောရိုက်နေသည့် လူလုပ်အပူတော ထွက်ပြေးခဲ့သည်။ အေးချမ်းတိတ်ဆိ ငြိမ်သက်သည်ဟု ယူဆရသော ကျွန်တေ လယ်တောစံအိမ်တော်ကြီးသည် က ထဲ ထီးတည်းတည်နေကာ ကျွန်တော အား သဘာဝ အပူဒဏ်များဖြင့် ဆီး ပွေ့ဖက်မှုများကြား တစ်လနီးပါး အောင် ကျွန်တော် ရင်ဆိုင် နေထိုင် ဦးတော့မည်။

P.ဆ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းချဉ်သီးများ

စန္ဒီ(မုံလယ်ပြာ)

မောင်ငယ်လေးသည် သစ်ရွက်တစ်ရွက်ဖြစ်ခဲ့လျှင် ကြွေကျချိန်တစ်ခုတော့ ရှိပါလိမ့်မည်။ အစ်ကိုနှင့် အစ်မတို့သည် မောင်ငယ်သစ်ရွက်လေးကို ပျိုမျစ်သော သစ်ပင်အကိုင်းထက်မှာပင် ထာဝစဉ် စိမ်းလန်းနေစေလိုပါသည်။ သစ်ရွက်ကလေး စိမ်းလန်းနေရန်အတွက် ဖြစ်မြဲပျက်မြဲ လောကတရားကို ဆန့်ကျင်တိုက်ခိုက်ရန် လိုအပ်လာလျှင်လည်း အချိန်ဆိုင်းနေကြမည် မဟုတ်။ အကယ်၍ ရှောင်လွှဲမရသော လောကဓံကြောင့် သစ်ရွက်ကလေး ကြွေကျခဲ့သည်ရှိသော် စိုစွတ်ညစ်ညမ်းသော မြေသားနံ့ရှိများဆီသို့ မကျဆင်းစေလိုပါပေ။ အစ်ကိုနှင့်အစ်မတို့သည် ချစ်ခြင်းတရားကြောင့် သစ်ရွက်ကလေးကို ခံယူချင်ပါသည်။ ထိုနောက် ရင်နှစ်လွှာကို ဇွဲဖိတ်ပြီး သစ်ရွက်ကလေးကို နှလုံးအိမ်အတွင်း၌ ထာဝရ သိမ်းဆည်းထားလိုပါသည်။

ထိုသို့ယုံကြည်ခြင်းကြောင့်ပင် အစ်ကိုနှင့်အစ်မတို့သည် 'မောင်ငယ်လေးရေ' ဟု နှုတ်မှ တဖွဖွရွတ်ကာ အသက်ဆက်ခဲ့ကြသည်။ ငယ်ငယ်ဘဝ အဆောပိုင်းနေ့များကပင် သူတို့ရင်ခွင်၌ မောင်ငယ်သစ်ရွက်လေး ပြန်လည် ခိုတွယ်နေလိမ့်မည်ဟု အထင်ရှိခဲ့ကြသည်။ အစ်ကိုနှင့် အစ်မတို့သည် တီတာအသံတို့ပြုတတ်မြဲဖြစ်သော မောင်ငယ်လေးကို သူတို့ရင်ခွင်ထဲသို့ ထွေးပွေ့ကာ တစ်လှည့်စီ တေးဆိုခဲ့ကြဖူးပါသည်။

မွေးဖွားစ,ကာလများများကပင် ပိန်လှီသေးသွယ်သော ခြေချောင်းငယ်လေးများကို ကြည့်ကာ စိုးရိမ်ပူပန်ခဲ့ရသည်။ အစ်ကိုနှင့်အစ်မတို့ သို့သော် မောင်ငယ်လေးသည် ကလေးတို့ လမ်းလျှောက်တတ်သည့်အရွယ်တွင် လမ်းမလျှောက်နိုင်ခဲ့။ သူ့ခြေထောက်တို့သည် သေးသွယ်အားနည်းခဲ့သည်။ အစ်ကိုနှင့် အစ်မတို့သည် မောင်ငယ်လေး၏ ခြေချောင်းငယ်များကို တဖွဖွ ဆုပ်ကိုင်ရင်း ပူပန်စိတ်ဖြင့် ရူးမတတ်ဖြစ်ခဲ့ရသည်။

တဖြည်းဖြည်း တီတာအသံတို့ ပြုတတ်ရင်းမှ နာမည်မထင်မရှား ဝေဝါးအသံထွက်နိုင်သောအခါ အစ်ကိုနှင့်အစ်မတို့သည် ပျော်ရွှင်ကြည်နူးရသည်။ အဖေအမေတို့ ရုတ်တရက် ဆုံးပါးသွားသည့်အခါ အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို နှစ်ဆတိုးသော မေတ္တာဖြင့် ချစ်မြတ်နိုးခဲ့ကြပါသည်။ သူတို့သည် သူတို့ရင်ဘတ်များကို တဖွဖွ ရိုက်ရင်း 'အစ်ကို'၊ 'အစ်မ' ဟု ခေါ်တတ်စေရန် သင်ပေးခဲ့ကြသည်။ အချိန်အတော်ကြာသည်အထိ မောင်ငယ်



ခုန်မြဲဖြစ်သော သူတို့နှလုံးအိမ်အတွင်းသို့သာ သစ်ရွက်ကလေးကို ကြွေကျစေလိုပါသည်။ သူတို့သည် သူတို့၏ရင်နှစ်လွှာကို ထက်ခြမ်းခွဲကာ လေထဲ ဖွေဲကျလာမည့်သည့် မောင်ငယ်လေး၏ သေးသွယ်အားနည်းသော ခြေချောင်းငယ်လေးများကို သူတို့ပါးစပ်အတွင်းထည့်ကာ သန့်စာပြည့်ဖြိုးစေရန် တိတ်တဆိတ် ဆုတောင်းခဲ့ကြသည်။

လေး၏ နှုတ်မှ 'အစ်ကို'၊ 'အစ်မ' ဟု မ... နိုင်ခဲ့သောအခါ သူ...မှာ... တိတ်တဆိတ် ...နည်းခဲ့... သည်။ မ...ရှားသော တ... နေ့မှာ... မောင်ငယ်လေး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သည် ရုတ်တရက် 'အစ်ကို'၊ 'အစ်မ' ဟု အော်ခေါ်တတ်ခဲ့သည်။ အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို မိုးအမြင့်ထိရောက်အောင် မြှောက်တင်ချီပိုးချင်စိတ်ဖြင့် ရူးသွပ်ပျော်ရွှင်ခဲ့ကြသည်။

ငယ်ငယ်ဘဝ ထိုနေ့ရက်များတွင် မောင်ငယ်လေးသည် မြေကြီးကြမ်းပြင်ပေါ်၌ ခြေအစုံကို ကြာရှည်မရပ်နိုင်သော သနားစရာ ကလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။ အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေး ခြေလှမ်းတစ်လှမ်း လှမ်းနိုင်လျှင်ပင် အနီးအပါး၌ အော်ဟစ်အားပေး၍ လက်ခုပ်တီးခဲ့ကြသည်။ မောင်ငယ်လေး၏ အစ်ကိုသည် သူ့ခြေထောက်တို့ကို ဖြတ်ပစ်ကာ မောင်ငယ်လေးထံ၌ တပ်ဆင်ပေးလိုစိတ်ဖြင့် မချိတင်ကဲ ဖြစ်ခဲ့ရသည်။

သူတို့သည် ဘုရားရှေ့တွင် သဲပုံ ပုံကာ ထိုသဲပုံပေါ်တွင် မောင်ငယ်လေး၏ ခြေအစုံကို နှစ်၍ သန်မာပြည့်ဖြိုးစေရန် သစ္စာဆိုခဲ့ကြသည်။ သဲပုံပေါ်တွင် မောင်ငယ်လေး ငိုကြွေးသောအခါ သူတို့မှာ နှလုံးကြေကွဲမတတ် ဝမ်းနည်းခဲ့ကြသည်။ အစ်ကိုနှင့် အစ်မတို့သည် နေ့ပေါင်းများစွာပင် ဘုရား၌ ဒူးထောက်သစ္စာဆိုရင်း မောင်ငယ်လေး သဲပုံပေါ်မှ ကိုယ်တိုင်ရုန်းထွက်၍ လမ်းလျှောက်လာနိုင်မည့်နေ့ကို စောင့်မျှော်ခဲ့ကြပါသည်။ နောက်ဆုံးတွင် မောင်ငယ်လေးသည် သဲပုံပေါ်မှ ရုန်းထွက်နိုင်ခဲ့သည်။ အစ်ကိုနှင့်အစ်မတို့သည် သူတို့၏ သစ္စာကြောင့်သာ မောင်ငယ်လေး၏ ခြေထောက်များ သန်မာပြည့်ဖြိုးလာသည်ဟု ယုံကြည်ခဲ့ကြပါသည်။

**တစ်ချိန်က**
**သူနှင့်အတူ**
**ထပ်ခိုးကျဉ်းပေါ်တွင်**
**ခြိုးခြံနေထိုင်ရင်း**
**တော်လှန်စိတ်တို့**
**ရဲရင့်ခဲ့ကြသော**
**ဘဝတူ**
**သူငယ်ချင်းများ**
**ထာဝရ**
**ပျောက်ဆုံးသွားသည်**
**ကို**
**လက်ချိုး**
**ရေတွက်ခဲ့ရသည်**

တစ်ခါတစ်ရံ အချိန်များတွင် အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို လမ်းမလျှောက်တတ်သော ကလေးတစ်ယောက်သာ အမြဲဖြစ်လိုက်ပါတော့ဟု တွေးမိပြန်ပါသည်။ အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို အရွယ်မကြီးရင့်သော စိမ်းနုရွက်ပေါက်ကလေး တစ်ရွက်အဖြစ်သာ အမြဲ ဖြစ်စေချင်ခဲ့ပါသည်။ အမြဲ ပျော်ရွှင်ရယ်မောတတ်သော၊ ယုံကြည်ရာ အမှန်မရှိသော ကလေးတစ်ယောက်သာ ဖြစ်စေချင်ခဲ့သည်။ သို့သော် နုသောသစ်ရွက်သည် အကြောတစိမ်းစိမ်းဖြစ်လျက် လေတိုးသံကို လှုပ်ခါခံစားတတ်ခဲ့သည်။

မောင်ငယ်လေးသည် ခရမ်းချဉ်ခင်းများကြားတွင် ပြေးလွှားကစားရင်းမှ ငြိမ်သက်တွေးတောတတ်လာခဲ့သည်။ လောကနှင့် လူသားတို့၏ ကောင်းခြင်းဆိုးခြင်းကို နားလည်သဘောပေါက်လာခဲ့သည်။ နိမ့်သောမြေလွှာတွင် လုံ့လစိုက်တတ်သူတို့ကို ရှုမှန်းတတ်လာခဲ့သည်။

နေ့များစွာတို့တွင် နေရောင်ခြည်ဖြာထိုး၍ သစ်ရွက်ကလေးသည် ကျန်းမာသန်စွမ်းခဲ့ပါသည်။ အစ်ကိုနှင့်အစ်မတို့သည် ရေကိုအမှန်လောင်း၍ မြေဆီဩဇာဓာတ်ကို မပြတ်ပေးခဲ့ကြပါသည်။ တဖြည်းဖြည်းနှင့် လေကိုပင် ကလူကျီစယ်သော၊ အကြောစိမ်းတို့ဖြင့် သန်စွမ်းသော သစ်ရွက်ကလေးကို အရိပ်တကြည့်ကြည့်ဖြစ်ခဲ့ရသည်။

ခရမ်းချဉ်ပင်များကို စွန့်၍ မောင်ငယ်လေး တက္ကသိုလ်ဆီသို့ ထွက်ခွာသော တစ်နေ့တွင် အစ်ကိုနှင့်အစ်မတို့သည် စည်းရိုးဝါးတိုင်ကလေးများကို တစ်ဖက်စီကိုင်ရင်း ငိုကြွေးခဲ့ကြရသည်။ တောက်သော နေရောင်အောက်တွင် ထွက်ခွာသွားသော မောင်ငယ်လေး၏ ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ရင်း အပြန်အလှန် နှစ်သိမ့်အားပေးခဲ့ကြသည်။ အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို သတိရတိုင်း ခရမ်းချဉ်ပင်များကို တို့၍ စိုက်ပျိုးခဲ့ကြပါသည်။

လောကအလယ်တွင် သစ်ရွက်ကလေးသည် လှုပ်ခတ်ရင်းဖြင့် ရှင်သန်ခဲ့ပါသည်။ မောင်ငယ်လေးသည် ဂစ်တာနှင့်သီချင်း၊ လက်ရေးပန်းချီစာအုပ်များဖြင့် သူ့ဘဝ၏ အလှဆုံးအချိန်များကို ပျော်ရွှင်ဖြတ်သန်းခဲ့ပါသည်။ သို့သော် လေမုန်တိုင်းတို့ တိုက်ခတ်ရာ သစ်ခက်ကိုင်းတို့လည်း လှုပ်ခတ်ခဲ့ရသည်။ မုန်တိုင်းကြောင့် ပန်းတို့ ကြွေမွ၍ အပင်ရိပ်တို့ တေးဆိတ်ခဲ့ရသည်။

အစ်ကိုနှင့်အစ်မတို့သည် မုန်တိုင်းတွင် သစ်ရွက်ကလေး လှုပ်ခတ်လွင့်ပါမည်ကို စိတ်ပူပန်ခဲ့ကြသည်။ လေပြင်းများကြားတွင် သစ်ရွက်ကလေးကို သူတို့ရင်ခွင်၌သာ အုပ်မိုး၍ ကာကွယ်ချင်ခဲ့ပါသည်။ သူတို့သည် မောင်ငယ်လေး ပြန်အလာကိုစောင့်မျှော်ခဲ့ကြသည်။ စိမ်းဖန့်ဖန့် စည်းရိုးဝါးတန်းများနံဘေး ဖြတ်ပြေး၍ 'အစ်ကို'၊ 'အစ်မ' ဟု အော်ခေါ်ပြန်ပြေးလာမည်ဟု ထင်မှတ်ခဲ့ကြသည်။

ထိုနှစ်၏ နေ့ရက်များတွင် မောင်ငယ်လေးသည် အစ်ကိုနှင့်အစ်မကိုပင် သ[illegible] မရနိုင်တော့။ သွေးညီလွှ[illegible] သော နေ့များတွင် မောင်ငယ်လေးသည် လမ်းမထက်[illegible] လက်သီးကျစ်ကျစ်ဆုပ်[illegible] အော်ဟစ်တော်လှန်ခဲ့သ[illegible] မတရားသော လော[illegible] အနိုင်ကျင့်စိုးမိုးသူတို့ကို [illegible] တီး ရှုရှာခဲ့သည်။ ထို[illegible] နေ့ရက်များတွင် မောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

လေးသည် သူ့သူငယ်ချင်းတို့၏ သွေးပေစွန်းသော ရုပ်အလောင်းများကို မြင်ရပြီး နာကျင်ငိုကြွေးခဲ့ရသည်။ အမှန်ကို ချစ်မြတ်နိုးသော သူ့သွေးတို့သည် တော်လှန်စိတ်ဖြင့် ပွက်ဆူလျက်ရှိခဲ့သည်။

နွေရာသီ၏ ညနေစောင်းများတွင် အစ်ကိုနှင့် အစ်မတို့သည် စည်းရိုးဝါးတိုင်ကလေးများကို အသစ်လဲရင်း မောင်ငယ်လေးပြန်အလာကို စောင့်မျှော်ခဲ့ကြပါသည်။ မောင်ငယ်လေးသည် သူနှစ်သက်သော ခရမ်းချဉ်သီးပင်များကို စွန့်ကာ အချိန်အတော်ကြာအောင် နေနိုင်လိမ့်မည်ဟု မထင်မိခဲ့ကြပေ။ ရွက်ခြောက်ကြွေသော နွေတစ်နေ့တွင် မောင်ငယ်လေး ပြန်ရောက်လာလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ မြေအဆုံးတိုင်အောင် ကျယ်သော ခရမ်းချဉ်ခင်းများကို မောင်ငယ်လေးနှင့်အတူ စိုက်ပျိုးနိုင်လိမ့်မည်ဟု စိတ်ကူးခဲ့ကြသည်။ မောင်ငယ်လေး၏ အစ်မသည် ခရမ်းချဉ်သီးများ ခူးဆွတ်တိုင်း ထိုခရမ်းချဉ်သီးများပေါ်တွင် မောင်ငယ်လေး၏ မျက်နှာကိုသာ မြင်ယောင်ပါသည်။ စိမ်းနုဆဲ ခရမ်းချဉ်သီးတစ်လုံးပေါ်တွင် ပြုံးရယ်နေသော မောင်ငယ်လေး၏ မျက်နှာကို မြင်မိပြီး အစ်မသည် အတူတူ ပြုံးရယ်မိပါသည်။ နီရဲရဲ ခရမ်းချဉ်သီးများပေါ်တွင် ငိုကြွေးနေသော မောင်ငယ်လေး၏ မျက်နှာများစွာကို မြင်မိပြီး အစ်မသည် စိုးရိမ်ထိတ်လန့်စိတ် အော်ဟစ်ငိုကြွေးရသည်။ သူတို့သည် မောင်ငယ်

ကြည်သောရေတွင်
သွေးအညှီတို့
မျောပါခဲ့သည်
အမြဲအေးသော
ထိုတော
တစ်နေရာတွင်
ပန်းပွင့်များလည်း
သွေးရန့်များဖြင့်
ပွင့်ခဲ့ရသည်
လေပြင်းသည်
သစ်ရွက်ကို
ပျို့မျစ်ဆဲ
သစ်ပင်ပေါ်မှ
ကြွေကျအောင်
လှုပ်ယမ်းခါချသည်

လေး တောဆီသို့ ခိုဝင်သည်ကို ကြားသိလျက်ပင် မယုံကြည်ခဲ့ကြပေ။

စိမ်းဖန့်ဖန့် စည်းရိုးဝါးတိုင်ကလေးများ ဝါကြင်ပျက်စီးလာသည်အထိ မောင်ငယ်လေး ပြန်ရောက်မလာသောအခါ အစ်ကိုနှင့်အစ်မတို့သည် နာကျင်ငိုကြွေးခဲ့ရသည်။ ဆောင်းဦးပေါက် ညများတွင် အစ်ကိုနှင့်အစ်မတို့သည် မောင်ငယ်လေးကို အိပ်မက်မြင်မက်ပြီး ပြန်လည်မအိပ်စက်နိုင်ဘဲဖြစ်ကြရသည်။ မောင်ငယ်လေး၏ အစ်မသည် အိပ်မက်ဆိုးမက်တိုင်း မောင်ငယ်လေး၏ အမည်ကို တ,ကာ ရူးသွပ်သူကဲ့သို့ ငိုကြွေးမြဲဖြစ်သည်။ သူ့အာရုံထဲတွင် မောင်ငယ်လေးသည် အေးခဲသော ရေခဲပြင်များကြားတွင် ရောက်ရှိ၍ ရုန်းမထွက်နိုင်တော့ဘဲ သေဆုံးရတော့မည်ဟု ထင်မှတ်ခဲ့သည်။

ထိုကာလ ဆောင်းညများတွင် မောင်ငယ်လေးသည် အမှန်တကယ်ပင် တုန်ယင် ငိုကြွေးနေခဲ့ရပါသည်။ တော်လှန်လိုသော သူ့သွေး၊ သူ့အရိုးများပင် အေးခဲမတတ် ချမ်းခိုက်တုန်နေခဲ့သည်။ ထရံအကျဲအပေါက်များမှ တိုးဝင်လာသော ဆောင်းလေကြမ်းများကြားတွင် မြေကြီးကိုပင် အိပ်ရာဟု မှတ်ယူ၍ အိပ်စက်ခဲ့ရသည်။ အချိန်များစွာတို့တွင် မောင်ငယ်လေးသည် နေ့နှင့်ညကိုပင် ခွဲခြားနိုင်စွမ်း မရှိတော့။ သူ့ဦးခေါင်းသည် မည်းနက်သော အဝတ်စဖြင့် တင်းတင်းကျပ်ကျပ် စည်းနှောင်ခြင်းခံရသည်။

နေမပွင့်သော နေ့ရက်များတွင် မောင်ငယ်လေးသည် သစ်ပင်ပန်းမန်များမှ နှင်းရည်တစ်စက်တစ်စက်ကျသံများကို အားစိုက်နားထောင်ရင်း လောက၏ မတရားမှုများကို အံ့ဩတုန်လှုပ်ခဲ့ရသည်။ ညများစွာတို့တွင် မဝေးသောနေရာမှ ဆွဲငင်အော်ဟစ်သံများကို ကြားရင်း ကလေးတစ်ယောက်လိုပင် တုန်ယင်ကြောက်လန့်ခဲ့ရသည်။ တစ်ချိန်က သူနှင့်အတူ ထပ်ခိုးကျဉ်းပေါ်တွင် ခြိုးခြံနေထိုင်ရင်း တော်လှန်စိတ်တို့ ရဲရင့်ခဲ့ကြသော ဘဝတူသူငယ်ချင်းများ ထာဝရပျောက်ဆုံးသွားသည်ကို လက်ချိုးရေတွက်ခဲ့ရသည်။ အနှောင့်ပါ ဓားရိုးကို ခပ်မှန်မှန်ထိုးသွင်းခံရရင်း နာကျင်သေဆုံးသွားသော သူငယ်ချင်း၏ မျက်လုံးများကို ညစဉ်တိုင်းပင် ပြန်မြင်နေခဲ့ရသည်။ သူ ခိုဝင်ခဲ့သော တောတွင် အချင်းချင်းနှိပ်စက်မှုများကို ကိုယ်တိုင်ကြုံတွေ့လျက်ဖြင့် မယုံနိုင်ဖြစ်ခဲ့ရသည်။

မီးနီရဲသော ဓားမြှောင်များ၊ အခိုးအငွေ့များဖြင့် လောင်ကျွမ်းသော ကတ္တရာစေးအစက်များ၊ ပြတ်တောက်ပုပ်သိုးသော လက်ချောင်းခြေချောင်းများ။ သူကိုယ်တိုင်၏ သွေးစိမ်းရှင်ရှင်များ။


ကြည်သောရေတွင် သွေးအညှီတို့ မျောပါခဲ့သည်။ အမြဲအေးသော ထိုတောတစ်နေရာတွင် ပန်းပွင့်များလည်း သွေးရန့်များဖြင့် ပွင့်ခဲ့ရသည်။ လေပြင်းသည် သစ်ရွက်ကို ပျို့မျစ်ဆဲသစ်ပင်ပေါ်မှ ကြွေကျအောင် လှုပ်ယမ်းခါချသည်။ အကြောစိမ်းစိမ်း သစ်ရွက်ငယ်သည် တဖြည်းဖြည်း နာကျင်ဒဏ်ရာရသည်။

မောင်ငယ်လေးသည် သူ့သွေး၌ တော်လှန်စိတ်တို့ ရဲတောက်နေလျက်နှင့်ပင် "သူလျှို"ဟု စွပ်စွဲခံရသည်ကို နှလုံးကြေကွဲမတတ် နာကျင်ခဲ့ရသည်။

အလင်းတို့ မှုန်ဝါးသော ညတစ်ညတွင် မောင်ငယ်လေးသည် သူနှင့် မိတ်ဆွေသူငယ်ချင်းများအား ထားရှိရာ ထောင်ကုန်းဆီမှ တိတ်တဆိတ် ခေါ်ထုတ်ခြင်းခံရသည်။ ထိုညတွင် သူ့လက်တစ်ဖက်ကို ဓားဖြင့် ခုတ်

*စာမျက်နှာ(၁၆၅)သို့...*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အသွားတော့ ရွှေပို အပြန်တော့ သားကောင် အငယ်ကောင်

**အသွား**

ပြောရမယ်ဆိုရင် ခုလိုပါ ဆရာမ။ ဖြစ်ချင်တာကတော့ တစ်ယောက်တခြားစီ ဖြစ်နေတယ်။ မိန်းမနဲ့ လုံး၀ ကွာရှင်းဖို့ပါပဲ။ သူနဲ့ကွဲနေတာ သားအငယ်ကောင် အသက်နဲ့ အတူတူပါ။ အခု သားလေး ခုနစ်နှစ်၊ အကြီးက ဆယ်နှစ်တောင် ရှိနေပါပြီ။ သား အငယ်ကောင် ကိုယ်ဝန်ရှိစကတည်းက အိမ်က ဆင်းသွားတာပါ။ ဒါနဲ့ သားကြီးကိုတော့ နာမည်လေးဘာလေး

www.burmeseclassic.com

ww.burmeseclassic.com

သိတယ်။ သားလေးကျတော့ နာမည်ဘာလဲဆိုတာတောင် မသိရဘူး။ ညီမတို့က အလည်အပတ်သွားတဲ့အခါ ကြုံကြိုက်လို့ ခေါ်ယူဖူးပါတယ်။ တစ်ရက်လောက်ပဲ နေရသေးတယ်၊ ပြန်ခေါ်သွားတတ်ပါတယ်။ ပြောကြစို့ဆိုရင် သူတို့သဘောထား ဘယ်လိုလဲဆိုတာ သိသာပါတယ်။ ဒါပဲကြည့်ပါတော့။

ခုလို တစ်ယောက် တစ်နေရာစီ ဖြစ်နေရတာလည်း လင်နဲ့မယား သဘောထားတင်းမာလို့ဖြစ်နေတာ မဟုတ်ပါဘူး ဆရာမ။ ကာယကံရှင် လင်မယားက ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ပါပဲ။ ပြည်ပန်းညို ချိုချင်ပါလျှက် ဆားကဖျက် ဆိုသလိုပါပဲ။ တကယ်တော့ လူငယ်သဘာဝ သဘောမျှလို့ ယူဖြစ်ကြတဲ့ အိမ်ထောင်ရေးရယ်ပါ။ ခုတော့ ခုတော့ တတိယလူက ကြားကဝင်တာနဲ့ ပျက်ကြရတဲ့ ဇာတ်လမ်းတစ်ပုဒ်ဆိုပါတော့ ဆရာမရယ်။ လူငယ်သဘာဝ ချစ်လို့ယူဖြစ်ကြတာ အပြစ်တစ်ခုကျူးလွန်တာလား။ သူတို့ဘက်ကတော့ ပြစ်မှုတစ်ခုကို သူတို့သမီး ကျူးလွန်လိုက်သလိုမျိုးပါပဲ။ ခိုကိုးရာမဲ့ ဘဝပျက်နေတဲ့ကောင်လေးတစ်ယောက်က သူ့သမီးကို ယူသွားလိုက်သလိုအထိ မြင်ကြတာလေ။

ဒီက လူတွေကတော့ ကိုယ့်သားနောက်ကို လိုက်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို သားသမီးချင်းကိုယ်ချင်းစာပါတယ်။ ဒါကြောင့် မျက်နှာမငယ်ရလေအောင် ထားပါတယ်။ ခက်တာက လေ "နာလိုတော့ သျှိသျှားဖက်ပေါ် အိပ်သာတယ်၊ မနာလိုတော့ ငှက်ပျောဖက်ပေါ်မှာလည်း မအိပ်သာဘူး" ဆိုတဲ့ ဆိုရိုးစကားလိုပါပဲ။ မလိုတဲ့ နံပါတ်တစ်က ဆင်းရဲလို့၊ နှစ်က မိသားစုများလို့ ဆိုတဲ့ အကြောင်းပြချက်ကြောင့် သဘောမတူတာပါ။

ပြောပါသတဲ့လေ။ ရုပ်ကလေးက သနားကမား ကောင်လေးပါပဲတဲ့။ အကျင့်စာရိတ္တလည်း မဆိုးပါဘူးတဲ့။ တစ်ခုရှိတာက သူတို့မျိုးရိုးက မျိုးနဲ့ ရိုးနဲ့ ချမ်းသာတဲ့ ကြေးရတတ်တွေမဟုတ်လား။ ဒီမာနတွေဟာ သူတို့အသိုင်းအဝိုင်းအပေါ် နှိပ်စက်နေကြတာလို့ ထင်ပါတယ်။ သူတို့မှာ သားသမီးများများစားစားမှ မရှိတာလေ။ ဒီမှာက သားသမီးဆယ်ယောက်လောက်ရှိတယ်။ ဆုံးသွားတာ နှစ်ယောက်နဲ့ဆို တစ်ဒါဇင်ဆိုပါတော့။ ဒါတွေကိုလည်း အပြစ်တစ်ခုလို့ ယူဆထားပုံရပါတယ်။ ဒါကြောင့် သဘောမတူတာ ဆိုပါတော့လေ။

❑

သူတို့နှစ်ယောက် သဘောတူလို့ ညားခါစမှာ သမီးဆီ လာလာပြီး ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ခေါ်တတ်တယ်။ ကောင်မလေးကလည်း မလိုက်လိုဘူး။ တင်းခံနေတယ်။ နောက်တော့လည်း လှုပ်ပါများတော့ ယိုင်နဲ့ချင်လာတော့တာ လူတွေရဲ့ သဘာဝပဲကိုး။ နောက်ဆုံးတော့လည်း...။

❑

ဒီမှာက လူများတော့ ပုံစံကျစားကြရတယ်။ ကိုတာစနစ်နဲ့ ကြီးပြင်းလာကြရတဲ့ သူတွေမို့ ဒီလိုစားရသောက်ရတာကို နေသားကျနေပြီပေါ့လေ။ ဒါတွေကို မကြိုက်ဖြစ်လာတယ်။ စားတာသောက်တာတောင်မှ ဝဝလင်လင် မစားရဘူးဆိုတဲ့ အပြစ်ရယ်လို့ မြင်လာတော့တယ်။ နောက်ပြဿနာက ဒီမှာ ယောက်မတွေနဲ့ အိုးတောခွက်တော အတူဝင်ရတော့မယ်။ ဒီမှာက ဝိုင်းလုပ်ဝိုင်းစား မိသားစုပေကိုး။ သူတစ်ခုလုပ်ရင် ကိုယ်တစ်ခု ကောက်လုပ်နဲ့။ သူတို့အိမ်မှာ ဘာမှ လုပ်ကိုင်ခဲ့ရတာမရှိဘူး။ အိမ်ဖော်နဲ့ နေလာတာလေ။ ဒါ ပြဿနာတစ်ခုပဲ။ သူများတွေ လုပ်နေစဉ် ကိုယ်က မှန်ရှေ့ အလှပြင်နေလို့ ဘယ်ဟန်တော့မှာလဲ။ တစ်ခုတော့ ဝင်လုပ်မှ။ ယောက်မတွေက နားလည်ပေးကြတယ်။ သူ့အိမ်မှာ လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင် နေလာခဲ့ရတာကိုသိလို့ ဘယ်သူမှလည်း ဘာလုပ်လှည့်ပါ၊ ညာလုပ်လှည့်ပါ မခေါ်ဘူး။ မခိုင်းဘူး။ ဒါကလည်း သူ့ကို ဝိုင်းကြဉ်ထားတယ်လို့ ခံစားလာရပုံပေါ်တယ်။

ဒီလိုနေလို့ သုံးလေးလအကြာမှာ အိမ်ကို အောက်မေ့တယ်ဆိုပြီး အိမ်ပြန်ချင်တယ်တဲ့။ ဒါနဲ့ လိုက်ပို့ပေးတယ်။ နောက်တော့ ပြန်မလာတော့တာနဲ့ သွားခေါ်ရတယ်။ ခက်တာက မိဘကိုလည်း မခွဲချင်၊ သားလင်ကိုလည်း မပစ်ရက်။ ဒီတင် သူ့ရင်ထဲမှာ တစ်ယောက်တည်း လွန်ဆွဲပွဲကျင့်တဲ့အဖြစ်ပေါ့။ နောက်တော့ မိဘအိမ်ကို ပြန်ကြည့် ပြန်ကြည့်နဲ့ သျှောင်နောက်ဆံထုံးပါလာခဲ့တယ်။ လင်အိမ်ရောက်တော့လည်း နေမထိထိုင်မသာနဲ့။

ဖြစ်ရတာက အိမ်မှာ သူ့ဟာလေးနဲ့သူ လုပ်ကြကိုင်ကြ။ ရတာလေးကို ခြိုးခြံချွေတာ စုဆောင်းကြ။ ဒါလေးနဲ့ ဝတ်ကြဆင်ကြပေါ့။ ဒီမှာက ဘာမှမဆင်နိုင် မပြင်နိုင်။ ခက်တာက အလုပ်က ဆရာ့လက်အောက်မှာပဲ ရှိနေသေးတာမို့ လောက်လောက်လားလားမရပြန်ဘူး။ ရတာလေးကိုလည်း စားရေးသောက်ရေးမှာ သွင်းရပြန်တယ်။ ဒါကြောင့် မယားကို ဘာမှ မဆင်နိုင်။ ပန်းထိမ်မယားမှာ ရွှေနဲ့ တူတယ်ဆိုတာ ပြစရာ နားကွင်းတစ်ရန်မှအပ အခြား ပြစရာတစ်ခုတောင်မှ မရှိတဲ့ ဘဝပေါ့လေ။

သူ ဒီကိုရောက်လာရင် အနေကျုံ့တယ်။ အိမ်က လည်း ကျဉ်းကျဉ်းကျပ်ကျ လူကလည်းများနဲ့ ဆိုတော့ အနေကျုံ့တာလည်း သူ့ဘက် ကကြည့်ရင် အဆိုးမဆိုသာ ပေဘူး။ သူက "မေမေတို့ဆီ သွားနေကြရအောင်၊ ဒီမှာ အနေကျပ်တယ်ကို" လို့ တိုး လာတယ်။ ဒါနဲ့ မယားအ ကို လိုက်ပြီး ဆံထုံးနော သျှောင်က ပါသွားမိတယ် ဖြစ်ပုံက သူတို့မိသားစု သမီးမျက်နှာတောင် မထောက်ထားဘဲ ချိုးချိုး နှိမ် အဆက်ဆံခံရတယ်။ ဒီမှာ မနေချင်တော့ဘူး။ သာနေနေရတယ် စိ သာမှု မရဘူး။ အသ အစပ်အဟပ်မတည့်တဲ့

www.burmeseclassic.com

လျှာကိုစားရသလို အိမ်ထောင်ရေးသာယာမှုကို မရရှိဘူး။ ဒီလိုနေနေလာရင်း လင်မယားနှစ်ယောက်လုံး စိတ်ချမ်းသာမှုကို မရကြဘူး။ သားအငယ်ကောင်ကိုယ်ဝန်ရစ,အချိန်မှာ အဲဒီအိမ်က ဆင်းလာခဲ့တယ်။ ဆင်းလာချိန်မှာ တာဝန်အရ ဟန်ဆောင်ပန်ဆောင်တောင်မှ လိုက်မခေါ်ဘူးလေ။ ဆင်းသွားလည်း အေးတာပဲဆိုတဲ့ အချိုးမျိုးပေါ့။ ဒီက မယားတစ်ယောက်ကို ရက်ရက်စက်စက် ပစ်မထားရက်လို့ ခေါ်ရာမှာ သူ့မိဘတွေက 'မင်း ခေါ်စရာမလိုဘူး၊ ဒီက ကျွေးထားနိုင်တယ်ကွ' ဆိုပြီး ရင့်ရင့်သီးသီး တုံ့ပြန်တယ်။

'ကလေးတွေကိုစွ ကော'

'ဘာမှမပူနဲ့၊ ဒီကအကုန်တာဝန်ယူတယ်'

သူတို့ အဲသလိုပြောလိုက်တယ်။ ဒါနဲ့ ကလေးတွေကို ကြုံကြိုက်ရင် ကြုံကြိုက်သလို ဒီကနေ လှမ်းလှမ်းထောက်ပံ့တာရှိပါတယ်။ နောက်တော့ ဒီက ပေးတာကမ်းတာကို လက်မခံဘဲ ငြင်းလာတာကို တွေ့ရတယ်။ ဒါနဲ့ သူတို့နဲ့ ဆက်ဆံရေးဟာ တစ်စတစ်စ ကျဲပါးလာတော့တယ်။ နောက်တော့ ဆက်ဆံရေးတံတားဟာ ကျိုးပြတ်သွားရော ဆိုပါတော့။

ခုတော့ မဖြစ်တော့ဘူး။ ရှင်းရှင်းရမယ့်အချိန် ရောက်ပြီထင်ပါတယ်။ သူတို့ဘက်က ဒီကလူကို မလိုရင် ကိုယ်လည်း လိုနေစရာ လိုဦးမလားလေ။ သူ့အပေါ်ထားရှိတဲ့ သံယောဇဉ်ကလည်း ပြတ်တောက်သွားရော့။ သူက တမာစိုက်ရင် ကိုယ်က ခွေးတောက်စိုက်လိုက်ရုံပေါ့။

ဒါပေမဲ့ လူ့ဘဝမှာ ထားအပ်တဲ့ သစ္စာတရား၊ လူ့ကျင့်ဝတ်၊ တရားဥပဒေဆိုတာတွေလည်း ရှိနေပေတာကိုး။ ဒါကြောင့် အိမ်ထောင်သစ်ထူထောင်ချင်ပေမဲ့လည်း သူနဲ့ကိုယ်နဲ့ကြားမှာ သစ္စာ၊ ကိုယ်ကျင့်တရား၊ တရားဥပဒေ စတဲ့ စည်းဘောင်တွေကြောင့် အိမ်ထောင်သစ် ထူထောင်ရေးစိတ်ကူးတွေက စိတ်ကူးကထက် ရှေ့ဆက်မတက်နိုင်။ ဒါကြောင့် သူတို့ဆီသွားပြီး ကွာရှင်းပြတ်စဲဖို့ လက်မှတ်ရေးထိုးဖို့ လိုအပ်လာတယ်။ ဒါကြောင့် ဆရာမက ကူညီပေးလို့ရနိုင်မယ်ထင်လို့ လာခဲ့တာပါ။

❑

အခု ပြောလာတဲ့အမှုက ကျွန်မရဲ့ဘဝတာမှာ အမြဲတစေ ငြင်းဆိုတတ်တဲ့ အမှုတွဲမျိုးပါ။ ဒီလို လင်မယားပြတ်စဲကွာရှင်းဖို့အမှုမျိုးကို ကျွန်မ ဘယ်တော့မှ လက်မခံတတ်ဘူး။ ဘာလို့လဲဆိုရင် ကျွန်မကိုယ်တိုင်ကခဲမှန်ဖူးတဲ့ စာသူငယ်ဘဝကို ဖြတ်သန်းခဲ့ရဖူး၊ ရင်ဆိုင်တိုး ခဲ့ရဖူးလို့ ဖြစ်ပါတယ်။ ဒီလို အမှုတွေလာအပ်တိုင်း ကျွန်မဘယ်သူ့ကိုမှ လက်ခံပြီး လိုက်ပေးဖူးတာ မရှိဘူး။ အားလုံး ခေါင်းခါလိုက်တာ ချည်းပါပဲ။ ခုတော့...။

❑

**အပြန်**

ဒီအမှုနဲ့ ပတ်သက်ပြီး ကျွန်မ စဉ်းစားတယ်။ သူတို့နှစ်ယောက် တရားဝင်ကွာရှင်းခြင်း မရှိပေမဲ့ အဆက်ပြတ်နေတာ သုံးမိုးသုံးနွေမက,တော့၊ ခုနစ်မိုး ခုနစ်နွေတောင်ရှိခဲ့ပြီ။ သူတို့မှာ အလိုအလျောက် ပြတ်စဲပြီးပြီလို့ နားလည်မိတယ်လေ။ ဒါကြောင့် ကျွန်မ လက်ခံလိုက်တာပါ။ အမှုသည်က ကျွန်မကို လွဲလိုက်လို့ မုဆိုးအဖြစ်နဲ့ အမှုသည် နေထိုင်နေတဲ့ မြို့ကို လိုက်သွားပါတယ်။ အဲဒီမြို့က လုပ်ဖော်ကိုင်ဖက်တစ်ယောက်ပါ ခေါ်ယူသွားပါတယ်။ ကျွန်မ အမှုသည်မယားအိမ်ကို ရောက်သွားပါတယ်။ ကျွန်မ အမှုသည်ယောက္ခမ အမဖြစ်သူနဲ့ တွေ့တယ်။ ဒီအမျိုးသမီးဟာ ငယ်ငယ်က အတော်ချောတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့မယ်ဆိုတာ သတိပြုမိတယ်။ မင်းကတော်၊ စိုးကတော်ရုပ်ပေါ့။ အခု ငါးဆယ်ဝန်းကျင်လောက်ရှိလိမ့်မယ် ထင်ရတယ်။ ဒါပေမဲ့ သမီးတွေနဲ့ အလှပြိုင်နေဆဲ ရှိနေလိမ့်မယ်။ ဒါပေမဲ့ ဒီအမျိုးသမီးမျက်နှာဟာ နေထိတဲ့ ပန်းပွင့်လို ညှိုးရော်နေတဲ့ သူ့မျက်နှာပေါ်က စာတန်းကို ဖတ်မိတယ်။

ထင်ရတာက အရမ်းချမ်းသာတဲ့ မျိုးရိုးတွေထဲက ဖြစ်နေလေမလား။ ဒါပေမဲ့ ခုတော့ အတိတ်နဲ့ ပစ္စုပ္ပန် အတော်ကြီး အလှမ်းကွာနေတဲ့ သဘောပါပဲ။ ကျွန်မ အသိက 'အဒေါ် ဒီဆရာမက ကိုထွန်းလှခိုင် လွှတ်လိုက်တဲ့ ရှေ့နေမတစ်ယောက်ပါ' လို့ ပြောလိုက်တာကို ကြားလိုက်မိပုံရတဲ့အတွက် အိမ်ခန်းထဲက အမျိုးသမီးတစ်ယောက်က 'ကိုကို လွှတ်လိုက်တယ်ပေါ့လေ' လို့ ပျာယာခတ်ပြီး ကသောကမျော ပြေးထွက်လာတယ်။ ဆံပင်ကို သေသေသပ်သပ်ဖြီးတင်ထားတယ်။ အဝတ်အစားတွေလည်း လှလှပပ ဝတ်ဆင်ထားတယ်။ ဒါပေမဲ့ ဝတ်တာတွေဟာ ဌာန်ကရိုဏ်းတော့ မကျလှဘူး။ မိန်းမသားချင်းမို့သာ ဒီလိုဝတ်စားဆင်ယင်မှုဟာ ဌာန်ကရိုဏ်းမကျပေတာလို့ ပြောနိုင်တာလေ။ ဒီအမျိုးသမီးဟာ ထွန်းလှခိုင် အမျိုးသမီးဖြစ်နေလေမလား။ အနားမှာ ထိုင်နေတဲ့ အမျိုးသမီးကြီးနဲ့ မျက်နှာအခင်းအကျင်းဟာ သွင်ပြင်တူနေတယ်။ ညီအစ်မလို့ ထင်ချင်စရာ။ တကယ်တော့ သိရတာက အမျိုးသမီးကြီးဟာ ကိုထွန်းလှခိုင် ယောက္ခမလို့ သိရတယ်။ အငယ်အမျိုးသမီးက ကိုထွန်းလှခိုင်ရဲ့ ဇနီးမှန်းကို သိလိုက်ရပါတယ်။ ကိုထွန်းလှခိုင် အမျိုးသမီးဟာ မိန်းမသားချင်းတောင် ငေးချင်စရာကောင်းတဲ့ ရုပ်လက္ခဏာပိုင်ရှင်ရယ်ပေါ့။ ကိုထွန်းလှခိုင်နဲ့ ရွှေပေါ်မြတင် ဆိုပါတော့။ ကျွန်မက အမျိုးသမီးကြီးကို–

'ကျွန်မဟာ ကိုထွန်းလှခိုင်ရဲ့ ရှေ့နေပါ ဒေါ်ဒေါ်' လို့ မိတ်ဆက်လိုက်ချိန်မှာ အမေ့အနားမှာ ထိုင်နေတဲ့ အမျိုးသမီးက–

'ရှေ့နေ ဟုတ်ပါတယ်နော်၊ ကိုကို ဘာတွေမှာလိုက်လို့ လာပြောတာလဲ အစ်မဆရာမ' ကြားဖောက်ဝင်ပြောတယ်။

အမေလုပ်သူက 'ဝေဝေ ကောင်းကောင်းနေစမ်း ကိုယ့်

www.burmeseclassic.com

ဘာသာကိုယ်'လို့ ငေါက်လိုက်တယ်။ ဒီအခါ ဝေဝေက 'မေမေမသိဘဲ မပြောနဲ့၊ ဝေ့ကိုတွေ့ချင်လို့ ဝေ့ကို မှာတယ် မဟုတ်လား ဆရာမ' သူက ကြားဖောက်ဝင်ပြောနေလေတော့ ကျွန်မ ရှေ့ဆက်ဘာပြောရမယ်မှန်းမသိတော့ဘူး။ ထိုင်ပြောနေရင်း ဝေဝေဆိုတဲ့ မဝေသာရဲ့ အခြေအနေကို ရိပ်မိလာတော့တယ်။ ဒါကြောင့် ကိုထွန်းလှခိုင်က အလုပ်သဘောအရ လွှဲအပ်လိုက်ပေမဲ့ ဒီအလုပ်ကို ရှေ့ဆက်လုပ်ချင်စိတ်မရှိတော့ဘူး။ ဒါပေမဲ့ မုဆိုးဆိုတာ မုဆိုးအလုပ်ကို လုပ်တတ်ကြတော့တာကလား။ ဒါနဲ့-

'ကလေးတွေ ကြီးပြင်းလာပြီမို့ ကလေးတွေအတွက် အပ့်အပိုးလုပ်ပေးခွင့်ရမယ်ဆိုရင် လုပ်ပေးဖို့ အဆင်သင့်ပဲလို့ ကိုထွန်းလှခိုင်က ပြောလိုက်ပါတယ် အဒေါ်၊ အဒေါ်တို့ဘက်က ဘယ်လိုသဘောထားကြမလဲ သိခွင့်ရှိရင် သိချင်ပါတယ် အဒေါ်'

'အဒေါ်တို့လည်း သူ့ကလေးတွေကို တာဝန်ယူပါလို့တော့ မတောင်းဆိုချင်ဘူး။ ဒါပေမဲ့ ကလေးတွေကတော့ သူတို့အဖေဆီက တစ်စုံတစ်ရာ မျှော်လင့်ကြတာတော့ အမှန်ပဲ ဆရာမ'

မဝေသာ အမေရဲ့ သဘောထားကို ကျွန်မ နားလည်သဘောပေါက်သွားပါပြီ။ ဟိုတုန်းကတော့ သားတစ်ရာပေမဲ့ ဒီက ကျွေးထားနိုင်တယ်လို့ ဝင့်ဝါမာနထောင်ခဲ့တဲ့ ဒီမာနတွေဟာ လောကဓံ ရေဝတိုက်စားမှု ရေအလျဉ်မှာ မျောပါသွားပုံပါပဲ။ အခုတော့ အရင် ကမောက်ကမမှုတွေ ကင်းရှင်းကာ ပြောင်းလဲသွားပြီဆိုတာ နားလည်လိုက်တယ်။ ဒါနဲ့ 'အဒေါ်တို့ဘက်သာ လက်ခံရင် သူက ကူညီမယ်ဆိုတာ အဆင်သင့်ပါပဲ' အဲသလို ပြောလိုက်တော့ မဝေသာက-

'ကိုကိုက စိတ်မဆိုးဘူးပေါ့နော် ဆရာမ၊ ကိုကို ကျွန်မကို စိတ်မဆိုးတာ တကယ်ပေါ့နော် ဆရာမ'

သူ့အမေက မဝေသာကို 'ဝေဝေ ကောင်းကောင်းနေစမ်း သမီး'

'မေမေမသိဘဲ ပြောမနေနဲ့၊ အမေက ဘာမှ မသိဘူး ဆရာမ။ ဝေပေးတဲ့ စာတွေကို အကုန်ဖြုပစ်တယ် ဆရာမ၊ ခုတော့ ကိုကို ဝေ့ကို စိတ်မဆိုးတော့ဘူးပေါ့နော်၊ ဝေ့ကို ကိုကိုခေါ်မှာပေါ့နော်၊ ဟုတ်တယ်နော် ဆရာမ'

မဝေသာနဲ့ ပတ်သက်ပြီး ကိုထွန်းလှခိုင် လွှဲအပ်လိုက်တဲ့ တာဝန်ကို ကျွန်မ ဆောင်ရွက်စရာမလိုတော့။ မဝေသာရဲ့ ဆန္ဒကို မေးစရာမလိုတော့ဘူးလို့ နားလည်လိုက်တယ်။ ဒါနဲ့ ကျွန်မ မဝေသာဆီက ကျောခိုင်းဆင်းလာချိန်မှာ-

'ဆရာမ ကိုကိုလေလာခေါ်မယ်ဆို လာခေါ်ပါဝေ စောင့်နေပါတယ်လို့ ပြောလိုက်ပါနော် ဆရာမနော်··· နော်··· နော်'

မဝေသာကတော့ သူ့ယောကျ်ား ကိုထွန်းလှခိုင်ကို တမ်းတမ်းတတနဲ့ ကျန်ခဲ့တာ။ ကျွန်မရင်ထဲကို စိုက်ဝင်တဲ့ ဆူးတစ်ချောင်း နုတ်မလွယ် ထုတ်မလွယ်တော့ပါ။ မဝေသာ အမေကတော့ သွားလေသူ သူ့ယောကျ်ားကို တိုင်တည်ရင်း ငိုယိုကာ ကျန်ရစ်ခဲ့လေရဲ့။

ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်ကို မေးကြည့်ဖြစ်တော့ မဝေသာတို့ မိသားစုအခြေအနေကို သိခွင့်ရလိုက်တယ်။ မဝေသာအဖေဟာ အရှာအဖွေကောင်းတဲ့ လူတစ်ယောက်လေ။ ကိုယ်ကျင့်တရားလည်း ကောင်းသူလို့ သိရတယ်။ ဒါကို အခြေခံပြီး သားသမီးတွေက သုံးကြဖြုန်းကြနဲ့ စုစုဆောင်းဆောင်း ဘာမှမရှိခဲ့ကြ။ သားသမီးပညာရေးကလည်း တစ်ယောက်မှ ထွန်းပေါက်မှုမရှိခဲ့ကြ။ ဆယ်တန်းဆိုတဲ့ တောင်ခြေရင်းမှာ နေဝင်မိုးချုပ်သွားရသူတွေချည်း။

လောကမှာ ဗဟိုချက်တစ်ခုတည်းကို အမှီပြု လည်ပတ်နေရတာတွေဟာ ဗဟိုချက်ပျက်တာနဲ့ အကုန်လုံး လည်ပတ်မှုရပ်တန့်သွားရိုးဓမ္မတာပါပဲလေ။ မူလက သေသေသပ်သပ် ဆောက်ထားတဲ့ အိမ်က NGO အဖွဲ့တစ်ဖွဲ့ကို ငှားထားတယ်။ ဒီက ငှားခရတာလေးနဲ့ ရပ်တည်နေရတဲ့ဘဝ။ သားသမီးတွေကလည်း သူတို့ဘာသာသူတို့ နေထိုင်စားသောက်ဖို့ မနည်းကို ရုန်းကန်နေကြရသူတွေ။ လိုရင်တောင် မအေတစ်ခု သမီးတစ်ခုရဲ့ ချွေချွေတာတာ စားသုံးရာကနေ အလိုက်အထိုက်မသိ လာဆွဲတာလည်း ရှိသေး။ ရှေးပညာရှိတွေက ပြောတာ ဟုတ်ဟုတ်။ 'မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်' လို့လေ။ အခုတော့ မှန်ကင်းအဖြစ်ကနေ ထင်းဘဝ ရောက်နေပေါ့။ စားနိုင်သောက်နိုင်စဉ်က ကိုထွန်းလှခိုင်ကို ပက်ပက်စက်စက် နိုင်ထက်စီးနင်းပြောခဲ့တဲ့ ပါးစပ်ခုတော့ ဘဝက ပိတ်ဆို့ထားလိုက်လေပြီပေါ့။

ဒီကနေ့ ကိုထွန်းလှခိုင်ဟာ ထိတ်ထိတ်ကြဲ ချမ်းသာသူ မဟုတ်စေကာမူ တပည့်လက်သား ဆယ်၊ ကိုးယောက်လောက်ရှိတဲ့ ရွှေပန်းထိမ်အရောင်းအဝယ်လုပ်တဲ့ ဆိုင်နဲ့ အက္ခရာနှစ်လုံးပါတဲ့ ကားလေးတစ်စီးနဲ့ နှစ်ထပ်တိုက်အိမ်လေးတစ်လုံးကိုလည်း ပိုင်ဆိုင်ထားသူဖြစ်နေပြီပေါ့လေ။

မဝေသာနဲ့ ကွဲကွာအဆက်ပြတ်နေတာ ဆယ်စုနှစ် တစ်နှစ်နီးနီးရှိနေပြီ။ ဘာပဲဖြစ်ဖြစ် အသက်အရွယ်ရှိချိန်မှာ တစ်အိုးတစ်အိမ် ထူထောင်လိုတဲ့အတွက် မဝေသာနဲ့ နောင် စာရင်းမရှုပ်ရလေအောင် ကျွန်မကို တာဝန်ပေးတာဖြစ်တယ်။ ကျွန်မဟာ ကိုထွန်းလှခိုင်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ အင်အားမရှိတော့ဘူး။ ကျွန်မဟာ မှိုပွင့်လေးတစ်ပွင့်ကို စေ့စေ့ကြည့်ပြီး မြေချနင်းပစ်ဖို့အရေးကို ကျွန်မ မလိုလားတော့ပါ။

ကျွန်မဟာ အသွားတုန်းက ကိုထွန်းလှခိုင်ရဲ့ တာဝန်ပေးခံရတဲ့ ရှေ့နေတစ်ယောက်။ အပြန်မှာတော့ မဝေသာဘက်က ကာကွယ်သက်သေဖြစ်လာခဲ့ရှေ့နေတော့လေ။

■

အယ်ဓော

www.burmeseclassic.com

*စာမျက်နှာ(၁၅၇)မှ...*

ဖြတ်ခံရသည်။ ဒဏ်ရာကို အစိမ်းချုပ် ချုပ်နေရင်းနှင့်ပင် သူမသိသော 'ကိုယ်ပိုင်နံပါတ်' ကိုမေး၍ သူ့ရင်ဝသို့ အကြိမ်များစွာ ကန်ကြောက်ခဲ့ကြသည်။ သွေးများကြားတွင် သတိမေ့မြော၍ ပြန်လည်နိုးထ,လာတိုင်း မောင်ငယ်လေးသည် သူ့ကိုယ်သူ တော်လှန်ရေးသမားပါဟု ညည်းတွား ထွက်ဆိုပါသည်။

ထို ကာလများတွင် မောင်ငယ်လေးသည် သူ၏ လက်ငုတ်တိုကို ငေးစိုက်ကြည့်ရင်း ရှေးယခင်က နီရဲသော သွေးများပင် အရောင်မှိန်စပြုလာခဲ့သည်။ ဆောင်းလေတိုးသောတစ်ညတွင် မောင်ငယ်လေးသည် တစ်ခဏအိပ်ပျော်၍ ခရမ်းချဉ်သီးများကို အိပ်မက်မက်နေစဉ်တွင်ပင် ထောင်ကုန်းဆီမှ ဆွဲထုတ်ခြင်း ခံရပြန်သည်။ ထို့နောက် သူ့ခြေဖဝါးနှစ်ဖက်သို့ မီးစွဲ ဓားမြှောင် ထိုးသွင်းခံရသည်။ မောင်ငယ်လေးသည် အသံကျယ်စွာ ဆွဲငင်အော်ဟစ်မိသည်။ ထို့နောက် သူ့ကိုယ်သူ မဖောက်ပြန်သော တော်လှန်ရေးသမားဟု မှတ်ယူရင်းနှင့်ပင် သူလျှိုပါဟု လိမ်ညာဝန်ခံခဲ့သည်။ နာကျင်စိတ်ဖြင့် တဆတ်ဆတ်တုန်ယင်ရင်း သူ့နှုတ်မှ သူလျှိုပါဟု အကြိမ်များစွာ အော်ဟစ်ခဲ့သည်။

ထို ကာလများတွင် မောင်ငယ်လေးသည် သံခြေချင်းတန်းလန်းဖြင့် အိပ်နေရင်းနှင့်ပင် အိပ်မက်တစ်ဝက်ကော်နေသူ ကဲ့ သို့ဖြစ် ကာ ထယောင်ကတမ်း ရေရွတ်မိဖြစ်သည်။ သူ့ကိုယ်သူပင် အမှန်တကယ် သစ္စာဖောက်သူလျှိုတစ်ယောက်ဟု ထင်မှတ် မှားလာခဲ့သည်။ မောင်ငယ်လေးသည် ညအရောင်တွင် အရိပ်ကို မြင်တိုင်း သူ့ကိုယ်သူ သူလျှိုပါဟု အော်ဟစ်နေတတ်သည်။ ထိုအကြောင်းကြောင့်ပင် သူ့ခန္ဓာနှင့် ဦးခေါင်းကို လုံးရှည်သစ်သားတစ်ချောင်းဖြင့် အကြိမ်များစွာ ထုရိုက်ခံရသည်။ ထိုဒဏ်ရာဖြင့် တစ်ရက်ကြာအောင် သတိမေ့မြော၍ ပြန်လည်နိုးထ,လာသည့်အခါ မောင်ငယ်လေးသည် ကြောင်တောင်မျက်လုံးများဖြင့် ငေးမောရင်း သူ့နာမည်ကိုပင် အမှတ်မရနိုင် ဖြစ်ရသည်။ မောင်ငယ်လေးသည် သူ့ခန္ဓာမှ ဒဏ်ရာများကိုပင် သတိမရတော့။

အပေါင်းအသင်းများက သူ့ပါးစပ်ထဲသို့ ရေများအစက်ချပေးသည်ကိုပင် ရေတံခွန်၌ ရေများစီးကျနေသည်ဟု ထင်မှတ်မှားခဲ့သည်။ ထို့နောက်ကြည်သောရေ၌ သွေးအညီတို့ မျောပါလာသည်ဟု မြင်ယောင်မိပြီး သူ့ ပါးစပ်ကို တင်းတင်းပိတ်ပစ်ကာ သူ့ခန္ဓာကိုယ်ကို ယမ်းခါလှုပ်ရှားသည်။ သို့သော် တစ်ချက်သာ ယိမ်းထိုးနိုင်၍ မြေကြီးပေါ်တွင် ပြန်လည်ငြိမ်သက်သည်။ ထို့နောက် ကြောင်ငေးသော သူ့မျက်လုံးတို့ကို တဖြည်းဖြည်းပိတ်၍ သူ့အာရုံတွင် သွေးများသာမြင်ရကြောင်း မပီမသ ရေရွတ်ပြောသည်။

အစောဆုံးရောက်လာကြသော နေရောင်ခြည်များ၊ သစ်ပင်ပန်းပွင့်များဆီသို့ ဖြန့်ကြက်ပြီး မကြာမီမှာပင် မောင်ငယ်လေးသည် နောက်ဆုံး ထွက်သက်ငင်သည်။ ကွယ်လွန်ခါနီးချိန်တွင် မျက်လုံးမှိတ်ထားလျက်ပင် သူ့နှုတ်မှ 'ခ ရမ်း ချဉ် သီး တွေ' ဟု တစ်လုံးစီ ရေရွတ်ပြီး နှုတ်ခမ်းထောင့်စွန်း၌ အပြုံးတစ်ခု ဖြစ်ပေါ်သည်။ နာကျင်ရာမှ ကင်းလွတ်သောအခါ သူ့လိပ်ပြာသည် လှနေလိမ့်မည်ဟု ဘဝတူ သူငယ်ချင်းများက ယုံကြည်ခဲ့ကြပါသည်။

သစ်ရွက်ကလေးသည် လေပြင်းကြောင့် ကြွေကျခဲ့လေပြီ။ အဆင်သင့် ခွဲဖွင့်ထားရာ အစ်ကိုနှင့်အစ်မ၏ ရင်ခွင်နှစ်လွှာအတွင်းသို့ကားမဟုတ်။ ညစ်ညမ်းသော ရေတို့စီးဆင်းရာ ချောင်းဆီသို့သာ လွင့်ကျသည်။ ရေစီးအလျဉ်တွင် သစ်ရွက်အသေ မြုပ်ချည်ပေါ်ချည် မျောပါသည်ကို ကမ်းပါးစောက်မှ လူများက မြင်သော် အော်ဟစ်ကြသည်။ တချို့က 'သူရဲကောင်း တော်လှန်ရေးသမား' ဟု ချီးကျူးဂုဏ်ပြု၍ အချို့က 'သားကောင်ဖြစ်သွားသော သစ်ရွက်ကလေးတစ်ရွက်' ဟု သာသတ်မှတ်ကြပါသည်။ အစ်ကိုနှင့်အစ်မတို့သည် သစ်ရွက်အသေ ရေ၌ မြုပ်ပါသည်ကို သိရပြီးနောက် မယုံနိုင်၍ ခဏကြာအောင် တွေဝေငြိမ်သက်သွားကြသည်။ ထို့နောက် 'ငါ့ညီလေးကို ပြန်ပေး'၊ 'ငါ့မောင်လေးကိုပြန်ပေး' ဟု အော်ဟစ်ငိုကြွေးကာ အသက်၊ ဘဝ ဆုံးပါးသွားချိန်ထိတိုင်အောင် အပူမီးလောင်ကျွမ်းကြရပါသည်။ ■

**နေ(ပင်လယ်ပြာ)**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပုဇွန်တောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

ရဝေး

# ကျွန်မ အဖေ့ကို မချစ်ပါဘူး

၁။

ခွေးခွေးခန်းကို ရောက်တော့ ညနေစောင်းလုပြီ။ ကျွဲကော်မျက်မှန်ကို တပ်ထားတဲ့ စိတ်ဆရာမက ကျွန်မကို မြင်တယ်ဆိုရင်ပဲ 'ဩော်… သမီး၊ မလာတာကြာလို့ အဆင်ပြေနေတယ်ထင်နေတာ' လို့ မေးခွန်းဆန်ဆန် အကြည့်နဲ့ နှုတ်ဆက်တယ်။ ဟုတ်တယ်၊ ကျွန်မ ဒီကို မရောက်တာ အတော်ကြာပြီ။ လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်လောက်က နောက်ဆုံးအကြိမ် ရောက်ခဲ့တယ် ထင်တာပဲ။ လွန်ခဲ့တဲ့ ၁၀ နှစ် ဒါမှမဟုတ် ၁၅ နှစ်လောက်တုန်းက ဘာအကြောင်းကြောင့်မှန်းမသိဘဲ ကျွန်မ ဆေးရုံအကြာကြီး တက်ခဲ့ရတယ်။ ပြန်တွေးကြည့်တော့လည်း ဆေးတွေအများကြီးစားရတာက လွဲပြီး ကျန်တာ ဘာမှမမှတ်မိတော့ဘူး။

အဲဒီဆေးရုံက ဆင်းတော့ နှစ်သိမ့်ခွေးနွေးမှုတွေ ခံယူဖို့ ကျွန်မ ဒီစိတ်ဆရာမဆီကို ရောက်ခဲ့တာ။ ကြားထဲ အမေဆုံးတုန်းကလည်း ကျွန်မ ဆရာမဆီကို လာခဲ့ရသေးတယ် ထင်တာပဲ။ ကျွန်မ မှတ်ဉာဏ်တွေကလည်း နေပူဒဏ်ခံရတဲ့ ရေခဲတုံးလိုပဲ၊ ပထမတော့ အခဲပေမဲ့ နောက်ကျ တဖြည်းဖြည်း အရည်ပျော်ပြီးတော့ အငွေ့ပြန်သွားလိုက်တာ လက်ဆုပ်လက်ကိုင် ပြစရာက မကျန်ဘူး။ ဒါပေမဲ့ ကျွန်မကသာ မေ့တာ၊ ဆရာမကတော့ မှတ်မိသားပဲ။ တော်ပါသေးရဲ့လို့ ဆိုရမယ်။

'အိပ်မက်တွေက မမက်တာ အတော်ကြာပြီ။ လွန်ခဲ့တဲ့ တစ်ပတ်ကျော်က အဖေ လေဖြတ်သွားတာ။ အဲဒီနောက် အိပ်ရေးတွေပျက်တယ်။ ပြီးတော့ အိပ်မက်တွေ ပြန်မက်တယ်။ ရှုံစရာကောင်းတဲ့ အတွေးတွေလည်း တွေးမိတယ်' လို့ ကျွန်မ စိတ်ဆရာမကို ပြောလိုက်တယ်။ စိတ်ဆရာမက ခေါင်းကို တဆတ်ဆတ် ညိတ်တယ်။ ပြီးတော့ ခုံကိုလက်ပြပြီး 'ထိုင်' တဲ့။ 'စိတ်ညစ်စရာတွေကြုံရလို့ အိပ်မက်တွေ ပြန်မက်တာနေမယ်။ ရှုံစရာကောင်းတဲ့ အတွေးဆိုတာက ဘာတွေလဲ ပြောပြပါဦး' လို့ နူးနူးညံ့ညံ့ ပြန်မေးတယ်။

ကျွန်မ ခေါင်းငုံ့နေမိတယ်။ နှုတ်ခမ်းကိုလည်း ကိုက်ထားမိတယ်။ ပြောချင်လို့ လာခဲ့တာပေမဲ့ တကယ်တမ်း တော့တော့ဆိုင်ဆိုင် မေးလာပြန်တော့ ဘာပြန်ပြောရမယ် မသိဘူး။ အကြာကြီး နေမှ သက်ပြင်းရှိုက်လိုက်ပြီးတော့ 'ကိုယ်လုံးတီးယောကျ်ားတွေကို မြင်ရင် စိတ်ထဲမှာ ပွတ်သပ်ကြည့်ချင်တဲ့စိတ်နဲ့ ရွံရှာမုန်းတီးတဲ့စိတ် နှစ်ခုက တစ်ပြိုင်နက်ဖြစ်တယ်။ အဲဒီနောက် လူက ပျို့ပြီးအန်ချင်သလို ဖြစ်လာရော' လို့ ပြောပြလိုက်တယ်။ ဒါပေမဲ့ အဲဒီယောကျ်ားတွေထဲမှာ အဖေလည်း ပါတယ်လို့တော့ ထည့်မပြောဘူး။ အဲဒီလို ပြောလိုက်ဖို့ကို စိတ်ထဲမရဲဝံ့ဘူး။ ကျွန်မက ဖအေကို အဲဒီလို တွေးတယ်ဆိုပြီး ရှုံစရာ သတ္တဝါတစ်ကောင်လို ကြည့်မှာကြောက်တယ်။ တွေးမိရုံလေးတောင် စိတ်က မသက်သာလှဘူး။

'ပြီးတော့ရော' စိတ်ဆရာမက စကားထောက်တယ်။ ပြောပြစရာအကြောင်းတွေရှိပေမဲ့ ကျွန်မ ဘာကို ဆက်ပြောရမယ် မသိဘူး။ နောက်ဆုံး အကြာကြီးနေမှ အဖေ မြန်မြန်သေသွားရင်ကောင်းမယ်လို့ စိတ်ထဲ တွေးနေမိတဲ့အကြောင်း ကျွန်မ ပြောလိုက်တယ်။

❑

၂။

အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကျွန်မက ကိုယ်ခန္ဓာဗလာကျင်းလျက်သား မိမွေးတိုင်း ဖမွေးတိုင်း ရှိနေတယ်။ ပြီးတော့ မျက်လုံးအတောင်အသောင်းက ကျွန်မကို စူးစူးစိုက်စိုက် ဝိုင်းကြည့်နေကြတယ်။ ဘေးပတ်ပတ်လည်ကနေ သောက်ရှက်မရှိတဲ့ မိန်းမ၊ လင်တခူးမ၊ မိန်းမပျက်မ၊ ဖအေမရှောင်မ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

> ကိုယ်လုံးတီး
> ယောက်ျားတွေကို
> မြင်ရင်
> စိတ်ထဲမှာ
> ပွတ်သပ်ကြည့်ချင်တဲ့
> စိတ်နဲ့
> ရွံရှာ
> မုန်းတီးတဲ့စိတ်
> နှစ်ခုက
> တစ်ပြိုင်နက်
> ဖြစ်တယ်
> အဲဒီနောက်
> လူက
> ပျို့ပြီး
> အန်ချင်သလို
> ဖြစ်လာရော

ဆိုပြီး အယုတ္တအနတ္တ စကားလုံးတွေနဲ့ မကြားတကြား အော်ဟစ်ဆဲရေးနေကြသေးတယ်။ ဝါးခနဲ အကျယ်ကြီးလှောင်ရယ်သူက ရယ်တယ်။ အဲဒီမျက်လုံးတွေက ချွန်မြနေတဲ့ ဆူးတွေဖြစ်သွားပြီး အသားကို လာစူးနေသလို၊ ပြီးတော့ အဲဒီစကားသံတွေ အက်စစ်တွေဖြစ်သွားပြီး ကျွန်မကို ပက်ဖျန်းလိုက်သလိုပဲ။ စပ်ဖျဉ်းဖျဉ်း ပူလောင်လောင်နဲ့ တကယ်နေရခက်တဲ့ကိစ္စ။ တုံးခနဲ လဲသေသွားရင် ဒါမှမဟုတ် လူတွေမျက်စိနဲ့ မမြင်နိုင်တဲ့ တိမ်ခိုးတိမ်ငွေ့တွေအဖြစ် ပြောင်းသွားရင်တော့ အကောင်းသားလို့ တွေးမိတယ်။

အဲဒီနောက်တော့ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ကျွန်မက မောဟိုက်ဟောဟဲလိုက်အောင် ပြေးနေရပြန်ရော။ ဆူးချွန်လို မျက်လုံးတွေရဲ့ လွတ်ရာကို၊ အက်စစ်လို ဆဲသံဆိုသံတွေ မရှိတဲ့နေရာကို မောပန်းပြီး ခွေယိုင်လဲကျလုမတတ် ထွက်ပြေးနေတာ။ မပြေးချင်တော့ဘူးလို့ စဉ်းစားရင်နဲ့ကို ပြေးနေရတာ။ တော်ပါတော့၊ ရပ်ပါတော့။ ကျွန်မ အဲဒီမျက်လုံးတွေကို ရင်ဆိုင်နိုင်ပါတယ်ဆိုလည်း မရဘူး၊ ပြေးနေရတာပဲ။ ပြေးနေရင်းပဲ တစ်ခုသတိထားမိတယ်။ မျက်လုံးတွေ၊ ကျွန်မရဲ့ အရှေ့၊ အနောက်နဲ့ ဘေးဘယ်ညာက မျက်လုံးတွေ။ ကျွန်မ မနားတမ်းပြေးနေတဲ့ တစ်လျှောက်လုံး အရှေ့ကောင်းကင်ယံကနေ ပေါ့ပေါ့ပါးပါး ဦးဆောင်ပြေးနေတဲ့ တိမ်ဖြူ၊ တိမ်ညို၊ တိမ်ဝါလိပ်တွေလိုပဲ၊ အခုလေးတင်ပဲ နောက်ကျော ဘက်မှာ ချန်ထားရစ်ခဲ့တဲ့ မျက်လုံးတွေက ရိပ်ခနဲဆိုသလို ကျွန်မရဲ့ အရှေ့ကို ပြန့်ပြန့်ပြီး ရောက်လာကြတာ။ ဒေါသထွက်နေတဲ့ မျက်လုံးတွေ၊ လှောင်ပြောင်သရော်နေတဲ့ မျက်လုံးတွေ၊ မစင်တုံးကို ကြည့်နေသလို ရွံရှာဟန်အထင်းသားနဲ့ မျက်လုံးတွေ။ ဘုရားရေ··· ကျွန်မ ဒီမျက်လုံးတွေဆီက လွတ်အောင် ဘယ်လောက်အထိ ပြေးနေရမှာလဲ။ ဘယ်တော့မှ ဒီမျက်လုံးဝက်ပါကြီးထဲကလွတ်မှာလဲ။ အဆုံးသတ်က မရှိတော့ဘူးလား။ ကျွန်မ သေတော့မယ်ထင်ပါရဲ့။

❑

၃။

အိပ်ရာက လန့်နိုးလာတော့ ညနေ သုံးနာရီထိုးခါနီးထင်တာပဲ။ ပြတင်းပေါက်ကနေ ထိုးဝင်နေတဲ့ အပူရှိန်က ပြန်မထွက်နိုင်ဘဲ ပိတ်မိနေပြီး အခန်းတစ်ခုလုံးက သားရဲတိရစ္ဆာန်တစ်ကောင်ရဲ့ ဝမ်းဗိုက်ထဲရောက်နေသလို လှောင်အိုက်နေတယ်။ အခန်းအပြင်ဘက်ကနေ တစ်စုံတစ်ခုက နံရံကို တကျစ်ကျစ်ခြစ်နေတဲ့ အသံ၊ ဆီခန်းနေတဲ့ ပတ္တာကနေ ထွက်သလို ဖျင်းတိဖျင်းတွဲမြည်နေတဲ့ တကျည်ကျည်အသံ၊ ဝေါခနဲ ရေတွေလောင်းချခံလိုက်ရတဲ့အသံ၊ လေးလေးပင်ပင်နဲ့ အဆက်မပြတ်ကြားနေရတဲ့ တရှားသံ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်တိုးတိုး အပြန်အလှန်ပြောနေကြတဲ့ စကားသံ၊ ပြီးတော့ သုတ်သီးသုတ်ပျာလျှောက်သွားတဲ့ တရှပ်ရှပ်ဖိနပ်သံ၊ အသံပေါင်းစုံက နားထဲအပြိုင်အဆိုင်တိုးဝင်လာတယ်။

မျက်လုံးဖွင့်ဖွင့်ချင်း စူးခနဲ ဖျပ်ခနဲ အလင်းရောင်ကို မြင်ရတယ်။ ကျွန်မက ကြမ်းပြင်မှာခင်းထားတဲ့ သင်ဖြူးတစ်ချပ်အပေါ်မှာ ခွေခွေလေးအိပ်နေတာ။ စိတ်တွေ၊ ကိုယ်တွေက တစ်စစီဖြုတ်ထားတဲ့ နာရီတစ်လုံးလိုပဲ သီးခြားစီဖြစ်နေတာ။ မျက်နှာကြက်မှာက ယိမ်းယိမ်းထိုးထိုး မောမောဟိုက်ဟိုက်လည်နေတဲ့ သံချေးအထပ်ထပ် ပန်ကာအိုကြီး။ စိတ်ညစ်ညျုးစရာ တကျည်ကျည်အသံဟာ သင်းဆီက ထွက်တာပဲလို့ သိလိုက်တယ်။

ကျွန်မ ဘယ်ရောက်နေသလဲ။ ဖြူဖြူဖွေးတဲ့ အုတ်နံရံ၊ ပြီးတော့ ပြာညစ်ညစ်ခန်းဆီးလိုက်ကာ။ အဲဒီနှစ်ခုကို မြင်လိုက်တော့ ကျွန်မ ဖျတ်ခနဲ သတိရတယ်။ အဖေလေဖြတ်သွားတာ။ ဆေးရုံတက်နေရတယ်၊ လူနာစောင့်နေရတယ်။ အခု ကျွန်မက လူနာစောင့်ရင်း အိပ်ပျော်သွားခဲ့တာ။ အဲဒီနောက် လက်ရှိ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေ အကုန်လုံးကို တစ်မုဟုတ်ချင်းပဲ ပြန်မှတ်မိလာတယ်။

ယောင်တိယောင်ကန်းနဲ့ ကျွန်မ ငုတ်တုတ်ထ,ထိုင်လိုက်တယ်။ အဖေ့အတွက် ငှားထားတဲ့ အထူးသူနာပြုကရေစိုအဝတ်ဖတ်ကို ဝေါခနဲနေအောင် ညှစ်ချလိုက်ရင်း 'နိုးလာပြီလား၊ ပူလိုက်တဲ့ ရာသီဥတု' လို့ နှုတ်ဆက်တယ်။ ပြီးတော့ 'ဘဘကြီး အဖျားတွေတက်နေပြန်ပြီ' လို့ ညည်းညူသလို ခပ်တိုးတိုးပြောလိုက်ပြီး ရေစိုအဝတ်ကို ဖျန်းခနဲခါ၊ အဖေ့ရဲ့ ကိုယ်ခန္ဓာအနှံ့ကို လိုက်ပွတ်သပ်နေတယ်။ အဖေ့ရဲ့ နံရိုးအပြိုင်းပြိုင်း ရင်ဘတ်တွေ၊ ဖျဉ်းတွဲကျလုလု လက်မောင်းတွေ၊ သေးသွယ်တဲ့ပေါင်တွေ၊ ပြီးတော့ ချိုင့်ခွက်နေတဲ့ ဝမ်းဗိုက်တွေ၊ နောက်ဆုံး မမြင်သင့်၊ မမြင်အပ်တဲ့ ချောင်ကြိုချောင်ကြားတွေအထိပဲ။

ရေဖတ်တိုက်တဲ့အလုပ်ကို စိတ်သက်သောင့်သက်

www.burmeseclassic.com

ww.burmeseclassic.com

သာနဲ့ ဇယ်စက်သလို လှုပ်ရှားနေတဲ့ သူနာပြုရဲ့လက်တွေကို လိုက်ကြည့်နေရင်းပဲ ကျွန်မခေါင်းတွေ အုံခဲလာတယ်။ နားထင်သွေးကြောတွေလည်း တဒိတ်ဒိတ်ခုန်လာတယ်။ ခေါင်းကလည်း ရုတ်တရက် အဆမတန် ကိုက်ခဲလာတယ်။ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်တယ်။ ဒါပေမဲ့ တရစပ် ပြေးလွှားနေတဲ့ သူနာပြုရဲ့လက်တွေ၊ ပြီးတော့ အဖုံးအကွယ်မဲ့ လှစ်ဟာနေတဲ့ အဖေ့ရဲ့ ကိုယ်ခန္ဓာ ကျွန်မ မြင်နေရတုန်းပဲ။ ညစ်ညမ်းတဲ့ အတွေးတချို့အောက်မှာ ကျွန်မအဖြစ်က မြွေမျိုခံရတဲ့ သားကောင်တစ်ကောင် တရစ်ရစ်ပျောက်ဆုံးနေသလိုပဲ။

ဟင့်အင်း… အဲဒါကို မတွေးသင့်ဘူး။ အဖေနဲ့ သမီးက… အို စဉ်းစားကြည့်ရုံနဲ့ကို ဘယ်လောက်တောင် ရွံစရာကောင်းတဲ့ အတွေးလဲ။ ကျွန်မ တစ်ခုခုဖြစ်သွားရင်၊ ဒါမှမဟုတ် အဖေသေသွားရင် ကောင်းလိမ့်မယ်ထင်တယ်။ အဲဒီလို တွေးမိလိုက်တာနဲ့ အရှိန်ပြင်းပြင်း ရေတံခွန်တစ်ခုလို တားဆီးမရအောင် ပြေးနေတဲ့အတွေးက 'ပေါ့စ်'ခလုတ်နှိပ်ခံရတဲ့ တီဗွီမျက်နှာပြင်လို ရုတ်တရက် ရပ်တန့်သွားတယ်။ အဲဒီနောက်တော့ ရင်ထဲတလှပ်လှပ် တုန်လာပြီး နောက်ဆုံးအော်ဂလီဆန် ပျို့တက်လာတော့တာပဲ။

❑

၄။

နှစ်ယောက်သားကြာကြီး တိတ်ဆိတ်နေကြတယ်။ အတန်ကြာမှ စိတ်ဆရာမကပြောတယ်။ 'သမီး ဆရာမကို ပြောပြဖို့မေ့နေတာ ဘာတွေရှိသေးသလဲ'တဲ့။ ကျွန်မ ခေါင်းကိုပဲ ထပ်တလဲလဲ ယမ်းလိုက်တယ်။ ကျွန်မမှာ ဘာမှ ပြောစရာမကျန်တော့ဘူး။ ဆရာမက ဘာကြောင့်မှန်းမသိဘူး စိုက်ကြည့်နေလိုက်တာ။ မျက်လုံးတွေက ဝမ်းဗိုက်ထဲအထိ ထိုးဖောက်မြင်နေသလိုပဲ။ အဲသလို ကြည့်နေရင်းမှပဲ 'သမီးအကြောင်းကို ဆရာမလည်း သိသင့်သလောက်သိတာပဲ။ ဒါပေမဲ့ မကူညီနိုင်သေးဘူး'လို့ စကားဆက်တယ်။ 'သမီးကို ကူညီနိုင်ဖို့အတွက် သမီးက အရင်ပြန်ကူညီမှရတော့မယ်။ အခက်ကြီးတော့ မဟုတ်ပါဘူး။ ဆရာမပြတဲ့ ပုံလေးတွေကို စက္ကန့်သုံးဆယ်အတွင်း ကြည့်ပြီး ငါးမိနစ်စာ ဇာတ်လမ်းဆင်ပေးပါ။ ပုံထဲက ဘယ်သူတွေ၊ လက်ရှိ ဘာတွေဖြစ်နေတယ်။ အရင်က ဘာဖြစ်ခဲ့တယ်။ နောက် ဘာဆက်ဖြစ်မယ်ဆိုတာမျိုးပေါ့။ လွယ်လွယ်လေးပါ'တဲ့။

ခေါင်းညိတ်လိုက်တယ်ဆိုရင်ပဲ စိတ်ဆရာမက ဓာတ်ပုံတွေလို့ ထင်ရတဲ့ အထပ်တစ်ထပ်ကို ကျွန်မအရှေ့မှာ ချလိုက်တယ်။ 'စုစုပေါင်း သုံးဆယ့်တစ်ပုံ'လို့လည်း ပါးစပ်က ပြောလိုက်သေးတယ်။ 'တစ်ရက်တည်း အကုန်မပြောခိုင်းပါဘူး။ တစ်ရက်ကို နှစ်ပုံ၊ သုံးပုံလောက်ပြောပေါ့။ ပုံအကုန်လုံးလည်း ပြောစရာမလိုပါဘူး'တဲ့။ ပြီးတော့ ပုံတစ်ပုံကို ဖျတ်ခနဲဆွဲထုတ်ပြီး ရှေ့တွန်းပို့လိုက်ရင်း'ကဲ စ‌ိုို့'တဲ့။ ပုံက အဖြူအမည်းပဲ။ မိန်းမတစ်ယောက်က ခုတင်ပေါ်မှာ ပက်လက်ရှိနေတယ်။ ယောက်ျားတစ်ယောက်က ခုတင်အောက်မှာ မိန်းမဘက်ကို မျက်နှာမူပြီး ဒူးထောက်ထိုင်နေတာ။ ကျောပြင်ကိုပဲ ဆွဲပြထားတဲ့အတွက် ယောက်ျားရဲ့မျက်နှာက ဘယ်လိုဖြစ်နေတယ်ဆိုတာတော့ မသိရဘူး။ ယောက်ျားရဲ့ လက်တွေကတော့ မိန်းမရဲ့ မျက်နှာပေါ်မှာ ဝဲနေတယ်။ ကြည့်ရတာ သေဆုံးသွားတဲ့သူကို နောက်ဆုံးအဖြစ် မျက်လုံးတွေ မှိတ်ပေးလိုက်သလို အနေအထားမျိုးပဲ။ ကျွန်မ ပြောလိုက်တယ်။ 'ပုံထဲက နှစ်ယောက်က လင်မယားတွေ၊ မိန်းမက ဆုံးသွားပြီ'လို့။

ကျွန်မ အမေ့ကို ရုတ်တရက် သတိရတယ်။ အမေက ကင်ဆာကြောင့် အမြစ်ဖြတ်ခံရတဲ့သစ်ပင်လို တမြည့်မြည့် ညှိုးခြောက်ပြီး သေဆုံးသွားခဲ့တာ။ အမေရဲ့အသုဘမှာ လူမှန်းမသိအောင် အရက်တွေမူးနေတဲ့ အဖေ။ 'ယောက်ျားက မူးနေတယ်'လို့ ပြောလိုက်တယ်။ ပြီးတော့ ငိုနေတယ်လို့ ထပ်ပြောလိုက်သေးတယ်။ ဒါပေမဲ့ အော်ဟစ်ပြီး ငိုတာတော့ မဟုတ်ဘူး။ မျက်ရည်တွေကျပြီး စကားတွေ တတွတ်တွတ်နဲ့ အဆက်မပြတ် ပြောနေတာ။ နောက်တော့ အမူးလွန်ပြီး ဇက်ကျိုးကျသွားတာ။ အဲဒီနေ့မှာ အမေ့ကိုတင်မကဘဲ အဖေ့ကိုပါ ကျွန်မ ဆုံးရှုံးခဲ့ရတာ။ 'ဇာတ်လမ်းမဆင်တတ်တော့ဘူး'လို့ ပြောရင်း ကျွန်မ ဟက်ခနဲရယ်မိတယ်။ စိတ်ဆရာမက ပြုံးတယ်။ ပြီးတော့ 'ရပါပြီ၊ ရပါပြီ'တဲ့။

စိတ်ဆရာမ ဒုတိယပြတဲ့ပုံက တယောတစ်လက်ရှေ့ချပြီး မှိုင်တွေနေတဲ့ ကလေးတစ်ယောက်ပဲ။ ဆံပင်ခပ်တိုတို၊ မျက်နှာကို ရှုပုပ်ထားတဲ့ ကလေးကြည့်ရတာ တယောတီးမကျင့်ချင်လို့ ဆန္ဒပြနေသလား။ ဒါမှမဟုတ် တယောတီးနေတုန်း တစ်ခုခုခိုင်းလိုက်တဲ့အတွက် မကျေမနပ်ဖြစ်နေသလား။ ဒီကလေးဟာ ကျွန်မ မဟုတ်တာတော့ သေချာတယ်။ ကျွန်မက ဘယ်တုန်းကမှ တယောမတီးခဲ့ဖူးသလို တယောတစ်လက်ကိုလည်း မပိုင်ဆိုင်ခဲ့ဖူးတာပဲ။ ပုံကို စိုက်ကြည့်နေရင်းပဲ ဒီကလေးဟာ တယောမတီးချင်လို့ ငြင်းနေတာပဲလို့ ကျွန်မထင်လာမိတယ်။ မှိတ်ထားတဲ့ မျက်စိ၊ နားနှစ်ဖက်ကို တင်းတင်း ပိတ်ထားတဲ့ဟန်။ အဲဒီကလေးဟာ သူ့ရှေ့က တယောကို ချစ်မြတ်နိုးပုံမရဘူး။ ကလေးက အခြားသော ကလေးတွေနဲ့ အော်ဟစ်ပျော်ရွှင် ဆော့ကစားချင်နေလိမ့်မယ်။ အဲဒီအချိန် အဖေ ဒါမှမဟုတ် အမေ တစ်ယောက်ယောက်က တယောတီး မကျင့်မနေရ အမိန့်ထုတ်လိုက်တာနေလိမ့်မယ်။ သိတာပေါ့၊ အဲဒီခံစားချက်က

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဆိုတာ။ 'နင်က အကြီးလေ၊ အခု ဒီအလုပ်တွေကို နင်မလုပ် ဘယ်သူလုပ်မှာတုံး' ဆိုတဲ့ အရက်သောက်ပြီး ခပ်ထွေထွေ အသံနဲ့ ပြောတတ်တဲ့ အဖေ့ရဲ့ စကား။ 'စာကျက်ရမယ်၊ ငါ စာမေးပွဲမကျမှ ဖြစ်မယ်' ဆိုတဲ့ အတွေးနဲ့ ကလေးဘဝကို ခုန်ကျော်ပြီး လူကြီးလုပ်ခဲ့ရတဲ့ ကျွန်မ။ မတီးချင်တဲ့ တယောကို တီးနေရတာနဲ့ အတူတူပဲ မဟုတ်လား။ 'ဓာတ်ပုံကို စိုက်ကြည့်နေရင်းပဲ စိတ်ထဲ ကျွန်မရဲ့ ကလေးဘဝပုံရိပ်တွေကို တစ်ကွက်ပြီးတစ်ကွက် မြင်မိတယ်။

> ဒေါသထွက်နေတဲ့
> မျက်လုံးတွေ
> ရှောင်ပြောင်
> သရော်နေတဲ့
> မျက်လုံးတွေ
> မစင်တုံးကို
> ကြည့်နေသလို
> ရွံရှာဟန်
> အထင်းသားနဲ့
> မျက်လုံးတွေ
> ဘုရားရေ. . .
> ကျွန်မ
> ဒီမျက်လုံးတွေဆီက
> လွတ်အောင်
> ဘယ်လောက်အထိ
> ပြေးနေရမှာလဲ

❑

၅။

လွန်ခဲ့တဲ့ သုံးရက်က အဖေ ဆေးရုံ ဆင်းခွင့်ရတယ်။ မျက်လုံးဖွင့်တာ၊ ပိတ်တာ လုပ်နိုင်ပြီ။ အကောင်းအတိုင်းရှိတဲ့ ဘယ်ဘက်ခြမ်းကို သက်သောင့်သက်သာ လှုပ်ယမ်းပြနိုင်ပြီ။ ဒါပေမဲ့ အဖေက အစာတော့ မမျိုနိုင်သေးဘူး။ ပြီးတော့ ဆီးသွားမယ်ဆိုတဲ့ စကားကိုတောင် မပြောနိုင်သေးဘူး။ နှာခေါင်းပိုက်တန်းလန်း၊ ဆီးပိုက်တန်းလန်းနဲ့ ဆင်းလာခဲ့ကြတာ။ အဖေတစ်ကိုယ် သမီးတစ်ကိုယ်ပဲရှိတဲ့ အိမ်မှာ အိမ်စောင့်နတ် မောင်းထုတ်ထားသလို အမြဲတမ်း အိမ်နဲ့ အစေးမကပ်တဲ့ ကျွန်မက အခုတော့ အိမ်မြဲနေရတယ်။ နှစ်ယောက်တည်းနေတဲ့ အိမ်မို့ လူစုံတယ်ပြောလို့ရပေမဲ့ အရင်က ရုံဖန်ရံခါ ကြားရတဲ့ အဖေ့ချောင်းဟန့်သံကို မကြားရတော့ အခါတိုင်း တိတ်ဆိတ်နေတဲ့ တိုက်ခန်းက စိတ်ထဲ ပိုပြီး တိတ်ဆိတ်နေသလိုပဲ။

ဘာလုပ်လို့လုပ်ရမယ် မသိဘူး။ အဖေ့ကို ပြုစုဖို့ ငှားထားတဲ့ အထူးသူနာပြုကတော့ ကြွက်တစ်ကောင်လို တလှုပ်လှုပ်နဲ့ အိမ်အနှံ့အပြားကို လျှောက်သွားနေတယ်။ လုပ်စရာရှိတာကို တစ်ခုပြီး တစ်ခုလုပ်နေတယ်။ ကျွန်မကတော့ ဆရာမကို ကူရမလား၊ စာအုပ်ပဲ ဖတ်နေရမလား ဘာလုပ်ရမလဲ စဉ်းစားနေရတာနဲ့ အချိန်ကုန်တာပဲ။ အိပ်ရာထ၊ မနက်စာ ချက်တယ်။ သဘော်ပေါ်ရောက်နေတဲ့ မောင်လေးဆီကို ဒီမနက် အဖေ့အခြေအနေက ဘယ်လိုလို့ စာပို့ချင်ပို့တယ်။ ပြီးတာနဲ့ အလုပ်က မရှိတော့ဘူး။ အဖေ့ကိုလည်း သွားကြည့်ပါတယ်။ ဒါပေမဲ့ ခဏပဲ။ အချိန်နည်းနည်းကြာတာနဲ့အမျှ ခေါင်းတွေက ထိုးကိုက်လာတာ။ အဖေနဲ့ မျက်လုံးချင်းဆုံမိရင် အဆိုးဆုံးပဲ။ အဖေက ကျွန်မကို တောင်းပန်သလို၊ အသနားခံသလို ကြည့်တယ်။ ဒါပေမဲ့ ကျွန်မကတော့ အဖေ့အကြည့်ကိုမြင်တိုင်း ကျောရိုးတစ်လျှောက် စိမ့်တက်လာပြီး မြွေမျိုးခါနီး အညှီခံရသလိုပဲ။ ပြီးတော့ ရွံစရာကောင်းတဲ့ အတွေးတွေ ထပ်တွေးမိရော။ အဲဒီနောက် အဖေ့အနားက ထွက်ပြေးခဲ့ရတော့တာပဲ။

အဖေကတော့ စကားပြောချင်ပုံပဲ။ ကျွန်မ အဖေ့နားက လှည့်ထွက်လာတိုင်း တအင်းအင်းနဲ့ လူးလွန့်ပြီး ကျန်ခဲ့တာ။ တစ်ခါတော့ ကျွန်မကလှည့်အထွက်၊ အဖေ့ရဲ့ ကောင်းနေတဲ့လက်က ကျွန်မကို လှမ်းဆွဲလိုက်တယ်လို့ ဆရာမက ပြောတယ်။ ဒါပေမဲ့ ကျွန်မစိတ်ထဲ ဘာဖြစ်သွားမှန်းမသိဘူး။ အဖေက တင်ပါးကို လှမ်းပုတ်တယ်လို့ပဲ ထင်လိုက်တာ။ ဘာကြောင့် အဲလိုထင်လိုက်မိပါလိမ့်လို့လည်း စဉ်းစားမရဘူး။ ကျွန်မ ဘာဖြစ်သွားမှန်း မသိဘူး။ သတိရတော့ 'မထိနဲ့' လို့ ရူးရူးဝါးဝါး အော်ပြီးနေပြီ။ ဖြန်းခနဲ ဆိုသလို အဖေ့လက်ကိုလည်း ဒေါသတကြီး ပုတ်ထုတ်လိုက်ပြီးနေပြီ။ မျက်နှာကြီးနီပြီး ဒေါသထွက်နေတဲ့ ကျွန်မကို ဆရာမက အံ့ဩလို့။ 'ဘာဖြစ်သွားမှန်း မသိဘူး၊ ဘာဖြစ်သွားမှန်း မသိဘူး' လို့ ပြောပြီး ကျွန်မ ငိုချလိုက်မိတယ် ထင်တာပဲ။ ကျွန်မစိတ်ထဲ အဖေ့ကို အဖေဆိုတာ ရုတ်တရက် မေ့သွားတယ်။ သတိရရချင်း အဲဒီအချိန် တွေးမိတာက တစ်ခုတည်းပဲ။ ကျွန်မ စိတ်ဆရာမဆီ သွားရမယ်။

❑

၆။

မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ တင်းတင်းအုပ် တံခါးပေါင်ကို မှီပြီး ရှိုက်ကြီးတငင်ငိုနေတဲ့ မိန်းမ တစ်ယောက်။ အဲဒီမိန်းမ ကျောပေးထားတဲ့ အခန်းထဲက ခုတင်ပေါ်မှာတော့ အကျီ ကိုယ်လုံးတီးနဲ့ အိပ်မောကျ နေတဲ့ယောကျ်ားတစ်ယောက် ပုံကိုကြည့်ရင်း ကျွန်မ တွေး မိတယ်။ သေချာတယ်။ ဒါ ငိုကြွေးနေတဲ့ မိန်းမ အနိုင် ကျင့်ခံလိုက်ရပြီ။ ကျွန် စိတ်ဆရာမကို တိုးတိုးလေး ပြောလိုက်တယ်။ 'အဓ ကျင့်ခံရတာ' လို့။ ကျွန် အသံက မသက်မသာဖြစ် မှာ အမှန်ပဲ။ 'ဘယ်သူ ကျင့်တာလဲ' တဲ့။ ဆရာမ ပြန်မေးတယ်။ 'ယောကျ် တစ်ယောက်၊ ယုတ်မာ ယောကျ်ားတစ်ယောက်' ဖြေလိုက်တဲ့ ကျွန်မအသံ ခပ်အက်အက် ဖြစ်နေမ ပဲ။

'ဘယ်နေရာမှာ သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ဆရာမကို မော့ကြည့်လိုက်တော့ ဆရာမက 'မဟုတ်ဘူး၊ ဆရာမ မေးချင်တာ ဖြစ်သွားတဲ့နေရာက မိန်းကလေးရဲ့ အိမ်မှာလား၊ ဒါမှမဟုတ် ယောကျ်ားလေးရဲ့ အိမ်မှာလား။ အခြားတစ်နေရာမှာလား' လို့ ပျာပျာသလဲ စကားဆက်တယ်။ ကျွန်မ ခေါင်းခါလိုက်တယ်။ မသိဘူး၊ ဘယ်နေရာမှာ ဖြစ်သွားတယ်ဆိုတာ ကျွန်မ မစဉ်းစားတတ်ဘူး။

'အဲဒီနေ့က ရာသီဥတု ဘယ်လို ရှိသလဲ။ မိုးရွာသလား၊ ဒါမှမဟုတ် နေပူသလား'

ကျွန်မ ခေါင်းကို ထပ်ယမ်းလိုက်ပြန်တယ်။ 'မိန်းကလေးရဲ့ အဖေ၊ အမေ ပြီးတော့ တခြားမိသားစုဝင်တွေကော ဘယ်ရောက်နေသလဲ' တဲ့။ 'အဲဒီနောက် ဘာတွေဆက်ဖြစ်သလဲ' တဲ့။ ကျွန်မ ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်တယ်။ မသိဘူး။ ဘယ်မှာဖြစ်တယ်၊ ဘာတွေဖြစ်တယ်၊ မိန်းကလေးရဲ့ မိသားစုတွေ ဘယ်ရောက်နေတယ်ဆိုတာ ကယ် စဉ်းစားမရဘူး။ တစ်ခုပဲ အဲဒီယောကျ်ားဟာ အရက်မူးနေသလား။ဟင့်အင်း အဲဒါကလည်း မသေချာဘူး။ ဇာတ်လမ်းဆင်ဖို့ တွေးနေရင်းပဲ ပျို့တက်လာတယ်။ အန်တော့မယ်ထင်တယ်။ သေချာတယ်။ ဆက်မပြတ် အန်တော့မှာ။ အိပ်ရတော့မှာ မဟုတ်ဘူး။ ဘယ်လို့ အအန်ပျောက်အကူအညီကြောင့် အန်ရပ်ပြီး အိပ်ပျော်သွားရင်တောင် အိပ်မက်တွေ မက်တော့မှာ။ အိပ်မက်ထဲမှာ ကျွန်မ ပြေးရပြန်ဦးမယ်။ မရပ်မနား၊ ဗလာကိုယ်ထီး၊ ပြီးတော့ အဆက်မပြတ်ဆဲနေတဲ့အသံတွေ။ နောက်ဆုံး အိပ်မက်ဆုံးခါနီးကျမှ မိုးတွေ ရွာလာမှာ။

'ဝေါ့' ခနဲ ပျို့တက်လာတယ်။ 'သမီး' လို့ စိတ်ဆရာမက အလန့်တကြားခေါ်တယ်။ ကျွန်မ ပါးစပ်ကို လက်တစ်ဖက်နဲ့ တင်းတင်းပိတ်ပြီး နောက်လက်တစ်ဖက်ကို ခပ်သွက်သွက်ယမ်းတယ်။ နောက် ထ,ပြေးရတာပဲ။ အန်ချစရာနေရာ၊ အန်ချလို့ ကောင်းမယ့်နေရာ ဘယ်မှာလဲ။ နောက်ဆုံးတော့ မအောင့်နိုင်တော့ဘူး။ ကြုံတဲ့နေရာမှာ ထိုးအန်ချလိုက်တော့တယ်။ 'သမီး' တဲ့။ လှည့်ကြည့်လိုက်တော့ စိတ်ဆရာမက ကျွန်မကို အဖြေရှာတဲ့ မျက်လုံးတွေနဲ့ စူးစိုက်ကြည့်နေတာ။ နောက်တော့ အနားရောက်လာပြီး ကျောကို တဖျတ်ဖျတ်ပုတ်တယ်။ 'သက်သာသလား' တဲ့။ အန်ရလွန်းလို့ မျက်လုံးထောင့်စွန်းမှာတောင် စိုတက်လာတဲ့ မျက်ရည်တွေကို ပွတ်သုတ်လိုက်ရင်း ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ ဆရာမ မျက်လုံးတွေက ကျွန်မကို တစ်ခုခုပြောချင် နေသလိုမျိုးပဲ။ 'သမီးမှာ ဖုံးကွယ်ထားတာတွေ ရှိသလား' ဆိုတဲ့ အဓိပ္ပာယ်မျိုး၊ 'ဆရာမကို အကုန်ယုံကြည်စိတ်ချပြီး ဖွင့်ပြောလို့ရပါတယ်' ဆိုတဲ့ အကြည့်မျိုး။ ဟင့်အင်း၊ မရှိပါဘူးလို့ ခေါင်းခါလိုက်တယ်။ ဟုတ်တယ်၊ ဆရာမကို အကုန်ပြောပြီးသားပဲ။ ဘာမှ မထိမ်ချန်ထားခဲ့ဘူးလေ။ အဖေနဲ့ ပတ်သက်ပြီး တွေးမိတဲ့ အတွေးအချို့ကလွဲရင်ပေါ့။ ဒါတွေတော့ မပြောရဲဘူး။ ကြောက်တယ်။ လူတွေက တစ်မျိုးမြင်ကြမှာ။ တစ်ခါတလေကျတော့လည်း အစာဟောင်းတွေ အန်ပစ်လိုက်သလို ကိုယ်ထဲက အတွေးတွေကို အန်ထုတ်ပစ်လိုက်ဖို့က လွယ်မှမလွယ်တာ။

'သမီး အဆင်ပြေလား' တဲ့။ ဆရာမရဲ့ အသံခပ်တိုးတိုး၊ ပြီးတော့ စိတ်မကောင်းဖြစ်နေတဲ့ မျက်လုံးတွေ။ ဘာလဲ ဆရာမက သနားနေတာလား။ ဟင့်အင်း... ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်မိတယ်။ ဘာသနားစရာရှိလို့လဲ။ ဆရာမ ဘာတွေမဟုတ်တာများ တွေးနေသလဲ။ ကျွန်မကို ဓာတ်ပုံထဲက မိန်းကလေးလို့များ ထင်နေသလားပဲ။ ရုတ်တရက် တစ်ကိုယ်လုံး ရေခဲရေနဲ့ ပက်ဖျန်းခံလိုက်ရသလို ခံစားလိုက်ရတယ်။ မဟုတ်ဘူး၊ အဲဒီမိန်းကလေးက ကျွန်မ မဟုတ်ဘူး။ စိတ်ထဲ အလန့်တကြား ငြင်းလိုက်မိတယ်။ သတိထားမိချိန်မှာတော့ ရင်ညွန့်တစ်ခုလုံး အောင့်တက်အောင် တဝေါ့ဝေါ့နဲ့ ပြန်အန်နေပြီ။

❑

၇။

အဖေ ဆုံးပြီတဲ့။ ကျွန်မ မနက်အစောကြီး နိုးလာတယ်။ သူနာပြုဆရာမက 'ညဦးကမှ အကောင်းကြီး။ ကျွန်မ မနေ့ညနေက ဆန်ပြုတ်တွေ ထည့်တော့တောင် ပြုံးပြနေသေးတယ်' လို့ မျက်နှာမကောင်းဘဲ ပြောနေတယ်။ ကျွန်မကတော့ ငိုပဲ ငိုရမှာလိုလို၊ အော်ပဲ အော်ချင်တာလိုလို ရင်ဘတ်ထဲ ထုံကျဉ်ကျပ်ခဲကြီးနဲ့ အသက်ရှူမဝ,ဘူး။ 'အဖေ သေသွားရင် ကောင်းမယ်' လို့ တွေးတွေးနေခဲ့မိတာကို သတိရပြီး စိတ်က မသက်သာဘူး။ ဝဋ်ကျွတ်သွားတာပေါ့လို့ တွေးမိတာကိုပဲ အပြစ်မကင်းသလိုပဲ။ လမ်းပဲ ထ,လျှောက်ရမှာလိုလို၊ ထိုင်ပဲ ထိုင်နေရမှာလိုလို၊ နောက်တော့ သတိရပြီး သဘော်ပေါ်က မောင်လေးဆီ ဗိုင်ဗာကနေ စာတိုပို့လိုက်တယ်။ ပြီးတော့ ဘာလုပ်ရမှန်း မသိပြန်ဘူး။ ကျွန်မစိတ်ထဲ သေစေချင်လွန်းလို့များ အဖေ သေသွားသလား၊ အမေသာ ရှိရင် ဖွဲ့ဖွဲ့နွဲ့နွဲ့ အော်ငိုမယ်ထင်တယ်။ သဘော်ပေါ်က မောင်လေးလည်း ပို့ထားတဲ့ စာကိုမြင်ရင် အံတွေကြိတ်၊ မျက်ရည်ကျနေမလားပဲ။ အမှန် ဒီအချိန် ကျွန်မလည်း စိတ်ထဲက မပါရင်တောင် အနည်းဆုံး ဟန်ဆောင်ပန်ဆောင်တော့ မျက်ရည်ကျနေရမှာ မဟုတ်လား။ ဒါပေမဲ့ မျက်ရည်က ကျမှကျမလာတာ။ ဘယ်လိုလုပ်ရမလဲ။ ကျွန်မကပဲ မငိုတတ်တော့လောက်အောင် အသည်းမာလွန်းတာလား။ မိုးလင်းပါတော့၊ မိုးမြန်မြန်လင်းပါတော့။

ww.burmeseclassic.com

လုပ်စရာတွေက အများကြီး။ နာရေးကူညီမှုအသင်းဆီသွားရမယ်။ ဆွေမျိုးနီးစပ်တွေကိုလည်း အကြောင်းကြားရမယ်။ ဟင့်အင်း မဟုတ်သေးပါဘူး။ အခုလောလောဆယ်တော့ ဘာပဲဖြစ်ဖြစ် အရင် ငိုရမယ်ထင်ရဲ့။

❑

၈။

အိပ်မက်မက်ပြန်ပြီ။ အိပ်မက်ထဲမှာ မိုးက တဟည်းဟည်း တဟဲဟဲနဲ့ သည်းသည်းကြီး ရွာနေတာ။ ထိတ်လန့်စရာအသံကြီးနဲ့ ဂျိမ်းခနဲ မိုးတွေခြိမ်း၊ ရှူးခနဲ ဝင့်ခနဲ လျှပ်စီးရောင်တစ်ချက် လက်သွားတဲ့ ခဏလေးကလွဲရင် မြင်မြင်သမျှက မည်းမှောင်ပိတ်ဆီးပြီး အမှောင်တိုက်ကြီး ဖုံးနေတာ။ အဲဒီ အမှောင်ထုကြီးရဲ့အလယ် မိုးသီးမိုးပေါက်တွေ တရှမ်းရှမ်းနဲ့ အညှာအတာမဲ့ ပက်ဖျန်းခံနေရတဲ့ ရွှံ့ရွှံ့စိုသစ်ပင် တောအုပ်ကြားမှာ ကျွန်မက ကိုယ်ခန္ဓာဗလာကျင်းလျက် သားမိမွေးတိုင်းဖမွေးတိုင်း ပြေးနေရပြန်သတဲ့။ စည်းချက်ကျကျ အရှိန်ပြင်းပြင်း ထိမှန်နေတဲ့ မိုးစက်ပွင့်တွေက သိပ်နာတယ်။ တစ်ကိုယ်လုံး အေးစက်စက် စပ်ဖျဉ်းဖျဉ်းနဲ့။ သေတော့မယ်လို့တောင် တွေးမိတဲ့အထိပဲ။ သိပ်ကိုကြောက်စရာကောင်းတယ်။ ကယ်ကြပါဦးလို့လည်း ကျွန်မက အော်တာပဲ။ ဒါပေမဲ့ အသံက စိုးစဉ်းလေးတောင် မထွက်ဘူး။ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ လေပြင်းအဟုန့် အားလုံး ကျိုးပွဲလုခမန်း ကပြောင်းကပြန်ဖြစ်နေတဲ့ လောကကြီးထဲ ကိုယ်အော်လိုက်တဲ့ အသံကိုတောင် ကိုယ်ပြန်ပြီး မကြားနိုင်ဘူး။ ကျွန်မ ရှိုက်ကြီးတငင် ငိုမိတယ်ထင်တာပဲ။ ဘာကြောင့် ကျွန်မမှာမှ ဒီလိုဖြစ်ရသလဲလို့လည်း တွေးမိတယ် ထင်တာပဲ။ အဲဒီနောက် ဘယ်လိုက ဘယ်လို မိုးရေတွေယိုနေတဲ့ တဲကုပ်အောက် ရောက်နေပြန်သလဲ မသိဘူး။ ပြီးတော့ ခါတိုင်း အိပ်မက်တွေလိုပဲ ကျွန်မ အနားကို လူတစ်ယောက်ရောက်နေတာ။ အဲဒီလူက အဖေဆိုတာလည်း သိနေတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး။ ကျွန်မ ဝမ်းမသာနိုင်ဘူး။ အဖေ၊ သမီးလေလို့ ငိုသံပါနဲ့ ပြောလိုက်မိတယ် ထင်တာပဲ။ အဖေက ကျွန်မကို ဂရုမစိုက်ဘူး။ မှုးယစ်ရီဝေနေတဲ့ မျက်လုံးတွေနဲ့ လူမှန်းသူမှန်း မသိတော့သလိုမျိုး အေးစက်စက် စူးစူးရဲရဲ ကြည့်နေတာ။ ဘယ်တုန်းကမှ မမြင်ဖူးခဲ့တဲ့ သူစိမ်းတစ်ယောက်ကို ကြည့်သလိုမျိုး။ အို… ဘယ်လိုအကြည့်လဲ။ အဖေ၊ သမီးက အဖေ့သမီးအရင်းလေ။ သူစိမ်းမှ မဟုတ်တာ။ ဟင့်အင်း နီးပါတော့။ ကျွန်မကို ဒီအိပ်မက်ကနေ နိုးလိုက်ပါတော့။ စိတ်ထဲ အော်ဟစ်နေတုန်းမှာပဲ အဖေက 'အေးအေးမြင့်' လို့ တစ်ခွန်းရွတ်တယ်။ ပြီးတော့ အဖေ့လက်မောင်းတွေက စပါးကြီးမြွေက သူ့အစာကိုမျိုသလို ကျွန်မကို ရစ်ပတ်လာတာ။ အဲဒီအချိန် ဟင့်အင်း၊ သမီးပါ။ အေးအေးမြင့် မဟုတ်ဘူးလို့ အော်ဟစ်ငြင်းဆန်တုန်း ကျွန်မ အိပ်မက်ကနေ လန့်နိုးလာရတယ်။ ဘယ်လောက်တောင် ကြောက်စရာကောင်းတဲ့ အိပ်မက်လဲ။

❑

၉။

'သမီးအတွက် နောက်ဆုံးဆင်ရမယ့် ဇာတ်လမ်းပဲ။ ဒါပြီးရင် နောက်ထပ် ဇာတ်လမ်းဆင်စရာ မလိုတော့ဘူး' တဲ့။ 'နောက်ဆုံးပိတ် အိတ်နဲ့ လွယ်ပေါ့။ ကြိုးစားလိုက်ပါဦး' လို့ ပြောရင်း စိတ်ဆရာမက ကျွန်မအရှေ့ကို ပုံတစ်ပုံ ချပေးတယ်။ ဖျတ်ခနဲ ဆွဲယူကြည့်လိုက်တော့ ပုံက အဖြူရောင် ဗလာ။ ဟင့်အင်း… မဟုတ်ဘူး။ စိုက်ကြည့်နေတုန်း ပုံထဲမှာ တစ်ခုခုတွေ့လိုက်သလိုပဲ။ ဖျတ်ခနဲ ပေါ်ပြီး ပျောက်သွားတာ။ အဖေ ထင်တယ်။ ဟုတ်တယ်၊ အဖေငိုနေတာ။ အံကြိတ်ပြီး ငိုနေတာ။ ဘေးမှာ အမေက အဖေ့လက်ကို ဆုပ်လို့။ ခုတင်ပေါ်မှာက မိန်းကလေးတစ်ယောက်။ ဘယ်က ကောင်မလေးလဲ။ 'ငါတာဝန်မကျေဘူး' ဆိုလား။ အဖေတစ်ယောက် တတွတ်တွတ်နဲ့ငိုပြီး ဘာတွေပြောနေတာလဲ မသိဘူး။ ကျွန်မစိုက်ကြည့်နေတုန်းမှာပဲ အဖြူရောင်ကတ်ပြားက ပိန်းပိတ်အောင် နက်မှောင်သွားလိုက်တာ။ ဘုရားရေ… အသက်ရှူလို့ မဝ တော့ဘူး။ ရင်ဘတ်တွေ အောင့်ပြီး အန်ချင်လာပြီ။ ပြီးတော့ တစ်စုံတစ်ယောက်က တက်ပြီး ဖိထားသလိုပဲ။ အဖေ ကျွန်မ ကြောက်တယ်။

■

ရေအေး

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဒိုကြေအစစ်မရှိပင် သိပ်ပြောမှတ်ထားတဲ့ မှကြော

အခြေအနေက ဖုံးမရ ဖိမရတော့တဲ့ အခြေအနေမျိုး။ ဒီအခြေအနေကို ရင်ဆိုင်နေရတဲ့ ကောင်မလေးထက် အဆပေါင်းများစွာ တုန်လှုပ် ချောက်ချားနေခဲ့ရသူက သူမ။ သူမရဲ့စိတ်တွေ လေးလံလွန်းလှတယ်။ ဒီအခြေအနေ၊ ဒီပြဿနာဆိုးကို ဘယ်လိုပုံစံ ရင်ဆိုင်ဖြတ်ကျော် ဖြေရှင်းရမလဲ သူမ မတွေးတတ်သေးဘူး။ သိသိချင်း အံ့သြတုန်လှုပ်မိခဲ့ရတယ် ဆိုတာထက် မယုံကြည်နိုင်လောက်အောင် သူမ ပြင်းထန်ခံစားခဲ့ရတယ်။ ယုံကြည်မှုတစ်ခု ရိုက်ချိုး ဖျက်ဆီးခံလိုက်ရသလို မယုံကြည်မှုတစ်ခုဟာ ချက်ချင်း ကြီးမားရှင်သန်လာခဲ့တယ်။ မီးဖိုထဲ ချက်ရင်းပြုတ်ရင်းနဲ့ ရုတ်တရက် ကောင်မလေး ဣန္ဒြေမဆည်နိုင်အောင် ဘောစင်ဆီပြေးပြီး ထိုးထိုး အန်တဲ့နေ့က သူမ ချက်ချင်း သံသယပါးပါးကို သက်သေ ထူလိုက်နိုင်ခဲ့တယ်။ ရင်းနှီး ကျွမ်းဝင်နေတဲ့ သူမရဲ့ စမ်းသပ်မှု အချို့ ပြီးမြောက်သွားချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ww.burmeseclassic.com

ကောင်မလေးကိုယ်တိုင် အခြေအနေကို ဘာဆိုဘာမှ ရိပ်မိပုံ မရရှာဘူး။ ခေါင်းတွေထူပူပြီး ဘာဆိုဘာမှ စဉ်းစားမရနိုင်တော့တဲ့ အခြေအနေမှာ သူမ ပထမဆုံး စဉ်းစားလိုက်မိသူက မောင် ဖြစ်နေတယ်။

မဖြစ်ပါစေနဲ့ရယ်လို့ အကြိမ်ကြိမ် ဆုတောင်းပေမဲ့ သူမ ဆုတောင်းတွေကို သူမ မယုံကြည်နိုင်ဘူး ဖြစ်နေတယ်။ လက္ခဏာတွေအရ ကောင်မလေးရဲ့ ကိုယ်ဝန်ဟာ သုံးလထက် မလျော့ဘူးဆိုတာ သိပေမဲ့ အဲ့ဒီအချိန် သုံးလဆိုတဲ့နောက်ကို သူမ ပြန်ပြောင်းစဉ်းစားတယ်။

သူမ သိပ်ညံ့လွန်းခဲ့သလား၊ ကာယကံရှင်ကိုယ်တိုင် ပိပိရိရိရှိလွန်းခဲ့သလား သံသယဝင်နိုင်လောက်စရာ ဘာဆိုဘာမှ ပြန်ရှာမရနိုင်အောင် ဖြစ်နေခဲ့တယ်။

လက်ရှိ ပြဿနာကို ကောင်မလေးကိုယ်တိုင်ဟာ ဘာဆိုဘာမှ မသိနိုင်သူတစ်ယောက်ဖြစ်ကြောင်း သူမ ကောင်းကောင်းယုံကြည်ပေးလို့ရတယ်။ ဒါပေမဲ့ ဖြစ်ခဲ့သမျှကိုတော့ သူမထက် ကောင်မလေးသာ အသိနိုင်ဆုံး ဖြစ်ရမယ်။ မမေးရက်တာလား၊ မမေးတတ်တာလား၊ အမေးခက်တာလား မဝေခွဲတတ်ခြင်းများစွာကြားမှာ အပူပင်ဆုံး မီးစကို လွယ်ထားခဲ့ရသူက သူမသာ ဖြစ်နေခဲ့တယ်။

□

ကောင်မလေး အိမ်ရောက်လာတဲ့နေ့က စ,တွက်ရင် အဲ့ဒီနေ့ဟာ ငါးလတင်းတင်းပြည့်တဲ့နေ့လို့ သူမ မှတ်ထားတယ်။ ဒီအချိန်တိုလေး တစ်ခုအတွင်းမှာ ဒီလို အပြောင်းအလဲကြီး ရှိလာခဲ့ခြင်းဟာ ရုတ်တရက်အိပ်မက်လိုလို ဖြစ်နေခဲ့တယ်။ မယုံကြည်နိုင်စရာလို့ တွေးမိပေမဲ့ မယုံကြည်လို့ မရတော့တဲ့ အခြေအနေကြီးဟာ တစ်စတစ်စ ကြီးမားရှင်သန်လာနေတယ်။

ဒီအိမ်မှာ ယောကျ်ားသားဆိုလို့ မောင်တစ်ယောက်တည်းရှိတယ်။ မောင်ဟာ ဒီလောက်အထိ မိုက်မဲရူးနှမ်းလောက်တဲ့အဖြစ်မျိုးကို ဖန်တီးလိုက်မယ့်သူမျိုး မဟုတ်ဘူးလို့လည်း ရှိရင်းစွဲယုံကြည်မှုဟာ ဖြစ်တည်လာတဲ့ သံသယနဲ့ ဒွိဟ လွန်ဆွဲနေတယ်။ မောင့်ရဲ့ ဦးနှောက်ထဲမှာ ဒီလောက် ပက်စက်သိမ်ဖျင်းတဲ့ အတွေးအကြံမျိုး တောင် ရှိပါ့မလားရယ်လို့လည်း တွေးမြဲ တွေးမိလာဆဲ။

ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းပေါင်းစုံ တွေးမိလေလေ ပြင်းရှပူလောင်တဲ့ ဝေဒနာကိုခံစားရလေလေ ဖြစ်လာတယ်။ သူမ မိုက်မိုက်မဲမဲ ပွင့်ပွင့်လင်းလင်း ဖြေရှင်းလိုက်ဖို့အထိ စဉ်းစားမိတယ်။ အခွင့်အရေးများစွာ သူမဘက်မှာရှိနေခဲ့ပြီး အခွင့်အရေးများစွာကို ဆုံးရှုံးစရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ သိက္ခာ ဆိုတဲ့ ထိတ်လန့်တုန်လှုပ်စရာများစွာက ပြန်လည်ဝါးမျိုဖျက်ဆီးပစ်နေပြန်တယ်။

သူမရဲ့ သံသယဇာတ်ကောင်တွေရှေ့မှာ သူမကိုယ်တိုင် ဝေဒနာတစ်ခုနဲ့ သရုပ်ဆောင်နေရတယ်။ နေမြဲတိုင်း ဘာမှ မဖြစ်သလို ထင်ရတဲ့ မောင့်ကို၊ အထူးသဖြင့် ကောင်မလေးကို အနီးကပ်မြင်တွေ့ဆက်ဆံနေရတဲ့ အချိန်တိုင်းဟာ သူမအတွက် ငရဲတစ်မျိုးဖြစ်လာတယ်။ ရင်ဖွင့်ဝေမျှလို့မရတဲ့ သောကဝေဒနာကြီးနဲ့ သူမ နင့်သီးလေးလံ ခံစားနေခဲ့ရတယ်။

ကောင်မလေးကို မိန်းမချင်း သနားမိပေမဲ့ အခြေအနေက သနားလို့ မဖြစ်ပြန်ဘူးဆိုတဲ့ အသိမျိုး တိုးဝင်နှောင့်ယှက်ထားတယ်။ တရားခံဟာ ဘယ်သူပါလို့ တိတိကျကျ စဉ်းစားတွေးခေါ်စရာ မလိုအပ်တဲ့ အခြေအနေမျိုးမှာ သူမ သံသယထဲက ဇာတ်ကောင်တစ်ကောင်ဟာ တိကျခိုင်မာနေခဲ့တယ်။ တရားခံကတော့ မောင်ကိုယ်တိုင်ပဲဆိုတာ သူမ တိတိကျကျ ယုံကြည်နှင့်ပြီးသား။

□

ကောင်မလေးဟာ အသက်ကလေးမှ တစ်ဆယ်ကျော်၊ မောင်က အသက်သုံးဆယ်ကျော်။ ပြီးတော့ ကောင်မလေးဟာ တောကနေ အိမ်ကူဖို့ ခေါ်ထားတဲ့ မောင့်အိမ်ရဲ့ အိမ်ဖော်ကလေး။

မောင်က ပညာတွေအများကြီးတတ်တဲ့ လူရာဝင်အသိုက်အဝန်းထဲက ဆရာဝန်တစ်ယောက်။ မောင့်ဇနီးဖြစ်တဲ့ သူမကိုယ်တိုင်ကလည်း မောင့်လို ဆရာဝန်တစ်ယောက်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေဆိုးကြီးတစ်ခုကို ဒီလောက် လွယ်လွယ်လေး မောင် ဖန်တီးကျူးလွန်ခဲ့မယ်ဆိုတာ သူမ ဘာကြောင့် မတွေးဆ, မရိပ်မိခဲ့ပါသလဲ။

မိုးစင်စင်လင်း အိပ်မရတဲ့ ညတွေကို သံသယတွေနဲ့အတူ၊ သံသယရှိသူတွေနဲ့အတူ သူမ ခက်ခဲစွာ ဖြတ်သန်းကုန်ဆုံးလာမိတယ်။ အနားမှာ ဘာမှမဖြစ်သလို အိပ်မောကျနေတဲ့ မောင့်မျက်နှာကို တစိမ့်စိမ့် ထိုင်ကြည့်ရင်း မျက်ရည်တွေကျခဲ့ရပြီ။ ကောင်မလေးရဲ့ အခန်းကို အချိန်မတော် ထ,သွားကြည့်ပြီး စိတ်ထဲက ရည်စူးထားတဲ့ ဆန္ဒတွေ ပြန်ဖြေလျှော့၊ ခြေလှမ်းတွေ နောက်ပြန်ဆုတ်ခဲ့ရပေါင်းများပြီ။

ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို မသိသေးပေမဲ့ သူမကိုယ်တိုင် မဖြေရှင်းဘဲထားရင် မဖြစ်နိုင်တော့ဘူးဆိုတဲ့ အသိက စိန်ခေါ်လာတယ်။ သူမမှာ လုံလောက်တဲ့ သတ္တိတွေ ရှိမနေခဲ့တာကိုလည်း ယူကျုံးမရ ဖြစ်မိတယ်။ သူမဘဝကိုလည်း သူမကိုယ်တိုင် စိတ်ပျက်ငြီးငွေ့ခံစားလာရတယ်။

ကောင်မလေးကို သူမ ဖွင့်မေးလိုက်နိုင်ခဲ့တယ်။ အဖြေစကား မကြားရသေးခင်အထိ သူမ အသားတွေ တဆတ်ဆတ်တုန်ပြီး ခန္ဓာကိုယ်ကြီးဟာ အေးစက်ထုံထိုင်းနေခဲ့တယ်။ သူမ မျှော်လင့်ထားတဲ့ အဖြေမျိုးကိုကောင်မလေးဆီက မရလာနိုင်ခဲ့တဲ့အပြင် သူမရဲ့ သံသယမီးစဟာ ကြီးမားသထက်ကြီးမား၊ တောက်လောင်သထက်

www.burmeseclassic.com

တောက်လောင်လာခဲ့ရပြန်တယ်။

❑

ဘူးတစ်လုံးကလွဲပြီး ဘယ်လို အဖြေစကားမျိုးမှ ကောင်မလေးဆီက မရခဲ့။ သူမ နောက်ဆုံး လက်မှိုင်ချလိုက်ရသည်သာ အဖတ်တင်ကျန်ရစ်ခဲ့တယ်။ သံသယရဲ့ ပထမဆုံးလမ်းစတစ်စ ပျောက်ဆုံးသွားသလို ခံစားလိုက်ရတယ်။

ရှေ့မှာ ဘာတွေ ဆက်ဖြစ်လာဦးမလဲ ဆိုတဲ့ အပူမီးစဟာ သူမ ရင်ဝကို တစ်စတစ်စ တိုးပြီး ထိုးဆွလာသလို ခံစားရတယ်။ ကောင်မလေး တကယ်ကို ဘာမှ မသိတာလား။ ဘာမှမသိနိုင်အောင် ဘာတွေ ဖြစ်ခဲ့ရတာလဲ။

အမှန်တကယ် သနားစရာကောင်းတဲ့ သူဟာ သူမ ဖြစ်လာသလို ခံစားရပြန်တယ်။ သူမ ဒီပြဿနာဆိုးကြီးကို ဘယ်လို ဖြေရှင်းရမှာတဲ့လဲ။ သံသယကလွဲပြီး သူမဘက်မှာ ဘာမှမရှိ။

သံသယကို အကောင်အထည်ဖော်ထုတ် ဖြေရှင်းဖို့ သူမရဲ့ ဒုတိယ ပစ်မှတ်ဟာ မောင်တစ်ယောက်သာ ကျန်တော့တယ်။ မောင်ဟာ သူမ သံသယကိုလည်း သိမည်မဟုတ်။ သူမ အမြင်မှာလည်း ဘာမှ ပြောင်းလဲ ထူးခြားမှုမပြ။

မောင့်ကို သူမ အချိန်တိုင်း အလစ်မပေးစတမ်း စောင့်ကြည့်တယ်။ မောင် ဘာတွေ ပြောင်းလဲနေသလဲ။ ဒါမှမဟုတ် အပြောင်းအလဲ ရှိနိုင်လောက်စရာ မောင်ဟန်ဆောင်ကောင်းလွန်းနေခဲ့တာမျိုးလား စသဖြင့် တွေးရင်း မောလာရသူကလည်း သူမသာတည်း။

❑

ကောင်မလေးရဲ့ ဝမ်းဗိုက်ကလေး စူဖြိုးလာတာ သူမ သတိထားမိတယ်။ ရှေ့ဆက် ဒီပုံစံအတိုင်းထားရင် ဖြေရှင်းဖို့ မလွယ်ကူတော့တဲ့ ပြဿနာတွေ အသင့်။ သူမ ဘာဆက်လုပ်ရမလဲ စဉ်းစားလေလေ အဖြေဟာ ပိုဝေးလာလေလေ ဖြစ်နေတယ်။

မောင်ဟာ အရင်လို သူမကို ကြင်နာနေတုန်းပဲ။ အရင်လို ဆက်ဆံပေါင်းသင်းနေဆဲပဲ။ ကောင်မလေးနဲ့ ပတ်သက်လည်း အရင်လိုလိုသာချည်းပါပဲ။

သူမ မသိလိုက်၊ မမြင်လိုက်တဲ့ အတိတ်တိုတိုကလေးဟာ ဘာကြောင့် ဒီလောက် ကြီးမားပြင်းထန်တဲ့ ပြဿနာကြီးကို ဖြစ်တည်ခဲ့ရတာလဲ။ တရားခံအစစ်ဟာ ဘယ်သူလဲ သူမ သိပ်သိချင်လှတယ်။ ဆုပ်လည်းစူး စားလည်းရူး အခြေအနေကို သူမ ဘယ်လို ဆက်ကျော်ဖြတ်ရမှန်းမသိ ဖြစ်လာတယ်။

မောင့်ကို သူမ ဆက်ယုံကြည်နေရဦးမှာတဲ့လား။ မောင်ကရော အမှန်တကယ် ရိုးသားခဲ့သူ ဟုတ်ရဲ့လား။ ဖြစ်နိုင်သည်ဖြစ်စေ၊ မဖြစ်နိုင်သည်ဖြစ်စေ မောင့်အပေါ် သူမ ထားရှိနေမိတဲ့ သံသယကလည်း မှန်ကန်ခိုင်မာနေခဲ့တာပဲ။

မောင် သည်လောက် ရက်စက်လိမ့်မယ်လို့ သူမ ဘယ်လိုယုံကြည်ရမှန်း မသိတော့သလို ကောင်မလေးလည်း ဒီလောက် မာကျောလိမ့်မယ်လို့ သူမ ထင်မှတ်မထားမိခဲ့။ ခုတော့ ကာယကံရှင် ကောင်မလေးကိုယ်တိုင်ဟာ သူမ မျှော်လင့်သလို ဘာမှ ထူးခြားပြောင်းလဲခြင်း ရှိမနေခဲ့။ ချော့တစ်ခါ ခြောက်တစ်လှည့် သူမ နည်းမျိုးစုံ၊ ပညာရှိ ပရိယာယ်စုံ ကြိုးစားခဲ့ပြီးပြီပဲ။

❑

ချနင့်ပြီးသား အဆုံးအဖြတ်တစ်ခု တိကျခိုင်မာသွားတဲ့နေ့မှာ သူမ သွေးအေးဖို့တစ်ခုသာ ကြိုးစားနေမိတယ်။ သူမ သွေးအေးမှဖြစ်တော့မယ်လို့ နားလည်တယ်။ ဒါပေမဲ့ သွေးအေးစွာ ရက်စက်လိုက်ဖို့ သူမ တွန့်ဆုတ်တွေဝေနေဆဲပဲ။

စိတ်ကူးထဲက အကြံအစည်ပေါင်းများစွာကို စဉ်းစားမိလိုက်တိုင်း သူမ သွေးတွေ ပြန်နွေးလာကြတယ်။ မလုပ်ရက်တာလား၊ မလုပ်ရဲတာလား။ ထွေပြားဝေဝါးနေတဲ့ ဒွိဟစိတ်တွေက သူမကို ခြောက်လှန့်နေတယ်။ အဆုံးအဖြတ်ကလည်း မခိုင်မာ၍ မရနိုင်တော့တဲ့ အခြေအနေ တစ်ခုတည်းမှာ။

ကံကြမ္မာဆိုတာ လူတစ်ယောက်ရဲ့ ဘဝမှာ အခွင့်အရေးကို တစ်ကြိမ် တံခါးလာခေါက်လေ့ရှိသည်ကို သူမ ယုံကြည်တယ်။ ထို ယုံကြည်ချက်ကိုသာ သူမ စိတ်ရှည်လက်ရှည် စောင့်စားခဲ့တယ်။ အမှန်တကယ်လည်း အံ့သြစရာကောင်းတဲ့ ကံကြမ္မာက သူမကို အခွင့်အရေး တစ်ခု ပေးလာခဲ့တယ်။

မောင်တစ်ယောက် ယာယီ နယ်လှည့်ခရီးတစ်ခု ထွက်ရမယ် ဆိုတဲ့ သတင်းကို ကြားရသည့်နေ့က သူမ ကံကြမ္မာကို မယုံကြည်နိုင်အောင်ဖြစ်ရတယ်။ မောင်မရှိတဲ့အခါ သူမ ဒီပြဿနာဆိုးကြီးကို သူမ အကြံအစည်များအတိုင်း စိတ်ကူးထဲမှ လက်တွေ့ဘဝအထိ ဖြေရှင်းနိုင်တော့မည်သာ။ အကောင်အထည်ဖော်နိုင်တော့မည်သာ။

မောင် သွားမည့်နေ့က ဟန်ဆောင် နှုတ်ဆက်စကားဆိုသော်လည်း သူမ ကျိတ်ကာ ကျေနပ်နေခဲ့တယ်။ ခွင့်လွှတ်ပါ မောင် မလုပ်မဖြစ်လုပ်မှ ဖြစ်တော့မယ်ရယ်လို့ သူမ တိတ်တိတ်ကလေး စကားဆိုမိသေးတယ်။ မောင်ကတော့ ဘာမှ မသိနိုင်သူလိုသာပင်တည်း။

❑

သူမ နားလည်လိုက်တာ မောင့်ကို သူမ သိပ်ချစ်သလို ဘယ်လိုပုံစံမျိုးနှင့်မှ အဆုံးရှုံးမခံနိုင်ခြင်း ဖြစ်သည်။ ထို့အတူ ကောင်မလေးရဲ့ ဘဝကိုလည်း ဒီလို အရိပ်ဆိုးကြီး လောင်းရိပ်မိပြီး ရှေ့ဆက် ဝဋ်ကြွေးတွေ သယ်ပိုးမသွားစေလိုခြင်းသာပင်။ ဖြစ်ပြီးခဲ့သမျှကို တစ်နည်းမဟုတ် တစ်နည်း ရသည့် အခွင့်အရေး အသုံးချ ဖြေရှင်းမှ ဖြစ်တော့မည်သာပင်တည်း။

ဘဝမှာ တစ်ကြိမ် တစ်ခါမှ မကျူးလွန်ဖူးသော အပြစ်တစ်ခုကို ကျူးလွန်ဖို့ ဆုံးဖြတ်ထားသည့် အပြစ်သားပမာ သူမ သွေးတွေ အေးလိုက်နွေးလိုက် မှုမှန်

www.burmeseclassic.com

ပေ။ သူမ ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်နိုင်သော အလုပ်တစ်ခုကို အမှားမှား အယွင်းယွင်း ခံစားနားလည်မှုတွေ လွှမ်းမိုးခံနေခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကောင်မလေးရဲ့ ကိုယ်ဝန်ကို သူမ ဖျက်ချပစ်လိုက်တော့မယ်။

ပြဿနာတွေ အားလုံးပြေလည်သွားဖို့နည်းက ဒီတစ်ခုတည်းသာတည်း။ သူမမှာ ရွေးချယ်စရာ အခြားမရှိ။ သူမကိုယ်တိုင် မဖြေရှင်းလျှင် မဖြစ်နိုင်တော့။

မောင့်အကြောင်းတွေ ပြန်စဉ်းစားကြည့်ရင်း အားပါးတရ လွှတ်လပ်စွာ သူမ ငိုကြွေးချလိုက်တယ်။ မောင့်ကို လုပ်ရက်လေခြင်းလို့လည်း တွေးရင်း ယူကျုံးမရဖြစ်ရတယ်။ ရက်စက်လိုက်တာလို့ ပြောဖို့တော့ သူမမှာ သတ္တိတွေ ရှိမနေခဲ့။

ကိုယ့်ကိုယ်ကို နာကြည်းမိသူလို ယူကျုံးမရ ခံစားရတော့ ဝမ်းနည်းရှက်ရွံ့လာမိပြန်တယ်။ အပြစ်ကို သိရှိနားလည်သလို အပြစ်ကြောင့် ရရှိခံစားလာရမယ့် အကျိုးဆက်မှန်သမျှကို ရက်စက်စွာ စိန်ခေါ်လိုက်မိတယ်။ မောင့်ကို သူမ သိပ်ချစ်တာကိုး။

❑

ကောင်မလေးရဲ့ မျက်ဝန်းတွေ တဖြည်းဖြည်း ပြူးကျယ်ဝိုင်းစက်လာတယ်။ ထိတ်လန့်တုန်လှုပ်နေတဲ့ အမူအရာတွေကလွဲပြီး ဘာမှ မတတ်ရှာတဲ့အတွက် အဲ့ဒီမျက်ဝန်းတွေရဲ့ စကားကို မလုပ်ပါနဲ့ ဆိုတဲ့ တောင်းပန်ခြင်းတစ်မျိုးလို့ သူမ ယူဆမိတယ်။ ဘယ်တတ်နိုင်ပါ့မလဲ။

ခြေတွေလက်တွေကို ခိုင်ခိုင်မာမာ တုပ်နှောင်ထားတဲ့ ကြိုးတွေဟာ တင်းနေတယ်။ ကောင်မလေး အားကုန်အောင်ရုန်းနေရှာတာကိုး။ စားပွဲပေါ်က အဆင်သင့်ပြင်ဆင်ထားနှင့်ပြီး လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း မြင်သွားရှာပြီကိုး။


အပြင်လောကကြီးတစ်ခုလုံး မိုးသံလေသံတွေနဲ့ ဆူညံပေါက်ကွဲနေတာ သူမအတွက် အခွင့်အရေးတစ်ခုဖြစ်နေတယ်။ ရွာချင်သလောက်ရွာ၊ သည်းချင်သလောက်သည်း သူမ အားလုံးကို မေ့ပစ်ထားလိုက်တယ်။ ကြောင်စီသက်မဲ့နေတဲ့ မျက်ဝန်းတွေနဲ့ ကောင်မလေးကိုကြည့်ရင်း စိတ်ထဲကနေ ခွင့်လွှတ်ပါလို့ သူမ အကြိမ်ကြိမ် ပြောပြီးခဲ့ပြီ။

နုတ်ဆိုးတွေ တိုက်တွန်းပြီး သူမကို အားပေးဖို့ ဆုတောင်းနေပေမဲ့ နာရီပေါင်းများစွာကြာ သူမ တုတ်တုတ်မလှုပ် ငြိမ်သက်နေမိတုန်းပဲ။ တွန်းအားထက် ဆွဲအားတစ်ခုရဲ့ အနှောင့်အယှက်ဆိုတာကို သိပေမဲ့ ဘယ်လို ဆွဲအားမျိုးလဲ ဆိုတာလည်း သူမ ဝေခွဲမရဖြစ်နေတယ်။ အထူးသဖြင့် ကောင်မလေးရဲ့ မျက်ဝန်းတွေကို သူမ ရင်ဆိုင်ပြီး စေ့စေ့မကြည့်ဝံ့တော့ဘူး။


ဆုံးဖြတ်ခိုင်မာ သေချာခဲ့ပြီးခါမှ သူမ တွေဝေတွန့်ဆုတ်နေခဲ့ရရှာပြန်ပြီ။ မေ့ပစ်ထားချင်သည်ထက် မေ့ပျောက်နေစေချင်သော အကြောင်းတရားတစ်ခုဟာ သူမကို ပြန်လည် တုပ်နှောင်ထိန်းချုပ်ဆွဲငင်ထားလေပြီ။ သူမသာ ယခုဘဝ၌ အမြှုမတစ်ယောက် မဖြစ်ခဲ့ပါမူ။ ■

**အိုအေစစ်**၊မအူပင်၊


# ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ







**နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်**

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအပိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 420034597


www.burmeseclassic.com

www.burmeseclassic.com

တဆထလ-၁၁/၂၀၁၁၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ဦးအောင်မြင့်

လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

လျက်ဆား

ဖုန်း ၀၁-၅၄၃၃၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မက်ံစီ ထောင်ကလွတ်လာတယ်ဆိုတော့ တိုင်းပြည်က မအံ့သြပေမဲ့ ရပ်ကွက်က အံ့သြတယ်။ စက်ဘီးအစီး နှစ်ရာခိုးတဲ့ မက်ံစီ ခြောက်လနဲ့ ထောင်ကလွတ်လာတာ ဟုတ်မှ ဟုတ်ရဲ့လားပေါ့။ ထောင်ဖောက်ပြေးလာတယ် ဆိုရအောင်လည်း မက်ံစီမှာ ဒီလောက်အစွမ်းအစ မရှိတာတော့ သေချာသိနေကြတယ်။ မက်ံစီ လာဘ်များထိုးသလား၊ ထောင်မှူးကို ငွေပေးသလား၊ ရဲစခန်းကို အပုံ့အပိုးပြုလေသလား။ ကြံကြီးစည်ရာ၊ လင်ပန်းထဲ ရေထည့်သောက်သလို လူရာမဝင်တဲ့ အတွေးတွေပါကွာလို့ ပြောကြလေဦးမှာ။



မက်ံစီက ဘယ်ငွေနဲ့ လာဘ်ထိုးမလဲ။ မက်ံစီမှာ ကျောထောက်နောက်ခံဆိုလို့ သူ့မိဘနဲ့ သူ့ယောကျ်ားကို ဝေးလွင့်ပဲ ရှိတဲ့ဥစ္စာ။ သူ့မိဘကလည်း သူ့ထက် စီးပွားရေးက ချူချူချာချာ။ ကိုဝေးလွင့်ကလည်း မက်ံစီ ထောင်ထဲဝင်သွားပြီး နောက်တစ်ရက်ကတည်းက အိမ်ပေါ် မိန်းမတစ်ယောက် ခေါ်တင်ထားပြီး အဲဒီမိန်းမလုပ်စာနဲ့ ဘိန်းစားနေရှာတာ။ ဘယ့်နှယ်လုပ်ပြီး လာဘ်ထိုးနိုင်ပါ့။ အဲဒီကူကယ်ရာမဲ့ မက်ံစီ ထောင်ကလွတ်လာပြီ၊ ရပ်ကွက်ထဲကို ဘုရင်မတစ်ပါး လှမ်းကြွလာတဲ့ဟန်နဲ့ ဝင်လာတာ ရပ်ကွက်ထဲက လူတွေဖြင့် မျက်လုံးများတောင် ပြူးလို့။

ဘယ်သိကြမှာလဲ၊ မက်ံစီ ဒီအချိန် လွတ်လာမယ်လို့။ ကိုယ်လွတ်မှာ သိတဲ့သူတွေကတော့ ကြိုဆိုပွဲတွေနဲ့၊ ပန်းကုံးတွေနဲ့၊ ကြွေးကြော်သံတွေနဲ့၊ ဆိုင်းဘုတ်တွေနဲ့၊ ဆွေနဲ့ မျိုးနဲ့၊ အပေါင်းနဲ့အသင်းနဲ့၊ မက်ံစီကတော့ ကိုယ့်ဖိနပ်ကိုယ်စီးပြီး ကိုယ့်ခရီးကိုယ် ဆက်လာခဲ့ရတာ။ ထောင်ဘူးဝ,က ထွက်တော့ ကိုယ့်အိမ် ဘယ်အရပ်မှာရှိမလဲ။ တစ်ချက်လောက် မျှော်ကြည့်ပြီး တောင်တောင်ဤဤ စဉ်းစားမနေဘဲ ကိုယ့်လမ်းကိုယ် လျှောက်လာခဲ့တာ။

မက်ံစီ အခြားထောင်ကလွတ်လို့ ကြိုကြတဲ့သူတွေကို ဖြတ်လာခဲ့ပြီး ငိုက်စိုက်စိုက်နဲ့ပဲ လာခဲ့တာ။ ဒါနဲ့များ မက်ံစီ ထောင်က လွတ်လာလို့ သူ့ကိုယ်သူ ဝမ်းမသာဘူးလား မေးချင်စရာပေါ့။ မက်ံစီက ဝမ်းမသာဘူး။ သူက ထောင်ထဲရောက်ပြီး နောက်တစ်ရက်ကတည်းက လွတ်ချင်နေတဲ့ဥစ္စာ။ အခု ခြောက်လလောက်နေမှ လွတ်တော့ ထူးဝမ်းသာတာမျိုး မရှိပါဘူး။ ကိုဝေးလွင့်ကို မြန်မြန်တွေ့ချင်တာပဲ ရှိတာပါ။

ရပ်ကွက်ထဲဝင်လာတော့ လူကြီးတွေက တအံ့တသြနဲ့ ဝိုင်းမေးကြတာပေါ့။

'ဟဲ့… မက်ံစီ ညည်း လွတ်လာတာ မြန်လှချည်လား' ပေါ့။

'ဘယ်ကမြန်ရမှာတုံး ခြောက်လတောင်ကြာတဲ့ဥစ္စာ' ဆိုတော့ ဘာဆက်မေးလို့ မေးရကောင်းမှန်း မသိဘူး။ အဲဒီမှာ ခပ်လည်လည် စာတတ်တစ်ယောက်က-

'ဟုတ်သားပဲ သစ်ခိုးမှုနဲ့ တစ်သက်တစ်ကျွန်းကျတဲ့ တရုတ်တွေ လွတ်ငြိမ်းချမ်းသာခွင့်မှာ ရှစ်ရက်နဲ့ လွတ်လာတာ၊ မက်ံစီပါ ရောပါသွားတာနေမှာပေါ့' တဲ့။

တကယ်တမ်းတော့ ရပ်ကွက်က အဲဒီကိစ္စ ဒီလောက် စိတ်မဝင်စားလှပါဘူး။ မက်ံစီရဲ့အိမ်ပေါ်မှာ ကိုဝေးလွင့် ခေါ်တင်ထားတဲ့ မိန်းမနဲ့ မက်ံစီ ဘာတွေဖြစ်ကြမလဲ ဆိုတာကိုသာ ပိုပြီးစိတ်ဝင်စားကြတာ။ ပွဲကြီးပွဲကောင်း တော့တွေ့ကြပြီပေါ့။ အိမ်ကြီးပေါ် အိမ်ကလေးဆင့်ချင်တဲ့ ကိုဝေးလွင့်ပဲ အိမ်ပေါ်က နှင်ချခံရလေမလား။ သူများလင်ကို ကြောင်တောင်နှိုက်ချင်ပြီး အိမ်ကြီးရှင် ဝင်လုပ်နေတဲ့ ဟိုအမျိုးသမီးပဲ မက်ံစီ လက်စာမိလေတော့မလား။ တွေးကြည့်လေ စိတ်ဝင်စားစရာကောင်းလေပဲ။ ရပ်ကွက်သတင်းထောက်များက မက်ံစီအိမ် ဘေးပတ်လည်မှာ ကြိုရောက်နေကြပြီ။ ဩော်… မက်ံစီ ထောင်ကလွတ်တာကို စိတ်ဝင်စားသူတွေက ထောင်ရှေ့မှာ မဟုတ်ဘဲ မက်ံစီအိမ်ရှေ့မှာ ဖြစ်နေတာကိုး။

'ဒါပေမဲ့ အံ့သြစရာကောင်းတာက မက်ံစီ ထောင်ကလွတ်လာတာကို အိမ်ထဲ

www.burmeseclassic.com

မှာ ဘိန်းမှိန်းနေတဲ့ ကိုဝေးလွင့်က မသိသေးဘူး။ ကိုဝေးလွင့်ရဲ့ အခုလက်ရှိ ပေါင်းနေတဲ့ မိန်းမကလည်း မသိသေးဘူး။ ပြောရဦးမယ်။ အဲဒီ ကိုဝေးလွင့် ရဲ့ မိန်းမဆိုတာ ဘယ်ကမှန်း ဘယ်သူမှ မသိကြဘူး။ ကိုဝေးလွင့် ကိုယ်တိုင်တောင် သိရဲ့လားဆိုတာ သိပ်တော့ မသေချာလှဘူးလေ။

အဲဒီမှာ မကံ့စီ သူ့အိမ်ပေါ်တက်သွားတော့ ကိုဝေးလွင့်ကို ကျန်းကျန်းမာမာကြီးတွေ့တော့ စိတ်တော်တော် ချမ်းသာသွားတယ်။ ဘိန်းနာလေးလို ခပ်မှိန်းမှန်းလေးတွေ့ရတာကိုက အကောင်မပျက်အထည်မပျက်၊ နဂိုရည်မပျက်မယွင်း ပြန်တွေ့ရလေတယ်လို့ စိတ်ထဲအောက်မေ့သကိုး။ ကိုဝေးလွင့်ကတော့ မကံ့စီကို မြင်တော့ အံ့တော့ အံ့သြသွားပေမဲ့ သိပ်တော့ ထူးမအံ့သြတော့ပါဘူးဆိုတဲ့ ပုံစံမျိုးနဲ့ 'ထောင်ကလွတ်တာမြန်သားပဲ' လို့ ပြောတယ်။ မကံ့စီက အင်းတစ်ချက်ပဲပြောပြီး ထမင်းလေးဘာလေးချက်ဖို့ မီးဖိုထဲ ဝင်တော့ စားစရာက အဆင်သင့်ရှိနေတော့ အံ့အံ့သြသြဖြစ်ခဲ့တာအမှန်ပဲ။ ဒါ ကိုဝေးလွင့် ဆက်ရာ မဟုတ်တာတော့ သေချာတယ်။ ဒါပေမဲ့ အဲဒါက အရေးမကြီးဘူး။ ဗိုက်ဆာရင် ရှိတာစားလိုက်တာဟာ အကောင်းဆုံးပဲ မဟုတ်ဘူး။ ဒါနဲ့ မကံ့စီ ရှိတာ ခပ်စားတယ်။

ထမင်းစားပြီးလို့ အေးအေးဆေးဆေးမလို့ကြံတုန်း ဟိုအမျိုးသမီးက အိမ်ထဲဝင်လာတာပဲ။ မကံ့စီက သူ့မသိတော့ ခပ်အေးအေးပဲ ကြည့်နေတာပဲ။ အဲဒါကို ပရိသတ်က စိတ်ဝင်စားတာ။ အပြင်ဘက်က နေဆိုတော့ တိုက်ရိုက်ထုတ်လွှင့်တာ မမြင်ရပေမဲ့ အသံဗလံကို နားစွင့်နေကြတာ။ ဒါပေမဲ့ အဲဒီအမျိုးသမီးကလည်း မကံ့စီကို မြင်ပေမဲ့ ခပ်တည်တည်ပဲ။ ပြီးတော့ ခပ်အေးအေးပဲ မေးလိုက်သေးတယ်။

'မကံ့စီ ဆိုတာလား၊ ထောင်က လွတ်တာမြန်သားပဲ'

မကံ့စီကတော့ အဲဒီ 'ထောင်ကလွတ်တာ မြန်သားပဲ' ဆိုတဲ့စကားကို မကြိုက်တာကလွဲလို့ ဘာပြဿနာမှ မရှိပါဘူး။ 'အေး ဟုတ်တယ်' လို့ပဲ ဖြေလိုက်တယ်။ အဲဒီအမျိုးသမီးက သူ့ဘာသာ အခန်းထဲဝင်၊ ထည့်စရာလေးထည့်၊ အိတ်ကလေးဆွဲပြီး ပြန်ထွက်သွားတယ်။ ဘယ်သူ့မှတောင် နှုတ်ဆက်မသွားဘူး။ ကိုဝေးလွင့်ကလည်း တစ်ခွန်းမှ စကားဟဟ တောင် မပြောလေဘူး။ မကံ့စီက 'သူက ဘယ်သူတုံး' မေးတော့ 'ညည်း ထောင်ကျနေတုန်း အိမ်ပေါ် ခဏ ခေါ်ထားတာ' လို့ ပြန်ဖြေတယ်။ မကံ့စီက 'သြော်' လို့ပဲ ဖြေပြီး သူ စဉ်းစားစရာရှိတာ စဉ်းစားနေတာပဲ။

မကံ့စီ စဉ်းစားတာက ကိုဝေးလွင့် ဘိန်းဖိုးရယ်၊ သူတို့ နေ့စဉ် ထမင်းစားဖို့ရယ် ဘာလုပ်ရ ကောင်းမလဲ ဆိုတာပဲ။ အရင်လို ပြန်ခိုးမလား၊ ဖြစ်ပါ့မလား။ ခိုးရင် ထောင်ကျတယ်ဆိုတာ မကံ့စီ ခုမှ သိတာ။ ခိုးရင် ပိုင်ရှင် မသိအောင် ခိုးရတယ်ဆိုတာ ကလွဲပြီး ဘာမှသိပ်သိတာ မဟုတ်ဘူး။ ပစ္စည်းပိုင်ရှင် မသိရင် အားလုံးအဆင်ပြေသွားပြီလို့ပဲ ထင်ခဲ့မိတာ။ တကယ့်ကို ဘုရားစူးရစေရဲ့။ ရပ်ကွက်ထဲကလူတွေ ထောင်ကျတယ်ဆိုတာက ယောက္ခမအိမ် သွားလည်တယ်ဆိုတာမျိုးလောက် ခပ်ပေါ့ပေါ့ တွေးထားခဲ့မိတာ။ အခု ကိုယ်တွေကြုံမှ အဲဒီ ထောင်ဆိုတာထဲ မကံ့စီ နောက်တစ်ခေါက် ပြန်မသွားချင်တာတော့အမှန်ပဲ။

ဒါနဲ့ ကိုဝေးလွင့်ဘက်လှမ်းကြည့်ပြီး 'ကိုဝေးလွင့်··· ကျုပ်ထောင်ထဲနေတုန်း ဟိုမိန်းမက ရှင့်ကို ဘာလုပ်ကျွေးတုံး' လို့မေးတယ်။

'ဈေးရောင်းတယ် ပြောတာပဲ'

'ဟောတော့···ကျုပ်ကလည်း ဈေးမရောင်းတတ်ဘူး။ အခု အဲဒီ မိန်းမ ဘယ်သွားတာတုံး'

'မင်းပြန်ရောက်တော့ သူလည်း ဒီမှာနေလို့ မဖြစ်တော့ သွားစရာရှိတာ သွားပြီပေါ့'

'ရှင့်မလည်း ခေါ်ထားလိုက်တာ မဟုတ်ဘူး' ဆိုတော့ ကိုဝေးလွင့်မှာ ဘာပြောလို့ပြောရမှန်းမသိဘူး။

မကံ့စီကလည်း တကယ်ပြောနေတာ။ သူ့ဘာလုပ်လို့လုပ်ရမှန်းမသိဘူးဖြစ်နေတာ။ အဲဒါနဲ့ ကြံရာမရလို့ ရသမျှအကြံ လိုချင်နေရှာတာ။ တစ်သက်လုံး ခိုးလာတာ ခုမှ မခိုးဘဲ ရိုးရိုးလုပ်ကိုင်စားမယ်ဆိုတာ တကယ်ကို မျောက်သစ်ကိုင်းလွတ်ပဲ။ ဒါနဲ့ မကံ့စီ ငြိမ်ငြိမ် မနေနိုင်ရှာဘူး။ မနက်ဖြန်အတွက် ဆန်အိုးထဲ ဆန်ရှိချင် ရှိနေနိုင်ပေမဲ့ သန်ဘက်ခါ မသေချာဘူး။ သန်ဘက်ခါအတွက် ဆန် မနက်ဖြန် ရှာမှ ရမယ်။ ဆန်ထက် ကိုဝေးလွင့် ဘိန်းဖိုးကလည်း ရှိသေးတယ်။ တစ်ခုခု ထိုင်စဉ်းစားတာထက် ရပ်ကွက်ထဲ လှည့်မေးလိုက်တာက ပိုသေချာနိုင်တော့ ရပ်ကွက်ထဲ လှည့်မေးတယ်။

ရိုးရိုးသားသား လုပ်ကိုင်စားသောက်လို့ ရနိုင်တဲ့ အလုပ် ဘာအလုပ်များ ရှိပါသလဲပေါ့။ ခက်ပြီ။ ရိုးရိုးသားသားဆိုတာ လုံးသလား၊ ပြားသလား မသိရှာတဲ့ ရပ်ကွက်မှာ မကံ့စီ တကယ့်ကို ရှာလည်တာပဲ။ မကံ့စီကလည်း ဒါမှဒါဆိုတော့ကာ သူ့ရဲ့ ရိုးရိုးသားသား သမ္မာအာဇီဝ ထမင်းဖိုး၊ ဘိန်းဖိုး အလုပ်ရှာပုံတော်ကို ဇွဲကောင်းကောင်းနဲ့ ခြေစကြာဖွင့်ရှာတယ်။ မကံ့စီက လုပ်လိုက်မှ အဆန်းချည်းပဲဆိုတာကိုး။ ရပ်ကွက်ထဲမှာ လင်ကိုဘုရား၊ သားကိုသခင် တရိုတသေရှိတာလည်း သူ ပထမဆုံးပဲ။ ဒီရပ်ကွက်မှာနေပြီး ရိုးရိုးသားသားလုပ်ကိုင်စားသောက်ချင်ပါတယ်ပြောတာလည်း သူ ပထမဆုံးပဲ။ ဒါပေမဲ့ 'ဆန္ဒဝတော ကိံနှာမ ကမ္မံ နသိဇ္ဈတိ' လေ။ ဆန္ဒရှိရင် အကုန်ဖြစ်တယ်လို့ ဘုရားဟော အရှိသားဟာ။ မကံ့စီ အလုပ်ရတယ်။ ပန်းရန် အလုပ်ထဲဝင်တယ်။ အုတ်သယ်တယ်။ အုတ်ကား နောက်လိုက်တယ်။ သဲကား

www.burmeseclassic.com

www.burmeseclassic.com

နောက်လိုက်တယ်။

မကံစီ ဒီအားတွေ ဘယ်က ရတာတုံး။ ဘယ်က အတွေ့အကြုံတွေ ရှိလို့တုံး။ ခက်ပါ့။ ဒီအလုပ်တွေမျိုး ထောင်ထဲနေတုန်းက မနားမနေလုပ်ရပါ့။ အခု ကိုယ့်လုပ်အားနဲ့ လုပ်လို့ရတဲ့ ငွေ၊ အပူအပင်ကင်းကင်းနဲ့ ထမင်းယပ်ခတ်စားရတာမျိုး မကံစီ ခုမှ ခံစား၊ စံစားဖူးတာ။ မွေးကတည်းက ပြောပါတော့။ ဒုစရိုက်ကို အတို့အမြုပ်လုပ်ပြီး စားလာခဲ့ရတာ ထောင်ကျမှ အရိုးဆိုတာ လည်ချောင်းထဲ ကန့်လန့်ဝင်စူးတတ်မှန်းသိတာလေ။ အခု မကံစီ ကောင်းတာပဲလုပ်တယ်။ ဆွမ်းတော်တင်တယ်၊ ရေချမ်းကပ်တယ်။ ပန်းတွေဘာတွေလည်း ဝယ်တယ်။ ရပ်ကွက်ကတော့ မကံစီကိုကြည့်ပြီး သူတို့များ မိုးကြိုးပစ်လေတော့မလား ရင်တထိတ်ထိတ်နဲ့။

ကောင်းတာလုပ်တော့ ကောင်းတာဖြစ်တာပဲ။ တကယ်ပြောတာ။ ကိုဝေးလွင့် ဘိန်းဖြတ်သတဲ့။ ရပ်ကွက်တော့ လောင်မီးများ တောင်ကျမလား မပြောတတ်ဘူး။ ခမျာ မနည်းတော့ ကြိုးစားဖြတ်ရရှာတာပါ။ ဘယ့်နှယ် မယားလုပ်သူက သူ့ခွန်သူ့အားနဲ့ ကျုံးရုန်းလုပ်နေချိန်မှာ သူက အိမ်မှာ ဘိန်းမှိန်းနေလို့ မဖြစ်တော့ဘူးလေ။ ယောကျ်ားပဲဟာ၊ ပြတ်ပြတ်သား သားလုပ်ရင်ရတာပဲ။ ဘာလို့ မဖြစ်ရမှာတုံး။ ဒီလိုနဲ့ ကိုဝေးလွင့် ဘိန်းကလေး ကြိုးစားဖြတ်လိုက်တာ ထူထူထောင်ထောင်ဖြစ်ပြီး များ

ပွဲကြီး
ပွဲကောင်းတော့
တွေ့ကြပြီပေါ့
အိမ်ကြီးပေါ်
အိမ်ကလေး
ဆင့်ချင်တဲ့
ကိုဝေးလွင့်ပဲ
အိမ်ပေါ်က
နှင်ချခံရလေမလား
သူများလင်ကို
ကြောင်တောင်
နိုက်ချင်ပြီး
အိမ်ကြီးရှင်
ဝင်လုပ်နေတဲ့
ဟိုအမျိုးသမီးပဲ
မကံစီလက်စာ
မိလေတော့မလား
တွေးကြည့်လေ
စိတ်ဝင်စားစရာ‐
ကောင်းလေပဲ

မကြာမီ မကံစီ ကိုယ်ဝန် ရှိတာပဲ။

အစကတော့ ဘယ်သတိ ပြုမိကြမှာတုံး။ မကံစီက နေလို့ထိုင်လို့ မအီမသာဖြစ်တယ်။ မူးတယ်မော်တယ်။ ဗိုက်ကတော့ ကနဦးဗိုက်မို့ မသိသာသေးပေမဲ့ သိသာစပြုလာတော့ မကံစီရော၊ ကိုဝေးလွင့်ရော နားဝေတိမ်တောင်ဖြစ်လာကြတယ်။ ရပ်ကွက်ကတော့ ထုံးစံအတိုင်း အကုန်သိနေတာပဲ။

"ဟဲ့… ကံစီ နင် ကိုယ်ဝန်ရှိနေပြီ၊ အလေးအပင်တွေ မ,မနဲ့တော့" ဆိုတော့ မကံစီ ပိုလို့ နားဝေတိမ်တောင်ဖြစ်တယ်။ သံသယရှိတယ်။ ကိုယ့်နား ကိုယ် မယုံနိုင်အောင်ရှိတယ်။ ကိုဝေးလွင့် ပြောပြတော့ သူက "အေး ငါလည်းသံသယရှိတယ်။ သေချာအောင် ဆေးခန်းပြကြစို့" ဆိုတော့ မကံစီခမျာ ထောင်ထဲသွားရတဲ့ အတွေ့အကြုံထက် ပိုရင်မောရသကိုး။ ဘဝတစ်လျှောက်လုံးမှာ ဆေးခန်းပြရတယ် ဆိုတာ ဒါ ပထမဆုံးဖြစ်မှာလေ။ ဆရာဝန်က ဘာတွေ မေးမှာပါလိမ့်။ ဆရာဝန်က ဘာတွေ လုပ်မှာပါလိမ့်။ ခက် ပါဘိ။

ဒါနဲ့ လင်မယားနှစ်ယောက် ဆေးခန်းသွားပြကြတော့ ဆေးခန်းက လာပြတဲ့ လူနာ လေးငါးခြောက်ယောက်လောက် ရှိတာ။ ဒီအရပ်မှာ ဒီဆေးခန်းက ဒီလောက် ရှိမှာပေါ့။ သေကောင်ပေါင်းလဲမှ ဆေးခန်းကို လာချင်ကြတဲ့သူတွေလေ။ ဆရာဝန်က အမျိုးသမီးလေ။ ဆရာဝန်လည်းသူ၊ ဆေးပေးတာလည်းသူ၊ ပိုက်ဆံယူတာလည်းသူ၊ ဆေးခန်း အဖွင့်အပိတ်လုပ်တာလည်း သူပဲလေ။ ဆရာဝန်မက လူနာတစ်ယောက်ကြည့်ပြီးလို့ အပြင်ထွက်လာတော့ မကံစီတို့လင်မယား ဆေးခန်းဝမှာ ရပ်နေတာကိုမြင်တယ်။

"မကံစီ ဆေးခန်းကို လာလည်တာလား" လို့ နောက်တော့ မကံစီက ခပ်ရှက်ရှက်နဲ့ "ကျုပ်ကိုယ်ဝန်ရှိမရှိ သိချင်လို့" ဆိုပြီး ဖြေတယ်။ အစကတော့ ဆရာဝန်မက ကြောင်သွားတယ်။ ပြီးမှ မကံစီရဲ့ ထွက်တပြူ ဗိုက်ကိုကြည့်ပြီး ရယ်တော့ ဆေးခန်းရှိသမျှ လူနာရော နားစွန်နားဖျားကြားတဲ့ လမ်းက လူတွေရော ရယ်လိုက်ကြတာမှ အုန်းအုန်းကို ထ,လို့။

"အံမယ်လေး မကံစီ၊ တော် ကိုယ်ဝန်ရှိမှန်း တစ်ရပ်ကွက်လုံး သိတယ်။ တော်ပဲ မသိသေးတာ။ လာ… လာ… ကိုယ်ဝန်ရှိ၊ မရှိ စမ်းမပေးတော့ဘူး။ တော့်ကျန်းမာရေး အခြေအနေပဲ စမ်းပေးတော့မယ်"

အဲဒီမှာ မကံစီ ပျော်တာပဲ။ မကံစီ ကိုယ်ဝန်ရှိတာ သေချာပြီ။ ဆရာဝန်မထက် သေချာအောင် ပြောနိုင်တာ ဘယ်သူရှိမှာတုံး။ ကိုဝေးလွင့်ကလည်းပျော်လို့။ ပျော်လွန်းလို့ ကိုဝေးလွင့်က "ကံစီ ငါအလုပ်လုပ်မယ်။ မင်း မလုပ်နဲ့တော့" လို့ ပြောတယ်။

"ရှင်က ဘာလုပ်မှာတုံး"

"ငါ လက်သမားလုပ်တတ်ပါတယ်ဟာ" လို့ ခပ်ခွေးခွေးပြောတယ်။

"ကျွန်မလည်း လုပ်ရင်နှစ်ယောက်စာရတာပေါ့"

"ဆရာဝန်မက မှာလိုက်တယ်။ မင်းကို အုတ်တွေသဲတွေ မသယ်ခိုင်းနဲ့တော့တဲ့။ ပထမဆုံးကိုယ်ဝန် ဂရုစိုက်ရမယ်တဲ့"

ပြောရရင်တော့ ဒီအချိန်တွေက မကံစီ ထိုင်ရမလို့ ထရမလိုဖြစ်နေရတဲ့ အချိန်တွေပါပဲ။ ဘဝတစ်လျှောက်လုံးမှာ မေတ္တာထားပြီး ပ,စားအပေးခံရတယ်ဆိုတာ ဒါ ပထမဆုံးမဟုတ်လား။ မကံစီ အိမ်ကလေးမှာ အဖေနဲ့ အမေနဲ့၊ အစ်ကိုအစ်မမောင်တွေ၊ ညီမတွေ၊ တူတွေတူမတွေနဲ့ ဝင်ထွက်သွားခဲ့ကြတာ ဒါ ပထမဆုံးပဲ။ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ဝန်။ ပျော်စရာကောင်းလှတဲ့ ကိုယ်ဝန်။ ကျေနပ်စရာ၊ ကြည်နူးစရာ၊ အားရဝမ်းသာစရာ။ ဒါပေမဲ့ အားရစရာမကောင်းတာက ငွေပဲ။ ကိုဝေးလွင့် လက်သမား လုပ်ပေမဲ့ နေဖို့စားဖို့တော့ အဆင်ပြေပါရဲ့။

'ကံစီ နင်ငွေလေး ဘာလေး သေချာစုထားနော်၊ နင့်အပျိုဗိုက်က အသက် နည်းနည်းကြီးမှ ရတာဆိုတော့ ရပ်ကွက်ထဲနဲ့ ရချင်မှရမှာ၊ ဆေးရုံတက်မွေးချင်မွေးရမှာ။ ဆေးရုံတက်ရင် လွယ်တာမဟုတ်ဘူး။ လက်ထဲ နှစ်သိန်း၊ သုံးသိန်းမှ မရှိရင် အဆင်မပြေဘူးရယ်'

အဲဒီလို သတိလာလာပေးကြတာက တစ်ယောက်မက,တော့ဘူး။ မကံစီ စိတ်ညစ်တယ်။ ကိုဝေးလွင့်ကိုလည်း ဖွင့်မပြောချင်ဘူး။ အုတ်ကလေး၊ သဲကလေး သွားသယ်ရအောင်လည်း နှစ်သိန်း၊ သုံးသိန်းကလည်း ရမှာမဟုတ်ဘူး။ စက်ဘီး ခိုးမယ်။ စက်ဘီး ဆယ့်လေးငါးစီး၊ အစီးနှစ်ဆယ်လောက် ခိုးရင်တော့ ငွေနှစ်သိန်း၊ သုံးသိန်းတော့ ရကောင်းပါရဲ့။ ခက်တာက ပေါ့ပေါ့ပါးပါး ချွတ်ဖျတ်လတ်လတ်နဲ့တောင် ထောင်ထဲ ရောက်သွားခဲ့ရသေးတာ။ ဒီလိုဗိုက်ကြီး တကားကား မပေါ့မပါးနဲ့ဆို မြန်မြန်ပြီး ထောင်ထဲ ကလေးသွားမွေးရတော့မှာ အသေအချာ။

ငွေနှစ်သိန်း၊ သုံးသိန်း ခိုးခိုးသားသားရှာရင် ဆင်းရဲသူ ဆင်းရဲသားတွေအတွက် နင်နင့်ပိုးပိုးနိုင်လှတဲ့ ငွေပမာဏ။ ဒီလိုမှန်းသိ ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ရအောင် ယူခဲ့ပါရဲ့။ ရပ်ကွက်ထဲမှာ ဆေးရုံတက်မွေးရတဲ့ ကလေးရယ်လို့ တစ်ခါမှ မကြားဖူးပေါင်။ ဒါပေမဲ့ ပျံတဲ့ ငှက်မှန်အောင်ပစ်သလို ကံတရားက ထိချက်မှန်အောင်ပစ်နိုင်ရင်တော့ တစ်ခုခုတော့ ဖြစ်လာမှာ အမှန်ပဲ။ ဘာတွေဖြစ်နိုင်ပါ့။

လိပ်ပြာများ လိုက်ဖမ်းတော့ ပြေးသတဲ့။ ထိုင်နေရင်ပခုံးပေါ် လာနားတယ်ဆိုသလို မကံစီဆီ ခွင်တစ်ခုအလိုလိုဝင်လာတယ်။ အဲဒါ မကံစီ မမွေးခင် တစ်ပတ်နှစ်ပတ်လောက်အလိုပေါ့။ မကံစီတို့အိမ် မြောက်ဘက်မှာ လမ်းထောင့်ကျတဲ့ နှစ်ထပ်အိမ်တစ်အိမ်ရှိတယ်။ အဲဒီအိမ်က အိမ်တော့ကောင်းကောင်းဆောက်ထားပေမဲ့ လူ တစ်ခါတစ်ရံလောက်ပဲလာတယ်။ လာလည်း ခဏပဲ။ ငွေရှိလို့ ဝယ်ထားတဲ့ သဘောပဲ။ စရိုက်နည်းနည်းကြမ်းတဲ့ ရပ်ကွက်မို့ မနေချင်သေးတဲ့ သဘောလည်းဖြစ်မယ်။ ကြာလာလို့ သူစိမ်းတွေ ဝင်ပါများလာရင် ရပ်ကွက်ငြိမ်သွားလောက်တယ်လို့တွေးပြီး စောင့်နေကြတာလည်းဖြစ်မှာပေါ့။

အခု အဲဒီအိမ်ကို လာငှားနေကြတာ။ မကံစီနဲ့ အိမ်နီးနားချင်းဆိုတော့သိမှာပဲအထင်နဲ့လာကြတာ။ ဆက်စပ်ပေးဖို့ သဘောပေါ့။ ခက်တာက မကံစီလည်း အဲဒီအိမ်ရှင်တွေ ဘယ်သူဆိုတာ ဘယ်တုန်းကမှ မသိခဲ့ဘူး။ အိမ်နီးနားချင်း မပြောနဲ့ မိသားစုတောင် သူ့အိမ်၊ ကိုယ့်အိမ် ဝင်ထွက်သွားလာမှုနည်းခဲ့တဲ့ မကံစီပဲလေ။

ဒါပေမဲ့ အဲဒီအချိန်မှာ မကံစီပါးစပ်က 'ဟုတ်ကဲ့ရှင့် ဘယ်လိုများငှားဖို့ စိတ်ကူးထားပါသလဲ။ ကျွန်မတို့က နှစ်အိမ့်တစ်အိမ်နေကြတာပါ။ အမျိုးမကင်းဘူးလေ' ဆိုတဲ့ စကား ဘယ်လိုတွေ ပြောထွက်နေမှန်းမသိဘူး။ တစ်သက်လုံးက ခါးလှတဲ့ နားတောင် အဝင်ခက်အောင် ပြောတတ်တဲ့ မကံစီပါးစပ်က ဒီလောက်ချိုတဲ့စကားတွေ ပြောထွက်နေတာများ အိမ်ငှားနဲ့လိုက်လာပြီး မိတ်ဆက်ပေးတဲ့ ရပ်ကွက်ထဲက လူတောင် ပါးစပ်အဟောင်းသားနဲ့။ မှန်တာပြောရရင် သူတောင် တစ်ရပ်ကွက်တည်းနေပြီး မကံစီနဲ့ ခုငှားမယ့်အိမ်ရှင်တွေနဲ့ အမျိုးဖြစ်မှန်း ဒီနေ့မှ သိရတာ တော်တော်အ,တယ်လို့တောင် ထင်မိသွားရှာတာ။ မကံစီကလည်း ပြောလိုက်တာ ရွှန်းရွှန်းကိုဝေလို့။ နောက်ဆုံးတော့ ပေလေးဆယ်၊ ခြောက်ဆယ် နှစ်ထပ်အိမ်ရေမီးအစုံကို တစ်လ ငါးသောင်းနဲ့ တစ်နှစ်စာ ခြောက်သိန်း။ စရန်ငွေ သုံးသိန်း ချက်ချင်းချပေးသွား။ စာချုပ်ကို ချုပ်မသွားဘူး။ ပိုက်ဆံအကျေပေးမယ့် လကုန်မှ စာချုပ်ချုပ်ပါ့မယ်။ မကံစီကို ယုံပါတယ်တဲ့။ ဟုတ်ပါတယ်။ တစ်ရပ်ကွက်လုံးကလည်း မကံစီကို ယုံနေကြပြီလေ။ မကံစီကလည်း သူ့ကိုယ်သူ ယုံနေချိန်ကျမှ သေခြင်းတရားနဲ့ မွေးဖွားခြင်းနှစ်ခုစလုံးအတွက် သူ့မှာ တာဝန်လုံးလုံး ကျလာနေခဲ့ပြီကိုး။

ဒီလိုနဲ့ လကလည်း ကုန်တော့မှာ။ အိမ်ငှားတွေ ငွေအကျေလာချေဖို့ရက်ကလည်းနီးလာပြီ။ အိမ်ရှင်ကလည်း အရိပ်အယောင်တောင် လာမပြဘူး။ အဲဒါက အသာထား။ လမကုန်ခင် ကလေးမွေးချင်တယ်။ အိမ်ငှားတွေ ငွေမချေခင် ကလေးမွေးချင်တယ်။ ဖြစ်နိုင်ရင် ခပ်မြန်မြန်ပဲ ညှစ်ထုတ်လို့ရရင် ညှစ်ထုတ်လိုက်ချင်တယ်။ ခွဲထုတ်လို့ရရင် ခွဲထုတ်လိုက်ချင်တယ်။ ငွေသုံးသိန်း လက်ထဲရောက်နေတုန်း ကလေးမွေးချင်တယ်။ ကလေးအပြင်ရောက်ပြီးမှ ထောင်ထဲရောက်ရင်ရောက်ပါစေတော့။ ကလေးကို ကိုဝေးလွင့် မွေးနိုင်တယ်။ ဒါမှမဟုတ် ဟိုမိန်းမ ပြန်လာချင်လည်း လာပါစေပေါ့။ အဲဒီမိန်းမပုံစံက သဘောကောင်းမှာပါ။ ကလေးကို ကောင်းကောင်းထိန်းမှာပါ။

မကံစီလက်က ချွေးစေးတွေပြန်လို့။ ခေါင်းက ချွေးစေးတွေပြန်။ ဂနာမငြိမ်။ ကိုဝေးလွင့်က 'မကံစီ မင်းဘာဖြစ်တာလဲ' မေးတော့ 'ဒီလိုပါပဲ ကလေးမွေးရမှာမို့ နေမှာပါ' လို့ ဖြေလိုက်တာ။ ကိုဝေးလွင့်က မကံစီနဲ့ အိမ်ငှားကိစ္စ သိတာ မဟုတ်ဘူး။ မကံစီလက်ထဲ ငွေသုံးသိန်း ရှိနေတာလည်း သိတာ မဟုတ်ဘူး။ မကံစီ ချွေးပြန်တာပဲ သတိထားမိတာ။ ဒီလိုနဲ့ သူလည်း အေးအေးပါပဲ။

နေ့စဉ်ရက်ဆက် မအေးနိုင်တာက မကံစီ။ ရက်တွေက မြန်တယ်။ လက ကုန်ဖို့ တစ်ရက်ပဲလိုတော့တာ၊

www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် လကုန်။ 'ဒါဆို သေချာပြီ တစ်ရက်၊ နှစ်ရက်အတွင်း အိမ်ငှားတွေ လာတော့မှာ။ သူတို့ပေးထားတဲ့ ငွေ ပြန်ပေးလိုက်ရင် ပြဿနာက ဘာမှမဖြစ်ဘူး။ အိမ်ရှင်က မငှားချင်တော့ဘူး ပြောလိုက်ရုံပဲ။ ဒါပေမဲ့ ကလေးဘာနဲ့မွေးရမတုံး။ ဒီလောက်ရင့်လှတဲ့ဗိုက်က ဘာလို့မမှည့်နိုင်ရတာတုံး။ ပေါက်ကွဲသွားပါစေ မွေးပေါ့။

မက်စီ သူ့ဗိုက်သူ အလိုမကျနေတုန်းမှာ ညသန်းခေါင်ကျော်လောက် ဗိုက်နာလာတာပဲ။ နာနာနဲ့ပဲ မက်စီဝမ်းတွေသာလို့။ အဆင်သင့်ပါပေရဲ့။ ရပ်ကွက်အရပ်သည် လာတယ်။ ကြိုးစားကြည့်တယ်။ အဆင်မပြေဘူး။ ကံကောင်းတာက ဆေးရုံကို သွားခိုင်းတယ်။ ဆေးရုံသွား၊ မက်စီ သတိမလစ်ဘူး။ ကားခကို သူပေးတယ်။ ဆေးရုံထဲမှာ လိုတဲ့ စရိတ်သူပဲ ထုတ်ပေးတယ်။ ဘာလိုလိုပေးတာပဲ။ ဆရာဝန်က လိုတယ်ပြော ပေးတာပဲ။ သူနာပြုက လိုတယ်ပြော ပေးတာပဲ။ ဆေးရုံဝန်ထမ်း၊ သန့်ရှင်းရေး၊ ဆေးဆိုင်က လိုတယ်ပြောသမျှ ပေးတာပဲ။ နောက်ဆုံး ဒီတိုင်းမွေးမရလို့ ခွဲမွေးရတော့ ဗိုက်ပေါ် ကျန်သမျှငွေလေးတင် ခွဲလိုက်တာ ကလေးက ရှောရှောရှူရှူထွက်လာတော့တာပဲ။ အဆင်ကိုပြေလို့။

ဘာမှမဖြစ်တော့ဘူး။ ကလေးရော၊ လူကြီးရော အားလုံးအဆင်ပြေပြီ။ အဖေလည်းပျော်၊ အမေလည်းပျော်၊ ကိုဝေးလွင့်လည်းပျော်၊

> ရပ်ကွက်
> သတင်းထောက်
> များက
> မက်စီအိမ်
> ဘေးပတ်လည်မှာ
> ကြိုရောက်
> နေကြပြီ
> ဩော်. . .
> မက်စီ
> ထောင်က
> လွတ်တာကို
> စိတ်ဝင်စား
> သူတွေက
> ထောင်ရှေ့မှာ
> မဟုတ်ဘဲ
> မက်စီအိမ်ရှေ့မှာ
> ဖြစ်နေတာကိုး

ဆွေတွေမျိုးတွေလည်းပျော်၊ ရပ်ကွက်သူရပ်ကွက်သားတွေလည်းပျော်လို့။ ဘာကြောင့်ဆို ကလေးက ယောကျ်ားလေး။ ပြီးတော့ မက်စီလို ရုပ်မဆိုး၊ ကိုဝေးလွင့်လို ရှုံ့နာရှိုက်ကုန်းပုံစံမျိုးမဟုတ်ဘဲ ဝဝတုတ်တုတ် ခဲ့ခဲ့သန့်သန့်တဲ့။

အဲဒီလို အားလုံးပျော်နေချိန်မှာမှ လကုန်ပြီး လဆန်း ၁ ရက်နေ့ နေ့လယ်လောက်မှာ အိမ်ငှားနဲ့ ရဲတွေ ဆေးရုံရောက်လာကြတာပါပဲ။ ဆေးရုံထဲရှိကြတဲ့ ဝန်ထမ်းတွေ၊ လူနာတွေလည်း ပြူးပြူးပျာပျာဖြစ်လို့။ ခုလို မွေးကြဖွားကြ ဝမ်းသာကြနဲ့ မင်္ဂလာယူနေချိန်မှာ ရဲရောက်လာတယ်ဆိုတာ အမင်္ဂလာပဲကိုး။ မက်စီကတော့ သိပြီးသားပဲကိုး။ စောစောပဲ လက်မြှောက်ထားပြီးသားပါ။ သွေးနုသားနုဖြစ်လည်း မက်စီ စိတ်မနုတော့ဘူး။ ထောင်ထဲကို နောက်တစ်ခေါက် ပြန်ဝင်ဖို့ အဆင်သင့် ပြင်ထားပြီးမှ ဆေးရုံပေါ် တက်လာခဲ့တဲ့ ဥစ္စာ။

သူတို့မျက်နှာကို လှမ်းကြည့်လိုက်တယ်။ မက်စီ လိမ်ထားသမျှ သူတို့သိထားပြီးပြီဆိုတဲ့ သဘောပဲ။ ပြီးတော့ အိမ်ပိုင်ရှင်တောင်ပါလာလိုက်သေး။ ဒါပေမဲ့ ကလေးရယ်၊ မက်စီရယ်ကို ကြည့်ပြီး သူတို့ ဘာပြောရမှန်း မသိကြသေးဘူး။ ရဲကတော့ သူတို့ထုံးစံအရ မက်စီကို လက်ထိတ်ခတ်ဖို့ လုပ်တယ်။ အိမ်ငှားအမျိုးသမီးက မလုပ်ဖို့တားတော့ အထက်အရာရှိ ရဲက သူ့တပ်သားရဲကို တားတယ်။ မက်စီက သူ့သားလေးကိုကြည့်တယ်။ ကိုဝေးလွင့်က မက်စီကို ကြည့်တယ်။ သူ ဘာမှမသိပေမဲ့ နားတော့နားလည်နေသလိုပဲ။

'ကျွန်မ ယူထားသမျှ အကုန်ပြန်ဆပ်မှာပါ။ ကလေးက ခွဲမွေးရမယ်လို့ ပြောကြလို့ ငွေလိုနေလို့ပါ။ အခုလည်း တကယ်ခွဲမွေးရတော့ အဲဒီငွေလည်း တစ်ပြားမှ မကျန်တော့ပါဘူး။ ဒါပေမဲ့ ကျွန်မအလုပ်လုပ်ပြီး ပြန်ဆပ်မှာပါ။ အခု လည်း ထောင်ထဲ ပြန်သွားမှဖြစ်မယ်ဆိုလည်း သွားမှာပါ။ ကျွန်မကလေး လူ့လောက ရောက်သွားဖို့က အဓိကဆိုတော့ ခု သူလည်း အပြင်ရောက်လာပါပြီ။ ကလေးအဖေ သူ့ဘာသာ ကလေးကို ကြည့်စောင့်ရှောက်သွားပါလိမ့်မယ်။ ဖမ်းစရာရှိရင်တော့ ဖမ်းပါ'

ဒီလိုနဲ့ မက်စီက သူ့ကလေးကို ဝ,အောင်ကြည့်နေတယ်။ အိမ်ငှားအမျိုးသမီးက သက်ပြင်းချလိုက်တယ်။ ပြီးတော့ သူလည်း ကလေးကိုကြည့်တယ်။ ပြီးတော့ သူပြုံးတယ်။ မက်စီက ဒီလိုဖြူဖြူတုတ်တုတ် ကလေးတစ်ယောက်ကိုမွေးတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား ဆိုတဲ့ အပြုံးမျိုးထင်ပါရဲ့။ ပြီးတော့ သူ့ပိုက်ဆံအိတ်ကို ထုတ်လိုက်တယ်။ သူ့အိတ်ထဲက တစ်သောင်းတန် ငါးရွက်ထွက်လာပြီး မက်စီ လက်ထဲကို ထည့်တယ်။ အဲဒီမှာ အိမ်ရှင်အမျိုးသမီးကလည်း ဘာမပြောညာမပြော သူ့အိတ်ထဲ စမ်းကြည့်တယ်။ တစ်သောင်းတန် သုံးရွက်ထွက်လာတယ်။ အဲဒီမှာ အခြေအနေကို သဘောပေါက်မြန်တဲ့ ရဲအရာရှိကတောင် ငါးထောင်တန် နှစ်ရွက် ထွက်လာသေးတယ်။ နောက်ဆုံး မက်စီကို လက်ထိတ်ခတ်ဖို့ လုပ်လေတဲ့ ရဲသားလေးကတောင် တစ်ထောင်တန် တစ်ရွက်နဲ့ ငါးရာတန်နှစ်ရွက်တဲ့။ မက်စီတော့ ဘာမှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသားမှာ။ ကိုဝေးလွင့်တော့ မျက်ရည်တွေတောင်ကျလို့။ အခြား ဘာမှမသိကြတဲ့ လူနာတွေ၊ လူနာစောင့်တွေတောင် စက်ဆုပ်အံ့ဩရာကနေ ပြုံးကြလို့။ ■

**မောင်သစ်ဦး၊မြစ်ခြေ**

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com

မြစ်ကမ်းနဖူးကို
မေးတင်ထားသည့်
မြို့ကလေး၏
ကမ်းနားလမ်းတစ်တန်းလုံးကို
မင်းမူထားကြကုန်သော
ကဏန်း၊ ပုစွန်
အဝယ်ဒိုင်များကြားမှာ
မမရည်၏ 'မြအဏ္ဏဝါ' ကို
မသိသူ ခပ်ရှားရှားပင်။
'မြအဏ္ဏဝါ' ၏ ကေရီ၊
မမရည်တစ်ယောက်
ဘယ်လောက်တော်ကြောင်း၊
အလုပ်လုပ်ရာမှာ
အောက်သက်ကျေကာ
ဈေးစပ်သေချာကြောင်း၊
စီးပွားရေးမှာ
လာဘ်မြင်တတ်ကာ
ယောကျ်ားတွေပင်
အံ့သြရလောက်အောင်
စွန့်စားရဲပုံကြောင်းတွေကို
အမေ့ထံမှ တစ်ဆင့်
ကြိုတင်ကြားသိနေ
နှင့်ပြီးလည်း ဖြစ်သည်။
မမရည်သည်

ဒီမြို့ကလေး၏
မြို့သူစစ်စစ်တစ်ယောက်တော့
မဟုတ်ခဲ့ပါ။ မထင်မရှား
နယ်ကျေးရွာကလေးတစ်ခုမှာ
ကိုယ်တိုင်ဂဏန်းထောင်
ဖမ်းခဲ့ဖူးသည်။
ပြီး…ပုစွန်၊ ကဏန်း
အဝယ်ဒိုင် လက်ခွဲကလေး
ဖွင့်ပြန်ကာ မြို့ကလေးဆီ
နံနက်သွား၊ ညနေပြန်
ကူးချည်သန်းချည်
ပျားပန်းခပ်ခဲ့ရဖူးသေးသည်။
မမရည်တို့ ကြိုးစား
ခဲ့ရသလောက်
အချိန်ခဏအတွင်း
အရာထင်ခဲ့ပုံများကတော့
ကြားရသူတိုင်း
အံ့သြအားကျ
ယူကြရသည်။
အတက်အကျ
ကစားလွန်းလှသော
ကဏန်းဈေးကွက်မှာ
သူတကာတွေ
ခွက်ခွက်လန်မှ

# ဝင်္ကခွဲနဒီ

သတိုး



www.burmeseclassic.com

ww.burmeseclassic.com

အရှုံးကြီးရှုံးကာ အော်ညည်းနေကြချိန်မှာတောင် မမရည်ကတော့ အပြုံးမပျက် ပန်းပန်နိုင်ခဲ့သည်ချည်းပင်။

'သူများတွေ ဒီလောက်ရှုံးနေကြတာ။ ကျွန်မက ဘာမို့လဲ။ ကျွန်မလည်း ရှုံးတာပေါ့'

ပြုံးမြမြကလေး ဆိုတတ်သော်လည်း မမရည်၏ အရှုံးက မမှုလောက်စရာ ခပ်ပါးပါးမျှသာပင်။ နောက်တစ်ခေါက်မှာ မမရည်တို့ မြိုးမြိုးမြက်မြက်ကလေး ပွေ့ပိုက်နိုင်ပြန်ကာ အပြုံးပန်းပွင့်ဝေနေပြန်တော့ပြီ။ နောက်တော့ ကဏန်းက အမြဲတမ်းလက်မ ကားနေတယ်၊ ခဏခဏ လူကိုညှပ်တတ်တယ်ဆိုကာ ပုစွန်တစ်မျိုးတည်းကိုသာ အားပြုလုပ်ကိုင်ခဲ့တော့သည်။

တကယ်တမ်းမှာ မြို့ကလေးရှိ အဝယ်ဒိုင်များအားလုံးသည် ဈေးအတက်အကျငြိမ်သော၊ တွက်ဆခန့်မှန်းရလွယ်ကူသော ပုစွန်တစ်မျိုးတည်းကိုသာ ဇောက်ချလုပ်ကိုင်သော ပုစွန်အဝယ်ဒိုင် ဖွင့်လိုကြသူချည်းပင်။ ဒါပေမဲ့ ကဏန်းက အရင်းအနှီးနည်းနည်းနှင့် လုပ်ငန်းရှင်အမည်ခံလို့ရနေသည်။ နယ်လက်ခွဲဒိုင်ကလေးတွေဆီ ကြိုတင်ငွေချပေးရတာလည်း တာဝန်မကြီးလှ။ ချပေးထားသော ကြိုတင်ငွေသည် ရက်ပိုင်းအတွင်းကုန်အဖြစ် ပြန်ဝင်လာကာ မြန်ဆန်လွယ်ကူစွာ ငွေပြန်ပေါ်၏။ ပုစွန်ကတော့ အရင်းအနှီး ကြီးမားလွန်းလှသည်။ လက်ခွဲဒိုင်တွေကိုသာမက ပုစွန်ကန်လုပ်ငန်းရှင်တွေ

> မမရည်ကို
> အိမ်ထောင်
> ပျက်ခဲ့ဖူး
> သလိုလိုလည်း
> ဆိုကြပြန်သည်
> အိမ်ယာ
> တည်ထောင်
> လူတို့ဘောင်ကို
> စိတ်အနာကြီး
> နာနေသူ
> အဖြစ်လည်း
> ဇာတ်လမ်း
> ဖွဲ့ကြပြန်ပါသည်
> ဘယ်သူမှတော့
> တိတိပပ
> မသိကြပါပေ

ကိုပါ ကြိုတင်ငွေ ချပေးထားရတာဖြစ်သည်။ ထိုလုပ်ငန်းရှင်တို့သည် မိုးဦးမကျမီကပင် ကြိုတင်ငွေ ယူထားနှင့်ကြသည်။ တကယ်တမ်း ပုစွန်ကန် ဖော်မည့်အချိန်၊ ကိုယ့်ထံ ကုန်ရောက်မည့်အချိန်က နယုန်၊ ဝါဆို မိုးဖြိုင်ဖြိုင်ကျချိန်မှဖြစ်သည်။ ဒါပေမဲ့ ကိုယ်က ငွေကြို ချမပေးနိုင်လျှင် တခြားသူက ချပေးမှာပင်။ အချိန်တန်လျှင် ကိုယ့်ထံ ကုန်တက် မလာရုံရှိတာပင်။

ကိုယ်က ငွေကြိုပေးထားသူမို့ ကိုယ့်ထံ ကျိန်းသေပေါက် ကုန်ရောက်ရမည်ဟုလည်း အပိုင်တွက်ထားလို့ မဖြစ်ပြန်ပါ။ အချိန်တန်လျှင် ကိုယ့်ထံရောက်လာရမည်ဟု တမျှော်မျှော်၊ တစောင့်စောင့် ရှိနေစဉ်မှာ သူတို့တွေက လက်ငင်းငွေရသော တခြားသူထံမှာ ကုန်ပေးသွင်းသွားတာမျိုး လက်တစ်လုံးခြားခံလိုက်ရတာတွေလည်း ရှိသေးသည်။ တချို့ကတော့ ဘယ်လောက်ပင် သစ္စာရှိသော်လည်း သူတို့၏ ပုစွန်ကန်ကတာကျိုးအက်လို့၊ ရေလျှံလို့၊ လူစောင့်မရှိသောကြောင့် သူများခိုးဖမ်းတာ ခံလိုက်ရလို့ စသည်ဖြင့် အကြောင်းမညီညွတ်တတ်ပြန်ပါ။ တစ်ခါတစ်ရံ ယခုနှစ်အတွက် ပေးထားသောကြိုတင်ငွေမှာ နောက်တစ်နှစ်အထိ ကုန်ဝင်မလာ။ တချို့ ကြိုတင်ငွေဆုံးသည့်အပြင် မိတ်ပျက်ရတာတွေပင် ရှိသေးသည်။

မမရည်အတွက်တော့ အလုပ်မှာ တခြားသူတွေလောက် အဖိတ်အစဉ်၊ အတိမ်းအစောင်း မများလှဟုဆိုရမည်။ တောနယ်မှ ပုစွန်ကန် ပိုင်ရှင်များမှာ သူနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူအများစုဖြစ်သည်။ ကိုယ်တိုင်ပိုင်ဆိုင်သော ကန်တချို့မှာ သစ္စာရှိသော အလုပ်သမားတွေ ရှိနေသည်။ မမရည်ကလည်း ခြွေတတ်သူမို့ ခြံရံလိုသူ ပေါများလေသည်။ အိမ်က နှယ်ချိုတို့ အမေသည်ပင် မမရည်ဟုအသံကြားလျှင် ရောက်ရာနေရာမှ ပျာပျာသလဲ အသင့်ပြင်ပြီး ဖြစ်နေတတ်သည်လေ။

❑

တကယ်တမ်းမှာတော့ မမရည်တစ်ယောက် ဘယ်လောက်ပဲ လည်ဝယ်ထက်မြက်လှပါသည်ပြောပြော ကိုနေ၏မျက်ဝန်းတဝင့်၊ နှုတ်ခမ်းအလွန့်မှာ အလျှော့ပေး၊ အလိုလိုက်နေခဲ့ရသည်ချည်းပင်။

မမရည်တို့ မောင်နှမက အသက်အရွယ်ချင်းလည်း ကွာခြားလွန်းလှသည်မဟုတ်လား။ မမရည်သည် ခေတ်မီလှပစွာ ပြင်ဆင်ခြယ်သလျက် အမြဲတစေ ကြော့မော့လှပနေသည့်တိုင် သူမ၏အသက်ကိုတော့ လေးဆယ်အောက်ကို လျှော့ပေါ့ခန့်မှန်းလို့ မရနိုင်ပါ။ ကိုနေကတော့ ရှိလှမှ အသက်အစိတ်ထက်မပို။ မျက်ဝန်းနက်နက်ကလေးတွေ လက်ပနေကာ ယောကျ်ားတန်မဲ့ နီမြန်းနုထွေးနေသည့် နှုတ်ခမ်းများက ထာဝစဉ် ပြုံးရယ်နေတတ်သူမို့ မြင်သူတကာ နှစ်လိုချစ်ခင်စရာ။ ထာဝစဉ် ကြော့မော့သပ်ရပ်ကာ နုမျစ်စင်သန့်နေသူမို့ နှင်းဆီခိုင်ကလေးအဖြစ် သတင်းမွှေးလွှင့်လှပါသတဲ့။

'သူတို့နှစ်ယောက်ကြားမှာ မောင်နှမ ဘယ်နှယောက်ခြားလဲ။ အမေသီလား။ နှယ်ချို့မျက်စိထဲမှာတော့ တူဝရီး၊ သားအမိတွေလိုပဲ'

စိတ်ထဲရှိသည့်အတိုင်း လွှတ်ခနဲ ပြောလိုက်မိသော နှယ်ချိုအား အမေခများ အထိတ်တလန့် ဟန့်တား လျက် ကြိမ်းမောင်းဆူ မဆုံး။ ပြီး...မမရည်ကို မမရည်ဟုပဲခေါ်ရန် အထပ် ထပ် သင်ကြားသတိပေး ပြန်တော့သည်။ အမေကိုယ် တိုင်ကတော့ရည်ရည်တဲ့

ဘာပဲပြောပြော အ က မမရည်အပေါ် အလိုက်

www.burmeseclassic.com

> **ကိုနေကတော့ ချွေးတရွဲရွဲ အလုပ်သမားများထက် မိတ်ကပ်ပါးပါး၊ သနပ်ခါးမှုံမှုံနှင့် စာရင်းစာအုပ်ကလေး ပိုက်ကာ ကြော့ကြော့ရှရှကလေး လမ်းသလား ပြနေရသော နွယ်ချို့ကို ပိုလို့ဂရုစိုက် ဖော်ရလေသည်**

ကာ၊ အောက်သက်ကျေကျေ အကြိုက်ဆောင်တတ်သူမို့ အခုလောက် လုပ်သက်ရှည်ခဲ့တာဖြစ်မည်။ မမရည်၏ မြအဏ္ဏဝါသက်တမ်းနှင့် အမေ၏လုပ်သက်က သိပ်မကွာလှပေ။

မမရည်၏ သစ္စာခံ၊ လုပ်သက်ရင့် အလုပ်သမကြီးဖြစ်သော အမေ၏စကားများအရ အပြောအဆို၊ အနေအထိုင်မတတ်သော အလုပ်သမအငယ်တချို့ အလုပ်ပြုတ်ခဲ့ရဖူးသည်တဲ့။ သူတို့အလုပ်မမြဲသည့်အဓိကအကြောင်းရင်းကတော့ သူတို့တစ်တွေသည် ကိုနေနှင့် ရောနှောရင်းနှီးလွန်းတာကြောင့်ပဲ ဖြစ်ပါသည်။ မမရည်သည် ကိုနေနှင့် ပတ်သက်လျှင် အလွန်အင်မတန် အစိုးရိမ်ကြီးကာ ပူပန်တတ်လွန်းလှသည်တဲ့။

'အလုပ်သမတွေက သူတို့နဲ့ အဆင့်အတန်းမတူလို့ သဘောမတူတာလား'

'အင်း···အဆင့်အတန်းမတူလို့လည်း ဟုတ်တယ်။ ဒါပေမဲ့ မမရည်က ဘယ်လိုမိန်းကလေးမျိုးနဲ့ပဲ ဖြစ်ဖြစ် သဘောကိုမတူနိုင်တာ။ သူ့မောင်လေးကို ချစ်လွန်းအားကြီးတော့လေ'

နားမလည်နိုင်အောင် ဖြစ်ရပါသည်။ သူ့မောင်ကဖြင့် ရင်ခွင်ပိုက်အရွဲကလေးဖြင့် မဟုတ်တော့ပဲ။ အရွယ်ရောက်သည့် ဟိုမှာဘက်ကိုတောင် လွန်နေပြီမဟုတ်လား။ ကိုနေလိုအပ်သမျှ အားလုံးကို လိုလေသေးမရှိ မညည်းမညူ ဖြည့်ဆည်းပေးရုံနဲ့ ပြီးစတမ်းလား။ သူ့အမြင်၊ သူ့အတွေး၊ သူ့နှလုံးသား၏ ခံစားမှုအား လုံးကို ချုပ်ကိုင်အကျဉ်းချထားဖို့များမမရည်တစ်ယောက်ရည်ရွယ်ထားလေသလား။ ဤသို့ဆိုလျှင်တော့ မမရည် မတရားဘူးပဲ။ အဲဒီ ကိုနေကရော ဒီလိုပဲ အစ်မ စီမံသမျှ အလိုက်သင့် ငြိမ်သက်နာခံနေစရာလား။

'ကိုနေက ရည်ရည့်ကို နွဲ့ဆိုး ဆိုးတတ်တာမျိုးရှိပေမဲ့ အဲလိုအရေးကိစ္စမျိုးတွေမှာကျတော့ ရည်ရည့်စကားကို မပယ်ရှားဝံ့ဘူး'

မမရည်ကို အိမ်ထောင်ပျက်ခဲ့ဖူးသလိုလိုလည်း ဆိုကြပြန်သည်။ အိမ်ယာတည်ထောင် လူတို့ဘောင်ကို စိတ်အနာကြီး နာနေသူအဖြစ်လည်း ဇာတ်လမ်းဖွဲ့ကြပြန်ပါသည်။ ဘယ်သူမှတော့ တိတိပပ မသိကြပါပေ။ မမရည်နှင့် ကိုနေ့အား ထိပ်တိုက် ရင်ဆိုင်ရစေခဲ့သော မိန်းကလေးတွေလည်း တစ်ယောက်မက ရှိခဲ့ဖူးသေးသည်တဲ့။ သူတို့တွေမှာ ဆွေဂုဏ်၊ မျိုးဂုဏ်လည်းရှိကာ ဥစ္စာဓန၊ အလှ၊ ပညာနှင့်လည်း ပြည့်စုံကြသည်ချည်းပင်။ ဒါပေမဲ့ မမရည်ကတော့ အကြောင်းပြချက်မဲ့စွာ ခါးခါးသီးသီး ကန့်ကွက်တားဆီးခဲ့ ဖူးလေသည်။ အံ့သြစရာကောင်းသည်မှာ ကိုနေသည် မမရည်အား ခိုင်ခိုင်မာမာ၊ ပြင်းပြင်းထန်ထန် ငြင်းဆန်ရန် မဝံ့ရဲခဲ့ခြင်းပဲဖြစ်သည်။

ဒါပေမဲ့ မမရည်၏ အလိုကို လိုက်ပါနာခံခဲ့ရလေတိုင်း ကိုနေ၏ စည်းစိမ်၊ ခံစားမှုတို့ တစ်ရစ်ပြီးတစ်ရစ် တိုးတက်လာခဲ့ရဖူးသည်တဲ့။ ဥပမာ···ကိုနေ့ကိုယ်ပေါ်က စိန်လက်စွပ်၊ နှစ်ကျပ်သားခန့်ရှိမည်ဖြစ်သော ဟန်းဒ်ချိန်း၊ လက်ကိုင်ဖုန်း၊ စသည်ဖြင့်···။ သူ၏နောက်ဆုံးမိန်းကလေးအား မမရည်၏ အလိုကျ လက်ပြလမ်းခွဲပြီးစ၊ ကိုနေတစ်ယောက် စိတ်လေကြေကွဲနေသောအခါ မမရည်က ကိုနေ လက်ရှိစီးနေသည့် ဖိတ်လက်တောက်ပသော Viva ဆိုင်ကယ်အသစ်စက်စက်ကလေးနှင့် ချွေးသိပ်ချော့မော့ခဲ့တာ ဖြစ်လေသည်။ ❑

'ဒေါ်လုံးရယ်၊ ရှင့်သမီးက ငယ်လွန်းတယ်'

'ငယ်တော့ပါဘူး ရည်ရည်ရယ်။ ဒီကောင်မကျောင်းသာ ဆက်နေဖြစ်ရင် ကျောင်းပြီးနေပါပြီ'

တကယ်က နွယ်ချို့အသက် နှစ်ဆယ်ပြည့်တော့မည်။ ဆယ်တန်းအောင်ပြီးနောက် အဝေးသင်တက္ကသိုလ်ဆက်မဖြေနိုင်သေးလို့ နားနေခဲ့ရတာ သုံးနှစ်ရှိပြီ။ မဟုတ်လျှင် အမေပြောသလို ကျောင်းပြီး၊ ဘွဲ့ရနေလောက်ပြီ။

'သူ့ရုပ်ကလေးကလည်း ဖြူဖြူစင်စင်နဲ့ ဒီအလုပ်က ညစ်တီးညစ်ပတ်၊ ဖြစ်ပါ့မလား'

'ဟုတ်၊ နွယ်ချိုဖြစ်အောင် ကြိုးစားအလုပ်လုပ်ပါ့မယ် မမ···ရည်'

မတတ်နိုင်။ မမရည်ဟု နှုတ်ထွက်ချောအောင် ဖွတ်ခေါ်ပစ်ရတော့သည်။ နွယ်ချို့လို ဆယ်တန်းအောင်ရုံ မိန်းကလေးတစ်ယောက်အတွက် အလုပ်က ရှားပါးလွန်းလှတာလေ။ စတိုးဆိုင်တွေမှာ ဝင်လုပ်ခဲ့ဖူးသေးသည်။ နံနက်နေထွက်မှ နေဝင်အထိ နေ့လယ် ထမင်းစားချိန်ခဏငယ်ကလွဲလျှင် တစ်နေကုန် ထိုင်နားခဲ့ရသည်မရှိ။ ခြေသလုံးကြွက်သားတွေ တင်းတောင့်အောင့်မျက်နေလည်းပဲ ဆိုင်ထဲသို့ဝင်လာသမျှ ဈေးဝယ်သူကို ဆီးကြိုပျူငှာကြရကာ မလွတ်အောင် ဈေးရောင်းရသည်။ ဈေးဝယ်တွေ ဇီဇာကြောင်သမျှ မျက်နှာမပျက် ပြုံးနေရသည်။ ဖွခဲ့၊ ရှုပ်ခဲ့သမျှ မညည်းမညူ ရှင်းလင်းရသည်။ ကိုယ့်ဆိုင်မှ တစ်စုံတစ်ရာဝယ် ယူခြင်းမရဘဲ ဈေးမေးရုံသက်သက်နှင့် ပြန်ထွက်သွားသော ဈေးဝယ်သူမကျွယ်ခင် အဆူအကြိမ်းခံရတော့တာလည်း မရေတွက်နိုင်။ နောက်တော့ အဆူအဆဲမခံနိုင်သောကြောင့် ဆိုင်ဝန်

www.burmeseclassic.com

www.burmeseclassic.com

ထမ်းမိန်းကလေးတွေအားလုံး ဈေးဝယ်သူတစ်ယောက်လာလျှင် လက်ဆွဲခေါ်ယူမတတ် ဖိတ်ကြိုဖျူဖျာ ပြကြရတော့သည်။ ကိုယ့်ဆိုင်မှဈေးမဝယ်ဘဲ ပြန်ထွက်တော့မည့်ဟန်ပြလာလျှင် ဈေးဝယ်သူ၏ ထွက်ပေါက်ကို မသိမသာ ပိုင်းရံပိတ်ဆို့လိုက် ကြရတော့သည်။ တတ်နိုင်သမျှ ငိုပြကြသည်။ ဖက်တွယ်မတတ် နွဲ့တာပြကြရသည်။ ကြာတော့ ရှက်စရာကောင်းလှသည်ဟု ထင်မြင်ကာ အလုပ်က ထွက်လိုက်ရတော့သည်။ လောင်းကစားဒိုင်တစ်ခုမှာ စာရင်းကိုင်လည်း လုပ်ခဲ့ဖူးသေးသည်ပင်။ အသောက်အစားလည်း မကင်းလှသော လောင်းကစားသမားယောကျ်ားသား အများစုကြားမှာ အဆင်ပြေအောင် အရိပ်အခြည်ကြည့် ကာ အလိုက်သင့်နေတတ်အောင် နေခဲ့တာပင်။ ဒါပေမဲ့ နောက်ဆုံးတော့ တစ်ဦးတည်း သာမိန်းကလေးအဖြစ် အမြင်မတင့်တယ်လှသောကြောင့် ထွက်လိုက်ရပြန်သည်။

အလုပ်ကလေး အဆင်ပြေလျှင်တော့ တက္ကသိုလ်စရိတ်စုရမည်ဟု ရည်ရွယ်အားခဲထားခဲ့တာဖြစ်သည်။ ဒါပေမဲ့ အမေတစ်ယောက်တည်း၏ လုပ်အားဖြင့် နွယ်ချိုတို့ မောင်နှမသုံးယောက်သား ဝမ်းဝ,နေနိုင်တာကိုပင် ကျေးဇူးတင်ရမည်။ အငယ်နှစ်ယောက်၏ ပညာသင်စရိတ်ကလည်း ရှိသေးသည်မို့ ပိုပိုလျှံလျှံ စုမိဆောင်းမိမရှိလှပါ။ အမေတို့တစ်တွေ အခါက မှီခိုအားကိုးနေကြရ

> နွယ်ချို
> မသိချင်ယောင်
> ဆောင်ထား
> ခဲ့ရသော
> ပုံပြင် မဟုတ်သည့်
> မယုံချင်စရာ
> ဇာတ်လမ်းများကို
> ကြားသိနေရတာ
> စိတ်ပျက်စရာ
> ကောင်းလှသည်
> စိတ်ရှိလက်ရှိ
> အော်ဟစ်
> နှင်ထုတ်
> ပစ်လိုက်ရ
> မကောင်း
> ရှိတော့မည်

သော မမရည်တို့၏ ပုစွန်ဒိုင်အလုပ်မှာလည်း မိုးတွင်းကာလမှာသာ အခွင့်အလမ်းသာတာဖြစ်ပါသည်။ နွေကာလတွေမှာ အလုပ်အကိုင်မပေးနိုင်။ ထိုအခါ နွယ်ချိုခြစ်ကုတ်ထားသမျှ စုငွေလေးတွေကို တတိတိ ထုတ်သုံးရတော့သည်ပင်။

ဒီအလုပ်မှာ ဝင်လုပ်ရန် အမေစည်းရုံးစဉ်ကလည်း နွယ်ချိုက အင်တင်တင်ရှိခဲ့တာဖြစ်သည်။

"ညည်းလိမ္မာရင် ရည်ရည်က ကျောင်းဆက်ထားပေးချင်ထားပေးမှာ"

ဒီစကားတစ်ခွန်းကြောင့် မျှော်လင့်တကြီးရောက်လာခဲ့ရသော နွယ်ချို့အား မမရည်က လိုလားကြည်ဖြူဟန် မပြသောကြောင့် အားငယ်ချင်ရတော့သည်။

"အင်း…ဒေါ်လုံး သမီးဆိုတော့ ခိုင်းတော့ ကြည့်ရဦးမှာပေါ့"

မမရည်က မယုတ်မလွန်ဆိုလေလျှင် အမေ့ခမျာ ဝမ်းမြောက်ရွှင်လန်းနေတော့၏။

❑

ပုစွန်တွေကို ဆိုဒ်ခွဲ၊ ခေါင်းချိုးရန် အမေအပါအဝင် အမျိုးသမီးဆယ်ယောက်၊ ဆယ့်နှစ်ယောက်ခန့်နှင့် နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်နေပါသည်။ ယောကျ်ား အလုပ်သမားများကတော့ ရှစ်ယောက်မှ ဆယ်ယောက်ခန့်အထိ ရှိကြသည်။ သူတို့အားလုံးသည် ကမ်းနားဆိပ်ကမ်းတွင် ဆိုက်ကပ်လာသော ရေခဲစက်လှေမှ ရေခဲတုံးကြီးများကို ဂိုဒေါင်ထဲသို့ ထမ်းသွင်းကြရသည်။ တစ်နေ့စာ လိုအပ်သလောက် ပြန်ထုတ်ကာ ကိုယ်ပိုင်ရေခဲခွဲစက်ကလေးမှာ ရေခဲခွဲကြရပြန်သည်။ ပလတ်စတစ်ပုံး ပြာပြာ၊ နီနီကြီးတွေ(ပုစွန်ကစ်ဟုခေါ်ကြသည်။)ထဲမှာ ရေခဲမှုန်တွေဖြန့်ခင်း။ ပုစွန်တစ်ထပ်ထည့်ပြီး မွှေနှောက်ခလောက်ဆန်ပစ်ကြရသည်။ နောက်…ရေခဲတစ်ထပ်၊ ပြီးလျှင် ပုစွန်တစ်ထပ်ဖြန့် ခင်း။ မွှေနှောက်ခလောက် ဆန်ကြကြရပြန်။ သိပ်သည်းကျစ်လျစ်ပြည့်ကျပ်နေသော ပုစွန်တာ တစ်ကစ်(သေတ္တာပုံးတစ်လုံး)သည် ရေခဲအချိန်ရှစ်ဆယ်ခန့်ဝင်ပါသည်။ ပုစွန်လည်း ပိဿာအချိန်ရှစ်ဆယ်ခန့်ပင်။ ထိုအချိန် တစ်ရာခြောက်ဆယ်ခန့်ရှိသော ပုစွန်တာကြီးတွေကို ကြိုးစည်း၊ သံလက်တွန်းလှည်းကြီးတွေနှင့် ကူသယ်ခေါက်သယ် ပြန်ကာ ကုန်ကားကြီးတွေဆီ အရောက်ထမ်းယူသယ်ပိုးကြရတာ မသက်သာလှပေ။ ပုစွန်တာတစ်ကစ် လျှင် ကြွက်သားဖုထစ်နေသော အားကောင်းမောင်းသန် ယောကျ်ားကြီး နှစ်ယောက် ရှေ့နောက်ထမ်းပိုး လျှိုထမ်းရတာ မလွယ်ကူလှပါ။ သူတို့တစ်တွေသည် လိုရာခရီးရောက်အောင် သယ်ယူ ရွှေ့ပြောင်းနိုင်သော်လည်း ချွေးဒီးဒီးကျကာ တဆတ်ဆတ်တုန်လျက် မောဟိုက်ပန်းလျှကျန်ရစ်ရတတ်ပါသည်။

နွယ်ချိုသည် စာရေးမအမည်ခံကာ ကုန်အဝင်အထွက် စာရင်းကလေး ရေးမှတ်နေရရုံ၊ ဘောက်ချာဖွင့်ပေးရုံမျှသာ တာဝန်ရှိသော်လည်း မျက်စိရှေ့မှာ ကိုယ်တိုင်မြင် တွေ့နေရသော ဘဝတူအလုပ် သမားများ၏ ပင်ပန်းတကြီးရှိမှုအတွက် စိတ်မသက်သာ ဖြစ်ရသည်။

"မောနေပြီ လား စာရေးမ"

ကိုနေကတော့ ချွေးတ[illegible] ရွှဲ အလုပ်သမားများထက် မိတ်ကပ်ပါးပါး၊ သနပ်ခါးမွှံမွှံနှင့် စာရင်းစာအုပ်ကလေး ပိုက်ကာ ကြော့ကြော့ရှ[illegible] လေး လမ်းသလားပြနေရ[illegible] သော နွယ်ချို့ကို ပိုလို့ဂရုစိုက်ဖော်ရလေသည်။ နွယ်ချို့မှာ အလုပ်ရှင်အဖြစ် ကိုနေအား အလိုက်သင့် ဆက်ဆံနေရသော်လည်း မမရည်ကိုတော့ [illegible] ရှိန်ရသေးသည်။ နွယ်[illegible] ကိုနေနှင့် အချိန်[illegible] စကားလက်[illegible]ကျမိလျှင်

www.burmeseclassic.com

www.burmeseclassic.com

မမရည်သည် နှယ်ချို့အား တစ်နေ့တာလုံး အပြစ်ရှာကာ တဖျစ်တောက်တောက် မြည်တွန်နေတော့တာပင်။ မမရည် မကြိုက်တာ သူလည်း အလွယ်တကူသိနေနိုင်ပါလျက် ကိုနေကတော့ နည်းနည်းမှ မဆင်ခြင်။ တစ်ခါတစ်ရံ သွေးတိုးစမ်းလိုသော ဘာလိုလိုစကားတွေလည်း ဆိုတတ်သေးပြန်တာ။

'ကိုနေနော်၊ မမရည်နဲ့ ပြန်တိုင်မှာ'

မမရည်နှင့် ပြန်တိုင်လျှင် နှယ်ချိုသာ အလုပ်ကထွက်ရဖို့သေချာနေတာ ကိုနေသိသလို ကိုယ်တိုင် အမူပိုနေမိတာ ကိုယ့်ဘာသာ သတိပြုနေမိသော နှယ်ချိုလည်း သိပါသည်။ အမေကတော့…

'ကြိုကြိုတင်တင် သတိပေးထားမယ်နော် မိနှယ်။ ညည်း…ကိုနေ့ကို လုံးဝ စိတ်မယိုင်မိစေနဲ့'

ဒါပေမဲ့ နှယ်ချိုလည်း နှလုံးသားနဲ့၊ အသွေးအသားခံစားချက်နဲ့ လူတစ်ယောက်ပဲ မဟုတ်လား အမေရယ်။ သစ်ငုတ်များတောင် နှံ့ပါများတော့ ယိုင်ရ၊ နဲ့ရသေးတာပဲ မဟုတ်လား။ နှယ်ချို၏ နှလုံးသားအညှာက ထိုသစ်ငုတ်များထက်တော့ ပိုမိုခိုင်မာမည် မထင်။

'မိနှယ်။ ငါ အတန်တန် ပြောထားလျက်နဲ့၊ အမိုက်မ'

နှယ်ချို တကယ်ပဲ မိုက်မဲခဲ့တယ် ဆိုကြဦးတော့ နောင်တမရချင်ပါ။ အမေဆူလျှင်လည်း ဆူပါစေတော့။ ရိုက်လျှင်လည်း ခံလိုက်ဦးမည်။ မမရည်ကရော နှယ်ချို့ကို ချိုးနှိမ်ကဲ့ရဲ့စကားတို့နှင့် တိုက်ခိုက်ဦးမှာလား။ ကိုနေသာ အနားမှာရှိနေပေးနိုင်လျှင် အားလုံးကို နှယ်ချိုရင်ဆိုင်ဝံ့ပါသည်။ ဒါပေမဲ့ ဒီတစ်ဖက်မှာ နှယ်ချိုတစ်ယောက် စစ်မျက်နှာဖွင့်နေစဉ်မှာ ကိုနေတစ်ယောက်ကတော့ နှယ်ချို့အနားမှာ ရှိမနေခဲ့ပါ။

'ငါ မပြောဘူးလား။ အရေးအကြောင်းကြုံရင် အဲဒီအကောင် ရည်ရည့်ကို မဆန့်ကျင်ရဲပါဘူးလို့'

မယုံလို့မှ မရတော့ပဲ။ နှယ်ချိုတစ်ယောက် ရင်နင့်စွာ လက်ခံလိုက်ရပါတော့သည်။ အရေးထဲမှာ အမေက လွမ်းရေးထက် ဝမ်းရေးခက်နေပြန်ပြီ။

'ညည်း အဆိပ်တက်နေတာ အကြောင်းမဟုတ်ဘူး။ ရည်ရည်က ငါ့ကိုပါ အလုပ်ဖြုတ်လိုက်ရင် ငတ်ပေါက်တိုးဦးတော့မယ်'

နှယ်ချိုလည်း ငတ်မှာကို ကြောက်ရကောင်းမှန်းသိပါရဲ့။ ဒါပေမဲ့ ခုအခြေအနေမှာတော့ ကိုနေရဲ့ ဥပေက္ခာတရားကသာ မခံရပ်နိုင်အောင် နာကျင် ပင်ပန်းစေတာဖြစ်သည်။

ဒါပေမဲ့ ကိုနေက နာမည်နှင့်လိုက်အောင် နေစိမ့်နေနိုင်လွန်းသူပဲ။ နှယ်ချို့ကို ဒါမျိုးလုပ်လို့ မရဘူးနော် ကိုနေ။ ဒီလောက်နဲ့ နှယ်ချို လက်မလျှော့ဘူး။

❑

ဒါပေမဲ့ နှယ်ချို့အဖို့ ရှေ့ဆက်တိုးရန်လည်း အခွင့်အလမ်းမရှိတော့ပါ။

'ကိုနေ့မိဘတွေက မမရည်ရဲ့ပုစွန်ကန်က အလုပ်သမားတွေပဲ'

နှယ်ချို မသိချင်ယောင်ဆောင်ထားခဲ့ရသော ပုံပြင်မဟုတ်သည့် မယုံချင်စရာ ဇာတ်လမ်းများကို ကြားသိနေရတာ စိတ်ပျက်စရာကောင်းလှသည်။ စိတ်ရှိလက်ရှိ အော်ဟစ်နှင်ထုတ်ပစ်လိုက်ရ မကောင်းရှိတော့မည်။

'ညည်းရဲ့ကိုနေ…မမရည်ဆောက်ပေးတဲ့ အိမ်သစ်ကလေးမှာ ရှိမှာပေါ့။ ညည်းကျေးဇူးနဲ့ မမရည်က ကိုနေ့မိဘတွေကို လွှာပါးလုံးချင်းတိုက်သစ်ကလေးတစ်လုံး ရွာမှာ လာဆောက်ပေးသွားတယ်လေ'

'တောက်…'

ခံပြင်းစိတ်နှင့် တက်တစ်ချက်ခေါက်ရင်း မျက်ရည်တွေ သွယ်ဖြိုင်ယိုစီးလာကြပြန်လျှင် နှစ်သိမ့်စကားတွေကို မကြားချင်တော့သည်ကြောင့် နေရာမှ ထ,ထွက်ခဲ့လိုက်တော့သည်။

သံသေတ္တာအဟောင်းလေးထဲမှ ကိုနေပေးခဲ့ဖူးသော အသည်းပုံ ကတ္တီပါရဲရဲ လက်ဆောင်ဘူးငယ်ကလေးကို ထုတ်ယူမိပြန်သည်။ ပြီး လက်ထဲမှာ ကျစ်ကျစ်ဆုပ်ထားရင်း အံကို တင်းတင်းကြိတ်မိထားမိ၏။

'ရှင်…နှယ်ချို့ကို စွန့်ပြေးခဲ့တာ တစ်ဆိတ်တော့ စောစီးလွန်းလှပါတယ် ကိုနေရယ်။ ရှင်ကတော့ မမရည်စွန့်ကြဲတဲ့ စံအိမ်သစ်မှာ သာယာကျေနပ်လို့။ နှယ်ချို့ကျတော့ ရှင်နှစ်သိမ့်ထားတဲ့ ရွှေကြိုးမျှင်ကလေးတစ်ကုံးလောက်နဲ့ ရောင့်ရဲကျေနပ်လိုက်ရတော့မှာလား'

နှယ်ချိုသည် စိတ်အတွေးထဲမှာပင် ကိုနေ့အား ထုရိုက်ကုတ်ဖဲ့ပစ်ရင်း တစ်ကိုယ်တည်း မောနွမ်းလာ ပြန်တော့သည်။ သို့ပေမဲ့ မကျေနပ်။ အော်ဟစ်ရန်တွေ့ ပစ်ချင်သေးသည်။

'ရှင့်ကို ပြောချင်တဲ့ စကားတစ်ခွန်းကလည်း ရှင့်ကို မပြောရမချင်း ရင်ထဲမှာ ကြိတ်ခဲမပြေဘဲ ဖုထစ်ခံခက်နေတော့မှာပဲ ကိုနေ…။

'ရှင့်ကို ကမ္ဘာမကျေဘူး။ ဘယ်တော့မှမကျေဘူး'

နှယ်ချိုသည် အတွေးမှာပင် ခံပြင်းဒေါသတွေနှင့် ဆူလောင်ပေါက်ကွဲကာ ရင်ထဲမြုံခဲသိုဝှက်ထားသော အသံကလည်း နှုတ်ကနေ ပွင့်ကန် အန်ထွက်သွားသည်တွင် အမေက နားစွန်နားဖျား ကြားသွားကာ…

'မကျေနပ်တော့ နင်က ဘာလုပ်ချင်လဲ…ဟင်။ နင် ဘာလုပ်နိုင်လဲ…ကဲ…ကဲ'

အခါတိုင်း ခေါင်းခေါက်ခံရလျှင် ခံစားရမြဲ ထုပူကျိန်းစပ်ရသော နာကျင်မှုက ထူးထူးခြားခြား ရောက်မလာတော့။ နှယ်ချိုတစ်ယောက် လန့်ဖျပ်အံ့သြနေဆဲ အမေက တစ်ဖက်လှည့်ကာ မျက်နှာလွှဲလေလျှင် လက်ခနဲမျက်လုံးများပင် ကျိန်းစပ်သွားချင်မိပြန်သည်။ တစ်သက်လုံး ဟောင်းလောင်းနေလာခဲ့သော အမေ့နားမှ ရွှေသားထူထူ နီလာနားကပ်ကလေးကို နှယ်ချို ငေးကြည့်အံ့သြနေတာ သိပေမဲ့ အမေ့မျက်ဝန်းများကတော့ ကျေနပ်ပီတိကို ဖုံးဖိမထားနိုင်ခဲ့ပါပေ။ ။ ■

သဒင်း

www.burmeseclassic.com

www.burmeseclassic.com

၁။

'ဟာ မဖြစ်နိုင်ပါဘူး
သူဌေးရယ်၊ ကျွန်တော်
မလုပ်ပါရစေနဲ့'
မျှော်လင့်မထားတဲ့စကားမို့
အကြောက်အကန်
ငြင်းမိတယ်။ ကျွန်တော့်လို
အောက်ခြေအလုပ်သမား
တစ်ယောက်ကို သူဌေးက
နှစ်ယောက်တည်း
ပြောချင်တယ်ဆိုကတည်းက
ရင်ထဲ ထိတ်နေခဲ့ရတာ။
ခုတော့ ရင်တုန်ပန်းတုန်
မထိတ်သာမလန့်သာ ကိစ္စ
ကိုမှ အကူအညီ
တောင်းရတယ်လို့သူဌေးရယ်။
ကျွန်တော့်ရဲ့ ထိတ်လန့်မှုတွေက
သူဌေးရဲ့ မျက်နှာကို
မဆိုစလောက်
ပျက်သွားစေတယ်။
နည်းနည်းတော့
အားနာမိသွားရဲ့။ သူဌေးက
သက်ပြင်းရှည်တစ်ချက်ကို
လေးလေးပင်ပင်
မှုတ်ထုတ်လိုက်တယ်။
အိတ်ထဲမှ စနိုးတာဝါကို
ထုတ်ပြီး မျက်နှာကို
ပွတ်သုတ်တယ်၊ ရေတစ်ခွက်
မော့သောက်လိုက်ပြီးမှ…
'သေချာစဉ်းစားပေးပါဦး
ကိုမိုးဝေရယ်၊ ကျွန်တော်လည်း
ဒီလိုကိစ္စမျိုးကို တော်ရုံလူ
အကူအညီမတောင်းဝံ့ပါ
ဘူး။ အခုဟာက
အိမ်ထောင်ရေးတည်မြဲမှု၊
သာယာမှုဆိုတာတွေထက်
ကျွန်တော့်မိန်းမကို
စိတ်ချမ်းသာစေချင်
လွန်းလို့ပါ'
သူဌေး
က စကားကို ခဏရပ်ပြီး
အသက်ကို ခပ်ပြင်းပြင်း
ရှူတယ်။ သူဌေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ww.burmeseclassic.com

မျက်လုံးထဲက စိုးစွတ်ခြင်းတွေဟာ ကျွန်တော့်မျက်လုံးဆီကို ကူးစက်ချင်နေပြီ။ ပြတင်းပေါက်မှန်ကို လာရိုက်ခတ်နေတဲ့ မိုးဖွဲဖွဲထဲ အကြည့်တွေကို လမ်းလွှဲလိုက်တယ်။ တကယ်တော့ သူဌေးက ကျွန်တော့်ဘဝရဲ့ ကျေးဇူးရှင်၊ အလုပ်ရှင်၊ ထမင်းရှင်ပါ။ ကျွန်တော်ဟာ သူဌေး သေဆိုသေ၊ ရှင်ဆိုရှင်ဖြစ်ရမယ့် လူစားမျိုးပါ။ ပြီးတော့ သူဌေးတို့အိမ်ထောင်ရေးကိုလည်း တည်မြဲစေချင်၊ သာယာစေချင်၊ စိတ်ချမ်းသာစေချင်တဲ့သူဟာ ကျွန်တော့်အပြင် တခြားလူ ဘယ်သူရှိဦးမှာလဲ။ သူဌေးရဲ့ ဆို့နင့်နင့်စကားသံတွေ ထွက်ကျလာပြန်တယ်။

'ကိုမိုးဝေပဲ စဉ်းစားကြည့်ပါဗျာ။ ကိုယ့်မိန်းမနဲ့ ဖန်ပြွန်သန္ဓေ သားတည်ဖို့ သုက်ပိုးကို တခြား သူစိမ်းတစ်ယောက်ဆီက အလှူခံနေရတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက်များ…'

သူဌေးရဲ့ တုန်ယင်ပြီး တိမ်ဝင်သွားတဲ့ အသံကြောင့် ကျွန်တော် လှည့်ကြည့်မိတယ်။ သူဌေးက မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ အုပ်ထားတယ်။ အချိန်အတော်ကြာ ငြိမ်သက်နေပြီးမှ ခေါင်းမော့လာတယ်။

'ကျွန်တော့် ချို့ယွင်းချက်ကြောင့် ကလေးမရနိုင်တာကိုသာ သူသိသွားရင် သူက တခြားမိန်းမတွေလို ကျွန်တော့်ကို မစွန့်ခွာသွားဘဲ သူသာ တစ်သက်လုံး စိတ်ဆင်းရဲခံသွားမှာဗျ။ ဒါတွေကို ကိုမိုးဝေ အသိဆုံးပါ။ ဒါ

> မြတ်နိုးက
> ကျွန်တော့်ကို
> ပခုံးကနေကိုင်ပြီး
> ဆွဲလှည့်လိုက်တယ်
> ကျွန်တော့်
> မျက်လုံးတွေကို
> သေသေချာချာ
> စိုက်ကြည့်တယ်
> သူ့
> အကြည့်တွေကနေ
> လွှဲဖယ်ဖို့
> ကျွန်တော်
> ခေါင်းငုံ့ထားမိတယ်

ကြောင့်…ဒါကြောင့်ပါဗျာ…'

မျက်ရည်စတွေ တွဲလွဲခိုနေတဲ့ သူဌေးရဲ့ မျက်ဝန်းတွေဟာ ယောကျ်ားတစ်ယောက်ရဲ့ အနိမ့်ချဆုံးသော တောင်းပန်ခြင်း၊ အသနားခံခြင်းဆိုတာကို ကျွန်တော် နားလည်လိုက်ပြီ။ သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်တယ်။ သူဌေးကို မကြည့်ဘဲ…

'ကျွန်တော် အလေးအနက် အသေအချာကို စဉ်းစားပါရစေဦး သူဌေးရယ်'

ကျွန်တော် ထိုင်ရာမှ ထ,လိုက်တယ်။ ပြီးတော့ သူဌေးနဲ့ကျွန်တော် နှစ်ယောက်တည်းရှိနေတဲ့ ဒီအခန်းကျဉ်းလေးထဲက လွတ်မြောက်ရာဆီသို့…။

❑

၂။

အဖြေမဲ့ အမေးပုစ္ဆာအတွက် ဖိစီးလေးလံနေတဲ့ ကျွန်တော့် ခြေထောက်တွေက ခြေဦးတည့်ရာ။ သင်းပျံ့နေတဲ့ ပန်းရနံ့ရယ်၊ ကလေးတစ်စုရဲ့ ဆူဆူညံညံအသံကြောင့် ပတ်ဝန်းကျင်ကို သတိပြုမိတယ်။ ရောက်နေတဲ့နေရာက ကလေးကစားကွင်းတစ်ခု။ ညောင်းချည့်လာတဲ့ ခြေထောက်တွေက ကစားကွင်းထဲက ခုံတန်းလေးမှာထိုင်ဖို့ အမိန့်ပေးနေတယ်။

'တော်ပြီဟာ၊ ထမင်းချိုး ဟင်းချိုးဆိုရင် ငါမပါတော့ဘူး'

ကစားဝိုင်းထဲကနေ စူပုပ်ပုပ်နဲ့ ထွက်သွားတဲ့ လူကောင်သေးသေး ကလေးငယ်တစ်ယောက်။ သူက ကျွန်တော့်အတိတ်တွေကို တူးဆွလိုက်သလို၊ ဟုတ်တယ်။ ကျွန်တော်ငယ်ငယ်တုန်းကလည်း ဘာပဲဆော့ဆော့ အမြဲတမ်း ထမင်းချိုး ဟင်းချိုး။ လူကောင်သေးလွန်း ညှက်လွန်းတဲ့ ကျွန်တော်က ဘယ်ကစားပွဲမှာမှ အင်နဲ့အားနဲ့ မဆော့နိုင်။ ဒီတော့ ဘယ်အဖွဲ့ကမှ ကျွန်တော့်ကို ကစားဖော်အဖြစ် မခေါ်ချင်။ ဒါပေမဲ့ မြတ်နိုးဆိုတဲ့ သူငယ်ချင်း အစုတ်ပလုတ်မလေးကတော့ အမြဲလိုလို သူ့အဖွဲ့ထဲမှာ ထမင်းချိုး ဟင်းချိုးဆိုပြီး ကျွန်တော့်ကို ခေါ်သွင်းတတ်လေတယ်။ တကယ်တော့ ထမင်းချိုး ဟင်းချိုးဆိုတာ ကစားပွဲထဲမှာ ဝင်မကစားရတဲ့ အရန်လူသဘောမျိုး။ ဒီတော့ ဘယ်ကလေးကမှ ထမင်းချိုး ဟင်းချိုးအဖြစ် မကစားချင်။ ကျွန်တော်ကတော့ လုံးဝ ဝင်မကစားရတာ ထက်စာရင် ထမင်းချိုး ဟင်းချိုးကမှ တော်သေးတယ်လို့ တွေးမိတဲ့ကောင်။ ဒီလိုနဲ့ ကျွန်တော့်စိတ်တွေဟာ အတိတ်ကို တဖြည်းဖြည်း…။

❑

၃။

သူများတွေ တက္ကသိုလ်ရိပ်မှာခိုပြီး ပျော်မွေ့နေချိန်မှာ ကျွန်တော်နဲ့မြတ်နိုးကတော့ ဘဝတက္ကသိုလ်မှာ ဘွဲ့ရနေပြီ။ အတန်းပညာမရှိတဲ့ ကျွန်တော်တို့ဟာ ထမင်းဆိုင်တစ်ဆိုင်ရဲ့ အခြေခံလုပ်သား။ ရုပ်ရည်ချောမောလှပတဲ့ မြတ်နိုးကတော့ ကောင်တာမှာ သက်သောင့်သက်သာ အလုပ်ရ သက်သက်။ ကျွန်တော်ကတော့ စားပွဲထိုးပေါ့။ တစ်နေ့ကုန် ဘဝအမောတွေနဲ့ ပိတ်လှောင်မိနေတဲ့ မြတ်နိုးနဲ့ ကျွန်တော်ရဲ့ အိမ်ပြန်လမ်းဟာ စကားတပြောပြောနဲ့ အပန်းဖြေခရီးပမာ။

'မိုးဝေ၊ မနေ့က နင်တို့အိမ်မှာ ထမင်းစားရတာ အတော်မြိန်တာဟာ'

မနေ့ညနေက အိမ်မှာ ငါးပိရည်ကျို၊ တို့စရာအကြမ်းထည်နဲ့ စားခဲ့ရတဲ့ ထမင်းဝိုင်းကို မြတ်နိုးက တမ်းတမ်းတတ ပြောနေရှာတယ်။

'မြတ်နိုးရယ် ငါ့အိမ်ထက်စာရင် နင့်အိမ်ကမှ ဟင်းကောင်းသေး'

'အမယ်လေးဟယ် ငါတို့အိမ်လည်း သားအမိနှစ်ယောက်တည်းဆိုပေမဲ့ အမေ့ဆေးဖိုးကရှိနေတော့ ချွေတာစားနေရတာပါ။ နင်တို့အိမ် သိပ်မကွာလှပါဘူးရယ်။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com

မဲ့ နင့်တို့အိမ်မှာက မောင်တွေ နှမတွေနဲ့ဆိုတော့ ဟင်း မကောင်းလည်း စားမြိန်တယ်ဟ’

မြတ်နိုးစကားကို ကျွန်တော် ထောက်ခံလိုက်မိတယ်။ ဟုတ်တယ်။ မြတ်နိုးရဲ့ ထမင်းဝိုင်းဟာ အမြဲလိုလို ငေါင်းစင်းစင်း တစ်ယောက်တည်း။ ရောဂါသည် အမေကလည်း မြတ်နိုးနဲ့ဝိုင်းဖွဲ့ပြီး ထမင်းအတူ မစားပေးနိုင်။ သူကိုယ်တိုင်တောင် မြတ်နိုးခွံ့တဲ့ ဆန်ပြုတ်ကို မနည်းမျိုချနေရသူ။

‘မိုးဝေရယ်၊ ငါလေ တစ်ခါတစ်ခါကျ နင့်တို့မိသားစုကို သိပ်အားကျတာပဲ’

‘နင် ငါတို့မိသားစုကို သိပ်အားကျနေရင် ငါ့အမေလိုပဲ ယောကျ်ားယူပြီး ကလေးတွေ တစ်ပြုံကြီး မွေးလိုက်ပေါ့ဟ’

ကျွန်တော့်စကားကြောင့် အရှက်သည်းသွားတဲ့ မြတ်နိုးက ကျွန်တော့်ကျောကုန်းကို သဲကြီးမဲကြီးထုတယ်။ ကျွန်တော်က တဟဲဟဲ ရယ်တော့ သူက အရှက်ပြေ ပြန်ပြောတယ်။

‘ဟုတ်တယ်ဟာ၊ မွေးမယ်ဟာ မွေးမယ်ဟာ ဘာဖြစ်လဲ’

‘ဘာလဲ နင်က နင့်ကို ကျိတ်ခိုက်ပြီး ထမင်းလာလာစားနေတဲ့ ဟိုလူပျိုကြီး ကိုသူရနဲ့ ယူ…’

‘ဟာ…ငါ့ကို အဲ့လူနဲ့ စေ့နဲ့ဟာ၊ မကြိုက်ဘူး’

ဒေါသတကြီး ပိတ်အော်လိုက်တဲ့ မြတ်နိုးကို ကျွန်တော် ထပ်စချင်လာတယ်။

**အတိတ်ကို ပြန်တွေးမိတိုင်း ကျွန်တော့် ပါးပြင်ပေါ်မှာ မျက်ရည် မြစ်တစ်စင်း စီးဆင်း သွားတတ်တယ် မျက်ရည်တွေကို လက်ခုံနဲ့ ပွတ်သပ်ရိုက်တယ်**

‘အောင်မယ်၊ သူကပဲ နာအုံ့ထင်သေး။ ဟိုက ဘွဲ့ရ ပညာတတ်၊ ဥစ္စာပေါ ရုပ်ချောပါနော်။ တကယ်များ သူ့ကိုလာတောင်းရင် ကောက်ခနဲ ပါသွားမယ့်ဟာကမ်များ’

‘အောင်မယ်၊ ပါစရာလား။ ငါ့မှာ ချစ်ရမယ့်လူ ရှိတယ်ဟဲ့ ငတုံး မိုးဝေရဲ့’

‘ဘာ… မြတ်နိုး၊ နင်က ငါမသိအောင် ရည်းစားထားနေတယ်ပေါ့လေ။ ဘယ်သူလဲ ပြောစမ်း’

မြတ်နိုးက လျှာလေးထုတ်ကာ စပ်ဖြဲဖြဲပြောင်ပြရင်း လက်ခါပြတယ်။ မြတ်နိုးရဲ့ ကုပ်ပိုးကို ဖမ်းဆုပ်လိုက်ပြီး…

‘ပြောနော်၊ မပြောရင် ငါမလွှတ်ဘူး မြတ်နိုးစုတ်မ’

‘အား နာတယ်ဟ မိုးဝေရ။ လွှတ်ပါ၊ လွှတ်ပါ၊ ပြောပါ့မယ်’

သူ့ကိုလွှတ်ပေးလိုက်တော့ ကုပ်ပိုးလေးကိုပွတ်ပြီး ရှုံ့မဲ့မဲ့ပြောတယ်။

‘ငါချစ်ရမယ့်လူက…’

မြတ်နိုးက စကားစဖြတ်ပြီး ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေတယ်။ သူ့မျက်လုံးတွေက နူးနူးညံ့ညံ့ပြုံးနေတယ်။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်နေတယ်။ မြတ်နိုးရဲ့ နှုတ်ခမ်းတွေက တဖြည်းဖြည်း တွန့်ကွေးပြီး ပြုံးလာတယ်။

‘ဟီး…မပြေးသေးဘူးဟ’

ကျွန်တော့်ရင်ထဲ ပူခနဲ၊ ရှိန်းခနဲ၊ နွေးခနဲ ဖြစ်သွားတယ်။ ပြီးတော့ မြတ်နိုးရဲ့ ဆံပင်တိုတိုတွေကို ထိုးဖွလိုက်ပြီး သူ့ကိုအမည်အသစ်တစ်ခု ပေးလိုက်မိတယ်။

‘အရူးမ’

အဲဒီအချိန်မှာပဲ ဖြန်းဆို မိုးကရွာချတယ်။ မြတ်နိုးက သူ့အိတ်ထဲက ထီးလေးကို ထုတ်ဆောင်းတယ်။ လက်ဗလာနဲ့ ကျွန်တော့်ကိုကြည့်ပြီး…

‘ထုံးစံအတိုင်း ထီးမပါပြန်ဘူး မဟုတ်လား၊ နင်ဟာလေ ငါကဆောင်းစေချင်လို့ ဝယ်ပေးထားတာတောင် ထီးကို ယူမလာဘူး’

‘ထီးဆောင်းတာ အကျင့်မရှိတော့ မေ့မေ့ကျန်ခဲ့တယ်ဟ’

‘ကဲ လာပါ၊ လာပါ။ ငါ့ထီးထဲကိုပဲ ကြွတော်မူပါ’

အဲဒီလိုနဲ့ ဝုန်းဝုန်းဒိုင်းဒိုင်း မိုးသည်းထဲမှာ ထုံးစံအတိုင်း ထီးတစ်ချောင်းကို နှစ်ယောက်အတူဆောင်းလို့ ပြန်ခဲ့ကြတယ်။

❑

၄။

‘မိုးဝေ၊ ကိုသူရ ငါ့ကို လာတောင်းတဲ့ကိစ္စကို နင်က သဘောတူတယ်လို့ အမေ့ကို ပြောလိုက်တယ်ဆို’

ဒေါသတကြီး မေးနေတဲ့ မြတ်နိုးရဲ့ အသံက တိတ်ဆိတ်အေးချမ်းနေတဲ့ ပတ်ဝန်းကျင်နဲ့ မလိုက်ဖက်လွန်းစွာ။ သူ့ဒေါသတွေကိုသိလို့ ရပ်ကွက်ထိပ်က တိတ်ဆိတ်တဲ့ ကန်ပေါင်ဆီကို ကျွန်တော် ခေါ်လာခဲ့တာ။ မြတ်နိုးဒေါသတွေက ဆူဝေလာသလို ကျွန်တော့်ရင်ဘတ်ကလည်း ထုံပေလာပြီ။ ကျွန်တော် အားယူပြီး ပြုံးလိုက်တယ်။

‘ကိုသူရက နင့်ကို မိသားဖသားပီပီ တောင်းရမ်း…’

ကျွန်တော့်စကားကို ဖြတ်ပြောဖို့ နှုတ်ခမ်းချွန်လာတဲ့ မြတ်နိုးကို လက်ကာဟန့်တားရင်း ကျွန်တော်ပြောလိုရာကို အတင်းပြောချလိုက်ရတယ်။

‘ကိုသူရက နင့်ကို တကယ်ချစ်တာပါ မြတ်နိုးရယ်။ ပြီးတော့ သူက နင် ငြင်းရမယ့်လူလား။ နင်က ငါ့အချစ်ဆုံး သူငယ်ချင်းပါ။ ငါ မကောင်းကြံပါ့မလားဟာ’

မြတ်နိုးက ခေါင်းကို တွင်တွင် ခါယမ်းလိုက်ပြီး…

‘အချစ်မပါတဲ့ အိမ်ထောင်ရေးက သာယာမှာတဲ့လား၊ ငါ သူ့ကို မချစ်ဘူး။ ပြီးတော့ ငါ့ရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာ နင်အသိဆုံး’

‘တိတ်စမ်း မြတ်နိုး’

ဖြတ်အော်လိုက်တဲ့ ကျွန်

ww.burmeseclassic.com

တော့်အသံကြောင့် မြတ်နိုး မျက်ရည်ဝိုင်းသွားတယ်။ ကျွန်တော် သူ့ကို ကျောခိုင်းလိုက်တယ်။

'နင်တို့ ငါတို့ ဘဝတွေက စိတ်ကူးယဉ်ရမယ့်ဘဝတွေလား။ နင်လည်း နှလုံးရောဂါသည်အမေအိုကို ပြုစုလုပ်ကျွေးနေရသလို ငါလည်း မုဆိုးမအမေနဲ့ ညီငယ်၊ ညီမငယ်တွေရဲ့ တာဝန်ကို ထမ်းနေရတာ။ ဘာပဲဖြစ်ဖြစ် နင် နင့်အမေအတွက် စဉ်းစားသင့်တယ်'

မြတ်နိုးက ကျွန်တော့်ကို ပခုံးကနေကိုင်ပြီး ဆွဲလှည့်လိုက်တယ်။ ကျွန်တော့် မျက်လုံးတွေကို သေသေချာချာ စိုက်ကြည့်တယ်။ သူ့အကြည့်တွေကနေ လွဲဖယ်ဖို့ ကျွန်တော် ခေါင်းငုံ့ထားမိတယ်။ ကျွန်တော့်ပခုံးတွေကို လှုပ်ယမ်းပြီး သူ မေးတယ်။

'ဒါဆို ငါ ကိုသူရကို လက်ထပ်လိုက်ရင် နင် ဝမ်းသာမှာလား၊ နင် ပျော်မှာလား ဟင်။ ငါ့ကိုပြောစမ်းပါ မိုးဝေရဲ့'

ကျွန်တော့်ပခုံးကို ဆုပ်ကိုင်ထားတဲ့ မြတ်နိုးရဲ့လက်တွေကို တွန်းဖယ်လိုက်တယ်။ မျက်ဝန်းတံခါးကနေ ခုန်ဆင်းဖို့ အားယူနေတဲ့ မျက်ရည်တွေကို ကွယ်ဝှက်ဖို့အတွက် ကျွန်တော် သူ့ကို ကျောခိုင်းလိုက်တယ်။ မျက်နှာကို လက်ဝါးနဲ့ ပွတ်သပ်ရင်း ခေါင်းညိတ်ပြတယ်။ မြတ်နိုးက ဟက်ဟက်ပက်ပက်ရယ်တယ်။

'မလိမ်တတ်ဘဲ လိမ်မနေစမ်းပါနဲ့ မိုးဝေရယ်။ ငါ့မျက်နှာကိုသာ တည့်တည့်ကြည့်ပြီး နင်ဖြေစမ်းပါ။ ငါက စိတ်ကူးယဉ်နေတာလား၊ နင်က သူရဲဘောကြောင်နေတာလားဆိုတာ ဟင်'

သရော်တော်တော် ပြောနေတဲ့ မြတ်နိုးကို မျက်နှာချင်းဆိုင်ဖို့ ကျွန်တော် ကြိုးစားလိုက်တယ်။ အောက်နှုတ်ခမ်းကို တင်းတင်းပြတ်ပြတ် ဖိကိုက်ပြီး မထိတရီပြုံးနေတဲ့ မြတ်နိုးကို ကျွန်တော် တည်တည်ငြိမ်ငြိမ် စိုက်ကြည့်လိုက်တယ်။

'မြတ်နိုး နင်သာ ကိုသူရကို လက်ထပ်လိုက်စမ်းပါ၊ ဒီကမ္ဘာမှာ အပျော်ဆုံး လူက ငါပဲ။ ဘာလို့လဲသိလား၊ နင်တို့သားအမိကို စောင့်ရှောက်ပေးနေတဲ့ဒုက္ခ၊ အဲဒုက္ခတွေ ပေါ့သွားလို့ပေါ့…'

'ဘာ…နင်ဟာ နင်…နင်…'

ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ်၊ ရင်ဘတ်ထဲက ခုန်ထွက်ချင်နေတဲ့ စကားတွေကို မျိုသိပ်၊ ချာခနဲလှည့်ကျောခိုင်း၊ ကျွန်တော်နဲ့ဝေးရာကို မြတ်နိုး ပြေးထွက်လို့သွားပြီ။ ကျွန်တော်ကတော့ တောင့်တင်းနေတဲ့ ခြေထောက်တွေနဲ့ အချိန်အတော်ကြာ အဲဒီနေရာကနေ ခွာမရဘူး။ မျက်ဝန်းတံခါးကို ကျူးကျော်ဖို့ ကြိုးစားနေတဲ့ မျက်ရည်တွေကိုလည်း အတားအဆီးမရှိ ကျွန်တော် ခွင့်ပြုမိတယ်။ မိုးတွေကလည်း ငြိုးမာန်ဖွဲ့လို့ သည်းနေတယ်။ မိုးရေတွေနဲ့အတူ ကျွန်တော့်မျက်ရည်တွေလည်း ကန်ရေပြင်ထဲကို အရှုံးပေးလို့ စီးဆင်းနေတယ်။

❑

၅။

အတိတ်ကို ပြန်တွေးမိတိုင်း ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်မြစ်တစ်စင်း စီးဆင်းသွားတတ်တယ်။ မျက်ရည်တွေကို လက်ခုံနဲ့ ပွတ်သပ်လိုက်တယ်။ ညောင်းညာနေတဲ့ ခြေထောက်တွေကလည်း အတော်အတန် ပြေလျော့သွားပြီမို့ ထိုင်ရာက ထ,တယ်။ အဲဒီအချိန်မှာပဲ အစိုးမရတဲ့ ရန်ကုန်မိုးက ဖြန်းဆို ရွာချပြန်တယ်။ အားကိုးရာ ထီးပါတဲ့လူတွေကတော့ အလျှိုလျှို ထီးလေးတွေ ဖွင့်ဆောင်းလို့။ လက်ဗလာနဲ့ ကျွန်တော်ကတော့ ခေါင်းပေါ်ကို လက်နှစ်ဖက် အုပ်တင်လို့ မိုးခိုဖို့နေရာ ရှာရတယ်။ ခပ်လှမ်းလှမ်းက အအေးဆိုင်လေးထဲကို ကျွန်တော် ပြေးဝင်လိုက်တယ်။

ခပ်ကျဉ်းကျဉ်းဆိုင်လေးထဲမှာ တိုးဝှေ့လို့ မိုးခိုတယ်။ စိုစွတ်နေတဲ့ မိုးရေတွေကို လက်နဲ့သပ်ချလိုက်တယ်။ ဘောင်းဘီအိတ်ထဲထည့်ထားတဲ့ ဖုန်းက ရုတ်တရက် မြည်လာတော့ ဖုန်းကို ထုတ်ကြည့်တယ်။ မြင်လိုက်ရတဲ့ နံပါတ်ကြောင့် ပြုံးမိရဲ့။ မြည်နေတဲ့ ဖုန်းကို ကိုင်လိုက်တယ်ဆိုရင်ပဲ…

'ဟဲ့ မိုးဝေ၊ မိုးတွေရွာနေတယ်နော်။ နင် အခု အပြင်မှာလား၊ ထီးရောပါရဲ့လား။ မပါလည်း မိုးလွတ်ရာမှာ ခိုနေနော်'

တရစပ်ပြောနေတဲ့ မြတ်နိုးရဲ့ အသံကြောင့် ကျွန်တော် ပြုံးမိတယ်။ သူ စိတ်မပူစေဖို့အတွက် သူ့အမေးတွေကို ဆီလျော်အောင် ကျွန်တော် ဖြေလိုက်တယ်။ ကျွန်တော့် အဖြေစကားကြောင့် စိတ်ချလက်ချ ဖုန်းချဖို့ပြင်နေတဲ့ မြတ်နိုးကို လှမ်းတားလိုက်ရတယ်။

'ဘာပြောမလို့လဲဟဲ့၊ ငါဒီမှာ အလုပ်ရှိသေးတယ်'

ကျွန်တော် သက်ပြင်းမောတစ်ချက် ရှိုက်ထုတ်လိုက်တယ်။

'နင့် ယောကျ်ား ငါ့သူငယ်ချင်း ကိုသူရကို ပြောပေးပါဟာ၊ သူပြောထားတဲ့ ကိစ္စကို ငါ သဘောတူပါတယ်လို့'

'ဩော် အေး အေး၊ ဘာကိစ္စလဲဟဲ့'

ကျွန်တော် အံတင်းတင်း ကြိတ်လိုက်တယ်။

'အလုပ်ကိစ္စပါဟာ'

'ဩော် အေး ဒါပဲနော်'

ဖုန်းချဖို့ ဟန်ပြင်နေတဲ့ မြတ်နိုးကို ဒုတိယအကြိမ် လှမ်းတားမိပြန်တယ်။

'မြတ်နိုး၊ နင်နဲ့ကိုသူရတို့ ကလေးရလာရင် လေသားလေးပဲဖြစ်ဖြစ်၊ သမီးလေးပဲဖြစ်ဖြစ် မိုးဆိုတဲ့အမည် တစ်လုံးတော့ ပါအောင်မှည့်ပေးပါဟာ'

မြတ်နိုးက ဟာသပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ဟက်ဟက်ပက်ပက် ရယ်မောပြီး ဖုန်းချသွားတယ်။ ကျွန်တော့်ရင်ဘတ်ကြီးကလည်း နာနာကျင်ကျင်နဲ့ ငိုမဲ့ ကြီးရယ်နေတယ်။ မိုးမင်းကြီးကလည်း ကြေကြေကွဲကွဲနဲ့ ပြုံးဖြဲဖြဲကြီး မဲ့နေတယ်။ ဩော် မြတ်နိုးရယ်၊ တကယ်တော့ ငါဟာလေ ဟိုးအရင်ကတည်းက ထမင်းချိုး ဟ… ချိုး ဘဝပါဟာ။ ■

စံရတီ

www.burmeseclassic.com

နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဝဋ္ဋသုရိယ သက်န်းတိုက်

ပြန်ရောင်သင်္ကန်း-မထယ်ပါ-မရောင်းပါ / သုံးပြီးသင်္ကန်း-မထယ်ပါ-မရောင်းပါ / အနံ့ပြည့်၊ အလျားပြည့် အသစ်စက်စက်သင်္ကန်းမှ ရောင်းသည်။

မသုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျိုက်တော်ရုပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၂၈၊ အေ)၊ မြေညီ၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉

ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေး၊အတွေးထက်မြက်၊
တိုးတက်ကြီးပွားစေဖို့၊ မဖတ်မဖြစ်ဖတ်ရမည့်

# အနန္တဂုဏ်ရည်

ဘာသာရေးမဂ္ဂဇင်း

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် လောကီချမ်းသာ၊လောကုတ္တရာချမ်းသာ၊
နှစ်ဖြာသောချမ်းသာ တို့ပြည့်ဝစေမှာအမှန်မလွဲပဲနော် ......................

လစဉ်ထွက်ပါပြီ

မြင်းခြံစာပေ

အမှတ် (၂၅၆)၊ ၃၉ လမ်းအထက်၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၃၅၈၇

www.burmeseclassic.com

www.burmeseclassic.com

ဒီစာကိုရေးဖို့ စဉ်းစားနေခဲ့တာကြာပါပြီ။ ဒါပေမဲ့ မရေးဖြစ်ခဲ့ဘူး။ ဒီကြားထဲ နေရာအပြောင်းအရွှေ့တွေ၊ စာမေးပွဲကိစ္စတွေ၊ ဆုပေးပွဲတွေနဲ့ လုံးပန်းနေရတော့ မရေးဖြစ်ဘူး။

တခြားတော့ မဟုတ်ပါဘူး။ တိုးတက်လာတဲ့ ခေတ်ကြီးမှာ ဆုတ်ယုတ်သွားတဲ့ စာအုပ်ဆိုင်လေးတွေအကြောင်း ဆိုပါတော့။

ကျွန်တော်တို့မြို့လေးမှာ ဟိုအရင်ကဆို စာအုပ်အငှားဆိုင်ကြီးတွေ လေး၊ ငါး ဆိုင်လောက်ရှိတယ်။ ဆိုင်ကလေးတွေလည်း ရှိသေးတယ်။

လကုန်ရက် မြို့ရောက်လို့ စာအုပ်ဆိုင်တွေဝင်ကြည့်ရင် သိပ်ပျော်စရာကောင်းတယ်။ စာအုပ်တွေလည်း စုံတယ်။ မဂ္ဂဇင်းအမျိုးမျိုး၊ ဝတ္ထု၊ ကာတွန်း၊ ရုပ်ပြ၊ သုတရသ စာအုပ်တွေဆို ပုံလို့။ လချင်းထွက်စာအုပ်မှန်သမျှ အကုန်ဖတ်ရတယ်။ ငှားဖတ်သူတွေဆိုတာလည်း အများကြီး။ တစ်ခါတစ်ရံ ကိုယ်ဖတ်ချင်တဲ့စာအုပ်မရတာမျိုးတွေလည်း အမြဲရှိတတ်တယ်။ အဲဒီအခါ နောက်တစ်ဆိုင် ပြောင်းပေါ့။ မရသေးရင် နောက်တစ်ဆိုင်လေ။ ရွေးချယ်စရာ၊ ရွေးချယ်ခွင့်တွေပေါလို့ ပျော်တောင်ပျော်ရတယ်။



အဲဒီကာလက ဖျော်ဖြေရေးဆိုတာကလည်း အဖြူ အမည်း တီဗွီလေးလောက်ရှိ ကြတာကိုး။ ဒါတောင် လူတိုင်း မဝယ်နိုင်သေးဘူး။ အဲဒီနောက် ကာလာတီဗွီတွေဖြစ်လာ၊ ဗီဒီယိုတွေဖြစ်လာတဲ့အခါ စာအုပ်ဆိုင်တချို့အသွင်ပြောင်းပြီး ဗီဒီယိုရုံတွေဖြစ်သွားကြတယ်။ စာဖတ်သူတချို့ပါ ပျောက်သွားကြတယ်။

နောက်တော့ စလောင်းဆိုတာတွေ ပေါ်လာတယ်။ စာအုပ်ဆိုင်တချို့ ဘောလုံးဝါသနာအိုးတွေရဲ့ စုရပ် ဖြစ်သွားတယ်။ အဲဒီနေရာမှာ ငြင်းကြခုံကြ၊ လောင်းကြ၊ ဘဝတွေပျက်ကြ၊ ဝမ်းသာကြ၊ ကြေကွဲကြနဲ့ စာဖတ်သူတွေ အတော်နည်းသွားတယ်။

စာအုပ်အငှားဆိုင် ဆိုတာကလည်း အများအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကြတာများတယ်။ စာဖတ်သူနည်းလို့ ဝင်ငွေထွက်ငွေ မကိုက်တဲ့အခါ စာအုပ်ဆိုင်ဖြုတ်ပြီး တခြားစီးပွားရေး လုပ်ကြတယ်ပေါ့။ ဒါပေမဲ့ ဝါသနာပါပြီး စာပေကို သံယောဇဉ်ကြီးသူတွေက ကျားကုတ်ကျားခဲ လုပ်နေသေးတယ်။ မဂ္ဂဇင်းတွေလျှော့၊ အဖတ်နည်းတဲ့ ဝတ္ထုတွေလျှော့၊ ဟိုလျှော့၊ ဒီလျှော့လုပ်ပြီး ကြံရည်လေးတွေ၊ လက်ဖက်ရည်လေးတွေ၊ အပ်ချုပ်ဆိုင်လေးတွေပါတွဲလို့ ကျားကန်ထားသေးတယ်။ အမာခံပရိသတ်ကလည်း ရှိဆိုတော့ မဆိုးသေးဘူးပေါ့။

ဒါပေမဲ့ ခေတ်က ဝုန်းခနဲ ခုန်ပြီး ဖုန်းတွေပေါ်လာတဲ့အခါ စာအုပ်ဆိုင်မှာ လူရှင်းသွားတယ်။ ရှင်းရုံမက မရှိတော့တဲ့အထိပဲ။

အင်တာနက်တွေ အဆင်ပြေသွားတော့ စာအုပ်ဆိုင်တွေ ပိတ်လိုက်ရပြီ။ လူတိုင်းရဲ့ လက်ထဲ ဖုန်းကိုယ်စီနဲ့ အမြဲပွတ်လို့။ လူ့စိတ်တစ်ခုလုံးကို ဆွဲဆောင်ထားနိုင်စရာတွေက

www.burmeseclassic.com

www.burmeseclassic.com

လည်း အများကြီးကိုး။

ကျွန်တော့်အတွက်တော့ တိုးတက်ခြင်းဟာ ဆုတ်ယုတ်ခြင်းအဖြစ် ခံစားရတယ်။ စာအုပ်အငှားဆိုင်တွေ မရှိတဲ့အခါ ဖတ်စရာစာအုပ်တွေ ရှားသွားတယ်။ တစ်ခုကောင်းတာက ပေါ်လစီစာအုပ်တွေ၊ စာမူထုတ် စာအုပ်တွေနဲ့ ပြည့်နေတဲ့ ပြန်/ဆက်က အစိုးရသစ်လက်ထက်မှာ ပြည်သူ့စာကြည့်တိုက်အဖြစ် အားကိုးလို့ရလာတာပဲ။ အရင်မတွေ့ရ၊ မမြင်ရ၊ မဖတ်ရတဲ့ စာရေးဆရာစစ်စစ်တွေ၊ စာအုပ်စစ်စစ်တွေကို မြင်ခွင့်ဖတ်ခွင့်ရလာတယ်။ တကယ့်ကို လိုက်လိုက်လှဲလှဲ ဝမ်းသာရတယ်ပေါ့။ အစိုးရသစ်တက်လာပြီး နိုင်ငံ့အပြောင်းအလဲတွေ ဝုန်းခနဲ မဖြစ်သေးဘူးဆိုပေမဲ့ ပြန်/ဆက်မှာ စာအုပ်အသစ်တွေ ဝုန်းခနဲ ပြောင်းတာတော့ သေချာတယ်။ ဒီအတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရတယ်ပေါ့။

ရသစာပေတွေကို ပြန်/ဆက်မှာ စိတ်ရှိ ဖတ်ခွင့်ရပေမဲ့ လစဉ်ထုတ်မဂ္ဂဇင်းတွေကျ မဖတ်ရပြန်ဘူး။ ဒါကြောင့် ဘယ်မဂ္ဂဇင်းတွေ ဆက်ထွက်ပြီး ဘယ်မဂ္ဂဇင်းတွေ ရပ်လိုက်ကြောင်း မသိဘူး။ စာအုပ်ဆိုင်က လစဉ်အမြဲဝယ်နေတဲ့ 'ရွှေ' မဖတ်ရတာတောင် ၅ လကျော်သွားတယ်။ စာအုပ်ဆိုင်ကလည်း 'တခြားမှာ ရှာဝယ်ပါ' တဲ့။ ကြံရာမရတော့ 'ဓမ္မတာလူ' ကို ဆက်သွယ်ဖြစ်တယ်။ ဒါပေမဲ့ ဖြန့်ချိရေးဆိုတော့ ဆိုင်မှာလို တစ်အုပ်ချင်း ဝယ်လို့မရပါဘူးတဲ့။ ၆ လစာ (၄၅၀၀×၆= ၂၇၀၀၀ ကျပ်) ကြိုပို့ပေးရပါမယ်တဲ့။

မိသားစုတာဝန်ကို ပခုံးပေါ်ထမ်းတင်ထားရတဲ့ မူလတန်းပြဆရာတစ်ယောက်ရဲ့ လစာက အဲဒီလောက်အထိ လုံးလုံးခဲခဲထွက်ဖို့ ခွင့်မပြုပြန်ဘူး။ လစဉ် နည်းနည်းချင်းက မသိသာပေမဲ့ လုံးလို့ မဖြစ်တာ သေချာတယ်။

ရင်းနှီးတဲ့ သူငယ်ချင်းတွေ၊ စာချစ်မိတ်ဆွေတွေက အကြံပြုကြတယ်။ အွန်လိုင်းမှာ ဖတ်ပါတဲ့။ တချို့ပြောကြတယ်။ ဖေ့စ်ဘွတ်ခ် မသုံးဘူးလားတဲ့။ မသုံးပါဘူးပြောတော့ အံ့တွေသြလို့။ စာရေးဆရာဖြစ်ပြီး ခေတ်နောက် ကျန်ခဲ့ဦးမယ်တဲ့၊ အကြံပြုကြတယ်။

ပြောရင်လည်း ခံရမှာပဲ။ ရှုးတယ်ပဲဆိုဆို၊ အ,တယ်ပဲပြောပြော စိတ်မပါတာတော့ သေချာတယ်။

မြန်ဆန်တိုးတက်နေတဲ့ ခေတ်ကြီးမှာ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ အရာရာပြီးမြောက်သွားနိုင်ကြောင်း နားလည်တယ်။ ကိုယ်ဖတ်ချင်တဲ့ အကြောင်းအရာ၊ စာအုပ်မှန်သမျှ အွန်လိုင်းမှာ ရှာဖတ်ရုံပဲ။ အားလုံး ရှိနေတယ်။ အဆုံးစွန် စာမူပို့တာက အစ ဖုန်းနဲ့လှမ်း ပို့လို့ရတယ်ဆိုပဲ။ ဒါပေမဲ့ ကျွန်တော် ခံစားလို့မရဘူး။

စာအုပ်ကိုင်ပြီး စာရွက်လှန်တဲ့ အရသာနဲ့ မှန်ပြင်ပေါ်က စာလုံးတွေ ဘာမှမဆိုင်ဘူး။ အကြောင်းအရာချင်း တူပေမဲ့ အရသာ တော်တော်ကွာတယ်။ ပြီးတော့ ဖုန်းဆိုတာ ကရိကထများတယ်။ အားသွင်းဖို့လိုမယ်။ လိုင်းကောင်းဖို့လိုမယ်။ ကြာကြာကြည့်ရင် မျက်စိတွေထိမယ်။ စာရွက်ပေါ်က ပြန့်တဲ့အလင်းနဲ့ မှန်ပြင်ပေါ်က ပြန်လင်းတန်းမတူနိုင်ဘူး။ ကြာကြာသုံးနိုင်ဖို့ မျက်စိကို ချွေတာသင့်တယ်လို့ထင်တယ်။ ဒါကြောင့် အွန်လိုင်းစာအုပ်တွေကို ကျွန်တော် ရှောင်တယ်။

ကျွန်တော့်စိတ်က စာတစ်အုပ်ရဲ့ ရနံ့စစ်စစ်ကို ရှူသွင်းချင်တယ်။ 'ရွှမ်း' ခနဲလှန်လိုက်တဲ့ စာရွက်သံမှာ ပျော်တယ်။ ဒါကြောင့် ကျွန်တော် စာမူမှန်သမျှ စာရွက်ပေါ်မှာ ဘောပင်နဲ့ပဲရေးတယ်။ စာအိတ်ထဲထည့်ပြီး စာတိုက်ကပဲပို့တယ်။ ဘောပင်ကိုင်ရေးခြင်းနဲ့ မှန်ထောင်ရေးခြင်း ခံစားမှု မတူဘူး။

ရင်းနှီးတဲ့ သူငယ်ချင်းတွေက ပြောကြတယ်။ တစ်ယူသန်တဲ့။ မှန်နေတော့လည်း ပြုံးရုံပေါ့။

အင်တာနက်သုံးပြီး ဖေ့စ်ဘွတ်ခ်မှာ စာရေးပါလားတဲ့။ တချို့ဆို ဖရင့် ဘယ်လောက်ရှိပြီ၊ ပရိသတ် ဘယ်လောက်ရပြီ စသဖြင့် ပြောကြတယ်။ အွန်လိုင်းပေါ်ကနေ အချင်းချင်း မိတ်ဖွဲ့စကားတွေ ပြောကြတယ်။ စာပေအကြောင်းတွေ ဆွေးနွေးကြတယ်တဲ့။

အမှန်အတိုင်း ပြောရရင် ဒီလိုလုပ်ရမှာ အတော်ဝန်လေးပါတယ်။ လူတိုင်းအပေါ် စေတနာ၊ မေတ္တာရှိပေမဲ့ စကားဖောင်ဖွဲ့ဖို့ကျ မဝံ့ဘူး။ စိတ်မပါဘူး။ ကိုယ့်ကို လာပြောရင်လည်း အကြောင်းသိမဟုတ်ရင် မေးတစ်ခွန်း၊ အဖြေတစ်ခွန်းနဲ့ ဝေဝေဆာဆာမဖြစ်ဘူး။ စာရွက်ပေါ်မှာ စာရေးဖို့သွက်သလောက် နှုတ်စကားမှာ ဆွံ့အ,နေတတ်တယ်။

ကိုယ်လေးစားရသူတွေ၊ ချစ်ခင်ရသူတွေ၊ ကိုယ့်ဆရာတွေ၊ ရေးဖော်သူငယ်ချင်းတွေရဲ့ ဖုန်းနံပါတ်တွေတော့ အပြည့်အစုံရှိတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ အကြောင်းမဲ့ စကားပြောဆိုတာတွေ မရှိခဲ့ဖူးဘူး။ ပြောစရာရှိလို့ ပြောရင်လည်း လိုရင်းပဲ အဓိကထား ပြောဖြစ်တယ်။ သူ့အချိန်ကို တန်ဖိုးထားသလို ကိုယ့်အချိန်ကိုလည်း နှမြောတယ်။

လူတိုင်း ဖုန်းကိုယ်စီနဲ့ ပွတ်နေကြတဲ့အချိန် ကျွန်တော်က စာအုပ်တွေကို မက်မက်စက်စက် ဖတ်နေဖြစ်တယ်။ အွန်လိုင်းစာအုပ်တွေထက် စာအုပ်စစ်စစ်တွေကို အငမ်းမရ ရှာတယ်။

ပြီးခဲ့တဲ့လကတော့ ဆရာတစ်ယောက် အကူအညီနဲ့ 'ပြည်' ကနေ 'ရွှေ' မှာလို့ ရသွားတယ်။ လစဉ်ဆိုတော့ အဆင်ပြေတယ်။

စာအုပ်လက်ထဲရောက်တာနဲ့ ၅ လကျော်ကွဲနေတဲ့ ငယ်ချစ်လေးကို အပြန်ပြန် အလှန်လှန် နမ်းနေဖြစ်တယ်။ ပြီးမှ တရှမ်းရှမ်းလှန်တယ်။ တစိမ့်စိမ့်ဖတ်တယ်။

နည်းပညာတွေ တိုးတက်ပြီး ခလုတ်တစ်ချက်နှိပ်ရုံနဲ့ အားလုံးသိနိုင်၊ ဖတ်နိုင်နေသည့်တိုင် ကျွန်တော် မဖတ်ချင်ပါ။ မဖတ်လိုပါ။

အွန်လိုင်းစာမျက်နှာတွေက အသွင်အမြင်ဆန်းပေမဲ့ ကျွန်တော့်နှလုံးသားပလ္လင်မှာတော့ စာအုပ်စစ်စစ်က လွှဲ၍ နန်းမတင်ချင်သေးပါလေ။ ■

နော်၊ကျောက်ပိုင်၊

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ဒီလမှာလည်း အကြောင်းအရာအရ ဟိုဘက်ခေတ်နဲ့ သိပ်ကွဲပြားတာတွေ မတွေ့ရသေးပါဘူး။ အရေးအသားကို အားထုတ်မှုကလည်း တစ်ပြေးညီ အင်တိုက်အားတိုက် အနေအထားကို မရောက်သေးဘူးလို့ ယူဆပါတယ်။

၁။ *ဆုအတွက် ချစ်သက်လက်ဆောင်ပါ*
**နီယွန်းအိမ်(သာပေါင်း)**
အပြန်အလှန်စကားပြောတွေကို အားပြုထားတဲ့ အရေးအသားနဲ့ တင်ပြပုံ အားနည်းလှတဲ့ စာမူပဲ ဖြစ်ပါတယ်။

၂။ *သက်လုံ*

၃။ *အသံတိတ် အော်ပရာ*
**မောင်ဩလေး**
အကြောင်းအရာရော အရေးအသားပါရိုးစင်းလှပါတယ်။ တချို့နေရာတွေမှာ သဘာဝမကျတဲ့ အတွေးတချို့ကိုလည်း တွေ့ရပါတယ်။ ကြိုးစားပါဦး။

၄။ *အဆန်းမဟုတ်သော စကားလုံးများ*
**မိုမိုစု(ဆေးတက္ကသိုလ်)**
အတွေးလေးကောင်းတဲ့ စာမူပါ။ ဒါပေမဲ့ ဇာတ်ကောင်အသီးသီးရဲ့ ကွဲပြားမှုဟာ မပေါ်လွင်ဘဲ ဆောင်းပါးဆန်ဆန် ဇာတ်သိမ်းထားပါတယ်။

၅။ *အိပ်မက်ထဲက အိမ်ကလေး*
**ဆည်းဆာသစ်**
စကားပြေ အရေးအသားပြေပြစ်ပါတယ်။ အကြောင်းအရာရိုးစင်းပြီး စာတမ်းဆန်ဆန် ရေးသားထားပါတယ်။ အရေးအသားပြေပြစ်သူမို့ ဒီထက် ဆွဲဆောင်မှုရှိတဲ့ တင်ပြပုံမျိုးနဲ့ ကြိုးစားဖို့ အကြံပေးပါရစေ။

၆။ *အတ္တပြိုင် ရှင်းတမ်း*
**လှိုင်မင်းထွန်း(မြောင်)**
အိမ်ထောင်ရေးဇာတ်တစ်ခုဖြစ်ပြီး စကားပြေ၊ စကားပြော ရောထွေးရေးသားထားပါတယ်။ ဇာတ်နာအောင် ဖန်တီးထားတာတွေလည်း ရှိနေပါတယ်။

၇။ *ဖိနပ်ကလေးရဲ့လှောင်ရယ်သံ*
**မေမြမှူး(မန္တလေး)**
အရေးအသားသင့်ပါတယ်။ ဆောင်းပါးနဲ့ စာတမ်းကြားက အရေးအသားမျိုးဖြစ်ပြီး ရိုးစင်းနေပါတယ်။

၈။ *လှောင်ချိုင့်လေးနဲ့ လာခေါ်ပါ*
**အမရာပြည့်ပြည့်သူ**
အပြန်အလှန်စကားပြောကိုသာ အားပြုထားတဲ့ စာမူဖြစ်ပါတယ်။ ဇာတ်ကောင်စရိုက်ကို တခြားနည်းနဲ့ ဖော်ပြဖို့ အဖွဲ့အနွဲ့၊ အခင်းအကျင်းတွေကို အားထည့်စေချင်ပါတယ်။

၉။ *မြသလွန်ကို သက်သေတည်၍*
**လီမွှာအောင်**
အရေးအသားပြေပြစ်ပါတယ်။ စာမျက်နှာနှစ်ဖက် ရေးသားထားသလို စာမူကလည်း ရှည်လျားလှပါတယ်။ သာမန် အချစ်ဝတ္ထုဖြစ်နေပါတယ်။ အစပိုင်း စကားပြေနဲ့ ရေးခဲ့ပြီး ဆုံးခါနီးမှ စကားပြောနဲ့တောက်လျှောက်ဆက်ရေးသွားတာက စာမူကို အားနည်းစေပါတယ်။

၁၀။ *ကျွန်တော်နှင့်ချစ်ခြင်း သီအိုရီအလွဲ*
**ကိုသျှံ(ဒီပဲယင်း)**
အရေးအသားသင့်ပေမဲ့ ရိုးစင်းတဲ့ အချစ်ဝတ္ထုလေး တစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၁။ *သို့… နှင်းဆီပြာ*
**နီမောင်း**
အရေးကော၊ အတွေးပါ လိုသေးတဲ့ တိုနံ့နံ့စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၂။ *လွမ်းလွန်၍*
**မယ်စု (English)**
ရိုးစင်းလွန်းတဲ့ အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၃။ *မုသားချိုချို*
**စံဝင်းအောင်(မြန်အောင်)**
စာပေလောကနောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး အရေးအသား အားနည်းနေသေးတဲ့အတွက် ဇာတ်ကွက်မလာခဲ့ပါဘူး။

၁၄။ *ယုံကြည်မှု လှေလွဲခဲ့သူ*
**မျိုးသိခ်ကျော်(ဘုရင်)**
ဆောင်းပါးဆန်တဲ့ အတွေးကို ဝတ္ထုတစ်ပုဒ်လို ဖွဲ့နွဲ့

www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ဇာတ်ကြောင်းပြောစာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၅။ *ဝေဒနာ*

**နတ်စောင်း(ကျိုက်ထို)**

ခွေးတစ်ကောင်နေရာက ရေးထားပြီး ဇာတ်နာအောင် ဖန်တီးထားတဲ့စာမူ ဖြစ်နေပါတယ်။

၁၆။ *ရိုးမြေကျတိုင်*

**အေပရယ်ညိုညိုချော**

စာတမ်းဆန်ဆန် အခင်းအကျင်းဖြစ်ပြီး ရိုးစင်းတဲ့ တင်ပြပုံကြောင့် ဇာတ်မကြွလာပါဘူး။

၁၇။ *အန်တီမြ*

**မယ်လေး**

ဇာတ်ကောင်စရိုက် ဖော်ထားပုံကောင်းပေမဲ့ စကားပြေ၊ စကားပြော ရောနေသေးသလို စီကာစဉ်ကာ ပြောရမှာလည်း အချိတ်အဆက် အားနည်းနေပါတယ်။ ကြိုးစားပါဦး။ ကလောင်နာမည် 'မယ်လေး'က စာပေလောကမှာ ရှိထားနှင့်ပြီးဖြစ်တဲ့ ကလောင်နာမည် ဖြစ်ပါတယ်။ ကလောင်နာမည် ပြောင်းဖို့ အကြံပေးချင်ပါတယ်။

၁၈။ *ကျွန်တော့်ချစ်ဇနီး*

**ဒေးဗစ်မောင်မောင်**

အပြန်အလှန်စကားပြောကို အားပြုတဲ့ သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၉။ *အချစ်သည် အချိန်အခါကို လိုက်၍*

**မိုးယံဝင့်ထည်**

အပြန်အလှန်စကားပြောတွေ၊ ဆုံးမစာတွေနဲ့ ရေးဖွဲ့ထားတဲ့ အချစ်ဝတ္ထုဖြစ်နေပါတယ်။

၂၀။ *လက်ထပ်ခွင့်*

၂၁။ *ခွေးသားပေါက်များ ရောင်းရန်ရှိသည်*

**စံထိုက်သူ**

**လက်ထပ်ခွင့်** က ဆောင်းပါးဆန်တဲ့ အတွေးမျိုးဖြစ်ပြီး ဇာတ်ကောင်စရိုက် မပီပြင်လို့ အားနည်းသွားရပါတယ်။ **ခွေးသားပေါက်များ**…ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၂။ *အရောင်ပြယ်သက်တန့်*

၂၃။ *ဝရုန်တာ*

**မောင်ပိုင်(လေးမျက်နှာ)**

စာရေးကောင်းပါတယ်။ **အရောင်ပြယ်သက်တန့်** ကတော့ အချိတ်အဆက် အားနည်းသွားတယ်လို့ ယူဆရပါတယ်။ တင်ပြပုံကော အရေးအသားရော သင့်ပါတယ်။ *ဝရုန်တာ* ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၄။ *နေ့တွင်မခင် ညတွင်မွေး*

၂၅။ *အညတရဆောင်း*

**ပြုံးနွဲ့နွဲ့ဝါ**

**နေ့တွင်မခင် ညတွင်မွေး** ကတော့ ဇာတ်ကောင်စရိုက် ဖော်ထားတာ အလှည့်အပြောင်းလေးနဲ့ပေမဲ့ ဒီထက်ပိုပြီး ဘဝင်ကျကျ အဆုံးသတ်ပေးနိုင်ရင် ကောင်းမယ်လို့ ထင်ပါတယ်။ စာရေးကောင်းပါတယ်။ **အညတရဆောင်း** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်တဲ့ နောက်ထပ်စာမူတွေကတော့-

**မျိုးသည်မင်း** ရဲ့ *ပုစွန်ခြောက်လေးတစ်ကောင်*၊ **ဆောင်းခနှင်း** ရဲ့ *မကုမ္မာရီ*၊ **မေသက်ထားအောင်** ရဲ့ *ခရေတွေကြွေနေပြီ*၊ **အေးဇေဝင်း** ရဲ့ *အစာ*၊ **ခေတ်ကျော်စွာဝင်း(ရန်ကုန်စီးပွားရေးတက္ကသိုလ်)** ရဲ့ *ကျွန်မတို့ ကော်ဖီသောက်ခဲ့ကြသည်* တို့ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း)တင်ပေးလိုက်တဲ့ ဝတ္ထုတိုများထဲက ဆရာ မျိုးသည်မင်းရဲ့ 'ပုစွန်ခြောက်လေးတစ်ကောင်'ဝတ္ထုကို ဖတ်ရပါတယ်။ ဆရာ မျိုးသည်မင်းက တခြားမဂ္ဂဇင်းများမှာ ရေးသားနေတဲ့ ဆရာတစ်ဦးဖြစ်တယ်လို့ ယူဆပါတယ်။ ရွှေအသစ်ကဏ္ဍမှာ မပါဝင်သင့်ဘူးလို့ ယူဆတဲ့အတွက် ရွှေဝတ္ထုကဏ္ဍကို လွှဲပြောင်းပေးထားပါတယ်။*

*ဆရာမ မသီတာ(စမ်းချောင်း) ပြန်ပြင်ရေးခိုင်းတဲ့ ဝတ္ထုကို ဆရာ အေးဇေဝင်းက ပြန်ရေးပြီး ပို့ထားတဲ့ 'အစာ' ဝတ္ထုကို ဖတ်ရပါတယ်။ မြန်မာစာအရေးအသားမှာ တစ်ကောင်ကြွက်လို့သာ အသုံးအနှုန်းရှိပြီး ဆရာက တစ်ကောင်ကျွတ်လို့ ရေးထားတာဖတ်ရပါတယ်။ ကျွန်တော့်အနေနဲ့ အားမရပါ။*

*ဆရာ မောင်ပိုင်(လေးမျက်နှာ)ရဲ့ 'ဝရုန်တာ'ဆိုတဲ့ ဝတ္ထုက ဝရုန်တာတစ်ခုကနေ ပြန်ပြောတဲ့ သူ့ဇာတ်ကြောင်းဖြစ်ပါတယ်။ ကျွန်တော် မကြိုက်ပါ။*

*ဆရာမ ပြုံးနွဲ့နွဲ့ဝါ ရေးသားထားတဲ့ 'အညတရဆောင်း' ကိုလည်း အားမရတဲ့အတွက် ချန်လှပ်ထားခဲ့ပါတယ်။ ဒါကြောင့် ဒီလ ရွှေအသစ်များအဖြစ် ဆရာမ စံထိုက်သူရဲ့ 'ခွေးသားပေါက်များ ရောင်းရန်ရှိသည်'၊ ဆရာ ခေတ်ကျော်စွာဝင်း(ရန်ကုန်စီးပွားရေးတက္ကသိုလ်)ရဲ့ 'ကျွန်မတို့ ကော်ဖီသောက်ခဲ့ကြသည်'၊ ဆရာမ မေသက်ထားအောင်ရဲ့ 'ခရေတွေကြွေနေပြီ'၊ ဆရာမ ဆောင်းခနှင်းရဲ့ 'မကုမ္မာရီ'တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။* ■

**ဝင်းငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဖြေသက်ထားဖြောက်
# ခရေတွေကြွေနေပြီ

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ကျွန်တော် ခရေပင်အောက်မှာ ရောက်နေတာ ဘယ်မျှကြာနေပြီလဲ။ ထုံအီနေသော ပန်း၏ မွှေးရနံ့သည် ကျွန်တော့်သွေးကြောတွေထဲထိ စိမ့်ဝင်ပျံ့နှံ့နေသည်။ ထိုမှ တစ်ဆင့် ကျွန်တော့် နှလုံးသားဆီသို့ စီးဝင်နေသည်ဟု ခံစားနေရစေသည်။
ခရေသည် ကြွေစရာရှိတာကို ကြွေနေခြင်းဖြင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နေဟန် လှိုင်လှိုင်မြိုင်မြိုင် ကြွေနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုမော့ပြီး အပင်ပေါ်မှ ခရေပန်းများကို ကျွန်တော် လောဘတကြီး ကြည့်မိသည်။ ခရေပင်ပေါ်မှာ ကြွေဖို့ အရှိန်ယူနေသော ခရေများ၊ ပွင့်အာနေသော ခရေများ၊ ဖူးငုံစ,ခရေများကို တွေ့ရသည်။ ဘယ်မှာလဲ ကျွန်တော့် ခရေက...။

ထိုစဉ်မှာပဲ ကြွေကျလာသော ခရေတစ်ပွင့်က ကျွန်တော့်မျက်ခွံပေါ် ဖျတ်ခနဲ လာတင်ပြီးမှ မြေပြင်ပေါ် ခုန်ဆင်းသွားသည်။ မြေပြင်မှာလည်း ခရေပွင့်ကြွေတွေချည်းဖြစ်သည်။ ကျွန်တော့် ခရေက ဘယ်မှာလဲကွယ်။

ခရေရေ...။

ကျွန်တော် တမ်းတမ်းတတ မြည်တမ်းလိုက်မိသည်။ ခရေပွင့်များက ကျွန်တော့်အသံကို လျစ်လျူရှုနေကြသည်ထင်သည်။ ခရေ့ကိုတော့ ကျွန်တော့်အား ဂရုတစိုက်ရှိနေစေချင်သည်။

ဒါပေမဲ့ကွယ်၊ ခရေမှ မရှိတော့ဘဲ။

ကျွန်တော့် မျက်လုံးတွေကို မှိတ်လိုက်ပေမဲ့ ခရေ့ကို ထင်ထင်ရှားရှားမြင်နေရသည်။ နေရာမှာတင် ငုတ်တုတ်ထိုင်ချလိုက်သည့်အခါ ကြေကွဲဆို့နင့်မှုက ကျွန်တော့်ခန္ဓာကိုယ်ကို ဝါးမျိုသွားသလို ခံစားလိုက်ရသည်။

ခရေတွေ ကြွေနေပြန်ပြီ ခရေရေ။ ဒါပေမဲ့ ကျွန်တော့် တစ်ကိုယ်လုံးမှာ ခရေတွေ ဝေနေတယ် ခရေ။

❑

ကျောင်းစာသင်ခန်းတွေသည် ကျွန်တော့်အတွက်တော့ ခရေကြောင့် ပိုပြီး

ခေါင်းကို
မော့ပြီး
အပင်ပေါ်မှ
ခရေပန်းများကို
ကျွန်တော်
လောဘတကြီး
ကြည့်မိသည်
ခရေပင်ပေါ်မှာ
ကြွေဖို့
အရှိန်ယူနေသော
ခရေများ
ပွင့်အာနေသော
ခရေများ
ဖူးငုံစ
ခရေများကို
တွေ့ရသည်
ဘယ်မှာလဲ
ကျွန်တော့်
ခရေက. . .

ပျော်စရာကောင်းခဲ့သည်။ အတန်းထဲမှာ လစဉ်ကြေး၊ ကထိန်ကြေး၊ အချိန်ပိုကြေး ဘာပဲကောက်ကောက် အမြဲတစေ ပေးဖို့ နှောင့်နှေးမြဲ၊ ပျက်ကွက်မြဲဖြစ်သည့်အလျောက် အတန်းပိုင်ဆရာမ၏ မကြာခဏ နာမည်အော်တောင်းခံရသည့်အချိန်များနှင့် ဝေးရာဖြစ်သော ကျောင်းပြေးခြင်းနှင့်သာ ရင်းနှီးကျွမ်းဝင်ခဲ့သည့် ကျွန်တော့်အတွက် ခရေသည် မေခလာ ဖြစ်လာခဲ့သည်။

'ဘယ်လိုမှ သဘောမထားပါနဲ့၊ ခရေ့မှာ စုထားတဲ့ ပိုက်ဆံလေးရှိလို့ ယဉ်ကျော် လိုရင် ယူထားပါလား၊ သူငယ်ချင်းအချင်းချင်း တစ်တန်းတည်းသားအချင်းချင်း ကူညီတယ်လို့ သဘောထားပါ'

ကျွန်တော့်မျက်နှာကို ဒီလိုဖတ်လာခဲ့သူမှာ ခရေဖြစ်သည်။ ခရေနှင့် ကျွန်တော်သည် အတန်းထဲက နောက်ဆုံး ခုံတန်းနားလောက်တွင် ထိုင်ကြသည်။ ခရေက မိန်းကလေးတန်း၏ အစွန်ဆုံးတန်းမှာဖြစ်ပြီး ကျွန်တော်က ယောက်ျားလေးတန်း၏ အစွန်ဆုံးတန်းမှာ ဖြစ်သည့်အတွက် ကျွန်တော်နှင့် ခရေထိုင်ရာ ခုံနှစ်လုံးကြားတွင် လူသွားသာရုံ လမ်းလေးလေးပေခန့်မျှသာ ခြားသည်။

နီးကပ်မှုတွေကြောင့် ခရေက ကျွန်တော့်ကို ခင်မင်ခဲ့ခြင်းလား။ တစ်တန်းတည်းသားချင်းအနေနှင့် စာနာခဲ့ခြင်းလား။

သူမ ကမ်းပေးသော စာအိတ်ဖြူဖြူလေးကို ကျွန်တော် စိုက်ကြည့်နေမိသည်။ ထွင်းဖောက်ပြီး မမြင်ရသော စာအိတ်လေး၏ အောက်မှာ ငွေစက္ကူများ ပါဝင်နေလိမ့်မည်။ စာအိတ်လေးကို ကြည့်နေရင်းမှ ကျွန်တော့်ရင်ကို ဝေဒနာတွေ တိုးဝင်လာသည်။ မပြည့်စုံသော ဘဝအတွက် ကိုယ့်ကိုယ်ကို ရှက်ရွံ့မိသည်။ ငြင်းပစ်ရမည်ဟု ဆုံးဖြတ်လိုက်ပါလျက် ကျွန်တော့်လက်တွေက လှမ်းယူမိပြီး ဖြစ်သွားသည်။ 'မနက်ဖြန် နောက်ဆုံး၊ မင်းတစ်ယောက်တည်း ပေးဖို့ကျန်တော့တယ်နော်'

ဟူသော ဆရာမ စကားသံက ကျွန်တော့်အာရုံတွေဆီ ပြေးဝင်ဆောင့်လာသောကြောင့် ဖြစ်သည်။ ကျွန်တော် ခရေ့မျက်နှာကို အားတင်းပြီး ရဲရဲဝံ့ဝံ့ပင် ကြည့်လိုက်သည်။

ကြည့်စမ်း။ ဘယ်လောက်တောင် လင်းလက်တဲ့အပြုံးကို သူမ ပြုံးနေခဲ့တာလဲ။

ထိုနေ့မတိုင်ခင်က ခရေ့ကို သိပ်လှသော မိန်းကလေးတစ်ယောက်အဖြစ်သာ ကျွန်တော် မြင်ခဲ့သည်။ သိပ်လှသည်၊ ပိုက်ဆံရှိသည်၊ ကိုယ်နှင့်မဆိုင်။ သို့သော် ထိုမှစပြီး သိပ်လှသည်၊ ကြင်နာတတ်သည်၊ ကိုယ်နှင့်ဆိုင်သလို ခံစားသည်။ ထိုနေ့ညမှစပြီး ခရေသည် ကျွန်တော့် နတ်သမီး ဖြစ်လာခဲ့သည်။

ထိုညက ဗလာစာအုပ်၏ နောက်ကျောဖုံးမှာ ခရေမြင့်အောင် ဆိုသော သူမနာမည်တွေ အပြည့်ချရေးသည်။ ထို့နောက် ခပ်ဖွဖွ ငုံ့နမ်းလိုက်သောအခါ ခရေပန်းနံ့တွေကို ရှူရှိုက်လိုက်ရသလိုရှိသည်။

ထိုနေ့ကစပြီး ခရေ ကိုယ်တိုင် ချစ်သည်၊ မချစ်သည် မသိပါဘဲနှင့် ခရေပန်းကို ကျွန်တော် မက်မက်စက်စက် ချစ်သွားသည်။

❑

သံယောဇဉ်တွေ အပြန်အလှန်ရစ်တွယ်ပြီး ကျွန်တော်နှင့် ခရေတို့၏ အထက်တန်းကျောင်းသားဘဝ ကုန်ဆုံးသွားခဲ့သည်။ မနီးစပ်ကြသောဘဝတွေမှန်း ကျွန်တော့်ကိုယ် ကျွန်တော် မေ့နေအောင်ပင် ခရေက ကျွန်တော်တို့နှ[illegible]

www.burmeseclassic.com

ယောက်ကြားမှာ ခင်တွယ်မှု၊ ဖြူစင်သော မေတ္တာတို့နှင့် ဆက်နွယ်သော ညီမျှခြင်းတွေရှိနေသည့်အကြောင်းကို ဖွင့်ဆိုပေးခဲ့သည်။

ကျွန်တော်သည် အင်္ဂလိပ်စာအဝေးသင် တက္ကသိုလ်တက်ရင်း တစ်ဘက်မှ UN အဖွဲ့အစည်းတစ်ခုတွင် ဧည့်ကြိုကောင်တာ စာရေးအဖြစ် အလုပ်ဝင်သည့်အချိန်မှာ ခရေကတော့ စီးပွားရေးတက္ကသိုလ်တက်ရင်း သူမတို့အိမ် စီးပွားရေးဖြစ်သော မီနီမက်မှာ ဝင်ကူသည်။

ဒီလိုနှင့် အထက်တန်းကျောင်းတုန်းကလို နီးနီးကပ်ကပ် မရှိလှတော့ပေမဲ့ ခရေနှင့် ကျွန်တော်သည် ခင်တွယ်နေမြဲဖြစ်သည်။ ခရေ့အလှသည် ဖူးငုံစ ပန်းကလေးတစ်ပွင့်လို အလှမျိုးမဟုတ်တော့။ ခရေနှင့် တွေ့နေရသည့်အခါတိုင်းမှာ ခရေ့ကို လိုအပ်သော ခံစားချက်ကို ကျွန်တော် ခံစားရသည်။ ခရေသည် ကျွန်တော့်ဘဝဆိုတာ သေချာလာသောအခါ ကျွန်တော့်ဘဝကို ကျွန်တော် ပိုင်ဆိုင်ချင်လာသည်။

ခရေနှင့် ကျွန်တော့်ကြားမှာ ရှိနေသော အဖြူရောင် ပဝါလေးကို ကျွန်တော် အရောင်ပြောင်းလဲခဲ့သည်။ ခရေသည် ထိုအရောင်ကို နှစ်သက်ခဲ့သည့်အတွက်ကြောင့် ကျွန်တော်နှင့် ခရေ ချစ်သူတွေ ဖြစ်လာခဲ့သည်။

ခရေနှင့် ချစ်ခွင့်ရခဲ့ခြင်းသည် ကျွန်တော့်ဘဝ၏ ပျော်ရာကောင်းသော ဆုလာဘ်တစ်ခုဖြစ်သည်။ မပြည့်စုံသော ကျွန်တော့်ဘဝမှာ ပြည့်စုံခြင်းသည် ခရေသာ ဖြစ်လိမ့်မည်။ တစ်ခါတစ်ရံမှာတော့ ကျွန်တော်သည် ခရေနှင့်တွေ့ရတာ လိပ်ပြာမလုံဟု ခံစားရသည်။ သူငယ်ချင်းဘဝ၊ ချစ်သူဘဝတစ်လျှောက်လုံး ခရေသည် ပေးသောလက်ဖြစ်ပြီး၊ ကျွန်တော်သည် ယူသောလက် ဖြစ်သည်။ လခလေးထုတ်လျှင်လည်း ပင်စင်စား ဖေဖေ၊ အိမ်ရှင်မ မေမေနှင့် ကျောင်းတက်ဆဲဖြစ်သည့် ညီ၊ ညီမနှစ်ယောက်၏ မျက်နှာများကို ကြည့်ပြီး ခရေ့အတွက်ဆိုသော အတွေးသည် အတွေးထဲမှာသာရှိပြီး လက်တွေ့တော့ ဖြစ်မလာခဲ့ပါ။

နှစ်တွေ၊ လတွေကို အချိန်ဆိုသော ယန္တရားကြီးက တိုက်စားလာခဲ့သည်။ ပြောင်းလဲခြင်းတွေကြားက မပြောင်းလဲခြင်းသည် ကျွန်တော်တို့နှစ်ယောက်၏ ကွာဟသော လူနေမှုအခြေအနေ ဖြစ်သည်။ ကြာလာတော့ ခရေ့လက်ဆောင်များကို ကျွန်တော် လက်မခံလိုတော့။ ခရေခေါ်သွားသည့် ဆိုင်တွေမှာလည်း မထိုင်ချင်တော့။ ခရေ့ကို ချစ်ခင်နေလျက်နှင့်ပင် ကျွန်တော်သည် ခရေနှင့် တစ်စတစ်စ ဝေးလာသလို ခံစားရသည်။ ခရေ့ကို ဆယ်ကျော်သက်ဘဝတုန်းကလို ကယ်တင်ရှင်တစ်ယောက်လို မမြင်တော့။ ခရေ့အကူအညီများကို လက်မခံလိုတော့။ ခရေ့ဂရုစိုက်မှုများအောက်မှာလည်း ကျွန်တော် အသက်ရှူကျပ်လာခဲ့သည်။ ဘာကြောင့်မှန်းမသိ၊ ခရေ့အလှကလည်း ကျွန်တော့်ကို မဖမ်းစားစေနိုင်တော့။

ဒီလိုနှင့် ခရေ့ကို ရှောင်ဖယ်လို့ ရှောင်ဖယ်မှန်းမသိဘဲ ရှောင်ဖယ်မိသည်။ ခရေနှင့် ဝေးရမှာကြောက်ခဲ့သော ကျွန်တော်သည် တဖြည်းဖြည်းနှင့် ခရေနှင့်ဝေးသောဘဝမှာ ပျော်မွေ့လာသည်။

❑

ကြယ်စင်ဟာ တကယ်ပဲ အဖြူရောင် ဟုတ်သလား၊ မဟုတ်သလား ကျွန်တော် မသိပါ။ သို့ပေမဲ့ ကြယ်စင်ဖြူသည် ကျွန်တော့်အတွက်တော့ ဖြူဖြူစင်စင် ကောင်မလေးဖြစ်သည်။ ဘွဲ့ရပြီးလို့ ကျွန်တော် Admin Assistant (စီမံခန့်ခွဲရေးဆိုင်ရာလက်ထောက်)အဖြစ် ရာထူးတက်သွားချိန်မှာ ကြယ်စင်ဖြူသည် ကျွန်တော့် ရာထူးဟောင်းဖြစ်သည့် ဧည့်ကြိုကောင်တာစားပွဲမှာ ထိုင်သည့် ကောင်မလေးအဖြစ် ကျွန်တော့်နေရာကို ရောက်လာခဲ့သူ ဖြစ်သည်။

ကြယ်စင်သည် ကျွန်တော့်လိုပင် လူပ်ရှားရုန်းကန်ရသော မိသားစုမှ ကြီးပြင်းလာသည့် ကောင်မလေး ဖြစ်သည်။ နေ့လယ်စာ ထမင်းစားချိန် ထမင်းစားခန်းထဲမှာ အိမ်က ထမင်းဘူး ထုတ်လာပြီး စားမြဲဖြစ်သည့် ကျွန်တော်တို့နှစ်ယောက် အချင်းချင်း ရင်းနှီးကျွမ်းဝင်လာခြင်းသည် အထူးအဆန်းတော့ မဟုတ်ပါ။ အပိုမသုံးမိစေရန် အတတ်နိုင်ဆုံး ခြိုးခြံချွေတာသော ကျွန်တော်တို့နှစ်ယောက်၏ ထမင်းဘူးထဲမှ ဟင်းများသည် မြိုင်မြိုင်ဆိုင်ဆိုင်မဟုတ်ပေမဲ့ ဟင်းတွေလဲလှယ်ပြီး နှစ်ယောက်အတူ ရယ်ရယ်မောမော စားရတာ ပျော်ဖို့ကောင်းသည်။ ရုံးဆင်းလျှင်လည်း တစ်ခါတစ်ရံ ကြယ်စင်နှင့်အတူ ရုံးနှင့် မလှမ်းမကမ်းမှာ ရှိသော အအေးဆိုင်မှာ ထိုင်ဖြစ်သည်။ ရင်ပူရသော မိသားစုအတွင်းရေးများကို ဖလှယ်ဖြစ်ကြပေမဲ့ အဆုံးမှာ ပေါ့ပေါ့ပါးပါး ရယ်မောခြင်းဖြင့်သာ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်နိုင်ကြသည်။

ကြယ်စင်သည် ခရေ့ထက် ငယ်ရွယ်သူ ဖြစ်သည်။ ခရေ့ထက် ပွင့်လင်းပေါ့ပါးသည်ဟု ကျွန်တော် မြင်သည်။ ခရေက အနေတည်သလောက် အပြုံးချိုချိုလေး ဆင်မြန်းထားတတ်သည့် မျက်နှာထားနှင့် ကြယ်စင်သည် ရွှင်ပျသွက်လက်သူ ဖြစ်သည်။ ခရေပြောသည့် စီးပွားရေးအကြောင်းတွေ ကျွန်တော် နကန်းတစ်လုံးမှ နားမလည်ချိန်မှာ အင်္ဂလိပ်စာအထူးပြုဘာသာရပ် နောက်ဆုံးနှစ်ကျောင်းသူဖြစ်သည့် ကြယ်စင်နှင့်အတူ ကျွန်တော်တို့နှစ်ယောက် စာအကြောင်းပေအကြောင်း ဆွေးနွေးနိုင်သည်။

ခရေနှင့် နီးစပ်ဖို့၊ ဘဝတစ်ခုတည်ဆောက်ဖို့ ကျွန်တော့်ဘက်က ဘယ်လောက်ထိ ကြိုးစားရဦးမှာလဲ။ ကျွန်တော်သည် ခရေနှင့် သင့်တော်သော အိမ်ထောင်ဖက်တစ်ယောက်ဖြစ်ဖို့ ဘယ်မျှအားထုတ်ရဦးမည်လဲ။

www.burmeseclassic.com

www.burmeseclassic.com

> ခရေ့ထံမှ
> ဖုန်းခေါ်သံကို
> ကြားလိုက်ရသော
> အခိုက်မှာ
> ကျွန်တော်
> နေထိုင်ရာ
> ကမ္ဘာကြီးမှာ
> ရှိသမျှ
> ပန်းတွေ
> အားလုံး
> ပွင့်ကုန်သည်ဟု
> ခံစားလိုက်ရသည်

အတွေးထဲမှာပင် ပန်းတိုင်ထားကြည့်လို့မရသဖြင့် မကြာခဏရပ်ပစ်ရသော စိတ်ပင်ပန်းမှုများကို ကျွန်တော် အပြီးတိုင်အဆုံးသတ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်ဘဝအတွက် လက်တွေ့ကျသည့်ကောင်မလေးမှာ ကြယ်စင်သာ ဖြစ်သည်။

ဘဝ၏ လိုအပ်ချက်များသည် အသက်အရွယ်နှင့် အလိုက်ပြောင်းလဲမှုရှိကြောင်း ခရေ့ကို ပြောသည့်နေ့မှာ ခရေ့မျက်နှာကို ကျွန်တော် မကြည့်ရက်၊ ကြည့်ရက်နှင့် ကြည့်နေမိသည်။ ခရေသည် အရင်ကလို မလှတော့ပါ။ ဆံပင်တွေကို ဖြစ်သလို စုစည်းထားလျက် စီးပွားရေးလုပ်ငန်းထဲမှာ အချိန်တွေကို နှစ်မြှုပ်ထားရသည့်အတွက် စိတ်ပင်ပန်းသည် ထင်သည်၊ ခရေ့မျက်နှာမှာ နွမ်းလျလှသည်။ တကယ်တော့ ခရေနှင့် မတွေ့ဖြစ်တာ သုံးလလောက်ကြာမှ ခရေ့ကို လမ်းခွဲစကားပြောဖို့ ကျွန်တော် ချိန်းခဲ့ခြင်းဖြစ်သည်။ ခရေချိန်းတိုင်း ကျွန်တော် အကြောင်းပြချက်တစ်ခုခုနှင့် ငြင်းမြဲဖြစ်သည့်အလျောက် ထိုသုံးလမြောက်သောလမှာ ကျွန်တော် ချိန်းဆိုသည့်နေရာကို ရောက်လာသည့်အချိန် ခရေသည် ကျွန်တော်ပြောမည့်စကားကို မှန်းဆပြီးဟန်ရှိသည်။ ဒါကြောင့် ခရေ့မျက်နှာ ပိုညှိုးနေသလားမသိပါ။

ခရေသည် ခရေပေမဲ့ ကျွန်တော့်အတွက်တော့ တော်ဝင်ပန်းတစ်ပွင့်ဖြစ်ခဲ့သည့် အကြောင်းပြောတော့ ခရေသည် နှုတ်ဆိတ်နေခဲ့သည်။ တော်ဝင်ပန်းသည် အညတရနှင့် မထိုက်တန်ကြောင်း ခရေ့ကို ကျွန်တော် ပြောမိသည်။ ခရေ့မျက်နှာမှာ အပြုံးတစ်ပွင့်မျှ ရှိမနေခဲ့ပါ။ ခရေသည် ကျွန်တော့်စကားများကို ခွန်းတုံ့မပြန်သလို အယူခံဝင်သောစကားများကိုလည်း ပြောမနေခဲ့ပါ။ ခရေသည် နာကြည်းဟန်ကို မပြသလို နာကျင်ဟန်လည်း မပြပါ။ ကျွန်တော် ခရေ့ကို တောင်းပန်မိသည်။ ခရေသည် ကျွန်တော့်စကားများကို ဆုံးသည့်အထိ နားထောင်ပြီးမှ တိတ်ဆိတ်စွာ ပြန်သွားသည်။ ခရေဘာတွေ တွေးသွားသလဲ ကျွန်တော် မသိလိုက်ပါ။

တော်ဝင်ပန်းသည် အညတရနှင့် မထိုက်တန်ကြောင်းကို ကျွန်တော် ဘာလို့ ဒီမျှ အချိန်ကြာမှ သိခဲ့သလဲဟု မမေးခဲ့သည့်အတွက် ကျွန်တော် ခရေ့ကို ကျေးဇူးတင်မိသည်။

ထို့နောက်တွင်တော့ ကြယ်စင်နှင့်အတူ အချစ်အကြောင်းပြောနေခဲ့သော နေ့ရက်များကြားတွင် ခရေတွေအကြောင်းကို ကျွန်တော် မေ့ထားလိုက်နိုင်သည်။

❑

ညီမျှခြင်းတွေအကြောင်းကို အမိပ္ပာယ်ဖွေရှာရင်း ချခဲ့သော ကျွန်တော့်ဆုံးဖြတ်ချက်များကို ဟားတိုက်သရော်လိုက်သော မင်္ဂလာဖိတ်စာလေးသည် ကြယ်စင် ကုမ္ပဏီတစ်ခုသို့ အလုပ်ပြောင်းသွားအပြီး တစ်နှစ်အကြာမှာ ကျွန်တော့်ထံ ရောက်ရှိလာခဲ့သည်။ ကြယ်စင့် သတို့သားသည် ထိုကုမ္ပဏီ၏ Logistic Manager (ထောက်ပံ့ပို့ဆောင်ရေးမန်နေဂျာ)ဖြစ်သည်။ ထိုသူကို သူမဘဝအတွက် လှေကားထစ်တစ်ခုအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ကြယ်စင်ပြောသည့်အခါ ကျွန်တော့်ရင်ထဲက ညီမျှခြင်းတွေ ဖောက်ထိုးမိုးမျှော်ဖြစ်ကုန်သည်။ ကြယ်စင့်ကို ကျွန်တော် အပြစ်မတင်ပါ။ ကြယ်စင့်ကို ဆုံးရှုံးရသည့်အတွက်လည်း ကျွန်တော်တမြည့်မြည့်ပူလောင်မနေပါ။ တိတ်ဆိတ်စွာ ကျွန်ရစ်ခဲ့သောဘဝမှာ ကျွန်တော်သည် အေးမြသော ခရေပင်ရိပ်နှင့်တူသည့် ခရေ့အချစ်ကိုသာ အပြင်းအထန် လွမ်းဆွတ်မိသည်။ ခရေသည် ကျွန်တော့်အတွက် အစစအရာရာပြည့်စုံခြင်းဖြစ်ပါလျက်နှင့် ကျွန်တော်သည် မပြည့်စုံခြင်းကိုသာ ထဲထဲဝင်ဝင် ရှာဖွေရင်း ခရေနှင့်အတူ မပျော်ရွှင်နိုင်ခဲ့သောအဖြစ်ကို နောင်တရမိသည်။

ရုံးချိန်ပြင်ပအချိန်တွေမှာ ကျွန်တော့်ဘဝ၏ အတွေးငရဲဘုံထဲကို ခုန်ဆင်းမိသည်။ ကျွန်တော်သည် ခရေနှင့် ကျွန်တော်တို့ အတူတကွ ပိုင်ဆိုင်ခဲ့သော ဖြူစင်လှပသည့် နေ့ရက်တွေကို နာကျင်စွာ အဖန်တလဲလဲ သတိရမိသည်။ ကျွန်တော်မှားပြီဟု အကြိမ်ကြိမ် ရေရွတ်မိပေမဲ့ ကျွန်တော့်အမှားကို ပြင်ဆင်ဖို့ အခွင့်အရေးကို မမြင်နိုင်တော့ပါ။ ခရေ ကျွန်တော့်ဘဝထဲကို နောက်တစ်ကြိမ် ပြန်ဝင်လာပါစေဟူသော ဆုတောင်းနှင့်အတူ ကျွန်တော် ညအိပ်ရာဝင်သည်။

❑

ခရေ့ထံမှ ဖုန်းခေါ်သံကို ကြားလိုက်ရသောအခိုက်မှာ ကျွန်တော် နေထိုင်ရာ ကမ္ဘာကြီးမှာ ရှိသမျှပန်းတွေအားလုံးပွင့်ကုန်သည်ဟု ခံစားလိုက်ရသည်။ ခရေဟာ ကျွန်တော့်ဒုက္ခတွေကို နားလည်နေနိုင်သူ၊ ကျွန်တော့်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေခဲ့သူပါလား။ ခရေ ကျွန်တော့်ကို မမေ့သေးပါလား။ ကျွန်တော့်ပူလောင်သောကတွေကို ခရေ ခံစားသိနေခဲ့သလား။

www.burmeseclassic.com

'ယဉ်ကျော်လား၊ ခရေတို့အိမ်ကပါ'

ဖုန်းကိုင်လိုက်သောအခါ ခရေ မဟုတ်သော တခြားတစ်ယောက်၏ အသံက ကျွန်တော့်အာရုံတွေကို တိမ်းတိမ်းစောင်းစောင်း ဖြစ်သွားစေသည်။ နောက်ဆက်တွဲ စကားသံကတော့ ကျွန်တော့်နှလုံးသားတစ်ခုလုံးကိုပါ တိမ်းစောင်းသွားစေခဲ့သည်။

❑

အပင်ပေါ်မှာ ပန်းတွေဝေနေသည့်အခါ ဘယ်လိုလှကြောင်း၊ သူမ ဘယ်လိုနှစ်သက်ကြောင်း ပြောခဲ့ဖူးသည့် ကျွန်တော့်ခရေသည် ပန်းတွေကြွေခဲ့လျှင် ဟူသော အကြောင်းအရာနှင့် ပတ်သက်၍ ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောမသွားခဲ့ပါ။

ခရေပင်အောက်မှာ ကျွန်တော် ခရေပွင့်ကြွေတွေကိုကောက်ပြီး သီနေမိသည်။ အတုန်တုန်အယင်ယင်ဖြစ်နေသော ကျွန်တော့်လက်တွေက ခရေပွင့်တွေကို ကောက်ကိုင်လိုက်တိုင်း လှုပ်ယမ်းနေကြသည်။ ခရေတစ်ပွင့်စီမှာ ခရေနဲ့ ပင့်သက်တစ်ရှိုက်စီပါဝင်သယောင် ထင်မိသဖြင့် ကျွန်တော် မရပ်မနား သီနေခြင်းဖြစ်သည်။ အချိန်အတန်ကြာသည်အထိ ခရေပွင့်တွေကို ကျွန်တော် ကောက်မနိုင်၊ သီမနိုင်ပါ။

ကျွန်တော့်အာရုံမှာ ပြည့်နှက်နေသော ခရေပုံရိပ်တွေက ကျွန်တော့်ရင်ကို အစိမ်းလိုက် ခွဲခြေနေသလိုခံစားရစေသည်။ ခရေတဖြည်းဖြည်း ပိန်လာတာတွေ၊ ခရေမျက်နှာ မစိုမပြည်ဖြစ်လာတာတွေ ကျွန်တော် ဘာတစ်ခုမှ ခရေအတွက် စိုးရိမ်ပူပန်မှုတွေ မထားခဲ့မိပါလား။ ခရေဟာ ဝေဒနာတွေကြားကပင်၊ နေမကောင်းသည့်ကြားကပင် ကျွန်တော့်လိုအင်တွေကို ဖြည့်စွမ်းပေးခဲ့ပါလားဆိုတာကိုလည်း ကျွန်တော် မသိနိုင်ခဲ့ပါ။ ကျွန်တော် လိုအပ်သည့်အချိန်တိုင်းမှာ ခရေက ကျွန်တော့်အတွက် အဆင်သင့်ရှိခဲ့ပေမဲ့ ခရေ ကျွန်တော့်ကို လိုအပ်သည့်အချိန်မှာ ကျွန်တော်ကတော့ ခရေနှင့် အဝေးဆုံးကို ရောက်နေခဲ့သည်။ ကျွန်တော် ခရေ့ကို တောင့်တောင့်တတဖြစ်ခဲ့သလို ခရေဟာလည်း ကျွန်တော့်ကို မျှော်နေခဲ့ဖူးမှာပဲ။ ဘဝရဲ့ နောက်ဆုံးအချိန်တွေကို ခရေ ဘယ်လိုကျော်ဖြတ်သွားခဲ့သလဲ။ ခရေ့ဝေဒနာတွေကို ပုံမဖော်ရက်နိုင်သဖြင့် ကျွန်တော် ငိုကြွေးမိသည်။ ကျွန်တော့် နောင်တတွေအတွက် ဖြေစရာမတွေ့သဖြင့် ကျွန်တော် ငိုကြွေးမိသည်။

ခရေမို့လို့ အကြွေလွယ်တာလား ခရေရယ်။ ခရေတွေကြွေသလို ကျွန်တော့်နှလုံးသားလည်း တစ်စစီပဲ့ကြွေနေပြီ ခရေ။

ကျွန်တော့်အသံကို ကြားနိုင်မှာ မဟုတ်တော့သည့် ခရေသည် ပန်းတွေကြွေခဲ့လျှင် ဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်းသည့် ကျွန်တော့်မေးခွန်းများကိုလည်း ပြန်လည်ဖြေဆိုနိုင်တော့မည် မဟုတ်ပါ။

■

**မေသက်ထားအောင်**

## ၂၀၁၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်နေ့အထိ

(၁) ပန်းမြတ်မော်(အနုပညာတက္ကသိုလ်) *မြေးအနှစ်* ၊-၊ (၂) တေဇလင်း(နည်းပညာတက္ကသိုလ်) *ဆုံမှတ်မဲ့မြစ်တစ်စင်း၏ ရှိုက်သံ* ၊-၊ (၃) သျှားလူ *မိုးအောက်မြေတန်ခိုးတောက်ဝေ* ၊-၊ (၄) အောင်ပိုက် *ဆောင်းသီးနှံ စားကြသူများ* ၊မန္တလေး၊ (၅) ခိုင်လေး(ရွှေတောင်) *ဆွဲကြိုးမျှင်မျှင်လေး* ၊-၊ (၆) မိုးဟန်ဂွန် *ပုံမှန်မဟုတ်သော နေဝင်ချိန်* ၊ရန်ကုန်တိုင်း၊ (၇) အေးမင်းထွန်း၏ *မျက်ရည်ရည် ဘယ်မှာခမ်း* ၊မန္တလေး၊ (၈) လူဦးမင်း(ညောင်လေးပင်) *မီးထဲမှာ* ၊ပဲခူးတိုင်း၊ (၉) အဂ္ဂ(ဆေး-မကွေး) *လွယ်ယုတ်မာ* ၊မကွေး၊ (၁၀) ပန်းမြတ် သော်တာ *နှင်းကွဲချိန်* ၊ရွှေပြည်သာ၊ (၁၁) ဆောင်းခနှင်း *ကြွေလမ်းတလျှောက်* ၊မန္တလေး၊ (၁၂) လွမ်းနောင်မိုး *ကာလတစ်ခုရဲ့ မှတ်တမ်း* ၊-၊ (၁၃) နဒီသင်း(ကုန်းဇောင်း) *ပွဲတင်ထပ်သံ လှိုင်းလိုထန်* ၊မကွေးတိုင်း၊ (၁၄) မိုးဦးနေ *ဆီးဆော* ၊ဖားကန့်၊ (၁၅) ညီစောရန်နောင် *ကောသလရဲ့ဆောင်ခြမ်းပေါ်ချိန်* ၊လှိုင်၊ (၁၆) နဒီသင်း(ကုန်းဇောင်း) *အမေ့ သားလေး ပြန်လာသည်* ၊-၊ (၁၇) သက်နိုင်(ဂျီတွော) *လုပ်စား* ၊-၊ (၁၈) ခင်ရွှေမောင်(အဘသား) *အနွေးထည်* ၊ရခိုင်ပြည်နယ်၊ (၁၉) မောင်မောင်သွင်(ဒေးဗစ်မောင်) *အုတ်ကြားက မြက်ပင်* ၊မကွေးတိုင်း၊ (၂၀) ယဉ်မင်းအေး *လရောင်လွှမ်းတဲ့ ပန်းပင်လယ်* ၊ပြင်ဦးလွင်၊ (၂၁) မျိုးကျော်ကျော်(ကအရှေ့ကအကွရာ) *မေမေ့ကျေးဇူး မြင့်မိုရ်ဦး* ၊နေပြည်တော်၊ (၂၂) ဖြိုးဝင့်မွန်ကျော်(ဇင်ငြိမ်းမွန်) *စစ်မှန်တဲ့ ချစ်ခြင်းတရား* ၊-၊ (၂၃) မသီတာထွေး(ဗေဒါခင်) *ရွှံ့ရုပ်နွားလေးနှစ်ကောင်* ၊မန္တလေး၊ (၂၄) မိုးကျော်စိုး *တမာနုချိန်* ၊ပဲခူးတိုင်း၊ (၂၅) မိုးကျော်စိုး *အစွဲ* ၊ပဲခူးတိုင်း၊ (၂၆) ကိုလင်းအောင်(လက်ပုကန်) *ကွန်ငြိပင်လယ်* ၊စစ်ကိုင်းတိုင်း၊ (၂၇) သဉ္ဇာလှိုင်(လားရှိုး) *မရွာသောမိုး* ၊ရှမ်းပြည်နယ်၊ (၂၈) လွမ်းနောင်မိုး *ဆောင်းတစ်ခိုက်ပုံပြင်* ၊-၊ (၂၉) ညီလင်းအိမ် *အဝါရောင်သစ်သီး* ၊ပခုက္ကူ၊ (၃၀) အောင်လတ်(သာစည်) *ဇာတ်သိမ်းနှစ်ခု၏ တန်ဖိုး* ၊မန္တလေးတိုင်း၊

■

*အေးမြတ်မြတ်ချို ပြုစုသည်။*

www.burmeseclassic.com

*ရုပ်ဝတ္ထုများ
တိုးတက်လာသည်နှင့်အမျှ
လူငယ်တချို့၏ အတွေးအခေါ်များက
Sex(ဆက်စ်)ကိစ္စမှာလည်း
ခေတ်မီလာကြသည်။*

၁။

ကျွန်မအသက် ဆယ့်ခြောက်နှစ်မှာ ရည်းစား စ,ထားသည်။ အမေကတော့ ပြောခဲ့သည်ပဲ။ ညည်း အသက် ငယ်သေးသည်။ ရည်းစားထားရမည့်အရွယ် မဟုတ်သေးဘူးတဲ့လေ။ ပညာသင်ရမည့်အရွယ်ဟု ဆုံးမခဲ့သည်။ ကျွန်မကတော့ ကိုယ့်ကိုယ်ကို နောက်တောင် ကျနေပြီဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မလောက် အရွယ် မရောက်သေးသည့် ကောင်မလေး တော်တော်များများတောင် ရည်းစားခိုးထားနေကြပြီ။ မိဘများအမြင်မှာတော့ ကလေးပေါ့။ အဲသည် အထဲမှာ ကျွန်မမိဘများလည်း ပါဝင်ခဲ့သည်။ လက်ရှိ ကျွန်မ ဆယ်တန်းတောင် အောင်မြင်ပြီးသွားပြီလေ။

ရည်းစားတစ်ယောက်လောက်ကတော့ ရှိသင့်သည်လို့ ထင်ပြီ။ သူ(မောင်)နှင့် ကျွန်မ တက္ကသိုလ်ပထမနှစ်မှာ စတွေ့ခဲ့သည်။ ကျွန်မတို့နှစ်ယောက်က တစ်မေဂျာတည်းပါ။ သူက နယ်ကလည်းဖြစ်သည်။ ရန်ကုန်မှာ အဆောင်မှာနေ၍ ကျောင်းလာတက်သည်။ စိတ်သဘောထား ကောင်းသည်။ စကားပြောလျှင် အေးဆေး၍ အမြဲပြုံးနေတတ်သည်။ ကျွန်မအပေါ်မှာလည်း ကြင်နာတတ်သော ယောက်ျားတစ်ယောက်ဖြစ်ခဲ့သည်။ တော်တော်များများ ကျွန်မနှင့် စိတ်သဘောထားချင်း တိုက်ဆိုင်ကြသည်။ တစ်ခုပဲ မဆိုစလောက်လေးပါ။ သူက တစ်ဖက်လူ၏ အပေါ်ယံ အဆင်တန်ဆာနှင့် အပေါ်ယံစကားများကို အားကျလွယ်တတ်သည်။ ကျွန်မကတော့ လက်တွေ့သမားတစ်ယောက်လုံးလုံး မဖြစ်ခဲ့လျှင်တောင် နီးစပ်သည်။ လူတစ်ယောက်ကို လွယ်လွယ်လည်း



ခင်ကျော့မွှာဝင်း (ရန်ကုန်စီးပွားရေးတက္ကသိုလ်)

## ကျွန်မတို့ ကော်ဖီသောက်ခဲ့ကြသည်

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ww.burmeseclassic.com

အထင်မကြီးတတ်သလို လွယ်လွယ်လည်း အထင်မသေးတတ်။ အဆိုးဆုံးက မစားရဝခမန်း စကားများကို ရှေ့မှာပြောနေလျှင် ခေါင်းထဲမှာ ပေါ်လာတတ်သည်က ဖတ်ချင်သော စာအုပ်များနှင့် ဖတ်ထားသော စာအုပ်များပင်။ စာအုပ်တစ်အုပ်က လူတစ်ယောက်၏ အနာဂတ်များကို အကောင်း၊ အဆိုး ပြုပြင်ပေးနိုင်သည်မဟုတ်လား။

အဲသည်ကြောင့် သူ့ကိုလည်း စာဖတ်ဖို့ အမြဲပြောပြသည်။ သို့သော် သူက စာဖတ်ဖို့ ပျင်းသည်။ တစ်ကြိမ်၊ နှစ်ကြိမ်တော့ တိုက်တွန်းကြည့်မိသည်။

'မောင် အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် စာဖတ်ဖို့ အသေပျင်းတယ် ချစ်'

ကျွန်မ နားလည်သည်။ သည်ကိစ္စက သူတစ်ယောက်တည်းမှ မဟုတ်တာလေ။ ခုခေတ် ကျွန်မတို့အရွယ် လူငယ်တော်တော်များများက စာဖတ်ကြဖို့ ပျင်းလာသည်က မဆန်းတော့ပါ။ ကျွန်မကိုယ်တိုင်လည်း စာအုပ်ကြီးဖတ်တတ်သော လူငယ် မိန်းကလေးထဲမှာ မပါပါ။ သို့သော် မဖတ်သည့်လူငယ်ထက် ယှဉ်လျှင် ကျွန်မက စာဖတ်သည်ဟု ဆိုရမည်ပင်။

❑

၂။

သူ့မိဘများက ပိုက်ဆံရှိ၍ သူတောင်းသလောက် ပိုက်ဆံကို နယ်က လွယ်လင့်တကူ ပို့ပေးနိုင်သည်။ သူကလည်း ခေတ်မှာ ပေါ်လာသော အဝတ်အစားများကို ဝယ်ဝတ်တတ်သည်။ ကျောင်းသားတစ်ယောက်က အဲလောက်ထိ အဝတ်အစားများကို မဝတ်ဖို့ ပြောသောအခါမှာ–

'ချစ်နဲ့သွားရင် မောင် ဂုဏ်မငယ်ဖို့ ဝတ်တာလေ။ ပြီးတော့ မောင်တို့အဆောင်မှာက အဝတ်အစားဝတ်တာ အပြိုင်အဆိုင်များတယ်လေ။ အဝတ်အစားတွေကလည်း ဘရန်းဝတ်တာများကြတယ် ချစ်'

တကယ်တော့ ကျွန်မ အဲသည်စကားကို မကြိုက်ပါ။ သူနှင့် အမြဲ ငြင်းခုံရသည်။ ခုလည်း ငြင်းခုံရပြန်သည်။

'ဒီမှာ မောင်၊ ဘရန်းမရှိတဲ့လူကသာ ဘရန်းကို သုံးစွဲတာ၊ ဘရန်းရှိတဲ့လူက ဘယ်တော့မှ ဘရန်းကို ငွားမသုံးတတ်ဘူး။ ကိုယ်တိုင် ဘရန်းကို တည်ဆောက်တယ်။ မောင်သာ စာဖတ်မယ်ဆိုရင် ဘရန်းရဲ့အဓိပ္ပာယ်ကို နားလည်မှာပါ'

'ချစ်စကားပြောတာ နည်းနည်းတော့ ရင့်သွားပြီ၊ မောင့်ကို ထိခိုက်သွားပြီ။ မောင့်မှာရှိလို့ မောင်ဝတ်တာလေ။ တချို့ ဘော်ဒါတွေဆိုရင် မောင့်ဆီကတောင် ငှားပြီး ဝတ်ရသေးတယ်။ ဂုဏ်တောင်ယူရသေးတယ်'

'အဝတ်အစားဆိုတာ လိုအပ်သလောက်ပဲ ဝတ်တာကောင်းတယ် မောင်။ ဂုဏ်ယူဖို့ ဝတ်စရာမလိုဘူးလေ။ ကြွားစရာမလိုဘူးလေ။ အခုဟာက မောင်က လိုအပ်တာထက် အိုဗာဖြစ်သွားပြီ။ တခြားမိန်းကလေးတစ်ယောက်အနေနဲ့ သူ့ချစ်သူကောင်လေး အဝတ်အစားဝတ်နိုင်တာကို အများတကာအလယ်မှာ ဂုဏ်ယူချင်စရာကောင်းနေပေမဲ့ ကျွန်မအတွက်ကတော့ ဖတ်နေတဲ့ စာအုပ်တစ်အုပ်လောက်တောင်အထင်မကြီးဘူး မောင်'

သည်တစ်ကြိမ်တော့ သူနှင့် ကျွန်မ အကြီးအကျယ် စကားများကြသည်။ သူက ပြောလာသည်။ သူဝတ်သည်ကို မနာလိုလို့လားတဲ့လေ။ သူ့ကို စကားပြန်ပြောချင်စိတ်ကုန်သွားသည်။ အဲသည်နေ့ကစ၍ သူနှင့်ကျွန်မ အဝတ်အစားဝတ်သည်နှင့် ပတ်သက်၍ ဘယ်တော့မှ စကားမပြောကြတော့။

❑

၃။

တစ်နေ့… သူက အလုံပိတ်တဲမှာ ကော်ဖီသွားသောက်ဖို့ ပြောလာသည်။ သူတို့အဆောင်မှ သူငယ်ချင်းအတွဲများကလည်း အဲသည်မှာ ကော်ဖီသွားသောက်ကြသည်။ စိတ်လှုပ်ရှားစရာကောင်းသည်။ ကော်ဖီတစ်ခွက်၏ အဓိပ္ပာယ်ကို အဲသည် အလုံပိတ်တဲလေးမှာ လွတ်လပ်စွာဖြင့် ပုံဖော်၍ ရနိုင်သည်ဟု ပြောလာ၏။ အဲသည်စကားလုံးများကလည်း သူ၏ အပေါင်းအသင်းများဆီက စီးဆင်းလာခဲ့ကြသည်ကို ကျွန်မ သိနေပြီးသားပါ။

သို့သော်…

ကျွန်မ သဘောတူလိုက်သည်။ အဲသည် အလုံပိတ်တဲကော်ဖီဆိုင်များက ကျွန်မတို့၏ တက္ကသိုလ်ကြီးများနှင့် သိပ်မဝေးလှပါ။ ကျွန်မတို့ ရောက်သွားသောအခါ အဲသည် လမ်းကြားမှ စုံတွဲတစ်တွဲ ထွက်လာသည်ကို သတိထားမိလိုက်၏။ လမ်းကြားလေးအတိုင်း ဝင်သွား၍ ထောင့်ချိုးလေးကိုကွေ့လိုက်သောအခါ အလုံပိတ်တဲလေးများကို စီစီရီရီ တွေ့လိုက်ရသည်။ နယ်များက အိမ်မှာဆောက်ထားကြသော ယင်လုံအိမ်သာများထက် ခိုင်ခံ့နေကြသည်။ ဖိနပ်ချွတ်စင်များကိုတောင် အဆစ်ထည့်၍ ပြုလုပ်ပေးထားသည်။ ဆိုင်ကယ် ငါးစီးခန့်ကိုလည်း အလုံပိတ်တဲရှေ့မှာ တွေ့လိုက်ရသည်။

ကျွန်မ ရင်ခုန်နေသည်။ သို့သော်… ကျွန်မအတွက်တော့ မဟုတ်ပါ။ သူ့ကို ကြည့်လိုက်သည်။ သူ၏ မျက်လုံးလေးများက အရောင်များတောက်ပနေကြသည်။ အရည်ကြည်များလဲ့နေကြသည်။ နှုတ်ခမ်းလေးက ပြုံးယောင်သန်းနေလျက်ပင်။ တကယ်ဆို သူက လူချော တစ်ယောက်ဆိုလျှင် မမှားပါ။ သူ၏ လက်တစ်ဖက် က ကျွန်မ၏ လက်တစ်ဖက် ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ကျွန်မလက်တစ်ဖက်က ဆိုင်ရှင်ဦးလေး ထည့်ပေးလိုက်သော ကော်ဖီဗန်းသေးသေးလေးကို ကိုင်ထားသည်။ ဗန်းသေးသေးလေးထဲမှာ ကော်ဖီနှစ်ခွက်ပါသည်။ တစ်ခွက်ကို လေထောင်ကျပ်ဖြစ်၍ နှစ်ခွက်ဆိုလျှင် ရှစ်ထောင်ကျပ် ဖြစ်သည်။ အဲသည်ကော်ဖီနှစ်

www.burmeseclassic.com

ခွက်က ဟိုတယ်များမှာလို တကယ့်ကော်ဖီစေ့များကို ကြိတ်ပြီးမှ ရောင်းချသည့် ကော်ဖီမှုန့်စစ်စစ်များ မဟုတ်ကြပါ။ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်များမှာ တစ်ခွက်ကို နှစ်ရာကျပ်ပေးရသော ရယ်ဒီမိတ်ကော်ဖီမှုန့် ပလိန်းများသာ ဖြစ်ကြသည်။

သည်မှာ ဈေးကြီးလိုက်သည့်ကော်ဖီ။ အလုံပိတ်တဲဆိုသည်ကို ဂျာနယ်နှင့် ဖော့စ်ဘွတ်ခ်များကတစ်ဆင့်သာ မြင်တွေ့ခဲ့ဖူးသည်။ ခုတော့ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ဖူးရုံမက အထဲထိတောင် ရောက်ဖူးပြီ။ အထဲမှာတော့ စည်းကမ်းချက်တချို့ကို ရေးထားသေးသည်။ မူးယစ်ဆေးဝါး မသုံးစွဲရတဲ့လေ။

ကျွန်မ တိတ်တဆိတ် ပြုံးလိုက်မိသည်။ သူက-

'ဘာပြုံးတာလဲ ချစ်'လို့ မေး၍ ကျွန်မ ပခုံးကို လှမ်းဖက်လိုက်သည်။ အဆင့်တစ်ခုကို စတင်လှမ်းပြီဆိုသည်ကို သိလိုက်၏။ ခေါင်းထဲမှာ အချက်ပေးသံ မြည်လာကြသည်။ သည်အထဲသို့ မလာခင် အဝင်ပေါက်လေးမှာ ဝယ်ယူလာသော တစ်ခွက်ကို ကျပ်လေးထောင်ပေးခဲ့ရသော ကော်ဖီနှစ်ခွက်ကိုတော့ မသောက်ဖြစ်ဘဲ ဘေးနားလေးမှာ ချထားလိုက်သည်။ ရေနွေးငွေ့တောင် မပြယ်ကြသေးပါ။ နောက်တစ်ဆင့်အနေနှင့် သူ့ခန္ဓာကိုယ်က ရှေ့သို့ ကိုင်းညွတ်ထိုးကျလာခဲ့လေသည်။ ပါးစပ်ကလည်း ချစ်သူတွေချင်းမှာ ဒီကိစ္စဖြစ်တာ မဆန်းဘူးဟုလည်း ပြောလိုက်သည်။ ကျွန်မ သူ့ကို ချစ်ပေမဲ့လည်း မင်္ဂလာဦးည မရောက်မချင်း သည်လို အလျားအနံ ခြောက်ပေခန့်သာရှိသော အလုံပိတ်တဲထဲမှာ အပျိုစင်ဘဝလေးကို တိတ်တဆိတ် စွန့်လွှတ်ပစ်ဖို့အထိ မမိုက်မဲသေးပါ။ ကျွန်မတို့က မြန်မာမိန်းကလေးများဖြစ်ကြသည်လေ။ ကျွန်မ ပြုံးလိုက်ပြီး-

'မောင် ဒီကို ကော်ဖီသောက်ဖို့ လာတာမဟုတ်ဘူးလား'

တမင်တကာ သိသိကြီးနှင့် မေးလိုက်သည်။ စိတ်ကတော့ အနည်းငယ်လှုပ်ရှားနေဆဲပင်။ ရင်ခုန်မှုက ကျွန်မအတွက် မဟုတ်တော့ပါ။ သို့သော် အသံကို တုန်ခါမှုမရှိအောင် ထိန်း၍ ပြောလိုက်သည်။ တစ်နေ့ သည်လိုဖြစ်လာမှာကို ကြိုသိနေပြီးသားပါ။ အဘယ်ကြောင့်ဆိုသော် သူက တခြားလူများ၏ မစားရ,ဝခမန်း စကားများထဲမှာ အားကျနစ်မြုပ်နေတတ်သူ မဟုတ်လား။

သူကပဲ-

'ချစ်ကလည်းကွာ၊ သိသိကြီးနဲ့ မေးတယ်။ ကော်ဖီသောက်ဖို့လာတာ မဟုတ်ဘူးလေ၊ ချစ်နဲ့ အေးအေးဆေးဆေးနေချင်လို့ ဒီကိုလာတာလေ'လို့ ပြောလိုက်သည်။

အဲသည်အတွက် ကျွန်မမှာ ပြင်ဆင်ချိန်ရခဲ့သည်။ တကယ်လို့ မရခဲ့လျှင်တောင်မှလည်း စိတ်အလိုကို မလိုက်နိုင်ပါ။ ကျွန်မတို့လူငယ်များမှာ အနာဂတ်အိပ်မက်များကိုယ်စီ ရှိနေကြသည် မဟုတ်ပါလား။ ဘဝကို တန်ဖိုးထား၍ လိပ်ပြာသန့်သန့်နှင့် ဖြတ်သန်းချင်ကြသည်ပင်။ သူဖက်ထားသော လက်တစ်ဖက်ကို အသာအယာလေးပုတ်ချမိလိုက်သည်။ ရှေ့သို့ ကိုင်းညွတ်၍ကျလာသော သူ၏ခန္ဓာကိုယ်က လမ်းတစ်ဝက်မှာ ရပ်တန့်သွားခဲ့လေ၏။

သူ၏ မျက်နှာပေါ်မှာ ရမ္မက်ဇောများက နေရာယူထားကြသည်။ ကော်ဖီခွက်ထဲမှ ရေနွေးငွေ့ရိပ် မသန်းဘဲ သူ့မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။ အသက်ရှူသံများက ပုံမှန်မဟုတ်တော့ဘဲ မြန်လာကြသည်။

'တကယ်တော့ မောင်က ကျွန်မကို တန်ဖိုးမထားဘူးဘဲ။ ဟိုထောင့်နားလေးက ကော်ဖီခွက်ကို ကြည့်လိုက်စမ်းမောင်၊ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်တွေမှာ တစ်ခွက်ကို နှစ်ရာတန်ကော်ဖီက ဒီနေရာမျိုးမှာ တစ်ခွက်ကို ကျပ်လေးထောင်ပေးရတယ်။ တန်ဖိုးက အများကြီး ကွာသွားတယ်နော် မောင်။ ဒါပေမဲ့ ဒီကော်ဖီကို တန်ဖိုးထားပြီး မသောက်တာ ဘာကြောင့်လဲ မောင်'

'သောက်နေကျမို့လို့ ချစ်၊ ဈေးကြီးပေးခဲ့ရပေမဲ့ တန်ဖိုးမရှိဘူးလေ'

'ကျွန်မလည်း တစ်နေ့ ဒီကော်ဖီလို တန်ဖိုးမဲ့သွားနိုင်တယ်။ ကျွန်မတန်ဖိုးရှိတဲ့ ကော်ဖီတစ်ခွက်ဖြစ်ချင်တယ် မောင်။ မောင့်ဆန္ဒတွေကို မလိုက်လျောလို့ ကျွန်မကို ထားသွားခဲ့မယ်ဆိုရင်လည်း ကျွန်မ ကျန်ရစ်ခဲ့ပါရစေ။ ဈေးကြီးပေးရပေမဲ့ တန်ဖိုးမဲ့တဲ့ ကော်ဖီတစ်ခွက်တော့ မဖြစ်ချင်ဘူး မောင်။ တကယ်တော့ ဒီနေရာထိ လိုက်လာခဲ့ပြီးမှလို့ မထင်လိုက်ပါနဲ့။ တန်ဖိုးရဲ့ အရသာကို မောင့်ကို သိစေချင်လို့ တမင်တကာ လိုက်လာခဲ့တာပါ မောင်'

သူ့မျက်နှာလေးပေါ်မှာ ရမ္မက်ဇောများ ပျောက်ကွယ်သွားစပြုလာခဲ့သည်။ ကျွန်မနှင့် တစ်ပေခန့် အကွာအဝေးမှာ ထိုင်လိုက်သည်။ အသက်ရှူသံများက ပုံမှန်ဖြစ်သွားခဲ့သည်။ မျက်နှာပေါ်မှာ အပြုံးလေးများပေါ်လာခဲ့ကြသည်။ လက်တစ်ဖက်က ကျွန်မ၏ ညာဘက်လက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ စက္ကန့်လေးအတော အတွင်းမှာ သူ စိတ်ရိုင်းဝင်သွားခဲ့သည်ကို တာဝန်သိတတ်စွာဖြင့် တောင်းပန်လာခဲ့သည်။

ကျွန်မ စိတ်မဆိုးပါ။ သို့သော် ကျွန်မ၏ မျက်နှာပေါ်မှ အပြုံးများကလည်း ပျောက်ကွယ်မသွားခဲ့ကြပါ။ ကျွန်မတို့နှစ်ယောက် အဲသည် အလုံပိတ်တဲထဲမှ ထွက်မလာခင် တစ်ခွက်ကို ကျပ်လေးထောင်ပေးခဲ့ရသော ကော်ဖီနှစ်ခွက်ကို တန်ဖိုးရှိရှိ သောက်ခဲ့ကြသည်ပင်။

■

**ခေတ်ကျော်စွာဝင်း**

(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခွေးသားပေါက်များရောင်းရန်ရှိသည်

'အော်ကစ်(Orchid)က
ဗိုက်ရှိနေတာလား မသိဘူး။
ဆေးခန်းပြဦးမှပဲ'
ကိုယ့်ဘာသာ ထင်မြင်ချက်
ပေးပြီး ကျေနပ်သွားသည့်
ကျွန်မကို မေမေက
မျက်စောင်းထိုးပြီးကြည့်သည်။
Orchid ဆိုတာကလည်း
ကျွန်မ မွေးထားသည့်
အယ်လ်ဇေးရှင်းခွေးမကြီး
ဖြစ်သည်။ ထို့ပြင် ကျွန်မ
မွေးထားသည့် 'ရွှေညို'
ဟူသော အယ်လ်ဇေးရှင်း
ခွေးထီးကြီးအပြင် နောက်ထပ်
အယ်လ်ဇေးရှင်းခွေးမ
တစ်ကောင် 'ရို့စ်(Rose)'
ဆိုတာ ရှိသေးသည်။
ရို့စ်၏ရှေ့က
တစ်ကောင်က
'ဂျူလီ'။
ရို့စ်ကတော့
မနှစ်ကမှ
မိတ်ဆွေ
တစ်ယောက်က
'ရွှေညို'
နှင့်
သား
ဖောက်
ချင်လို့
လာအပ်
သွားသည့် ခွေးမလေး
ဖြစ်သည်။ 'ရို့စ်'က
'အော်ကစ်'ထက်တော့
ငယ်သည်။
ခုထိတော့ သားပေါက်မည့်
အလားအလာ မမြင်သေး။
ကျွန်မကသာ အစားအသောက်
အနေအထိုင်မှစပြီး
ဂရုတစိုက်
စီစဉ်ပေးနေရတာပဲ
ရှိသေးသည်။
သူတို့အတွက် တစ်နေ့
တစ်နေ့ ကုန်ကျရသည့်
စားသောက်စရိတ်နှင့်
ပေါင်ဒါ၊ ဆပ်ပြာ
စသည်ဖြင့် စရိတ်တွေက
မနည်းလှပေ။ အမဲသား၊
နွားနို့၊ ကြက်ရိုး၊
အားဆေး၊ လည်ပတ်လှလှ၊
အစာခွက်လှလှတွေအပြင်
ခွေးအိမ်ကိုလည်း
ကောင်းကောင်း
ထားပေးရသည်။
ကျွန်မတို့အိမ်မှ
အိမ်အကူကောင်မလေး
သည်ပင် ခွေးသုံးကောင်
ရေချိုးခြင်းကိစ္စနှင့် ချာချာ
လည်နေသဖြင့် မေမေနှင့်
မီးဖိုချောင်မှာ



အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

www.burmeseclassic.com

ww.burmeseclassic.com

အကူအညီရစေရန် နောက်တစ်ယောက် ထပ်ခေါ်ထားရသေးသည်။ ခွေးတွေနှင့် အလုပ်ရှုပ်နေတတ်သော ကျွန်မကို မေမေ တော်တော်ကို ကြည့်မရဖြစ်နေသည်။

'ညည်းက ဒီအလုပ်ကို စီးပွားဖြစ်လုပ်မှာဆိုရင်လည်း တခြားမှာသွားလုပ်။ ငါ့အိမ်မှာ ခွေးတွေတရုန်းရုန်းနဲ့ ငါ မနေနိုင်ဘူး။ ဘယ့်နှယ်တော် မိန်းကလေးတန်မဲ့နဲ့ ဒီခွေးသားပေါက်ရောင်းတဲ့ အလုပ်ကိုလုပ်ရတယ်လို့။ ညည်း ဒီခွေးတွေကို ကျွေးမွေးပြုစုနေတာလည်း စေတနာရှိလွန်းလို့မှမဟုတ်တာ။ အကျိုးလိုလို့ ညောင်ရေလောင်းနေတာပဲ'

မနှစ်က 'အော့ကစ်' တစ်သားပေါက်ပြီး ရောင်းစားခဲ့တုန်းကလည်း မေမေ ဒီစကားကို ပြောခဲ့သေးသည်။ ဟိုး…အရင်နှစ်တွေတုန်းကလည်း ပြောခဲ့ဖူးတာပါပဲ။ ကျွန်မကလည်း 'အော့ကစ်' ရဲ့ ဗိုက်ကိုပွတ်ရင်း ပြုံးစိစိနှင့်ပင် ပြောနေကျစကား(စကားဆိုတာထက် ဆင်ခြေဆိုလျှင် ပိုမှန်လိမ့်မည်)ကို ပြောရသည်။

'စီးပွားဖြစ်လည်း မဟုတ်ပါဘူး မေမေရယ်။ သမီးက ကိုယ်ချစ်တဲ့ခွေးကလေးတွေကို ပြုစုပေးရင်း ကိုယ့်လိုပဲ ခွေးချစ်တတ်တဲ့ မိတ်ဆွေတွေကို မျှဝေပေးတာပါ မေမေရဲ့'

'ညည်းမျှဝေပေးတာက ငွေကြေးနဲ့ တန်ဖိုးဖြတ်ပြီး မျှဝေပေးတာလေ။ ရောင်းစားတာပါပဲအေ။ လူကြားကောင်းအောင် ပြောမနေစမ်းပါနဲ့'

'ဒီလို တန်ဖိုးကြီးတဲ့ ခွေးမျိုးကောင်းတွေကို အလကားပေးပစ်ရမှာ နှမြောစရာကြီး မေမေရ။ သူတို့ကို ဘယ်သူမှမပေးဘဲ၊ မရောင်းဘဲထားရင် အိမ်မှာ ခွေးတွေအများကြီး ဖြစ်နေမှာပေါ့။ ဒီတော့ ပေးပစ်ရမယ့်အတူတူ ရောင်းလိုက်တော့ ပိုက်ဆံရတာပေါ့'

'ညည်း သိပ်ဆင်းရဲနေသလား။ ဒီခွေးတွေရောင်းရတဲ့ ပိုက်ဆံနဲ့ ချမ်းသာလာမှာမို့လို့လား'

မေမေက အငေါ်တူးသည်။ ကျွန်မတို့က လူချမ်းသာတွေမဟုတ်ပေမဲ့ ပြည့်ပြည့်စုံစုံနေနိုင်သည့် အနေအထားဖြစ်သည်။ ခွေးသားပေါက်တွေ ရောင်းရတော့လည်း သုံးစရာဝင်ငွေ ရတာပေါ့။

'အဲလိုတော့ မဟုတ်ဘူးပေါ့ မေမေရယ်။ သမီးလည်း အပျင်းပြေ၊ အဖော်လည်းရလို့ပါ'

'ဒါပေမဲ့ ညည်းအလုပ်က မဟုတ်သေးပါဘူးအေ။ ခွေးသားပေါက် ရောင်းတယ်ဆိုတာကလည်း သက်ရှိသတ္တဝါကို ရောင်းစားတာပါပဲ။ လူကုန်ကူးတာနဲ့ ဘာမှမကွာဘူး။ ခွေးမို့လို့သာ အရေးယူ မခံရတာ။ ညည်း ယောကျ်ားပြန်လာရင် ပြောနိုင်းဦးမှပါ။ ငါတော့ ညည်းလုပ်နေတာတွေကို ကြိုက်ကိုမကြိုက်ဘူး'

မေမေက မကျေမနပ်နှင့် ပြောဆိုပြီး ထ,သွားလျှင် ကျွန်မ 'ခွေးသားပေါက်များ ရောင်းရန်ရှိသည်' ဟူသော ဆိုင်းဘုတ်လေးကို ဖုန်သုတ်ပြီး ပြုံးကြည့်လိုက်မိသည်။ ဆိုင်းဘုတ်လေးသည် မကြာခင်မှာ ခြံရှေ့တွင်ချိတ်ဆွဲကြော်ငြာခြင်း ခံရတော့မည်။ ဆိုင်းဘုတ်ချိတ်ပြီး မကြာခင်မှာ ခွေးသားပေါက် လိုချင်သူတွေ စာရင်း လာပေးကြလိမ့်မည်။ ခွေးက ဘယ်နှကောင်ပေါက်မည် မသိသဖြင့် စာရင်းပေးထားသူတိုင်း ရချင်မှရမည်ဆိုတာကိုလည်း ထုံးစံအတိုင်း ရှင်းပြရဦးမည်။

Online မှာလည်း ကြော်ငြာရဦးမည်။ ဒါမှ ခွေးသားပေါက် မျိုးကောင်းမျိုးသန့် ရချင်လို့ သားလာစပ်သူတွေ ရှိလာဦးမည်။ ကျွန်မက နောက်ထပ် ခွေးထီးတစ်ကောင်ကို 'ရွှေညို' နှင့် အဖော်ရအောင် ထိန်းသိမ်းထားမလားဟုပင် စဉ်းစားမိသေးသည်။ ကျွန်မအတွေးကို မေမေသာသိလျှင် ကောင်းကောင်းကြီး ဆူပူလိမ့်ဦးမည်။ မေမေကသာ မကြိုက်ပေမဲ့ ကျွန်မ၏ ခွေးသားပေါက်များသည် အထီးအမ ခွဲခြားမှုမရှိဘဲ အရောင်းသွက်ကာ လူကြိုက်များကြသည်။ အထီးမို့လို့ အမမို့လို့ မလိုချင်ဘူးဟု ကြေး(ကျီး)များတတ်သူသိပ်မရှိ။ ကြေး(ကျီး)များနေလျှင် လိုချင်လို့ စောင့်နေသည့် နောက်တစ်ယောက်က သုတ်ခနဲဝင်ယူသွားလိမ့်မည်။ ခွေးမျိုးကောင်းသဖြင့် ဈေးနှုန်းစကား မပြောကြ။ အထီးရမှ အမရမှ စသဖြင့် ကြေး(ကျီး)မများကြ။ ဘာပဲဖြစ်ဖြစ် သားပေါက်တစ်ကောင်ရဖို့သာ အဓိကဖြစ်သည်။ ဒီတော့ ခွေးသားပေါက်များ ရောင်းသည်ဆိုပေမဲ့ ကျွန်မကတော့ တင်းတင်းပဲ။ မျက်နှာမငယ်ရချေ။ ဒီကြားထဲမှာ သားစပ်ချင်သူတွေကရှိသေးသဖြင့် အဆင်ပြေအောင် စီစဉ်ပေးရသေးသည်။ အဲဒီအတွက်လည်း တန်ရာတန်ကြေးရနေသေးသည်။ ကျွန်မအဖို့တော့ ခွေး ရေချိုး၊ အစာကျွေး၊ ဝေယျာဝစ္စလုပ်ရတာတော့ ရှိသည်ဆိုပေမဲ့ ကောင်မလေးကို ညွှန်ကြားခိုင်းစေရုံသာဖြစ်သည်။ ဒါကြောင့်လည်း မေမေက ကျွန်မကို ကြည့်မရတာဖြစ်မည်။

'ညည်း နစ်နစ်နာနာ ပင်ပင်ပန်းပန်းလုပ်တာဆိုလို့ ဆိုင်းဘုတ်ချိတ်တာပဲရှိတာပါ'

ဟု အငေါ်တူးပြီး ပြော တတ်သေး၏။

ဘယ်လိုပဲဖြစ်ဖြစ် ဒီ ခွေးသားပေါက်ရောင်းသည့် အလုပ်က ကျွန်မနှင့် အကျိုး ပေးလေသလားတော့မသိ။ 'အော့ကစ်' ပေါက်သမျှ ခွေး ကလေးတွေ အားလုံး အ… အပျောက်မရှိ အဖတ်တင် သည်။ 'ရွှေညို' နှင့် သား… သမျှ ကျွန်မမျက်နှာပန်း… သည်။ အလကားနေရင်း ဝင် ငွေရပြီး ကျေးဇူးတင်ခံနေ… သည့်အလုပ်ကို ကျွန်မက ဘာ ကြောင့် စွန့်လွှတ်ရမည်နည်း။

ကျွန်မ မေမေ့စကား… နားထောင်ရန် နှမ်းတစ်စေ့… မျှ အတွေးမရှိဘဲ 'ခွေးသား… ပေါက်များ ရောင်းရန်ရှိသည်' ဟူသော ဆိုင်းဘုတ်လေး… ခြံဝမှာ ချိတ်ထားလိုက်သည်…

❑

'ခရီးရောက်မဆိုက်… ပြောရဦးမယ် သားရေ၊ …

www.burmeseclassic.com

www.burmeseclassic.com

မိန်းမကို ကြည့်ပြောပါဦးကွယ်။ ခြံထိပ်မှာလည်း ဆိုင်းဘုတ်တင်ထားတာ မင်း တွေ့မှာပေါ့။ တခြား လုပ်စရာအလုပ်တွေ အများကြီးပါ၊ သူ့ကျမှ ဒီအလုပ်ကို စိတ်ဝင်စားပြီး တက်ကြွနေတာ။ မေမေတော့ မကြိုက်ပါဘူး။ မင်း ကြည့်ပြောပါဦး'

ကျွန်မ၏ကိုကို သင်္ဘောမှ ပြန်ဆင်းလာ၍ အိမ်သို့ ရောက်လျှင်ရောက်ချင်း မေမေက ဆီးကြိုပြီးတိုင်လေသည်။ သဘောကောင်းပြီး ကျွန်မကို အလိုလိုက်သည့် ကိုကိုက မေမေနှင့် ကျွန်မတို့ အမြဲတမ်း တကျက်ကျက်၊ တကျိတ်ကျိတ် ဖြစ်တတ်ကြတာကို လည်း သိနေသဖြင့် ကျွန်မတို့သားအမိကို တစ်လှည့်စီပြုံးကြည့်လေသည်။

'ထိုက်က ကိုကို သင်္ဘောတက်နေတဲ့အချိန်တွေမှာ ပျင်းတော့ အပျင်းပြေလုပ်တဲ့သဘောပါကွာ။ မေမေက မျက်စိနောက်နေတာကွ'

ကျွန်မက နှာခေါင်းရှုံ့ပြီးပြောလျှင် ကျွန်မကို အလိုလိုက်နေကျဖြစ်သော ကိုကိုက ကျွန်မဦးခေါင်းကို လက်နှင့် အုပ်ကိုင်လိုက်ရင်း မေမေ့ကို ဖြေရှင်းလေသည်။

'ထိုက်က ကျွန်တော်မရှိလို့ အပျင်းပြေလုပ်တာဆိုတော့ ခဏတော့ ခွင့်ပြုပေးလိုက်ပါဦး မေမေရယ်။ ကျွန်တော် သင်္ဘောမတက်တော့တဲ့ အချိန်ကျရင် ဒီအလုပ်ကို ထိုက် လုပ်တော့မှာ မဟုတ်တော့ပါဘူး။ ဟုတ်တယ်မဟုတ်လား ထိုက်'

ကဲ မပြောဘူးလား။ ကိုကိုက ကျွန်မကို အလိုလိုက်ပါတယ်ဆိုမှ။ ကိုကို့ကိုမှ စစ်ကူတောင်းသည့်မေမေကိုက မှားတာပဲ။

ကျွန်မ ပြုံးစိစိလုပ်နေသည်ကို မေမေ ကြည့်မရဖြစ်သွား၏။ ကျွန်မနှင့်ကိုကို နှစ်ယောက်စလုံးကို မျက်စောင်းထိုး စိတ်ဆိုးပြီး ထွက်သွားလေသည်။

'လိုက်လည်းလိုက်တဲ့ လင်မယား၊ လူကြီးပြောရင် နားမထောင်ချင်ဘူး။ သူတို့ပဲသိ၊ သူတို့ပဲတတ်။ ပြောရတာပဲ အဖတ်တင်တယ်'

ကိုကိုနှင့်ကျွန်မ မေမေ့ကို ကြည့်ကာ နဖူးချင်းတိုက်ပြီး ကျိတ်ရယ်မိကြသည်။

'ကိုကို ဒီတစ်ခေါက်နားတာကြာဦးမှာဆိုတော့ မေမေ့ဗျစ်တောက်ဗျစ်တောက်တွေကို တဝကြီးကြားရဦးမှာနော်'

ကိုကိုက ဒီတစ်ခေါက်တော့ သင်တန်းတက်ပြီး စာမေးပွဲပါ ဖြေမည်မို့ တစ်နှစ်နီးပါးလောက်တော့ ကြာဦးမည်။ ကျွန်မကပြောတော့ ကိုကိုက ပြုံး၏။

'ဒီတော့ ထိုက်အဖော်ရတာပေါ့။ နှစ်ယောက်အတူတူ အဆူခံရမယ်လေ။ ကိုကိုက မျှဝေခံစားပေးဦးမှာ'

'ကိုကိုက အဲဒါတွေကို ချစ်ဖို့ကောင်းတာ'

စိတ်တူကိုယ်တူဖြစ်သော ကိုကိုနှင့်ကျွန်မသည် ဒီတစ်ခေါက် ကိုကို အေးအေးဆေးဆေး အချိန်ရခိုက်တွင် သားသမီးယူရန် ဆုံးဖြတ်ကြသည်။ ဒါကိုတော့ မေမေ မကန့်ကွက်ချေ။ ဗျစ်တောက်ဆူပူခြင်းမရှိပေမဲ့ ကျွန်မလိုက်နာရမည့် ကိုယ်ဝန်ဆောင်စည်းကမ်းများကိုတော့ တစ်နေ့နှင့်တစ်နေ့ မမောနိုင်စွာ ပြောဆိုညွှန်ကြားသတိပေးလေတော့သည်။ ကျွန်မနှင့် ကိုကိုကလည်း မေမေ ညွှန်ကြားသမျှ လိုက်နာကြသဖြင့် မေမေစိတ်ကျေနပ်နေလေသည်။

ကျွန်မက မေမေပြောသည့် ဆရာဝန်နှင့် ကိုယ်ဝန်အပ်သည်။ မေမေချက်ကျွေးသည့် အာဟာရ ထမင်းဟင်းလျာများကို စားသည်။ ကိုကိုဝယ်ပေးသည့် အားဆေးကို မှန်မှန်သောက်သည်။ ကျွန်မနားမထောင်သည်မှာ 'ခွေးတွေကို ထိန်းသိမ်းပြုစုခြင်း မလုပ်ရ'ဟူသော တားမြစ်ချက်ကိုဖြစ်သည်။ ဒါကိုတော့ ကျွန်မ မလိုက်နာပါ။ ဗိုက်ကလေး တကားကားနှင့်ပင် 'အော့ကစ်'နှင့်'ရိ့စ်'ကို အဆင်ပြေပြေ သားပေါက်နိုင်စေရန် စီစဥ်ညွှန်ကြားရသည်။ ကိုကိုက ကျွန်မကို အလိုလိုက်ရန်သာသိပြီး ခွေးတွေ၏ ဝေယျာဝစ္စကို ဘာမှနားမလည်သူဖြစ်သည်။ ကောင်မလေးကလည်း ကျွန်မခိုင်းတာကိုသာ လုပ်ပေးတတ်ပြီး သူဘာသာဆိုလျှင် အမြီးအမောက်တည့်အောင် ဘာမှမလုပ်တတ်ချေ။ 'အော့ကစ်'သားပေါက်ခါနီးတွင်'ရိ့စ်'ကလည်း ဗိုက်ရှိနေသဖြင့် ကျွန်မ ဂရုစိုက်မှုရမည့် အနေအထားဖြစ်နေသည်။

'ရိ့စ် မွေးပြီးတဲ့အထိ မထိုက်ပဲ ဆက်ကြည့်ပေးပါနော်။ ညီမတို့နဲ့ ခေါ်ထားရင် မွေးတဲ့အခါကျတော့ တစ်ခုခုဖြစ်မှာစိုးလို့ပါ။ ဟိုလေ… မထိုက်ကလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အားတော့နာပါတယ်။ ရိ့စ်မွေးတဲ့အခါကျရင် မထိုက်နဲ့အတူ လာကူညီရင်း ထိန်းသိမ်းစောင့်ရှောက်နည်းတွေသင်ပြီးတော့မှပဲ ခေါ်တော့မယ်နော်'ဟု ရိ့စ်၏ပိုင်ရှင်က မျက်နှာငယ်နှင့် လာတောင်းပန်သဖြင့် ရိ့စ်ကိုဆက်ပြီး လက်ခံထားရလေသည်။

မေမေကတော့ ကျွန်မကို အစိမ်းလိုက်ဝါးစားချင်နေလေပြီ။

'ညည်းမွေးဖို့ထက် ခွေးမွေးဖို့က အရေးကြီးနေသလား မိထိုက်။ ညည်း ငါ့မြေးကို တော်တော်ပေါ့တန်ပါလား ဟင်။ စိတ်ရှိတိုင်းသာ လုပ်လိုက်ရရင် သေတော့မယ်'

'ဘယ်လိုလုပ်မလဲ မေမေရယ်။ အော့ကစ်က မွေးတော့မယ့်ဟာ။ ဒီအိမ်မှာ သမီးပဲ သူတို့အကြောင်းကို နားလည်ပြီး လုပ်ကိုင်ပေးတတ်တာလေ။ သမီးရဲ့ ကလေးကို ပေါ့ပေါ့တန်တန် သဘောထားတာ မဟုတ်ပါဘူး။ သမီး ပစ်ထားလိုက်ရင် အော့ကစ်က ဗိုက်ကြီးနဲ့ ဒုက္ခရောက်မှာစိုးလို့ပါ။ သမီးက ကိုယ်ချင်းစာလို့ပါ မေမေရဲ့။ ပြီးတော့ ဒီတစ်သားက နောက်ဆုံးပါပဲ။ ဒီတစ်သားပြီးရင် အော့ကစ်ကို လိုချင်တဲ့သူဆီကို ပေးပစ်မှာ။ ကလေးမွေးပြီးရင် သမီး သူတို့ကို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး'

ကျွန်မ ရှင်းပြတော့ မေမေထပ်မပြောတော့ပေ။ ခွေးတွေကို ပေးပစ်မည်ဆိုသောကြောင့်လည်း မေမေ

စာမျက်နှာ(၂၂၁)သို့…

www.burmeseclassic.com

www.burmeseclassic.com

လောက်သာရှိသော မူလီလေးမှအစ လှည်းဘီးလောက်ရှိသော သံပစ္စည်းကြီးများ၊ ကုန်တင်ကားကြီးများတွင် အသုံးပြုလေ့ရှိသော သံကြိုးကြီးများနှင့် အမျိုးအမည်မသိသော သံထည်ပစ္စည်းများအထိ စုံလင်လှပေသည်။

မကုမ္မာရီသည် အရင်က စက်မှုမြို့သစ်ကို တစ်ခေါက်မျှ မရောက်ဖူး။ မြင်မြင်သမျှ အဆန်းတကြယ်သာ ဖြစ်နေသည်။ ကုလားများ ရောင်းသော်လည်း မြန်မာသီလရှင်လေးများကို မှန်မှန်ဆွမ်းဆန်လောင်းကြသောအခါ ရင်ထဲမှာ တစ်မျိုးခံစားရပြန်သည်။ ကြီးမားသော သံထည်အလုပ်ရုံကြီးများ၌ ကိုယ်တိုင်ထွက်မလောင်းနိုင်သော်လည်း ဝတ္တရားမပျက်။ သီလရှင်လေးများအတွက် ဆွမ်းဆန်ခွက်ကို အလုပ်ရုံပေါက်ဝမှာ ထားတတ်ကြလေသည်။ အတွေ့ကြုံသစ်၊ မြင်ကွင်းသစ်များကို ဗိုက်ဆာသည့်ကြားက ငေးကြည့်မိရင်း ရှမ်းခေါက်ဆွဲဆိုင်ကို ရောက်လာကြတော့သည်။ 'လက်ရာသစ် ရှမ်းနှင့် အကြော်စုံ' ဟူသော ဆိုင်းဘုတ်ငယ်လေးသည် မန်ကျည်းပင် ပင်စည်တွင် ခပ်စောင်းစောင်း ချိတ်ဆွဲထားလေသည်။

'ဟော ဆရာလေးတွေတောင် ကြွလာပြီ၊ တပည့်တော် နာရီကြည့်မိသား၊ လာကြတော့မယ်တွေးနေတုန်းရှိသေးတာ'

ဆိုင်ရှင်အဒေါ်ကြီးက အကြော်ဆယ်နေရာမှ ထ,လာပြီး စားပွဲခုံကို ရှင်းပေးလေသည်။

ဖြူဖွေးနေသော ခေါက်ဆွဲဖတ်များထက် ကြာညို့ရည် ခပ်ပျစ်ပျစ်များ ဆမ်းထားသည် ငရုတ်သီးကို မြင်နေကျကဲ့သို့ လော့်မထား ဆီသတ်ချက်ပြီးမှ ထည့်ဟာန်တူသည်

'ကဲ မကုမ္မာရီ ဘယ်လောက်တန်စားမလဲ၊ မှာလေ။ ဒီဆိုင်က ရှမ်းခေါက်ဆွဲ သုံးရာတန်ရော၊ ငါးရာတန်ရော ရတယ်။ မဝ,ပဲနေမယ် မှာစားနော်'

'ဆရာလေးတို့က ဘယ်ဟာစားကြတာလဲ ဘုရား'

မကုမ္မာရီက အဖော်ညှိသလိုမေးတော့ မထေရက နားလည်စွာ ဖြေလေသည်။

'တပည့်တော်တို့က သုံးရာတန် စားနေကျဘုရား။ ဒါတွေမမေးနဲ့၊ ဗိုက်ဝအောင် စားရမှာပေါ့။ ကိုယ်ကုန်သလောက်စားပါ မကုမ္မာရီရဲ့'

ဒီလိုနှင့် ဆရာလေး မထေရနှင့် မပညာစာရီက သုံးရာတန်တစ်ပွဲစီ မကုမ္မာရီက ငါးရာတန်တစ်ပွဲ မှာလိုက်ကြလေသည်။ ခေါက်ဆွဲပန်းကန်များ စားပွဲပေါ်ရောက်သောအခါ တူနှစ်ချောင်းကို ဖောက်၍ လက်ထဲတွင် အချင်းချင်း ပွတ်လိုက်ပြီး ခေါက်ဆွဲကို စ,မွှေသည်။ ဖြူဖွေးနေသော ခေါက်ဆွဲဖတ်များထက် ကြာညို့ရည်ခပ်ပျစ်ပျစ်များ ဆမ်းထားသည်။ ငရုတ်သီးကို မြင်နေကျကဲ့သို့ လော့်မထား၊ ဆီသတ်ချက်ပြီးမှ ထည့်ဟာန်တူသည်။ မြေပဲထောင်းကို အပေါ်ဆုံးမှဖြူးပြီး ပဲငါးပိအရည်လေး ဆမ်းထားသောကြောင့် ရနံ့မှာ မွှေးနေလေပြီ။ မကုမ္မာရီက ဟန်မဆောင်နိုင်၊ တူနှင့်ဆွဲမ,ကာ စားမည်ပြုသည်။

'ဟိုး…မကုမ္မာရီ၊ ဤသည့်စားဖွယ်… ဆင်ခြင်ရဦးမယ်လေ'

မထေရ၏ စကားကြောင့် မကုမ္မာရီ အနည်းငယ် ရှက်သွားပြီး…

'တင်ပါ့ဘုရား၊ တပည့်တော် မေ့သွားလို့ပါ'

ဟု ဖြေပြီးခဏ ဤသည့်စားဖွယ် အလင်္ကာကို စိတ်တွင်းမှ ဆင်ခြင်လေသည်။

*'ဤသည့် စားဖွယ်၊ အမယ်မယ်ကို၊ မြူးရွှယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးဆောင်ပါ၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းသား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ။ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း… သာဓု… သာဓု သာဓု…'*

❑

၂။

'တပည့်တော် စားဖူးသမျှထဲတော့ ဒီရှမ်းက အကောင်းဆုံးပဲ ဘုရား'

မကုမ္မာရီက လက်တွင်းမှ ဆွမ်းဆန်ခွက်ကို ဖိတ်မကျစေရန် အသာပြင်ကိုင်ရင်း မှတ်ချက်ပြုသည်။

'မပညာစာရီရေ မကုမ္မာရီကတော့ ရှမ်းခေါက်ဆွဲ သိပ်ကြိုက်ပုံပဲဘုရား။ ခုထိကို ပြောမပြီးသေးဘူးဟားဟား'

မပညာစာရီ က ခေါင်းညိတ်ပြီး ထောက်ခံရင်း…

'ဒီလိုဆိုရင်တော့ မကုမ္မာရီ ဝမ်းသာတော့ဘုရား၊ အဖိတ်ဆန်ထွက်နေသမျှတော့ အရှင်ဘုရား ဒါပဲ ဘုဉ်းပေးရမှာပါပဲ'

'အို တကယ်လားဘုရား၊ ဒီလိုဆို သိပ်ကောင်းတာပဲ။ တပည့်တော်တော့ ဒီလက်ရာနဲ့ ဒီခေါက်ဆွဲကို ဘယ်တော့မှ မုန်းလိမ့်မယ် မထင်ဘူးဘုရား'

မကုမ္မာရီ စကားဆုံးတော့ နှစ်ပါးက ပြုံးရုံမျှ ရယ်မောကြလေသည်။

အချိန်သည် ညနေသုံးနာရီခန့်။ ပြင်းထန်သော နေရှိန်ကြောင့် သုံးပါးစလုံး နွမ်းလျနေကြပြီ။ အချင်းချင်း

www.burmeseclassic.com

လည်း စကားတစ်ခွန်းမျှ မဆိုကြ။ တစ်နာရီခန့် ကျန်သေးသော အိမ်စဉ်အတွက် တွေးပြီး ခြေထောက်တွေကိုပင် မသယ်ချင် ဖြစ်နေကြသည်။ ကျောင်းမှထွက်စဉ် ဖြူစင်သန့်ရှင်းနေသော သင်္ကန်းများသည် ဖုန်အလိမ်းလိမ်းကြောင့် ညစ်ပေနေကြပြီ။

'ဒါနဆန်ပါရှင်'

ခြံတံခါးစေ့ထားသော တိုက်ခံအိမ်ရှေ့တွင် မထေရမှ အသံရှည်ဆွဲကာ အော်ရင်း ဆွမ်းဆန်ရပ်လိုက်သည်။ ခြံတွင်းမှ တုံ့ပြန်မှုကို ခွေးတစ်ကောင်မှ အစပြုသည်။ နေပူကျဲကျဲ ထီးကိုယ်စီဆောင်းထားသော သီလရှင်လေး သုံးပါးကို ခွေးက မျက်စိနောက်ဟန်တူသည်။ ဒီအိမ်သည် ရပ်နေကျမဟုတ်၍ ခွေးရှိမှန်းမသိ။ စိတ်တွင်းမှ သုံးပါးစလုံး ကြောက်ရွံ့နေမိကြသည်။ မတော် ထွက်ကိုက်လိုက်မှဖြင့် ခက်ရချေသည်။ ပူပန်စိတ်ကိုဖုံး၍ ရပ်မြဲရပ်နေကြရသည်။ သုံးမိနစ်မျှမက ကြာလာပြီ။ ဆွမ်းဆန်လောင်းမည့်သူကား အရိပ်အယောင်မျှ မမြင်ရ။ လှည့်ပြန်ကြရမည်လား။ အသွားအလာခက်သည့် သက်ကြီးရွယ်အို တစ်ယောက်ယောက်များ ဆွမ်းဆန်ခပ်ယူနေသလား။ ဒါမျိုးတွေက ဖြစ်လေ့ဖြစ်ထရှိသည်မို့ သည်းခံပြီး ဆက်ရပ်နေကြရသည်။ ငါးမိနစ်ခန့်ရှိပြီ။ လူနှင့်တူတာဟူ၍ ဘာမျှ မတွေ့ရ။ ခွေးသည်သာ မှန်မှန်ဟောင်နေလေသည်။

'မလောင်းနိုင်ရင်လည်း ကန်တော့ဆန်ပါ ဘုရားလို့ ထွက်မပြောဘူးနော်၊ ဘယ်လိုအိမ်လဲ မသိပါဘူး'

မရင့်ကျက်သေးသော အမြင်ဖြင့် မကုမ္မာရီက ငြိုငြင်သည့်စကားကို ပြောမိလေသည်။

'အဲ့လို မတွေးရဘူး ဘုရား၊ တပည့်တော်တို့က အိမ်ဝက ရပ်ကြသူ မဟုတ်လား။ အိမ်တွင်းမှာ မမြင်နိုင်တဲ့အကြောင်းတွေ ရှိကြပါလိမ့်မယ်။ ဆွမ်းဒကာမများအပေါ် ဘယ်သောအခါမှ အပြစ်မမြင်ကောင်းဘူးဘုရား။ တပည့်တော်တို့ ကျင့်ဝတ်မှာ အလင်္ကာလေးရှိရဲ့မဟုတ်လား။ နော်။ *'စိတ်ရှည်သည်းခံ ဖွဲ့မှန်မှန် ကျင့်ရန်ဘာဝနာ'* တဲ့။ ဆွမ်းဆန်လောင်းကြသည်ဖြစ်စေ၊ မလောင်းကြသည်ဖြစ်စေ မေတ္တာပွားရင်း ရပ်ကြရမယ်လို့ ဆိုလိုတာပါဘုရား'

'တင်ပါ့ဘုရား၊ တပည့်တော်မသိလို့ပါ။ နောက်ဆို တပည့်တော် အမြဲဆင်ခြင်ပါ့မယ် ဘုရား'

မကုမ္မာရီ အဖြေစကားကြောင့် မပညာစာရီက ပြုံးပြီး ခေါင်းညိတ်လေသည်။

မကုမ္မာရီက ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိလေသည်။ မည်သည့်အခါမျှ လမ်းကြာကြာ မလျှောက်ဖူးသော ခြေထောက်အစုံသည် ဖုန်အလိမ်းလိမ်းဖြင့် အသားအရောင်ကို မမြင်ရပြီ။ ပထမဆုံး ဆွမ်းဆန်ထွက်သည့်နေ့က လမ်းလျှောက်ပါများ၍ ခြေဖဝါးများပူကာ ခြေဖဝါးတွင် ပြည်တည်လေသည်။ ဝမ်းမနည်းသော်လည်း မျက်ရည်များလည်ကာ အိမ်မှာနေစဉ်က စီးခဲ့ဖူးသည့် ကတ္တီပါဖိနပ်ရောင်စုံကို ပြေးမြင်မိလေသည်။

'မဆန်းပါဘူးကွယ် အစမှာ ဒီလိုချည်းပါပဲ။ ဒီထက်ဆိုးတာတွေလည်း ကြုံနိုင်သေးတာပေါ့ မကုမ္မာရီ။ စိတ်ကိုမလျှော့နဲ့၊ တင်းထား။ လောကီမှာ လောဘတွေ တစ်ပြုံတစ်မနဲ့ ရှာကြဖွေကြရတာထက်စာရင် အင်မတန် အပြစ်ကင်းပါတယ်ကွယ်'ဟု သီလရှင်ကြီးညာဏက ဆုံးမစကားဆိုတော့ ဝေ့ဝဲစ မျက်ရည်များ ခန်းခြောက်ကုန်သည်။ မကုမ္မာရီသည် သီလရှင်ဝတ်ရသည်ကို ပျော်သော်လည်း ခြေထောက်နာသည်ကို စိတ်ပျက်မိ၏။ ခြေနာပျောက်သော် ဆွမ်းဆန်ရပ်ရသည်ကို ခုံမင်လာတော့၏။ အကြောင်းမူ စက်မှုမြို့သစ်၏ နေပူပူတွင် နေ့ဆွမ်းအဖြစ် ဘုဉ်းပေးရသော လက်ရာသစ် ရှမ်းခေါက်ဆွဲကြောင့်ပင်တည်း။

❑

၃။

'ရှမ်းခေါက်ဆွဲက သုံးပွဲ။ တစ်ပွဲက တို့ဟူးမထည့်ဘူးနော်၊ မြန်မြန်လေး လုပ်ပေးပါ ဒေါ်ကြီးညို'

'သြော် အေးအေးသမီး၊ ခဏထိုင်နော်။ ဒီနေ့နောက်ကျတယ် သမီးလေး၊ ဒေါ်ကြီးက ခဏနေ ဆိုင်သိမ်းတော့မလို့။ ခေါက်ဆွဲဖတ်လည်း ကုန်တော့မယ်လေ'

ဒေါ်ညိုလှက ရှမ်းအတွက် ခေါက်ဆွဲဖတ်ကို ရေနွေးအိုးအတွင်း ထည့်ရင်း ပြောသည်။

'ဟုတ်တယ် ဒေါ်ကြီး။ ဒီနေ့ အလုပ်ပိတ်တယ်လေ၊ အဲ့ဒါအိပ်ရာထ နောက်ကျနေတာနဲ့'

'သြော် အေး ဟုတ်သား။ မနက်က မောင်စိုးကြီးတို့ အဲ့ဒါကြောင့်ကိုး အကြာကြီးထိုင်တယ်အောက်မေ့နေတာ'

အငွေ့တထောင်းထောင်းနှင့် ခေါက်ဆွဲဖတ်ဖွေးဖွေးထက် ပဲလိပ်ပြာရွက်လေးတွေ ရေနွေးဖြောထည့်လိုက်သည်။ ရေနွေးဖြင့် ချဲထားသော ကြာညို့ရည်ကို ခပ်ပါးပါးဆမ်းရင်း တစ်ချိန်က မြင်ကွင်းတစ်ခုကို အမှတ်မထင် သတိရမိသည်။

'ကဲ ရပြီသမီးလေး၊ အချဉ်လေး ပိုထည့်ပေးထားတယ်နော် ဟုတ်လား'

'ဟုတ် ဒေါ်ကြီး ပိုတာ မနက်ဖြန်မှ ယူလိုက်တော့မယ်နော်'

ပြောရင်း လက်ထဲကို တစ်ထောင်တန်နှစ်ရွက် ရောက်လာသည်။ အချင်းချင်းတွေမို့ သည်လိုပင် လိုတာပိုတာ နောက်မှရှင်းမြဲဖြစ်သည်။

'အမှန်က ဒီဆိုင်ကို မဖွင့်သင့်တော့ဘူးဗျ။ ဒေါ်ကြီးသားသမီးတွေ အကုန်လုံး အလုပ်ကိုယ်စီနဲ့ဟာ။ အသာထိုင်စားလို့ရပါပြီဗျာ။ ခက်တာက ကျွန်တော်တို့ကလည်း ဒေါ်ကြီး လက်ရာကို မစားရ မနေနိုင်ဘူးဗျ'

'ဒေါ်ကြီးသိပါတယ် မောင်မျိုးအောင်ရယ်။ နို့ပေမဲ့ ဒါလေးက ဒေါ်ကြီး ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com

လေးလည်းဖြစ်၊ ပင်ပန်းတာလည်းမဟုတ်ဘူးလေ။ မနက်ပိုင်းလေးပဲဆိုတော့ လုပ်ရကိုင်ရတာ ကျန်းမာရေးနဲ့တောင် ညီညွတ်ပါသေးရဲ့ကွယ်။ မဟုတ်လည်း ဒေါ်ကြီး ထိုင်မနေတတ်ပေါင်။ အညောင်းမိသလိုလိုပဲကွယ့်။ တစ်ချိန်က ခြေတိုအောင်လျှောက် လာရတာဆိုတော့ အကျင့်ကပါလာတာပေါ့ကွယ်'

လက်ကျန်လေးရောင်းရင်း တောက်တိုမည်ရလေးတွေသိမ်းပြီး ရပ်ကွက်ထဲက မောင်မျိုးအောင်နှင့် စကားပြောမိသည်။

ဒီကလေးက ဆိုင်မှာစားနေကျ။ အိပ်ရာထတာနှင့် ဆိုင်ကို အလျင်ရောက်လာတတ်သည်။ မင့်နှယ်ကွယ်၊ နေ့တိုင်းကြီးဆိုတော့ စားရတာ ရိုးအီမနေဘူးလားဆိုတော့…

'ဟာ ဒေါ်ကြီးကလည်း ကျွန်တော်က ရှမ်းဆိုသိပ်ကြိုက်တာဗျ။ လက်ရာမကောင်းတဲ့ ရှမ်းတောင်မစားရရင် တစ်ခုခုလိုသလိုပဲ။ ဒေါ်ကြီးလက်ရာဆိုတော့ ဘယ်တော့မှကို မမုန်းနိုင်အောင်ပဲဗျာ။ ပြောသာပြောရတာ ဒီဆိုင်ကလေး ပိတ်ပစ်လိုက်မှာတောင် ကျွန်တော်က စိုးရိမ်နေတာဗျ'

မောင်မျိုးအောင် စကားဆုံးတော့ တစ်ချိန်က မိမိသုံးခဲ့သော စကားလုံးအချို့ကို ကြားယောင်လာမိပြန်သည်။ မိမိသည်လည်း မမုန်း၊ ရှမ်းခေါက်ဆွဲကိုကြိုက်လိုက်သည်မှာ အဖိတ်ဆန်မထွက်ရသည့်ရက်များမှာပင် ဟာတာတာကြီး ဖြစ်နေခဲ့ရသည်။ သြော်သည်အစားအစာနှင့် မိမိသည်ရေစက်ကြီးလေစွ။

စိတ်တွင်းမှ တွေးရင်းမိုးကာ ထီးတိုင်တွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်လေးဆီ အကြည့်ရောက်မိသည်။

**'ကုမ္ဘာရီ ရှမ်းခေါက်ဆွဲ'**

ဒေါ်ကြီးညိုက သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ဒီနေ့ကျမှ ပိုပင်ပန်းသလိုထင်မိသည်။

ကိုယ်တိုင် ရှမ်းခေါက်ဆွဲရောင်းနေပါလျက် စက်မှုမြို့သစ်မှ ရှမ်းခေါက်ဆွဲကိုစားချင်လာသည်မှာ ခြောက်နေသည့်နှုတ်ခမ်းကို တံတွေးနှင့် ဆွတ်မိသည်အထိဖြစ်သည်။ သို့သော် မဖြစ်နိုင်ပါ။ အချိန်တွေသည် ဆယ်နှစ်မဟုတ်။ ဆယ့်လေး,ငါးနှစ်မက အနှစ် နှစ်ဆယ်ကျော်ကြာခဲ့ပြီဖြစ်သည်။ ပြန်တွေးရသည်ပင် ခပ်ဝါးဝါး။ ခေါက်ဆွဲဖတ်ကို ရေနွေးအိုးတွင်းထည့်နေကျ မိမိလက်တွေသည်ပင် အကြောပြိုင်းပြိုင်းထ,နေကြပေပြီ။ အဟောင်းကို မှတ်မိသမျှက ရှမ်းခေါက်ဆွဲတစ်မျိုးသာ ထင်ထင်ရှားရှား။ သီလရှင်ကြီးညာဏဆုံးမဖူးသော အင်မတန်အပြစ်ကင်းသည့် အလုပ်မျိုးကို မိမိစွန့်ခဲ့သည်မှာလည်းကြာပြီ။ ယခု မိမိသည် အမယ်အို။ အမယ်အို ရောင်းသော ရှမ်းခေါက်ဆွဲတွေသည်ပင် ဘဝတဏှာတွေ ပါနေသေးကြောင်း မိမိသာ အသိဆုံးဖြစ်သည်။ အခြားသူများထက် မိမိသာ အသိဆုံး ဖြစ်လေသည်။ ■

**ဆောင်းခနှင်း**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်သိ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**

www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၁၅)မှ...*

ကျေနပ်သွားပုံရသည်။ တကယ်လည်းပဲ ကျွန်မ ဆုံးဖြတ်ထားသလို အော့ကစ်၏ သားပေါက်များကို စာရင်းကြိုပေးထားသူများထံ ပေးခဲ့ပြီး အော့ကစ်ကို အနားပေးထားခဲ့သည်။ ကိုယ်ဝန်လရင့်လာသောအခါ သူတို့ကို ဂရုမစိုက်နိုင်တော့ချေ။ ကျွန်မ ကိုယ့်ကိုယ်ကိုသာ ဂရုစိုက်နေဖြစ်တော့သည်။ အာထရာဆောင်းရိုက်ကြ၊ ခန့်မှန်းမွေးရက်ယူကြ၊ ခွဲမွေးမည်ဟု ဆုံးဖြတ်ပြီး နေ့ကောင်းရက်မြတ်ရွေးကြနှင့် ကျွန်မတို့အားလုံး ပြုးပျော်တက်ကြွနေခဲ့ကြသည်။

သို့သော် မမြင်နိုင်သောကံကြမ္မာ လက်ကြမ်းကြီးသည် ကျွန်မကို အရှိန်ပြင်းပြင်းနှင့် ရိုက်ချလိုက်၏။ ကျွန်မ လေ့ကားမှချော်ကျပြီး အရေးပေါ်အခြေအနေကြောင့် ခန့်မှန်းမွေးရက်နှင့် တော်တော်ဆောလျှင်စွာ ကလေးမွေးလိုက်ရသည်။ ကြိုတင်ပြင်ဆင်မှုများ နှောင့်နှေးခဲ့သဖြင့် ကျွန်မနှင့် ကိုကိုတို့၏ ရင်သွေးလေး အဖတ်မတင်ခဲ့ပါ။ ကလေးလေးသည် မွေးပြီးပြီးချင်းမှာပင် အသက်မရှိတော့ချေ။

ဒါတွေကို ကျွန်မ နောက်များမှ ပြန်သိခဲ့ရတာဖြစ်သည်။ မီးတွင်းထဲမှာ ကျွန်မ သွေးတက်သွားမည်စိုးကာ ကလေးအကြောင်းကို ဘယ်သူမှ မပြောရဲကြပေ။ ကျွန်မ နေကောင်းပြီး ဆေးရုံက ဆင်းရတော့မှ မပြောမဖြစ် ပြောကြရခြင်းဖြစ်သည်။

'ကလေးက မွေးပြီးပြီးချင်းပဲ...'

ကိုကို့အသံ တိုးတိုးက အဲဒီနေရာမှာပဲ တိမ်ဝင်ပျောက်ကွယ်သွား၏။ မေမေကတော့ စကားတောင် မပြောနိုင်တော့ဘဲ အံကြိတ်ပြီး မျက်ရည်ကျသည်။

ကျွန်မကတော့ ခံစားရချက် ပြင်းထန်လွန်းပြီး ထုံပေပူလောင်နေသည်။ ကျွန်မ ကလေးက ယောကျ်ားလေးလား၊ မိန်းကလေးလား၊ ဖြူသလား၊ မည်းသလား၊ ဘယ်သူနဲ့ တူသလဲ။ နှုတ်ဖျားမှ မေးချင်သော မေးခွန်းများက ရင်ဘတ်ထဲမှာပဲ တွန်းထိုးရုန်းကန်နေကြသဖြင့် ရင်ဘတ်တွေလည်း အောင့်လာသည်။ ကလေး၏ သက်မဲ့ခန္ဓာကိုယ်ကိုတောင် ကျွန်မ မမြင်လိုက်ရဘူးတဲ့လား။ ဒါဟာ ဘယ်လို ကြမ္မာဆိုးက ဒဏ်ခတ်လိုက်တာပါလိမ့်။ ကျွန်မ ကလေးကို တွေ့ခွင့်မရှိဘူး၊ ကျွန်မ ကလေးကို ပိုင်ဆိုင်ခွင့်မရှိဘူးဆိုတဲ့ ကျိန်စာဆိုးကြောင့်များလား။ ကျွန်မကို ဘယ်လိုလူကများ မလိုတမာ ကျိန်စာတိုက်ခဲ့ပါသလဲ။

ဆေးရုံက ဗိုးချဲလ်နှင့် လိုက်ပို့သဖြင့်သာ ကျွန်မ ခွေခေါက် လဲကျမသွားပေမဲ့ ကားပေါ်သို့ ကိုယ့်ဘာသာ အားပြုမှီတွဲပြီး မတက်နိုင်တော့။ ကိုကိုက ပွေ့ချီပြီး တင်ပေးရသည်။ ကျွန်မ၏ ခြေတွေ၊ လက်တွေ၊ နှုတ်ခမ်းတွေ လှုပ်လို့မရတော့ဘဲ ပျော့ဖပ်ငြိမ်သက်နေကြသည်။ စကားပြောဖို့အဝေးကြီး။ ကားပေါ်မှာ ထိုင်လိုက်လာရသည်ကပင် ပင်ပန်းလွန်းလှပြီ။

'ကလေးက နောက်တစ်ယောက် ထပ်ယူရင် ရပါတယ် ထိုက်ရယ်။ ထိုက်ကျန်းမာရေးသာ ဂရုစိုက်နော်။ ကလေးမရှိလည်း ကိုကိုတို့ ဘာပြဿနာမှမရှိဘူး။ ကလေးမရှိတော့ ကိုကိုနဲ့ထိုက်နဲ့ပဲ ပိုချစ်လို့ရတာပေါ့'

ကိုကို၏ နှစ်သိမ့်စကားများသည် ကျွန်မ၏ နာကျင်မှုကို မလျော့ပါးစေနိုင်ချေ။ ကိုကို့အသံကလည်း အားမရှိပါ။ ကျွန်မ စိတ်သက်သာရာရစေရန် ရှာကြံကြိုးစားနေရသည့်ပုံစံက သူ့အသံမှာပင် ပေါ်လွင်နေ၏။ ကျွန်မ တစ်ကိုယ်လုံးက အာရုံကြောတွေ သေဆုံးနေကြသလို ကျွန်မ မျက်ရည်ပင် မကျနိုင်တော့ချေ။ ကလေးကို မှန်းဆပြီး လွမ်းဆွတ်ငိုကြွေးရန်မှာလည်း အာရုံထဲတွင် ဟာလာဟင်းလင်းနှင့် ပုံဖမ်းလို့မရ။ ကျွန်မ မျက်စိစုံမှိတ်ထားလိုက်စဉ် ကားက ဖြည်းညင်းစွာ ရပ်သွားသည်။ အိမ်ရောက်ပြီပေါ့။

ကိုကိုက ကျွန်မကို ပွေ့ပြီး ဧည့်ခန်းထဲက ဆိုဖာမှာ ထိုင်ပေးသည်။

ကျွန်မရောက်လျှင်ရောက်ချင်း အော့ကစ်နှင့် ရွှေညိုက အိမ်ထဲမှ ပြေးထွက်လာပြီး ကြိုဆိုကြသည်။ အော့ကစ်သည် မွေးပျံ့သားနားစွာဖြင့် ကျွန်မခြေထောက်တွေကို တိုးဝေ့နမ်းရှုပ်ကာ နှုတ်ဆက်နေသည်။ အော့ကစ်ကိုမြင်လျှင် ကျွန်မ နှလုံးသွေးတို့ ပေါက်ကွဲဆူပွက်သွားပြီး သွေးလှည့်ပတ်မှု ရပ်ဆိုင်းသွားသလို ထူပူမူးနောက်သွား၏။ ကျွန်မ အော့ကစ်ကို စူးရှပြူးကြောင်စွာ စိုက်ကြည့်နေမိသည်။

ကျွန်မ ကျွန်မ အော့ကစ်၏ ဝင့်တွေလည်နေတာလားဟင်။

ကျွန်မ ကျွန်မ အော့ကစ်၏ ကလေးတွေကို အော့ကစ်နှင့် ခွဲထားလိုက်မိလို့လားဟင်။

အော့ကစ်ကို ကြည့်ရင်း ကျွန်မ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လှုက် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာ၏။ ကျွန်မရင်ထဲမှာ ဆို့နင့်ကာ ဘာစကားမှ မပြောနိုင်ဘဲ ဆိုဖာပေါ်မှ ကြမ်းပြင်ပေါ်သို့ လျှောချလိုက်မိသည်။

'ထိုက် ထိုက် ဘာဖြစ်လို့လဲ၊ ထိုက်ရေ...'

'သမီး။ သမီးရေ... သတိထားပါဦး သမီးရယ်'

အော့ကစ်က ထုံးစံအတိုင်း ကျွန်မ၏ ဆံပင်တွေနှင့် ကျွန်မ၏ အင်္ကျီလက်ကို နမ်းရှုပ်ကာ တအီအီ နှုတ်ဆက်နေသည်။ ဒါပေမဲ့ ဒါဟာ နှုတ်ဆက်တာရော ဟုတ်ရဲ့လား။ ရန်တွေ့နေတာလား။ စကားနာထိုးနေတာလား။ နှစ်သိမ့်နေတာလား။ 'ကျွန်မလည်း ဒီလိုပဲ ခံစားခဲ့ရတာပေါ့ မမရယ်'လို့ ပြောနေသလိုပဲ။

'မမကို ခွင့်လွှတ်ပါ အော့ကစ်ရယ်။ မမ ကိုယ်ချင်းစာတတ်ပါပြီ။ မမကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ'

စကားလုံးများသည် ရှိုက်သံများအဖြစ်နှင့်သာ နှုတ်ဖျားမှ ထွက်ကျသွားကြသည်။

ကျွန်မ အော့ကစ်၏ လည်ပင်းကို ဖက်ကာ အော့ကစ်၏ လှပသော လည်ဆံမွေးများကို မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။ ■

**စံထိုက်သူ**

www.burmeseclassic.com

ww.burmeseclassic.com

*စာမျက်နှာ(၁၄၁)မှ . . .*

တော်တွေ တစ်စစီပြိုကွဲ၊ အဲလေ မဟုတ်သေးပါဘူး။ ငါကိုယ်တော် လူတွေလည်း သာကလောက် မည့်လောက်ပါဘူး'။

ဘုရင်မင်းမြတ်မှာ ဖောင်တော်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ စိတ်တွေ ဂနာမငြိမ်တော့။ သာယာဝတီမြို့စား မင်းသားဘဝ ရန်ကုန်သို့ ကျူးကျော်လာသော ကုလားဖြူအင်္ဂလိပ်တို့နှင့် ရင်ဆိုင်တိုက်ခဲ့ရသည်။ မဟာဗန္ဓုလ စစ်သူကြီး ပန်းဝါ စစ်တကောင်းမှာ တိုက်ပွဲဝင်နေခိုက် ရန်ကုန်သို့ ကျူးကျော်လာသော အင်္ဂလိပ်ကို တိုက်ခိုက်ပါရစေ လျှောက်တင်သည်ကို နောင်တော် စစ်ကိုင်းမင်း၏ မိဖုရား မယ်နုမောင် ငအိုက လွှတ်တော်တစ်ခုလုံးကို အုပ်စီးနေလေတော့ တိုက်ခွင့်မရခဲ့။ ရန်သူက ခံကတုတ်တွေ၊ နေရာကောင်း တောင်ကုန်းတွေ သိမ်းပိုက်ပြီးမှ ရခိုင်က ပြန်ဆုတ်လာသော မဟာဗန္ဓုလ စီမံသလို တိုက်ခဲ့ကြရသည်။

'ထို့ စစ်ရှုံးသာ နည်းနည်းသေး သင်းတို့ကြောင့်'

မောင်အိုနှင့် မယ်နုကို မုန်းသော အမုန်းက နှလုံးသားထဲ ခါးသီးလာပြန်သည်။ သူကိုယ်တိုင်ကတော့ ကျိုက္ကလို့ တိုက်ပွဲတွင် ကုလားဖြူတွေ ပြေးအောင် တိုက်နိုင်ခဲ့သည်။ စစ်ဆင်နည်းကအစ ဗန္ဓုလစစ်သူကြီးနှင့် အမြင်မတူခဲ့။

'တပ်တွေ ဖျောက်ပြီး တိုက်မှ ရတော့မယ်၊ လက်နက်ချင်း မတူဘူး' ဟု ဆိုခဲ့သော်လည်း သူ့စကား အရာ

> ဝဲက
> စုပ်ဝဲလေလားမသိ
> ရေထုက
> ချာချာလည်နေသည်
> ထို
> လှိုင်းဗွေထဲ
> ဝဲကတော့ထဲတွင်
> အမှတ်မထင်
> သူ
> မြင်လိုက်ရသည်မှာ
> ချာလည်လည်
> နေသော
> အင်ကြင်းပန်း
> တစ်ခိုင်

မရောက်ခဲ့။ ဘုရင့်ညီတော်တစ်ပါးသာဖြစ်သော်လည်း စစ်အာဏာက သူ့မှာ မရှိခဲ့။

'စစ်လျော်ကြေး တစ်ကုဋေကို မိနု ရွှေတွေပေးလိုက်ရသယ် ဆိုဆိုပြန်သေး၊ သည်ရွှေက အသူ့ဥစ္စာလဲ။ ဘဏ္ဍာတိုက်ထဲက သင်းတို့မောင်နှမ ခိုးထားသာတွေပဲ။ သင်းတို့လက်ရုံး ဗန္ဓုလလည်း အလဟဿအသက်ဆုံးရှုံး၊ သင်းကလည်း သင်းကိုယ်သင်း အထင်ကြီးပေသကိုး'

တွေးရင်းတွေးရင်းပင် ဒေါသဖြစ်လာရပြန်သည်။

မဆုံးရှုံးသင့်ဘဲ အသက်တွေဆုံးရှုံးခဲ့ရသလို ရခိုင်နှင့် တနင်္သာရီလည်း ကုလားဖြူလက် ရောက်ခဲ့ရသည်။ တွေးတိုင်း အသည်းတဆတ်ဆတ်ခါအောင် နာလှပါဘိ။ ငအိုနှင့် မိနုတို့က ရန်ရှာလာပြန်သဖြင့် ရွှေဘိုသို့ ထွက်ကာ ပြန်တော်လှန်ခဲ့ရသည်။ သည်တုန်းက သားတော် ပခန်းမင်းသားနှင့် ပြည်မင်းသားတို့ ရှပ်ရှပ်ချွံချွံတိုက်ပေးခဲ့ကြသည်။ ထို့ကြောင့်လည်း ဒဂုန်ကို ချီသည့် တပ်တော်မှာ ဗိုလ်ချုပ်တွေ ခန့်ခဲ့သည်။ ယခုအခါ အားကိုးအားထား အစ်ကိုကြီး သားတော်ကြီး ငါ့ကိုများ တော်လှန်ချင်လေသလား။

သံသယတစ်စ ရင်ထဲဝင်လာပြန်သည်။ နေပါဦး၊ သည်မင်းသားက ဘယ်ဆီခြေတော်ဦးလှည့်နေသလဲ။ ထန်းတောထဲသွား သေရည်မူးနေသယ် ပြောရအောင်လည်း သေသောက်ကြူးသူမဟုတ်၊ ခက်နေကပြီ။ စွဲမက်ဖွယ် အသည်သူတစ်ယောက်ယောက်ကိုများ တွေ့နေလို့လား။ သည်လိုမျိုး မင်းသားလည်း မဟုတ်ပေါင်။

'ရွှေစက်တော်ဘုရားသွားဖူးနေလို့ပါသဲ့ဘုရား'

'ဘဇာ'

'ပြည်သခင်ဘုရားက ရွှေစက်တော်ဘုရား သွားဖူးရာက ပြန်မလာသေးလို့ပါဘုရား'

'သယ် သည်မင်းသား ငါ့ထံလည်း ခွင့်မပန်ဘဲ သွားရသလား၊ သင့်ကိုယ်သင် ဘဇာထင်နေရှိ့လဲ'

တပ်တော်တစ်ခုလုံး အအုပ်အစည်းမပျက် ဆောင်ရွက်ရမည့် ဗိုလ်ချုပ်ဖြစ်ပါလျက် တာဝန်မဲ့စွာ ပစ်ထားခဲ့ရသလားဟု ဒေါသထွက်ရသည်။ 'ရွှေစက်တော်သဲ့၊ အဲသည်နေရာက ကုလားဖြူပိုင်သွားသဲ့ ရခိုင်ရိုးမရဲ့ အစပ်ပေပဲ'။

ဘုရင်မင်းမြတ် ခေါင်းထဲ သွေးရောက်အောင်၊ ဒေါသပိုမထွက်ထွက်အောင် မိဖုရားခေါင်ကြီးကလည်း 'မောင်မောင်ရယ် သားတော်ကြီးဆိုတော့ ထီးနန်းရိုက်ရာ ခံစားနိုင်ဖို့ ဘုရားမှာ ဆုသွားပန်သာဖြစ်မပေါ့'

ဘုရားမှာ ဆုပန်ဆိုသည့်စကားက ရွှေဘိုတွင် အောင်မြေနင်းပြီး နောင်တော်ကို တွန်းလှန်ခဲ့သည့် ရွှေဘိုမင်းရင်ထဲ ဆူးတစ်ချောင်းလို မွေ့လာပြန်သည်။ ခရီးစဉ်တစ်လျှောက်လုံး စိတ်လက်ကြည်သာခဲ့သော်လည်း တောင်ကျော်လိုက်လျှင် ကုလားဖြူပိုင်ဒေသပဲ ဆိုသည့် စိုးနှောင့်မှုက သားတော်ကိုပင် မယုံရဲလောက်အောင် ဖြစ်ရပြန်သည်။

'သင်းစိတ်ထဲ ဘုရင်ဖြစ်ချင်စိတ်က သာလောက်ပြင်းထန်နေပြီလား ဟိန်'

ဒဂုန်တွင် စံမြန်းခိုက် အနောက်နန်း မိဖုရား၏ ကုသိုလ်တော်တို့ကို ရေစက်ချပွဲတွင် မိဖုရားနှင့် သမီးတော် လှိုင်ထိပ်တင်တို့ ကိုယ်တိုင် ဆန်ပန်းပေါက်ပေါက်များကြဲချိန် ပြည်မင်းသားနှင့် သားတော်တွေကပါ တပျော်တပါး ရွှေဖလားတွေကိုင်ပြီး ကုသိုလ်တော်ပွဲလာ ပရိသတ်ကို အသပြာများ ကျဲကြဲ

www.burmeseclassic.com

www.burmeseclassic.com

ပေးကြပုံကို တွေ့မြင်ခဲ့ရသည်။ လှိုင်မင်းသမီးလေးနှင့် ပြည်မင်းသား၏ သားတော်ကြီးကို ရည်ရွယ်ရင်းရှိခဲ့သော်လည်း ငယ်လွန်းသေး၍ တဖြည်းဖြည်းမှပဲ တွေးထားခဲ့သည်။

သူ၏ အမိန့်ကို နာခံပြီး ပြုလုပ်ခဲ့သော အလှူတော် ‘အစ်ကိုကြီးတို့ ညီညီတို့၊ အလှူတော်မှာ ‘အနောက်နန်းမယ်တော်ကို ကူလိုက်ပါဦး’ မိန့်ခဲ့သော်ငြား မေ့လျော့သွားကာ ‘ကြည့်ပါဦး မောင့်သားတော်ကြီး အနောက်နန်းတော်နဲ့ တပျော်တပါး အလှူပွဲ နွှဲနေလိုက်သာ’

နန်းမတော်ကြီး ပြုသဖြင့် စိတ်ထဲမှာ ထင့်သွားခဲ့ရသည်။

သားတော်ပြည်မင်းသားနှင့် အနောက်နန်းမယ်တော်တို့မှာ သက်ရွယ်တော် မကွာခြားလှ။ ကျက်သရေရှိကြပုံချင်း အလှချင်းကလည်း ညီနေကြသည်။ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားရသည်။ သို့သော် အနောက်နန်းမယ်တော်ကလည်း တည်တည်ကြည်ကြည်ရှိလှသူ။ အပြစ်ရယ်လို့ ပြောရခက်သောဆူး၊ ရင်ထဲမှာ စူးခဲ့ရသည်။ သားတော်ကြီးမှာလည်း ဇနီးကြင်ရာနှင့် သားများကို ချစ်မြတ်နိုးလွန်းသူ။ သို့သော်လည်း ‘သင်းတို့ တစ်ယောက်နှင့်တစ်ယောက် တေးချင်းပေလွှာတွေ အလဲအလည်လုပ် ဖတ်ကြသတဲ့’

တခြားသော မိဖုရားတို့ စကားသံ ကြားယောင်မိပြန်သည်။

‘သင်း ဘုရင်မြန်မြန်ဖြစ်ချင်နေလေပြီလား’ အတွေးများဖြင့် ရင်ထဲ ဗလောင်ဆူနေသည်။

‘သင်း ပြန်ရောက်ရောက်ချင်း ငါ့ထံလွှတ်လိုက်’။ မင်းထင်လကျ်ာကို အမိန့်ပေးလိုက်သည်။

❑

၅။

တပ်တော်၏ နောက်ရံတပ်မှူးဖြစ်သူ ပခန်းမင်းသားမှာလည်း နောင်တော်ပြန်မလာနိုင်သေးသဖြင့် စိုးရိမ်ပူပန်နေသည်။ နေရောင်က တဝင်းဝင်းလင်းလာခဲ့ပြီ။

နေထန်းတစ်ဖျားခန့်ရောက်မှ နောင်တော်တို့ ပြန်လာကြသည်။ မြင်းတွေက မောရှာလွန်း၍ အမြှုပ်တစီစီထ,လျက်။ ပြည်မင်းသား၏ ဖောင်ဦးထိပ်မှာ ရပ်စောင့်နေသော ညီတော် ပခန်းမင်းသားမှာ နောင်တော်ကို မြင်လိုက်ရသဖြင့် မျက်နှာတစ်ခုလုံး ဝင်းပသွားရသည်။

နောင်တော်အနီးသို့ အပြေးတစ်ပိုင်းလာပြီး ‘နောင်တော်… နောင်တော်’ အမောတကောနှင့် ‘မခည်းတော် ရွှေစိတ်တော်ဆိုးနေပြီသဲ့၊ မြန်မြန်သုတ်သုတ်လေး’

ပြည်မင်းသားက မြင်းကို ရဲမက်လက်သို့ ပေးလိုက်ပြီး ကပိုကရိုပြေကျလု ဆံပင်များကို ပြန်ထုံးနှောင်ကာ ပေါင်းပဝါဖြင့် ပြန်ရစ်သည်။ သူ့လက်တွေမှာ အေးစက်ကိုက်ခဲနေဆဲ။ ပိုးပြောင်ပုဆိုးကို အသာအယာပြုပြင်ကာ ‘ညီညီ ဖဘုရား ဒေါမာန်တွေပွားနေပြီပေါ့’

‘မှန်ပါ့ နောင်တော်၊ နောင်တော်ကလည်း နောင်တော်ပဲ ဘယ့်နှယ် မပန်မကြားဘဲ သွားရင်လည်း သည်မျှတော့…။ လာလာ ရှေ့တော်ဝင်ရအောင်’

ပြည်မင်းသားလည်း ပခန်းမင်းသားနောက်မှ လိုက်ပါကာ ဖဘုရား၏ ဖောင်တော်ဆီသို့ ခပ်သုတ်သုတ်လျှောက်လှမ်းလာခဲ့ကြသည်။ ဖဘုရားသည် သာမန်အချိန်များတွင် သူတို့အပေါ် လိုက်လိုက်လျောလျော ပြုံးပြုံးရွှင်ရွှင်ရှိလှသော်လည်း စိတ်ဆိုးသည့်အခါ ဒေါသစိတ်ကို ထိန်းနိုင်သူ မဟုတ်။

ပခန်းမင်းသားက ‘ဖဘုရား အစ်ကိုကြီး ပြန်လာပါပြီဘုရား’

‘ကဲ တင်တော်မူစမ်းပါဦး၊ ဘယ်ကိုကြွမြန်းတော်မူနေသလဲဆိုသာ’

ပြည်မင်းသားမှာ တင်းမာခက်ထန်လှသော အကြည့်စိန်းစိန်းကြောင့် လန့်သွားပြီး–

‘ရွှေစက်တော်ဘုရားပွဲချိန်လို့ သိရသဲ့အတွက်…’

‘ငါ့ကို ဖဘုရားလို့ရောအောက်မေ့သေးပါစ’

‘မှန်ပါ၊ သားတော် သားတော် ခွင့်မပန်မိသာ…’

‘တပ်တော်တစ်ခုလုံး အုပ်ချုပ်သဲ့ စစ်ဗိုလ်ချုပ်အရာနဲ့ တန်သလား ကိုယ်တော်’

‘ခွင့်လွှတ်တော်မူပါဘုရား’

‘ဖောင်တော်တွေမှာ ရဲရောင်သန်မာသူချည်းမဟုတ်၊ မိဖုရားများ၊ သားတော်၊ သမီးတော်များနဲ့ ရန်သူလုပ်ကြံရင် သင် ဘဇာတတ်နိုင်မှာလဲ’

ပြည်မင်းသား ဘာမှ မပြောနိုင် ငိုင်သွားရသည်။ အစက ဘုရားဖူးခရီးမို့ ခွင့်လွှတ်တန်ကောင်းရဲ့ ထင်ခဲ့သည်။ ညီတော်လည်း မည်သို့မျှ မလျှောက်တင်သာ။ အညာသီဟတော ဘုရားဖူးသွားခိုက် ထီးနန်းစည်းစိမ်လက်လွှတ်လိုက်ရသော ငစဉ့်ကူးမင်းအကြောင်း ငယ်ကတည်းက ကြားခဲ့ဖူးပြီ။ ထို့ပြင် နောင်တော် ရွှေနန်းရှင်ဟောင်းကို ထီးနန်းပြန်တင်လိုသူတွေကလည်း အခါအခွင့်ကို ချောင်းနေကောင်းနေကြလိမ့်မည်။

ပြည်မင်းသားမှာ ဖဘုရား၏ စိုးရိမ်ပူပန်မှုကို နားလည်ပါ၏။ သို့ရာတွင် သူလည်း ပြန်လာခဲ့ပြီမို့ သည်မျှနောက်ကျရုံနှင့် စိတ်မပြေနိုင်အောင် ဒေါမာန်ပွားနေခြင်းကိုတော့ နားမလည်နိုင်။

‘သင်ဟာ ရှေ့ဦးချီတပ်တော် ဗိုလ်ချုပ်အရာနဲ့ မတန်၊ ယခုကစ အရာချလိုက်ပြီ။ ပခန်းမင်းသား ဒီလူသွမ်းကို သင့်ရဲ့ လှေမှာ အချုပ်အနှောင်နဲ့ထား’

ဖဘုရားအမိန့်ကြောင့် ညီတော်ပါ တုန်လှုပ်သွားရသည်။

‘အမှာတော်ရေးကို ခေါ်လိုက်’

အနီးမှ မင်းထင်လကျ်ာကို အမိန့်ပေးသည်။ အမှာတော်ရေး ရောက်လာလျှင် ချက်ချင်းပင် ပြည်မင်းသားကို တပ်ပေါင်းချုပ်၏ ဗိုလ်ချုပ်အရာမှ ချကြောင်း အမိန့်စာထုတ်ပြီး နောက်ပါ

www.burmeseclassic.com

www.burmeseclassic.com

များကို ကြိုးဖြင့် နှောင်တည်းလျက် ချုပ်နှောင်ထားဖို့ အမိန့်ပြန်သည်။ ကောင်းတုံစားဝန်ကြီးကို တပ်ပေါင်းစုဗိုလ်ချုပ်အဖြစ် ခန့်ထားပြီး ပြည်မင်းသားကို ညီတော်ပခန်းမင်းသား၏ လှေတော်တွင် ထိန်းသိမ်းထားရန် ဒေါနှင့်မာန်နှင့် အမိန့်ပေးသည်။

ပခန်းမင်းသားက အမိန့်တော်ကို နာခံပြီး ပြည်မင်းသားကို လက်ဆွဲလျက် သူ့လှေသို့ ပြန်လာခဲ့သည်။

"စိုးရိမ်တော်မမူပါနဲ့ နောင်တော်၊ ဖဘုရား ရွှေစိတ်တော်ညိုတုန်း ခဏပါ"

"အေးကွယ့်၊ မင့်အစ်မတော်သာ စိတ်မပူဖို့ ပြောပေးပါ၊ ကိုကိုအတွက်က အရေးမကြီးပါဘူး ယောက်ျားကပဲ"

သို့တိုင် သူ့နောက်ပါရဲမက်များမှာ သူ့ကြောင့် အနှောင်အတည်းခံကြရသဖြင့် စိတ်ထိခိုက်သွားရသည်။ စည်သံမောင်းသံများ ဟိန်းဟိန်းထ,အောင်တီးလျက် သာယာဝတီမင်း၏ တပ်တော်ပါ ဧရာမလှေကြီးများက ဖောင်များကို ဆွဲလျက် ဧရာဝတီမြစ်ကိုဆန်ရန် စတင်လှော်ခတ်ကြလေပြီ။ ရေအဟုန်ကို ဆန်နေရသဖြင့် လှေတော်သားတို့မှာ လှေတော်သံများသီဆိုရင်း အားနှင့်မာန်နှင့် လှော်ခတ်နေကြသည်။ အမြောက်မြတပူတင်လှေများပေါ်မှ လှေသားရဲမက်တို့က လှေဖောင်များကို ဝန်းရံလျက် ကုန်းလမ်းမှ မြင်းကိုယ်စီဖြင့် လိုက်ပါလာသော ရဲမက်တို့ကို လက်ပြနေကြသည်။ ဧရာဝတီမြစ်ရေက ကြည်လင်စွာ တသွင်သွင်စီးလျက်။

ပြည်မင်းသားမှာ ညီတော်၏ဘေးတွင်ထိုင်ကာ ရေစီးတွင် တလိမ့်လိမ့်မျောပါလာသော ဗေဒါပင်များကို ငေးကြည့်နေသည်။ တစ်ညလုံး ပင်ပန်းခဲ့ခြင်းနှင့် အအေးမိခဲ့ခြင်းကြောင့် ခဏခဏ ချေဆတ်မိနေသည်။ ညီတော်က ပွဲတော်စာ ပြင်ပေးသော်လည်း စားချင်စိတ်မရှိ။

ညီတော်က "ယခု မသုံးဆောင်လိုသေးလည်း နောင်တော် နားလိုက်ပါ၊ တစ်မှေးအိပ်စက်လိုက်ပါဦး"

သူ၏ စက်ရာသလွန်ဆီသို့ ခေါ်သွားကာ နွေးနွေးထွေးထွေးဖြစ်အောင် ကတ္တီပါစောင်ခြုံပေးလိုက်သည်။ အင်ကြင်းပန်းရနံ့များ သင်းပျံ့လာပြန်သည်။

"စိတ်မပျက်ပါနဲ့ နောင်နောင်၊ ဖဘုရား စိတ်တော်ငြိုငြင်တုန်းခဏပါ။ နေပြည်တော် မရောက်ခင် ပြေမှာပါ"

"ညီညီ၊ အစ်မတော်နဲ့ သားတွေကို စိတ်မပူဖို့ ပြောလိုက်ပါ ညီညီ"

မှေးခနဲဖြစ်စဉ် ဧရာမကျောက်ဂူကြီးထဲက သလွန်ပေါ်တွင် ရောက်နေလျက် အင်ကြင်းပန်းခိုင်ပန်းခက်တို့ ထိုးထားသော ကျောက်သားပန်းအိုးကြီးများကို မြင်တွေ့ရသည်။ စိမ်းမှောင်ပြာမှိုင်းသော ဂူကြီးထဲတွင် ကျောက်စက်ပန်းဆွဲတို့ အသွယ်သွယ်ကျလျက်။

"တစ်မှေးစက်လိုက်ပါ မောင်မောင်ရယ်"

ပြာလဲ့တောက်ပသော အလင်းရောင်တစ်ခု ရွှေလျားပြီး သာယာကြည်လင်လှသော မိန်းမသားတစ်ဦး၏ အသံဖြင့် လှမ်း၍ပြောလိုက်သလို ခံစားလိုက်ရသည်။

"မန်းချောင်းရေစီးသံလေးက ညင်သာက ညင်သာဘိသနဲ့။ စက်လိုက်ပါဦး မောင်မောင်ရယ်"

အင်ကြင်းပန်းရနံ့များက ဂူတစ်ခုလုံး လွှမ်းခြုံသွားစဉ် မျက်လုံးများက ဖွင့်လိုလျက် ဖွင့်မရနိုင်အောင် ရှိရသည်။

မွန်းကျပ်လာသလို ခံစားရကာ လည်ချောင်းတွေနာလျက် လန့်နိုးလာသည်။ နေရောင်က စူးစူးရှရှ။ တင်းတိမ်ကို ထိုးဖောက်ဝင်ရောက်လာသည်။ တင်းတိမ်ကိုဖယ်လျက် အိပ်ရာမှ ဆင်းသက်ကာ လှိုင်းပေါ်တွင် တလိမ့်လိမ့်လူးနေသော လှေထက်မှ ဒယိမ်းဒယိုင်နှင့် ထ,လာခဲ့သည်။

လှေလှော်သားတို့က ဝဲဂယက်ကို ကျော်နိုင်ဖို့ ကြိုးစားနေကြသည်။ ဝဲက စုပ်ဝဲလေလားမသိ။ ရေထုက ချာချာလည်နေသည်။ ထိုလှိုင်းဗွေထဲ၊ ဝဲကတော့ထဲတွင် အမှတ်မထင် သူမြင်လိုက်ရသည်မှာ ချာလည်လည်နေသော အင်ကြင်းပန်းတစ်ခိုင်။

■

**ခင်မြဇင်**

*(ဒဂုန်ခင်ခင်လေး၏ ကျွန်ုးဦးတည့်သန်လျက်ခုံနှင့် ဆရာတော် ဦးတိက္ခဓမ္မ လင်္ကာရနှင့် ဒေါက်တာ သန်းထွန်းတို့ပြုစုသော ကုန်းဘောင်ဆက် မြန်မာရက်စွဲ သမိုင်းတို့ကို ဖတ်ရှုခံစားရေးဖွဲ့ပါသည်။)*

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မွေခံထိုက်စေ

နိုင်မြင့်

၁။

သရက်ပင်စုရွာက
သူဌေး ဒေါ်ထားမြိုင်ကို
ရွာနီးချုပ်စပ်က လူတွေတော်တော်
များများ ကောင်းကောင်း
သိကြတယ်။ ဒေါ်ထားမြိုင်
နှာတာရှည်ဖြစ်ပြီး အိပ်ရာပေါ်မှာ
လဲနေတာ တော်တော်လေးကြာပြီ။
သူ့ရဲ့အိမ်ကြီးပေါ်မှာလည်း
သတင်းလာမေးတဲ့သူတွေ
ပြတ်တယ်လို့ကို မရှိလှဘူး။
ဧည့်သည်တွေ လာလွန်းလို့
ရေနွေးအိုး ကျိုရတာ လှနှတောင်
စိတ်ညစ်နေတယ်။ ဒေါ်ထားမြိုင်ရဲ့
တူတွေဖြစ်တဲ့ ထွန်းစိန်နဲ့
ထွန်းရှိန်တို့ ညီအစ်ကိုလည်း
ညအိပ်ညနေရောက်နေတယ်။
ဒေါ်လေးမြိုင် စားဖို့ဆိုပြီး
ကြက်ဥတွေ၊ ငှက်ပျောခိုင်တွေ
ယူလာကြတယ်။ ဒါပေမဲ့
ဒေါ်ထားမြိုင်က ကောင်းကောင်း
မစားနိုင်တော့ပါဘူး။
ဝမ်းကလည်းပျက်နေလို့

အစားအသောက် တော်တော်လေး
ဆင်ခြင်နေရတယ်။ သရက်ပင်စုနဲ့
သုံးမိုင်လောက်အကွာမှာ
ဆယ်ကန်ရွာ ရှိတယ်။
ဆယ်ကန်ရွာမှာ
တိုက်နယ်ဆေးရုံရှိပြီး အဲဒီဆေးရုံက
ဆရာဝန်လေးကတော့
'လူနာ အခြေအနေကို
သိပ်အားမရဘူး' လို့ ပြောတယ်။
ဒါပေမဲ့လည်း ဒေါ်ထားမြိုင်က
လေသံသဲ့သဲ့နဲ့တော့
စကားပြောနိုင်နေတုန်းပဲ။
❑

အမှတ် ၃၃၃၊ ဩဂုတ်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၂။

ဒေါ်ထားမြိုင်က အစကတော့ သာမန်ရိုးရိုးရွာသူတစ်ယောက်ပါပဲ။ သူမှာ မွေးချင်းဆိုလို့ သူအပါအဝင် စုစုပေါင်း သုံးယောက်ပဲရှိတယ်။ သူ့အစ်မကြီးက ဒေါ်လှရွှေ။ အသက်က ဒေါ်ထားမြိုင်ထက် ဆယ်နှစ်လောက်ကြီးတယ်။ ဒေါ်လှရွှေက ဦးသောင်းနဲ့ အိမ်ထောင်ကျပြီး သားသမီး သုံးယောက်တောင် ရလာသည်အထိ ဒေါ်ထားမြိုင်က အိမ်ထောင် မကျသေးဘူး။ ဒေါ်လှရွှေနဲ့ ဒေါ်ထားမြိုင်နဲ့ ကြားမှာ ဦးဘဖေ။ ဦးဘဖေလည်း ဇာတ်ထဲလိုက်တဲ့ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သမီးလေး ၂ နှစ်သားလောက်မှာ ဇနီးသည် ဆုံးပါးသွားတယ်။ အဲဒီနောက် သူပါ စိတ်လေပြီး မိုးလင်းမိုးချုပ် အရက်နဲ့ အဖော်လုပ်ရာက နောက် ၂ နှစ်လောက်မှာ ဆုံးပါးသွားခဲ့တယ်။ ကျန်ခဲ့တဲ့ သမီးလေး လှနုကို ဒေါ်လှရွှေကပဲ ခေါ်ထားပြီး သူ့သားသမီးတွေနဲ့ အတူရောပြီး ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ထားရတယ်။

> ဦးသာမြင့်က အိမ်ရှေ့မှာ သစ်ရွက်ခြောက်တွေကို တံမြက်စည်း လှည်းနေတယ် အဲဒီတုန်း သူ့နားကို သူတစ်ခါမှ မမြင်ဖူးတဲ့ လူစိမ်းသုံးယောက် ရောက်လာတယ် ဦးသာမြင့်ရဲ့ လူပုံကလည်း စွပ်ကျယ် လက်ပြတ် ပုဆိုးတိုတို ဝတ်ထားတော့ အခိုင်းအစေ တစ်ယောက်လို့ပဲ ထင်ကြတယ်

ဒေါ်ထားမြိုင်လည်း အပျိုကြီးဘဝနဲ့ တော်တော်လေးကြာအောင် အသက်လေးဆယ်နီးနီးအထိ နေပြီးတော့မှ မုဆိုးဖိုကြီး ဦးသာမြင့်နဲ့ အိမ်ထောင်ကျတယ်။ ဦးသာမြင့်က သရက်ပင်စုမှာ ချမ်းသာတဲ့နေရာမှာ နံပါတ်တစ်ပဲ။ ဦးသာမြင့်က လယ်ဧကတွေ အများကြီးပိုင်ပြီး ကျိုကျိုတက်ကို ချမ်းသာတယ်။ ဦးသာမြင့်ရဲ့ အရင်မိန်းမ ဒေါ်ပြုံးက ကျောက်ရောဂါနဲ့ဆုံးသွားတော့ ဦးသာမြင့်လည်း မုဆိုးဖိုဖြစ်တော့တယ်။ သားသမီးလည်း တစ်ယောက်မှ မရခဲ့ဘူး။ ဒေါ်ထားမြိုင်လည်း ရွှေပင်နားတော့ ရွှေကျေးဖြစ်ပြီး အလိုအလျောက် သူဌေးကတော်ဘဝ ရောက်တော့တာပါပဲ။ ဒေါ်ထားမြိုင်က အသက်ကြီးမှ အိမ်ထောင်ကျတော့ ကလေးလည်း မရတော့ပါဘူး။

ဦးသာမြင့်က လယ်တွေယာတွေ ပိုင်ဆိုင်တဲ့အပြင် ခြံထဲက မြေကြီးအောက်မှာလည်း ရွှေအိုးတွေမြှုပ်ထားတယ်ဆိုပြီး သတင်းကြီးတယ်။ ခေတ်ကြီးကလည်း မအေးချမ်းတဲ့ခေတ်ဆိုတော့ ဓားပြရန်ကို အမြဲတမ်းပူပန်ကြောင့်ကြနေရတယ်။ ဦးသာမြင့်က ဒါကြောင့်မို့ အိမ်ရှေ့မှာ ကင်းတဲဆောက်ပြီး ကုလားဒရဝမ်တစ်ယောက်ကို ငှားထားတယ်။ ဒရဝမ်က "နိုးနိုးကြားကြား အိပ်ကြလော့" ဆိုပြီး တစ်နာရီကြားတစ်ခါ သံချောင်းခေါက်တယ်။ ဒါပေမဲ့ တကယ်တမ်း ဓားပြတိုက်ခံရတော့ အဲဒီ ဒရဝမ်တောင် ဦးသာမြင့်ရဲ့အိမ် ရောက်မလာသေးဘူး။

အဲဒီနေ့ ညနေ နေဝင်ရိုးရီအချိန်မှာ ဦးသာမြင့်က အိမ်ရှေ့မှာ သစ်ရွက်ခြောက်တွေကို တံမြက်စည်းလှည်းနေတယ်။ အဲဒီတုန်း သူ့နားကို သူတစ်ခါမှ မမြင်ဖူးတဲ့ လူစိမ်းသုံးယောက် ရောက်လာတယ်။ ဦးသာမြင့်ရဲ့ လူပုံကလည်း စွပ်ကျယ်လက်ပြတ်၊ ပုဆိုးတိုတိုဝတ်ထားတော့ အခိုင်းအစေတစ်ယောက်လို့ပဲ ထင်ကြတယ်။ လူသုံးယောက်အထဲက အရပ်ရှည်ရှည်နဲ့ တစ်ယောက်က "ဦးသာမြင့်ရဲ့အိမ် ဒီအိမ်လား"လို့ မေးတယ်။ ဦးသာမြင့်လည်း အမှန်အတိုင်း ဖြေမယ်အလုပ် အဲဒီလူ ခါးကြားထဲက လုပ်သေနတ်တစ်လက်ကို အမှတ်မထင် မြင်လိုက်ရတယ်။ "ဟုတ်တယ်၊ ခဏစောင့်၊ ကျုပ်သွားခေါ်ပေးမယ်"လို့ ပြောပြီး အိမ်ထဲကို ခပ်သုတ်သုတ် ပြေးဝင်လိုက်တယ်။ ပါးစပ်က "မထားမြိုင်ရေ၊ ဓားပြတွေလာပြီ... ပြေး"လို့ ပြောပြီး သူကိုယ်တိုင်က အိမ်နောက်ဖေးကချောင်းထဲကို ခုန်ချပြီး ရေကူးထွက်ပြေးသွားတယ်။

ဓားပြတွေလည်း အိမ်ထဲဝင်လာတဲ့အခါ ဒေါ်ထားမြိုင်ပြေးဖို့ အချိန်မမီတော့ဘူး။ ဓားပြတွေက ဒေါ်ထားမြိုင်ကို လက်ဝတ်ရတနာတွေတောင်းတယ်။ လောလောဆယ် ဒေါ်ထားမြိုင်မှာက နားကပ်ကလွဲလို့ ဆွဲကြိုးတောင် မရှိဘူး။ "ငါ့တူတို့ရယ်၊ အဒေါ်တို့က နာမည်သာကြီးနေတာပါ။ တကယ်မရှိပါဘူး။ မင်းတို့ကြိုက်သလို ရှာကြပါ"လို့ တောင်းပန်တယ်။ ဓားပြတွေကလည်း စိတ်တိုင်းကျရှာတာတောင် မတွေ့လို့ ဒေါ်ထားမြိုင်ရဲ့ နားကပ်ကိုပဲ ဖြုတ်ယူထားလိုက်တယ်။ ဒေါ်ထားမြိုင်ကို ဆန်ပြာတဲ့ ဆန်ကောအပေါက်ဖောက်၊ အပေါက်ထဲလည်ပင်းထည့်ပြီး ဆန်ကောကို လှည့်တယ်။ ဆန်ကောက ဝါးစတွေ လည်ပင်းရှပြီး သွေးစတွေထွက်လာတာတောင် ဒေါ်ထားမြိုင်က ဘူးခံနေတုန်းပဲ။

"ကဲ...အဒေါ်ကြီး၊ ခင်ဗျားကို ကျုပ်တို့ ဖမ်းသွားမယ်။ ခင်ဗျားယောကျ်ားကိုသာ လိုက်ရွေးခိုင်းပေတော့" လို့ ဓားပြခေါင်းဆောင်က ခြိမ်းခြောက်ပြောဆိုပြီး ဒေါ်ထားမြိုင်ကို လက်ပြန်ကြိုးတုပ်ပြီး ရွာပြင် ခေါ်ထုတ်သွားတယ်။ ဓားပြတိုက်တဲ့ပုံစံမဟုတ်ဘဲ အနုကြမ်းစီးသလိုဖြစ်နေတော့ ရွာထဲက လူတွေကလည်း သတိမထားမိကြဘူး။ လမ်းမှာ

www.burmeseclassic.com

ww.burmeseclassic.com

ဒေါ်ထားမြိုင် ထဘီကျွတ်ချင်သလိုဖြစ်လာလို့ ထဘီပြင်ဝတ်ဖို့ လက်ပြန်ကြိုး ခဏဖြုတ်ပေးဖို့ တောင်းပန်တာတောင် ခွင့်မပြုဘူး။ ဒေါ်ထားမြိုင်ကလည်း ထဘီကို ပါးစပ်နဲ့ ကိုက်ပြီး လိုက်လာခဲ့ရတယ်။

ဒါပေမဲ့ အခြေအနေကို ပြောင်းလဲပေးနိုင်မယ့် ကိစ္စတစ်ခုပေါ်လာတယ်။ အဲဒီအချိန်မှာ ဆယ်ကန်ရွာဂါတ်အဖွဲ့က ပုလိပ်အဖွဲ့သား ငါးယောက်က နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်ရင်း သရက်ပင်စုရွာဘက် ရောက်လာတယ်။ မှုန်ပျပျလရောင်အောက်မှာ တစ်ယောက်ကို တစ်ယောက် သဲသဲကွဲကွဲ မမြင်ရဘဲ လူလုံးလောက်ကိုပဲ မြင်ရလို့ ပုလိပ်တစ်ယောက်က ‘ဟေ့ ရှေ့က ဘယ်သူတွေလဲ’ လို့ လှမ်းမေးတယ်။ ဓားပြတွေက ပြန်မဖြေဘဲ လုပ်သေနတ်နဲ့ လှမ်းပစ်တော့ ကျည်ဆန်က ပုလိပ်တွေအနားက ဖြတ်သွားတယ်။ ပုလိပ်တွေကလည်း အကာအကွယ်ယူပြီး ပြန်ပစ်တယ်။ အပြန်အလှန်ပစ် ကြခတ်ကြရင်း အခြေအနေ မဟန်လို့ ဓားပြတွေ ထွက်ပြေးကြရတယ်။ ဒေါ်ထားမြိုင်ကိုလည်း ဓားစာခံအဖြစ် ဆက်မဖမ်းထားဖြစ်တော့ဘူး။ ဒေါ်ထားမြိုင်လည်း ဓားပြတွေလက်က လွတ်တာနဲ့ ထဘီကို ပါးစပ်နဲ့ကိုက်လျက်သားကနေ ရွာထဲဝင်ပြေးတယ်။ ရွာထဲရောက်တော့မှ နီးစပ်ရာ အိမ်တစ်အိမ်ကို ဝင်ပြီးတော့ ကြိုးဖြေခိုင်းပြီး ရေတောင်းသောက်ရတယ်။

အမောပြေတော့မှ ဖြစ်ကြောင်းကုန်စင်ကို အတိုချုံးပြီး ရှင်းပြလိုက်တယ်။

ပုလိပ်တွေလည်း ဓားပြတွေနောက်ကို လိုက်ပစ်ကြတယ်။ ဓားပြတွေလွတ်သွားပေမဲ့ ပုလိပ်တစ်ယောက်ပစ်လိုက်တဲ့ ကျည်ဆန်က ဓားပြတစ်ယောက်ကို မှန်သွားတယ်။ ပုလိပ်တွေကလည်း ရေဆုံးမြေဆုံး မလိုက်ကြသလို ဦးသာမြင့်တို့ကလည်း တရားခံတွေပေါ်ဖို့ ပုလိပ်တွေကို ဖိအားမပေးဘူး။ ခေတ်ပျက်ကြီးထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာတစ်ခုလို့ပဲ သဘောထားလိုက်တယ်။

❑

၃။

အဲသည်လို ဓားပြတိုက်ခံလိုက်ရပြီးကတည်းက ဒရဝမ်ကုလားလည်း အလုပ်ပြုတ်သွားတယ်။ ဦးသာမြင့်လည်း ဒေါ်ထားမြိုင်ကို ရတနာတွေ ရှိတဲ့နေရာ ပြောပြထားတယ်။ ဒေါ်ထားမြိုင် ဦးသာမြင့်ကို တစ်ပတ်လောက် ကောင်းကောင်း စကားမပြောဘူး။

‘ရှင်က တော်တော်မကောင်းတဲ့သူ။ တစ်ကိုယ်ကောင်းဆန်တဲ့သူ။ ကျွန်မကို ထားပြီး ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတယ်’

‘မထားမြိုင်ကလည်း ငါ့ကိုမိရင် တို့ပစ္စည်းတွေ ကုန်ပြီပေါ့။ အခု ငါလွတ်သွားလို့ တို့ရွှေတွေ ဓားပြနောက် မပါတာပေါ့’

‘ရှင်က ရွှေတွေမပါသွားတာကိုသာ ပြောနေ၊ ကျွန်မမှာ ထဘီပါးစပ်နဲ့ ကိုက်ထားရလို့ ဘုရားစာတောင် စိတ်ထဲက ဆိုရတယ်’

ဦးသာမြင့်ကလည်း ဓားပြတိုက်ခံရပြီးကတည်းက တော်တော်လေးပြောင်းလဲသွားတယ်။ ရွာသားတွေနဲ့ ပိုပြီးတော့ အဆင်ပြေအောင်နေတယ်။ အလှူကြီးပေးပြီး တစ်ရွာလုံးကို မီးခိုးတိတ်ဖိတ်တယ်။ ဆယ်ကန်ရွာကခါးပြတ်ဆိုင်းကလေးငှားပြီးတော့ ညဉ့်ခံလိုက်သေးတယ်။ နောက်ပြီးတော့ သူ့မွေးနေ့ဆိုပြီး အိမ်နီးနားချင်းတွေကို လက်ဖက်ခြောက်တွေ၊ ဆေးပေါ့လိပ်တွေဝေပေးလိုက်သေးတယ်။ ကာလသားတွေနဲ့လည်း ပိုပြီးတော့ တည့်အောင်နေတယ်။ ဒါကြောင့်မို့လို့လည်း ကာလသားတွေက ဦးသာမြင့်ကို ပိုပြီးတော့ ခင်မင်လာကြတယ်။

‘ဦးလေးအိမ် ဒီတစ်ခါ ဓားပြလာတိုက်လို့ကတော့ ကျုပ်တို့ အရင်ဆုံးပြေးလာခဲ့မယ်’

‘အေးကွာ၊ အပြောနဲ့ အလုပ်နဲ့ ညီမညီ ကြည့်ရသေးတာပေါ့’

ဒေါ်ထားမြိုင်လည်း ဓားပြတိုက်ခံရပြီးကတည်းက မိန်းမအဖော်တစ်ယောက်လောက် ခေါ်ထားဖို့ ဆုံးဖြတ်လိုက်တယ်။ ဦးသာမြင့်နဲ့ တိုင်ပင်တော့လည်း သဘောတူတယ်။ နောက်တော့ ဦးဘဖေရဲ့ သမီးလေး လှနုကိုပဲ ခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒေါ်လှရွှေကတော့ ‘ညည်းခေါ်တော့ ကျုပ်လည်း သူ့နောင်ရေး စိတ်အေးရတာပေါ့အေ။ ကျုပ်သမီး အေးသီကျတော့လည်း သူ့အိမ်ထောင်နဲ့သူဖြစ်နေပြီဆိုတော့ ခေါ်ဖို့ မလွယ်တော့ဘူးအေ့’ လို့ ဆိုတယ်။ ဒေါ်လှရွှေမှာ ထွန်းစိန်၊ ထွန်းရှိန်နဲ့ အေးသီဆိုပြီး သားသမီးသုံးယောက်ရှိတယ်။ သုံးယောက်စလုံးက အိမ်ထောင်တွေ အသီးသီးကျကုန်ကြပြီ။ ထွန်းစိန်နဲ့ ထွန်းရှိန်တို့က အိမ်ခွဲဆင်းကုန်ကြပြီး အေးသီပဲ ဒေါ်လှရွှေနဲ့ အတူနေတယ်။ ခင်ပွန်းဖြစ်သူ ဦးသောင်းကတော့ ရွာဦးကျောင်းမှာပဲ ဦးသောမအဖြစ်နဲ့ သာသနာ့ဘောင်ကို အပြီးဝင်လိုက်တယ်။

❑

၄။

လေငြိမ်ပြီး ပူအိုက်လှတဲ့ နွေညတစ်ညမှာ ဖြစ်တယ်။ အချိန်ကတော့ ညကိုးနာရီကျော်ပြီ။ ဒေါ်ထားမြိုင်နဲ့ လှနုက အိမ်ပေါ်ထပ်မှာ အိပ်ပျော်နေကြတယ်။ ဦးသာမြင့်ကတော့ အိမ်အောက်ထပ်က ကွပ်ပျစ်ပေါ်မှာပဲ တုံးလုံးလှဲနေတယ်။ လေကလည်း မတိုက်လို့ နှီးယပ်တောင်ကြီးကိုပဲ တဖျပ်ဖျပ်ခတ်နေရတယ်။ အဲသည်တုန်း မြင်းခွာသံတွေ ကြားလိုက်ရလို့ လသာမှန်အိမ်ကို မီးမှုတ်ပစ်လိုက်ပြီး အနားက လက်နှိပ်ဓာတ်မီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။ မြင်းခွာသံတွေကလည်း နီးသထက်နီးလာတယ်။ သူ့ခြံရှေ့ကိုရောက်ရော မြင်းခွာသံတွေက ရပ်သွားလို့ အခြေအနေကို ချက်ချင်းသဘောပေါက်လိုက်တယ်။ ‘ဟာ… ဓားပြတွေပဲ’ လို့ သိလိုက်ရလို့ အိမ်ပေါ်ထပ်မှာ အိပ်နေတဲ့ ဒေါ်ထားမြိုင်ကို

www.burmeseclassic.com

စိတ်မချလို့ အပေါ်ထပ်တက်ပြီး အံဖုံးတံခါးချဖို့ လုပ်လိုက်တယ်။ ကံဆိုးချင်တော့ လှေကားပေါ်ကို ပြေးအတက်မှာ လက်နှိပ်ဓာတ်မီးက ခလုတ်ပွင့်သွားတယ်။ ဓားပြတစ်ယောက်က မီးရောင်ရှိတဲ့နေရာ လှမ်းပစ်ချလိုက်တော့ ဦးသာမြင့်ရဲ့ နံစောင်းကို သေနတ်မှန်ပြီး ပစ်ကျသွားတယ်။ လက်နှိပ်ဓာတ်မီးကလည်း လက်ထဲကလွတ်ကျပြီး ခလုတ်ပွင့်လျက်သားနဲ့ လင်းနေတယ်။ သေနတ်သံကြောင့် ဒေါ်ထားမြိုင်နဲ့ လှနုလည်း လန့်နိုးသွားပြီး မှောင်ထဲမှာ ငြိမ်ငြိမ်နေရတယ်။ မီးရောင်မြင်ရင် လှမ်းပစ်မှာစိုးလို့ မီးမထွန်းရဲဘူး။ ဦးသာမြင့်လည်း အိမ်အောက်ထပ်မှာ ပုန်းနေမှာပဲလို့ တွက်ဆလိုက်တယ်။

ဓားပြတွေက အိမ်တံခါးကို ဖွင့်ခိုင်းတယ်။ ဒေါ်ထားမြိုင်လည်း ရသမျှ ဘုရားစာတွေ အကုန်ရွတ်ပြီး ကြောက်ဒူးတုန်နေတယ်။ လှနုကလည်း ဗီရိုကြီးတစ်လုံးရဲ့ နောက်ကွယ်မှာ ပုန်းပြီး သရဏဂုံကို အထပ်ထပ်ရွတ်ဆိုနေတယ်။ ခြံစည်းရိုးကလည်း လူ့လက်ခုပ်တစ်ဖောင်ကျော်လောက်မြင့်ပြီး သံဆူးကြိုးတွေပါခတ်ထားလို့ တော်ရုံတန်ရုံ ဝင်လို့ မလွယ်ဘူး။ အဲဒီတုန်းမှာ မောင်းထုသံတွေ၊ ဝါးဆစ်မီးရှို့သံတွေ၊ လူတွေရဲ့ ကြွေးသံပေးပြီး အော်တဲ့အသံတွေကို ဒေါ်ထားမြိုင်ကြားလိုက်ရတယ်။ ရွာသားတွေလည်း လူစုပြီး တုတ်တွေ၊ ဓားတွေ၊ ဒူးလေးတွေ၊ ဝါးချွန်တွေ ကိုင်ပြီး ခပ်လှမ်းလှမ်းကိုရောက်လာကြတယ်။

ဒေါ်ထားမြိုင်လည်း ထွန်းမောင်ရဲ့ အသံကို မှတ်မိလို့ အိမ်ပေါ်ထပ်က တရုတ်ကပ် တံခါးကို အသာဟပြီး ကြည့်လိုက်တော့ ထွန်းမောင်နဲ့အတူ ရွာသား နှစ်ဆယ် လောက်ကို မီးတုတ်တွေရဲ့ အလင်းရောင် အောက်မှာ တွေ့လိုက်ရတယ်

ဓားပြတွေမှာ သေနတ်ပါမှန်းသိလို့ အရဲကိုးပြီး အနားကို သိပ်မကပ်ရဲဘူး။ ဝါးဆစ်ပေါက်ကွဲသံတွေကလည်း ပိုပြီးတော့ ဆူညံနေတယ်။ ဓားပြတွေက သေနတ်တစ်ချက်ဖောက်ပြီး ခြောက်လှန့်ပေမဲ့ လူစုကွဲမသွားဘူး။ ဝါးဆစ်ပေါက်ကွဲသံတွေကြောင့် မြင်းတွေလည်း ကြောက်လန့်ပြီး ဆောက်တည်ရာမရဖြစ်နေတယ်။ အခြေအနေ မထူးခြားတဲ့အဆုံး ဓားပြတွေလည်း တပ်ခေါက်ပြီး ပြန်သွားကြတယ်။

"ဖျို့… ဦးသာမြင့် တံခါးဖွင့်ပါဦး၊ ကျုပ် ထွန်းမောင်ပါ။ ဓားပြတွေ ပြန်ပြေးကုန်ပြီ"လို့ ကာလသားခေါင်း ထွန်းမောင်က ခြံရှေ့က အော်တယ်။ ဒေါ်ထားမြိုင်လည်း ထွန်းမောင်ရဲ့ အသံကိုမှတ်မိလို့ အိမ်ပေါ်ထပ်က တရုတ်ကပ်တံခါးကို အသာဟပြီး ကြည့်လိုက်တော့ ထွန်းမောင်နဲ့အတူ ရွာသားနှစ်ဆယ်လောက်ကို မီးတုတ်တွေရဲ့ အလင်းရောင်အောက်မှာ တွေ့လိုက်ရတယ်။ ဒေါ်ထားမြိုင်လည်း ဟာရီကိန်းမီးအိမ်ကို မီးညှိလိုက်ပြီး အောက်ထပ်ကို အဆင်း လှေကားခြေရင်းမှာ သေနတ်ဒဏ်ရာနဲ့ လဲနေတဲ့ ဦးသာမြင့်ကို တွေ့လိုက်ရတယ်။ တွေ့တွေ့ချင်း "ဟင်…ဘယ်လိုဖြစ်တာလဲ ကိုသာမြင့်ရဲ့"ဆိုပြီး ဒေါ်ထားမြိုင် သတိမေ့မြောသွားတော့တယ်။ လှနုလည်း ဦးသာမြင့်ကိုပဲ ပွေ့ထူရကောင်းနိုးနိုး၊ ဒေါ်ထားမြိုင်ကိုပဲ သတိရလာအောင် လုပ်ပေးရကောင်းနိုးနိုးဖြစ်နေတယ်။ ရွာသားတွေရဲ့ အသံက ထပ်ပေါ်ထွက်လာတယ်။

"ဖျို့ ဦးသာမြင့်၊ တံခါးဖွင့်ပါဦးဗျ"

အဲဒီတော့မှ လှနုလည်း အသက်ဝင်လာပြီး ခြံတံခါးကို သွားဖွင့်ပေးလိုက်တယ်။ ရွာသားတွေ ဝိုင်းစစ်ဆေးတဲ့အခါ ဦးသာမြင့်မှာ အသက်မရှိတော့ဘူး။ ဒေါ်ထားမြိုင်ကိုလည်း မျက်နှာကို ရေဖျန်းလိုက်တော့မှ ပြန်ပြီး သတိရလာတယ်။ သတိရရချင်း ဒေါ်ထားမြိုင်လည်း ရှိုက်ကြီးတငင် ငိုတော့တယ်။

"တော်တော် လက်တည့်တဲ့ ဓားပြကွာ၊ လမ်းကနေ လှမ်းပစ်တာ တန်းနေတာပဲ"

"အဲသည်လောက် လက်တည့်မယ် မထင်ပါဘူးကွာ။ မီးရောင်ရှိတဲ့နေရာ လှမ်းပစ်တော့ ကံဆိုးလွန်းလို့ ဦးသာမြင့်ထိသွားတာနေမှာ။ ကြည့်လေ လက်နှိပ်ဓာတ်မီးက အခုထက်ထိ ခလုတ်ပွင့်နေတုန်းပဲ"

ဦးသာမြင့် သေနတ်မှန်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရွာသားတွေကလည်း အမျိုးမျိုး အဖုံဖုံ ပြောနေကြတယ်။ ဦးသာမြင့် ဆုံးသွားတဲ့နောက်ပိုင်းမှာ လှနုကိုပဲ ဒေါ်ထားမြိုင်က သူ့အိမ်မှာ ဆက်ခေါ်ထားတယ်။ လှနုကလည်း လိုလိုချင်ချင်ပဲ ဒေါ်ထားမြိုင်အိမ်မှာ နေတယ်။

❑

၅။

ဦးသာမြင့် မရှိတော့တဲ့နောက်ပိုင်းလည်း ဒေါ်ထားမြိုင် စီးပွားရေးအတွက် မပူပင်ရပါဘူး။ ဦးသာမြင့် ထားသွားတဲ့ လယ်တွေက သီးစားခတွေလည်း ရတယ်။ အတိုးရင်းပွား ပေးထားတာတွေကလည်း ငွေကဝင်တယ်။ ဒေါ်ထားမြိုင်က ဦးသာမြင့်နဲ့ရလို့သာ သူဌေးကတော်ဖြစ်ပေမဲ့ သာမန်လူတန်းစားဘဝကလာတာဆိုတော့ အသုံးအစွဲက တော်တော်လေးစေ့စပ်တယ်။ တော်တော်လေးလည်း အောက်သက်ကျေတယ်။ ဟင်းချိုချက်ရင်တောင် ပုစွန်ခြောက်ကို အကုန်ခတ်တာမဟုတ်ဘူး။ ပုစွန်ခြောက်လေးတွေကို

www.burmeseclassic.com

www.burmeseclassic.com

အဝတ်နဲ့ထုပ်ပြီး မီးဖိုချောင်ထုပ်တန်းမှာ ချိတ်ထားတယ်။ ဟင်းချိုအိုး ပွက်ပွက်ဆူတော့မှ ပုစွန်ခြောက်ထုပ်ကလေးကို ဟင်းအိုးထဲ ချလိုက်၊ အပေါ်ပြန်တင်လိုက်နဲ့ လေး၊ ငါးခါလောက်လုပ်ပြီးတော့မှ မူလနေရာမှာ ပြန်ချည်ထားတယ်။ ပုစွန်ခြောက်ထဲက အချိုဓာတ်ယူလိုက်တဲ့သဘောပါပဲ။

လှနုကလည်း ဒေါ်ထားမြိုင်အိမ်မှာ ကောင်းကောင်းမနေရပါဘူး။ မနက်လေးနာရီ အိပ်ရာက ပုံမှန်ထ,ရတယ်။ သံဃာတော်တွေကို အရုဏ်ဆွမ်းလောင်းဖို့အတွက် ဆွမ်းချက်ရတယ်။ ရေနွေးအိုးကျိုရတယ်။ ဒေါ်ထားမြိုင် ဈေးသွားရင်လည်း ဘေးက ဈေးခြင်းတောင်းဆွဲပြီး လိုက်ရတယ်။ ဒါပေမဲ့ ဒေါ်ထားမြိုင်က နေ့တိုင်း ဈေးမသွားပါဘူး။ သုံးရက်ခြား တစ်ခါလောက်ပဲ ဈေးသွားတာပါ။ ဟင်းချက်ရင်လည်း ဒေါ်ထားမြိုင်ပြောတဲ့အတိုင်း ချက်ရတယ်။

'ဟင်းချက်ရင် ဆီသုံးသိပ်မကြမ်းရဘူးအေ့။ ဝက်သားချက်ရင်လည်း ဝက်သားတုံးကို စတုရန်းကျကျတုံးစမ်းပါအေ'

ချက်ပြုတ်ပြီးစီးသွားရင်လည်း နေ့လယ်နေ့ခင်း ကောင်းကောင်းမနေရပါဘူး။ ခြံကြီးထဲမှာ အုန်းပင်တွေကရှိတော့ အုန်းလက်တွေက ကြွေကျတယ်။ အုန်းလက်ခြောက်တွေကို ရှိုးတံသပ်ပြီး တံမြက်စည်းလုပ်ရတယ်။ ကျန်တဲ့ အုန်းလက်ကို ညီညီညာညာ ခုတ်ထစ်ပြီး ထင်းဆိုက်ဖို့အနေတော်ကလေးတွေဖြစ်အောင် လုပ်ရတယ်။ ခြံနောက်ဖေးမှာလည်း ခံတက်ပင်ကြီးတစ်ပင်ရှိတယ်။ နွေဦးပေါက်ပြီဆိုရင် ခံတက်ရွက်နုကလေးတွေက ဝေနေကျ။ လှနုခမျာ မိန်းမသားတန်မဲ့ ခံတက်ပင်ပေါ်တက်ရတယ်။ တံချူနဲ့ ခံတက်ရွက်နုကလေးတွေကို ခူးရတယ်။ ရလာတဲ့ ခံတက်ရွက်တွေကို ခံတက်ချဉ်ထည့်ရောင်းလိုက်ရသေးတယ်။ ဒါပေမဲ့ ရွာထဲလှည့်ပြီးတော့ မရောင်းခိုင်းပါဘူး။ အိမ်ရှေ့မှာ ဗန်းကလေးနဲ့ ထုတ်ထားလိုက်ရုံပါပဲ။ ခံတက်ချဉ်ရောင်းတဲ့ ပိုက်ဆံကိုတော့ ဒေါ်ထားမြိုင်က သူ မယူပါဘူး။ လှနုကို မုန့်ဖိုးဆိုပြီးပေးတယ်။

'မိန်းကလေးဆိုတော့ အောက်သက်ကျေရတယ်အေ့။ ခံတက်ချဉ်ဖိုး ငါမယူပါဘူးအေ။ ညည်းမုန့်ဖိုးရတာပေါ့။ စုထားပြီး အဝတ်အစားဝယ်ချင်ဝယ်ပေါ့'လို့လည်း ပြောတတ်သေးတယ်။

နောက်ပြီး ခြံထဲမှာ သရက်ပင်ကြီးတွေရှိတာမို့ သရက်သီးကြွေတဲ့အခါ အနေတော်သရက်သီးကလေးတွေကို သရက်သီးဆားရည်စိမ်ရတယ်။ ခြံထဲမှာလည်း ဇော်စိမ်း၊ ဇော်ကျားရွက်လုပန်းတွေ စိုက်ထားလို့ ညနေဘက်နေအေးပြီဆို ရေပန်းကရားတစ်လုံးနဲ့ ရေလောင်းရသေးတယ်။ ဒါပေမဲ့ ဒေါ်ထားမြိုင်က လှနုကို ရေတော့မထမ်းခိုင်းပါဘူး။ သရက်ပင်စုက ပင်လယ်နဲ့ နီးတဲ့ရွာဆိုတော့ ရေတွင်းတူးရင် ရေချိုမထွက်ဘူး။ ရေငန်တွေပဲထွက်တယ်။ အဲဒီတော့ရေကန်တွေကိုပဲ အားကိုးကြရတယ်။ ရေကန်တွေကလည်း ပူပြင်းတဲ့ နွေလယ်လောက်ကို ရောက်ပြီဆိုရင် ခန်းနေကျဆိုတော့ ရေကိစ္စအတွက် အတော်လေးဒုက္ခရောက်ရတယ်။ ဦးသာမြင့်ရှိတုန်းက အဲဒီအရေးကို ကြိုတွေးပြီး ရေအထမ်းတစ်ရာလောက်ဆံ့တဲ့ အုတ်ကန်ကြီးကို လုပ်ထားတယ်။ ရေလိုတိုင်း ရေထမ်းသမား မူတူးကိုပဲ ဒေါ်ထားမြိုင်က ခေါ်ထမ်းတယ်။ မူတူးက လစ်ရင်လစ်သလို အထမ်းတွေပိုမှတ်တတ်လို့ လှနုခမျာ မူတူးရေထမ်းပြီဆိုရင် မျက်ခြည်မပြတ်စောင့်ကြည့်နေရတယ်။

သည်လိုနဲ့ လှနုလည်း အသက်နှစ်ဆယ်ကျော်လာလို့ အပျိုကြီးပီပီသသ ဖြစ်လာတယ်။ ဒါပေမဲ့ ရုပ်ရည်ကတော့ သာမန်အောက်ကိုတောင် နည်းနည်းရောက်ချင်တယ်။ အသားက နည်းနည်းမည်းတယ်။ မျက်လုံးကမှေးပြီး ရှေ့သွားကလေးတစ်ချောင်းက ခေါနေသေးတယ်။ လှနုက အများအမြင်မှာ ရုပ်ချိုးရုံချို့တဲ့ရှာတယ်။ ဒါကြောင့်မို့လို့ ကာလသားတွေရဲ့ စိတ်ဝင်စားမှုကို ခံရတာလည်း တော်တော်လေးနည်းတယ်။ တစ်နေ့မှာ ဒေါ်ထားမြိုင်က လှနုကို မေးတယ်။

'လှနု ညည်းအသက် ဘယ်လောက်လဲ'

'နှစ်ဆယ့်သုံးထဲဝင်ပြီ ဒေါ်လေးမြိုင်'

'မိန်းကလေးဆိုတာ အသက်အစိတ်မှာ ပခက်ချိတ်ရတယ်အေ့။ ငါကြည့်ပါလား။ အသက်အစိတ်မှာ ပခက်မချိတ်နိုင်လို့ အသက်လေးဆယ်မှာ ပခက် ပြေးဝယ်ချင်တာတောင် ဝယ်ခွင့်မရတော့ဘူး။ အဆင်ပြေတဲ့သူတွေ့ ယူပေါ့အေ။ လူဆိုတာ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် မဟုတ်လား'

လှနုက ခေါင်းခါယမ်းလိုက်တယ်။

'ဒေါ်လေးမြိုင်ရယ်၊ ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိသေးပါဘူး'

'ညည်းအိမ်ထောင်မပြုဖြစ်ရင် ငါ့ကို တစ်သက်လုံး ပြုစုပေါ့အေ။ ငါမှာလည်း ပြုစုမယ့်သူဆိုလို့ ညည်းပဲရှိတာ'

နောက်ဆယ်နှစ်လောက်ကြာတော့ ဒေါ်ထားမြိုင်ရဲ့ အစ်မဖြစ်တဲ့ ဒေါ်လှရွှေလည်း ဆုံးပါးသွားခဲ့တယ်။ လှနုလည်း ဒေါ်ထားမြိုင်နဲ့ အတူတူနေရင်း သုံးဆယ်ကိုကျော်မှန်းမသိ ကျော်လာခဲ့တယ်။ ဒေါ်ထားမြိုင်လည်း ခြောက်ဆယ်ကို တော်တော်လေး ကျော်လာပြီ။ တစ်နေ့ကျတော့ ဒေါ်ထားမြိုင်က ကျေးရွာလူကြီးတွေ၊ ရပ်မိရပ်ဖတွေခေါ်ပြီး လှနုကို အမွေစားအမွေခံအဖြစ် စာချုပ်စာတမ်းနဲ့ လက်မှတ်ထိုးပြီး အိမ်နဲ့ခြံကို ပေးလိုက်တယ်။ ပါတီကောင်စီခေတ်ဖြစ်လို့ ကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေးက မေးတယ်။

'ဒေါ်ထားမြိုင်ရဲ့ အိမ်နဲ့ခြံကို လှနုကို လွှဲပေးတာတော့ ဟုတ်ပါပြီ။ ဒေါ်ထားမြိုင်မှာ အတွင်းပစ္စည်းတွေရှိတယ်ဆိုတာ အားလုံးသိမဟုတ်လား၊ အဲဒီပစ္စည်းငွေကရော လှနုအတွက်ပဲလား'

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး
# ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/-) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

**မန္တလေး**

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၁၇၈၈၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

**ရန်ကုန်**

သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁-၅၅၄၃၉၇/ ၀၉လ-၅၁၁၃၅၁၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၇၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရိုးမြူဂိုဝ်သာ၊ ရိုးမြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂၂၄၁၊၀၉-၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊တမွေဇာရီဝ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၃၉၂၀၊၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ ကျေးဇူးရှင်မိဘများဖြစ်သော ဦးအုံ့ကြီး+ဒေါ်ရင်၊ ဦးမြဆင့်+ဒေါ်လှိုင်မြင့်တို့အား ရည်စူး၍ ဒေါ်နုနုမိသားစု အမှတ် ၅၃၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
(ယခင် ၁၀ သိန်း၊ ၉.၆.၁၇ ထပ်လှူ ၁၀ သိန်း၊ ပေါင်း သိန်းနှစ်ဆယ် စိုက်ထူလှူဒါန်းသည့်) **၂၀,၀၀,၀၀၀/- (သိန်းနှစ်ဆယ်)**

၂။ Eng ဦးခင်လတ်+Dr.ဒေါ်တင့်တင့် မိသားစု(ဇနီးမောင်နှံ ဖွန်လ မွေးနေ့အမှတ်တရအလှူ။) တိုက် ၁၈(B), အခန်း ၂၀၂၊ ၅၆ လမ်း(လမ်းတို)၊ ပုဇွန်တောင်၊ ရန်ကုန်။
(ယခင်လှူထားငွေ သိန်း ၂၀၊ ၁၂.၆.၁၇ ထပ်မံလှူ ၅ သိန်း၊ ပေါင်း ၂၅ သိန်း စိုက်ထူလှူဒါန်းပြီး) **၂၅,၀၀,၀၀၀/- (နှစ်ဆယ့်ငါးသိန်း)**

www.burmeseclassic.com

www.burmeseclassic.com

၃။ Eng.ဦးကျော်မြင့်သန်း+ဒေါ်စုစုလှိုင်၊ (သမီး) အေမီကျော်၊ (သား) ကင်နီကျော် မိသားစု။
အမှတ် ၂၁၊ အောင်သိဒ္ဓိရိပ်သာ၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်း၊ ရန်ကုန်။
(ဦးကျော်မြင့်သန်း၏ ၆၇ နှစ်ပြည့် မွေးနေ့အလှူ ယခင် ကျပ်၂၉၅၀၀၀၀ိ/-
လှူဒါန်းထားပါ၍ ယခု ကျပ် ၆၇၀၀၀၀ိ/- အပါအဝင် ၃၆,၂၀,၀၀၀ိ/-
စုစုပေါင်း ၃၆၂၀၀၀၀ိ/-စိုက်ထူထားပါသည်။) **(သုံးဆယ့်ခြောက်သိန်းနှစ်သောင်း)**

၄။ ပြည်သူ့ဆောက်လုပ်ရေး-အငြိမ်းစား- တိုင်းအင်ဂျင်နီယာမှူး(ငြိမ်း) ဦးကျော်တင့်
(၂၃-၆-၁၇ ကွယ်လွန် ၇ နှစ်ပြည့်အား ရည်စူးကုသိုလ်) ဇနီး ဒေါ်ခင်ညွန့်ဝေ
(သမီး)Dr.စောဝတ်မှုန်+ဒု-ဗိုလ်မှူးကြီး Dr.ခိုင်ဇော်ဦး၊ (သား)Dr.လက်မှုန်+မမြနန္ဒာ၊
(မြေး)မင်းခွန်စောမိသားစု။ ၂၀,၀၀,၀၀ိ/-
ခခ-၄/၉၀(၅၆ လမ်း)၊ ကန်သာယာရပ်၊ မန္တလေး။ (ယခင် ၁၀ သိန်း၊ ယခု ၁၀ သိန်း) **(သိန်းနှစ်ဆယ်)**

၅။ ဦးအုန်းထွန်း+ဒေါ်ခင်ရွှေးသွင် မိသားစု
အမှတ် ၁၅၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ၂၀,၀၀,၀၀ိ/-
(ယခင် ၁၅ သိန်း၊ ၂၄-၆-၁၇ တွင် ၅ သိန်း ထပ်မံစိုက်ထူလှူဒါန်းပါသည်။) **(သိန်းနှစ်ဆယ်)**

၆။ ကွယ်လွန်သူ ဖခင် ဦးဖိုးစိ၊ မိခင် ဒေါ်ညွန့်ညွန့်ကြည်နှင့် (သား) ဒု-ဗိုလ် အောင်ကိုကို
(DSA-20)အား ရည်စူး၍ သမီး Dr.မေလလင်း ကောင်းမှု။
အမှတ် ၁၁၊ အင်းယားမြိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၂၉,၀၀,၀၀ိ/-
(ယခင် ၂၆ သိန်း၊ ယခု ၃ သိန်း ထပ်မံစိုက်ထူလှူဒါန်းသည်။) **(နှစ်ဆယ့်ကိုးသိန်း)**

၇။ MD(ငြိမ်း)ဒေါက်တာ ဦးသိန်းထွန်း၊ ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်သန်းတိုး
(သား) ကျော်တိုးထွန်း၊ ဇော်တိုးထွန်း၊ (သမီး) ခိုင်မာလာသိန်းမိသားစု။
အမှတ် ၆၆၂(B),၉ လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။ ၂၀,၀၀,၀၀ိ/-
(၂၆-၆-၁၇ တွင် ကျရောက်သည့် နှစ် ၄၀ ပြည့် မင်္ဂလာအထိမ်းအမှတ်အလှူ) **(သိန်းနှစ်ဆယ်)**

၈။ နှစ်ဖက်မိဘဘိုးဘွားများကို ဦးထိပ်ထား၍ ဦးဗညားသန်းဟိန်း+ဒေါ်ဝင်းမူတင်
(သား) ဘုန်းမြတ်ခိုင်၊ (သမီး) မြမဥ္ဇူမိသားစု။
အမှတ် ၆/ခ၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ၃၆,၀၀,၀၀ိ/-
(ယခင် ၃၁ သိန်း၊ ၂၈-၆-၁၇ တွင် ၅ သိန်း ထပ်မံစိုက်ထူလှူဒါန်း) **(သုံးဆယ့်ခြောက်သိန်း)**

၉။ သမီး ဒေါ်မြစိန်(ယခင် တွဲဖက်ဘဏ္ဍာရေးမှူး)အား ရည်စူးကုသိုလ်
မိခင်ကြီး ဒေါ်ညွန့်ကောင်းမှု ၅,၀၀,၀၀ိ/-
အမှတ် ၉၀၇၊ MGEA တာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်။ **(ငါးသိန်း)**

၁၀။ ဒု-ဗိုလ်မှူးကြီး ကြည်ခိုင်မင်း၊ ဒေါ်ဆွေဇင်ထွန်း
(သား)ဉာဏ်မင်းထွန်း၊ ထက်မြက်ထွန်းမိသားစု ၅,၀၀,၀၀ိ/-
အမှတ်(၂၅/A)၊ သီရိလမ်း၊ ပါရမီရိပ်သာ၊ ရန်ကုန်။ **(ငါးသိန်း)**

၁၁။ နှစ်ဖက်မိဘများနှင့် ဦးအလိ(သား) ဦးခင်မောင်ဦးတို့အား ရည်စူး၍
ဒေါ်ကျင်ဝှက်မိသားစု ၁၀,၀၀,၀၀ိ/-
အမှတ် ၄၊ စကားဝါလမ်း၊ အေးရိပ်မွန်ရိပ်သာ၊ ရန်ကုန်။ **(ဆယ်သိန်း)**

၁၂။ ဦးမောင်မောင်+ဒေါ်ရှုကြည် မိသားစု ၅,၀၀,၀၀ိ/-
ပါရမီ၊ ရန်ကုန်။ **(ငါးသိန်း)**

*(ဆက်လက်ဖော်ပြပါမည်)*

www.burmeseclassic.com

ww.burmeseclassic.com

'အို… ကျွန်မ မသေသေးပါဘူး။ ဗေဒင်က ဟောတော့ ကျွန်မ အသက်တစ်ရာနေရမယ့်လူတဲ့။ ကျွန်မမှာ စီစဉ်ဖို့ အချိန်တွေကျန်ပါသေးတယ်။ လှနုနဲ့ထိုက်ရင်တော့ လှနု စားရမှာပေါ့။ မထိုက်လို့ကတော့ စားရမှာ မဟုတ်ပါဘူး' လို့ ပြန်ဖြေတော့ ဦးအောင်ဌေးလည်း ဆက်မမေးသာတော့ဘူး။

❑

၆။

ဒေါ်ထားမြိုင်က လှနုကို စာချုပ်စာတမ်းနဲ့ အိမ်၊ ခြံ ပေးလိုက်တာကို မကျေနပ်တဲ့သူတွေကတော့ လှနုရဲ့ တစ်ဝမ်းကွဲမောင်နှမတွေဖြစ်တဲ့ ထွန်းစိန်၊ ထွန်းရှိန်နဲ့ အေးသီတို့ပါပဲ။ တူ၊ တူမဖြစ်တာချင်းအတူတူ လှနုကျတော့ အမွေရပြီး သူတို့ကျတော့ ဒေါ်ထားမြိုင်က ဘာမှမပေးလို့ မကျေမနပ်ဖြစ်နေကြတယ်။ ထွန်းစိန်ကတော့ တင်မြင့်နဲ့ အိမ်ထောင်ကျပြီး သရက်ပင်စုမှာပဲ နေတယ်။ ကလေးတွေ ငါးယောက်တောင်ရှိနေပြီ။ ဒါပေမဲ့ အလုပ်အကိုင်မည်မည်ရရ မရှိဘူး။ အိမ်မှာ ဖဲဝိုင်းခံပြီး အကောက်ယူတယ်။ ဖဲသမားတွေ တရုန်းရုန်းနဲ့။ ရွာအနောက်ပိုင်း မကျင်လှအရက်ဖိုက အရက်ကိုယူပြီးတော့ ဖဲသမားတွေကို ရောင်းတယ်။ နောက်ပိုင်း ရွာလူကြီးတွေက သတိပေးထားလို့ အိမ်မှာတော့ ဖဲဝိုင်းမလုပ်တော့ဘူး။ ဒါပေမဲ့ ဖဲဝိုင်းတွေမှာတော့ ဈေးလိုက်ရောင်းတယ်။ သရက်ပင်စုမှာက အသုဘရှိပြီဆိုရင် ဖဲဝိုင်းက အမြဲလိုလိုရှိတတ်တယ်။

> ဒေါ်ထားမြိုင်လည်း
> တရှောင်ရှောင်
> ဖြစ်နေရာကနေ
> နောက်ဆုံးမှာတော့
> အိပ်ရာထဲမှာ
> လဲတော့တယ်
> အပေါ့အလေး
> သွားဖို့တောင်
> မထနိုင်တော့လို့
> ဆီးအိုးကို
> ခြင်ထောင်ဘေးမှာ
> ထားရတယ်
> ထွန်းစိန်
> ထွန်းရှိန်တို့
> ညီအစ်ကိုရော၊
> အေးသီပါ
> ဒေါ်ထားမြိုင်
> အိမ်ပေါ်က
> မဆင်းတော့ဘူး

ရွာလူကြီးတွေကလည်း အသုဘဖဲဝိုင်းဆိုရင်တော့ နားလည်မှုယူပြီး မသိချင်ယောင်ဆောင်နေတတ်ကြတယ်။

ညနေ နေဝင်ရီးရီအချိန်ဆို လင်မယားနှစ်ယောက်သား ဖဲဝိုင်းမှာ ဈေးသွားရောင်းနေကျပဲ။ ထွန်းစိန်က ဆိုင်းထမ်းကို ရှေ့ကထမ်းပြီး တင်မြင့်က နောက်က တောင်းကြီးရွက်လို့။ ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ လက်ဖက်သုပ်စတဲ့ အသုပ်တွေကိုပဲ အဓိကထားပြီး ရောင်းတာပါ။ မနက် လေးနာရီလောက် ဖဲဝိုင်းသိမ်းပြီဆိုရင် သူတို့လင်မယား ပြန်လာပြီ။ ဆိုင်းထမ်းပိုးသံ 'ကျွိကျွိ' အသံကြားရပြီဆိုရင် ထွန်းစိန်တို့လင်မယား ဖဲဝိုင်းက ဈေးရောင်းပြီးလို့ ပြန်လာပြီ။ အဲဒါကြောင့် ရွာထဲက လူတွေက 'ဖဲဝိုင်းရှိတဲ့ နေရာသိချင်ရင် ထွန်းစိန်တို့ လင်မယားနောက် လိုက်သွားရုံပဲ' လို့ပြောကြတယ်။

ရွာထဲက တချို့လူတွေက ဝေဖန်ကြတယ်။

'အဖေက ဘုန်းကြီးဝတ်၊ သားက ဖဲဒိုင်ခံ မဟုတ်သေးပါဘူးကွာ'

'ထွန်းစိန်ကို ချည်းမပြောနဲ့လေ၊ ထွန်းရှိန်ကရော တံငါသည် မဟုတ်ဘူးလား'

ထွန်းရှိန်ကတော့ သရက်ပင်စုနဲ့ နှစ်မိုင်လောက်ဝေးတဲ့ မြကိုင်းရွာက ခင်အေးနဲ့ အိမ်ထောင်ကျတယ်။ ခင်အေးရဲ့ မိဘတွေက ရေလုပ်ငန်းကို အကြီးအကျယ် လုပ်တယ်။ မြို့ကို ငါးပုစွန်တွေပို့ဖို့ သမ္မန်တောင် ထောင်ထားတယ်။ အငယ်ဆုံးဖြစ်တဲ့ အေးသီကတော့ လယ်သမားစံမောင်နဲ့ပဲ အိမ်ထောင်ကျတယ်။ စီးပွားရေးက သိပ်ပြေပြေလည်လည် မရှိလှဘူး။ အရင်တုန်းက ထွန်းစိန်ရော၊ ထွန်းရှိန်ပါ ဒေါ်ထားမြိုင်အိမ်ကို အဝင်အထွက် နည်းတယ်။ အေးသီကလည်း ဒီအတိုင်းပါပဲ။ အခုတော့ ဒေါ်ထားမြိုင်က လှနုကို အိမ်နဲ့ခြံ ပေးလိုက်တယ်ဆိုတာကို သိလိုက်ရကတည်းက အဝင်အထွက်တွေ နည်းနည်းစိပ်လာကြတယ်။ ထွန်းစိန်ကလည်း သူ့ခြံထဲက ထွက်တဲ့ ငှက်ပြောငှက်ပျောခိုင်ကြီးကို ဒေါ်ထားမြိုင်ဆီကို ယူလာတယ်။

'ငှက်ပြောငှက်ပျောက လူကြီးတွေနဲ့ တည့်တယ် ဒေါ်လေးမြိုင်ရဲ့'

'အေး… အေး ကျေးဇူးပါပဲ မောင်ထွန်းစိန်ရယ်၊ ဒေါ်လေးလည်း ငှက်ပြောငှက်ပျောကြိုက်တယ်ဆိုတော့ အတော်ပဲပေါ့။ ဟဲ့… လှနု ညည်းအစ်ကို မေးကြည့်စမ်း၊ ထမင်းစားပြီးပြီလားလို့'

'နေ… နေ လှနု၊ ငါ စားလာခဲ့ပြီးပြီ'

ထွန်းစိန်ရဲ့ စရိုက်ကို ဒေါ်ထားမြိုင်လည်း သိပ်သဘောမတွေ့ပေမဲ့ စလိုက်စလျောဆက်ဆံနေရတယ်။ ထွန်းစိန်တင်မဟုတ်ပါဘူး၊ ထွန်းရှိန်ကလည်း မြကိုင်းကနေ သရက်ပင်စုကို လာပြီဆိုရင် ဒေါ်ထားမြိုင်ဖို့ဆိုပြီး ရေချိုငါးပတ်ကြီးတွေ၊ ပုစွန်တုပ်ကြီးတွေ ယူလာတတ်တယ်။ အေးသီကလည်း ပြောင်းလဲလာပါတယ်။ သူတို့မွေးထားတဲ့ ကြက်မတွေက ဥတဲ့ ကြက်ဥကလေးတွေ၊ လယ်ထဲကိုင်းထဲက သီးတဲ့ ဘူးသီးတွေ၊ ဖရုံသီးတွေ၊ ချဥ်ပေါင်ရွက်တွေ၊ မုန်လာရွက်တွေကို ယူလာတတ်တယ်။ တစ်လောကလည်း အေးသီ ကြက်သားဟင်းတစ်ပန်းကန်နဲ့ ရောက်လာသေးတယ်။

'အိမ်က ကြက်မကြီး ခွေးကိုက်လို့ သေသွားတယ် ဒေါ်လေးမြိုင်ရယ်၊ အဲဒါ ဒေါ်လေးစားဖို့ ကြက်သားဟင်း ဦးဦးဖျားဖျား လာပေးတာ'

ဒေါ်ထားမြိုင်ကလည်း သူတို့ကို ပြောရတယ်။

www.burmeseclassic.com

www.burmeseclassic.com

'သိပ်ပြီးတော့ ယူမလာပါနဲ့အေ၊ ကျုပ်တို့မှာ ပြည့်စုံပါတယ်။ ညည်းကလေးတွေသာ ဝ,အောင်ကျွေးပါ'

အေးသီကတော့ မိန်းမချင်းဆိုတော့ ဒေါ်ထားမြိုင်ရဲ့ အိမ်ကိုလာတိုင်း လှနုကို ပိုပြီးတော့ အကဲခတ်တယ်။ လှနုကလည်း ထူးပြီးတော့ ပြောင်ပြောင်ရောင်ရောင်မရှိပါဘူး။ အေးသီက စကားစ,နှိုက်ကြည့်တယ်။

'လှနုရယ်၊ ညည်းမှာလည်း ရွှေနဲ့တူတာဆိုလို့ မူးလို့ ရှူစရာမရှိပါလားအေ။ ကိုယ့်ကိုယ်ကိုလည်း ပြင်ပြင်ဆင်ဆင်လေးနေစမ်းပါ'

'အို အစ်မကလည်း ကျွန်မမှာ ဘာရွှေရှိလို့ ဝတ်ရမှာလဲ'

'ဒေါ်လေးမြိုင်က မပေးဘူးလားအေ့'

'မပေးပါဘူး အစ်မရယ်၊ ကြဲကြဲဖန်ဖန်'

လှနုရဲ့စကား ကြားလိုက်တော့မှ အေးသီလည်း စိတ်သက်သာရရသွားတယ်။ ဒေါ်ထားမြိုင်က အိမ်နဲ့ခြံကို လှနုကို တရားဝင်လွှဲပြောင်းပေးပြီးသားဆိုတော့ အတွင်းပစ္စည်းတွေက ကျန်သေးတယ်။ အတွင်းပစ္စည်းတွေကို လှနုတစ်ယောက်တည်းကို လွှဲပေးမှာစိုးလို့ ခဏခဏ မျက်နှာလာပြနေရတယ်။

❑

၇။

နောက် နှစ်နှစ်လောက်ကြာတော့ ဦးပဉ္ဇင်းကြီး ဦးသောမ ပျံလွန်တော်မူတယ်။ ဒေါ်ထားမြိုင်လည်း အစ်မဖြစ်သူရော၊ ခဲအိုဖြစ်သူပါ မရှိတော့ဘူးဆိုတော့ စိတ်ထဲမှာ ပိုပြီးတော့ အထီးကျန်ဆန်သလို ခံစားမိတယ်။ ခင်ပွန်းဖြစ်သူ ဦးသာမြင့်ဆုံးသွားတုန်းကတောင် အခုလို စိတ်မျိုးမပေါ်ဘူး။ အသက်ခြောက်ဆယ်ကို တော်တော်လေး ကျော်လာပြီဆိုတော့ ကျန်းမာရေးက နည်းနည်းယိုယွင်းချင်လာတယ်။ သွေးတိုးကလည်း နည်းနည်းရှိလို့ အစားအသောက်နည်းနည်း ဆင်ခြင်နေရတယ်။ ဒါတောင် ပဲကြီးနဲ့ ဆူးပုပ်ရွက်ဟင်းချိုသောက်လိုက်မိလို့ နေမကောင်းဖြစ်သွားသေးတယ်။ ဒေါ်ထားမြိုင် နေမကောင်းဖြစ်တယ်ဆိုတဲ့ သတင်းကိုကြားလိုက်တာနဲ့ ထွန်းစိန်တို့ ညီအစ်ကိုရော၊ အေးသီပါ အနေးအမြန်ရောက်လာကြတယ်။ ဒေါ်ထားမြိုင်စားဖို့ စားစရာဓာတ်စာတွေ တစ်ခုမဟုတ်တစ်ခု ပါလာတာချည်းပဲ။ အေးသီရဲ့ ယောက္ခမ ဒေါ်သန်းမြင့်က ဒေါ်ထားမြိုင်ရဲ့ ငယ်သူငယ်ချင်းဆိုတော့ ဒေါ်ထားမြိုင်ဆီ သတင်းလာမေးတယ်။ ဒေါ်ထားမြိုင်ကလည်း နည်းနည်း ထူထူထောင်ထောင်ဖြစ်နေချိန်ဆိုတော့ ထွေရာလေးပါးတွေပြောကြရင်း ဒေါ်သန်းမြင့်က စကားစ,လိုက်တယ်။

'မထားမြိုင်ရယ် ညည်းကို ကျုပ် တစ်ခုလောက် မေးကြည့်ချင်လို့ပါ'

'မေးလေ၊ ဘာမေးချင်လို့လဲ'

'အိမ်နဲ့ခြံကိုတော့ လှနုကိုပေးတာ ဟုတ်ပါပြီ၊ ကျန်တဲ့အတွင်းပစ္စည်းတွေက ဘယ်သူ့ကိုပေးမှာတုံး၊ တော်ကြာ တုတ်တစ်ပြက်၊ ဓားတစ်ပြက်တွေဖြစ်ကုန်မှဖြင့်'

'သန်းမြင့်ရယ်၊ ကျုပ် မသေသေးပါဘူး'

'အမျိုးတွေကြား ရုံးရောက်၊ ဂါတ်ရောက်ဖြစ်ကုန်မှာစိုးလို့ပါအေ'

'အမွေဆိုတာ ထိုက်ရင်တော့ရမှာပါပဲအေ။ မထိုက်ရင်တော့ စားရမှာ မဟုတ်ဘူး။ ကိုသာမြင့် အရင်မိန်းမမပြိုး ကြည့်ပါလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတော့ စည်းစိမ်တွေတောင် မခံစားလိုက်ရဘူး။ ကိုသာမြင့်ကျတော့လည်း ဓားပြသတ်လို့သေပြန်ရော။ အမွေဆိုတာ ကံပါရင် ခံစားရမယ်။ ကံမပါရင် မခံစားရဘူး။ ကျုပ်ကတော့ ဒီလိုပဲ ခံယူထားတာ။ လှနုကို အိမ်နဲ့ခြံပေးတာက ကျုပ်ကို ပြုစုလို့ပေးတာ။ လောလောဆယ် ကိုယ့်ဝေဒနာ ကိုယ့်သတိနဲ့ နေရတယ်အေ။ ကျုပ်နားချင်ပြီ၊ ကဲ ညည်းပြန်လိုက်ဦး'

ဒေါ်သန်းမြင့်လည်း သူသိလိုတဲ့ အဖြေမသိရဘဲ နှင်ထုတ်ခံလိုက်ရလို့ တပ်ခေါက်ပြီးပြန်လာခဲ့ရတယ်။ အိမ်ပြန်ရောက်တော့ အေးသီရောက်လာပြီး အကျိုးအကြောင်းမေးတဲ့အခါ ဒေါ်သန်းမြင့်လည်း ဒေါ်ထားမြိုင်ပြောသမျှ ပြန်ပြောပြလိုက်တယ်။ အေးသီက ထွန်းစိန်ကို ပြန်ပြီးဖောက်သည်ချဖြစ်တယ်။

'ဒေါ်လေးမြိုင်က ပြောတယ် ကိုထွန်းစိန်ရယ် အမွေဆိုတာ ထိုက်ရင်ရမယ်၊ မထိုက်ရင် မရဘူးဆိုတော့ ဘာသဘောလဲ'

'အို... သူဘာပြောပြော၊ အနီးဆုံးဆွေမျိုးဆိုလို့ ငါတို့မောင်နှမသုံးယောက်ပဲရှိတာ မဟုတ်လား။ သူ့အတွင်းပစ္စည်းတွေ တို့ပဲ ရမှာပေါ့။ ဟိုပဉ္စပါပီကတော့ အိမ်နဲ့ခြံ ရပြီးသားဆိုတော့ ဝင်ရှုပ်စရာမလိုတော့ဘူး။ ကျန်တာကို တို့သုံးယောက် ဝေယူကြတာပေါ့'

'အဲဒီ ပဉ္စပါပီကလည်း လင်ရပါပြီဆိုတော့ သူ့လင်ကောင်းစားပြီပေါ့'

'သူ့ကိုယူရင် ယောကျ်ားပိုင်းလုံးကပဲ ယူမှာပေါ့ အေးသီရာ'

'ဟုတ်ပါ့ ကိုထွန်းစိန်ရယ်၊ ခေါစာပစ်လို့တောင် သရဲ မစားတဲ့ ရုပ်မျိုးပါ။ ညီအစ်မချင်း ပြောရတာ အားနာပါတယ်'

❑

ဒေါ်ထားမြိုင်လည်း တရှောင်ရှောင်ဖြစ်နေရာကနေ နောက်ဆုံးမှာတော့ အိပ်ရာထဲမှာ လဲတော့တယ်။ အပေါ့အလေးသွားဖို့တောင် မထ,နိုင်တော့လို့ ဆီးအိုးကို ခြင်ထောင်ဘေးမှာ ထားရတယ်။ ထွန်းစိန်၊ ထွန်းရှိန်တို့ ညီအစ်ကိုရော၊ အေးသီပါ ဒေါ်ထားမြိုင်အိမ်ပေါ်က မဆင်းတော့ဘူး။ သူတို့တင်မကဘဲ သူတို့တွေရဲ့ ယောကျ်ား၊ မိန်းမတွေပါ ပါလာကြတယ်။ ဆန်အိတ်တွေ၊ စားနပ်ရိက္ခာတွေကိုယ်စီ အလုံအလောက်နဲ့ လာပြီးတော့နေကြတယ်။ ဒေါ်ထားမြိုင်က အိမ်ကြီးရဲ့ နောက်ဖေးခန်းထဲမှာ နေတာဆိုတော့ အိမ်ရှေ့မှာ သူ့တူတွေ၊ တူမတွေ လင်စုံမယားဖက်တွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စီနဲ့ ရောက်လာတာကို မသိဘူး။

ထွန်းစိန်နဲ့ တင်မြင့်တို့ လင်မယားလည်း ဖဲဝိုင်း တောင် ဈေးသွားမရောင်းနိုင် ဘူး။ ထွန်းရှိန်နဲ့ ခင်အေးက လည်း မြကိုင်းက တံငါ အလုပ်တွေ ပစ်ထားပြီး ဒေါ်ထားမြိုင်အိမ်ပေါ် ရောက် နေတယ်။ ညဘက်ဆိုရင် ထွန်းစိန်၊ ထွန်းရှိန်နဲ့ သူ့ ယောက်ဖ စံမောင်ပါ ချက် အရက်တစ်ပုလင်းကို ကြက်ဥ တွေကြော်ပြီး ပွဲတော်တည် နေကြတယ်။ ယောကျ်ား တွေက အရက်သောက်၊ မိန်းမတွေက အမြည်းလုပ် ပေးနဲ့ စည်းကိုက် ဝါးကိုက် ဖြစ်နေကြတယ်။ လှနုက လည်း အချိန်ပြည့် ဒေါ်ထား မြိုင်ကို ပြုစုနေရလို့ သူတို့ရဲ့ လှုပ်ရှားမှုကို စောင့်မကြည့် နိုင်ဘူး။

ထွန်းစိန်က အိမ်ကြီးရဲ့ တိုင်ကြီးတွေကို ကလိုင်သံ ပေါက်မပေါက် ခေါက်ကြည့် တယ်။ ဒါပေမဲ့ ဘာကလိုင် သံမှ မကြားရဘူး။ ကလိုင် သံကြားခဲ့ရင် အထဲမှာ ရတနာ တွေဝှက်ထားလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ထွန်းရှိန် ကတော့ ခြံထဲဆင်းပြီး မြေကြီးတွေရဲ့ အနေအထား ကို လေ့လာကြည့်တယ်။ ထူးခြားတာတစ်ခုခုကိုတွေ့ရင် ချက်ချင်း တူးဖော်ကြည့်ဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ထူးထူးခြားခြား မတွေ့ရပြန် ဘူး။ အေးသီကတော့ လှနုနဲ့ အတူ ဒေါ်ထားမြိုင်ကို ပြုစု ပေးနေရင်းက အိမ်ကြီးရဲ့ အနေအထားကို အကဲခတ် တယ်။ ဗီရိုကြီးတွေက အမြဲ

> ထွန်းစိန်၊ ထွန်းရှိန်နဲ့ အေးသီတို့မောင်နှမ သုံးယောက်သား သရက်ပင်စုက ထွက်တဲ့ ရှာမော်တော်စီးပြီး ရန်ကုန်ကို ရွှေ့သွား ရောင်းကြတယ် ရှာမော်တော်က အနီးဆုံးမြို့ကလေး ကိုပဲရောက်တယ်။ အဲဒီမြို့ကလေးမှ ကားအဆင့်ဆင့် စီးပြီး ရန်ကုန်ကို သွားကြတယ် လမ်းမှာ ရွှေထုပ် ခါးပိုက်နှိုက် ခံရမှာစိုးလို့ မောင်နှမသုံးယောက် အတော်ကို သတိဝီရိယထားပြီး ဂရုစိုက်ရတယ်

သော့ခတ်ထားတာကိုပဲ တွေ့ လိုက်ရတယ်။ လှနုကို စကားရောဖောရောနဲ့ သော့ ဘယ်နားမှာထားသလဲ မေး ကြည့်တော့ ဒေါ်ထားမြိုင်ရဲ့ ခေါင်းအုံးအောက်မှာဆိုတာကို သိလိုက်ရတယ်။

❑

၈။

ဒေါ်ထားမြိုင်လည်း တစ်လကျော်ကျော်လောက် ဝမ်းသွားတဲ့ဝေဒနာကို ခံစား လို့အပြီးမှာ ဆုံးပါးသွားခဲ့ တယ်။ အိမ်မှာ ဖဲဒိုင်ခံဖူးတဲ့၊ ဖဲဝိုင်းတွေမှာ ဈေးလိုက် ရောင်းဖူးတဲ့ ထွန်းစိန်က တောင် ဒေါ်ထားမြိုင်ရဲ့ အသုဘမှာ ဖဲဝိုင်းလုပ်ခွင့် မပေးဘူး။ ဖဲသမားတွေက ခြေဆော့လက်ဆော့လုပ်မှာ စိုးလို့ ဆိုတဲ့ အကြောင်းပြ ချက်နဲ့ပေါ့။ ရက်လည်ပြီး တော့ ဧည့်သည်တွေ အကုန် လုံးစဲသွားချိန်မှာ လှနုရယ်၊ ထွန်းစိန်တို့ မောင်နှမသုံး ယောက်ရယ်၊ သူတို့ရဲ့ အိမ် ထောင်ဖက်တွေပဲ ကျန်တော့ တယ်။ ထွန်းစိန်က စကား လမ်းကြောင်းခင်းလိုက်တယ်။

"ကဲ… အကုန်လုံးနား ထောင်၊ ငါက အစ်ကိုအကြီး ဆုံးဆိုတော့ ငါကပဲ စ,ပြောရ တော့မှာပေါ့"

ထွန်းစိန်ရဲ့ ဆိုလိုရင်းကို သိပြီးသားဖြစ်ပေမဲ့ နား ထောင်နေလိုက်ကြတယ်။

"ဒေါ်လေးမြိုင် ဆုံးသွား တော့ အမျိုးအရင်းအချာဆိုလို့ သူ့တူတွေတူမတွေဖြစ်တဲ့ နင် တို့ငါတို့ပဲရှိတာ မဟုတ်လား။ လှနု နင်က အိမ်နဲ့ခြံကို ရပြီး သားဆိုတော့ ကျန်တဲ့အတွင်း ပစ္စည်းတွေကို ငါတို့မောင်နှမ သုံးယောက် အညီအမျှခွဲယူ မယ်၊ ဘယ့်နှယ်လဲ"

ထွန်းစိန်ရဲ့ စကားအဆုံး မှာ- "ကျွန်မကတော့ သဘော တူတယ်" လို့ အေးသီက ပြော တယ်။ ထွန်းရှိန်ကလည်း "ကိုထွန်းစိန်က အကြီးဆုံး လေ။ သူစီမံတာကို လိုက်နာရ မှာပေါ့" လို့ ပြောတယ်။ မောင် နှမချင်း အတိုင်အဖောက်ညီ ပြီး စကားအပေးအယူမျှနေ ကြတော့ လှနုလည်း ဘာမှ မပြောသာတော့ဘူး။

"ဒါပေမဲ့ ငါတစ်ခုပြော မယ်နော်၊ ဒီအမွေက ငါတို့နဲ့ ပဲ ဆိုင်တယ်နော်။ စကားတွေ ရှုပ်ကုန်မှာစိုးလို့ တင်မြင့်နဲ့ ခင် အေးလည်း ဝင်မပါရဘူး။ ဟော့ အေးသီ၊ နင့်ယောကျ်ား စံမောင်လည်း ဝင်မပါရဘူး။ ဘယ့်နှယ်လဲ၊ လှနုကတော့ ပွဲကြည့်ပရိသတ်မို့လို့ ထား" လို့ ထွန်းစိန်ကပြောတော့ သူ့ ယောက်ဖ စံမောင်က သူ့ကို မျက်စောင်းထိုးကြည့်တယ်။ ခင်အေးကလည်း ထွန်းစိန်ကို ဘုကြည့်ကြည့်တယ်။

"ပြီးတာပဲလေ၊ ကျွန်မ လည်း ကိုစံမောင်ကို ပြန် လွှတ်မယ်။ ရှင်တို့မိန်းမတွေ ကိုလည်း ပြန်လွှတ်ပေါ့" လို့ အေးသီက ဒေါနဲ့မောနဲ့ ပြော တယ်။ တင်မြင့်က "လာ၊ ခင်အေး ငါ့အိမ်လိုက်ခဲ့" လို့ ပြောပြီး လင်ညီအစ်မဖြစ်တဲ့ ခင်အေးကို ခေါ်သွားတယ်။

"ကိုထွန်းစိန်၊ ရှင့်အကြံ ကျွန်မသိတယ်နော်၊ ရှင်က ရှင် ဘယ်လောက်ရတယ်ဆို တာကို အမှန်အတိုင်း အသိ မပေးချင်လို့ ရှင့်မိန်းမ တင်မြင့်ကို ပြန်လွှတ်ချင်တာ နဲ့ ကျွန်မယောကျ်ားကိုပါ ပြန် လွှတ်တာပေါ့" လို့ အေးသီက ပြောတော့ ထွန်းစိန်မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။ အေးသီက ဆက်ပြောတယ်။

"ဟုတ်ပါတယ်၊ ရှင် ရှာ ထိပ်က မုဆိုးမ မစိုးမေကို ထောက်ပံ့ချင်လို့ မိန်းမကို ပြန် လွှတ်တာ မဟုတ်လား"

"ကဲ… ထားလိုက်ပါ တော့ဟာ၊ မဆီမဆိုင် လက်… သားကို ဓားနဲ့ မချိုင်နဲ့တော့" လို့ ထွန်းရှိန်က အခြေအနေ… ဝင်ထိန်းလိုက်တယ်။

လှနုကတော့ အိမ်… အိမ်ပြင် ဈေးသွားနေ… လွဲပြီး ရှာထဲ သိပ်မထွက်…

www.burmeseclassic.com

www.burmeseclassic.com

တော့ သူတို့ပြောစကားတွေကြားရတဲ့အခါ အထူးအဆန်းကိုဖြစ်လို့။ ထွန်းစိန် အိမ်ထောင်ရေးဖောက်ပြန်တာကိုလည်း အခုမှ သိသွားတယ်။

အဲဒီနောက်မှာ အားလုံးစုံညီ အတွင်းပစ္စည်းတွေကိုရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒေါ်ထားမြိုင်ရဲ့ အခန်းထဲမှာရှိတဲ့ နဂါးခေါင်းဆောင်း ဗီရိုကြီးကို ဖွင့်လိုက်ကြတယ်။ ဗီရိုထဲမှာ ကျောက်သံပတ္တမြားတွေ တွေ့လိမ့်မယ်လို့ မျှော်လင့်ထားကြပေမဲ့ လက်တွေ့မှာ မတွေ့ရဘူး။ ဒါပေမဲ့ ဗီရိုအံဆွဲထဲမှာ အချိန် ငါးကျပ်သားလောက်ရှိတဲ့ ရွှေဖလားတစ်လုံးကို တွေ့လိုက်ကြရတယ်။ သူတို့ တော်တော်လေး အားတက်သွားကြတယ်။ အဲသည်နောက်မှာ နှစ်ကျပ်သားလောက်ရှိတဲ့ အုန်းဆံကြိုးကြီးတစ်ကုံးကို ထပ်တွေ့လိုက်ရတယ်။ နောက်ပြီး အဲဒီ ဗီရိုကြီးထဲက ယွမ်းကွမ်းအစ်တွေ၊ ဖလားစုံကွမ်းအစ်တွေကိုပဲ ထပ်တွေ့လိုက်ရတယ်။ ရွှေငွေရတနာတွေကိုတော့ ထပ်မတွေ့ရတော့ဘူး။

နောက်ဆုံးမှာတော့ ဒေါ်ထားမြိုင်ရဲ့ အဝတ်သေတ္တာကြီးကို ရှင်းလိုက်တော့မှပဲ အားတက်စရာလေးတွေကို တွေ့လိုက်ကြရတယ်။ အဲဒါကတော့ ဒေါ်ထားမြိုင် အင်္ကျီတွေတော်တော်များများရဲ့ ဥဿဖရားကြယ်သီးကလေးတွေမှာ ရွှေကွပ်ထားတာပဲ။ အဲဒါကြောင့် ကြယ်သီးကလေးတွေက ရွှေတွေကို စိတ်ရှည်လက်ရှည် ခွာယူလိုက်ကြတယ်။ အဲဒီသေတ္တာထဲမှာပဲ စိန်တွေ၊ ပတ္တမြားတွေ မတွေ့ရပေမဲ့ နီလာလေးတွေ၊ ကျောက်နီကလေးတွေ၊ ချက်ကျောက်ကလေးတွေကို တွေ့လိုက်ကြရတယ်။ ပုလဲကြယ်သီးကလေးတွေကိုလည်း တွေ့လိုက်ရသေးတယ်။ များများစားစားမှန်းထားလို့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘူးဖြစ်နေတယ်။ အဲဒါနဲ့ ရသမျှရွှေတွေကို စုပေါင်းလိုက်တော့ ဆယ့်ငါးကျပ်သားလောက်ထွက်လာတယ်။ နောက်ပြီး အိမ်ပေါ်က အိမ်ထောင်ပရိဘောဂတွေကိုလည်း လာဝယ်တဲ့သူတွေကို အဆင်ပြေတဲ့ဈေးနဲ့ ရောင်းပြီး ထွန်းစိန်တို့ မောင်နှမသုံးယောက် ဝေယူလိုက်ကြတယ်။

ထွန်းစိန်က မကျေမချမ်းလေသံနဲ့ မေးလိုက်တယ်။

‘လှနု၊ နင် ပစ္စည်းတွေကို ကြိုများဝှက်ထားသေးလား၊ ငါတို့ မည်မည်ရရကို မတွေ့ရဘူး’

‘ကြဲကြဲဖန်ဖန် ကိုထွန်းစိန်ရယ်၊ ကျွန်မမှာ အဲ့သလိုစိတ်မျိုးမရှိတာ ဘုရား သိပါတယ်’

‘ဘုရားသိပေမဲ့ ငါတို့မသိဘူး လှနုရဲ့’ လို့ ထွန်းရှိန်ကလည်း ဝင်ပြောတယ်။

အေးသီကလည်း မချိတင်ကဲလေသံနဲ့ မေးလိုက်တယ်။

‘လှနု နင်မှတ်မိသေးလား၊ ငါ့သား ရဲကျော် ရှင်ပြုတုန်း ဒေါ်လေးမြိုင် လာတုန်းက မုန့်ဖက်ထုပ်ပုံစံ စိန်လက်စွပ်ကြီးလေ။ အခု ဘယ်ရောက်နေပြီလဲ’

‘ကျွန်မက ဘယ်လိုလုပ်သိမှာလဲ မအေးသီရဲ့’

တကယ်တော့ လှနုလည်း ဒီအဖြစ်အပျက်တွေကို နားမလည်နိုင်ဘူး။ ဒီထက်မက ပိုပြီးတော့ စိန်တွေ၊ ရွှေတွေကို တွေ့မယ်လို့ ထင်ထားတာ။ ထွန်းစိန်နဲ့ ထွန်းရှိန်ကလည်း လက်မလျှော့သေးပါဘူး။ ဒါကြောင့်မို့လို့ ခြံထဲက တစ်နေရာရာမှာ မြှုပ်ထားမယ်ထင်ပြီး ခြံထဲက မြေကြီးတွေကိုရော၊ အိမ်အောက်က မြေကြီးတွေကိုပါ တူးဆွကြည့်နေတယ်။ ဒါပေမဲ့ မူမမှန်တဲ့ ထူးခြားချက် တစ်စုံတစ်ရာ မတွေ့ရဘူး။ နေကလည်း ချစ်ချစ်တောက်ပူတဲ့ အချိန်ဆိုတော့ ချွေးတွေဒီးဒီးကျပြီး ဟောဟဲလိုက်နေတယ်။ သူတို့ညီအစ်ကိုကို ကြည့်ပြီး အေးသီက လှမ်းစ,တယ်။

‘လှနုရေ၊ ကြည့်စမ်းပါဦး၊ မိုးတွင်းရောက်ရင် ညည်းချဉ်ပေါင်စေ့ ကြဲလိုက်ရုံပဲ။ ညည်းအစ်ကိုတွေ နှမလေးအတွက် စိုက်ခင်းတွေပေါက်ပေးနေတာ’

‘ဗိုင်းတာမ၊ မောရတဲ့ကြားထဲ နင်ကတစ်မျိုး’ လို့ ထွန်းရှိန်က ဆဲတယ်။ ထွန်းစိန်ကတော့ ပြန်မပြောနိုင်လောက်အောင်ကို မောနေတယ်။ နောက်ဆုံးတော့ သူတို့လည်း လက်လျှော့သွားကြတယ်။ ဒါပေမဲ့ ထွန်းရှိန်က တစ်စခန်းထ,ပြန်တယ်။

‘ဟဲ့ လှနု၊ နင့်ကို ဒေါ်လေးမြိုင် ပေးသွားတာ အိမ်နဲ့ခြံပဲ မဟုတ်လား၊ သစ်ပင်တွေ မပါဘူး မဟုတ်လား။ ဒီတော့ သစ်ပင်တွေ ငါတို့ပိုင်တာပေါ့’

ထွန်းရှိန့် စကားစ,လိုက်ကတည်းက မြွေမြွေချင်း ခြေမြင်နေတဲ့ ထွန်းစိန်က–

‘မင်းဘာမင်းပဲ ခုတ်ဟောကောင်၊ ငါတော့ အပင်ပန်းမခံနိုင်တော့ဘူး။ ရွှေအိုးမတွေ့လို့ သစ်ပင်ခုတ်ရတာ ရာဇဝင်ရိုင်းတယ်’

‘ကျွန်မတို့လည်း သစ်ပင်တော့ မခုတ်နိုင်တော့ဘူး’ လို့ အေးသီက ဝင်ပြောတယ်။

‘မတတ်နိုင်ဘူးဗျာ၊ ကျုပ်ကတော့ ငါးမရ ရေချိုးပြန်ရမှာပဲ ကိုထွန်းစိန်ရေ’

ထွန်းရှိန်က ရွာထဲက သစ်ပင်ခုတ်သမားတွေကို ခေါ်တယ်။ သစ်ခွဲဖို့အတွက် ပင်စည်ဖြောင့်တဲ့ သစ်ပင်ကြီးတွေကို ရွေးခုတ်တယ်။ အကိုင်းအခက်တွေကို ထင်းစိုက်လို့ရအောင် အနေတော်အရွယ်အစားခုတ်တယ်။ ခြံထဲက သရက်ပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေ၊ ပိတောက်ပင်ကြီးတွေပါကုန်တယ်။ နောက်ပြီး အိမ်ရှေ့က အုတ်ကန်ကြီးကိုလည်း ဖြိုလိုက်သေးတယ်။ ‘ငါကတော့ မရရတဲ့အဆုံး ရတာယူမှာပဲ လှနုရေ၊ ဒီအင်္ဂတေအချပ်ကြီးတွေက ငါ့အိမ်ရှေ့မှာ လမ်းခင်းလို့ရတယ်။ တို့ မြကိုင်းက မိုးတွင်းဆို ဗွက်သိပ်ပေါက်တာဟ’ လို့တောင် ကြုံးဝါးလိုက်သေးတယ်။

‘ကိုထွန်းရှိန်၊ ဒါတွေကို မြကိုင်း ဘာနဲ့သယ်မှာလဲ၊ လှည်းနဲ့သယ်ရင် နွားတွေခံနိုင်ပါ့မလား’ လို့ လှနုက စေတနာထားပြီး မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

‘လှည်းနဲ့တင်လို့ ဘယ်လိုလုပ်ဖြစ်မှာလဲဟ၊ ငါ့ယောက်ျားမှာ သမ္ဗန်ရှိတယ်လေ၊ နင်မေ့နေပြီလား။ ရေကျချိန်စောင့်ပြီး မြကိုင်းကို သမ္ဗန်နဲ့ တင်မှာပေါ့’

အေးသီကတော့ ‘သူသေရင် သင်္ချိုင်းကုန်းမှာ အုတ်ဂူလုပ်ဖို့နေမှာပေါ့’ လို့ လှနုကိုပြောပြီး ကွယ်ရာမှာ ရယ်မောနေတယ်။

‘မအေးသီကလည်း ကိုယ့်အစ်ကိုကို ဒီလိုမပြောကောင်းပါဘူး’ လို့ လှနုက ဟန့်လိုက်တယ်။

ထွန်းရှိန်က လှည်းကြို့စီးပြီး မြကိုင်း ပြန်တယ်။ ပြီးတော့ တရုတ်နီစက်တပ် ယောက်ျားမသမ္ဗန်ကလေးကို ဒေါ်ထားမြိုင်အိမ်နောက်ဖေးအထိ မောင်းလာတယ်။ အဲဒီနောက် အင်္ဂတေချပ်ကြီးတွေကို အရင်တင်တယ်။ သစ်ပင်ပင်စည်ကြီးတွေ၊ ထင်းတွေကို သမ္ဗန်ပေါ်တင်လိုက်တယ်။ အင်္ဂတေချပ်ကြီးတွေ၊ သစ်ပင်ပင်စည်ကြီးရဲ့ အလေးချိန်တွေကြောင့် သမ္ဗန်ကုန်းပတ်နဲ့ ချောင်းရေပြင်က တစ်သားတည်းကျနေတယ်။ ထွန်းရှိန်လည်း သမ္ဗန်လေးကို ထိန်းမောင်းရင်း သရက်ပင်စုကအထွက် မြကိုင်းရွာနားဝင်ခါနီးမှာ ရေအောက်ထဲက ငုတ်တစ်ခုနဲ့ ဝမ်းဗိုက်ထိုးမိပြီး ပေါက်သွားတယ်။ ရေတွေဝင်လာပြီး သမ္ဗန်ကလေးလည်း တဖြည်းဖြည်း နစ်သွားတယ်။ ထွန်းရှိန်လည်း သမ္ဗန်ကို ဆယ်ဖို့ သစ်တုံးတွေကိုဖယ်၊ ထင်းတွေကိုဖယ်၊ နောက်ဆုံး အင်္ဂတေချပ်တွေကို ခက်ရခဲဆစ်ဖယ်ပြီး သမ္ဗန်ဆယ်ဖို့ လုပ်ရတော့တယ်။ ဒါတောင် အနားက တံငါလှေလေးတွေက ငါးဖမ်းသမားတွေ ဝိုင်းကူလို့တော်သေးတယ်။ စာရင်းချုပ်လိုက်တော့ သစ်တွေရော၊ ထင်းတွေရော၊ အင်္ဂတေချပ်တွေပါ မရတဲ့အပြင် သမ္ဗန်ပျက်စီးတာပဲ အဖတ်တင်တယ်။ ‘သြော်…အကုသိုလ်က ဝင်လိုက်သေးတယ်။ ငါ့နှယ် ယောက်ျားမနဲ့ စာရင်းရှင်းရဦးမယ်’ လို့ ထွန်းရှိန် ညည်းတွားနေတယ်။

❑

၉။

နောက်တစ်ပတ်လောက်ကြာတော့ ထွန်းစိန်၊ ထွန်းရှိန်နဲ့ အေးသီတို့ မောင်နှမသုံးယောက်သား သရက်ပင်စုကထွက်တဲ့ ရွာမော်တော်စီးပြီး ရန်ကုန်ကို ရွှေသွားရောင်းကြတယ်။ ရွာမော်တော်က အနီးဆုံးမြို့ကလေးကိုပဲရောက်တယ်။ အဲဒီမြို့ကလေးမှ ကားအဆင့်ဆင့်စီးပြီး ရန်ကုန်ကို သွားကြတယ်။ လမ်းမှာ ရွှေထုပ်ခါးပိုက်နှိုက်ခံရမှာစိုးလို့ မောင်နှမသုံးယောက် အတော်ကို သတိဝီရိယထားပြီး ဂရုစိုက်ရတယ်။ ရန်ကုန်ကိုလည်း ရောက်ရော ဗဟန်းမှာရှိတဲ့ အသိဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုလိုက်ကြတယ်။ သရက်ပင်စုက ပါလာတဲ့ ဒေသထွက်ပစ္စည်းတွေနဲ့ ဝတ္ထုငွေအချို့ ဆရာတော်ကို ဆက်ကပ်လှူဒါန်းလိုက်ကြတယ်။ ဆရာတော်က မိန့်တယ်။

‘ဒကာကြီးတို့၊ ဒကာမကြီးတို့ ရွှေသွားရောင်းရင်တောကလာတဲ့သူတွေဆိုပြီး ရွှေဆိုင်တွေက ဈေးနှိမ်လိမ့်မယ်’

‘တင်ပါ့ဘုရား’ လို့ ထွန်းစိန်က ပြန်လျှောက်လိုက်တယ်။

‘အဲဒီတော့ ရွှေအကြောင်းနားလည်တဲ့ ဘုန်းကြီးရဲ့ ဒကာအသိတစ်ယောက်ကို ထည့်ပေးလိုက်မယ်’

‘ကျေးဇူးကြီးလှပါတယ် ဘုရား’

ဆရာတော်က ကိုစိုးဆိုတဲ့ ပန်းထိမ်ဆရာဟောင်းတစ်ယောက်ကို ထည့်ပေးလိုက်တယ်။ ကိုစိုးက ရွှေဘုံသာလမ်းက သူ့အသိရွှေဆိုင်တစ်ဆိုင်ကို ခေါ်သွားတယ်။ အဲသလိုနဲ့ပဲ ရောင်းသူဝယ်သူ သဘောတူပြီး ရှောရှောရှူရှူနဲ့ပဲ အဆင်ပြေသွားတယ်။ ကိုစိုးကိုလည်း သူတို့မောင်နှမတွေ လက်ဖက်ရည်ဖိုးပေးလိုက်တယ်။ အဲသည်နောက် ရလာတဲ့ပိုက်ဆံတွေကို သုံးပုံအညီအမျှပုံပြီး တစ်ယောက်တစ်ပုံစီဝေယူလိုက်ကြတယ်။

‘ဒီလောက်ရလည်း မဆိုးပါဘူး။ ကျွန်မတို့တစ်သက် ဒီလောက်များတဲ့ငွေ ကိုင်မှမကိုင်ဖူးသေးတာတော်’ လို့ အေးသီကပြောတော့ ထွန်းစိန်က–

‘တို့နဲ့ ဒီလောက်ပဲထိုက်တန်တယ်လို့ သဘောထားလိုက်ပေါ့ဟာ’ လို့ လူကြီးလေသံနဲ့ ပြောတယ်။

‘ပြောရဦးမယ်တော့၊ ဒေါ်လေးမြိုင်က ကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးကိုရော၊ ကျွန်မယောက်ျားမ ဒေါ်သန်းမြင့်ကိုရော ပြောတယ်လေ။ အမွေဆိုတာ ထိုက်ရင်တော့ရမယ်တဲ့။ မထိုက်ရင်တော့ မရဘူးတဲ့။ ကဲ… နည်းတာများတာ ထားလိုက်ပါတော့။ အခုတော့ ကျွန်မတို့နဲ့ထိုက်လို့ရပြီ မဟုတ်လား’ လို့ အေးသီက တတွတ်တွတ်ပြောနေတယ်။

အမွေခွဲပြီးလို့ ဒေါ်ထားမြိုင်အိမ်ကြီးလည်း လူတွေရှင်းသွားရော လှနုလည်း တစ်အိမ်လုံး၊ တစ်ခြံလုံးကို စိတ်ရှည်လက်ရှည်နဲ့ တစ်ပတ်လောက်ရှာကြည့်သေးတယ်။ ထူးခြားတာဆိုလို့ ဘာမှမတွေ့ရမှ လက်လျှော့သွားတယ်။

❑

ရွှေရောင်းလို့ရတဲ့ငွေတွေ အသီးသီးခွဲယူလို့အပြီး သရက်ပင်စုကိုလည်း ပြန်ရောက်လို့ တစ်ပတ်လောက်လည်းကြာရော ထွန်းစိန်ရဲ့ မိန်းမ တင်မြင့်က ထွန်းစိန်နဲ့ ကလေးတွေကိုထားပြီး တစ်ဖက်ရွာက ဖဲသမား ကျော်တုတ်နောက် လိုက်ပြေးတယ်။ ပြေးတာမှ ရိုးရိုးတန်းတန်းပြေးတာ မဟုတ်ဘဲ အမွေရထားတဲ့ငွေတွေကိုပါ ယူပြေးတာ။ ထွန်းစိန်လည်း တောက်တခေါက်ခေါက်ဖြစ်နေပြီး ပြေးတဲ့နေရာသိလို့ကတော့ တွေ့ရာသင်္ချိုင်း ဓား မဆိုင်းဆိုပြီး ကြိမ်းဝါးနေတယ်။

ဒါပေမဲ့ သူတို့ပြေးပြေးချင်းနေ့မှာပဲ ဆိုရှယ်လစ်အစိုးရက ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်နဲ့ ခုနစ်ဆယ့်ငါးကျပ်တန်တွေကို သုံး စွဲခွင့်မပြုတော့ဘူးလို့ ကြေ ငြာတယ်။ ရွှေရောင်း လို့ရထားတဲ့ငွေတွေကလည်း သုံးဆယ့်ငါးကျပ်တန်နဲ့ ခုနစ်

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ငါးကျပ်တန်တွေများတော့ ထွန်းရှိန်နဲ့ အေးသီလည်း ပူစပ်ပူလောင်ခံစားနေရတယ်။ ထွန်းစိန်လည်း အဲဒီသတင်းကိုကြားလိုက်တော့ ဝမ်းနည်းရမလိုလို၊ ဝမ်းသာရမလိုလို ဖြစ်နေတယ်။ အေးသီတို့အိမ်ဘက် ခြေဦးလှည့်ရင်း–

'ဟော့ အေးသီ၊ နင်ဘယ်လိုထင်လဲ၊ အစိုးရက သုံးဆယ့်ငါးကျပ်တန်တွေ၊ ခုနစ်ဆယ့်ငါးကျပ်တန်တွေကို သုံးစွဲခွင့်မပြုတော့ဘူးဆိုတာလေ'

'ကျွန်မဖြင့် သိပ်စိတ်မပူပေါင် ကိုထွန်းစိန်ရယ်၊ လွန်ခဲ့တဲ့ ၂ နှစ်လောက်ကရာတန်တွေ မသုံးရလို့ ကြေညာပြီး နောက်ပိုင်းမှာ အစိတ်တန်တွေ၊ ခုနစ်ဆယ့်ငါးကျပ်တန်တွေနဲ့ ပြန်လဲပေးတယ် မဟုတ်လား။ အခုလည်း ပြန်လဲပေးမှာပေါ့တော်၊ လောလောဆယ် အစိုးရ အလုပ်ရှုပ်နေလို့နေမှာ'

'နင်ကတော့ ဟုတ်တာပေါ့။ ငါ့ငွေတွေကတော့ ဟိုခွေးကောင်မ ယူပြေးသွားလို့ ကုန်ပြီ။ အစိုးရက လဲပေးရင်တောင် လဲစရာပိုက်ဆံမရှိတော့ဘူး။ ငါကတော့ ဟိုမသာနဲ့ မသာမ သုံးလို့မရအောင် အစိုးရ ပိုက်ဆံတွေ မလဲပေးပါတော့နဲ့လို့ ဆုတောင်းရမလိုဖြစ်နေပြီ'

'ကိုထွန်းစိန်ရယ် အဲသလိုချည်းတော့ မပြောပါနဲ့။ အရင်တစ်ခါတုန်းက ကျွန်မမှာ ပိုက်ဆံမရှိလို့ မလဲနိုင်ဘူး။ အခုတစ်ခါ လဲလို့ကတော့ လဲပြီးသားပိုက်ဆံတွေ လူတွေမြင်အောင်ကို ကိုင်ပြဦးမယ်' လို့ အေးသီက ကြုံးဝါးနေတယ်။

ဒါပေမဲ့ အချိန်တွေသာ ကြာသွားတယ်။ အစိုးရဆီက ပိုက်ဆံတွေ ပြန်လဲပေးမယ့် သတင်းနဲ့ပတ်သက်ပြီး ဘာဆိုဘာမှကို မကြားရတော့ဘူး။ ဒီလိုနဲ့ ၈၈ အရေးအခင်းကြီးဖြစ်ပြီး တပ်မတော်အစိုးရသာ တက်လာခဲ့တယ်။ ငွေစက္ကူတွေနဲ့ ပတ်သက်တဲ့ သတင်းကတော့ စုံးစုံးမြုပ်သွားတယ်။ ထွန်းစိန်ကတော့ ပိုက်ဆံသတင်းထက်စာရင် သူ့မိန်းမ တင်မြင့်သတင်းကိုပဲ ပိုစိတ်ဝင်စားတယ်။ တင်မြင့်ရဲ့ သတင်းကလည်း ပြန်လမ်းမကြုံ မြစ်ယမုံပဲ။ ထွန်းစိန်ကလည်း မုဆိုးမ မစိုးမေကို အထိုက်အလျောက် မထောက်ပံ့ခင်မှာတင် တင်မြင့်က လက်ဦးသွားလို့ မစိုးမေဆီကိုတောင် မသွားရဲတော့ဘူး။ မစိုးမေကလည်း မျှော်လင့်စရာမရှိတော့တဲ့ ထွန်းစိန်ကို လက်မခံတော့ဘူး။

ထွန်းရှိန်ကလည်း အစိုးရဆီက ထူးခြားတာကြားရဖို့ ရေဒီယို အမြဲနားထောင်တယ်။ ဒါပေမဲ့ လမ်းဘယ်မမြင်ဘဲ။ ထွန်းရှိန်က သူ့မိန်းမကို ညည်းတယ်။

'ခင်အေးရာ ဒေါ်ထားမြိုင်ဆီက အမွေရပါတယ်၊ ငါတို့များ ပူအောင်တောင် မကိုင်လိုက်ရဘူး။ ကျန်တဲ့သူတွေကမှ မသုံးရဲ့ဘဲ မသုံးရလိုက်တာ၊ ငါက နင့်အဖေ သမ္ဗန်ပျက်သွားလို့ အိတ်ထဲကတောင် စိုက်ပြင်ပေးလိုက်ရသေးတယ်။ ဒေါ်ထားမြိုင်ကြီး ကျိန်စာတိုက်သွားလား မသိပါဘူးဟာ'

အေးသီကတော့ သူခွဲတမ်းရခဲ့တဲ့ ခုနစ်ဆယ့်ငါးကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်တွေကို သူ့အိမ်က သံသေတ္တာအထဲမှာ ပရုတ်လုံးတွေဘာတွေထည့်ပြီး အဲဒီငွေတွေကို လုံလုံခြုံခြုံထားတုန်းပဲ။ ညဘက် လူခြေတိတ်ချိန်မှာ လသာမှန်အိမ်အလင်းရောင်နဲ့ အဲဒီငွေတွေကို ဖဲချပ်တွေပွတ်သလို ရေတွက်တတ်တယ်။

❑

၁၀။

နောက်ငါးနှစ်လည်းကြာရော 'ဒေါ်ထားမြိုင်အိမ်ရဲ့ ခေါင်းရင်းက ဒေါ်သန်းတင်တို့အိမ်က သစ်သားအိမ်ကလေးကနေ နှစ်ထပ်တိုက်ခံအိမ်ကြီး ပြောင်းဆောက်လိုက်တယ်။ လက်သမားတောင်မှ ဒီနယ်တစ်ဝိုက်မှာ အကောင်းဆုံးလက်သမားကိုအုန်းနဲ့ ဆောက်တယ်။ ချောက်ချီးချောက်ချက်ဆိုင်ကလေးကနေ သရက်ပင်စုမှာ အကြီးဆုံးကုန်စုံဆိုင်ကြီးဖြစ်သွားတယ်။ တစ်မိသားစုလုံးလည်း ရွှေတွဲလွဲ ငွေတွဲလွဲနဲ့။ စိန်တင်ဖော်နတ်ဆိုင်း ငှားပြီးတောင် နတ်ကနားပွဲကြီး ကျင်းပလိုက်သေးတယ်။ အကြောင်းပြချက် မည်မည်ရရမရှိဘဲ မျက်လှည့်ပြလိုက်သလို ပြောင်းလဲသွားတော့ သရက်ပင်စုရွာသားတွေ ဉာဏ်မမီအောင်ကို ဖြစ်သွားတယ်။

ထွန်းစိန်နဲ့ အေးသီလည်း အဲဒီအကြောင်းကို ပြောဖြစ်ကြတယ်။

'အေးသီရေ . . . ဒေါ်သန်းတင်တို့ ပြောင်းလဲသွားတာကို နင် ဘယ်လိုထင်သလဲ'

'ကျွန်မထင်တာကတော့ ဒေါ်လေးမြိုင်ခြံထဲက ရွှေအိုးတွေ မြေကြောရွေ့ပြီး ဒေါ်သန်းတင်ခြံထဲ ရောက်သွားလို့နေမှာပေါ့။ နားစွန်နားဖျားကြားတာကတော့ ဒေါ်သန်းတင်ကို ဒေါ်လေးမြိုင် အိပ်မက်ပေးတာတဲ့။ အိပ်မက်အရ ခြံထဲမှာတူးလိုက်တော့ ရွှေအိုးကိုတွေ့တာတဲ့။ တစ်ဆယ်ဝင်အိုးလောက်ရှိတယ်တဲ့'

အေးသီရဲ့ စကားအဆုံး ထွန်းစိန်လည်း 'ဟင်း' ခနဲ မြည်အောင် သက်ပြင်းချလိုက်တယ်။

'ကိုထွန်းစိန် မှတ်မိသေးလား၊ ဒေါ်လေးမြိုင်က အမွေဆိုတာ ထိုက်မှရတာ၊ မထိုက်ရင် မရဘူးလို့ ပြောခဲ့တယ်လေ'

'ဟုတ်တယ်လေ၊ မှတ်မိတာပေါ့'

'ကျွန်မလည်း ရှာရိုးကိုးပေါက်လျှောက်ပြီး ဈေးရောင်းသလိုကို အော်ပစ်လိုက်ချင်တယ်' လို့ အေးသီက ပြောတော့–

'နင်က ဘယ်လိုအော်ချင်တာလဲ' လို့ ထွန်းစိန်က ပြန်မေးတယ်။

'ဒေါ်လေးမြိုင်ရေ၊ ဒေါ်လေးမြိုင်က အမွေဆိုတာ ထိုက်ရင်ရတယ်၊ မထိုက်ရင် မရဘူးဆိုတော့ ဒေါ်လေးမြိုင်ရဲ့ အမွေတွေက ကျွန်မတို့လိုဆွေမျိုးတွေနဲ့ မထိုက်တန်ဘဲ ဒေါ်သန်းတင်တို့လို သူစိမ်းတွေနဲ့မှ ထိုက်တန်တယ်ပေါ့'

■

နိုင်မြင့်

www.burmeseclassic.com